# အဘိဓမ္မာဝေနေရောပိကျမ်း

(ဦးကောဝိဒ)

အဘိဓမ္မစက်,ကျမ်းအခက်ကိုးခက်ခဲသည့်နက်နဲသည့်၊သိခဲသည်ဟုထင်၍၊
မသင်ချင်ဘဲ,မျက်နှာလွှဲနေသော,သူများသည်ပင်၊မြင်ရယုံမှ၊
တခဏဖြင့်၊သင်ချင်စိတ်
ပေါက်သာအောင်၊ကဗျာသက်ာ-ပါဠိအနက်၊
မတွေးယှက်စေရ၊ဇယားပုံကြီးတွေကိုပြ၍-ကျနသေချာစွာ၊

**ညောင်တုံးမြို့-နိဗြောခါရုံကျောင်း၊မဟာအကျော်စာချ,ဓမ္မကထိက**

**ဆရာတော်-အရှင်ကောဝိဒ မထေရ်**

ရေးသားတည်ထွင်,စီရင်အပ်သော၊




ပဥ္စမတွဲကို၊
"အစိုးရ-ပဌမကျော်-ဓမ္မာစရိယ"ဆရာတော်-အရှင်သုဇာတာလင်္ကာရ-ကြည့်ရှု,ပြင်ဆင်၍၊
၁၃၁၂-ခု၊ဂါဆုံလ အတွင်းတွင်၊
ဒုတိယအကြိမ်-ပုံနှိပ်,ပြီးစီးသည်၊

မြန်မာ့ဝတီ,စာပုံနှိပ်တိုက် ၁၁-လမ်း၊ညောင်တုန်းမြို့၊
(1950) (၃၀၀) (ဦးဘကင်း=မှုပိုင်ရှင်၊)

A


"ပဌမပြန်စာမေးပွဲတိုင်း" ပဌမစွဲရပါမည်
တနေ့လုံးကျက်ရမှတ်ရမည့်အစား တနာရီနှင့်
ပြီးနိုင်သော
ဇယားပုံအမျိုးမျိုးနှင့် အမေး အဖြေ-
ဦးဘကောင်း (မြန်မာ့ဝတ်ထုပုံနှိပ်တိုက်)

# ၁၂၉၇-ခု၊ တပို့တွဲလတွင်၊ ကျင်းပပြုလုပ်ခဲ့သော



ညောင်တုံးမြို့၊ နယ်လုံးဆိုင်ရာ

သုဓမ္မာပရိယတ္တိ

ပဌမပြန်၊ စာမေးပွဲကြီးတွင်

မဟာအကျော်၊ စာချတန်း၌

အောင်ပန်း၊ ဂုဏ်ထူးကို

ဆွတ်ခူးရရှိတော်မူပြီးလျှင်

ညောင်တုံးမြို့။

နိဂြောဓာရုံကျောင်းတိုက်၌။

ဂဏဝါစက၊

စာချဆရာတော်အဖြစ်။

သီတင်း၊ သုံးတော်၊ မူသော၊

ကောဝိဒါဘိလင်္ကာရ-သဒ္ဓမ္မဓဇ-ပိဋကတ္တယဆောက-သုဓမ္မာပရိယတ္တိ၊
ဓမ္မာစရိယဟူသော၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်လက်မှတ်ရ၊
( ဦးကောဝိဒ-အသျှင်မြတ်ပုံ။ )

ဤကျမ်းပြုရ၊ ဒါနကုသိုလ်၊ မတွေးမရစ်၊ လေးသစ္စာကို၊ သိစေသား၊ ဘုရားဖြစ်ခုလို၊

# ညောင်တုံးမြို့နိဂြောဓါရုံကျောင်း။
# မဟာအဓကျော်(ဦးကောဝိဒ)၏-ထေရုပ္ပတ္တိ
# အကျဉ်းချုပ်။

၁၂၆၆-ခု၊ တော်သလင်းလဆန်း (၁၀) ရက်၊ တနင်္လာနေ့ဖွား မြင်တော်မူသည်၊ ၁၂၈၁-ခုနှစ် ဝါဆို လပြည့် သောကြာနေ့မှာ၊ ရှင်သာမဏေဖြစ်သည်။ ၁၂၈၂-ခု၊ ၃-ခု၊ ၄-ခုနှစ်များမှာ၊ ၃ ကြိမ်တိုင်တိုင် ညောင်တုံးမြို့ သုဓမ္မာဝိနယ်စာ ပြန်ပွဲကြီး မှာအောင်မြင်သည်။ ၁၂၈၇-ခုနှစ်။ ညောင်တုံးမြို့ သုဓမ္မာပရိယတ္တိ စာမေးပွဲကြီးမှာ။ ပဌမငယ်တန်းမှာ၊ ပဌမဂုဏ်ထူးဖြင့်အောင်မြင်သည်၊ ၁၂၈၈-ခုနှစ်မှာ၊ ပဌမလတ်တန်း အောင်မြင်သည်။ ထိုနှစ်တပေါင်းလဆုတ် (၂) ရက် စနေနေ့နက် (၈) နာရီ ၄ ချိန်၊ ရဟန်းအဖြစ်သို့ရောက် သည်၊ ထိုနှစ်မှာပင်၊ အစိုးရစာမေးပွဲ ပဌမငယ်တန်းကိုအောင်မြင်သည်။ ၁၂၈၉-ခုနှစ်မှာ။ ညောင်တုံးမြို့ စာမေးပွဲပဌမကြီးတန်းအောင်မြင်သည်၊ ၁၂၉၂-ခုနှစ်မှာ။ ညောင်တုံးမြို့။ စာမေးပွဲမှာ ပဌမကျော်စာ ချတန်းကိုအောင်မြင်သည်။ ထိုနှစ်မှာပင် အစိုးရစာမေးပွဲ ပဌမလတ်တန်းကိုအောင်မြင်သည်။ ၁၂၉၃-ခုနှစ်မှာ။ စာပို့ချရင်းခြားညတ်၍၊ ဤအဘိဓမ္မာနေရောင်ကျမ်း၊ ပဌမတွဲနှင့် ဂီတိမဉ္ဇရီကျမ်း ပဌမတွဲကို ရေးသားပုံနှိပ်လေသည်၊

၁၂၉၅၊ ၉၆-၉၇-၉၈-နှစ်အတွင်းမှာပင်-မန္တလေးရွှေမြို့တော်၊ သာသနာပိုင်ဆရာတော်ဘုရားကြီး ချီး မြှင့်တော်မူသော၊ ရာမညရဋ္ဌဝိနယဓရ သာသနာပြုဂဏဝါစက စာချမဟာကထိက၊ ဟူသောဘွဲ့တံဆိပ်တော် နှင့် ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ-သုဓမ္မာပရိယတ္တိပဌမပြန်စာမေးပွဲကြီး၌ ပဌမဆုယူမှုလ-သုံးဝသော အဋ္ဌကထာကျမ်းကြီးများကို၊ ဖြေဆိုမှုလာမဟာ ကိတ္တိသုတိဆိုသော သမ္ပြာပြု-ပြီး (မဟာအကျော်အထက် တန်းကြီး-ကို) လုံးဝအောင်မြင်သဖြင့် "ကောဝိဒါဘိလင်္ကာရ ဥမ္မဇ ပိဋကတ္တယဓောက သုဓမ္မ ပရိယတ္တိ ဓမ္မာစရိယ" ဟူသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် လက်မှတ်ကြီးကို-ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းကို ခံယူ တော်မူလျက် စာပို့ချနေရင်း "ဂီတိမဉ္ဇရီကျမ်း" ဒုတိယတွဲ-"အဘိဓမ္မာ ညဝါလရောင်ကျမ်းကြီး"နှင့်"အဘိ ဓမ္မာနေရောင်ကျမ်းကြီး" ဒုတိယတွဲများကို ရေးသားစီရင်ပြုစုပုံနှိပ်လုပ်ဆောင်နေဆဲတွင်.......

၁၃၀၁-ခု၊ သီတင်းကျွတ်လဆုတ် (၁၃) ရက်၊ နေ့လည် (၃) နာရီ (၁၅) မိနစ် အချိန်တွင် {ဆရာတော်- ဦးကောဝိဒ} သည်၊ အဖျားရောဂါဖြင့် ဘဝနတ်ဌာန် ပြန်လွန်တော်မူပါသည်။

ဤကျမ်းပြုခ၊ ဒါနကုသိုလ်၊ ရောဂါကင်းလို့၊ သန့်ရှင်းစွာကိုယ်၊
မတွေးမရစ်၊ လေးသစ္စာကို၊ သိစေသား၊ ဘုရားဖြစ်ရလို၊ ။

| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၁ | စံကျောင်း-ဆရာတော်ဘုရားကြီး၏-မိန့်ခွန်းတော်၊ | ၁ |
| ၂ | သိမ်ကုန်း-ဆရာတော်ဘုရားကြီး၏-မိန့်ခွန်းတော်၊ | ၂ |
| ၃ | မြန်မာနိဒါန်း၊ | ၃ |
| ၄ | ပါဠိနိဒါန်း၊ | ၅ |
| ၅ | ပဏာမဂါထာ၊ | ၇ |
| ၆ | ပရမတ္ထတရား(၄)ပါး-သရုပ်-အဓိပ္ပါယ်၊ | ၈ |
| ၇ | အကုသိုလ်စိတ်-ခွဲနည်း၊ | ၁၀ |
| ၈ | အဟိတ်စိတ်-ခွဲနည်း၊ | ၁၂ |
| ၉ | ကာမာဝစရသောဘဏစိတ်-ခွဲနည်း၊ | ၁၄ |
| ၁၀ | ရူပါဝစရစိတ်-ခွဲနည်း၊ | ၁၆ |
| ၁၁ | အရူပါဝစရစိတ်-ခွဲနည်း၊ | ၁၇ |
| ၁၂ | လောကုတ္တရာစိတ်-ခွဲနည်း၊ | ၁၉ |
| ၁၃ | လောကုတ္တရာစိတ်အကျယ်(၄၀) ခွဲနည်း၊ | ၂၁ |
| ၁၄ | စိတ်ပိုင်း၌အထူးမှတ်ဘွယ်၊ | ၂၂ |
| ၁၅ | သံခိပ်များ၏အကျဉ်းအဓိပ္ပါယ်ချုပ်၊ | ၂၃ |
| ၁၆ | အထူးအဓိပ္ပါယ်များ၊ | ၂၅ |
| ၁၇ | ပါဒ်က-သမ္ဗိတ-ပုဂ္ဂလဏ္ဍာသယ,သုံးပါးအထူး၊ | ၂၈ |
| ၁၈ | ဒေါမနဿနှင့်-ပဋိဃအထူး၊ | ၂၈ |
| ၁၉ | ပုစ္ဆာ(၅)ချက်၊အဆုံးအဖြတ်၊ | ၃၁ |
| ၂၀ | ရယ်ခြင်း(၆)ပါးနှင့်၊ဟသိတုပ္ပါဒ်စိတ်ကိုပြခြင်း၊ | ၃၃ |
| ၂၁ | ပီတိနှင့်သောမနဿအထူး၊ | ၃၅ |
| ၂၂ | ဈာန်အင်္ဂါငါးပါးနှင့်နီဝရဏငါးပါးတို့ ဆန့်ကျင်ဘက်ဖြ[illegible]၊ | ၃၆ |
| ၂၃ | စက်ထွည့်-ခွဲနည်း။ | ၃၉ |

# စေတသိက်ပိုင်းမာတိကာ


| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၂၄ | စေတသိက်တို့၏၊သမ္ပယောဂလက္ခဏာ (၄) ပါး၊ | ၄၁ |
| ၂၅ | ကုသုပ္ပါ၊ ကနိဒ္ဒေသ၊ ကာလမ္ပတ္တ၊ ကဝဏ္ဏပုက-ဖြစ်ပုံကို၊ကြံစရာ နည်းပြတခု၊ | ၄၃ |
| ၂၆ | သရုပ်သဘော-အဓိပ္ပါယ်ပြနည်း၊ | ၄၄ |
| ၂၇ | ဝိတက်နှင့်၊ဝိစာရအထူး၊ | ၄၇ |
| ၂၈ | ဆန္ဒနှင့်-လောဘအထူး၊ | ၄၈ |
| ၂၉ | ဒိဋ္ဌိနှင့်၊ပညာအထူး၊ | ၄၉ |
| ၃၀ | သညာ၊ဝိညာဏ်၊ပညာ(၃)ပါးအထူး၊ | ၄၉ |
| ၃၁ | အညသမာန်း,စေတသိ-သမ္ပယောဂ(၇)နည်း၊ | ၅၀ |
| ၃၂ | အကုသိုလ်စေတသိက်,သမ္ပယောဂ(၅)နည်း၊ | ၅၄ |
| ၃၃ | သောဘဏစေတသိက်,သမ္ပယောဂ(၄)နည်း၊ | ၅၆ |
| ၃၄ | နိယတ၊အနိယတ-ခွဲဝေခြင်း၊ | ၅၈ |
| ၃၅ | သင်္ဂဟနည်း၊ | ၆၀ |
| ၃၆ | လောကုတ္တရာစိတ်-သင်္ဂဟနည်း၊ | ၆၁ |
| ၃၇ | မဟဂ္ဂုတ်-သင်္ဂဟနည်း(၅)မျိုး၊ | ၆၂ |
| ၃၈ | ကာမာဝစရသောဘဏစိတ်-သင်္ဂဟနည်း(၁၂)နည်း၊ | ၆၃ |
| ၃၉ | စက်လှည့်ဇယားပုံနှင့်၊ဝိသေသကစေတသိက်များ၊ | ၆၅ |
| ၄၀ | အကုသိုလ်စိတ်-သင်္ဂဟ(၇)နည်း၊ | ၆၇ |
| ၄၁ | အဟိတ်စိတ်-သင်္ဂဟ(၄)နည်း၊ | ၇၀ |
| ၄၂ | ဝါတုကထာနည်း၊ | ၇၂ |
| ၄၃ | ယမကနည်း၊ | ၇၂ |
| ၄၄ | စေတသိက်နှင့်၊စေတသိက်-ယှဉ်သည်ကိုပြခြင်း၊ | ၇၄ |

# ပကိဏ်းပိုင်းမာတိကာ။


| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၄၅ | နာမ်တေပညာသဖြစ်ပုံနှင့်၊အမေးအဖြေ။ | ၇၇ |
| ၄၆ | ဝေဒနာသင်္ဂဟ၊ | ၇၈ |
| ၄၇ | ဝေဒနာသင်္ဂဟဇယား။ | ၇၉ |
| ၄၈ | စေတသိက်ကို-ဝေဒနာဖြင့်-ခွဲဝေခြင်းနှင့်၊ရင်းဇယား၊ | ၈၀ |
| ၄၉ | ဟေတုသင်္ဂဟနှင့်၊ဇယားပုံ၊ | ၈၁ |
| ၅၀ | စေတသိက်ကို-ဟိတ်ဖြင့်ဝေဘန်ခြင်း၊ | ၈၄ |
| ၅၁ | ကိစ္စသင်္ဂဟ၊ | ၈၅ |
| ၅၂ | ကိစ္စသင်္ဂဟ-ဇယား။ | ၉၀ |
| ၅၃ | စေတသိက်ကို-ကိစ္စဖြင့်၊ဝေဘန်ခြင်းနှင့်-ဇယား၊ | ၉၁ |
| ၅၄ | ဌာန ( ၂၅ ) ပါး၊ | ၉၃ |
| ၅၅ | ဒွါရသင်္ဂဟ၊ | ၉၃ |
| ၅၆ | စေတသိက်ကို-ဒွါရဖြင့်-ခွဲဝေခြင်း၊ | ၉၈ |
| ၅၇ | ဒွါရသင်္ဂဟ-ဇယားပုံ၊ | ၉၉ |
| ၅၈ | အာရမ္မဏသင်္ဂဟ၊ | ၁၀၀ |
| ၅၉ | အာရမ္မဏသင်္ဂဟ-ဇယားပုံ၊ | ၁၀၉ |
| ၆၀ | ဒွါရဝိမုတ်စိတ် (၁၉) တို့၏၊အာရုံပြုပုံဇယား၊ | ၁၁၀ |
| ၆၁ | စေတသိက်ကို၊အာရုံဖြင့်-ခွဲခြင်း၊ | ၁၁၀ |
| ၆၂ | ဝတ္ထုသင်္ဂဟ | ၁၁၁ |
| ၆၃ | စေတသိက်ကို၊ဝတ္ထုဖြင့်-ခွဲခြင်း၊ | ၁၁၅ |
| ၆၄ | ဝတ္ထုသင်္ဂဟ-ဇယားပုံ၊ | ၁၁၆ |
| ၆၅ | ကြံစရာနည်းပြတရ၊ | ၁၁၇ |
| ၆၆ | ယမကနည်း၊ | ၁၁၇ |

# ဝီထိပိုင်းမာတိကာ။


| ဦးရေ၊ | မာတိကာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၆၇ | စိတ်သက်ရုပ်သက်-ဝေဘန်ချက်။ | ၁၁၈ |
| ၆၈ | စိတ်သက်၊ရုပ်သက်-ခဏငယ်ပုံ။ | ၁၁၉ |
| ၆၉ | ပဉ္စဒွါရဝီထိ။ | ၁၂၀ |
| ၇၀ | ပဉ္စဒွါရဝီထိ-ဘာလောက်ပုံ။ | ၁၂၅ |
| ၇၁ | ပဉ္စဒွါရဝီထိဖြစ်ရန်အကြောင်း (၄) ပါး။ | ၁၂၉ |
| ၇၂ | မနောဒွါရဝီထိ။ | ၁၃၀ |
| ၇၃ | မနောဒွါရဝီထိ-ဘာလောက်ပုံ။ | ၁၃၂ |
| ၇၄ | အပ္ပနာဇောဝါရ၊မနောဒွါရ။ | ၁၃၃ |
| ၇၅ | အထူးမှတ်ဘွယ်။ | ၁၃၅ |
| ၇၆ | ဈာန်ရလာပုံ-အကျဉ်းချုပ်။ | ၁၃၅ |
| ၇၇ | အာဒိကမ္မိကဝီထိပုံ။ | ၁၃၆ |
| ၇၈ | ပစ္စဝေက္ခဏာဝီထိနှင့်၊သမာပတ္တိဝီထိပုံ။ | ၁၃၇ |
| ၇၉ | မဂ်ပေါ်ပုံ-အကျဉ်းချုပ်။ | ၁၃၉ |
| ၈၀ | မဂ္ဂဝီထိ (၈) ခုံ။ | ၁၄၀ |
| ၈၁ | ဖလသမာပတ္တိ(၈)ဝီထိနှင့်၊အဘိညာဏ်ဝီထိ။ | ၁၄၁ |
| ၈၂ | နိရောဓသမာပတ္တိဝီထိ။ | ၁၄၂ |
| ၈၃ | ကာမဇောနောင်၊အပ္ပနာဇောကျပုံနှင့်-ဇယား။ | ၁၄၄ |
| ၈၄ | တဒါလမ္ဗဏနိယာမ။ | ၁၄၇ |
| ၈၅ | ဇဝနနိယာမ။ | ၁၅၁ |
| ၈၆ | ပုဂ္ဂိုလ်စိတ်ရ။ | ၁၅၃ |
| ၈၇ | ကာမဘုံအတွက်-ပုဂ္ဂိုလ်စိတ်ရဇယားပုံ။ | ၁၅၅ |
| ၈၈ | ရူပဘုံအတွက်၊ပုဂ္ဂိုလ်စိတ်ရ-ဇယားပုံ။ | ၁၅၇ |
| ၈၉ | အရူပဘုံအတွက်၊ပုဂ္ဂိုလ်စိတ်ရ-ဇယားပုံ။ | ၁၅၈ |
| ၉၀ | မရဏာသန္နဝီထိ။ | ၁၆၁ |

| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၉၁ | ကာမဘုံတွင်၊သံသရာစက်ကြီးလယ်နေပုံ။ | ၁၆၃ |
| ၉၂ | ရူပဘုံနှင့်၊ကာမဘုံ-သံသရာစက်ကြီးလယ်ပုံ၊ | ၁၆၅ |
| ၉၃ | အဘိဓမ္မနည်းအားဖြင့်၊သံသရာစက်ကြီးပြတ်သွားပုံ၊ | ၁၆၇ |
| ၉၄ | စိတ်ဖြစ်ပုံအကြွင်းဝါရ။ | ၁၆၈ |
| | **ဘုံပိုင်း,မာတိကာ။** | |
| ၉၅ | ကောင်းကင်ထု,လေထု,ရေထု-တည်ပုံ၊ | ၁၆၉ |
| ၉၆ | စကြာဝဠာတောင်ကို၊ထက်ခြမ်းခြမ်း၍,ဘေးတိုက်ကြည့်ပုံ၊ | ၁၇၁ |
| ၉၇ | တောင်စဥ်၇ထပ်နှင့်၊မြင့်မိုရ်တောင်ကို၊ ခပ်စောင်းစောင်းကြည့်ရပုံ၊ | ၁၇၂ |
| ၉၈ | ဗောဓိပင်နှင့်၊ပြည်ကြီး(၁၆)ပြည်၊သတ္တမဟာသန-အဝေးအကွာ၊ | ၁၇၅ |
| ၉၉ | မြင့်မိုရ်တောင်ထိပ်ဝပုံ-လှဲထားပုံ၊ | ၁၇၆ |
| ၁၀၀ | တောင်စဥ်(၇)ထပ်ကို၊ယူဇနာတိုင်းထွာပြပုံ၊ | ၁၇၇ |
| ၁၀၁ | အာလိုင်(၅)ထပ်နှင့်၊ဝိထိ(၃)ပါး-နေ,လ,သွားပုံ၊ | ၁၇၈ |
| ၁၀၂ | အပါယ်(၄)ဘုံကို-ပြဆိုချက်။ | ၁၇၉ |
| ၁၀၃ | ယူဇနာတသောင်းကျယ်သော၊တာဝတိံသာနတ်ပြည်ပုံ၊ | ၁၈၂ |
| ၁၀၄ | သစ်ကြီး(၇)ပင်အကြောင်း၊ | ၁၈၄ |
| ၁၀၅ | ၃၁-ဘုံ,အဓိပ္ပါယ်၊ | ၁၈၅ |
| ၁၀၆ | ဘုံပုဂ္ဂိုလ်ရ၊ | ၁၈၉ |
| ၁၀၇ | စကြာဝဠာကို-အပေါ်တွဲ့တွဲ့ကစီး၍ကြည့်ရပုံ၊ | ၁၉၃ |
| ၁၀၈ | စကြာဝဠာကို-ဘေးတိုက်ကြည့်ရပုံ၊ | ၁၉၄ |
| ၁၀၉ | ခေတ်သုံးပါးကိုပြခြင်း၊ | ၁၉၅ |
| ၁၁၀ | ဘုံအဝေးအကွာကိုပြခြင်း၊ | ၁၉၆ |
| ၁၁၁ | ပဋိသန္ဓိစတုက္က၊ | ၁၉၇ |
| ၁၁၂ | အသက်တန်းကိုပြခြင်း၊ | ၁၉၈ |
| ၁၁၃ | ကပ်(၄)မျိုးကိုပြခြင်း၊ | ၂၀၁ |

# ဘုံမိုင်းမာတိကာ။


| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၁၁၄ | အာယုကပ်ကလေးများနှင့်၊အန္တရကပ်ကြီးတကပ်ပုံ။ | ၂၀၂ |
| ၁၁၅ | အသင်္ချေယျ (၄) ကပ်နှင့်၊မဟာကမ္ဘာကြီးပုံ။ | ၂၀၄ |
| ၁၁၆ | ကမ္ဘာကြီး-ပျက်ပုံ။ | ၂၀၅ |
| ၁၁၇ | ဗြဟ္မာသက်ကို-ပြဆိုခန်း။ | ၂၀၈ |
| ၁၁၈ | ဘုံစဉ်အတိုင်း-ဗြဟ္မာသက်ကိုပြပုံ။ | ၂၁၉ |
| ၁၁၉ | ကမ္ဘစတုက္က-ဝေဘန်ခန်း။ | ၂၁၀ |
| ၁၂၀ | သူ့အသက်သတ်သောသူ၏အဖြစ်။ | ၂၂၀ |
| ၁၂၁ | အဒိန္နာဒါန-အင်္ဂါနှင့်၊အပြား။ | ၂၂၁ |
| ၁၂၂ | ခိုးခြင်း(၂၅)ပါးသရုပ်-အဓိပ္ပါယ်-ဇယားပုံ။ | ၂၂၂ |
| ၁၂၃ | သူတပါးဥစ္စာခိုးသူ၏,အဖြစ်နှင့်၊ကာမေသုမိစ္ဆာစာရ အင်္ဂါအပြား။ | ၂၂၃ |
| ၁၂၄ | သူ့သားမယားဖျက်ဆီးသူတို့၏အဖြစ်နှင့်၊သေရည်သေရက်သောက် သူ့အဖြစ်။ | ၂၂၄ |
| ၁၂၅ | မုသာဝါဒ၏အင်္ဂါအပြားနှင့်၊မုသားပြောသူအဖြစ်။ | ၂၂၅ |
| ၁၂၆ | ပိသုဏာဝါစာအင်္ဂါ(နှင့်)ဖရုသဝါစာအင်္ဂါ။ | ၂၂၆ |
| ၁၂၇ | ဖရုသဝါစာအပြား၊ဆဲရေးခြင်းဆယ်မျိုး။ | ၂၂၇ |
| ၁၂၈ | သမ္ဖပ္ပလာပဝါစာ၏-အင်္ဂါနှင့်၊သတိပေးချက်။ | ၂၂၈ |
| ၁၂၉ | ကထာ(၃၂)ပါး-ဇယားပုံ။ | ၂၂၉ |
| ၁၃၀ | အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိအင်္ဂါ။ | ၂၃၀ |
| ၁၃၁ | ကာမာဝစရ-ကုသိုလ်ကံ။ | ၂၃၁ |
| ၁၃၂ | ဒုစရိုက်-သုစရိုက်-ဇယားပုံ။ | ၂၃၂ |
| ၁၃၃ | ကံ(၅)ပါးကိုရှောင်ကြဉ်ရခြင်းအကျိုး။ | ၂၃၃ |
| ၁၃၄ | ပုညကြိယာကို-ပြခြင်း။ | ၂၃၆ |
| ၁၃၅ | ပုညကြိယာသွင်းယူပုံ၊ဆန့်ကျင်ဘက်တရားကို,ဥပမာအကျိုးဇယား | ၂၃၈ |
| ၁၃၆ | ကာမာဝစရ-ကုသိုလ်ကြီးမားပုံ။ | ၂၃၉ |

| ဦးရေ။ | မာတိကာ။ | စာမျက်နှာ။ |
|---|---|---|
| ၁၃၇ | စေတနာ(၃)ဖြာ-ဥပမာ၊ | ၂၄၁ |
| ၁၃၈ | ရူပါဝစရကံ(နှင့်)အရူပါဝစရကံ၊ | ၂၄၃ |
| ၁၃၉ | ကံနှင့်ဝိပါက်-စပ်၍ပြခြင်း၊ | ၂၄၃ |
| ၁၄၀ | အကုသိုလ်ကံနှင့်၊အကုသလဝိပါက်-ဇယားပုံ၊ | ၂၄၇ |
| ၁၄၁ | ကာမာဝစရကုသိုလ်-အကျိုးပေးပုံ၊ | ၂၄၇ |
| ၁၄၂ | ကံ(နှင့်)ဝိပါက်-ဇယားပုံ၊ | ၂၅၃ |
| ၁၄၃ | ရူပကုသိုလ်(နှင့်)ရူပဝိပါက်၊ | ၂၅၃ |
| ၁၄၄ | အရူပကုသိုလ်ကံ(နှင့်)အရူပဝိပါက်၊ | ၂၅၆ |
| ၁၄၅ | မရဏာ၄ပွဲဏ္ဍိတကျ၊ | ၂၅၇ |
| ၁၄၆ | ရုတ်နောင်-ပဋိသန္ဓေစိတ်နှောင်းခြင်း၊ | ၂၆၂ |




မဟာအကျော် - ဦးကောဝိဒ

၁၂၉၇-ခု။

# မိန့်ခွန်းတော်။

အဘိဓမ္မာနေ့ရောင်ကျမ်းပဌမတွဲကို၊ရေးသားပြီးနောက်၊သင့်မသင့် ထောက်ချင့်နိုင်းစာ ကြည့်ရှု ပြင်ဆင်တော်မူပါမည့်အကြောင်း၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ စံကျောင်းဆရာတော်ဘုရားကြီးအား၊ပြသရာ၊ အောက်ပါ ထောမနာစကားကို၊မိန့်ကြားတော်မူသည်ဖြစ်ပါကြောင်း။

**ရွှေဟင်္သာတောရတိုက် ဂဏာစရိယ သိက္ခာကာမ ပရိယတ္တိဝိသာရဒ၊**
**ဂန္ထကာရက သာသနဓဇဝိသောဓက ဖြစ်တော်မူသော**
**အဂ္ဂမဟာပဏ္ဍိတ**
**စံကျောင်းဆရာတော်ဘုရားကြီး၏။**

## မိန့်ခွန်းတော်။

ငါ့ရှင် ရေးသားသော စာအုပ်သည်၊ သင်စလူများနှင့်၊ သဘောမပေါက်သောလူများ၊သင်ချင်သော်လဲ ခက်သည်ထင်၍ မသင်ဘဲနေသောလူများတို့၏၊ မျက်လုံးကြီးသဘွယ်ဖြစ်ပေသည်၊ ကျမ်းဂန်အရ အာဂမပါဠိတော်နှင့်ညီညွတ်သည့်အပြင်၊ ပုံပြင်ဇယား၊ဘလောက်ပုံအမျိုးမျိုးတို့ဖြင့်လည်း ဆန်းကျယ်ပေသည်၊ ပါဠိအနက်တို့မှာလဲ သရုပ်ကိုပေါ် ထွက်အောင်ပေးထားသဖြင့်၊ စက်တင်ပုံနှိပ်ခြင်းငှာ သင့်လျော်ပါသည်၊ သည်ကဲ့သို့ဆန်းကျယ်အောင် ရေးလဲရေးတတ်ပါပေရဲ့-စသည်ဖြင့်၊ ထောမနာ စကားကို မြွက်ကြားတော်မူ၍၊ ငါလဲဘဲအထက်ဝါနိသျှရေးနေသည်၊ အချိန်အား များစွာမရှိ၊ အခြားပညာရှိကြီးများကို ပြချင်လျှင် ပြလေဦးဟု-မိန့်တော်မူပါကြောင်း၊

၁၂၉၃-ခု၊ နတ္တော်လပြည့်နေ့။

# မိန့်ခွန်းတော်။

၁၂၉၄-ခု၊ တန်ခူးလဆန်း (၆) ရက်နေ့၊ စကြွာ့ သိမ်ကုန်း ကျောင်းတိုက်၊ သိမ်ကုန်း ဆရာတော်ဘုရားကြီးအား၊ နှုတ်ပယ် ထည့်စွက် ပြင်ဆင်ရန်၊ သွားရောက်ပြသရာ၊ အောက်ပါထောမနာစကားကို၊ မိန့်ကြားတော်မူသည်ဖြစ်ပါကြောင်း။

**ညောင်တုန်းမြို့၊ သုခမ္ဗာပရိယတ္တိပဋ္ဌဖြေနိစ္စာမေးပွဲကြီး၏၊ ပဋ္ဌမဥက္ကဋ္ဌနာယကာ၊**
**သံဃရာဇာသာသနပါလကာ၊ ပရိယတ္တိဝိသာရဒ၊ ဂဏာစရိယ ဂန္ထကာရက၊**
**ဖြစ်တော်မူသော၊ စကြွာ့သိမ်ကုန်းဆရာတော်ဘုရားကြီး၏။**

## မိန့်ခွန်းတော်။

ပဋ္ဌမဦးစွာ၊ မြန်မာနိဒါန်းကြည့်၍၊ ထိုနောက် ပါဠိနိဒါန်းကိုကြည့်ပြီးလျှင်၊ ပါဠိ အစီအကုံး အနှုန်းအဖွဲ့-တယ်တော်ပါကလား၊ အဋ္ဌကထာ ဆရာကြီးများ စီကုံးသကဲ့သို့ပင် ဖြစ်သည်ဟု ချီးမွမ်းပြီး၊ စာသား စီစဉ်ပုံကို တဖန် ကြည့်ပြန်သောအခါ၊ အထားအသို-စကားအသွားအလာ၊ သရုပ်ခွဲပြပုံ၊ သဘောကောက်ယူပုံ၊ အချုပ်ဇယားပုံတို့မှစ၍၊ အလွန်ရှင်းလင်းပါသည်၊ သင်္ဂဟ ပါဠိတို့ကို အနက်ပေးနည်းမှစ၍၊ ကျနလှပါပေသည်၊ အဝိဇ္ဇာမှောင်တိုက်ဖုံးသဖြင့်၊ အဘိဓမ္မာ ဉာဏ်ဘုံးနေသော သူတို့မှာ၊ ဤကျမ်းဘည်းဟူသော အဘိဓမ္မာ နေရောင်ဖြင့်၊ တပြောင်ပြောင် တဝင်းဝင်းနှင့်၊ ထွန်းလင်းပြီးသာသိမ့်မည်ဟု၊ ယုံကြည်မိပါကြောင်း၊ ကျမ်းငယ်ငယ်နှင့်၊ ခရီးများစွာ ရောက်သည့် အကြောင်းများနှင့်၊ စာသင်သားများမှစ၍၊ စာမေးပွဲဝင် ပုဂ္ဂိုလ်များ အတွက်လဲ၊ များစွာသင့်လျော်ကြောင်းကို၊ ထပ်ခါထပ်ခါမိန့်ကြားတော်မူပါကြောင်း။

၁၂၉၄-ခု၊ တန်ခူးလဆန်း(၆)ရက်နေ့။

# မြန်မာနိဒါန်း။

မြတ်စွာဘုရားရှင် ဗွလက်ထက်တော်က (အတုလျ)ဆိုသော၊ ဒါယကာကြီး တဦးသည်၊ တရားမဟော၊ တုဏှိဘောဲနေသော၊ (ရှင်ရေဝတ) ထံကပ်၍၊ တရား ဟောပါဟု တောင်းပန်သောအခါ၊တရားမဟောဘဲနေသော (ရှင်ရေဝတ)ကို၊ ရဟန်း လုပ်နေပြီး၊ တရားကိုမျှ မဟောတတ်၊ ဝက်အိုကြီးလိုဘဲဟု ကဲ့ရဲ့လေ၏၊ ထိုနောက် (ရှင်သာရိပုတ္တရာ)ထံကပ်၍ တရားတောင်းပန်သောအခါ၊ အဘိဓမ္မာဒေသနာကို၊ ထပ်ခါထပ်ခါ ဟောတော်မူလျှင်၊ ဤရဟန်းသည်၊ အလိုက်မသိ၊ ဝါစေ့ဆိတ်ဝါး သကဲ့သို့၊တရားကိုရှေရှေကြီး ဟောရမလားဟု၊ရှေရှေဟောသော ရဟန်းတော်ကိုလဲ ကဲ့ရဲ့ပြန်၏၊ နောက်တဘန် (အရှင်အာနန္ဒာ)ထံသို့ကပ်၍၊ တရားတောင်းပန်သောအခါ၊ ထို(ရှင်အာနန္ဒာ)သည်၊ မတိုမရှေ၊ အိုးတန်ဆန်ခပ်၊ လူ-အလိုလိုက်၍ဟော၏၊ ထိုသို့ ဟောသော ပုဂ္ဂိုလ်ကိုလဲ(တရားဘဲ ဝယ်ကုန် ရောင်းကုန်လိုက်လို့၊)ပိုပိုသာသာအဆစ် အဆွက်မျှမပါဘဲ၊ ချိန်ခွင်ညှာလျှာမထွက် ဟောရမလားဟုကဲ့ရဲ့၏၊ဤနည်းအတူ ယခု လူတို့သည်သည်း၊ အဘိဓမ္မာ(၇)ကျမ်းလုံးကိုလဲ၊ ကျယ်လွန်းသည်ထင်၍၊မသင်လိုကြ၊ အကျဉ်းချုံးထားသော သင်္ဂြိုဟ် ကျမ်းကလေးကိုလဲ၊ အချို့လူများကတော့၊ ပါဠိ ဘာသာဖြစ်၍မသင်ချင်ကြ၊ပါဠိဘာသာဖြစ်၍မသင်ချင်လျှင်၊သင်ချင်အောင်၊ လယ်တီ ဆရာတော်စာရေးကြီးက၊ သံခိပ်ရေးပေးပြန်လဲ၊ သံခိပ်ဖြစ်၍ ပေါ့ဆဆထင်၍ မသင် ချင်ကြ၊ တချို့ကတော့ သင်္ဂြိုဟ်ပါဠိကိုများသည်ထင်၍ မသင်ချင်ကြ၊ တချို့ကတော့ စကားပြေ အဓိပ္ပါယ်မပါလျှင်၊ မသင်ချင်ကြ၊ ဤကဲ့သို့ ဖြစ်နေသော သူတို့၏စိတ်ကို နှစ်သက် ဆွဲဆောင်နိုင်အောင် ဦးပဥ္စင်း ဘယ်ကဲ့သို့ ပြုရပါအံ့နည်းဟု ကြံ၍၊ ဤ **(အဘိဓမ္မာနေ့စဉ်)** အမည်ရှိသောကျမ်းအသစ်ကို၊ ပါဠိကြိုက်သူများလဲ၊ ပါဠိနှင့်အနက်ရလျှင်၊ သဘာဝကိုရှင်းသင်းအောင်၊ သံခိပ်ကြိုက်သူများလဲ သံခိပ်ကို ချခါမျှဖြင့်၊ သဘာဝကိုရှင်းလင်းအောင်၊ ၎င်းပြင်-စကားပြေ အဓိပ္ပါယ်အသွယ်သွယ်

# မြန်မာနိဒါန်းအဆက်။

ဖြင့်၎င်း၊ဥပမာအမျိုးမျိုးဖြင့်၎င်း၊ မမြင်ကောင်းသော၊ အဘိဓမ္မာတရားသဘောကိုပင်၊ လက်ပေါ်မှာ ပတ္တမြားကို တင်ထားဘိသကဲ့သို့၊ ဇယားပုံ အမျိုးမျိုးဖြင့်၎င်း၊ ဆိုင်ရာဆိုင်ရာတို့၌၊ ပုစ္ဆာ၊ဝိသဇ္ဇနာတို့ဖြင့်၎င်း၊ { ကော်မာ , အစက် . ဒက် – } ခေါ်သောအချက်တို့ဖြင့်၎င်း၊ အဘိဓမ္မာကျမ်းပင်ဆိုသော်လဲ၊ သောကီလောကုတ္တရာ (၂) ဖြာရောစွက်၍ဝိထိပုံအမျိုးမျိုး၊ သံသရာစက်လည်နေပုံ၊ သံသရာစက်ပြတ်ပုံ၊ ကမ္ဘာကြီးတည်နေပုံ၊ပျက်ပုံ၊ လူတို့ကျင့်ကြံစရာ၊ ကုသိုလ်အကုသိုလ်၊ ပဋိသန္ဓေတည်ပုံ၊ စုတိပုံစသောအားဖြင့်၊ ဘလောက်ရုံ အမျိုးမျိုးပါ ထည့်သွင်းပြီးလျှင်၊ ကျဉ်းကျဉ်း နှင့်ကျယ်ကျယ်၊သိလောက်အောင် ရေးသားထားသောကျမ်းစာအုပ်ဖြစ်ပါကြောင်း၊ ၊ ၎င်းကျမ်း၌ပါသော သံခိပ်ကဗျာတို့သည်၊ စကားဒိုမသုံး၊ အတိုချုံး၍ ရေးထားသည့်အပြင်၊ အနက်အဓိပ္ပါယ်ပေါ်လွင်သော၊ အဋ္ဌကထာဋီကာ၊ ဩဇာဂုဏ်တို့နှင့်ပြည့်စုံသည့်အပြင်၊စကားအသွားအလာ၊ သာယာပြေပြစ်ကျစ်ထစ်ချောမောသော၊ သုခုမာလတာဂုဏ်၊ မဓုရတာဂုဏ်တို့နှင့်ပြည့်စုံသည်ဖြစ်ပါ၍၊ ကလေး-လူကြီး-မိန်းမ-ယောကျ်ားများနှင့်လည်းသင့်လျော်လှ၏၊ စာမေးပွဲဝင်၊ စာသင် စာတက်ဆဲဖြစ်သော၊ သာသနာ့အကျိုးတော်ဆောင် ရဟန်းတော် သာမဏေများနှင့်လည်း၊ သင့်လျော်သည်ဖြစ်ပါ၍၊ အခါခါအထပ်ထပ်၊ချွတ်ဘတ်သရဇ္ဈာယ်တော်မူနိုင်ကြပါစေကုန်သတည်း။

**ဤကျမ်းစာအုပ်ကြည့်သည့်နေ့ကစ၍။ ဘုန်းသမ္ဘာပညာတိုးတက်ပြီးလျှင်။**
**အသက်ရာကျော်ရှည်တော်မူကြ၍။ သီလနှင့်မြဲကြပါစေ။**

# ပါဠိနိဒါန်း။

အမှာကံ ဗုဒ္ဓေါဘဂဝါ ဆဋ္ဌဝဿာဓိကေ သတ္တမဝဿေ တာဝတိံသ ဘဝနေ ပါရိဆတ္တကရုက္ခမူလေ ပဏ္ဍုကမ္ဗလမဏ္ဍကေ တေမာသံ ဝသိတွာ၊ မာတရံပမုခံ ကတွာ ဒသသဟဿိလောကဓါတုယာ၊ အာဂတာနံ ဒေဝါနံ သိဟာရေဇာ သုဝဏ္ဏ ဂုဟာတော နိက္ခမိတွာ၊ နဒတိဝိယ၊ အဋ္ဌဟင်္ဂေဟိ သမန္နာဂတေန သရေန ကုသလာ ဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာတိ ဒွါဝိသတိ တိကဿတဒုကပဋိမဏ္ဍိတံ ဓမ္မသင်္ဂဏိံ၊ ခန္ဓဝိဘင်္ဂါယတနဝိဘင်္ဂါဒိ အဋ္ဌာရသဝိဘင်္ဂပဋိမဏ္ဍိတံ ဝိဘင်္ဂပ္ပကရဏံ၊ သင်္ဂဟော အသင်္ဂဟောတိအာဒိနာ၊ စတုဒ္ဒသဝိဓေန ဝိဘတ္တံ ဓါတုကထာပကရဏံ။ ခန္ဓ ပညတ္တိ အာယတနပညတ္တိအာဒိနာ၊ ဆဗ္ဗိဓေန ဝိဘတ္တံ ပုဂ္ဂလပညတ္တိပကရဏံ၊ သကဝါဒေ ပဉ္စသုတ္တသတာနိ ပရဝါဒေပဉ္စသုတ္တသတာနီတိ၊ သုတ္တသဟဿံ သမောဓါနေတွာ ဝိဘတ္တံ ကထာဝတ္ထု ပကရဏံ။ မူလယမကံခန္ဓယမကံတျာဒိနာ ဒသ ဝိဓေန ဝိဘတ္တံ ယမကပ္ပကရဏံ၊ ဟေတုပစ္စယော အာရမ္မဏပစ္စယောတျာဒိနာ စတု ဝီသတိဝိဓေန ဝိဘတ္တံ အနန္တနယ သမန္တပဋ္ဌာနပ္ပကရဏံတိ အဘိဓမ္မပိဋကံ ဒေသေတိ။ တံ ဓမ္မသေနာပတိအာဒယော ပါစရိယာ ပဋိပါဋိယာ အာဂမေနေဝ ဓါရေန္တိ အပရဘာဂေ ပန မဟာဗုဒ္ဓဃောသတ္ထေရော၊ ပေါရာဏဋ္ဌကထံ ဥပနိဿာယ အဘိနဝဋ္ဌကထံရစတိ၊ တေသံ အဘိဓမ္မပိဋကာနံ သံဝဏ္ဏနာဋ္ဌကထာယော၊ အဋ္ဌသာလိနီ သမ္မောဟဝိနောဒနီ ပဉ္စပကရဏံတိ တိဝိဓါ နိက္ခမတိ၊ တတော အပရ ဘာဂေ ပန တမ္ဗပဏ္ဏိဒီပေ တုမူလသောမဝိဟာရဝါသီမဟာအာနန္ဒတ္ထေရော မဟာ ဝိဟာရဝါသီနံ တိပိဋကစူဠနာဂတ္ထေရာဒီနံ၊ နယံ ဥပနိဿာယ အဋ္ဌကထာနယံ ဩဂါဟေတွာ ကနိဋ္ဌအဋ္ဌကထံ ရစတိ။ အဘိဓမ္မတ္ထသင်္ဂဟပ္ပကရဏဿဝဏ္ဏနာဘံ၊ အကာသိ။ သုမင်္ဂလသာမိ မဟာထေရောပိ တဿ သံဝဏ္ဏနာသင်္ခါတံ ဋီကာပကာ

# ပါဠိနိဒါနံ၊

ရဏမ္ဗိရစတိ၊ ထေပါဠိဋ္ဌကထာ ဋီကာယော ပါဠိဘာသာယ ရစိတတ္တာ ဒုဗ္ဗိညာ ဒုန္နယတာဟောတိ၊ တသ္မာတေသံသုခဝိဇာနိယာ သုဒ္ဓမြမ္မာဘာသာယ ကဗျာယ လယ်တီမဟာသေရော ရစတိ။ အပရေအာစရိယာပိ သင်္ဂဟနယံ ဂဟေတွာ နာနာ နာမေန ရစန္တိ၊ ဣဒါနိပနမြမ္မရဋ္ဌေ သင်္ဂဟနယံ ဂဟေတွာရစိတပကရဏာနိ၊ ဗဟူသန္တိယေဝ၊ ကိဉ္စာပိသန္တိ၊ ကေစိဂန္ထာပန အတိဝိတ္ထာရိတတ္တာ နသက္ကာ သောတုဇနေဟိ ဝိညာတဝေ၊ ကေစိပန နသက္ကာ အတိသင်္ခေပေန ဒဿိတတ္တာ သောတုဇနေဟိ ဝိညာတဝေ၊ တသ္မာ မယံ နာတိသင်္ခေပနာတိဝိတ္ထာရေန အဘိဓမ္မတ္ထသင်္ဂဟပကရဏဿ သဘာဝါဓိပ္ပါယံ၊ နာနာဂန္ထတော နယေဟိ ဝေါမိဿိတွာ ရစိဿာယေနဝါ၊ ဂါထာယဝါ ကဗျာယဝါ အာဒိစ္စောဘာသာဝိယ ပါကဋံ ဒဿယိဿာမ၊ တသ္မိံ ဂန္ထေအာရဒ္ဓမာနေ တံတံဝါစာပုဗ္ဗာမဟုဿဝေသု သုကရံ ဗျာကရိဿန္တိ၊ အဘိဓမ္မဗ္ဗာနေ သုကရံ ဇာနိဿန္တိ၊ ။

ယေ ပဿန္တိ ဤမံဂန္ထံ၊ မုခေ ဓါရေန္တိ တေဇနာ။
ဒိဿန္တု သရူပါဒယော၊ အာဒိစ္စောဝ ယုဂန္ဓရေ။ ။

## နိဒါနကထာနိဋ္ဌိတာ။

ဘဒ္ဒန္တကောဝိဒဇ္ဈေရ။
နိဂြောဓါရာမဝိဟာရ၊
ညောင်တုန်းနဂရ၊

# အဘိဓမ္မာနေ့ရောင်ကျမ်း။

## { ပဏာမ။ }

အဘိဓမ္မံ ပကာသေန္တံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
အဘိဓမ္မာဒိစ္စောဘာသံ၊ ဂန္ထံ ဝက္ခာမိ သုန္ဒရံ။ ။
(တတိယမကာရဝိပုလာဂါထာ။)

အဟံ၊ အဘိဓမ္မာ၊ မသိရှာကြ၍၊ သိရာ သိကြောင်း၊ ကျမ်းအကောင်းကို၊ ဇုံပေါင်းတည်ခါ၊ရေးသားလတ္တံ့သောငါသည်။ အဘိဓမ္မံ၊ဓမ္မက္ခန္ဓာပေါင်း၊ထေးသောင်းနှစ်ထောင်၊ များမြောင်စွာလှ၊ ဂန္ထိရနက်ဌမ်း၊ အဘိဓမ္မာခုနစ်ကျမ်းကို၊ ပကာသေန္တံ၊ လက်ပေါ်ပတ္တမြား၊ တင်ခါထားသို့၊ ထင်ရှားကျန၊ ဟောပြတော်မူပေထသော၊ ဗုဒ္ဓံ၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်ကို၊အာဒရံ၊ ရိုသေလေးမြတ်စွာ၊ဝန္ဒာမိ၊ ဘယလာဘ၊ ကုလ ကြည်ရှောင်း၊ ဂုဏ်တော်ပေါင်းကို၊ အောက်မေ့သဖြင့်၊ အသင့်နှလုံး၊ ဆို့ပိတ်ဖုံးလျက်၊ သုံးတန်စေတနာ၊သုံးဖြာဒွါရ၊ပဏာမဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏၊ ဝန္ဒိတွာ၊ရှိခိုးပြီး၍၊ အဘိဓမ္မာဒိစ္စောဘာသံ၊ အဘိဓမ္မာဒေသနာကို၊ အာကာသတွင်၊ နေရောင်ထင်သို့၊ အလွန်လျှင်သိကြွားလွယ်လတ္တံ့သော၊ ဂန္ထံ၊ အဘိဓမ္မာနေရောင်၊ အမည်ပြောင်လစ်၊ ကျမ်းအသစ်ကို၊ သုန္ဒရံ၊ပါဠိကဗျာ၊လက်ာဇယား၊အစားစားတို့ဖြင့်၊ သားနားကျစ်လစ်၊ ပြေပြစ်ကောင်းမွန်လှစွာ၊ ဝက္ခာမိ၊ စာမေးပွဲဝင်၊ စာသင် စာတက်၊ မခက်စေရန်၊ စိတ်ချည်သန်၍၊စီမံရေးသား၊ဟောကြားဖွက်ဆိုပေအံ့။ ။

{ မှာချက်။ } ဤကျမ်း၏အစီအစဉ်မှာ၊ (၁)ရိုးရိုးသရုပ်ခွဲနည်း။ (၂)စက်လှဲ၍-သရုပ်ခွဲနည်း။ (၃)သဘောအဓိပ္ပါယ်ဝေဘန်နည်း။ (၄)ဆင်တူရိုးမှား သဘောတရားတို့၏မတူထူးခြား၊ ကွဲပြားသောအချက်၊(၅)တရားကိုယ်ကောက်ယူနည်း။ (၆) သဘောသရုပ်ကြံဆနည်း။(၇)ဇယားပုံဖြင့်၊သရုပ်အမျိုးမျိုးကြံဆနည်း။(၈)ကျယ်ဝန်းစွာသောအဓိပ္ပါယ်ကို၊အတိုသံခိပ်ဖြင့်ဆောင်ရန်၊ (၉)သင်္ဂဟပါဠိဂါထာများကိုသရုပ်ပေါ်ထွက်အောင်၊ အနက်ပေးနည်း။ (၁၀)ဆိုင်ရာဆိုင်ရာ၌၊ စာမေးပွဲ ပုစ္ဆာကဲ့သို့၊ မေးခွန်းထုတ်၍ဖြေဆိုခြင်း။ ။ဤ-၁၀-ပါးသောအချက်တို့ဖြင့်၊ ပြက်ပြက်ထင်ထင်၊ သိမြင်စေခြင်း၊စီမံ၍ထားပါသည်။

# (၁) စိတ်ပိုင်း။

ဆောင်ပုဒ်။ (၁)–စိတ်,စေတသိက်,ရုပ်,နှင့်နိဗ္ဗာန်,။ မဘောက်ပြန်–လေးတန်ပရမတ်။

| သရုပ်။ | သဘောအဓိပ္ပါယ်။ | အပြား။ |
|---|---|---|
| စိတ် | အာရုံကိုကြံတတ်သိတတ်သောကြောင့်၊စိတ်ခေါ်ပါသည်။ ...... | ၈၉<br>၁၂၁ |
| စေတသိက် | စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ စေတသိက်ခေါ်ပါသည်၊ တနည်းကား၊ စိတ်နှင့်ယှဉ်တတ်သောကြောင့်၊ စေတသိက်ခေါ်ပါသည်။ ...... ...... ...... | ၅၂ |
| ရုပ် | အချမ်းအပူဟူသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့်၊ဘောက်ပြန်တတ်သောကြောင့်၊ရုပ်ခေါ်ပါသည်။ ...... | ၂၈ |
| နိဗ္ဗာန် | ဝါနဟု ဆိုအပ်သော၊ တဏှာလောဘမှ ထွက်မြောက်တတ်သောကြောင့်၊နိဗ္ဗာန်ခေါ်ပါသည်။ ...... ...... ...... | ၂<br>၃ |

မဘောက်မပြန်၊မြတ်သောသဘောရှိသောကြောင့်၊ပရမတ္ထခေါ်ပါသည်၊
တနည်းကား၊မြတ်သောသဗ္ဗညုတဉာဏ်၏၊အာရုံဖြစ်သောကြောင့်၊
ပရမတ္ထခေါ်ပါသည်၊

{၂} တတ္ထဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓါ ပရမတ္ထတော။
စိတ္တံ,စေတသိကံ,ရူပံ၊ နိဗ္ဗာန,မိတိ သဗ္ဗထာ။ ။

တတ္ထတသ္မိံ အဘိဓမ္မေ၊ထိုအဘိဓမ္မာ-၇-ကျမ်း၌၊သဗ္ဗထာ၊ ကုသိုလ်အစရှိသော၊ ခန္ဓာအစရှိသော ခပ်သိမ်းသောအပြားအားဖြင့်၊ တထာဂတေဟိ၊ မြတ်စွာဘုရားတို့

သည်၊ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော၊ အဘိဓမ္မတ္ထာ၊ အဘိဓမ္မာ-၇-ကျမ်း၌ဟောတော်မူအပ်ကုန်သောအနက်တို့သည်၊ ပရမတ္ထတော၊ ပရမတ္ထဝသေနဝ၊ မဖောက်မပြန်မြတ်သောသဘောရှိသည်၏အစွမ်းဖြင့်သာလျှင်။ စိတ္တဥ္စ၊ စိတ်အကျဉ်းတရပ်-၈၉၊ စိတ်အကျယ်(၁၂၁)ပါးငင်း၊ (ဝါ)အာရုံ-၆-ရပ်၊ကြံသိတတ်သောစိတ်ငင်း၊ စေတသိကဥ္စ၊ စေတသိက်(၅၂)ပါးငင်း၊(ဝါ) စိတ်နှင့်ယှဉ်တတ်သောစေတသိက်ငင်း၊ ရူပဥ္စ၊ ရုပ်(၂၈)ပါးဟုဆိုအပ်သော ရူပက္ခန္ဓာငင်း၊(ဝါ)အချမ်းအပူဟူသော ဆန့်ကျင်ဘက်ဖြစ်သော၊ အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သောရုပ်ငင်း၊ နိဗ္ဗာနဥ္စ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-တရားငင်း၊ (ဝါ) ဝါနဟုဆိုအပ်သော တဏှာလောဘမှ ထွက်မြောက်တတ်သောနိဗ္ဗာန်ငင်း၊ဣတိ၊ဤသို့၊စတုဓါ-စတုဗ္ဗိ အာကာရေဟိ၊၄-ပါးသောအကြောင်းတို့ဖြင့်၊ဌိတာ၊တည်ကုန်၏။

## အနက်(၂)နက်စီပေးရာ၌၊ပဌမအနက်ကားသရူပတ္ထ။ ဒုတိယအနက်ကားသဘာဝတ္ထ။

* ဖောက်ပြန်သောကြောင့်ရုပ်၊မဖောက်မပြန်မြတ်သောကြောင့် ပရမတ်ခေါ်သည် ဆိုသောစကားနှစ်ခု မဆန့်ကျင်ပုံမှာ၊ရုပ်ဖောက်ပြန်သည်ဆိုရာ၌၊ နေပူမှအရိပ်သို့ဝင်သောသူ၏ ပထဝီစသောရုပ်တို့သည်၊ အရိပ်၏အအေးဟူသောဝိရောဓိအကြောင်းကြောင့် အပူရုပ်ပျောက်၍ အအေးရုပ်ဖြစ်ပေါ်လာခြင်း၊ နေရိပ်မှ-နေပူသို့ထွက်သောသူ၏ ပထဝီစသောရုပ်တို့သည်၊နေပူ၏အပူဟူသော ဝိရောဓိအကြောင်းကြောင့်၊ အအေးရုပ်ပျောက်၍၊ အပူရုပ်ဖြစ်ပေါ်လာခြင်းကို၊ရုပ်ဖောက်ပြန်သည်ဟုဆိုသည်၊ ။

မဖောက်မပြန်တတ်သောကြောင့်၊ ပရမတ္ထမည်၏ဆိုရာမှာ၊ ပူသောအခိုက်၌ရှိသော ပထဝီဓါတ်လည်းနူးညံ့ခြင်း မုဒုလက္ခဏာ၊ကြမ်းတမ်းခြင်း ကက္ခဠလက္ခဏာရှိသည်သာလျှင်ဖြစ်သည်၊ အေးသောအခိုက်၌ရှိသော ပထဝီဓါတ်လည်း ဤလက္ခဏာနှစ်ပါးရှိသည်သာလျှင်ဖြစ်၏၊ ထိုလက္ခဏာသဘောကား မည်သည့်အခါမျိုးမှ ဖောက်ပြန်သည်ဟူ၍မရှိ၊ ဤကဲ့သို့ သဘောလက္ခဏာ မဖောက်ပြန်သည်ကို၊ ပရမတ္ထခေါ်သည်၊ ။ထို့ကြောင့် ရုပ်မည်ခြင်းနှင့် ပရမတ္ထမည်ခြင်းနှစ်ခုတို့သည် မဆန့်ကျင်လေ၊ ။

## အကုသိုလ်စိတ်ခွဲနည်း။

| | | | | | | |
|---|---|---|---|---|---|---|
| သောမနဿ-သဟဂုတ်၊ဒိဋ္ဌိဂတသမ္ပယုတ်၊ အသင်္ခါရိကစိတ်-၁-ပါး။ | | | | | လောဘမူစိတ် ၈ ပါး။ | အကုသိုလ်စိတ်(၁၂)ပါး။ |
| သော | ...... | သ | ...... | ၁-ပါး။ | | |
| သော | ...... | ဝိပ္ပယုတ်-အ | ...... | ၁-ပါး။ | | |
| သော | ...... | သ | ...... | ၁-ပါး။ | | |
| ဥပေက္ခာ | ...... | သမ္ပယုတ်-အ | ...... | ၁-ပါး။ | | |
| ဥ | ...... | သ | ...... | ၁-ပါး။ | | |
| ဥ | ...... | ဝိပ္ပယုတ်-အ | ...... | ၁-ပါး။ | | |
| ဥ | ...... | သ | ...... | ၁-ပါး။ | | |
| ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်၊ အသင်္ခါရိကစိတ်-၁-ပါး။ | | | | | ဒေါသမူစိတ် ၂ ပါး။ | |
| ဒေါ | ...... | သ | ...... | ၁-ပါး။ | | |
| ဥပေက္ခာသဟဂုတ်-ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | | | ...... | ၁-ပါး။ | မောဟမူစိတ် ၂ပါး။ | |
| ဥ | ...... ဥဒ္ဓစ္စသမ္ပယုတ်စိတ် | | ...... | ၁-ပါး။ | | |

(၃) အဋ္ဌဓါ လောဘမူလာနိ၊ ဒေါသမူလာနိစ ဒွိဓါ။
မောဟမူလာနိစ ဒွေတိ၊ ဒွါဒသာ-ကုသလာ သိယုံ။

လောဘမူလာနိ၊ လောဘဟုဆိုအပ်သော မူလရှိကုန်သော၊ စိတ္တာနိ၊ စိတ်တို့သည်၊ ဝေဒနာဒိဘေဒတော၊ ဝေဒနာအစရှိသောအပြားအားဖြင့်၊ (ဝါ) ဝေဒနာအပြား၊ သမ္ပယောဂအပြား၊သင်္ခါရအပြားအားဖြင့်၊ အဋ္ဌဓါ၊ ရှစ်ပါးအပြားရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ ၊ဒေါသမူလာနိ၊ဒေါသဟုဆိုအပ်သော မူလရှိကုန်သော၊စိတ္တာနိစ၊ စိတ်

တို့သည်လည်း၊ သင်္ခါရဘေဒတော၊သင်္ခါရအပြားအားဖြင့်၊နှစ်ပါ-၂-ပါးအပြားရှိကုန်သည်၊ဆိယုံ၊ဖြစ်ကုန်၏၊ မောဟမူလာနီ၊ မောဟသာလျှင်မူလရှိကုန်သော၊ စိတ္တာနိစ၊ စိတ်တို့သည်လည်း၊ သမ္ပယောဂဘေဒတော၊ သမ္ပယောဂအပြားအားဖြင့်၊ ဒွေ-၂-ပါးအပြားရှိကုန်သည်၊ ဣတိဃုံ၊ဖြစ်ကုန်၏၊ ဣတိဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်၊ အကုသလာ အကုသလဘူတာနိ၊ အကုသိုလ်ဖြစ်၍ ဖြစ်ကုန်သော၊စိတ္တာနိ၊စိတ်တို့သည်၊ဒွါဒသ-၁၂-ပါးအပြားရှိကုန်သည်၊သိယုံ၊ဖြစ်ကုန်၏၊

● (သာသနအကျိုးတော်ဆောင်ဖြစ်တော်မူကြကုန်သော၊ ရဟန်းတော်သာမဏေကလေးများ သော်မှလည်း မခဲယဉ်းစေကာမူ၊ ဝါသနာရှိသော ဒါယကာ-ဒါယိကာမများအတွက်၊ပါဠိအနက်တို့ကို-ထည့်စွက်ရခြင်းဖြစ်ပါသည်၊)

* ဝေဒနာအပြားအားဖြင့်၊ (၈)ပါးဆိုသည်မှာ၊ သောမနဿ ဝေဒနာ (၄)ပါး၊ ဥပေက္ခာဝေဒနာ(၄)ပါး၊ ပေါင်း(၈)ပါးဖြစ်ပါသည်၊ * ၊သမ္ပယောဂအပြားအားဖြင့် (၈)ပါးဆိုသည်မှာ၊ ဒိဋ္ဌိဂတသမ္ပယုတ်(၄) ဒိဋ္ဌိဂတဝိပ္ပယုတ်(၄) ပေါင်း(၈)ပါးဖြစ်သည်၊ * ၊သင်္ခါရအပြားအားဖြင့်၊ (၈)ပါးဆိုသည်မှာ၊ အသင်္ခါရိက(၄) သသင်္ခါရိက(၄) ပေါင်း(၈)ပါးဖြစ်သည်၊

* ဒေါသမူစိတ်-၂-ခုမှာကား၊ဝေဒနာအားဖြင့် ဒေါမနဿဝေဒနာချည်းဖြစ်၍ ဝေဒနာဘေဒမရ၊ ၂-ပါးလုံး ပဋိဃသမ္ပယုတ်ချည်းဖြစ်၍၊သမ္ပယောဂဘေဒမရ၊ အ-(၁) သ-(၁)ဤသို့သင်္ခါရအားဖြင့်သာ၊ ၂-ပါးဖြစ်လေ၏၊

* မောဟမူစိတ်မှာလည်း၊ ဥပေက္ခာချည်းဖြစ်၍ ဝေဒနာဘေဒမရ၊အသင်္ခါရိကချည်းဖြစ်၍ ·သင်္ခါရဘေဒမရ၊ ဝိစိကိစ္ဆာသမ္ပယုတ်၊(၁) ဥဒ္ဓစ္စသမ္ပယုတ်၊(၁) ဤသို့ သမ္ပယောဂဘေဒအားဖြင့်သာ ၂-ပါးဖြစ်လေသည်၊

## (ဆောင်ပုဒ်॥)

{၂} သောလေး-ဥဆ၊ဒေါမနဒွေး၊ဝိပ်လေးသံရှစ်၊ခုနစ်အသင်၊
သသင် ၅-ဖြာ၊သုံးနည်းဖြာ၊ပေါင်းပါဆဲ့နှစ်စိ၊

# အဟိတ်စိတ်ခွဲနည်း။

| | | | | |
|---|---|---|---|---|
| ဥပေက္ခာသဟဂုတ် - | စက္ခုဝိညာဏ်စိတ် | ၁-ပါး။ | အကုသလဝိပါကစိတ် ၇ ပါး။ | အဟိတ်စိတ် (၁၈) ပါး။ |
| ဥ ...... | သောတ ...... | ၁-ပါး။ | | |
| ဥ ...... | ဃာန ...... | ၁-ပါး။ | | |
| ဥ ...... | ဇိဝှါ ...... | ၁-ပါး။ | | |
| ဒုက္ခသဟဂုတ် | ကာယ ...... | ၁-ပါး။ | | |
| ဥ ...... | သမ္ပဋိစ္ဆိုန်း ...... | ၁-ပါး။ | | |
| ဥ ...... | သန္တီရဏ ...... | ၁-ပါး။ | | |
| ဥပေက္ခာသဟဂုတ် - | စက္ခုဝိညာဏ်စိတ် | ၁-ပါး။ | အဟိတ်ကုသလဝိပါကစိတ် ၈ ပါး။ | |
| ဥ ...... | သောတ ...... | ၁-ပါး။ | | |
| ဥ ...... | ဃာန ...... | ၁-ပါး။ | | |
| ဥ ...... | ဇိဝှါ ...... | ၁-ပါး။ | | |
| သုခသဟဂုတ် | ကာယ ...... | ၁-ပါး။ | | |
| ဥ ...... | သမ္ပဋိစ္ဆိုန်း ...... | ၁-ပါး။ | | |
| သောမနဿ | သန္တီရဏ ...... | ၁-ပါး။ | | |
| ဥပေက္ခာ | သန္တီရဏ ...... | ၁-ပါး။ | | |
| ဥပေက္ခာသဟဂုတ် - | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁-ပါး။ | အဟိတ်ကြိယာစိတ် ၃ ပါး။ | |
| ဥ ...... | မနောဒွါရာဝဇ္ဇန်းစိတ် | ၁-ပါး။ | | |
| သော ...... | ဟသိတုပ္ပါဒ်စိတ် | ၁-ပါး။ | | |

### (၄) သတ္တာကုသလပါကာနိ၊ ပုညပါကာနိ အဋ္ဌဓါ။
### ကြိယစိတ္တာနိ တီဏီတိ၊ အဋ္ဌာရသအဟေတုကာ။ ။

အကုသလပါကာနိ၊အကုသလဝိပါက်စိတ်တို့သည်၊ စက္ခွာဒိနိဿယသမ္ပဋိစ္ဆနာဒိကိစ္စဘေဒတော၊ စက္ခုအစရှိသောမှီရာ သမ္ပဋိစ္ဆိုန်းအစရှိသောကိစ္စတို့၏၊ အပြားအားဖြင့်၊ သတ္တ၊ ၇-ပါးအပြားရှိကုန်သည်၊ သိယံ၊ ဖြစ်ကုန်၏၊ ပုညပါကာနိ၊ အဟိတ်ကုသလဝိပါက်စိတ်တို့သည်၊ စက္ခွာဒိနိဿယသမ္ပဋိစ္ဆနာဒိကိစ္စဘေဒတော၊အားဖြင့်၊ အဋ္ဌဓါ၊ ကုန်သည်၊ သိယံ၊ ဖြစ်ကုန်၏၊ ကြိယစိတ္တာနိ၊ အဟိတ်ကြိယာ စိတ်တို့သည်၊ အာဝဇ္ဇနာဒိကိစ္စဘေဒတော၊ အာဝဇ္ဇန်းအစရှိသော ကိစ္စတို့၏အပြားအားဖြင့်၊ တီဏိ၊ သုံးပါးအပြားရှိကုန်သည်၊ သိယံ၊ ဖြစ်ကုန်၏၊ ဣတိဣမိနာပဘေဒေန၊ အားဖြင့်၊ အဟေတုကာ အဟေတုကဘူတာနိ၊ ကုန်သော၊ စိတ္တာနိ၊ တို့သည်၊ အဋ္ဌာရသ၊ ၁၈-ပါး အပြားရှိကုန်သည်၊ သိယံ၊ ဖြစ်ကုန်၏၊

{ ဆောင်ပုဒ် }

(၃) ပဉ္စဒွါရေ၊ ဒွေပဉ္စဆယ်လီ၊ ၂ လီသမ္ပ၊ သုံးဝသန္တီ၊ တလီမှာဝုဋ္ဌ၊ ဟသိတုပ်၊ ပေါင်းချုပ်အဟိတ်၊ ဆဲ့ရှစ်စိတ်။

(၄) သု-ဒုတစ်စီ၊ ၂ လီသောဖြစ်၊ ဥပေက်ရဒ္ဒသ်၊ ဆဲ့ရှစ်ရပ်၊ မှတ်ကြအဟိတ်စိတ်။

(၅) ဝိပါက်-၁၅၊ ကြိသုံးပါး၊ ပေါင်းပြားအဟိတ်စိတ်။

### (၅) ပါပါဟေတုကမုတ္တာနိ၊ သောဘနာနီတိ ဝုစ္စရေ။
### ဧကူန သဋ္ဌိစိတ္တာနိ၊ အထေကနဝုတီပိဝါ။ ။

ပါပါဟေတုကမုတ္တာနိ၊အကုသိုလ်စိတ် အဟိတ်စိတ်တို့မှလွတ်ကုန်သော၊ ဧကူန သဋ္ဌိ၊ တခုယုတ်(၆၀)ကုန်သော၊ စိတ္တာနိ၊စိတ်တို့ကို၊သောဘနာနီတိ၊သောဘနစိတ် အမည်ရှိကုန်၏ဟူ၍၊ ဝုစ္စရေ ဝုစ္စန္တိ၊ မိန့်အပ်ကုန်၏၊ အထဝါ၊ တနည်းကား၊ ပါပါ ဟေတုကမုတ္တာနိ၊ ကုန်သော၊ ဧကနဝုတိ၊ ၉၁-ပါးကုန်သော၊စိတ္တာနိပိ၊ တို့ကိုလည်း၊ သောဘနာနီတိ၊ သောဘနစိတ်အမည်ရှိကုန်၏ဟူ၍၊ ဝုစ္စရေ ဝုစ္စန္တိ၊မိန့်အပ်ကုန်၏၊

## ကာမာဝစရသောဘဏစိတ်ခွဲနည်း။

| | | | | | မဟာကုသိုလ်စိတ် (၈) ပါး။ | မဟာဝိပါက်စိတ် (၈) ပါး။ | မဟာကြိယာစိတ် (၈) ပါး။ | ကာမာဝစရသောဘဏစိတ် (၂၄) ပါး။ |
|---|---|---|---|---|---|---|---|---|
| သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် | | အသင်္ခါရိကစိတ် | | ၁-ပါး။ | | | | |
| သော | ...... | သ | ...... | ၁-ပါး။ | | | | |
| သော | ...... | ဝိပ္ပယုတ်အ | ...... | ၁-ပါး။ | | | | |
| သော | ...... | သ | ...... | ၁-ပါး။ | | | | |
| ဥ | ...... | သမ္ပယုတ်အ | ...... | ၁-ပါး။ | | | | |
| ဥ | ...... | သ | ...... | ၁-ပါး။ | | | | |
| ဥ | ...... | ဝိပ္ပယုတ်အ | ...... | ၁-ပါး။ | | | | |
| ဥ | ...... | သ | ...... | ၁-ပါး။ | | | | |

### (၆) ဝေဒနာဉာဏသင်္ခါရ၊ဘေဒေန စတုဝီသတိ။
### သဟေတုကာမာဝစရ၊ပုညပါကကြိယာ မတာ။ ။

သဟေတုကာမာဝစရ ပုညပါကကြိယာ၊ ကာမာဝစရကုသိုလ် သဟိတ် ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရ ကြိယာစိတ်တို့ကို၊ ဝေဒနာဉာဏသင်္ခါရ ဘေဒေန၊ ဝေဒနာ,ဉာဏ်,သင်္ခါရတို့၏ အပြားအားဖြင့်၊ ပခွဲကံ အသီးအသီး၊ စတုဝီသတိ၊ ၂၄-ပါးစိတ်ရှိ၏ဟူ၍၊မတာ၊သိအပ်၏။ ။

ဤဂါထာ၌ဝေဒနာအပြားဆိုသည်မှာ၊သောမနဿ ဥပေက္ခာ ဤဝေဒနာ ၂-ပါး ကိုဆိုသည်၊ ဉာဏ်အပြား,ဆိုသည်မှာ၊ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဤ ၂-ပါး ကိုဆိုသည်၊ သင်္ခါရအပြား,ဆိုသည်မှာ၊ အသင်္ခါရိက သသင်္ခါရိက ဤ ၂-ပါးကိုဆို သည်၊

● ဤနေရာမှာ ဋီကာဆရာလည်းတမျိုးယူ၏၊ ဒီပကဆရာကလည်းတမျိုး၊ ငါတို့ အလိုမှာကား၊ သောမနဿ-၁၂၊ ဥပေက္ခာ-၁၂၊ ဤသို့ (ဝေဒနာ)အားဖြင့် ၂၄-ပါး ဖြစ်၏၊ ဉာဏသမ္ပယုတ်-၁၂၊ ဉာဏဝိပ္ပယုတ်-၁၂၊ ဤသို့ ဉာဏ်အားဖြင့် ၂၄-ပါး ဖြစ်၏၊အသင်္ခါရိက-၁၂၊ သသင်္ခါရိက-၁၂၊ ဤသို့သင်္ခါရအားဖြင့်၂၄-ပါးဖြစ်၏၊ ဤ ကဲ့သို့၊ ၂၄-ပါးစိဖြစ်၏။ ဤကားလူပြိန်းများသိလွယ်စေရန်ငါတို့အလိုအဘယ့်ကြောင့်

ဆိုသော် မဟာကုသိုလ်စိတ် (၈)ခုထဲမှာပင်၊ သော-၄ + ဥ-၄ ပေါင်း(၈)ပါး ဖြစ်၏၊ ထို့အတူ ဉာဏ်သံ-၄ + ဉာဏ်ဝိ-၄-ပေါင်း(၈)ပါး။ အ-၄ + သ-၄ ပေါင်း(၈)ပါး ဖြစ်ပါသည်၊ မဟာဝိပါက်-မဟာကြိယာတို့လည်း ထို့အတူပင်တည်း။ (ဋီကာဆရာ အလို ဒိပကတို့အလိုတို့ကို၊ဝေဒနာ ဉာဏ-သင်္ခါရဟူသောခွန်သမာသ်နှင့်စတုဝိသတိ ဟူသောသင်္ချာတို့ကို သဒ္ဒါတတ်သည့်ပညာရှိများဆင်ခြင်တော်မူကြပါ) စတုဝိသတိ- ဟူသော သင်္ချာသဒ္ဒါသည် ဝေဒနာ ဉာဏ သင်္ခါရဟူသော ခွန်ပုဒ်နှင့်ပင် သမာသ်၏ အဖြစ်ဖြင့်မတည်မူ၍၊ ဝါကျ၏အဖြစ်ဖြင့်တည်သော်လည်း၊ ခွန်၏နောက်၌ရှိသော ပိုဒ် ဖြစ်၍၊ (၂၄)ပါးစိဟု ခွဲ၍ယူသင့်သည်ဟုထင်၏။

{ ဆောင်ပုဒ်။ }

(၆) နှစ်ဆဲ့သုံးပိ၊ကြိဆဲ့တစ်၊ဆဲ့နှစ်အကု၊ကု-ရှစ်ခု၊ပေါင်းရကာမစိတ်။

ဇာတိဘေဒနည်းအားဖြင့်၊ အဟိတ်ဝိပါက်(၁၅) မဟာဝိပါက်(၈) ပေါင်း ဝိပါက်(၂၃)ခု၊ အဟိတ်ကြိယာ(၃) မဟာကြိယာ(၈) ပေါင်းကြိယာ(၁၁)ခု၊ အကုသိုလ်(၁၂) ကုသိုလ်(၈) ဤသို့ ကာမစိတ်(၅၄)ပါးဖြစ်၏။

(၇) ကာမေ တေဝီသ ပါကာနိ၊ပုညာ-ပုညာနိ ဝီသတိ။
ဧကာဒသ ကြိယာစေတိ၊စတုပညာသ သဗ္ဗထာ။ ။

ကာမေ၊ ကာမစိတ်၌၊ (ဝါ၊ ကာမ-၁၁-ဘုံ၌၊အဝစရာနိ၊ များသောအားဖြင့်၊ ကျင်လည်တတ်ဖြစ်တတ်ကုန်သော၊ စိတ္တာနိ၊ စိတ်တို့သည်၊) တေဝီသ၊ ၂၃-ပါးကုန် သော၊ ပါကာနိစ၊ဝိပါက်စိတ်တို့ရင်း။ ဝီသတိ၊၂၀-သော၊ပုညာပုညာနိစ၊ ကုသိုလ်- အကုသိုလ်စိတ်တို့ရင်း။ ဧကာဒသ၊၁၁-ပါးကုန်သော၊ ကြိယာစ၊ကြိယာစိတ်တို့ရင်း၊ ဣတိ၊ ဤသို့၊သဗ္ဗထာ၊အလုံးစုံသောဝိပါက် ကုသိုလ်-အကုသိုလ် ကြိယာဟူသော အ ပြားအားဖြင့်၊ စတုပညာသ၊ ၅၄-ပါးရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

● (ဝိသတျာဒိနဝုတျန္တာ ဧကတ္တိလိင်္ဂေကဝါစကာ) သဒ္ဒါဆရာတို့ဆိုသောကြောင့်၊ ဝိသတိအစ နဝုတိ အဆုံးရှိသောသဒ္ဒါတို့သည် ဧကတ္တိလိင်ဧကဝုစ်ဖြစ်၍၊ (ဝီသတိ-၂၀- သော)ဟု-ဧကဝုစ်ပေးသည်၊ (၂၀-ကုန်သော)ဟု-ဗဟုဝုစ်မပေးရ။

| ကာမစိတ်ဇာတိဘေဒခွဲနည်း။ | | | | | | ကာမစိတ်ဝေဒနာဘေဒခွဲနည်း။ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမည် | ကု | အကု | ဝိ | ကြိ | ပေါင်း။ | သု | သော | ဒု | ဒေါ | ဥပေက္ခာ | ပေါင်း။ |
| အကုသိုလ် | ...... | ၁၂ | ...... | ...... | ၁၂ | ...... | ၄ | ...... | ၂ | ၆ | ၁၂ |
| အဟိတ် | ...... | ...... | ၁၅ | ၃ | ၁၈ | ၁ | ၂ | ၁ | ...... | ၁၄ | ၁၈ |
| ကာမာဝစရသောဘဏ | ၈ | ...... | ၈ | ၈ | ၂၄ | ...... | ၁၂ | ...... | ...... | ၁၂ | ၂၄ |
| ပေါင်း | ၈ | ၁၂ | ၂၃ | ၁၁ | ၅၄ | ၁ | ၁၈ | ၁ | ၂ | ၃၂ | ၅၄ |

{ ရူပါဝစရစိတ်ခွဲနည်း။ }

| | | | | | |
|---|---|---|---|---|---|
| ဝိတက် | ဝိစာရ | ပီတိ | သုခ | ဧကဂ္ဂတာ | ပဌမဈာန်၏အင်္ဂါ(၅)ပါး။ |
| | ဝိစာရ | ပီတိ | သုခ | ဧကဂ္ဂတာ | ဒုတိယဈာန်၏အင်္ဂါ(၄)ပါး။ |
| | | ပီတိ | သုခ | ဧကဂ္ဂတာ | တတိယဈာန်၏အင်္ဂါ(၃)ပါး။ |
| | | | သုခ | ဧကဂ္ဂတာ | စတုတ္ထဈာန်၏အင်္ဂါ(၂)ပါး။ |
| | | | ဥပေက္ခာ | ဧကဂ္ဂတာ | ပဉ္စမဈာန်၏အင်္ဂါ(၂)ပါး။ |

ဈာန်အင်္ဂါ,ဈာန်,ဈာန်စိတ် (၃)ခု အထူး။ ။ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ။ အစိတ်စိတ်သော ဈာန်အင်္ဂါတခုတခုသည်ဈာန်အင်္ဂါမည်သည်။ ။

၎င်း-၅-ခု အပေါင်းသည် ဈာန်မည်သည်။ ထိုဈာန်နှင့်ယှဉ်သော စိတ်ကို (ဈာန်စိတ်) ခေါ်သည်။ ။ဘီး-ဝင်ရိုး-နှင်တန်-အကွပ်-အစရှိသောအစိတ်ကို ရထင်။ ၎င်းတို့၏အပေါင်းကို ရထား။ ၎င်းဦးစီးသောသူကို (ရထားသိန်း)ခေါ်သကဲ့သို့မှတ်။ ။

| | | | | |
|---|---|---|---|---|
| ပဌမဈာန်ကုသိုလ်စိတ် ၁-ပါး။ | ပဌမဈာန်ဝိပါက်စိတ် ၁-ပါး။ | ပဌမဈာန်ကြိယာစိတ် ၁-ပါး။ | ၃ပါး | |
| ဒုတိယ ၁-ပါး။ | ဒုတိယ ၁-ပါး။ | ဒုတိယ ၁-ပါး။ | ၃ပါး | |
| တတိယ ၁-ပါး။ | တတိယ ၁-ပါး။ | တတိယ ၁-ပါး။ | ၃ပါး | |
| စတုတ္ထ ၁-ပါး။ | စတုတ္ထ ၁-ပါး။ | စတုတ္ထ ၁-ပါး။ | ၃ပါး | |
| ပဉ္စမ ၁-ပါး။ | ပဉ္စမ ၁-ပါး။ | ပဉ္စမ ၁-ပါး။ | ၃ပါး | |
| ရူပါဝစရကုသိုလ် ၅ပါး။ | ရူပါဝစရဝိပါက် ၅ပါး။ | ရူပါဝစရကြိယာ ၅ပါး။ | ဈာနဘေဒ | |
| ရူပါဝစရစိတ် (၁၅) ပါး။ | | | ဇာတိဘေဒ | |

(ဂ) ပဥ္စဓါ ဈာနဘေဒေန၊ ရူပါဝစရမာနသံ။
ပုညပါကကြိယာဘေဒါ၊ တံ ပဉ္စဒသဓါ ဘဝေ။ ။

ရူပါဝစရမာနသံ၊ ရူပါဝစရစိတ်သည်၊ ဈာနဘေဒေန၊ ပဌမဈာန်အစရှိသော ဈာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားအားဖြင့်၊ ပဉ္စဓါ၊ ၅-ပါးအပြားရှိသည်၊ဘဝေ၊ဖြစ်၏၊ ပုညပါကကြိယာဘေဒါ၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာအပြားအားဖြင့်၊ တံ၊ ထိုရူပါဝစရ စိတ်သည်၊ ပဉ္စဒသဓါ၊ ၁၅-ပါးအပြားရှိသည်၊ ဘဝေ၊ဖြစ်၏၊

**ဆောင်ပုဒ်။ (၇) ဈာန်အားဖြင့်ရေ၊သုံးငါးထွေ၊ ဇာတ်ရေငါးသုံးပါး။**

ဈာန်အားဖြင့်ရေတွက်သော်၊ သုံးပါးငါးထိ၊ (၁၅)ပင်ဖြစ်၏၊ ဖြစ်ပုံကား၊ ပဌမ ဈာန်စိတ်(၃)ပါး၊ ဒုတိယဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန် စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၃)ပါး၊ "ဈာနဘေဒ" အားဖြင့်၊ ရူပါဝစရစိတ်(၁၅)ပါး ဖြစ်၏၊ ၊ကုသိုလ်၊ဝိပါက်၊ကြိယာဇာတ်အားဖြင့်ရေတွက်သော်၊ ငါးပါးသုံးထိ (၁၅) ပင်ဖြစ်၏၊ ၎င်းဖြစ်ပုံမှာထင်ရှားပြီ၊

# အရူပါဝစရစိတ်ခွဲနည်း။

| အရူပါဝစရစိတ် ၁၂-ပါး။ | | | |
|---|---|---|---|
| အာကာသာနဉ္စာယတန<br>ကုသိုလ်စိတ် ၁။ | အာကာသာနဉ္စာယတန<br>ဝိပါက် ၁။ | အာကာသာနဉ္စာ<br>ကြိယာ ၁။ | ကောင်းကင်<br>အာရုံ ၃။ |
| ဝိညာဏဉ္စာယတန<br>ကုသိုလ်စိတ် ၁။ | ဝိညာဏဉ္စာယတန<br>ဝိပါက် ၁။ | ဝိညာဏဉ္စာ<br>ကြိယာ ၁။ | ပဌမာရုပ္ပဝိညာဏ်<br>အာရုံ ၃။ |
| အာကိဉ္စညာယတန<br>ကုသိုလ်စိတ် ၁။ | အာကိဉ္စညာယတန<br>ဝိပါက် ၁။ | အာကိဉ္စညာ<br>ကြိယာ ၁။ | နတ္ထိဘောပညတ်<br>အာရုံ ၃။ |
| နေဝသညာနာသညာ<br>ယတနကုသိုလ်စိတ် ၁။ | နေဝသညာနာသညာ<br>ယတနဝိပါက် ၁။ | နေဝသညာ<br>ကြိယာ ၁။ | တတိယာရုပ္ပဝိညာဏ်<br>အာရုံ ၃။ |
| အရူပါဝစရကုသိုလ် ၄။ | အရူပါဝစရဝိပါက် ၄။ | အရူပါဝစရကြိယာ ၄။ | အာလမ္ဗဏဘေဒ။ |
| **အရူပါဝစရစိတ်(၁၂)ပါး။** | | | **ဇာတိဘေဒ။** |

| ပါဠိ၊ | အနက်–အဓိပ္ပါယ်၊ |
|---|---|
| အာကာသာနဉ္စာယတန | အာကာသကသိုဏ်း၊ကြဉ်သော ကသိုဏ်း(၉)ပါးတို့တွင်၊ တပါးပါးကိုခွါ၍၊ရအပ်သောကောင်းကင်ပညတ်ကိုအာရုံပြုသည်၊ |
| ဝိညာဏဉ္စာယတန | ပဌမာရုပ္ပကုသိုလ်ကြိယာဟုဆိုအပ်သောဝိညာဏ်ကို အာရုံပြုသည်၊ |
| အာကိဉ္စညာယတန | ပဌမာရုပ္ပဝိညာဏ်၏၊ ဘင်မျှ အကြွင်းမရှိသော-နတ္ထိဘာဝပညတ်ကို အာရုံပြုသည်၊ |
| နေဝသညာနာသညာယတန | တတိယာ ရုပ္ပကုသိုလ်ကြိယာဟု ဆိုအပ်သော ဝိညာဏ်ကို အာရုံပြုသည်၊ |

● အထက်ပါစကားရသည်၊ ဤနေရာ၌ သဘောမရသေးသော်လဲ၊ အရကျက်၍ သာထားလေ၊ ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟပညတ်ကော်၊ မဟဂ္ဂုတ်ကော် အခန်း၌ ထင်ရှားလတ္တံ့၊

(၉) အာရမ္မဏပဘေဒေန၊ စတုဓါ-ရုပ္ပမာနသံ။
ပုညပါကကြိယာဘေဒါ၊ ပုန-ဒွါဒသဓါ-ဋ္ဌိတံ။ ။

အာရုပ္ပမာနသံ၊ အရူပါဝစရစိတ်သည်၊ အာလမ္ဗဏပဘေဒေန၊ ကောင်းကင်အာရုံ၊ ပဌမာရုပ္ပဝိညာဏ်အာရုံ၊ နတ္ထိဘာဝပညတ်အာရုံ၊ တတိယာရုပ္ပဝိညာဏ်အာရုံ၊ ဤအာရုံတို့၏အပြားအားဖြင့်၊ စတုဓါ၊ ၄-ပါးအပြားရှိသည်၊ ဟောတိ၊ ဖြစ်၏၊ ပုန၊ အာလမ္ဗဏဘေဒနည်းမှတပါး၊ ပုညပါကကြိယာဘေဒါ၊ ကုသိုလ်ဝိပါက်ကြိယာ အပြားအားဖြင့်၊ ဒွါဒသဓါ၊ ၁၂-ပါးအပြားအားဖြင့်၊ ဌိတံ၊ တည်၏၊

{ ဆောင်ပုဒ်။ }

(၈) အာရုံဖြင့်ရေ၊ လေး×သုံးထွေ၊ ဇာတ်ရေသုံး×လေးလီ၊
(၉) ပဉ္စမဈာန်သာ၊ ၄တ်လိုက်ပါ၊ အင်္ဂါ(၂)ချီ၊

စာမေးပွဲပုစ္ဆာများ၌၊ (အာလမ္ဗဏပဘေဒေန)၌၊ အာလမ္ဗဏ၏အရကို၊ကျနစွာ ဘော်ပြပါ-မေးလျှင်၊ အထက်ပါအာရုံ (၄)ပါးကို ဘော်ပြလေ၊ ရူပစိတ် (၁၅)ပါးနှင့် အရူပစိတ်(၁၂)ပါးကိုပေါင်းသော်၊ (မဟဂ္ဂုတ်)စိတ်(၂၇)ပါးဖြစ်၏၊ ကာမစိတ်(၅၄) ပါးနှင့်၊မဟဂ္ဂုတ်စိတ်(၂၇)ပါးကိုပေါင်းသော်၊ (လောကီ)စိတ်(၈၁)ပါးဖြစ်၏၊

# သောဘာရွှေရေစိတ်ခွဲနည်း။

| | |
|---|---|
| သောတာပတ္တိမဂ်စိတ် ၁-ပါး။ | သောတာပတ္တိဖိုလ်စိတ် ၁-ပါး။ |
| သကဒါဂါမိမဂ်စိတ် ၁-ပါး။ | သကဒါဂါမိဖိုလ်စိတ် ၁-ပါး။ |
| အနာဂါမိမဂ်စိတ် ၁-ပါး။ | အနာဂါမိဖိုလ်စိတ် ၁-ပါး။ |
| အရဟတ္တမဂ်စိတ် ၁-ပါး။ | အရဟတ္တဖိုလ်စိတ် ၁-ပါး။ |
| လောကုတ္တရာကုသိုလ်စိတ်အကျဉ်း ၄ပါး။ | လောကုတ္တရာဝိပါက်စိတ်အကျဉ်း ၄ပါး။ |

## လောကုတ္တရာစိတ်—အကျဉ်း(၈)ပါး။

{ ဆောင်ပုဒ် }

(၁၀) မဂ်ကားကုသိုလ်၊ဝိပါက်-ဖိုလ်၊ ရှစ်ကိုလောကုတ်စိတ်၊
(၁၁) လောကီလောကုတ်၊ ပေါင်း၍ချုပ်၊ သရုပ်အကျဉ်းစိတ်၊
(၁၀) စတုမဂ္ဂပဘေဒေန၊ စတုဓါ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊အဋ္ဌဓါ နုတ္တရံ မတံ။ ။

ကုသလံ၊ လောကုတ္တရာကုသိုလ်စိတ်သည်၊ စတုမဂ္ဂပဘေဒေန၊ ၄-ပါးအပြား ရှိသော-သောတာပတ္တိမဂ် အစရှိသော၊ အဋ္ဌင်္ဂိကမဂ်တို့နှင့်ယှဉ်သော အပြားအားဖြင့်၊ စတုဓါ၊စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအတူ။ ပါကံ၊ လောကုတ္တရာ ဝိပါက်စိတ်သည်၊ တဿ-တဿေဝ၊ ထိုကုသိုလ် စိတ်၏သာလျှင်။ ပါကဿ၊ ဝိပါက်စိတ်၏၊ ဖလတ္တာ၊ အကျိုး၏အဖြစ်ကြောင့်။ စတုဓါ၊စတုဗ္ဗိဓံ၊ ၄-ပါး အပြားရှိသည်၊ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ အနုတ္တရံ၊လောကုတ္တရာစိတ်ကို။ အဋ္ဌဓါ၊ အဋ္ဌဝိဓံဣတိ၊ ရှစ်ပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။ ။

(ဟိတ်ဆိုက်သေရာ ကြိယာ၏ကတ္တားကို၊ ဟိတ်၏သမ္ဗန် ခံလိုသောကြောင့်၊ ကတ္တားဖြစ်သော (ပါကံ)ကို၊ ပါကဿဟု၊သမ္ဗန်ခံလေသည်။) ဤကွင်းတွင်းစကား ကို၊ ဒါယကာများကြည့်ရှုရန်မဟုတ်၊

| အမည် | ဇာတိဘေဒ | | | | | ဝေဒနာဘေဒ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘူမိဘေဒ | ကု | အကု | ဝိ | ကြိ | ပေါင်း။ | သု | သော | ဒု | ဒေါ | ဥပေက္ခာ | ပေါင်း။ |
| ကာမာဝစရစိတ် ၅၄ | ၈ | ၁၂ | ၂၃ | ၁၁ | ၅၄ | ၁ | ၁၈ | ၁ | ၂ | ၃၂ | ၅၄ |
| ရူပါဝစရစိတ် ၁၅ | ၅ | ...... | ၅ | ၅ | ၁၅ | ...... | ၁၂ | ...... | ...... | ၃ | ၁၅ |
| အရူပါဝစရစိတ် ၁၂ | ၄ | ...... | ၄ | ၄ | ၁၂ | ...... | ...... | ...... | ...... | ၁၂ | ၁၂ |
| လောကုတ္တရာစိတ်ကျဉ်း ၈ | ၄ | ...... | ၄ | ...... | ၈ | ...... | ...... | ...... | ...... | ၈ | ၈ |
| ပေါင်း ၈၉ | ၂၁ | ၁၂ | ၃၆ | ၂၀ | ၈၉ | ၁ | ၃၀ | ၁ | ၂ | ၅၅ | ၈၉ |

{ ဆောင်ပုဒ် }

(၁၂) ကု–နှစ်ဆဲ့တစ်၊ ဆဲ့နှစ်အကု၊ ကြိစုဝိသ၊ ဝိပါက်က၊ မှတ်ကြသုံးဆဲ့ခြောက်။

(၁၃) ငါးဆဲ့လေးကာ၊ ရူပါဆဲ့ငါး၊ ဆဲ့နှစ်ပါးအရူ၊ လောကုတ်မူ၊ ရှစ်ဆူစိတ်ကျဉ်းရောက်။

**(၁၁) ဒွါဒသာကုသလာနေဝံ၊ ကုသလာနေက ဝီသတိ။**

**ဆတ္တိံသေဝ ဝိပါကာနိ၊ ကြိယာစိတ္တာနိ ဝီသတိ။ ။**

ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ အကုသလာနိ၊ အကုသိုလ်စိတ်တို့သည်၊ ဒွါဒသ၊ဒွါဒသဧဝ၊ ၁၂–ပါးအပြားရှိကုန်သည်သာလျှင်၊ သိယုံ၊ဖြစ်ကုန်၏၊ ကုသလာနိ၊ ကုသိုလ်စိတ်တို့သည်၊ ဧကဝီသတိ၊ ၂၁–ပါးအပြားရှိကုန်သည်၊ သိယုံ၊ဖြစ်ကုန်၏၊ ဝိပါကာနိ၊ ဝိပါက်စိတ်တို့သည်၊ ဆတ္တိံသ၊ ၃၆–ပါးအပြားရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ ကြိယာစိတ္တာနိ၊ကြိယာစိတ်တို့သည်၊ ဝီသတိ ဝီသတိဧဝ၊(၂၀)အတိုင်းအရှည်ရှိကုန်သည်သာလျှင်၊ သိယုံ၊ဖြစ်ကုန်၏။

**(၁၂) စတုပညာသဓါ ကာမေ၊ ရူပေ–ပန္နရသီ ရယေ။**

**စိတ္တာနိဒွါဒသာ–ရူပေ၊ အဋ္ဌဓါ–နုတ္တရေတထာ။ ။**

ကာမေ၊ ကာမစိတ်တို့ကို၊ စတုပညာသဓါ၊ ၅၄–ပါးအပြားရှိကုန်၏ဟူ၍၊ (ပရမတ္ထဝိဒူ၊) ပရမတ်ကိုသိတော်မူသော၊ မြတ်စွာဘုရားသည်၊ ဤရယေ၊ဟောတော်မူ၏၊ရူပေ၊ရူပစိတ်တို့ကို၊ပန္နရသ၊ ၁၅–ပါးအပြားရှိကုန်၏ဟူ၍၊ ဤရယေ၊ဟောတော်မူ၏၊ အရူပေ၊အရူပစိတ်တို့ကို၊ ဒွါဒသ၊ ၁၂–ပါးအပြားရှိကုန်၏ဟူ၍၊ ဤရယေ၊ဟောတော်မူ၏၊ တထာ၊ ထို့အတူ၊အနုတ္တရေ၊လောကုတ္တရာစိတ်တို့ကို၊အဋ္ဌဓါ၊(၈)ပါးအပြားရှိကုန်၏ဟူ၍၊ဤရယေ၊ဟောတော်မူ၏၊ ။

# လောကုတ္တရာစိတ်အကျယ်(၄၀)ခွဲနည်း။

| | | | | |
|---|---|---|---|---|
| ပ-သောတာပတ္တိမဂ်။ ၁။ | ပ-သကဒါဂါမိမဂ်။ ၁။ | ပ-အနာဂါမိမဂ်။ ၁။ | ပ-အရဟတ္တမဂ်။ ၁။ | ပ ဈာန် ၄ |
| ဒု ....... ၁။ | ဒု ....... ၁။ | ဒု ....... ၁။ | ဒု ....... ၁။ | ဒုဈာန် ၄ |
| တ ....... ၁။ | တ ....... ၁။ | တ ....... ၁။ | တ ....... ၁။ | တဈာန် ၄ |
| စ ....... ၁။ | စ ....... ၁။ | စ ....... ၁။ | စ ....... ၁။ | စဈာန် ၄ |
| မ ....... ၁။ | မ ....... ၁။ | မ ....... ၁။ | မ ....... ၁။ | မဈာန် ၄ |
| သောတာပတ္တိမဂ် ၅ပါး။ | သကဒါဂါမိမဂ် ၅ပါး။ | အနာဂါမိမဂ် ၅ပါး။ | အရဟတ္တမဂ်စိတ်၅ပါး။ | ၂၀ |

# လောကုတ္တရာကုသိုလ်စိတ်အကျယ်(၂၀)

ပဉ္စမဈာန်နှင့်ယှဉ်သော-သောတာပတ္တိမဂ်စိတ်(၁)ပါး။ ဤသို့စသည်ဖြင့်ဆိုလေ။

| | | | | |
|---|---|---|---|---|
| ပ-သောတာပတ္တိဖိုလ်၁။ | ပ-သကဒါဂါမိဖိုလ် ၁။ | ပ-အနာဂါမိဖိုလ် ၁။ | ပ-အရဟတ္တဖိုလ် ၁။ | ပ ဈာန် ၄ |
| ဒု ....... ၁။ | ဒု ....... ၁။ | ဒု ....... ၁။ | ဒု ....... ၁။ | ဒုဈာန် ၄ |
| တ ....... ၁။ | တ ....... ၁။ | တ ....... ၁။ | တ ....... ၁။ | တဈာန် ၄ |
| စ ....... ၁။ | စ ....... ၁။ | စ ....... ၁။ | စ ....... ၁။ | စဈာန် ၄ |
| မ ....... ၁။ | မ ....... ၁။ | မ ....... ၁။ | မ ....... ၁။ | မဈာန် ၄ |
| သောတာပတ္တိဖိုလ်၅ပါး | သကဒါဂါမိဖိုလ် ၅ပါး။ | အနာဂါမိဖိုလ် ၅ပါး။ | အရဟတ္တဖိုလ် ၅ပါး။ | ၂၀ |

# လောကုတ္တရာဝိပါက်စိတ်အကျယ်(၂၀)

လောကုတ္တရာကုသိုလ်စိတ်အကျယ်(၂၀) လောကုတ္တရာဝိပါက်စိတ်အကျယ်(၂၀) ဤ ၂-မျိုးကို ပေါင်းသောအားဖြင့်၊ လောကုတ္တရာစိတ် အကျယ်(၄၀)ဖြစ်၏၊ လောကီစိတ်(၈၁)ပါး၊လောကုတ္တရာစိတ်အကျယ်(၄၀) ၂-မျိုးပေါင်း၊ စိတ်အကျယ် (၁၂၁)ပါးဖြစ်၏၊

# စိတ်ပိုင်း၌အထူးမှတ်ဘွယ်။

(၁၄) ပ-ဒု-တ-စ၊ သောမနဿ၊ ပဉ္စမဥပေက္ခာ၊
(၁၅) မဟဂ်-လောကုတ်၊ သမ္ပယုတ်,၊ ဝိပ္ပယုတ်အဟိတ်မှာ,၊
(၁၆) "အဟိတ်မောမူ၊ အသင်ယူ"၊ "ရှူ,ရှူ,သသင်္ခါ"၊
(၁၇) လောကုတ္တရာ၊ စိတ်ရှစ်ဖြာ၊ မှတ်ပါသသင်္ခါ၊
(၁၈) သု,-ဒု,-မှာနှစ်၊ သောခြောက်နှစ်၊ ဒေါနှစ်-ဥငါးငါး၊
(၁၉) သုံးခြောက်သုံးဖြစ်၊ ဒုက်၃လှစ်၊ ဥပက်ငါးဆဲ့ငါး၊
(၂၀) သမ္ပယုတ်ကား၊ ငါးဆဲ့ငါး၊ ဝိပ်ကားသုံးဆဲ့လေး၊
(၂၁) သတ္တတိံသာ၊ အသင်္ခါ၊ သ,မှာနွေပညာ၊
(၂၂) ဓမ္မာရုံပေ၊ သန္တေနေသော၊ သဘောမနက်၊ ဤ-၃-ချက်၊ ဟောဖွက်သောမနာ၊
(၂၃) ဓမ္မမဏ္ဍတွေ၊ သန္တေဥပေက္ခာ၊ သဘောနက်နဲ၊ ဤ-၃-တွဲ၊ ဖြစ်မြဲဥပေက္ခာ၊
(၂၄) အယူပျက်မှိုဝဲ၊ ယူစွဲသဿတ၊ ဥစ္ဆေဒ၊ နှစ်ဝဒိဋ္ဌိသာ၊
(၂၅) ဥတု,မိတ္တ၊ အာဝါသ၊ ပိဏ္ဍစိဝရာ၊
(၂၆) အသင်္ခါရုံ၊ အင်ငါးတန်၊ အပြန်သိလေပါ၊
(၂၇) တွေ့ကြုံဓမ္မာ၊ သဒ္ဓါပေါ်ကြွယ်၊ စင်ကြယ်အယူ၊ အလှူကျိုးသိ၊ မှတ်ဘိလေးဝ၊ ကုသလ၊ ဖြစ်ရသောမနသ်၊
(၂၈) အာရုံမဏ္ဍတ်၊ နည်းလတ်သဒ္ဓါ၊ ယူမှာမစင်၊ နိသင်မသိ၊ စတ္တာရိ၊ မှတ်ဘိ-ဥပေက္ခာ၊
(၂၉) ဉာဏ်ဖြစ်စေကံ၊ ဗြဟ္မာ့ထံဖြစ်၊ ရင့်ဓမ္မန္တေ၊ ကိလေသာဝေး၊ အကြောင်းလေး၊ ဖြစ်ရေးဉာဏသံ၊
(၃၀) လွတ်လွတ်စွန့်လှူ၊ သူမတိုက်တွန်း၊ ပြည့်ခွန်းမပြု၊ ဥတုအာဝါသ၊ စသည်လျော်ထ၊ တိတ်ဘဝက၊ ဒါနသီထာ၊ ဘာဝနာကို၊ လေ့လာခဲ့ပြီး၊ ဤလေးပါး၊ မှတ်သား-အသင်္ခါ၊
(၃၁) ဝိပ္ပယုတ်-သသင်၊ အပြန်မြင်၊ ဉာဏ်ယှဉ်သိလောက်ပါ၊

# ရင်းသံခိပ်များ၏အကျဉ်းအဓိပ္ပါယ်ချုပ်။

(၁၄) ပဌမဈာန်ဟူသမျှ ဒုတိယဈာန်ဟူသမျှ၊ တတိယဈာန်ဟူသမျှ၊ စတုတ္ထ ဈာန်ဟူသမျှကို၊ သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်ဟူ၍သိရမည်၊ ပဉ္စမဈာန် ဟူ သမျှကို၊ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်ဟူ၍သိရမည်။ ။ဤကား၊ ဈာန်စိတ်တို့ကို၊ ဝေဒနာဘေဒယူနည်း။

(၁၅) မဟဂ္ဂုတ်(၂၇) လောကုတ္တရာစိတ်အကျဉ်း(၈) အကျယ်(၄၀)တို့ကို၊ ညာဏသမ္ပယုတ်ယူရမည်၊ အဘယ့်ကြောင့်ဆိုသော်။ ပညာတည်းဟူသောညာဏ်နှင့် မယှဉ်က မည်သည့်အခါမျိုးမှ၊ မဟဂ္ဂုတ်ဈာန်၊ လောကုတ္တရာမဂ်ဖိုလ်နိဗ္ဗာန်တို့ကိုမရ နိုင်သောကြောင့်တည်း၊ အဟိတ်စိတ်ကို၊ဝိပ္ပယုတ်ယူရမည်၊အဘယ့်ကြောင့်ဆိုသော်၊ ပညိန္ဒြေနှင့်ရင်း၊ ဒိဋ္ဌိနှင့်ရင်း၊ မယှဉ်သောကြောင့်တည်း။

(၁၆) (၁၇) အဟိတ်(၁၈)မောဟမူ(၂)တို့ကို၊ အသင်္ခါရိကယူရမည်၊ အဘယ့် ကြောင့်ဆိုသော်၊ သူတပါး၏တိုက်တွန်းခြင်း၊ ပုဗ္ဗပယောဂမရှိဘဲ၊ အလိုအလျောက် ဖြစ်ပေါ်နိုင်သောကြောင့်တည်း။ ။ရူပ(၁၅)အရူပ(၁၂)လောကုတ္တရာ(၈) ရင်းစိတ် တို့ကို၊ သသင်္ခါရိကယူရမည်၊ အဘယ့်ကြောင့်ဆိုသော်၊ မဂ်၏အစွမ်းဖြင့်ရအပ်သော ဈာန်သည်၊ နောက်အခါ ပရိကံ၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်ရင်း၊ သမထ၏ အစွမ်း ကြောင့်၊ ရသောဈာန်သည်လည်း၊ စင်စစ်ရှေ့အဘို့၌ အားထုတ်ခြင်းဟုဆိုအပ်သော- ပရိကမ္မဘာဝနာနှင့်ယှဉ်ခြင်းကြောင့်ရင်းတည်း။

(၁၈) ·စိတ်အကျယ်(၁၂၁)ပါးလုံးသည်၊ ဣန္ဒြိယဘေဒနည်းအားဖြင့်၊ ဝေဒနာ ၅-မျိုးဖြစ်ပုံကို ပြဆိုသည်၊ ရင်း-၅-မျိုး သရုပ်အသီးအသီးမှာ၊ သုခဝေဒနာ (၁) ဒုက္ခ(၁) သောမနဿဝေဒနာ(၆၂) ဒေါမနဿဝေဒနာ(၂) ဥပေက္ခာဝေဒနာ(၅၅) ပေါင်း(၁၂၁)ပါးဖြစ်သည်၊

(၁၉) ရင်းငါးမျိုးတို့တွင်၊ သုခ(၁)နှင့်၊ သောမနဿ(၆၂)ပါး ပေါင်း၍၊ သုခ ဝေဒနာ(၆၃)ခေါ်သည်၊ (အဘယ့်ကြောင့်ပေါင်းနိုင်သနည်း။) ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာအားဖြင့်တူသောကြောင့်၊ပေါင်းနိုင်သည်၊ ။ဒုက္ခ(၁)နှင့်၊ ဒေါမနဿ(၂)ရ

ပေါင်း၍၊ဒုက္ခဝေဒနာ(၃)ပါးခေါ်သည်၊(……)အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာအားဖြင့် တူသောကြောင့် ပေါင်းနိုင်သည်၊ ၊ဥပေက္ခာဝေဒနာ(၅၅)ပါး၊ ဤသို့-အနုဘဝန လက္ခဏာအားဖြင့်၊ ဝေဒနာ(၃)ပါးသာဖြစ်သည်၊ ၎င်း-၂-ခုတို့၏ ဇယားပုံသည်၊ ပကိုဏ်းပိုင်းဝေဒနာသင်္ဂဟာ၌ထင်ရှားလတ္တံ့၊

(၂၀) စိတ်အကျဉ်း(၈၉)ပါးမှာ၊ သမ္ပယုတ်စိတ်သည်၊ အကျယ်ထဲမှာ၊ ဒိဋ္ဌိသမ္ပယုတ်(၄) ပဋိဃသမ္ပယုတ်(၂) ဝိစိကိစ္ဆာသမ္ပယုတ်(၁) ဥဒ္ဓစ္စသမ္ပယုတ်(၁) ဉာဏသမ္ပယုတ်(၄၇) ပေါင်း(၅၅)ပါးဖြစ်သည်၊ ဝိပ္ပယုတ်စိတ်သည်၊ အကျယ်ထဲမှာ (၄) အဟိတ်(၁၈) ကာမာဝစရသောဘဏမှာ(၁၂) ပေါင်း(၃၄)ပါးဖြစ်၏၊

(၂၁) စိတ်အကျဉ်း(၈၉)မှာ၊အသင်္ခါရိကစိတ်သည်၊အကျယ်ထဲမှာ(၇)အဟိတ် (၁၈) ကာမာဝစရမှာ(၁၂) ပေါင်း(၃၇)ပါးဖြစ်သည်၊ သသင်္ခါရိကစိတ်သည်၊ အကျယ်ထဲမှာ(၅) ကာမာဝစရသောဘဏမှာ(၁၂) မဟဂ္ဂုတ်လောကုတ္တရာ(၃၅)ပါး ပေါင်း(၅၂)ပါးဖြစ်သည်၊

(၂၂) လောဘမူသောမနဿဖြစ်ခြင်းအကြောင်း ၃-ပါးမှာ၊အောက်ပါအတိုင်း ဖြစ်သည်၊ (၁)သဘာဝပရိကပ္ပဖြစ်သော၊ဣဋ္ဌာရုံကိုတွေ့ကြုံခြင်း၊ (၂)မဟာဝိပါက် သောမနဿ-၄-ပါးတို့တွင်၊တပါးပါးဖြင့်ပဋိသန္ဓေနေခဲ့ခြင်း၊ (၃)သဘောမနက်နဲခြင်း၊

(၂၃) ဥပေက္ခာဖြစ်ခြင်း အကြောင်း ၃-ပါးမှာ၊ အောက်ပါအတိုင်းဖြစ်သည်၊ (၁)ဣဋ္ဌမဇ္ဈတ္တာရုံကိုတွေ့ကြုံခြင်း၊ (၂)မဟာဝိပါက်၊အဟိတ်ဝိပါက်၊ဥပေက္ခာ ၆-ပါး တို့တွင်၊တပါးပါးနှင့်ပဋိသန္ဓေနေခဲ့ခြင်း၊ (၃)သဘောနက်နဲခြင်း၊

(၂၄) ဒိဋ္ဌိသမ္ပယုတ်ဖြစ်ခြင်းအကြောင်း ၂-ပါးမှာ၊အောက်ပါအတိုင်းဖြစ်သည်၊ (၁)အယူပျက်သောပုဂ္ဂိုလ်ကိုမှီဝဲခြင်း၊(၂)သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိအယူရှိခြင်း၊

(၂၅) (၂၆) အသင်္ခါရိကဖြစ်ခြင်းအကြောင်း ၅-ပါးမှာ၊ အောက်ပါအတိုင်း ဖြစ်သည်၊ (၁)လျောက်ပတ်သောဥတုအချိန်ရာသီ၊ (၂)လျောက်ပတ်သောဝိတ်ဆွေခင်ပွန်း၊ (၃)လျောက်ပတ်သောကျောင်းအိပ်ရာနေရာ၊ (၄)လျောက်ပတ်သော-ဆွမ်းခဲဘွယ်၊ (၅)လျောက်ပတ်သောအဝတ်သင်္ကန်း၊

ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်ကြောင်း ၂-ပါး၊သသင်္ခါရိကဖြစ်ကြောင်း ၅-ပါးတို့မှာ၊ ဒိဋ္ဌိသမ္ပယုတ်အသင်္ခါရိကတို့မှ-အပြန်အားဖြင့်သိလောက်ပြီ၊အပြန်အားဖြင့်သိရပုံမှာ၊

(၁) အယူပျက်သောပုဂ္ဂိုလ်ကိုမမှီဝဲခြင်း။ (၂)သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အယူမရှိခြင်း။ ဤကားဒိဋ္ဌိဝိပ္ပယုတ်ဖြစ်ကြောင်း-၂-ပါး။သသင်္ခါရိကဖြစ်ကြောင်း-၅-ပါးမှာ၊ မလျော့ပတ်သောဥတုစသည်ဖြင့်ဆိုလေ၊ (လွယ်ပြီ၊)

(၂၇) ကုသိုလ်သောမနဿ ဖြစ်ကြောင်း-၄-ပါးမှာ၊ အောက်ပါအတိုင်းဖြစ်၏၊ (၁)ဣဋ္ဌာရုံကိုတွေ့ကြုံခြင်း၊ (၂)သဒ္ဓါတရားနှင့်ပြည့်စုံခြင်း။ (၃)အယူစင်ကြယ်ခြင်း၊ (၄)အလှူဒါန,သီလ,ဘာဝနာ၃အကျိုးကိုသိခြင်း၊

(၂၈) ဥပေက္ခာဖြစ်ကြောင်း-၄-ပါးမှာ၊ အောက်ပါအတိုင်းဖြစ်သည်၊ (၁)ဣဋ္ဌမဇ္ဈတ္တာရုံကိုတွေ့ကြုံခြင်း၊ (၂)သဒ္ဓါတရားနည်းပါးခြင်း၊ (၃)လွတ်လွတ်ကျွတ်ကျွတ်အယူမစင်ကြယ်ခြင်း၊ (၄)ဒါနသီလစသည်၏အကျိုးကိုမသိခြင်း၊

(၂၉) ဉာဏသမ္ပယုတ်ဖြစ်ကြောင်း-၄-ပါးကား၊အောက်ပါအတိုင်းဖြစ်သည်၊ (၁)ဉာဏ်ကိုဖြစ်စေတတ်သောကံကြောင့်ရင်း၊ (၂)ဗြဟ္မာ့ဘုံ၌ဖြစ်ရခြင်းကြောင့်ရင်း၊ (၃)ဣန္ဒြေရင့်ခြင်း၊ (၄)ကိလေသာကိုဝေးစွာပြုခြင်း၊

(၃၀) အသင်္ခါရိက ဖြစ်ကြောင်း-၄-ပါးကား၊ အောက်ပါအတိုင်း ဖြစ်သည်၊ (၁)မုတ္တစာဂီသဘောဖြင့်၊ လွတ်လွတ်စွန့်နိုင်ခြင်း၊ (၂)သူတပါးတို့ တိုက်တွန်းပြဩွန်သွန်သင်ခြင်းမရှိခြင်း၊ (၃)ဥတုစသည်လျော့ပတ်ခြင်း၊ (၄)အတိတ်ဘဝက၊ဒါန-သီလ-ဘာဝနာကိုလေ့လာဆည်းဘူးခဲ့ခြင်း၊

(၃၁) ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်း-၄-ပါး၊ သသင်္ခါရိက ဖြစ်ကြောင်း-၄-ပါးတို့ကိုအပြန်အားဖြင့်ဉာဏ်ယှဉ်၍သိလောက်ပြီ၊

## အထူးအစိပ္ပါယ်များ၊

ကာမ-၁၁-ဘုံ၌၊ များသောအားဖြင့်၊ ကျင်လည်တတ်ဖြစ်တတ်သောကြောင့်၊ ကာမာဝစရခေါ်ပါသည်၊

ရူပ-၁၅-ဘုံ၌၊ များသောအားဖြင့်၊ ကျင်လည်တတ် ဖြစ်တတ်သောကြောင့်၊ ရူပါဝစရခေါ်ပါသည်၊

အရူပလေးဘုံ၌၊ များသောအားဖြင့်၊ ကျင်လည်တတ် ဖြစ်တတ်သောကြောင့်၊ အရူပါဝစရခေါ်ပါသည်၊

လောကသုံးပါးမှထွက်မြောက်တတ်သောကြောင့်၊ လောကုတ္တရာခေါ်ပါသည်၊

တနည်းကား၊ ၊ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော၊လောကမှထွက်မြောက်တတ်သောကြောင့်၊လောကုတ္တရာခေါ်ပါသည်၊

ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊ အကုသိုလ်ခေါ်သည်၊ လောဘဟုဆိုအပ်သော-မူလရှိသောစိတ်ဖြစ်သောကြောင့်၊လောဘမူခေါ်ပါသည်၊

ဒေါသဟုဆိုအပ်သော မူလရှိသောစိတ်ဖြစ်သောကြောင့်၊ဒေါသမူစိတ်ခေါ်ပါသည်၊

မောဟသာလျှင်မူလရှိသောစိတ်ဖြစ်သောကြောင့်၊မောဟမူစိတ်ခေါ်ပါသည်၊

ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊အကုသိုလ်စိတ်ခေါ်ပါသည်၊

သမ္ပယုတ်ဟိတ်မရှိသောကြောင့်၊အဟိတ်စိတ်ခေါ်ပါသည်၊

စက္ခုပသာဒကိုမှီ၍ရူပါရုံကိုမြင်တတ်သောစိတ်ကို၊စက္ခုဝိညာဏ်ခေါ်ပါသည်၊

သောတပသာဒကိုမှီ၍ သဒ္ဒါရုံကိုကြားတတ်သောစိတ်ကို၊ သောတဝိညာဏ်ခေါ်ပါသည်၊

ဃာနပသာဒကိုမှီ၍၊ဂန္ဓာရုံကိုနံ့တတ်သောစိတ်ကို၊ ဃာနဝိညာဏ်ခေါ်ပါသည်၊

ဇိဝှါပသာဒကိုမှီ၍၊ရသာရုံကိုလျက်တတ်သောစိတ်ကို၊ဇိဝှါဝိညာဏ်ခေါ်ပါသည်၊

ကာယပသာဒကိုမှီ၍၊ဖေါဋ္ဌဗ္ဗာရုံကိုတွေ့ထိတတ်သောစိတ်ကို၊ ကာယဝိညာဏ်ခေါ်ပါသည်၊

အာရုံကိုခံလင့်သကဲ့သို့ဖြစ်သောစိတ်ကို၊သမ္ပဋိစ္ဆိုန်းခေါ်ပါသည်၊

ပုံစမ်းဆင်ခြင်သကဲ့သို့ဖြစ်သောစိတ်ကို၊သန္တီရဏခေါ်ပါသည်၊

စက္ခုအစရှိသော-၅-ဒွါရ၌ ထိခိုက်သော၊ အာရုံကို နှလုံးသွင်းတတ်သောစိတ်ကို၊ ပဉ္စဒွါရာဝဇ္ဇန်းခေါ်ပါသည်၊

တနည်းကား၊ ၊ငါးဒွါရ၌ဖြစ်သော စိတ်အစဉ်ကို၊ ဘဝင်၏အစွမ်းအားဖြင့်၊ ဖြစ်ခြင်းငှါမပေးမူ၍ ဝီထိစိတ်၏ဖြစ်ခြင်းငှါ၊ ညွှတ်စေတတ်သောကြောင့်၊ ပဉ္စဒွါရာဝဇ္ဇန်းခေါ်ပါသည်၊

မနောဒွါရ၌မြင်ဘူးခြင်း၊ ကြားဘူးခြင်း၊ ဝိညာဏ်(၃)ပါးတို့ဖြင့်သိဘူးခြင်း အစရှိသည်တို့၏အစွမ်းအားဖြင့်၊ ထင်ခြင်းသို့ရောက်သော အာရုံကို နှလုံးသွင်းတတ်သောကြောင့်၊မနောဒွါရာဝဇ္ဇန်းခေါ်ပါသည်၊

တနည်းကား၊ ၊ဆိုအပ်ပြီးသောနည်းဖြင့်၊ မနောဒွါရ၌ဖြစ်သောစိတ်အစဉ်ကို ညွတ်စေတတ်သောကြောင့်၊မနောဒွါရာဝဇ္ဇန်းခေါ်ပါသည်၊

ပဉ္စဒွါရ၌အကြင်အကြင်သန္တီရဏသည် ဝုံစမ်းအပ်ပြီးသောအာရုံကို၊ ပိုင်းခြား မှတ်သားတတ်သောကြောင့်၊ဝုဋ္ဌောခေါ်ပါသည်၊

ဘုရားရဟန္တာတို့၏ရယ်ရွှင်ခြင်းကို၊ ဖြစ်စေတတ်သောစိတ်ကို၊ ဟသိတုပ္ပါဒ် ခေါ်ပါသည်၊

တင့်တယ်သောဂုဏ်ကို၊ဆောင်တတ်သည်၏အဖြစ်ကြောင့်၎င်း၊အလောဘအစ ရှိသော၊အပြစ်မရှိသောဟိတ်တို့နှင့်ယှဉ်သောကြောင့်၎င်း၊သောဘဏခေါ်ပါသည်၊

မတင့်တယ်သောကြောင့်၊အသောဘဏခေါ်ပါသည်၊

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ်၊ ဖျက်ဆီး တတ်၊အကြွင်းမဲ့ချုပ်စေတတ်သောကြောင့်၊ကုသိုလ်ခေါ်ပါသည်၊

တနည်းကား၊ ၊စက်ဆုပ်အပ်သော၊ အခြင်းအရာအားဖြင့်၊ သတ္တဝါတို့၏ သန္တာန်၌ဖြစ်တတ်သောကြောင့်၊ ကုသဟုဆိုအပ်သော၊အကုသိုလ်တရားတို့ကို၊ ဖြတ် တတ်သောကြောင့်၊ကုသိုလ်ခေါ်ပါသည်၊ (တနည်းကား၊) စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို၊ ခေါင်းပါးစေတတ်သောကြောင့်၎င်း၊ ဆုံးဖြတ်ခြင်းကိုပြုတတ် သောကြောင့်၎င်း၊ ကုသဟုဆိုအပ်သော၊ဉာဏ်သည်၎င်း၊ သဒ္ဓါအစရှိသော၊ တရား အပေါင်းသည်၎င်း၊ သဟဇာတ ဥပနိဿယ၏အဖြစ်အားဖြင့်၊ထိုက်သည့်အားလျော်စွာ ဖြစ်စေအပ်ကုန်သောကြောင့်၊ကုသိုလ်ခေါ်ပါသည်၊

အချင်းချင်းဆန့်ကျင်ကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏၊ အကျိုးဖြစ်သော ကြောင့်၊ဝိပါက်ခေါ်ပါသည်၊

## ဤကား–ဋီကာကျော်အလို။

အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်ခေါ်ပါသည်၊

## ဤကား–အဋ္ဌသာလိနီအလို။

ပြုကာမျှဖြစ်သောကြောင့်၊ကြိယာခေါ်ပါသည်၊

ဝိဝရဏ ကင်းသောစိတ်ရှိသည်၏အဖြစ်ဖြင့်၊ မြတ်သည်၏ အဖြစ်သို့ ရောက်သောကြောင့်။ မဟဂ္ဂုတ်ခေါ်ပါသည်၊ (တနည်းကား၊) မြတ်သောဈာနလာဘီပုဂ္ဂိုလ်တို့သည်၊ရောက်အပ်သောကြောင့်၊မဟဂ္ဂုတ်ခေါ်ပါသည်၊

ပျက်တတ်ဖြစ်တတ်သောဝဋ်ဆင်းရဲဟုဆိုအပ်သော၊သင်္ခါရလောကနှင့်၊အကျုံးဝင်သည်၏အဖြစ်ဖြင့်၊ ပျက်တတ် ဖြစ်တတ်သော-ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောကနှင့်၊ယှဉ်ကုန်သောကြောင့်၊လောကီခေါ်ပါသည်။

ကသိုဏ်းအစရှိသောအာရုံကိုကပ်၍၊ရှုတတ်သောကြောင့်၎င်း။ နီဝရဏတရားတို့ကို ဖုတ်ကြည်းသဖြိုဟ်တတ်သောကြောင့်၎င်း။ (ဈာန်)ခေါ်ပါသည်၊ နိဗ္ဗာန်ကို ရှာဟ သောကြောင့်၊(မဂ်)ခေါ်ပါသည်၊

နိဗ္ဗာန်ကို အလိုရှိကုန်သောသူတို့သည် ရှာအပ်သောကြောင့်၊ (မဂ်)ခေါ်ပါသည်၊ ကိလေသာတို့ကိုသတ်၍၊ နိဗ္ဗာန်သို့သွားတတ်သောကြောင့်၊ (မဂ်)ခေါ်ပါသည်၊ မဂ်၏အကျိုးဖြစ်သောကြောင့်၊(ဖိုလ်)ခေါ်ပါသည်၊

မိမိသန္တာန်၌ ရှေးအဘို့၌ဖြစ်သောစိတ်၊ သူတပါးသန္တာန်၌ဖြစ်သောတိုက်တွန်းခြင်းဟုဆိုအပ်သော၊ပုဗ္ဗပယောဂသင်္ခါရရှိသောစိတ်ကို၊(သသင်္ခါရိက)စိတ်ခေါ်သည်၊

ပုဗ္ဗပယောဂသင်္ခါရဟုဆိုအပ်သောတိုက်တွန်းမှုမရှိ၊ ပကတိ အလိုအလျောက် ပေါ်ပေါက်ဖြစ်ပွါးထသောစိတ်ကို၊(အသင်္ခါရိက)စိတ်ခေါ်ပါသည်၊

## ပါဒက၊သမ္ပသိတ၊ပုဂ္ဂလဇ္ဈာသယ(၃)ပါးအထူး။

လောကီဈာန်-၉-ပါးလုံးကို၊ ရပြီးသောသူသည်၊ မဂ်ကိုအလိုရှိ၍စီးဖြန်းသောကာလ၊မိမိရပြီးသောဈာန်ကိုဝင်စား၏၊ထိုဝင်စားသောဈာန်သည်၊ပါဒကဈာန်မည်၏၊

အကြင်သို့သောဈာန်ကို၊လက္ခဏာရေးတင်၍သုံးသပ်၏၊ ထိုသို့သောဈာန်သည် သမ္မသိတဈာန်မည်၏၊

ပုဂ္ဂိုလ်၏အလိုဆန္ဒသည်၊ပုဂ္ဂလဇ္ဈာသယဈာန်မည်၏၊

## ဒေါမနဿနှင့်—ပဋိဃအထူး။

ဒေါမနဿကား၊အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိသော၊ဝေဒနာက္ခန္ဓာ၌အကျုံးဝင်သော၊တရသောတရားကို၊(ဒေါမနဿ)ခေါ်ပါသည်၊

ပဋိဃကား။ကြမ်းတန်းသော-သဘောရှိသော၊သင်္ခါရက္ခန္ဓာ၌၊ အကျုံးဝင်သော တရသော-တရားကို(ပဋိဃ)ခေါ်ပါသည်၊

ဒိဋ္ဌိဂတသမ္ပယုတ္တံ-ဟူသောပုဒ်မှာ ဒိဋ္ဌိသဒ္ဒါသာမညဖြစ်လျက် နိယမဆရာက၊ (မိစ္ဆာဒိဋ္ဌိနှင့် အညီအညွတ်ကေပ္ပါဒအစရှိသောအပြားတို့ဖြင့်ယှဉ်သော)ဟု-အဘယ့်ကြောင့်အနက်ပေးနိုင်သနည်း။

ဒိဋ္ဌိသဒ္ဒါသည်၊ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ ၂-မျိုးနှင့်ဆက်ဆံ၍၊ သာမညသဒ္ဒါဖြစ်သော်လည်း၊အကုသိုလ်ဟူသော-အနက်အရာထူးသောကြောင့်၎င်း၊လောဘသဟဂတ စိတ္တာဒိနာမ-ဟူသော သဒ္ဒန္တရသန္နိဓာန်ကြောင့်၎င်း။ မိစ္ဆာဒိဋ္ဌိကိုယူ၍အနက်ပေးနိုင်သည်။

သမ္ပယုတ္တံ-ဆိုသောပုဒ်၌၊ပဒများကိုခွဲဝေ၍၊ အသီးအသီးအနက်ခွဲပြပါ။ ?

သံ-ပ-ယုတ္တံ၊ သံသဒ္ဒါက အညီအညွတ်၊ ပ-သဒ္ဒါက ကေပ္ပါဒ အစရှိသော အပြားတို့ဖြင့်၊ယုတ္တံ-သဒ္ဒါကယှဉ်သော၊ ဤသို့ အသီးအသီးအနက်ထွက်သည်၊ သမ္ပယုတ္တံ-အညီအညွတ်ကေပ္ပါဒအစရှိသော-အပြားတို့ဖြင့်ယှဉ်သော၊(အပေါင်းအနက်)

မောဟမူဒွေးမှာ အဘယ့်ကြောင့်သင်္ခါရအပြားကိုမထားသနည်း။ ?

အာရုံ၌ ယုံမှားရှိသည်၏ အဖြစ်ကြောင့်၎င်း။ အာရုံ၌ ပြန့်လွင့်ခြင်း ရှိသည်၏ အဖြစ်ကြောင့်၎င်း။ ထိုမောဟမူ စိတ်၏ သဘောအားဖြင့်၊ ထက်သည်၏ အဖြစ်၊ တိုက်တွန်းအပ်သည်၏အဖြစ်မရှိသောကြောင့်၎င်း။သင်္ခါရအပြားမရှိသည်။

မောဟမူဒွေးမှာ၊အဘယ့်ကြောင့်ဥပေက္ခာဝေဒနာအမြဲဖြစ်သနည်း။ ?

ဤမောဟမူစိတ်-၂-ပါးတို့သည်ကား။ မူလတပါး ကင်းသည်၏အဖြစ်ကြောင့် အလွန်ပြင်းစွာအာရုံ၌တွေဝေခြင်းရှိသည်၏အဖြစ်ကြောင့်၎င်း၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ အာရုံ၌ပြန့်လွင့်ခြင်း၏အစွမ်းအားဖြင့်ဖြစ်သော၊ ဝိစိကိစ္ဆာ,ဥဒ္ဓစ္စတို့နှင့်အမြဲယှဉ်ခြင်းကြောင့်၊တုန်လှုပ်ခြင်းရှိသည်၏အဖြစ်ကြောင့်၎င်း၊ အလုံးစုံသောဣဋ္ဌာရုံ၊အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံတို့၌လည်း၊ တပ်ခြင်းပြစ်မှားခြင်းကင်းကျန်သည်ဖြစ်၍၊ ဥပေက္ခာဝေဒနာနှင့်သာဖြစ်ရလေသည်။

ဥဒ္ဓစ္စစေတသိက်တခုသည်၊ သဗ္ဗာကုသလသာဓါရဏဖြစ်၍၊ အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ပါလျက်၊ အဘယ့်ကြောင့်နောက်ဆုံးဖြစ်သော-အကုသိုလ်စိတ်မှသာ၊ ဥဒ္ဓစ္စသမ္ပယုတ္တံ-ဟု အထူးပြု၍ဆိုသနည်း။ ?

ဥဒ္ဓစ္စသည်၊ အလုံးစုံသော အကုသိုလ် စိတ်တို့နှင့် ယှဉ်ပါသော်လည်း၊ ဤ နောက်ဆုံးဖြစ်သော၊ အကုသိုလ်စိတ်မှာသာ၊ သမ္ပယုတ်တရားတို့၌၊ မိမိပြဓါန်းသည် ဖြစ်၍အားရှိ၏၊ ထို့ကြောင့်၊ ဤနောက်ဆုံးဖြစ်သော၊ အကုသိုလ်စိတ်ကိုသာလျှင်၊ ထိုဥဒ္ဓစ္စ နှင့်အထူးပြု၍ဆိုအပ်သည်၊

စက္ခုဝိညာဏ်ဒွေးစသော၊စိတ်-၄-မျိုးအစုံသည်၊အဘယ့်ကြောင့်ဥပေက္ခာမြဲသနည်း။ ?

စက္ခု၊သောတ၊ဃာန၊ဇိဝှါဟုဆိုအပ်သော၊ဝတ္ထုဖြစ်သောဥပါဒါရုပ်တို့နှင့်၊ရူပါ ရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံဟုဆိုအပ်သော၊ အာရုံဖြစ်သော ဥပါဒါရုပ်တို့၏အခြင်းခြင်း ထိခိုက်ခြင်းသည်၊ ဝါဂွမ်းဆိုင်-၂-ခုထိဘိသကဲ့သို့၊အားနည်းခြင်းကြောင့်၊ ဣဋ္ဌ၊အနိဋ္ဌ အာရုံ၌၊ ဥပေက္ခာဝေဒနာသာဖြစ်ရလေသည်၊ (အတိုဖြေနည်း) (အကျယ်လိုမူ-ဋီကာ အတိုင်း။)

ကာယဝိညာဏ်ဒွေးမှာ၌၊အဘယ့်ကြောင့်သုခ၊ဒုက္ခ-၂-ပါးဖြစ်သနည်း။ ?

ပထဝီ၊တေဇော၊ဝါယောဟုဆိုအပ်သော၊ ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ် ဓါတ်ကြီးတို့ သည်၊ ကာယပသာဒသို့ထိခိုက်သည်ရှိသော်၊ ထိုကာယပသာဒကိုလွန်၍၊ ကာယ ပသာဒ၏မှီရာ၊ မဟာဘုတ်တို့၌ထိခိုက်သည်ရှိသော်၊ ပေပေါ်၌ဝါဂွမ်းဆိုင်တင်၍တူနှင့် ရိုက်သော်၊ ဝါဂွမ်းဆိုင်ကိုလွန်၍၊ တူသည်ပေသို့ထိဘိသကဲ့သို့၊ အားကြီးရကား၊ ကာယဝိညာဏ်သည်ဣဋ္ဌာရုံ၌သုခ၊အနိဋ္ဌာရုံ၌ဒုက္ခဝေဒနာဖြစ်ရ၏။

သမ္ပဋိစ္ဆိုန်းဒွေးသည်၊အဘယ့်ကြောင့်ဥပေက္ခာဝေဒနာနှင့်သာဖြစ်ရသနည်း။ ?

သမ္ပဋိစ္ဆိုန်းဒွေးသည်၊မိမိမှီရာက-ဟဒယဝတ္ထု၊မိမိရှေ့၌ဖြစ်သော၊ပဉ္စဝိညာဏ် ၏မှီရာက-ပဉ္စဝတ္ထုဖြစ်၍၊ တူသောမှီရာမရှိသော၊ ပဉ္စဝိညာဏ်တို့မှတဆင့်၊ အနန္တရ ပစ္စည်းယူ၍ဖြစ်ရသောကြောင့်၊အားနည်း၍ဥပေက္ခာသာဖြစ်ရသည်၊

သန္တီရဏ-၃-ပါးသည်၊အဘယ့်ကြောင့်၊သောမနဿ(၁)ဥပေက္ခာ(၂)ဖြစ်သနည်း။ ?

သန္တီရဏ-၃-ခုတို့သည်၊ မိမိတို့လည်းဟဒယဝတ္ထု၊ သမ္ပဋိစ္ဆိုန်းလဲ ဟဒယဝတ္ထုကိုမှီကြ၍၊ တူသောမှီရာဝတ္ထုရှိသော၊ သမ္ပဋိစ္ဆိုန်းမှ၊ အနန္တရပစ္စည်းယူ၍ ဖြစ်ရသောကြောင့်၊ ဣဋ္ဌာရုံမှာ အဟိတ် ကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏ အတိဣဋ္ဌာရုံမှာ သောမနဿသန္တီရဏ၊အနိဋ္ဌာရုံမှာအကုသလဝိပါက်ဥပေက္ခာသန္တီရဏဖြစ်၍။

မဥ္ဇဒွါရာဝဇ္ဇန်းသည်၊အဘယ့်ကြောင့်ဥပေက္ခာဝေဒနာနှင့်ဖြစ်ရသနည်း။ ?

တစုံတခုသော ဝီထိစိတ်တို့သည်၊ မယူအပ်သေးသော အာရုံ၌၊ တကြိမ်သာဖြစ်ရလေသောကြောင့်၊ဥပေက္ခာဝေဒနာနှင့်ဖြစ်ရလေသည်။

မနောဒွါရာဝဇ္ဇန်းသည်၊အဘယ့်ကြောင့်ဥပေက္ခာဝေဒနာနှင့်ဖြစ်ရသနည်း။

မိမိနှင့်မတူသော၊ ဇောစိတ်ဘွင်စိတ်ဖြစ်သော၊ ပစ္စယုပ္ပန်တရားတို့အား၊ မိမိသည်၊အနန္တရပစ္စည်းအဖြစ်ဖြင့်၊ ငါ၏နောက်၌သင်တို့ဖြစ်လေ့ဟု၊ မဆိုသော်လည်း။ ဆိုဘိသကဲ့သို့ အခွင့်ပေးရခြင်း၊ ကြိယာဗျာပါရတခုကိုငဲ့နေရသောကြောင့်၊ အာရုံ၏အရသာကိုမခံစားအားသောကြောင့်၊ဥပေက္ခာသာဖြစ်ရလေသည်။

## ဤအရာ၌—အချို့မယူဆတတ်သော—ကိုရင်ကလေးများ။ဒါယကာများ။ ပြောဆိုကြပုံကို—ဆုံးဖြတ်၍ပြဦးအံ့။

၁— ဘုရားရဟန္တာတို့ရယ်ရွှင်ခြင်းစိတ်ဟာ၊ အဟိတ်စိတ်ထဲမှာ ဤဟသိတုပ္ပါဒ်တပါးသာပါသလား။ အခြားစိတ်တွေကောမရယ်တတ်ဘူးလား။ ? (အမေးတချက်။)

၂— ဟသိတုပ္ပါဒ်စိတ်ဖြင့်၊ဘုရားရဟန္တာတို့ရယ်တာကိုသင့်မည်မထင်ပါ။ ? (တချက်။)

၃— ဟသိတုပ္ပါဒ်စိတ်ဖြင့် ရယ်လျှင် မတင့်တယ်သော အသောဘဏစိတ် ဘုရားရဟန္တာတို့မှာ ဖြစ်မနေပေဘူးလား။ ? (ဤကားတချက်။)

၄— ဟသိတုပ္ပါဒ်စိတ်ဖြင့်၊ဘယ်အခါမှာရယ်ပါသလဲ။ ? (ဤကားတချက်။)

၅— ဟသိတုပ္ပါဒ်စိတ်ဖြင့်ရယ်သောရဟန္တာမရယ်သောရဟန္တာဟူ၍မရှိဘူးလား။ ? (ဤကားတချက်။)

ဤအမေး-၅-ချက်ကို၊ ကိုရင်ကလေးများ၊ ဒါယကာများ၏ အမေးကိုခံရဘူးသည်၊ ၎င်းအမေးများသည်၊ တိက္ခပညာပုဂ္ဂိုလ်တို့အားမခဲယဉ်းသော်လဲ၊ ဤကျမ်းတ

ကျမ်းလုံးသည်၊မန္ဒပညာပုဂ္ဂိုလ်တို့အတွက်၊ရေးသားရသောကြောင့်၊ ၎င်းပုစ္ဆာ-၅-ခု ကို၊ဖြေရှင်း၍ပြပါဦးအံ့၊

၁- ပဌမပုစ္ဆာ၌၊ ဘုရားရဟန္တာတို့ရယ်ရွှင်သောစိတ်သည်၊ အဟိတ်စိတ်ထဲမှာ၊ ဤဟသိတုပ္ပါဒ်တပါးသာရှိသည်၊ ကျန်(၁၇)ပါးဟာ၊ရယ်ရွှင်တတ်သောစိတ်မဟုတ်၊ ထိုကြောင့်၊ ရုပ်ပိုင်းမှာလည်း၊ သောမနဿဇဝနာနိပနေတ္ထတေရသဟာသနမ္ပိဇနေန္တိ၊ ဟူ၍ဆို၏၊ဋီကာကျော်ရုပ်ပိုင်း၌လည်း၊၎င်းအဖွင့်ရှိသည်၊အဋ္ဌသာလိနီ၊စိတ္တုပ္ပါဒကဏ္ဍ အဗျာကတကြိယာပဒ၌လည်း၊ကတိပနေတာနိဟောန္တိတိ-ဟု ပုစ္ဆာဝါကျ ထားပြီး၊ ဂုစ္ဆတေ၊စသည်ဖြင့်အဖြေထုတ်ထားတာရှိ၏၊ ကျယ်အံ့စိုး၍မထည့်ပြီ၊အလိုရှိပါမူ၊ ၎င်းတို့မှာယူကြပါ၊ (ပဌမပုစ္ဆာအဖြေ၊)

၂- ဒုတိယပုစ္ဆာအဖြေ၌၊ ဟသိတုပ္ပါဒ်စိတ်ဖြင့်၊ ဘုရားရဟန္တာ ရယ်ခြင်းသည် သင့်မြတ်၏၊အဘယ့်ကြောင့်ဆိုသော်ဘုရားရဟန္တာတို့၏ရယ်ခြင်းသည်၊ကာမတဏှာ ကို ထွေးအံပြီးဖြစ်ရကား၊ ကာမဂုဏ်ချမ္မက်၊ အာရုံအတွက်နှင့်၊ နှစ်သက်ပျော်ရွှင်၍ ရယ်ခြင်းမဟုတ်၊သိမ်မွေ့သောအာရုံ၌ပြုံး-ရုံ-သွားပေါ်ရုံမျှရယ်ခြင်းဖြစ်၏၊ ထို့ကြောင့် ဋီကာကျော်၌ ခီဏာသဝါနံ အနောဠာရိကာရမ္မဏေသု-စသည်ဖြင့်ဆို၏၊

၃- တတိယပုစ္ဆာအဖြေ၌၊ မတင့်တယ်သော စိတ်ဖြစ်၍၊ ဘုရားရဟန္တာတို့မှာ၊ မဖြစ်သင့်ဆိုလျှင်၊ စက္ခုဝိညာဏ်စသည်တို့လည်း၊ မတင့်တယ်သော အသောဘဏ စိတ်ပင်ဖြစ်၍ဘုရားရဟန္တာတို့အားမဖြစ်ဟုအနက်အဓိပ္ပါယ်ရောက်၏၊စက္ခုဝိညာဏ် သောတဝိညာဏ် မရှိလျှင်လဲ၊ ကန်းသောအဖြစ်၊ ပင်းသောအဖြစ်သို့ ရောက်ခဲ့ရာ၏၊ ဘုရားတို့အားလည်း၊ ဤကဲ့သို့-ကိုယ်အင်္ဂါချို့တဲ့ခြင်းလည်း၊ မည်သည့်အခါမျိုး၌မဖြစ် စကောင်း၊ ၃၂-ပါးသောလက္ခဏာတော်ကြီး၊ (၈၀)သောလက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် ဘုရားရှင်တို့အား၊ အလုံးစုံသောအဟိတ်စိတ် တို့သည်ဖြစ်ကုန်၏၊ မဖြစ်သောအဟိတ်စိတ်မည်သည်မရှိ၊ မတင့်တယ်သောကြောင့်၊ အသောဘဏဆိုရာမှာ၊ အလောဘအစရှိသောဟိတ်တို့နှင့်မယှဉ်သောကြောင့်၊ မတင့် တယ်ဟုဆို၏၊မတင့်တယ်သောစိတ်ဖြစ်တိုင်း၊ ဘုရားရဟန္တာမှာမဖြစ်သင့်ထို့မယူရ၊ (လှေနံ့ဒါးထစ်တထစ်ချမှတ်၊)

၄— စတုတ္ထပုစ္ဆာအဖြေ၌၊ မြတ်သောလျောက်ပတ်သော နေရာကိုမြင်၍၊ နှစ်သက်သောရဟန္တာပုဂ္ဂိုလ်အား ရှုပါရုံ၌၊ သက်နုံးစသောဘာသာကိုဝေဘန်ရာ၌၊ ကြီးစွာသောအသံကိုကြား၍၊ ဤသို့သဘောရှိသောလျှပ်ပေါ်သောဘာသာကိုငါပယ်ပြီလို့၊ နှစ်သက်သောအခါသဒ္ဒါရုံ၌၊ ပန်းနံ့သာတို့ဖြင့်၊ စေတီပူဇော်သောအခါဂန္ဓာရုံ၌၊ အရသာနှင့်ပြည့်စုံသောဆွမ်းကို၊ သိတင်းသုံးဘော်တို့နှင့် ဝေဘန်၍စားသောအခါ၊ ရသာရုံ၌၊ အဘိသမာစာရိက ဝတ်ကို ဖြည့်ဆည်းဘူးသောအခါ၊ ဖေါဋ္ဌဗ္ဗာရုံ၌၊ ဓာတိပါလလုထင်, မဟ္သဒေဝမင်းကြီး, ကဏှရသေ့စသောဇာတ်တို့ကို၊ ပြန်၍ဖြည့်ရှုသောအခါ၊ ပုဗ္ဗေနိဝါသဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ကို၊ လေ့ကျက်ပြီးသည်၏အဆုံး၌၊ ဟသိတုပ္ပါဒ်စိတ်ဖြစ်သည်၊

၅— ပဉ္စမပုစ္ဆာအဖြေ၌၊ ကာမဘုံက ရဟန္တာ၊ရူပဘုံက-ရဟန္တာတို့သည်၊ ဟသိတုပ္ပါဒ်စိတ်ရှိခြင်းကြောင့်၊ ဟသိတုပ္ပါဒ်စိတ်ဖြင့်လည်း ရယ်သည်၊ မဟာကြိယာစိတ်ဖြင့်လည်းရယ်သည်၊အရူပဘုံကရဟန္တာသည်၊ဘယ်အခါမှမရယ်ရှင်၊

## ရယ်ခြင်း(၆)ပါးနှင့်—ဟသိတုပ္ပါဒ်စိတ်ကိုပြခြင်း။

(၃၂) ပြုံးရုံသိတ၊သွားပေါ်က၊မှတ်ကြဟသိတာ။
(၃၃) ချိုသာအသံ၊ထွက်ပြန်ရယ်လတ်၊ဝိဟာသိတ၊ခေါင်းလှုပ်ထ၊ဥပဟာသိတာ၊
(၃၄) မျက်ရည်ထွက်ကျ၊အပဟာသိတံ၊ခုန်ပြန်ရယ်ဘိ၊တိဟာသိ၊မှတ်ဘိရယ်ဖြာ၊
(၃၅) စ,နှစ်ပါးမြတ်၊ လယ်လတ်-၂-သွယ်၊ဆုံးဝယ်နှစ်ပါး၊ အယုတ်ထား၊မိန့်ကြား-အလင်္ကာ၊
(၃၆) ဟသိတုပ္ပါဒ်၊ဖြစ်စေဘတ်၊စ,မြတ်နှစ်ပါးသာ၊
(၃၂) မျက်စိပွင့်ရုံ-ရွှင်ရုံမျှရယ်ခြင်းသည်၊ (သိတ) မည်၏၊ စဉ်းငယ် သွားပေါ်ရုံရယ်ခြင်းသည်၊(ဟာသိတ)မည်၏၊
(၃၃) ချိုသာသော အသံထွက်အောင် ရယ်ခြင်းသည်၊ (ဝိဟာသိတ) မည်၏၊ ပခုံးဦးခေါင်းတုန်လှုပ်အောင်ရယ်ခြင်းသည်၊(ဥပဟာသိတ)မည်၏၊
(၃၄) မျက်ရည်ထွက်အောင်ရယ်ခြင်းသည်၊ (အပဟာသိတ) မည်၏၊ ခုန်၍ကိုယ်ကိုပစ်လှဲပြီးရယ်ခြင်းသည်၊(အတိဟာသိတ)မည်၏၊

(၃၅) အစဖြစ်သော၊ သိတ-ဟသိတ ၂-ပါးဖြင့်၊ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာစသော မြတ်သောသူတို့ရယ်ရွှင်၏၊ အလယ်ဝိဟသိတ-ဥပဟသိတ ၂ပါးဖြင့်၊ သေက္ခပုဂ္ဂိုလ် ၃-ယောက်၊ ကလျာဏပုထုဇဉ်တို့ရယ်ရွှင်၏၊ အဆုံး-အပဟသိတ၊ အတိဟသိတ၊ ၂-ပါးဖြင့်အန္ဓပုထုဇဉ်တို့ရယ်ရွှင်၏၊ မဂ်ပုဂ္ဂိုလ်-၄-ယောက်တို့သည်၊ မည်သည့်အခါ မျိုးမှရယ်ရွှင်သည်ဟူ၍မရှိချေ၊ ။ဤရယ်ခြင်း(၆)ပါးကား၊ အလင်္ကာကျမ်းပဉ္စမပိုင်း ဂါထာနံပါတ်(၃၆၀)(၃၆၁)ရင်း၌၊ ပါဠိကိုအလိုရှိလျှင်ယူပါလေ၊

(၃၆) ဟသိတုပ္ပါဒ်စိတ်ကား၊ အစဖြစ်သော၊ သိတ၊ ဟသိတဟုဆိုအပ်သော၊ မြတ် သောရယ်ခြင်း(၂)ပါးကိုဖြစ်စေတတ်၏၊

အဟိတ်ကုသလဝိပါက်စိတ်မှာ၊ အဟိတ်ဟူသောဝိသေသန(မ)သကဲ့သို့၊ အကုသလဝိပါက်စိတ် မှာ၊ အဘယ့်ကြောင့်အဟိတ်ဟူသောဝိသေသနမ(မ)သနည်း။ အဘယ့်ကြောင့်အဟိတ်ဆိုတဲ့စကားကို မထည့်သနည်း။?

အကုသလဝိပါက်စိတ်၏၊ သဟိတ်အဖြစ်ဖြင့် လျှင်းပါးဘွယ်မရှိသောကြောင့်၊ အဟိတ်ဟူသောဝိသေသနကိုမထည့်ပါ၊ (အတိုဖြေနည်း၊)တနည်း၊ အကုသလဝိပါက် ဆိုသမျှ၊ အဟိတ်စိတ်သာဧကန်ဖြစ်သောကြောင့်၊ အဟိတ်ဆိုတဲ့စကားကိုအထူးပြော ရန်မလိုသောကြောင့်မထည့်ပါ၊ ဤဖြေနည်းလဲအတိုဖြေနည်းဘဲ၊ ဋီကာအတိုင်းဖြေလျှင် ကျယ်အံ့စိုး၍မထည့်လိုက်ပါ၊ ကြံပါလေလွယ်ပါသည်၊

ပါပါဟေတုကမုတ္တာနိဂါထာ၌၊ အဘယ့်ကြောင့်အကုသိုလ်စိတ်ကို၊ ပါပ-ဟုဆိုအပ်သနည်း။?

မိမိသည်ဖြစ်စေအပ်သော-အပါယ်အစရှိသောဆင်းရဲသို့ရောက်စေတတ်သော ကြောင့် အကုသိုလ်စိတ်ကို(ပါပ)ခေါ်ပါသည်၊

မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်တို့ကိုသာ၊ (မဟာ)တင်သင့်လျက်၊ အဘယ့်ကြောင့် ကာမာဝစရ ကုသိုလ်ကို(မဟာကုသိုလ်)ဟု(မဟာ)တပ်သနည်း။?

မဟာကုသိုလ်သည်၊ အကျိုးပေးရာဘုံအားဖြင့်၊(ကာမသုဂတိ)၇-ဘုံ၊ မိမိဖြစ် ရာဘုံအားဖြင့်၊ အသညသတ်ကြဉ်သောဘုံ(၃၀)ပဝတ္တိဝိပါက်အားဖြင့်-၁၆-ပါး၊ ဤ သို့များသောအကျိုးပေးရာဘုံ၊ ဖြစ်ရာဘုံ၊ အကျိုးဝိပါက်စိတ်ရှိခြင်းကြောင့်၊ (မဟာ) သဒ္ဒါဖြင့်အထူးပြု၍ခေါ်နိုင်သည်၊

မဟာဝိပါက်၊မဟာကြိယာတို့မှာ။အဘယ့်ကြောင့်မဟာတပ်သနည်း။ ?

မဟာဝိပါက်သည်၊ မဟာကုသိုလ်၏-ပဋိသန္ဓေအကျိုးချင်း ဖြစ်သောကြောင့်၊ မဟာတပ်သည်၊ မဟာကြိယာမှာ၊ ဘုရားရဟန္တာသန္တာန်၌ဖြစ်သော-မဟာကုသိုလ်ပင်ဖြစ်ခြင်းကြောင့်၊မဟာတပ်သည်၊

မဟာဝိပါက်၊ မဟာကြိယာစိတ်တို့ကို၊ သဟိတ်သဒ္ဒါထည့်သကဲ့သို့၊ မဟာကုသိုလ်ကို၊ အဘယ့်ကြောင့်၊သဟိတ်ကာမာဝစရကုသိုလ်ဟုမဆိုသနည်း၊ ?

မဟာကုသိုလ်မှန်သမျှ ကေန္တသဟိတ်သာဖြစ်သည်၊ အဟိတ်လားဟု-ယုံမှားဘွယ်မရှိသောကြောင့်၊သဟိတ်သဒ္ဒါထည့်ရန်မလို၊

## ဈာန်အင်္ဂါငါးပါးတို့တွင်ဝိတက်နှင့်၊ဝိစာရ—၂—ခု၏သဘောနှင့် အထူးကိုစေတသိက်ပိုင်း၌ဆိုလတံ့။

**ပီတိနှင့်သုခ၊သောမနဿအထူးကား။** ပီတိက-သာမညအားဖြင့် နှစ်သက်သည်၊ သုခသောမနဿက-သာမညအားဖြင့် ချမ်းသာသည်၊ ဝမ်းမြောက် ဝမ်းသာသည်၊ ၎င်း-၂-ခုတို့သည်၊တူသကဲ့သို့ထင်ရောင်ထင်မှားဖြစ်ကြ၏၊စင်စစ်အားဖြင့်မတူကြကုန်၊ အဘယ်သို့ထူးသနည်းဟူမူ {မခံစားရသေးသောအာရုံကိုရခြင်း၌ နှစ်သက်မှုသည်၊ ပီတိမည်၏ ခံစားပြီးသောအာရုံကို၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုသည်၊ သုခသောမနဿမည်၏၊} ၎င်းကိုအရကျက်၊ ၊ဥပမာမှာ၊ ခရီးသွား တယောက်သည်။ ပွန်းတည့်ရှိန့်ရှိန့်ထိုအချိန်မှာ၊ခေတ်၍လာသော်၊ အလွန်တရာ ပူဆာသောအခိုက်မှာ။ ရှေ့နားက-ပညောင်ပင်ကြီး တပင်အောက်၌၊ ရေချမ်းအိုးစင်နှင့် စိန်းရွှင်သော မျက်သစ်ပင်နှင့်၊ ထိုင်နေစရာတန်းလျားကုလားထိုင်များကိုတွေ့မြင်သောအခါ၊ အလွန်တရာ နှစ်သက်မှုသည်၊ ပီတိမည်၏၊ ၊ပညောင်ပင်အောက်အရိပ်ရောက်သော်၊ နားနေစရာ တန်းလျားပေါ်၌ထိုင်၍၊ အေးမြကြည်လင်သောရေကိုခပ်၍သောက်ရသောအခါ၊ ဝမ်းမြောက်မှုသည်၊သုခသောမနဿဖြစ်သည်မည်၏၊ (ဤကားအထူး၊)

ဖဿအစရှိသော၊ တပါးကုန်သော သမ္ပယုတ်တရား(၃၅)ပါး၊ (၃၆)ပါးတို့၌ရှိကုန်လျက်၊ဤဝိတက်၊ဝိစာရ၊ပီတိ၊ဝေဒနာ၊ဧကဂ္ဂတာ၊စေတသိက် ၅-ခုကိုထုတ်၍မျက်နှာလိုက်ဆိုသကဲ့သို့၊ အထူးထုတ်၍ဆိုခြင်းအကြောင်းကား။ ၊ထိုငါးပါးသောတရား

တို့သည်သာ၊ ကသိုဏ်းအစရှိသောအာရုံကိုကပ်၍ရှုတတ်သောကြောင့်၎င်း၊ ကာမစ္ဆန္ဒနီဝရဏစသော-နီဝရဏတရားတို့နှင့်၊ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း၊ ထိုငါးပါးကိုသာ၊ ဈာန်အင်္ဂါ(၅)ပါးဟုအထူးထုတ်ဆိုရပါသည်။

## ဈာန်အင်္ဂါ(၅)ပါးနှင့်—နီဝရဏ(၅)ပါးတို့ဆန့်ကျင်ဘက်ဖြစ်ပုံ။

(၃၇) ကာမစ္ဆန္ဒ၊ ဧကဂ္ဂါနှင့်၊ ဗျာပါ-ပီတိ၊ ထိမိ-ဝိတတ်၊ ဆန့်ကျင်ဘက်ဖြစ်၊ ဥဒ္ဓစ်ကုက္ကုစ္စ၊ သုခသာတည်း၊ ဝိစာ-ဝိစိ၊ ဆန့်ကျင်ဘိ၊ မှတ်ဘိမျိုးလေဖြာ။

* ပြင်းစွာတပ်တတ်သော၊ ရာဂဟုဆိုအပ်သော တောင့်တခြင်း၏၊ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊ ကာမစ္ဆန္ဒနီဝရဏနှင့်၊ ဧကဂ္ဂတာတို့ဆန့်ကျင်ဘက်ဖြစ်၏။

နှစ်သက်ခြင်းသဘောရှိသောကြောင့်၊ ပီတိနှင့်ဗျာပါဒဆန့်ကျင်ဘက်ဖြစ်၏၊ အကြောင်းဟုတ်သည်၏ အစွမ်းအားဖြင့်၊ ကြံခြင်း၏အစွမ်းအားဖြင့်၊ ပြန့်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ ဝိတက်နှင့်၊ ထိနမိဒ္ဓတို့ဆန့်ကျင်ဘက်ဖြစ်၏၊ စိတ်၏ငြိမ်သက်ချမ်းမြေ့စွာဖြစ်ခြင်းသဘောရှိသော၊ သုခနှင့်စိတ်၏ မငြိမ်သက်ခြင်း၊ ပူပန်ခြင်းသဘောရှိသော ဥဒ္ဓစ္စကုက္ကုစ္စတို့နှင့်ဆန့်ကျင်ဘက်ဖြစ်၏၊ ဝိစာရသည်၊ အာရုံ၌အဘန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းအားဖြင့်၊ ပညာနှင့်အလားတူသော၊ သဘောရှိသောကြောင့်၊ ဝိစိကိစ္ဆာနှင့်ဆန့်ကျင်ဘက်ဖြစ်၏။

## (၁၃) ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတော။
## သန္တေသုပိစအညေသု၊ ပဉ္စေဝဈာနသညိတာ။

ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကသိုဏ်းအစရှိသော အာရုံကိုကပ်၍ရှုခြင်းကိစ္စ ရှိသောကြောင့်၎င်း၊ ကာမာဒိပဋိပက္ခတော၊ ကာမစ္ဆန္ဒနီဝရဏစသည်တို့နှင့်၊ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ အညေသု၊ တပါးကုန်သော-သမ္ပယုတ်တရားတို့သည်၊ သန္တေသုပိစ၊ ရှိပါကုန်သော်လည်း၊ ပဉ္စေဝ၊ ငါးပါးကုန်သော၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတို့ကိုသာလျှင်၊ ဈာနသညိတာ၊ ဈာန်ဟူ၍မှတ်အပ်ကုန်၏။ ။

လောကုတ္တရာစိတ်မှာ၊အဘယ့်ကြောင့်ကြိယာမရှိသနည်း။?

မဂ္ဂသကေဝိတ္တုက္ခဏိကတ္တာ၊ (ဋီကာ)မဂ်စိတ်၏ တကြိမ်သာဖြစ်ရလေသော ကြောင့်၊လောကုတ္တရာစိတ်မှာကြိယာမရှိပါ။

ဆတ္တိံသေဝိပါကာနိ'ဟူသောပါဠိ၌၊ ဝေသဒ္ဒါသည်။ ဆတ္တိံသသဒ္ဒါနောက်မှာထိုင်လျက်၊ နိသျ ဆရာသည်။ အဘယ့်ကြောင့်၊ ဝီသတိနောက်မှာထိုင်၍၊ ဝီသတိဝေ—ဟု၊ (၂၀-အတိုင်းအရှည်ရှိကုန်သည် သာလျှင်)ဟု အနက်ပေးသနည်း။?

ဝိပါက်စိတ်သည်၊၃၆-ပါးမျှသာမဟုတ်၊ အကျယ်အားဖြင့်၊(၅၂)ပါးရှိသည်။ ကြိယာမူကား၊(၂၀)သာလျှင်ရှိ၏၊ (၂၀)ထက်ပို၍မရှိဟု-မြစ်လိုသောကြောင့်၊ အဓ္ဓာ နုပယုဂ်အားဖြင့်၊ ဝီသတိနောက်ထိုင်၍အနက်ပေးခဲ့သည်။

အဘယ့်ကြောင့်လောကုတ္တရာစိတ်အကျယ်(၄၀)ပြားရသနည်း။?

ပါဒကဈာန်၊သမ္မသိတဈာန်၊ ပုဂ္ဂလဇ္ဈာသယဈာန်တို့တွင်၊ တပါးတပါးနှင့် တူ သည့်၏အဖြစ်ကြောင့်၊တခုတခုသောလောကုတ္တရာစိတ်ကို၊ပဥ္စမဈာန်အစရှိသော၊ဈာန် အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့်၊ ၅-ပါး ၅-ပါးအပြားရှိသည်ကိုပြု၍သာလျှင်၊ လောကုတ္တရာဖြစ်သောစိတ်ကို၊(၄၀)အပြားရှိ၏ဟူ၍လည်းဆိုအပ်၏။

## (၁၄) ဈာနင်္ဂယောဂဘေဒေန၊ ကတွေကေကန္တု ပဉ္စဓါ။ ဝုစ္စတာနုတ္တရံ စိတ္တံ၊ စတ္တာလီသဝိဓန္တိ စ။ ။

ပါဒကဈာန၊သမ္မသိတဈာန၊ပုဂ္ဂလဇ္ဈာသယေသု၊ပါဒါကဈာန်၊ သမ္မသိတဈာန်၊ ပုဂ္ဂလဇ္ဈာသယဈာန်တို့တွင်၊ ဧကေကသဒိသတ္တာ၊ တပါးတပါးနှင့် တူသည့်၏အဖြစ် ကြောင့်၊ဧကေကံ၊ တခုတခုသောလောကုတ္တရာစိတ်ကို၊ ဈာနင်္ဂယောဂဘေဒေန၊ ပဥ္စမ ဈာန်အစရှိသော၊ဈာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားအားဖြင့်၊ပဥ္စဓါပဥ္စဝိဓံ၊၅-ပါး၅-ပါး အပြားရှိသည်ကို၊ကတွာတုကတွာဧဝ၊ပြု၍သာလျှင်၊အနုတ္တရံ၊လောကုတ္တရာဖြစ်သော၊ စိတ္တံ၊စိတ်ကို၊စတ္တာလီသဝိဓန္တိ စ၊(၄၀)အပြားရှိ၏ဟူ၍သည်း၊ဝုစ္စတိ၊ဆိုအပ်၏။

အရူပစိတ်ကို၊အဘယ့်ကြောင့်၊ပဥ္စမဈာန်ဟုဆိုရသနည်း။?

အရူပစိတ်ကို၊ ဥပေက္ခာဧကဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့်၊ ဈာန်အင်္ဂါတူသည့်၏ အဖြစ်ကြောင့်၊ပဥ္စမဈာန်ဟူ၍ဆိုရပါသည်။

## (၁၅) ယထာစရူပါဝစရံ၊ ဂယှာတာနုတ္တရံ တထာ။ ပဉ္စမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ ။

ရူပါဝစရဥ္စ၊ ရူပါဝစရစိတ်ကိုလည်း၊ အနုတ္တရဉ္စ၊ လောကုတ္တရာစိတ်ကိုလည်း၊ ပဉ္စမာဒိ ဈာနဘေဒေ၊ ပဉ္စမာဒိဈာနဘေဒေနး၊ ပဉ္စမဈာန်အစရှိသော၊ ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့်၊ ဂယှတိယထာ၊ ဆိုအပ်သကဲ့သို့၊ တထာ၊ ထို့အတူ၊ အာရုပ္ပဉ္စာပိ၊ အရူပ စိတ်(၁၂)ခုကိုလည်း၊ ဥပေက္ခေကဂ္ဂတာယောဂေန၊ ဥပေက္ခာဧကဂ္ဂတာနှင့် ယှဉ်ခြင်း ကြောင့်၊ အင်္ဂသမတာယ၊ ဈာန်အင်္ဂါတူမျှသည်၏အဖြစ်ကြောင့်၊ ပဉ္စမေ၊ ပဉ္စမဈာန ဘာဝေန၊ ပဉ္စမဈာန်၏အဖြစ်တည်းဟူသော၊ ဝေါဟာရဖြင့်၊ ဂယှတိ၊ ဆိုအပ်၏။

ဈာန်(၆၇)ပါးသရုပ်ကိုရေတွက်ပြပါ။?

ရူပ-ပဉ္စမဈာန်(၃)လောကုတ္တရာပဉ္စမဈာန်(၈)ပေါင်းပဉ္စမဈာန်၊ ကောဒသ၊ ထို့ အတူ၊ ဒုတိယဈာန်ကောဒသ၊ တတိယဈာန်ကောဒသ၊ စတုတ္ထဈာန်ကောဒသ၊ ရူပပဉ္စမ ဈာန်(၃)အရူပ ပဉ္စမဈာန်(၁၂) လောကုတ္တရာပဉ္စမဈာန်(၈) ပေါင်း ပဉ္စမဈာန်၊ တေ ဝီသ၊ ဤသို့အားဖြင့်၊ ဈာန်စိတ်(၆၇)ပါး ဖြစ်ပါသည်။

## (၁၆) ကောဒသဝိဓံ တသ္မာ၊ ပဉ္စမာဒိကမီရိတံ။ ဈာနမေကေက,မန္တေ တု၊ တေဝီသတိဝိဓံ ဘဝေ။ ။

တသ္မာ၊ ထို့ကြောင့်၊ ပဉ္စမာဒိကံ၊ ပဉ္စမဈာန်အစရှိသော၊ (ပဉ္စမဈာန်၊ ဒုတိယဈာန် တတိယဈာန်၊ စတုတ္ထဈာန်ဟုဆိုအပ်သော၊) ဧကေကံ၊ တခုတခုသော၊ ဈာနံ၊ ဈာန်စိတ် ကို၊ ကောဒသဝိဓံ၊ ၁၁-ပါးအပြားရှိ၏ဟူ၍၊ ဤရိတံ၊ မိန့်အပ်၏၊ အန္တေ တု၊ အန္တံပန၊ အ ဆုံးဖြစ်သောပဉ္စမဈာန်စိတ်သည်ကား၊ တေဝီသတိဝိဓံ၊ ၂၃-ပါးအပြားရှိသည်၊ ဘဝေ၊ ဖြစ်၏။

ကုသိုလ်စိတ်အကျယ်မည်မျှ၊ ဝိပါက်စိတ်အကျယ်မည်မျှရှိသည်ကိုရေတွက်ပြပါ။?

လောကီကုသိုလ်(၁၇)လောကုတ္တရာကုသိုလ်စိတ်အကျယ်(၂၀)ပေါင်းကုသိုလ် စိတ်အကျယ်(၃၇) လောကီဝိပါက်(၃၂)လောကုတ္တရာဝိပါက်အကျယ်(၂၀) ပေါင်း ဝိပါက်စိတ်အကျယ်(၅၂)ပါးဖြစ်သည်၊ အကုသိုလ်(၁၂)ကြိယာ(၂၀)နှင့်ပေါင်းသော် ဇာတိဘေဒနည်းအားဖြင့်၊ စိတ်အကျယ်(၁၂၁)ပါးဖြစ်သည်။

## (၁၇) သညာတိ ံသဗ္ဗိ၀ေ ံပုညံ၊ ဒွိပဉ္စာသဗ္ဗိ၀ေ ံတထား ပါကမိစ္ဆာဟုစိတ္တာနိ၊ ကေ၀ီသသတံပုဓါ။ ။

ပုညံ၊ ကုသိုလ်စိတ် အကျယ်သည်၊ သတ္တတိ ံသဗ္ဗိ၀ံ ၃၇-ပါး အပြားရှိသည်၊ ဘ၀ေ၊ ဖြစ်၏၊ တထာ၊ ထို့အတူ၊ ပါကံ၊ ဝိပါက်စိတ်အကျယ်သည်၊ ဒွိပညာသဗ္ဗိ၀ံ၊ ၅၂-ပါး အပြားရှိသည်၊ ဘ၀ေ၊ ဖြစ်၏၊ ဣတိ၊ ဣဘိတသ္မာ၊ ထိုသို့ကုသိုလ်စိတ် ၃၇-ပါး၊ ဝိပါက်စိတ် ၅၂-ပါး အပြားရှိသည်၏အဖြစ်ကြောင့်၊ စိတ္တာနိ၊ စိတ်အကျယ်တို့ကို၊ ကေ၀ီသသတံ၊ (၁၂၁)ပါး အပြားရှိ၏ဟူ၍၊ ဗုဓါ၊ အထူးသဖြင့်၊ အနက်ကိုမြင်စွမ်းနိုင်သော ပညာရှိတို့သည်၊ အာဟုကထေန္တိ၊ ဆိုကြကုန်၏၊

(၃၈) သုံးဆဲ့ခွန်သာ၊ ကုသိုလ်မှာ၊ ဝိပါ-ငါးဆဲ့နှစ်,၊

(၃၉) အကု-ကြိယာ၊ ထည့်သောခါ၊ တရာနှစ်ဆဲ့တစ်,၊

## စက်လှည့်ခွဲနည်းဆိုသည်မှာ။

သောမနဿသာဖြစ်၍၊ သမ္ပယုတ်မဖြစ်သောစိတ်၊ (၁၀)
သမ္ပယုတ်သာဖြစ်၍၊ သောမနဿမဖြစ်သောစိတ်၊ (၃၅)
သောမနဿ-သမ္ပယုတ်-၂-ပါးစုံဖြစ်သောစိတ်၊ (၅၂)
သောမနဿ-သမ္ပယုတ်-၂-ပါးစုံမဖြစ်သောစိတ်၊ (၂၄)
ပေါင်း.................. ၁၂၁

ဤကဲ့သို့ တပါးကို မူလထား၍၊ တပါးကို မူလီသွတ်၍ စက်လှည့်ဘိသကဲ့သို့၊ လေးချက်လေးချက် မေးရသောနည်းမျိုးကို၊ စက်လှည့်၍မေးနည်းခေါ်၏၊ ၎င်းစက်လှည့်မေးနည်းဆိုသည်မှာ၊ ခက်သောအရာမဟုတ်၊ (ဇယား)၌ ပြထားသော သရုပ်များကို ကြေလျှင်၊ အလွယ်ကလေးပင်ဖြစ်၏၊ သို့ရာတွင်၊ လွန်စွာနားရောင်တတ်သောနည်းဖြစ်၍၊ အစိုးရ ပုစ္ဆာများ၌ ထည့်သွင်း၍ မေးတတ်သည်၊ ၄-ချက်ကို ပေါင်းကြည့်၍၊ စိတ်အကျဉ်း(၈၉) သို့မဟုတ်၊ အကျယ်(၁၂၁)ပါးဖြစ်လျှင် မှန်သည်ဟူ၍မှတ်၊ မဖြစ်လျှင် မမှန်၊ စက်လှည့်၍ မေးနည်းဖြေနည်းဆိုသည်မှာ၊ အမှတ်မရှိ တပုံတခုကိုမူလထား၍၊ တပုံတခုကိုမူလီသွတ်၍၊ မေးချင်သလိုမေးနိုင်သောကြောင့်၊ ၎င်းနည်းမျိုးကို၊ အကုန်

ရေးမည်ဆိုလျှင်၊ တနှစ်ရေးသော်လဲ၊ ကုန်ဘွယ်ရာမရှိချေ၊ သဘော်ာတစင်းနှင့် အပြည့် တခွက်သော်မှ-လောက်နိုင်ဘွယ်ရာအကြောင်း မရှိချေ၊ သို့အတွက်-နည်းပြရုံမျှသာ ရေးပါအံ့၊ အရာရာမှာကြံပါလေ၊ ရိုးရိုးသရုပ်ကိုပိုင်ပိုင်နိုင်နိုင်မြင်အောင်၊ (ဇယား)မှာ အထပ်ထပ်လေ့လာပါလေ၊

သော၊သု၊ဒေါ၊ဒုဥ၊ဝိဠ္ဍသမ္ပယုတ်၊ဝိဠ္ဍဝိပ္ပယုတ်၊ အ၊သ၊အကု၊ကု၊ပိ၊ကြိ၊ ညာဏ သံ၊ ညာဏဝိ၊ ဈာန်၊ မဂ်၊ ဖိုလ်၊ သောဘဏ၊ အသောဘဏစသောအားဖြင့်၊ စိတ်ပိုင်း အတွင်း၌ာ၊များစွာလှည့်သည်၍ခွဲနိုင်သည်၊

(၄၀) မူလိ-မူသ၊ လှည့်လည်ပြ၊ စက္ကဘီးပမာ၊

## { စိတ္တပရိစ္ဆေဒပြီး၏၊ }

စိတ္တကဏ္ဍ၊သုံးရက်မျှ၊ရေးရပြီးသည်သာ။
သုံးရက်ထည်းမျှ၊ကျက်အံ့ကြ၊ရကြပါစေသာ။
သဘောသရုပ်၊အတိုချုပ်၊နှုတ်တိုက်ရကြစေ။
မေးတိုင်းမေးတိုင်း၊မဆုတ်ဆိုင်း၊ဟုတ်တိုင်းဖြေနိုင်စေ။

## သတိပေးချက်၊

သင်္ဂြိုဟ်သရုပ်၊သဒ္ဒါယုဂ်၊အဟုတ်နိုင်မှသာ။
သရုပ်မနိုင်၊သဘောကိုင်၊ယှဉ်ပြိုင်ရှုံးမည်သာ။
သရုပ်မပိုင်၊အိမ်ဦးထိုင်၊ညာနိုင်လှက်ခွက်လာ။
သရုပ်မမြင်၊လျှာအိမ်ဝင်၊အရင်ပြေးရမှာ။
သရုပ်ကိုနိုင်၊သဘောပိုင်၊အနိုင်ရမည်သာ။

# {၂} စေတသိက်ပိုင်း။

စေတသိက်တို့၏သမ္ပယောဂလက္ခဏာ-၄-ပါးဆိုသည်မှာ၊ (၁)ဧကုပ္ပါဒ-စိတ်နှင့်အတူတကွဖြစ်ခြင်း။(၂)ဧကနိရောဓ-စိတ်နှင့်အတူတကွချုပ်ခြင်း။(၃)ဧကာလမ္ဗဏ-စိတ်နှင့်တူသောအာရုံရှိခြင်း။ (၄)ဧကဝတ္ထုက-စိတ်နှင့်တူသော-မှီရာဝတ္ထုရှိခြင်း။ ဤလေးပါးကို၊ သမ္ပယောဂလက္ခဏာလေးပါးလည်းခေါ်သည်။ စေတောယုတ္တလက္ခဏာလေးပါးလည်းခေါ်သည်။ ဤလက္ခဏာ လေးပါးနှင့် ပြည့်စုံမှ၊ စေတသိက်ခေါ်သည်။ မပြည့်စုံလျှင်၊စေတသိက်မခေါ်။ သို့ရာတွင်၊ အရူပဘုံမှာ၊မှီရာဟဒယဝတ္ထုရုပ်မရှိခြင်းကြောင့်၊သုံးပါးသာရှိသည်။ ထိုသုံးပါးနှင့်ပြည့်စုံလျှင်၊အရူပဘုံမှာ၊စေတသိက်ဖြစ်နိုင်၏။ ဤ၌-ဧကသဒ္ဒါ-၄-ခုလုံးသည်၊ (တခု)ဟူသော သချျာအနက်ကိုမဟော၊ သဒ္ဒါ သဟာယသချျညတု၊လျှေသွေကောတိသိင်္ဂီကောသို့၊ အဘိဓါန်မှာဆိုတဲ့-၅-နက်တို့တွင် (တူသော)ဆိုတဲ့(တုလျ)အနက်ကိုဟောသည်။ကျေဒွေသောတ်ကွဲသို့မှတ်။

**(၁၈) ဧကုပ္ပါဒနိရောဓါစ၊ဧကာလမ္ဗဏဝတ္ထုကာ။**
**စေတောယုတ္တာဒွိပညာသ၊ဓမ္မာစေတသိကာမတာ။ ။**

ဧကုပ္ပါဒနိရောဓါစ၊ စိတ်နှင့်တကွဖြစ်ခြင်း၊ စိတ်နှင့်တကွ ချုပ်ခြင်းလည်းရှိကုန်ထသော၊ ဧကာလမ္ဗဏဝတ္ထုကာ၊ စိတ်နှင့်တူသောအာရုံ၊ တူသောမှီရာလည်းရှိကုန်ထသော၊ စေတောယုတ္တာ၊ စိတ်နှင့်ယှဉ်ကုန်သော၊ ဒွိပညာသ၊ ၅၂-ပါးကုန်သော၊ ဓမ္မာ၊သဘောတရားတို့ကို၊စေတသိကာ၊စေတသိက်အမည်ရှိကုန်၏ဟူ၍၊မတာ၊သိအပ်ကုန်၏။

(၄၁) ဧကနိရောဓ၊သဒ္ဒါရ၊ဝိဂ္ဂဟကမ္မဓာနစ်။
(၄၂)ဧကာလမ္ဗဏ၊သဒ္ဒါရဖြင့်၊ဒွယပိဉာတ်၊သတ္တရသမ၊ရုပ်ရူပ၊ရှစ်ဝဒ်ဖိနိမိနစ်။
(၄၃) ရှေ့ကသုံးခု၊ပြည့်စုံမှ၊ဝတ္ထုကော်ဖြစ်။

(၄၁) ကေုပ္ပါဒ-အတူဖြစ်ခြင်းဆိုတဲ့အတိုင်း၊ အတူဖြစ်ရုံမျှဖြင့်၊ စေတသိက်ခေါ်မည်ဆိုလျှင်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့လည်း စိတ်နှင့်အတူဖြစ်၍၊ ထို့ကြောင့်၊ စိတ္တဇ၊ ကမ္မဇရုပ်တို့ကို၊ စေတသိက်ခေါ်ရမည်အဖြစ်သို့ရောက်နေ၏၊ သို့ရာတွင်၊ စိတ်တို့သည်၊ ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ခဏငယ်-၃-ချက်ခန့်ကာလသာတည်၍ချုပ်ကြ၏၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့မှာကား၊ ခဏငယ်(၅၁)ချက်ပြည့်မှချုပ်ကြ၏၊ စိတ်နှင့်အတူပင်ဖြစ်၍၊ ကေုပ္ပါဒလက္ခဏာရှိသော်လဲ၊ စိတ်နှင့်အတူမချုပ်ခြင်းကြောင့်၊ ကေနိရောဓလက္ခဏာမရှိကုန်၊ ထို့ငှေ၊ ကေနိရောဓသဒ္ဒါဖြင့်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့သည်၊ စေတသိက်မမည်ဟု-နစ်*ကုန်၏၊

နစ်* ဟူသောစကားသည်။ မြစ်တယ်-တားမြစ်တယ်-ပယ်တယ်-ကန့်တယ်-ကန့်ကွက်တယ်၊ ဆိုသော စကားမျိုးနှင့်အတူတူဟူ၍မှတ်ရမည်။

(၄၂) အတူဖြစ်ခြင်း၊ ကေုပ္ပါဒ၊ အတူချုပ်ခြင်း၊ ကေနိရောဓ၊ ဤလက္ခဏာ-၂ပါးနှင့်ပြည့်စုံရုံမျှဖြင့်၊ စေတသိက်ခေါ်ရမည်ဆိုလျှင်၊ ဝိညတ်နွေ-၂-ပါးတို့လည်း၊ စိတ်နှင့်အတူဖြစ်၊ အတူချုပ်တဲ့ စိတ္တာနုပရိဝတ္တိတရားဖြစ်၍၊ စေတသိက်ခေါ်ရမည့်အခြေအနေသို့ဆိုက်ရောက်နေ၏၊ ရုတိစိတ်မှပြန်၍ရေသော်၊ ၁၇-ချက်မြောက်သော စိတ်၏ဥပါဒ်နှင့်အတူ၊ ဥပါဒ်သောရုပ်၊ အဝိနိဗ္ဘောဂရုပ်(၈)ခုတို့လည်းအတူဖြစ်၊ အတူချုပ်ကြသောကြောင့်၊ စေတသိက်ခေါ်ရတော့မည့် အခြေအနေသို့ဆိုက်ရောက်နေ၏၊ သို့ရာတွင်၊ ထိုဝိညတ်နွေ စသော ရုပ်တို့သည်ကား၊ စိတ်ကဲ့သို့ အာရုံပြုတတ်သော-တရားမျိုး မဟုတ်တဲ့-အနာရမ္မဏတရားဖြစ်၍၊ စိတ်နှင့်တူသော အာရုံရှိခြင်းဆိုတဲ့-ကောလမ္ဗဏလက္ခဏာမရှိကုန်၊ ထို့ကြောင့်၊ ကေုပ္ပါဒ ကေနိရောဓ၊ လက္ခဏာ- ၂-ပါးရှိရုံမျှနှင့်လည်း၊ စေတသိက် မခေါ်ရသေး၊ ကောလမ္ဗဏ လက္ခဏာလည်းရှိပါဒုံးမှ၊ စေတသိက်မည်သည်၊ ထို့ကြောင့်၊ ကောလမ္ဗဏသဒ္ဒါဖြင့်၊ ဝိညတ်နွေ၊ ရုတိစိတ်မှပြန်၍ရေသော်၊ (၁၇)ချက်-မြောက်သောစိတ်နှင့်အတူ ဥပါဒ်သောရုပ်၊ အဝိနိဗ္ဘောဂရုပ်တို့ကိုနစ်စေသည်၊

(၄၃) ကေုပ္ပါဒ၊ ကေနိရောဓ၊ ကောလမ္ဗဏလက္ခဏာ(၃)ခုရှိလျှင်၊ စေတသိက်ခေါ်နိုင်တော့၏၊ အဘယ့်ကြောင့်ဆိုသော်၊ ဤလက္ခဏာ သုံးပါးရှိလျှင်၊ ကေဝတ္ထုကလက္ခဏာရှိသည်သာလျှင်ဖြစ်၏၊ ကေဝတ္ထုကလက္ခဏာကို၊ ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့်၊ ထည့်၍ပြခြင်းဖြစ်သည်၊ ထို့ကြောင့်၊ အရူပဘုံက-စေတသိက်တို့မှာ၊ ကေဝတ္ထုကမရှိ၊ ရှေးလက္ခဏာ-၃-ပါးသာရှိသည်၊

## ကေုပ္ပါဒ၊ ကေနိရောဓ၊ ကောလမ္ဗဏ၊ ကေဝတ္ထုကဖြစ်ပုံကို။ ကြံစရာနည်းပြတခု။

ရူပါရုံကိုအာရုံပြု၍၊ လောဘမူပဌမအသင်္ခါရိကစိတ်တခုသည်၊ ဇောက်ခွတင်၍၊ စက္ခုဒွါရ၌ဖြစ်ပေါ်လာသော်၊ ထိုလောဘမူပဌမ အသင်္ခါရိကစိတ်နှင့်အတူ၊ မရှေးမနှောင်းတပြိုင်နက်၊အညသမာန်းစေတသိက်(၁၃)အကုသလသာဓါရဏစေတသိက်(၄)ခု၊ လောဘဒိဋ္ဌိတို့နှင့်တကွ၊ (၁၉)ပါးသောစေတသိက်တို့လည်း၊ တပြိုင်နက်ဖြစ်ပေါ်-ဥပါဒ်၍လာကြကုန်၏၊ ဤသို့စိတ်တခုနှင့် စေတသိက်(၁၉)ခုတို့၊ အတူဖြစ်လာသည်ကို၊(ကေုပ္ပါဒ)ထက္ခဏာခေါ်သည်၊

ထိုလောဘမူပဌမအသင်္ခါရိကစိတ်(၁)ခုသည်၊ ဘင်ခဏသို့ရောက်၍၊ ချုပ်ဆုံးသွားသော်၊စေတသိက်(၁၉)တို့လည်း၊တပြိုင်နက်ချုပ်ဆုံးကွယ်ပျောက်၍သွားကြကုန်၏၊ ဤသို့အတူပြိုင်ချုပ်သွားကြသည်ကို၊ (ကေနိရောဓလက္ခဏာခေါ်သည်၊ လောဘမူပဌမအသင်္ခါရိကစိတ်သည်၊ရူပါရုံကိုအာရုံပြု၍ဖြစ်ပေါ်လာရာ၊ စေတသိက်(၁၉)ခုတို့လည်း၊၎င်းရူပါရုံကိုပင်အာရုံပြုကြကုန်၏၊ဤသို့အာရုံတူမှုကို၊(ကောလမ္ဗဏလက္ခဏာ)ခေါ်သည်၊

လောဘမူပဌမအသင်္ခါရိကစိတ်သည်၊ ဟဒယဝတ္ထုကိုမှီ၍ဖြစ်ပေါ်လာ၏၊ ၎င်းစေတသိက်(၁၉)ခုတို့လည်း၊ဟဒယဝတ္ထုကိုပင်မှီကြကုန်၏၊ ဤသို့မှီရာဝတ္ထုတူမှုကို၊(ကေဝတ္ထုကလက္ခဏာ)ခေါ်၏၊ဤနည်းအတူကြွင်းသောစိတ်တို့နှင့်ကြံလေမခဲယဉ်းပြီ၊ ဤကားနည်းပြမျှသာဖြစ်သည်၊ သို့သော်၊ စေတသိက်ပိုင်းသင်္ဂဟနည်း၊ အာရုံသင်္ဂဟ၊ ဝတ္ထုသင်္ဂဟ၊ ဝီထိပိုင်းတို့ကိုနိုင်မှလည်း၊ ၎င်းကိုလွယ်မည်၊ သင်စလူများ ကြံစည်ရန်မဟုတ်၊

စေတသိက်(၅၂)ပါးတို့၏သဘောလက္ခဏာကို၊ပိဋကတ်ဝေနယျ,ဥပမာ,လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်သဘောတွေနှင့်ပြလျှင်၊ အလွန်ကျယ်ဝန်းနေမည့် အပြင်၊ မနွှသောသူ၊ အခြေပြုတို့၏စိတ်ညစ်ဘွယ်ရာသာဖြစ်မည်ဖြစ်၍၊ လိုရင်းအချုပ်၊ သရုပ်အဓိပ္ပါယ် ၂-သွယ်မျှသာပြလိုက်ပါအံ့၊ နှုတ်မှာအာဂုံဆောင်ကြလေ၊

# သရုပ်သဘောအဓိပ္ပါယ်ပြနည်း။

| သရုပ်၊ | သဘောအဓိပ္ပါယ်၊ |
|---|---|
| ဖဿ | အာရုံကိုတွေ့ထိခြင်းလက္ခဏာရှိသည်၊ |
| ဝေဒနာ | အာရုံ၏အရသာကိုခံစားခြင်းလက္ခဏာရှိသည်၊ |
| သညာ | အာရုံ၏သဘောကိုမှတ်ခြင်းလက္ခဏာရှိသည်၊ |
| စေတနာ | အာရုံ၏သမ္ပယုတ်တရားတို့ကိုစေ့ဆော်ခြင်းလက္ခဏာရှိသည်၊ |
| ဧကဂ္ဂတာ | တခုတည်းသော အာရုံကိုသာယူသည်ဖြစ်၍၊ တည်ကြည်ခြင်း၊မပြန့်လွင့်ခြင်းလက္ခဏာရှိသည်၊ |
| ဇီဝိတိန္ဒြိယ | သဟဇာတ်ဖြစ်သောရုပ်နာမ်တရားတို့ကိုစောင့်ခြင်း၊ အစိုးရခြင်း၊လက္ခဏာရှိသည်၊ |
| မနသိကာရ | အာရုံ၌နှလုံးသွင်းခြင်းလက္ခဏာရှိသည်၊ |
| သဗ္ဗစိတ္တသာဓါရဏစေတသိက်(၇)ခု၊ | အလုံးစုံသောစိတ်တခုယုတ်(၉၀) အကျယ်တရာ့နှစ်ဆဲ့တပါးတို့နှင့်ဆက်ဆံသည်ယှဉ်သည်၊ |
| ဝိတက္က | သမ္ပယုတ်တရားတို့ကိုအာရုံသို့ရှေးရှုတင်ခြင်းလက္ခဏာရှိသည် |
| ဝိစာရ | အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်းလက္ခဏာရှိသည်၊ |
| အဓိမောက္ခ | အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာရှိသည်၊ |
| ဝီရိယ | သမ္ပယုတ်တရားတို့ကို၊ ထောက်ပံ့နိုင်စေခြင်း လက္ခဏာရှိသည်၊ |
| ပီတိ | အာရုံကိုနှစ်သက်ခြင်းလက္ခဏာရှိသည်၊ |
| ဆန္ဒ | ပြုလိုခြင်းမတ္တသာလက္ခဏာရှိသည်၊ |

ပြီးပြွမ်းရှ်ယှဉ်တတ်သောကြောင့်၊ပကိဏ်းစေတသိက်(၆)ခုခေါ်သည်။

(၄၄) 'သဗ္ဗ,'ပကိဏ္ဏ,၊တေရသ(အညသမာန၁၃။) သောဘဏစိတ်၌ယှဉ်ရိုက်၊ (အသောဘဏစိတ်မှတပါး၊)သောဘဏစိတ်နှင့်တူသည်၏အဖြစ်၊ အသောဘဏစိတ်၌ယှဉ်ရိုက်၊(သောဘဏစိတ်မှတပါး၊) အသောဘဏစိတ်နှင့်တူသည်၏အဖြစ်ကြောင့်၊ (အညသမာန်၁၃၊)စေတသိက်ခေါ်သည်၊

| သရုပ်၊ | အဓိပ္ပါယ်၊ |
|---|---|
| မောဟ | အာရုံ၏သဘောကိုဖုံးလွှမ်းခြင်းလက္ခဏာရှိသည်၊ |
| အဟိရိက | ကာယဒုစ္စရိုက်စသည်မှ၊မရှက်ခြင်းလက္ခဏာရှိသည်၊ |
| အနောတ္တပ္ပ | ကာယဒုစ္စရိုက်စသည်မှ၊မလန့်ခြင်းလက္ခဏာရှိသည်၊ |
| ဥဒ္ဓစ္စ | စိတ်၏မငြိမ်သက်ခြင်းပြန့်လွင့်ခြင်းလက္ခဏာရှိသည်၊ |
| လောဘ | အာရုံ၌ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိသည်၊ |
| ဒိဋ္ဌိ | မှားသောအားဖြင့်၊နှလုံးသွင်းခြင်းလက္ခဏာရှိသည်၊ |
| မာန | မိမိကိုယ်ကို၊ ငါသာလျှင် မြတ်၏ဟူ၍၊ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်းလက္ခဏာရှိသည်၊ |
| ဒေါသ | ကြမ်းတမ်းသောအားဖြင့်၊ပြစ်မှားခြင်းလက္ခဏာရှိသည်၊ |
| ဣဿာ | သူတပါးစည်းစိမ်ကို၊ငြူစူခြင်းလက္ခဏာရှိသည်၊ |
| မစ္ဆရိယ | မိမိစည်းစိမ်ကို၊လျှို့ဝှက်ခြင်းလက္ခဏာရှိသည်၊ |
| ကုက္ကုစ္စ | ပြုအပ်ပြီးသောဒုစ္စရိုက်၊မပြုလိုက်မိသောသုစရိုက်တို့၌၊အဘန်တလဲလဲစိုးရိမ်ခြင်းလက္ခဏာရှိသည်၊ |
| ထိန | စိတ်၏မခံ့ခြင်းလက္ခဏာရှိသည်၊ |
| မိဒ္ဓ | စေတသိက်တို့၏မခံ့ခြင်းလက္ခဏာရှိသည်၊ |
| ဝိစိကိစ္ဆာ | အာရုံကိုမဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသည်၊ |
| အကုသိုလ်စေတသိက်(၁၄)ပါး၊ | အကုသိုလ်စိတ်(၁၂)ပါးနှင့်သာယှဉ်သည်၊ |

| သရုပ် | အဓိပ္ပါယ် |
|---|---|
| သဒ္ဓါ | ဘုရားအစရှိသော၊ကောင်းမြတ်သောအာရုံ၌၊သမ္ပယုတ် တရားတို့ကို၊ကြည်စေခြင်းလက္ခဏာရှိသည်၊ |
| သတိ | ဘုရားအစရှိသော၊ ကောင်းသောအာရုံ၌၊ သမ္ပယုတ်တရားတို့ကို၊အောက်မေ့စေခြင်းလက္ခဏာရှိသည်၊ |
| ဟိရီ | ကာယဒုစ္စရိုက်စသည်မှ၊ရှက်ခြင်းလက္ခဏာရှိသည်၊ |
| ဩတ္တပ္ပ | ကာယဒုစ္စရိုက်စသည်မှ၊လန့်ခြင်းလက္ခဏာရှိသည်၊ |
| အလောဘ | အာရုံ၌ငြိသောအားဖြင့်၊မတပ်ခြင်းလက္ခဏာရှိသည်၊ |
| အဒေါသ | ကြမ်းတမ်းသောအားဖြင့်၊မပြစ်မှားခြင်းသဘောရှိသည်။ |
| တတြမဇ္ဈတ္တတာ | ထိုထိုသို့သောအာရုံတို့၌၊ သမ္ပယုတ်တရားတို့ကို၊ လျစ်လျူရှုစေခြင်းလက္ခဏာရှိသည်၊ |
| ကာယပဿဒ္ဓိ | စေတသိက်တို့၏၊ငြိမ်းခြင်းလက္ခဏာရှိသည်၊ |
| စိတ္တပဿဒ္ဓိ | စိတ်၏ငြိမ်းခြင်းလက္ခဏာရှိသည်၊ |
| ကာယလဟုတာ | စေတသိက်တို့၏ပေါ့ခြင်းလက္ခဏာရှိသည်၊ |
| စိတ္တလဟုတာ | စိတ်၏ပေါ့ခြင်းလက္ခဏာရှိသည်၊ |
| ကာယမုဒုတာ | စေတသိက်တို့၏နူးညံ့ခြင်းလက္ခဏာရှိသည်၊ |
| စိတ္တမုဒုတာ | စိတ်၏နူးညံ့ခြင်းလက္ခဏာရှိသည်၊ |
| ကာယကမ္မညတာ | စေတသိက်၏အမှု၌ကောင်းသောအဖြစ်လျှင်လက္ခဏာရှိသည်၊ |
| စိတ္တကမ္မညတာ | စိတ်၏အမှု၌၊ကောင်းသောအဖြစ်လျှင်လက္ခဏာရှိသည်၊ |
| ကာယပါဂုညတာ | စေတသိက်တို့၏လေ့လာခြင်းလက္ခဏာရှိသည်၊ |
| စိတ္တပါဂုညတာ | စိတ်၏လေ့လာခြင်းလက္ခဏာရှိသည်၊ |
| ကာယုဇုကတာ | စေတသိက်တို့၏ဖြောင့်မတ်ဖြစ်ခြင်းလက္ခဏာရှိသည်၊ |
| စိတ္တုဇုကတာ | စိတ်၏ဖြောင့်မတ်ဖြစ်ခြင်းလက္ခဏာရှိသည်၊ |
| သောဘဏသာဓာရဏ စေတသိက်(၁၉)ပါး၊ | သောဘဏစိတ်တခု၊ယုတ်(၆၀)နှင့်ဆက်ဆံသည်၊ |

| သချင် | အဓိပ္ပါယ် |
|---|---|
| သမ္မာဝါစာ<br><br><br>သမ္မာကမ္မန္တ<br><br><br>သမ္မာအာဇီဝ | အသက်မွေးခြင်းလျှင်အကြောင်းမရှိသော၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ဖရုသဝါစာ၊ သမ္ဖပ္ပလာပတည်းဟူသော၊ ဝစီဒုစ္စရိုက်(၄)ပါးမှ၊ကြဉ်ခြင်းလက္ခဏာရှိသည်။<br>အသက်မွေးခြင်းလျှင် အကြောင်းမရှိသော၊ ပါဏာတိပါတ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရတည်းဟူသော၊ ကာယဒုစ္စရိုက်(၃)ပါးမှ၊ကြဉ်ခြင်းသက္ခဏာရှိသည်။<br>အသက်မွေးခြင်းလျှင် အကြောင်းရှိသော၊ ဝစီဒုစ္စရိုက်(၄)ပါး၊ ကာယဒုစ္စရိုက်(၃)ပါးမှ၊ကြဉ်ခြင်းသက္ခဏာရှိသည်။ |
| ဝိရတီစေ(၃)ပါး | ဝိရမိတဗ္ဗဝတ္ထုမှ၊ရှောင်ကြဉ်တတ်သည်။ |
| ကရုဏာ<br><br>မုဒိတာ | အတိုင်းမသိသော၊ ဒုက္ခိတ-သတ္တဝါ၊ပညတ်ကိုအာရုံပြု၍၊ သနားခြင်းသက္ခဏာရှိသည်။<br>အတိုင်းမသိသော၊ သုခိတ-သတ္တဝါ၊ ပညတ်ကိုအာရုံပြု၍၊ ဝမ်းမြောက်ခြင်းသက္ခဏာရှိသည်။ |
| အပ္ပမညာ(၂) | အတိုင်းမသိသော၊ သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်လျှင် အာရုံရှိသည်။ |
| ပညိန္ဒြေ | အနိစ္စအစရှိသော အစွမ်းဖြင့်၊ ထိုးထွင်း၍ သိသည်ဖြစ်၍၊ ထိုသို့သိခြင်း၌၊အစိုးရခြင်းလက္ခဏာရှိသည်။ |
| | ၄-မျိုးကိုပေါင်းလျှင်၊သောဘဏစေတသိက် ၂၅ပါးခေါ်သည် |

### (၁၉) ဝေဒနာ-ညာဏသမ္ပယုတ်၊ စိတ္တုပ္ပါဒ်-ကုသလာဒိတိက၊ ဝေဒနာတိကပဥ္စဝိညာဏ်၊ မနောဝိညာဏ်ဓာတ်ရေ။

ဝေဒနာ၊ ပကိဏ်း-သမ္ဘ၊ နှစ်ဝပေါင်းပြား၊ ၁၃-ပါးကုန်သော၊ အညသမာနာစ၊ အညသမာန်းစေတသိက်တို့ရင်း၊ ဧဒ္ဒသ၊ မောဟအစ၊ ဒိဋ္ဌိကိစ္စာအဆုံး၊ ၁၄-လုံး ကုန် သော၊ အကုသလာ၊ အကုသိုလ်စေတသိက်တို့ရင်း၊ တထာ၊ ထိုမှတပါး၊ ပဥ္စဝိသ၊ သော ဘဏာသာဓါ၊ ၁၉-ဖြာနှင့်၊ ၃-ဖြာဝိရတီ၊ ၂-လီပမညာ၊ ပညာတချ၊ လေးစုပေါင်းပြား၊ ၂၅-ပါးကုန်သော၊ သောဘဏာစ၊ သောဘဏစေတသိက်တို့ရင်း၊ ဣတိ၊ ဤသို့၊ စေတ သိကာ-စိတ်နှင့်ယှဉ်တတ်သော စေတသိက်တို့ကို၊ ဒွိပညာသ၊ ၅၂-ပါးအပြားရှိကုန်၍ ပဝုစ္စရေ၊ အပြားအားဖြင့် ပြောကြားမိန့်ဆိုအပ်ကုန်၏။

# ဝိတက်နှင့်ဝိစာရအထူး။

(၄၅) ရုံ့ရင်းလှစွာ၊ ဝိတက်မှာ၊ ဝိစာလွန်ငြိမ်သက်၊
(၄၆) ရှေ့သွားဖြစ်ရှာ၊ ဝိတက်မှာ၊ ဝိစာနောက်လိုက်ခွက်၊
(၄၇) ခေါင်းလောင်းထိုးသံ၊ ဝိတက်မှန်၊ ငြီးသံဝိစာခွက်၊
(၄၈) ငှက်သကုဏာ၊ တောင်ဖြန့်ပျံ၊ ဝဲပျံတနည်းထွက်၊

**ဝိတက်ဝိစာရ-၂-ပါးတို့၏အထူးကား၊** ဝိတက်သည်ကြမ်းတန်းသည်ဖြစ်၍၊ အာရုံ၌ရှေးဦးစွာကျရောက်ခြင်းသဘောရှိသည်၊ အလွန်တုံလှုပ်သောဖြစ်ခြင်းရှိသည်၊ ဝိစာရသည်ကား၊ ဝိတက်ယူပြီးသောအာရုံကို သိမ်းဆည်းခြင်းသဘောရှိသည်ဖြစ်၍၊ အလွန်ငြိမ်သက်သောဖြစ်ခြင်းလည်းရှိ၏၊ ဝိတက်၏နောက်လိုက်လည်းဖြစ်၏၊

ဝိတက်သည်၊ ခေါင်းလောင်းကျောက်စည်ကို၊ ရှေးဦးစွာထိုးခေါက်ရိုက်နှက်သော အသံနှင့်တူ၏၊ ဝိစာရသည်ကား၊ ခေါင်းလောင်းကျောက်စည်၏၊ ကြာမြင့်စွာငြီးတွား၍ မည်သောအသံနှင့်တူ၏၊ တနည်းကား၊ ငှက်ပိတုံးစသည်တို့သည်၊ ကောင်းကင်ကိုပျံ လို၍၊ အတောင်ကိုရှေးဦးစွာခပ်သည်နှင့်၊ ဝိတက်နှင့်တူ၏၊ ပျံတက်ပြီးနောက်၊ ကောင်း ကင်ရောက်၍၊ ခေါက်ခေါက်ခါခါ၊ အဇဋာဝဝယ်၊ သာယာဖင့်နွဲ့၊ အကြိုင်ကြိုင်ဝဲမှုနှင့်၊ ဝိ စာရတူ၏၊ ဤကား၊ အဋ္ဌကထာဋီကာဆရာပြဆိုအပ်သောဥပမာများပေတည်း၊

တနည်းကား၊ ။ဝိတက်သည်၊ လင်နှင့်ဘူ၏၊ ဝိစာရသည်၊ မယားနှင့်တူ၏၊ လင်သည်၊ ဥစ္စာစည်းစိမ်မရ-ရအောင်၊ အားတိုက်ခွင်တိုက်၊ ကြမ်းကြမ်းတန်းတန်း ရှာဖွေ၍-ရလာသောပစ္စည်းကို၊မယားသည်အိမ်ကနေပြီး၊ မျက်နှာချိုသွေးခါ၊ လင်ယူလာသော၊ ဥစ္စာပစ္စည်းအသီးသီးကို၊ လှမ်းပြီးယူခါ၊ သိမ်းထားရှာသကဲ့သို့ တူလေ၏၊ ဤကားငါတို့အလိုတနည်းဥပမာ။

(ယဒိဇ္ဇူ ဠ္ဌေယျဂဏှာပတိ၊နော့စေဇဟေထပဏ္ဍိတာ၊)

## ဆန္ဒနှင့်လောဘအထူး။

(၄၉) ပြုလိုခါမျှ၊ခေါ်ဆန္ဒ,၊လောဘပြင်းစွာတပ်။

ပြုလိုခါမတ္တသဘောသည်၊ဆန္ဒမည်၏။ အာရုံ၌ပြင်းစွာတပ်တတ်သောသဘောသည်၊လောဘမည်၏။

ဆန္ဒကား၊အာရုံ၌မငြိသောအားဖြင့် လိုချင်ခါမျှ၊ ပြုလိုခါမျှ၊ သွားလိုစားလိုခါမျှသာ၊လက္ခဏာရှိသည်၊ လောဘကား၊ အာရုံ၌ကပ်ငြိသောအားဖြင့်၊မမြင်ရမနေ၊မစားရမနေနိုင်အောင်၊လိုချင်ခြင်းလက္ခဏာရှိသည်၊

## ဒိဋ္ဌိနှင့်ပညာအထူး။

(၅၀) ဟုတ်မှန်တိုင်းသိ၊ညာဏ်ခေါ်ဘိ၊ဒိဋ္ဌိမြင်ဘောက်ပြန်။

ဟုတ်မှန်သောအတိုင်း၊ သိမြင်တတ်သောတရားသည်၊ ပညာညာဏ်မည်၏၊ ဘောက်ပြန်မှားယွင်းသောအားဖြင့်၊မြင်မှုသည်ဒိဋ္ဌိမည်၏။

## သညာ၊ ဝိညာဏ်၊ ပညာ,သုံးပါးအထူး။

(၅၁) သိခါမျှမှာ၊ စေသညာတည်း၊ လက္ခဏာမသိ၊ ၂-ဖြာသိပြန်၊ စိတ်,ဝိညာဏ်တည်း၊မဂ်ညာဏ်မသိ၊သုံးမျိုးသိရာ၊ညာဏ်၊ပညာ၊သုံးဖြာအထူးမှာ။

(၅၂) သူငယ်အမိ၊ပန်းတိမ်သိ၊ရွှေ၏ဥပမာ။

သညာသည်၊အညိုအစရှိသည်တို့၏အစွမ်းဖြင့်၊ အမှတ်ပြု၍သိခြင်းမျှကိုပြုတတ်၏၊ လက္ခဏာရေးသုံးပါးကို၊ထိုးထွင်း၍သိခြင်းကိုပြုခြင်းငှါမစွမ်းနိုင်၊ ဝိညာဏ်သည်၊

လက္ခဏာရေးသုံးပါးကို၊ထိုးထွင်း၍သိခြင်းကိုလဲ၊ပြီးစေနိုင်၏၊ ဝိပဿနာအားထုတ်ရာ၌၊ မဂ်ဉာဏ်သို့ရောက်ခြင်း၌ါမစွမ်းနိုင်၊ပညာသည်၊ သုံးပါးလုံးကိုပင်ပြုတတ်၏၊ ။ ဤကားအထူး၊

သညာသိမှုသည်၊သူငယ်ကလေးဘယောက်၊ လင်းဒ္ဒါရွှေခဲကလေးကိုကောက်ရသည်နှင့်တူ၏၊ သူငယ်သည်၊ ရွှေခဲကိုကောက်ရခဲ့ရာ၊ ဝါဝါကိုမြင်သဖြင့်၊ ရွှေမှန်း၊ ကြေးမှန်း၊ မိုးကြိုးမှန်းမသိ၊ အဘိုးတန်သောဝတ္ထုဟု-ထင်၍-ကောက်ခဲ့ပြီးလျှင်၊ အမိအားပြသေ၏၊ အမိသည်ကား၊ရွှေဖြစ်မှန်းသိ၏၊သို့ရာတွင်၊ ၉-မူးရေ ၁၀-မူးရေစသောအားဖြင့်၊ ရွှေ၏အဘိုးတန်မတန်ကိုကားမသိသည်ဖြစ်၍၊ ပန်းတိမ်ဆရာအားပြရာ၊ ပန်းတိမ်ဆရာသည်ကား၊ အဘိုးတန်သော ဝတ္ထုဖြစ်ကြောင်းကိုလဲသိ၏၊ ရွှေမှန်းလဲသိ၏၊ ၉-မူးရေ၊ ၁၀-မူးရေစသောအားဖြင့်လည်းသိ၏၊

| | | |
|---|---|---|
| သူငယ်တို့သိမှုနှင့် | ...... | သညာနှင့်တူ၏၊ |
| အမိသိမှုနှင့် | ...... | ဝိညာဏ်နှင့်တူ၏၊ |
| ပန်းတိမ်ဆရာသိမှုနှင့် | ...... | ပညာနှင့်တူ၏၊ |

## အညသမာန်းစေတသိက်သမ္ပယောဂ(၇)နည်း။

(၅၃) သဗ္ဗစိတ္တေ၊ခုနစ်ထွေ၊ယှဉ်လေစိတ်တိုင်းပင်၊
(၅၄) ကာမစိတ်တွင်၊ နွေပဉ်ကြဉ်ပြစ်၊ ဆဲ့တစ်ပချာန်၊ ထည့်တုံပြန်၊မှတ်ခုန်ဝိတက်ယှဉ်၊
(၅၅) ၅၅-တွင်၊ဒုချာန်ဝင်၊စာတွင်ခြောက်ဆဲ့ခြောက်၊
(၅၆) စိတ်အကျဉ်းတွင်၊နွေပဉ်,ဝီစိ,ကြဉ့်တုံဘိ၊အဓိမောက္ခယှဉ်၊
(၅၇) နွေပဉ်,သန္တိ,သုံးလီမနောဓါတ်၊ပယ်တုံလတ်၊မှတ်ကြဝိရိယှဉ်၊
(၅၈) သောခြောက်ဆဲ့နှစ်၊စ-ချာန်ပြစ်၊ငါးတစ်ပီတိယှဉ်၊
(၅၉) မောမူ,အဟိတ်၊စိတ် ၂၀ ကြဉ်၊ဆန္ဒယှဉ်၊သချ်ာ ၆၉၊

သဗ္ဗစိတ္တသာဓါရဏစေ......၇-ခုတို့သည်၊ အလုံးစုံသော စိတ်အကျဉ်း တခုယုတ်-၉၀၊ စိတ်အကျယ်-၁၂၁-ပါးမှာယှဉ်သည်၊

ကာမစိတ်(၅၄)ပါးတွင်၊ ဒွေပဉ္စဝိညာဏ်(၁၀)ကိုကြဉ်၍ကျန်သော (၄၄)ပါးတွင်၊ပဌမဈာန်ကောဒ္ဒသထည့်၍၊ ၅၅-ပါးသောစိတ်မှာဝိတက်ယှဉ်သည်၊

ထို(၅၅)ပါးသောစိတ်တွင်၊ ဒုတိယဈာန် ကောဒ္ဒသကိုထည့်၍၊ (၆၆)ပါးသော စိတ်မှာ၊ဝိစာရယှဉ်သည်၊

စိတ်အကျဉ်း(၈၉)ပါးတွင်၊ ဒွေပဉ္စဝိညာဏ်(၁၀)ဝိစိကိစ္ဆာ(၁)ပါး၊ ၏(၁၁)ပါးကိုကြဉ်၍(၇၈)ပါးသောစိတ်မှာ၊အဓိမောက္ခယှဉ်သည်၊

စိတ်အကျဉ်း(၈၉)ပါးတွင်၊ ဒွေပဉ္စဝိညာဏ်(၁၀)သန္တီရဏ(၃)ခု၊ မနောဓါတ် ၃)ခု၊၏(၁၆)ပါးကိုကြဉ်၍(၇၃)ပါးသောစိတ်မှာ-ဝီရိယယှဉ်သည်၊

သောမနဿ(၆၂)ပါးတို့တွင်၊ စတုတ္ထဈာန်၊ သောမနဿ(၁၁)ပါးကိုကြဉ်၍၊ ၅၁-ပါးသောစိတ်မှာ၊ပီတိယှဉ်သည်၊

စိတ်အကျဉ်း(၈၉)ပါးတွင်၊ မောဟမူဒွေ၊ အဟိတ်စိတ်(၁၈)၏(၂၀)ကိုကြဉ်၍၊ကျန်သော(၆၉)ပါးသောစိတ်မှာ ဆန္ဒယှဉ်သည်၊

# အညသမာန်းစေတသိက် (၁၃)

| အမည် | သဗ္ဗစိတ္တ | တက် | ဝိစာ | အဓိ | ဝီရိယ | ပီတိ | ဆန္ဒ | ပေါင်း။ |
|---|---|---|---|---|---|---|---|---|
| အကုသိုလ်စိတ် | ၁၂ | ၁၂ | ၁၂ | ၁၁ | ၁၂ | ၄ | ၁၀ | ၁၂ |
| အဟိတ်စိတ် | ၁၈ | ၈ | ၈ | ၈ | ၂ | ၂ | + | ၁၈ |
| ကာမာဝစရသောဘဏ | ၂၄ | ၂၄ | ၂၄ | ၂၄ | ၂၄ | ၁၂ | ၂၄ | ၂၄ |
| မဟဂ္ဂုတ်စိတ် | ၂၇ | ၃ | ၆ | ၂၇ | ၂၇ | ၉ | ၂၇ | ၂၇ |
| လောကုတ္တရာစိတ် | ၈ | ၈ | ၁၆ | ၈ | ၈ | ၂၄ | ၈ | ၈ |
| ယှဉ်သောစိတ်ပေါင်း– | ၈၉ | ၅၅ | ၆၆ | ၇၈ | ၇၃ | ၅၁ | ၆၉ | ၈၉ |
| မယှဉ်သောစိတ်ပေါင်း– | + | ၆၆ | ၅၅ | ၁၁ | ၁၆ | ၇၀ | ၂၀ | ၈၉ |

(၂၀) ဆသဋ္ဌိပဥ္စပညာသ၊ ကောဒသစသောဠသ။
သတ္တတိဝိသတိစေဝ၊ ပကိဏ္ဏကဝိဝဇ္ဇိတာ။ ။
(၂၁) ပဥ္စပညာသဆသဋ္ဌိ၊ ဌသတ္တတိ တိံသတ္တတိ။
ကေပညာသစေကူန၊ သတ္တတိသပကိဏ္ဏကာ၊ ။

ပန၊ပါရိသေသနည်းတစိတ်ကိုဆိုအံ့၊ ၊ပကိဏ္ဏကဝိဝဇ္ဇိတာ၊ ပကိဏ်း စေတသိက်(၆)ခုတို့သည်ကြဉ်အင်ကုန်သော၊ တေစိတ္တုပ္ပါဒါ၊ ထိုစိတ်တို့ကို၊ ယထာက္ကမံ၊ အစဉ်အတိုင်း၊ ဆသဋ္ဌိစ၊ ၆၆-ပါးအပြားရှိကုန်၏ဟူ၍၎င်း။ပဥ္စပညာသစ၊ ၅၅ ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ ကောဒသစ၊ တဆဲ့တပါးအပြားရှိကုန်၏ဟူ၍၎င်း၊ သောဠသစ၊ ၁၆-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ သတ္တတိစ၊ ၇၀-အတိုင်းအရှည်ရှိကုန်၏ဟူ၍၎င်း၊ ဝိသတိစေဝ၊ ၂၀အတိုင်းအရှည်ရှိကုန်၏ဟူ၍၎င်း၊ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

သပကိဏ္ဏကာ၊ပကိဏ်းစေတသိက်(၆)ခုနှင့်တကွဖြစ်ကုန်သော၊ တေစိတ္တုပ္ပါဒါ၊ထိုစိတ္တုပ္ပါဒ်တို့ကို၊ယထာက္ကမံ၊အစဉ်အတိုင်း၊ပဥ္စပညာသစ၊ ၅၅ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ ဆသဋ္ဌိစ၊ ၆၆-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ အဌသတ္တတိစ၊ ၇၈-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊တိသတ္တတိစ၊ ၇၃-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ ဧကပညာသစ၊ ၅၁-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ ဧကူနသတ္တတိစ၊ တခုယုတ် (၇၀)အတိုင်းအရှည်ရှိကုန်၏ဟူ၍၎င်း၊ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

အဘယ်နည်းမျိုးကို၊ပါရိသေသနည်းဟုဆိုပါသနည်း။ ?

ဆသဋ္ဌိစသောဂါထာသည်၊ ရထ္ထိုယဉ်၍ မဆိုအပ်သေးသည်ကို၊ ပေါင်း၍ပြသော ကြောင့်၊(ပါရိသေသ)နည်းခေါ်ပါသည်၊

(၆၀) ကျယ်,ကျယ်,ကျဉ်း,ကျဉ်း,၊အကျယ်,ကျဉ်း၊ယှဉ်ခြင်းပကိဏ်းခြောက်။

တက်(နှင့်)စာ ၂ပါးက၊အကျယ်မှာယှဉ်သည်၊ ဓိ(နှင့်)ဝိ-၂ပါးက၊အကျဉ်းမှာ ယှဉ်သည်၊ ပီ-ကအကျယ်၊ ဆံ-ကအကျဉ်းမှာယှဉ်သည်ဟုမှတ်လေ၊

ဝိတက်သည်၊ဒွေပဥ္စဝိညာဏ်(၁၀) ကို၊အဘယ့်ကြောင့်ကြဉ်သနည်း။ ?

သဘောအားဖြင့်၊ ဝိတက်မရှိသောကြောင့်၎င်း၊ ရှာနင်မှုကင်းခြင်းကြောင့်၎င်း၊ ဒွေပဥ္စဝိညာဏ် (၁၀) ကိုကြဉ်သည်၊ (ပဌမပဟိတ်-ဝိဘာဝနီအလို၊ ဒုတိယဟိတ်၊ သင်္ခေပဝဏ္ဏနာအလို၊)ဝိစာရကြဉ်ရာ၌လည်း-ဤအတိုင်းပင်ဖြေ၊

ဒုတိယဈာန်စသည်ကို၊ဝိတက်အဘယ့်ကြောင့်ကြဉ်သနည်း။ ?

ဒုတိယဈာန်စသည်ကို၊ ရောက်လိုသောပုဂ္ဂိုလ်သည်၊ ဝိတက်ကိုပင်ရန်သူထင်၍၊ဘာဝနာကိုပွါးသဖြင့်ရသောကြောင့်၊ဒုတိယဈာန်စသည်ကိုဝိတက်ကြဉ်သည်။

အဘယ့်ကြောင့်အဓိမောက္ခသည်၊ဒွေပဉ္စဝိညာဏ်(၁၀)ဝိစိကိစ္ဆာကိုကြဉ်သနည်း ?

ဒွေပဉ္စဝိညာဏ် (၁၀) သည်၊ ဆုံးဖြတ်ခြင်းသဘောမှကင်းခြင်းကြောင့်၊ ဝိစိကိစ္ဆာသည်၊ အဓိမောက္ခနှင့်၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၊ ကြဉ်သည်။

၁၆-ပါးသောစိတ်တို့ကို၊အဘယ့်ကြောင့်ဝီရိယကြဉ်သနည်း။ ?

ဗိုလ်ကိစ္စမှကင်းခြင်းကြောင့်ကြဉ်ရသည်။

ပီတိသည်၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ သောမနဿနှင့်တကွ၊ ပေါင်း-သောမနဿ (၅၁)ပါးကိုယှဉ်ပါလျက်၊ စတုတ္ထဈာန်၊ သောမနဿ(၁၁)ပါး,သုခသဟဂုတ်၊ ကာယဝိညာဏ်တို့ကို၊ အဘယ့်ကြောင့်ကြဉ်သနည်း။ ?

ပီတိသည်၊ စတုတ္ထဈာန်၌ကား၊ ပီတိကင်းစေလိုသဖြင့်၊ ဘာဝနာကိုပွါး၍၊ စတုတ္ထဈာန်ကိုရသောကြောင့်၊ ပီတိသည်၊ စတုတ္ထဈာန်ကိုကြဉ်သည်၊ သုခသဟဂုတ် ကာယဝိညာဏ်၌ကား၊ သုခသဟဂုတ်က၊ ကာယိကသုခ၊ ပီတိက၊ မာနသိကသုခဖြစ်၍၊သဘောကွဲပြားသောကြောင့်ကြဉ်သည်။

၂၀-သောစိတ်ကို၊ဆန္ဒအဘယ့်ကြောင့်ကြဉ်သနည်း။ ?

ကုလားမှန်သမျှ၊ ဗလီရုံပေါ်သို့ တက်ကြွပါဆိုရာ၊ ပင်ကိုရ်က ကုလားမဟုတ်သော၊ မြန်မာလူမျိုးတို့မတက်နိုင်သကဲ့သို့၊ ပင်ကိုရ်ကပင်၊ ပြုလိုကာမတ္တလက္ခဏာမရှိသော၊ အဟိတ်စိတ်မောဟမူတို့သည်၊ ပြုလိုခါမတ္တ-ကတ္တုကမျတာလက္ခဏာရှိသော၊ ဆန္ဒနှင့်မယှဉ်နိုင်၍ကြဉ်ရသည်။

## အဝိုချုပ်-မြန်မာဂါထာ။

(၁) မော,ဟာ,နောက်,ဥ,-အကုဒ္ဂါဒါ၊
သောဘာ,စေကားလောဘမှုမှာ၊
ဒိဋ္ဌိ-သုံးလေး၊ဝိပ်လေး-မာနာ။
ဒေါ်ခွေ့ရှိ-ဒေါ,ဣ,မစ်,ကုစ္စာ,။

(၂) ထိန,မိဒ္ဓ,-ငါးဝသသင်၊
ဝိစိ,ဝိစိ ယှဉ်ဘိတစ်ပင်၊
စေဓုဒ္ဓသ-ဒ္ဓါဒစ်တ်ယှဉ်၊
အယှဉ်ပြ-ပဋ္ဌ-အကုသင်၊

## ကြည့်ရှုကြံ့စီရန်အခဏ်း။

(၁)(က) မော,ဟာ,နောက်,ဥ,-အကုဒ္ဂါဒါ၊

မောဟ၊ အဟိရိက အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဤအကုသလ သာဓါရဏ စေတသိက်(၄)ခုတို့သည်၊အလုံးစုံသောအကုသိုလ်စိတ်(၁၂)ပါးမှာယှဉ်သည်။

(ခ) လောဘစေက-လောဘမှုမှာ၊

လောဘစေတသိက်တခုသည်၊လောဘမူစိတ်(၈)ခုမှာယှဉ်သည်၊

(ဂ) ဒိဋ္ဌိ-သုံးလေး-ဝိပ်လေး-မာနာ။

ဒိဋ္ဌိစေတသိက်သည်၊လောဘမူသမ္ပယုတ်လေးပါးမှာယှဉ်သည်၊
မာနစေတသိက်သည်၊လောဘမူဝိပ္ပယုတ်လေးပါးမှာယှဉ်သည်၊

(ဃ) ဒေါ်ခွေ့ရှိ-ဒေါဣ-မစ်ကုစ္စာ။

ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ စေတသိက်လေးခုတို့သည်၊ ဒေါသမူနှစ်မှာယှဉ်သည်၊

(၂)(က) ထိန မိဒ္ဓ-ငါးဝသသင်၊

ထိန,မိဒ္ဓစေတသိက်(၂)ခုတို့သည်၊သသင်္ခါရိကငါးခုမှာယှဉ်သည်၊

(ခ) ဝိစိ,ဝိစိ-ယှဉ်ဘိတစ်ပင်၊

ဝိစိကိစ္ဆာစေတသိက်(၁)ခုသည်၊ဝိစိကိစ္ဆာသဟဂုတ်စိတ်တခုမှာပင်ယှဉ်သည်၊

(ဂ) စေဓုဒ္ဓသ-ဒ္ဓါဒစိတ်ယှဉ်၊

ဤသို့အစိတ်အစိတ်ပြအပ်သော၊အကုသိုလ်စေတသိက်(၁၄)ခုတို့သည်၊အပေါင်းအားဖြင့်၊အကုသိုလ်စိတ်(၁၂)ပါးမှာပင်ယှဉ်သည်၊

## (ဃ) အယှဉ်ပြ-ပဋ္ဌ-အကျသင်၊

ဤသို့သောနည်းအားဖြင့်၊ ၄-ပါးသောစေ......က၊ ၁၂-ပါးမှာတနည်း။ ၃-ပါးသောစေ......က၊ လောဘမူ(၈)မှာတနည်း၊ တဘန်လေးပါးသောစေ......က၊ ၂-ပါးမှာတနည်း။ ၂-ပါးသောစေ......က၊ ၅-ပါးမှာတနည်း။ ၁-ပါးသောစေ......က၊ ၁-ပါးမှာတနည်း။ဤသို့အားဖြင့်၊အကုသိုလ်စိတ်မှာ၊သမ္ပယောဂနည်းငါးနည်းရှိသည်၊

**(၂၂) သဗ္ဗာပုညေသု-စတ္တာရော၊လောဘမူလေ တယောဂတာ။**
**ဒေါသမူလေသု-စတ္တာရော၊သသင်္ခါရေဒွယံ တထာ။ ။**

**(၂၃) ဝိစိကိစ္ဆာ—ဝိစိကိစ္ဆာ၊စိတ္တေစာတိစတုဒ္ဒသ။**
**ဒွါဒသာကုသလေသွေဝ၊သမ္ပယုဇ္ဇန္တိ ပဉ္စဓါ၊ ။**

စတ္တာရော၊မော,ဟိ,နော,ဉ, ၄-ခုသောစေတသိက်တို့သည်၊သဗ္ဗာပုညေသု၊အလုံးစုံသောအကုသိုလ်စိတ်(၁၂)ခုတို့၌၊ ဂတာ ဖြစ်ကုန်၏၊ တယော၊လော,ဒိဋ္ဌိ,မာန,၊ သုံးဝသောစေတသိက်တို့သည်၊လောဘမူလေ.လောဘမူစိတ်ရှစ်ခု၌၊ဂတာ၊ဖြစ်ကုန်၏၊ စတ္တာရော၊ဒေါ,ဣဿ,မစ်,ကု၊ ၄-ခုသောစေတသိက်တို့သည်၊ ဒေါသမူလေသု၊ဒေါသမူစိတ်၂-ခုတို့၌၊ ဂတာ၊ဖြစ်ကုန်၏၊ တထာ၊ထို့အတူ၊ဒွယံ၊ထိနမိဒ္ဓစေတသိက်(၂)ခုအပေါင်းသည်၊ သသင်္ခါရေ၊သသင်္ခါရိက(၅)ခု၌၊ ဂတံ၊ဖြစ်၏၊ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာစေတသိက်သည်၊ ဝိစိကိစ္ဆာစိတ္တေစ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်တခုဌ်သာလျှင်၊ ဂတာ၊ ဖြစ်၏၊ ဣတိ၊ဤသို့၊စတုဒ္ဒသ၊ ၁၄-ပါးသောအကုသိုလ်စေတသိက်တို့သည်၊ ဒွါဒသာကုသလေသွေဝ၊ ၁၂-ပါးသော အကုသိုလ်စိတ်တို့၌သာလျှင်၊ ပဉ္စဓါ၊၅-မျိုးသော အပြားအားဖြင့်၊သမ္ပယုဇ္ဇန္တိ၊ယှဉ်ကုန်၏၊

ထိုအကုသိုလ်စေတသိက်(၁၄)ခုတို့တွင်၊ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊မာန၊ထိနမိဒ္ဓ၊ခြောက်ခုတို့သည်၊ (အနိယတယောဂီ) ကျန်(၈)ခုတို့သည်၊ (နိယတယောဂီ)ဟူ၍မှတ်၊ရှေ့ခွဲလည်းပါလတံ့၊

| အမည် | မောဟ | အဟိရိက | အနောတ္တပ္ပ | ဥဒ္ဓစ္စ | လောဘ | ဒိဋ္ဌိ | မာန | ဒေါသ | ဣဿာ | မစ္ဆရိယ | ကုက္ကုစ္စ | ထိန | မိဒ္ဓ | ဝိစိကိစ္ဆာ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လောဘမူ | ၈ | | | | ၈ | ၄ | ၄ | | | | | ၄ | | | ၈ |
| ဒေါသမူ | ၂ | | | | | | | ၂ | | | | ၁ | | | ၂ |
| မောဟမူ | ၂ | | | | | | | | | | | | | ၁ | ၂ |
| ပေါင်း | ၁၂ | | | | ၈ | | | ၂ | | | | ၅ | | ၁ | ၁၂ |

# {ဆောင်ပုဒ်၊}

စေတဆဲ့ကိုး-ငါးဆဲ့ကိုးယှဉ်။
လောကုတ်မဟာကု-သုံးခုဝိယှဉ်။
ရူပေသာ-ကု-ကြိ-ယှဉ်ဘိဗခြေ၊
ညာဏ်သံထွက်-မဟာဂ်-လောကုတ်ဗဉ်။

## (က) စေတဆဲ့ကိုး-ငါးဆဲ့ကိုးယှဉ်၊

သောဘဏသာဓါရဏစေတသိက်(၁၉)တို့သည်၊သောဘဏစိတ်အကျဉ်း-၅၉ မှာယှဉ်သည်၊အကျဉ်းမှာယှဉ်လျှင်၊အကျယ်ကိုလဲယှဉ်နိုင်၏ဟုအရေတိုင်းမှတ်လေ၊

## (ခ) လောကုတ်-မဟာကု-၃-ခုဝိယှဉ်၊

ဝိရတိစေတသိက်(၃)ခုတို့သည်၊ မဟာကုသိုလ်(၈)ခု၊ လောကုတ္တရာစိတ်(၈) ပေါင်း(၁၆)ခုတို့မှာယှဉ်ဆည်၊ သို့ရာတွင်၊ မဟာကုသိုလ်စိတ်မှာ၊ ရံခါရံခါ-အသီး အသီးယှဉ်သည်၊လောကုတ္တရာစိတ်မှာအမြဲတပေါင်းတည်းယှဉ်သည်၊

## (ဂ) ရူသော,ကု-ကြိ-ယှဉ်ဘိမခြင်း။

ပဥ္စမဈာန်ကြဉ်သော၊ရူပသောမနဿ(၁၂)မဟာကုသိုလ်(၈)မဟာကြိယာ(၈)ပေါင်းအပ္ပမညာစေတသိက်၂ပါးမှာ၊ ၂၈ပါးယှဉ်သည်၊ ဤ၌,သမာနဝါဒီဆရာများ၏အလို၊ကေစိဝါဒီဆရာ၏အလိုအားဖြင့်၊ရူပစိတ်မှာလဲ၊သောမနဿသာယှဉ်သကဲ့သို့ မဟာကုသိုလ်၊မဟာကြိယာတို့မှာလဲ၊သောမနဿသာယှဉ်ရမည်၊ သို့အတွက်၊မဟာကုသိုလ်ဥပေက္ခာ(၄) မဟာကြိယာဥပေက္ခာ(၄)တို့ကိုကြဉ်၍၊ (၂၀)သာ ယှဉ်သည်ဟုဆို၏၊ဤကေစိဆရာ၏စကားကပင်၊ယုတ္တိရှိသကဲ့သို့ဖြစ်နေ၏၊သို့သော်လဲ၊အပ္ပမညာသည်၊ ရူပစိတ်မှာ၊ သောမနဿ၌သာ ယှဉ်သော်လဲ၊ ကာမကုသိုလ် ကြိယာတို့မှာ၊ သော-ဥ-၂ပါးလုံးမှာပင်ယှဉ်နိုင်၏၊ ဥပမာမှာ၊ ကြိမ်ဘန်များစွာရွတ်အံထားသော-စာပုဒ်ကို၊ အာရုံတခြားစိတ်ကထား၍ပြန်သည်ရှိသော်၊ ထိုစာပုဒ်ကိုမထစ်မငေါ့ချောမောစွာပြန်ဆိုနိုင်သကဲ့သို့၊ ကာမာဝစရစိတ်တို့၌၊ အပ္ပမညာတို့သည်၊ ဘာဝနာပွါးသောကာလ၌၊ အပ္ပနာဝီထိမှရှေ့အဘို့ဖြစ်သောပရိကံအရာ၌၊ ကြိမ်ဘန်များစွာ၊ဘာဝနာကိုလေ့လာခြင်း၏အစွမ်းအားဖြင့်၊ ဥပေက္ခာစိတ်တို့ဖြင့်စီးဖြန်းနိုင်သည်၊ ထို့ကြောင့်၊ ရှင်အနုရုဒ္ဓါဆရာသည်၊ထိုဆရာ၏စကားကို(ကေစိဝဒန္တိ)ဟု၊ကေစိထိုးတော်မူ၏၊

**ကေစိ၊ကေနစိ၊ထုတ်၍ရှို၊မိမိကိုယ်အောက်ယုတ်သတည်း။**

ဤမာန်လည်ဆရာတော်ဘုရားကြီးနိယာမ်အတိုင်း။ကေစိထိုးသည်ကိုမြင်သဖြင့်၊ ထိုဆရာကိုရှင်အနုရုဒ္ဓါဆရာသောက်ကျမ်းဂန်မတတ်ဟုယူရန်ရှိသည်၊

### (ဃ) ညာဏ်သံထွက်-မဟဂ်လောကုတ်မဉ်း၊

ကာမာ့ဝစရညာဏသမ္ပယုတ်(၁၂)မဟဂ္ဂုတ်(၂၇)လောကုတ္တရာ(၈)ဤ(၄၇)ပါးသောစိတ်မှာ၊ပညိန္ဒြေယှဉ်သည်ဟုဆိုသည်၊

ဤသို့-သောဘဏစေတသိက်(၂၅)တို့မှာ၊သမ္ပယောဂနည်း ၄-နည်းဖြစ်၏၊

(၂၄) **ဧကူနဝီသတိဓမ္မာ၊ဇာယန္တေ-ကုနသဋ္ဌိသု။**
**တယောသောဠသစိတ္တေသု၊အဋ္ဌဝီသတိယံဒွယံ၊** ။

(၂၅) ပညာပကာသိတာသဗ္ဗ၊စတ္တာလိသဝိဓေသုပိ၊
သမ္ပယုတ္တာစတုဓေဝံ၊သောဘဏေသွေဝသောဘဏာ၊ ။

ကြောနုဝိသတိ၊ တခုယုတ်(၂၀)သော၊ မြွာ၊သောဘဏသာဓါရဏစေတသိက်တို့သည်၊ကြောနုသ ၌သု၊သောဘဏစိတ်အကျဉ်းတခုယုတ် ၆၀ တို့၌၊ဓာယန္တိ၊ဖြစ်ကုန်၏၊ တယော၊ဝိရတီစေတသိက်(၃)ခုတို့သည်၊သော ၌သမိတ္တွေသု၊လောကုတ်မဟာကု၊(၁၆)ခုသောစိတ်တို့၌၊ဓာယန္တိ၊ဖြစ်ကုန်၏၊ ။ဒွယံ၊အပ္ပမညာစေတသိက်(၂)ခုတို့၏အပေါင်းသည်၊ အဋ္ဌဝီသတိယံ၊ ရူပသောမနဿ (၁၂)ရင်ပါ၊ မဟာကုကြိ၊ ပေါင်းဘိမှတ်သား၊(၂၈)ပါးသောစိတ်၌၊ဓာယတိ၊ဖြစ်၏၊

ပညာ၊ပညိန္ဒြေစေတသိက်ကို၊သတ္တစတ္တာလီသဝိဓေသုပိ၊ညာဏ်သံလောကုတ်၊မဟာဂ္ဂုတ်ပါ၊ ၄၇ဖြာသောစိတ်တို့၌၊ ပကာသိတာ၊ပြအပ်၏၊ ဧဝံ၊ဤသို့၊ သောဘဏာ၊သောဘဏစေတသိက် (၂၅)ခုတို့သည်၊ သောဘဏေသွေဝ၊ သောဘဏ စိတ်တခုယုတ်(၆၀)တို့၌သာလျှင်၊စတုဓါ၊၄-ပါးအပြားအားဖြင့်၊သမ္ပယုတ္တာ၊ယှဉ်ကုန်၏၊

# နိယတ၊ အနိယတ ခွဲဝေခြင်း။

## (ရှေးမြန်မာဂါထာအရိုးခံ)ဆောင်ပုဒ်။

ဣသ်,မစ်,ကုက်,ဝိ,,,ဒွိပမညာ၊
ရံခါသီးသီး—မာနရံခါ၊
ထိနမိဒ္ဓ—တကွ—ရံခါ၊
အနိယတာတိဝုစ္စရေ၊

ဣဿာ,မစ္ဆရိယ၊ကုက္ကုစ္စ၊ ဝိရတီစေတသိက်(၃)ခု၊ အပ္ပမညာ စေတသိက်(၂)ခု၊ ဤ(၈)ခုသောစေတသိက်တို့သည်၊ ရံခါရံခါ အသီးအသီး ယှဉ်သောကြောင့်၊ (နာနာကဒါစိ)စေတသိက်မည်ကုန်၏၊

မာနစေတသိက်(၁)ခုသည်၊ ရံခါသာယှဉ်သောကြောင့်၊ (ကဒါစိ)စေတသိက်မည်၏၊

ထိနမိဒ္ဓစေတသိတ်(၂)ခုတို့သည်၊အတူတကွမကွဲမကွာ၊တကွရံခါယှဉ်သောကြောင့်၊(သဟကဒါစိ)စေတသိက်မည်ကုန်၏၊

ဤ(၁၁)ပါးလုံးသည်၊အမြဲယှဉ်လေ့မရှိ၊ရံခါသာယှဉ်ကြသောကြောင့်၊(အနိယတယောဂီ)စေတသိက်မည်ကုန်၏–၊ ဤ(၁၁)ပါးမှကြွင်းသောစေတသိက်တို့သည်၊အမြဲယှဉ်လေ့ရှိသောကြောင့်၊(နိယတယောဂီ)မည်ကုန်၏၊

**(၂၆) ဣဿာ,မစ္ဆေရ,ကုက္ကုစ္စ,၊ဝိရတီ,,,ကရုဏာ,ဒယော၊**
**"နာနာကဒါစိ,,မာနော စ၊ ထိနမိဒ္ဓံ တထာသဟ။ ။**

ဣဿာမစ္ဆေရကုက္ကုစ္စဝိရတိကရုဏာဒယော၊ ဣဿာ,မစ္ဆရိယ၊ ကုက္ကုစ္စ, ဝိရတိ(၃)ခု၊ ကရုဏာ၊မုဒိတာစေတသိက်တို့သည်၊ ကဒါစိ၊ရံခါ၊နာနာ၊အသီးအသီး၊ ဇာယန္တိ၊ဖြစ်ကုန်၏၊ မာနော၊မာနသည်လည်း၊ကဒါစိ၊ရံခါသာလျှင်၊ ဇာယတိ၊ဖြစ်၏၊ တထာ၊ထို့အတူ၊ ထိနမိဒ္ဓံ-ထိနမိဒ္ဓစေတသိက် ၂-ခုပေါင်းသည်၊ သဟ၊တကွ၊ကဒါစိ၊ရံခါ၊ဇာယတိ၊ဖြစ်၏၊

(ရံခါရံခါအသီးအသီး)ဟူသောစကား၌၊ ဣဿာယှဉ်ခိုက်၊မစ္ဆရိယ၊ကုက္ကုစ္စ၊မယှဉ်နိုင်၊မစ္ဆရိယယှဉ်ခိုက်၊ဣဿာ ကုက္ကုစ္စမယှဉ်နိုင်၊ ကုက္ကုစ္စယှဉ်ခိုက်မှာ၊ဣဿာ မစ္ဆရိယမယှဉ်နိုင်၊ ဤကဲ့သို့တပါးယှဉ်ခိုက်၌၊ ၂-ပါးမယှဉ်နိုင်ခြင်းကို၊ အသီးအသီးယှဉ်သည်ဟုဆိုသည်၊ ထိုသို့ယှဉ်သော်လဲ၊ အမြဲမဟုတ်၊ရံခါသာယှဉ်သည်ကို၊ (ရံခါရံခါ)ဟုဆိုလိုသည်၊ကြွင်းသောစေတသိက်တို့မှာလဲ၊ဤအတိုင်းပင်သိ၊

အဘယ့်ကြောင့်အသီးအသီးယှဉ်ကြသနည်း။ ?

အာရုံပြုမတူ၊အမှုကွဲပြားကြသောကြောင့်၊အသီးအသီးယှဉ်သည်၊

| အမည် | သောဘဏ သာဓါရဏာ၁၉ | ဝိရတိ(၃) | အပ္ပမညာ (၂) | ပညိန္ဒြေ | ပေါင်း၊ |
|---|---|---|---|---|---|
| ကာမာဝစရသောဘဏ | ၂၄ | ၈ | ၁၆ | ၁၂ | ၂၄ |
| မဟဂ္ဂုတ် | ၂၇ | | ၁၂ | ၂၇ | ၂၇ |
| လောကုတ္တရာ | ၈ | ၈ | | ၈ | ၈ |
| ပေါင်း- | ၅၉ | ၁၆ | ၂၈ | ၄၇ | ၅၉ |

အဉ္စဝယ်သဏ္ဌာ၊ပဥ္စအကျ၊ ၄-ခုသောဘဏ၊ဆဲ့ခြောက်ဝ၊သမ္ပယောဂနည်း။

{ သမ္ပယောဂနည်းပြီး၏။ }

# {၂} သင်္ဂဟနည်း။

(၂၇) ဆတ္တိံသာနုတ္တရေ ဓမ္မာ၊ ပဉ္စတိံသ မဟဂ္ဂတေ။
အဋ္ဌတ္တိံသာပိ လဗ္ဘန္တိ၊ ကာမာဝစရသောဘဏေ။ ။
(၂၈) သတ္တဝီသတိပုညမှိ၊ ဒွါဒသာဟေတုကေ တိစ။
ယထာသမ္ဘဝယောဂေန၊ ပဉ္စဓါ တတ္ထ သင်္ဂဟော။ ။

အနုတ္တရေ၊ လောကုတ္တရာစိတ်၌၊ ဆတ္တိံသ၊ ၃၆-ပါးကုန်သော၊ ဓမ္မာ၊ စေတသိက်တို့ကို၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊ မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌၊ ပဉ္စတိံသ၊ ၃၅-ပါးကုန်သော၊ စေတသိက်တို့ကို၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊ ကာမာဝစရသောဘဏေ၊ ကာမာဝစရသောဘဏစိတ်၌၊ အဋ္ဌတ္တိံသာပိ၊ ၃၈-ပါးသော စေတသိက်တို့ကိုလည်း၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊

အပုညမှိ၊ အကုသိုလ်စိတ်(၁၂)ခု၌၊ သတ္တဝီသတိ၊ အညအကု၊ ၂၇-ခုသော စေတသိက်တို့ကို၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊ အဟေတုကေ၊ အဟိတ်စိတ်၌၊ ဒွါဒသ၊ ဆန္ဒကြဉ်သော၊ အညသမာန်းစေတသိက်(၁၂)ခုတို့ကို၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊ ဣတိ၊ ဤသို့၊ တတ္ထ၊ ထိုသင်္ဂဟနည်း၌၊ ယထာသမ္ဘဝယောဂေန၊ ဖြစ်သင့်သည်အားလျော်စွာသဖြင့်၊ ပဉ္စဓါ၊ ၅-ပါးအပြားအားဖြင့်၊ သင်္ဂဟော၊ ရေတွက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊

ဤကား၊ အပေါင်းသာမညအားဖြင့်၊ ရသင့်သလောက်ရေတွက်ထားသောနည်းဖြစ်၏၊ ဤနေရာ၌၊ အကုသိုလ်၊ အဟိတ်၊ ကာမာဝစရသောဘဏ၊ မဟဂ္ဂုတ်၊ လောကုတ္တရာ၊ ဤအစဉ်အတိုင်းမပြမူ၍၊ အဘယ့်ကြောင့်လောကုတ္တရာ၊ မဟဂ္ဂုတ်၊ ကာမာဝစရ၊ အကုသိုလ်၊ အဟိတ်ဟူသောအစဉ်ဖြင့်၊ ရှင်အနုရုဒ္ဓါဆရာပြသနည်းဟူမူကား၊ ။ အလွန့်အလွန်မြတ်သောစိတ်၊ အလွန်မြတ်သောစိတ်၊ မြတ်သောစိတ်တို့ကို ပြလို၍၊ လောကုတ်၊ မဟဂ်၊ ကာမာဝစရသောဘဏဟူသောအစဉ်ကိုပြုတော်မူ၏၊ အကုသိုလ်စိတ်ကိုမူကား၊ သဟိတ်စိတ်ခြင်းတူသောကြောင့်၊ ကာမာဝစရသောဘဏနောက်မှာဆိုသည်၊ အဟိတ်စိတ်ကို၊ ဟိတ်တပါးမျှမရသော၊ အ-ဟိတ်စိတ်ဖြစ်သောကြောင့်၊ နောက်ဆုံးထား၍ဆိုသည်၊

## လောကုတ္တရာစိတ်သင်္ဂဟ(၅)နည်း။

(၆၁) ဆုံသုံးအညာ၊သောဘဏ၊ပေါင်းထအရင်းခံ၊ (၃၈)
(၆၂) ပမညာကြြဉ်၊လောကုတ်ယှဉ်၊ဒုတွင်-ဝိဘက်ပြစ်။
(၆၃) တ-တွင်စာပယ်၊စ,မ,ဝယ်၊မှတ်ဘွယ်ပီတ်ပြစ်။

လောကုတ္တရာ ပဌမဈာန်(၈)ခုမှာ၊ အညသမာန်း(၁၃) အပ္ပမညာကြဉ်သော၊ သောဘဏ(၂၃)ပေါင်း(၃၆)ပါးယှဉ်ပါသည်၊ ၊ဒုတိယဈာန်(၈)ခုမှာ၊ ဝိတက်ကြဉ် (၃၅)တတိယဈာန်(၈)ခုမှာ၊ ၎င်းတွင်၊ဝိစာရကြဉ်(၃၄) စတုတ္ထဈာန်(၈) ပဥ္စမဈာန် (၈)ခုတို့မှာ၊ပီတိကြဉ်၍(၃၃)စီယှဉ်သည်၊

အပ္ပမညာက-သတ္တဝါပညတ်အာရုံပြုသည်၊ လောကုတ္တရာစိတ်က-နိဗ္ဗာန်ကို အာရုံပြုသည်၊ဤသို့အာရုံကွဲပြားသောကြောင့်၊အပ္ပမညာကိုကြဉ်သည်၊

(၂၆) ဆတ္တိံသပဉ္စတိံ့သစ၊စတုတ္တိံသယထာက္ကမံ၊
တေတ္တိံ့သဒွယမိစ္စေဝံ၊ပဉ္စဓါနုတ္တရေဌိတာ။ ။

အနုတ္တရေ၊လောကုတ္တရာစိတ်၌၊ သင်္ဂဟာ၊သင်္ဂဟနည်းတို့သည်၊ ယထာက္ကမံ၊ တိုင်း၊ ဆတ္တိံသ၊ ၃၆-ပါးကုန်သော၊ အညသမာန်း သောဘဏစေတသိက်တို့ရင်း၊ ပဉ္စတိံသ၊ ၃၅-ပါးသောစေ——တို့ရင်း၊ စတုတ္တိံသ၊ ၃၄-ပါးသောစေ——တို့ရင်း၊ တေတ္တိံသဒွယံ၊၃၃-ပါးသောစေ—— ၂-ခုတို့၏အပေါင်းရင်း၊ ဣစ္စေဝံ၊ဣတိဧဝံ၊ ဤသို့ သျှင်၊ပဉ္စဓါ၊ငါးပါးအပြားအားဖြင့်၊ဌိတာ၊တည်ကုန်၏။

| အမည် | အညသမာန်း-၁၃ | သောဘဏ-၂၅ | ပေါင်း |
|---|---|---|---|
| ပဌမဈာန်(၈) | ၁၃ | ၂၃ | ၃၆ |
| ဒုတိယဈာန်(၈) | ၁၂ | ၂၃ | ၃၅ |
| တတိယဈာန်(၈) | ၁၁ | ၂၃ | ၃၄ |
| စတုတ္ထဈာန်(၈) | ၁၀ | ၂၃ | ၃၃ |
| ပဥ္စမဈာန်(၈) | ၁၀ | ၂၃ | ၃၃ |
| ၄၀ | ၁၃ | ၂၃ | ၃၆ |

## မဟာဂ္ဂုတ်သင်္ဂဟနည်း(၅)မျိုး။

(၆၄) ဝိရတီကြဉ်၊မဟာဂ်ယှဉ်၊ဒု-တွင်ပီတက်ပြစ်၊

(၆၅) တ-တွင်စာပယ်၊ စ,ပီပယ်၊ မ-ဝယ်မညာပြစ်၊

ယှဉ်မှုရင်းခံခဲ့သော၊အညသမာန်း(၁၃) သောဘဏာ(၂၅)ပေါင်း(၃၈)ပါးတွင်၊ ဝိရတီ(၃)ချကြဉ်၊ ကျန်(၃၅)ပါးသည်၊ မဟာဂ္ဂုတ်ပဌမဈာန်(၃)ခုမှာယှဉ်၏၊ ဒုတိယဈာန်(၃)ခုမှာဝိတက်ထပ်၍ကြဉ်၊(၃၄) တတိယဈာန်(၃)ခုမှာ၊ ဝိစာရထပ်ကြဉ်၊(၃၃) စတုတ္ထဈာန်(၃)ခုမှာ၊ ပီတိထပ်ကြဉ်၊(၃၂) ပဥ္စမဈာန်(၁၅)ခုမှာ၊ အပ္ပမညာနှစ်ထပ်ကြဉ်(၃၀)ယှဉ်သည်၊

မဟာဂ္ဂုတ်စိတ်ကား၊ပညတ်နှင့်မဟဂ္ဂုတ်ကိုအာရုံပြုသည်၊ ဝိရတီစေ——တို့က၊ ဝိရမိတဗ္ဗဝတ္ထုနှင့်တကွ၊ ကာမနာမ်ရုပ်ပစ္စုပ္ပံအနာဂတ်ကိုအာရုံပြုသည်၊ ၎င်းသို့အာရုံမတူခြင်းကြောင့်၊ဝိရတီကိုကြဉ်သည်၊

(၃၀) ပဥ္စတ္တိံသစတုတ္တိံသ၊တေတ္တိံသယထာက္ကမံ။
ဗာတ္တိံသစေဝတိံသေတိ၊ပဥ္စဓါဝမဟဂ္ဂတေ။ ။

မဟဂ္ဂတေ၊မဟာဂ္ဂုတ်စိတ်၌၊သင်္ဂဟာ၊သင်္ဂဟနည်းတို့သည်၊ယထာက္ကမံ၊တိုင်း၊ ပဥ္စတ်ိသ၊ (၃၅)ပါးသောစေ——တို့ရင်း၊ စတုတ္တိံသ၊ (၃၄)ပါးသောစေ——တို့ရင်း၊ တေတ္တိံသစ၊(၃၃)ပါးသောစေ——တို့ရင်း၊ ဗါတ္တိံသစ၊(၃၂)ပါးသောစေ——တို့ရင်း၊ တိံသစ၊(၃၀)သောစေ——တို့ရင်း၊ ဣတိ၊၎င်းသို့၊ ပဥ္စဓါဝ၊ ငါးပါးအပြားအားဖြင့်သာလျှင်၊ဋ္ဌိတာ၊တည်ကုန်၏၊

| အမည် | အညသမာန်း-၁၃ | သောဘဏာ-၂၅ | ပေါင်း |
|---|---|---|---|
| ပဌမဈာန်(၃) | ၁၃ | ၂၂ | ၃၅ |
| ဒုတိယဈာန်(၃) | ၁၂ | ၂၂ | ၃၄ |
| တတိယဈာန်(၃) | ၁၁ | ၂၂ | ၃၃ |
| စတုတ္ထဈာန်(၃) | ၁၀ | ၂၂ | ၃၂ |
| ပဥ္စမဈာန်(၁၅) | ၁၀ | ၂၀ | ၃၀ |
| ၂၇ | ၁၃ | ၂၂ | ၃၅ |

## ကာမာဝစရသောဘဏစိတ်သင်္ဂဟ(၁၂)နည်း။

(၆၆) မဟာကုသွင်၊အကုန်ယှဉ်၊ကြီတွင်ဝိရတိပြစ်၊
(၆၇) ဝိရတိ-ပမဉ်၊၅-ချကြဉ်၊ကျန်တွင်ဝိပါက်ဖြစ်၊
(၆၈) ဒုတွင်ဉာဏ်ပယ်၊တ,ပီပယ်၊စ,ဝယ်ဉာဏ်,ပီပြစ်၊

မဟာကုသိုလ်ပဌမနွေမှာ၊ယှဉ်(၃၈)ပါးအကုန်ယှဉ်သည်၊ဒုတိယနွေမှာ၊ဉာဏ်ခေါ်သည့်ပညိန္ဒြေစေ——ကိုပယ်၍၊(၃၇)တတိယနွေမှာ(၃၇)တွင်၊ ပီတိပယ်၍ (၃၇) ဖြစ်သည်၊ စတုတ္ထနွေမှာ၊ ဉာဏ်ပီတိ-၂-ပါးပယ်၍(၃၆)ပါးဖြစ်သည်၊(ဝှင်းသံခိပ်တို့သည်၊ တိုတိုတုပ်တုပ်နှင့်၊ လွန်စွာလွယ်ကူသောနည်းဖြစ်သည်၊) မဟာကြိယာပဌမနွေမှာ၊ (၃၈)တွင်ဝိရတိကြဉ်၍၊ (၃၅)ဒု,နွေမှာဉာဏ်ပယ်၍၊ (၃၄)တ,နွေမှာ၊ ပီတိပယ်၍၊(၃၄)ဘဲ၊ စ,နွေမှာ၊ဉာဏ်၊ပီတိ၊ ၂-ပါးပယ်၍၊(၃၃)ပါးဖြစ်၏၊ မဟာဝိပါက်၊ ပဌမနွေမှာ၊ဝိရတိ၊ အပ္ပမညာ-၅-ချကြဉ်၍၊ (၃၃)ယှဉ်သည်၊ ဒု,နွေမှာ၊ဉာဏ်ပယ်၍၊ (၃၂)တ-နွေမှာ၊ ပီတိပယ်၍၊ (၃၂)စ,နွေမှာ၊ ဉာဏ်ပီတိ ၂-ပါးပယ်၍၊ (၃၁)ယှဉ်သည်၊(ပဌမနွေ၌ယှဉ်သောစေ,တို့တွင်ပယ်လေ၊)

ဝိရတိတို့သည်၊ ဧကန္တကုသိုလ်သဘောရှိသောကြောင့်၊ အဗျာကတသဘောရှိသောကြိယာကိုမယှဉ်နိုင်၊

အပ္ပမညာတို့က-သတ္တပညတ်အာရုံ၊ဝိရတိတို့က ဧကန္တကုသိုလ်သဘောရှိသောကြောင့်၊ အပ္ပမညာဝိရတိတို့သည်၊ ကာမကိုဇ်ကံအာရုံပြုတဲ့အဗျာကတသဘောရှိတဲ့၊ကာမဝိပါက်စိတ်တို့၌မယှဉ်နိုင်၊

ပညိန္ဒြေခေါ်သောဉာဏ်က၊ဒုနွေ-စနွေဘို့မှာ၊ဉာဏဝိပ္ပယုတ်ဖြစ်၍မယှဉ်၊ပီတိက-တ-နွေ၊စနွေတို့မှာ၊ဥပေက္ခာဖြစ်၍မယှဉ်၊

(၃၁) အဋ္ဌတ္တိံ သ,သတ္တတိံ သ၊ဒွယံဆတ္တိံ သကံသုဘေ၊
ပဉ္စတိံ သ,စတုတ္တိံ သ၊ဒွယံတေတ္တိံ သကံကြိယေ၊ ၊
(၃၂) တေတ္တိံ သပါကေဗါတ္တိံ သ၊ဒွယေ-ကတ္တိံ သကံဘဝေ၊
သဟေတုကာမာဝစရ၊ပုညပါကကြိယာမနေ၊ ၊

သဟေတုကာမာဝစရ ပုညပါကကြိယာမနေ၊ သဟိတ်ကာမာဝစရ ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့တွင် (ဆန္ဒာနုရက္ခဏာဒီ ကျိုး၌ါသုဝိဘတ်ကြေသည်၊) (အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ ဆရာတော်သည်ကား၊ နိဒ္ဒါရဏဆ္ဌ၊ သတ္တမီကောဝစနဟုဆို၏၊)

သုဘော၊ မဟာကုသိုလ်စိတ်(၈)ချ၌၊ အဋ္ဌတ္တိံသ၊ (၃၈)ပါးသောစေ‥‥‥တ်ိရင်း၊ သတ္တတိံသဒွယံ၊(၃၇)ပါးသောစေ‥‥‥၂-ခုတို့၏အပေါင်းရင်း၊ ဆတ္တိံသကံ၊ ၃၆-ပါး သောစေတသိက်ရင်း၊ ဘဝေ၊ဖြစ်၏၊ ကြိယေ၊မဟာကြိယာစိတ်(၈)ချ၌၊ ပဉ္စတိံသ၊ ၃၅-ပါးသောစေ‥‥‥တ်ိရင်း၊စတုတ္တိံသဒွယံ၊ ၃၄-ပါးသောစေ‥‥‥၂-ခုတို့၏အပေါင်း ရင်း၊တေတ္တိံသကံ၊၃၃-ပါးစေ‥‥‥တ်ိရင်း၊ ဘဝေဖြစ်၏၊ပါကေ၊မဟာဝိပါက်စိတ်(၈) ချ၌၊တေတ္တိံသ၊၃၃-ပါးသောစေ‚တ်ိရင်း၊ ဒွါတ္တိံသဒွယံ၊၃၂-ပါးသောစေ‥‥‥၂-ခုတို့၏ အပေါင်းရင်း၊ဧကတ္တိံသကံ၊၃၁-ပါးသောစေ‥‥‥ရင်း၊ဘဝေ၊ဖြစ်၏၊

| အမည် | | အညသမာန်း-၁၃ | သောဘဏ-၂၅ | ပေါင်း |
|---|---|---|---|---|
| သုဘော | ပဌမဒွေ | ၁၃ | ၂၅ | ၃၈ |
| | ဒု | ၁၃ | ၂၄ | ၃၇ |
| | တ | ၁၂ | ၂၅ | ၃၇ |
| | စ | ၁၂ | ၂၄ | ၃၆ |
| ပါကော | ပ | ၁၃ | ၂၀ | ၃၃ |
| | ဒု | ၁၃ | ၁၉ | ၃၂ |
| | တ | ၁၂ | ၂၀ | ၃၂ |
| | စ | ၁၂ | ၁၉ | ၃၁ |
| ကြိယော | ပ | ၁၃ | ၂၂ | ၃၅ |
| | ဒု | ၁၃ | ၂၁ | ၃၄ |
| | တ | ၁၂ | ၂၂ | ၃၄ |
| | စ | ၁၂ | ၂၁ | ၃၃ |

| အမည်။ | အပ္ပမညာသာယှဉ်၍၊ ဝိရတီမယှဉ်သောစိတ်။ | ဝိရတီသာယှဉ်၍ အပ္ပမညာမယှဉ်သောစိတ်။ | အပ္ပမညာဝိရတီ ၂-ပါးစုံမယှဉ်သောစိတ်။ | ၂-ပါးစုံယှဉ်သောစိတ်။ | ပေါင်း |
|---|---|---|---|---|---|
| ကာမာဝစရ သောဘဏ | မဟာကြိယာ(၈) | | မဟာဝိပါက်(၈) | မဟာကုသိုလ်(၈) | ၂၄ |
| မဟဂ္ဂုတ် | ၂၇ | | | | ၂၇ |
| လောကုတ္တရာ | | ၈ | | | ၈ |
| ပေါင်း | ၃၅ | ၈ | ၈ | ၈ | ၅၉ |

## (၃၃) နဝိစ္ဆန္ဒက္ခန္ဓာ ဝိရတီ၊ ကြိယောသုခမဟဂ္ဂတေ။ အနုတ္တရေအပ္ပမညာ၊ ကာမပါကေဒွယံတထာ။

ဖြေ၊ ဤသောဘဏစိတ်တရပ်တို့(၆၀)တို့တွင်၊ ကြိယောသုစ၊ မဟာကြိယာစိတ် (၈)ခုတို့၌ရင်း။ မဟဂ္ဂတေစ၊မဟဂ္ဂုတ်စိတ်(၂၇)ခု၌ရင်း။ ဝိရတီ၊ဝိရတီစေ……၃-ခုတို့သည်၊နဝိဇ္ဇန္တိ၊မရှိကုန်။ ။အနုတ္တရေ၊လောကုတ္တရာစိတ်(၈)ခု၌၊ အပ္ပမညာ၊အပ္ပမညာစေ……၂-ခုတို့သည်၊နဝိဇ္ဇန္တိ၊မရှိကုန်။ ။တထာ၊ထို့အတူ၊ကာမပါကေ၊မဟာဝိပါက်စိတ်(၈)ခု၌၊ဒွယံ၊ဝိရတီအပ္ပမညာ-၂-ပါးစုံသည်၊နဝိဇ္ဇတိ၊မရှိ၊ (မဟာကုသိုလ်ကိုမဆိုသော်လည်းအဝုတ္တသိဒ္ဓိနည်းအားဖြင့်၊ ၂ ပါးစုံရှိ၏ဟုသိအပ်၏)

# ဝိသေသကစေတသိက်များ။

(၆၉) တက်,စာ,ပီ,သု,၊ချာန်လေးခု၊ထူးပြုလောကုတ်မှာ၊
(၇၀) ထိုချာန်လေးဝ၊ပမဉ်နွ၊ပြုထမဘာဂ်မှာ။
(၇၁) ညာဏ-ပီတိ၊ဝိရတိပမဉ်၊(၇)အင်၊ပြုချင်(ကာမ)မှာ၊
(၇၂) ဝိရတိမှာ၊ဝိပါ-ကြိ၊ဝိပါက်အားသာ၊ပမညာ၊ညာဏ်မှာဒုနှင့်စ။
(၇၃) ပီတိစေမှာ၊ထူးပြုရာ၊ဝွေသာတနှင့်စ၊

(၉) လောကုတ္တရာစိတ်မှာ ၊ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဤဈာန်တရားတို့-အထူး ပြုကုန်၏၊

(၁၀) မဟဂ္ဂုတ်စိတ်မှာ၊ထိုဈာန်-၄-ပါးနှင့်၊အပ္ပမညာတို့အထူးပြုကြကုန်၏၊

(၁၁)(၁၂)(၁၃) ညာဏ်ပီတိ၊ဝိရတိ၃ခု၊ အပ္ပမညာနှွေ၊ ဤစေတသိက်၇ခုတို့သည်၊ ကာမာဝစရသောဘဏစိတ်မှာအထူးပြုကုန်၏၊ ထို၇ပါးတို့တွင်၊ဝိရတီသည်၊ကုသိုလ်တို့မှ၊ ဝိပါက်ကြိယာတို့အား အထူးပြုကုန်၏၊ အပ္ပမညာသည်၊ကုသိုလ်ကြိယာတို့မှ၊ ဝိပါက်အားအထူးပြုသည်၊ ဉာဏ်သည်၊ ပဌမနွေ၊တတိယနွေတို့မှ၊ဒုတိယနွေ၊စတုတ္ထ နွေတို့အားအထူးပြုသည်၊ ပီတိသည်၊ ပဌမနွေ၊ဒုတိယနွေတို့မှ၊တတိယနွေ၊စတုတ္ထနွေ၊ တို့အား၊အထူးပြုသည်၊ (လိုရင်းအချုပ်မှာ၊ မိမိတို့ယှဉ်သောစိတ်မှ၊ မယှဉ်သောစိတ် တို့အား၊အထူးပြုသည်၊)(ယှဉ်သောစိတ်ကို၊အပါဒါန်ထား၊မယှဉ်သောစိတ်ကို၊သမ္ပဒါန် ထား-အထူးပြုလေ၊)ဒိပကာ၌ကား၊ "မဟဂ္ဂုတ်စိတ်၌၊အပ္ပမညာတရား၊,, ဤသို့ဈာန် တရားမပါဘဲဆို၏၊ မန္တိမေမဟဂ္ဂတေ၊အပ္ပမညာဈာနဝဇ္ဇာစ၊ဤသို့ဆိုသောဋီကာဆရာ ၏စကားနှင့်ညီအံ့မထင်၊ (ပဏ္ဍိတေဟိဝိစာရယိတ္ဗာဂဟေတဗ္ဗံ) ဗားဘာရာဆရာတော် လည်း၊ဋီကာနှင့်အညီပင်၊အပ္ပမညာစ၌၊စသဒ္ဒါကိုသမုစ္စယတ္ထကြံတော်မူ၏၊ယုတ္တိသည်း ရှိပေ၏၊သင်္ဂြိုဟ်ဂဏ္ဍိဆရာတော်လည်း၊စသဒ္ဒါကား၊ဈာနဝဇ္ဇာဝင်သည်ဟုဆို၏၊

## (၁၄) အနုတ္တရေဈာနဓမ္မာ၊အပ္ပမညာစမဇ္ဈိမေ။ ဝိရတီဉာဏပီတိစ၊ပရိတ္တေသုဝိသေသကာ၊ ။

အနုတ္တရေ၊လောကုတ္တရာစိတ်၌၊ ဈာနဓမ္မာ၊ဈာန်တရား၄ခုတို့သည်၊ ဝိသေသကာ၊ အထူးကိုပြုတတ်ကုန်၏၊ မဇ္ဈိမေ၊မဟဂ္ဂုတ်စိတ်၌၊အပ္ပမညာစ၊အပ္ပမညာတို့သည်၎င်း၊ ဈာနဓမ္မာစ၊ဈာန်တရား-၄-ခုတို့သည်၎င်း၊ဝိသေသကာ၊ကုန်၏၊ပရိတ္တေသု၊ကာမာဝစရ သောဘဏစိတ်တို့၌၊အပ္ပမညာစ၊အပ္ပမညာစေ······တို့သည်၎င်း၊ ဝိရတီဉာဏပီတိစ၊ ဝိရတိ-၃-ခု၊ညာဏ်ပီတိတို့သည်၎င်း၊ ဝိသေသကာ၊အထူးကိုပြုတတ်ကုန်၏၊အားလုံး ပေါင်း၊ဝိသေသကစေတသိက်တို့သည်၊ဝိတက်၊ဝိစာရ၊ပီတိ၊ဝေဒနာ၊ဝိရတီအပ္ပမညာ ပညိန္ဒြေ၊အားဖြင့်၊(၁၀)ခုရှိသည်၊

| အမည် | အနိယတယောဂီသာဖြစ်၍၊ဝိသေသကမဖြစ်သောစေ။ | ဝိသေသကသာဖြစ်၍၊အနိယတယောဂီ၊မဖြစ်သောစေတသိက်။ | အနိယတယောဂီဝိသေသက၂-ပါးစုံဖြစ်သောစေ။ | အနိယတယောဂီဝိသေသက၂-ပါးစုံမဖြစ်သောစေ။ | ပေါင်း |
|---|---|---|---|---|---|
| အညသမာန်း | | ၄ | | ၉ | ၁၃ |
| အကုသိုလ် | ၆ | | | ၈ | ၁၄ |
| သောဘဏ | | ၁ | ၅ | ၁၉ | ၂၅ |
| ပေါင်း | ၆ | ၅ | ၅ | ၃၆ | ၅၂ |

# အကုသိုလ်စိတ်သင်္ဂဟ(၇)နည်း။

(၁၄) အညသမာ၊အကုသာ၊မှတ်ပါအ-ရင်းခံ၊၁၃+၄(၁၇)
(၁၅) ပ-အ,၌တွင်၊လောဒိ၌ဝင်၊ဒု,တွင်လောဘ,မာန်,။
(၁၆) ပ-၌ဒိကြဉ်၊တ-အပင်၊ဒုတွင် ဒိဖြစ် စ-အဖြစ်၊
(၁၇) ဒိ-ကြဉ်အညာ၊လေး၀အကုသာ၊ဋ္ဌါဒိ,ပါ၊ဝိသာမ-အဖြစ်၊
(၁၈) သသင်္ခါး၀၊သိလိုက၊ထိနမိဒ္ဓထည့်၊
(၁၉) ဆံ,ပိ,ကြဉ်ထ၊အညသမာ၊အကုသာ၊မှတ်ပါဥဒ္ဓစ္စ၊
(၂၀) ဆံ,ဒိ,ဝိ,ကြဉ်၊အညသမာ၊အကုသာ၊ဝိပါ-ဝိကိစ္ဆာ၊

အကုသိုလ်စိတ်၌၊အသင်္ခါရိက ၅-ခုတို့ကို၊ ပဌမအသင်္ခါရိက၊ဒုတိယအသင်္ခါရိက တတိယအသင်္ခါရိက၊စတုတ္ထအသင်္ခါရိက၊ဒေါသမူပဌမအသင်္ခါရိကဟူ၍၊ငါးခုစီစဉ်၍ထားရမည်၊သသင်္ခါရိကငါးခုကိုလည်း၊ ထိုနည်းတူပင်၊ ပဌမသသင်္ခါရိကစသည်ဖြင့်၊ စီစဉ်၍ထားလေ၊ ၎င်းတို့၌ယှဉ်သောစေ······တို့ကား၊ အညသမာန်း(၁၃) အကုသလသာဓါရဏစေ······(၄) ဤ(၁၇)ပါးကိုအရင်းခံထားပါလေ၊ အကုသာ-ဆိုသည်ကား၊ အကုသလသာဓါရဏစေ······၄-ခုကိုဆိုသည်၊ (ဋ္ဌါဒိ) ဆိုသည်ကား၊ ဒေါသာဒိ၊ပုဒ်ဖြတ်၍၊ဒေါသ၊ဣဿါ၊မစ္ဆရိယ၊ကုက္ကုစ္စ၊······၄-ခုကိုဆိုသည်၊သင်္ကေတကိုလည်း၊သေချာစွာမှတ်ပါ၊

လောဘမူပဌမအသင်္ခါရိကစိတ်မှာ (၁၃)(၄)၏အရင်းခံ (၁၇)ပါးတို့တွင်၊လော ဘ-ဒိဋ္ဌိထည့်(၁၉)ပါးယှဉ်သည်၊ဒုတိယအသင်္ခါရိကမှာ၊လောဘ,မာန-၂-ပါးထည့်၍ (၁၉)ပါးပင်ယှဉ်သည်၊

## ပဌမဒိကြည်-တ-အပင်။

ပဌမအသင်္ခါရိက ယှဉ်သော(၁၉)တွင်၊ပီတိကြဉ်၍၊ ကျန်(၁၈)ပါးသောစ…… သည်၊တတိယအသင်္ခါရိကစိတ်မှာယှဉ်သည်၊

## ဒုတွင်ဒိဖြစ်-စ-အဖြစ်။

ဒုတိယအသင်္ခါရိကစိတ်၌ယှဉ်သော (၁၉)တွင်ပီတိကြဉ်၍၊ ကျန်(၁၈)ပါးသော စေ……သည်၊စတုတ္ထအသင်္ခါရိကစိတ်မှာယှဉ်သည်၊

## ဒိကြဉ်အညှ-လ-ဓိသာမအဖြစ်။

ပီတိကြဉ်သောအညသမာန်း(၁၂) အကုသလသာဓါရဏစေ……(၄)ချ၊ ဒေါသ၊ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စပေါင်း(၂၀)သောစေ……တို့သည်၊ဒေါသမူပဌမအသင်္ခါရိ ကစိတ်မှာယှဉ်သည်၊ဣသ်၊မစ်၊ကုက်၊၃-ပါးက၊အနိယတ၊ ကျန်(၁၇)ပါးက၊နိယတ ဟုခွဲသိလေ၊

## သသင်ငါးငေးသိလိုက၊ထိနမိဒ္ဓထည့်။

သသင်္ခါရိကငါးခုတို့မှာ၊ ထိနမိဒ္ဓ၂-ပါးထည့်၍၊ပဌမ(သ)မှာ၊(၂၁) ဒုတိယ(သ) မှာ(၂၁)တတိယ(သ)မှာ(၂၀)စတုတ္ထ(သ)မှာ(၂၀)ပဉ္စမ(သ)မှာ(၂၂)ယှဉ်ကုန်၏၊

မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်မှာ၊ဆန္ဒ၊ပီတိကြဉ်သောအညသမာန်း(၁၀) အကုသ လသာဓါရဏစေ……(၄)ပေါင်း(၁၅)ယှဉ်သည်၊

ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာ၊ ဆန္ဒ၊ပီတိ၊ အဓိမောက္ခကြဉ်သော၊ အညသမာန်း (၁၀)အကုသလသာဓါရဏစေ……၄၊ ဝိစိကိစ္ဆာစေ……၁-ချ၊ ပေါင်း(၁၅)ချပင်ယှဉ် သည်၊

အပေါင်းအားဖြင့်၊လောဘမူစိတ်၈ခုမှာ၊ အညသမာန်း(၁၃)အကုသလသာဓါရ ဏ(၄)လောဘ၊ဒိဋ္ဌိ၊မာန၊ထိနမိဒ္ဓဟူ၍(၂၂)ပါးယှဉ်သည်၊

ဒေါသမူစိတ်မှာ ပီတိကြဉ်သောအညသမာန်း(၁၂)အကုသလသာဓါရဏစေ······ (၄)ခု-ဒေါ,ဣဿ,မစ်,ကု,ထိ,မိ,အားဖြင့်(၂၂)ပါးပင်ယှဉ်သည်၊

မောဟမူစိတ်မှာ ဆန္ဒပီတိကြဉ်သော၊ အဉ်(၁၁) အကုသာ*(၄) ဝိစိကိစ္ဆာ(၁) ပေါင်း(၁၆)ပါးယှဉ်သည်၊

အကုသိုလ်စိတ်(၁၂)ပါးလုံးမှာ၊ အညသမာန်း(၁၃) အကုသိုလ်စေ······(၁၄)လုံး။ ပေါင်း(၂၇)ပါးယှဉ်သည်၊

### {၃၅} ဧကူနဝီသာ,အဋ္ဌာရသ၊ဝီသေ,ကာဝီသ,ဝီသတီ။ ဒွါဝီသ,ပန္နရသေသတီ၊သတ္တဓါကုသလေဋ္ဌိတာ။

{ ပန္နရသေ၊တိ—၌၊သကြီးနှင့်နေမှဆန်းလိုက်သည်။ }

အကုသလေ၊အကုသိုလ်စိတ်၌ သင်္ဂဟာ၊သင်္ဂဟနည်းတို့သည် ဧကူနဝီသ၊တခု ယုတ်(၂၀)သောစေတ္တိုရင်း၊ အဋ္ဌာရသ၊(၁၈)ပါးသောစေ·······တို့ရင်း၊ဝီသ၊(၂၀)သော စေ······တို့ရင်း၊ ဧကဝီသ၊(၂၁)ပါးသောစေတ္တိုရင်း၊ ဝီသတိ၊(၂၀)သောစေ······တို့ရင်း၊ ဒွါဝီသ၊(၂၂)ပါးသောစေတ္တိုရင်း၊ ပန္နရသ၊(၁၅)ပါးသောစေတ္တိုရင်း၊ ဣတိ၊ဤသို့ သတ္တဓါ၊(၇)ပါးအားဖြင့် ဋ္ဌိတာ၊တည်ကုန်၏၊

အကုသိုလ်စိတ်(၁၂)ပါးလုံးနှင့် ယှဉ်နိုင်သော စေတသိက်တို့ကိုထုတ်ပြ၍ သင်္ဂဟပေါင်းကို အနက်ပေးပါ။ ?

အကုသလသာဓါရဏစေတသိက်(၄)ဆန္ဒ-ပီတိ၊အဓိမောက္ခကြဉ်သော ၊အညသမာန်း စေတသိက်(၁၀)၏(၁၄)ပါးသော စေတသိက်တို့သည်၊ အလုံးစုံသောအကုသိုလ်စိတ်တို့နှင့်ယှဉ်နိုင်ကုန်၏၊

## သာဓကပါဠိကား။

### {၃၆} သာဓါရဏာစ စတ္တာရော၊သမာနာစ ဒသာပရေ၊ စုဒ္ဒသေတေပဝုစ္စန္တိ၊သဗ္ဗာကုသလယောဂိနော။

စတ္တာရော၊(၄)ပါးကုန်သော သာဓါရဏာစ၊အကုသလသာဓါရဏ စေတသိက်

တို့ရင်း၊ အပရေ၊ဆန္ဒ၊ပီတိ၊အဓိမောက္ခမှ တပါးကုန်သော၊ ဒသ၊ဆယ်ပါးကုန်သော သမာနာစ၊အညသမာန်း စေတသိက်တို့ရင်း၊ ရုဒ္ဒသ၊၁၄-ပါးကုန်သော၊ ဧတေစေတသိကာ၊ထိုစေတသိက်တို့ကို၊ သဗ္ဗာကုသလယောဂိနော၊အလုံးစုံသော အကုသိုလ်စိတ်တို့နှင့်ယှဉ်ခြင်းရှိကုန်၏ဟူ၍၊ပဝုစ္စန္တိ၊အပြားအားဖြင့်မိန့်အပ်ကုန်၏၊

ဤ၌-ဆန္ဒ၊ပီတိ၊အဓိမောက္ခတို့ကို ကြဉ်ရကြောင်းကား၊ဆန္ဒ က၊မောဟမူဒွေမှာ မယှဉ်ခြင်းကြောင့်ကြဉ်သည်၊ ပီတိက၊ဥပေက္ခာ(၆)ခု ဒေါသမူ(၂)ခုကို မယှဉ်သောကြောင့်ကြဉ်သည်၊အဓိမောက္ခက၊ဝိစိကိစ္ဆာကိုမယှဉ်သောကြောင့်ကြဉ်သည်၊

အကုသိုလ်စိတ်မှာ သင်္ဂဟနည်းတို့သည် အသီးအသီးယှဉ်ကြသော်လဲ တုရာပေါင်း၍(၁၉)ပါးတနည်း၊ (၁၈)ပါးတနည်း၊ (၂၀)တနည်း၊ (၂၁)တနည်း၊ (၂၀)တနည်း၊ (၂၂)ပါးတနည်း၊ (၁၅)ပါးတနည်း၊ ဤသို့(၇)နည်းဖြစ်၏၊

# အဟိတ်စိတ်သင်္ဂဟ(၄)နည်း။

(၈၁) ဆန္ဒကြဉ်လင်၊အဉ်-၁၂၊ယှဉ်လစ် ဟသိမှာ၊
(၈၂) သော—ဘီ ဝိ,ဆံ,၊ဝုဋ္ဌိ ပီ,ဆံ,ကြဉ်၊ပဥ္စဝိညဉ်၊ပကိဏ်းကြဉ်အပ်၊
(၈၃) မနောဓါတ်,,,ဥသန္နိ၊ဝိ,ပီ,ဆံ,၊ကြဉ်-ကျန်သူတို့ယှဉ်၊

ဟသိတုပ္ပါဒ်မှာ ဆန္ဒကြဉ်သော အညသမာန်း(၁၂)ယှဉ်သည်၊ ၊သောမနဿသန္တီရဏမှာ ဝီရိယ,ဆန္ဒကြဉ်သော အညသမာန်း(၁၁)ယှဉ်သည်၊ ၊ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းမှာ ပီတိ,ဆန္ဒကြဉ်သော အညသမာန်း(၁၁)ယှဉ်သည်၊ ၊ဒွေပဥ္စဝိညာဏ်(၁၀)မှာပကိဏ်းစေ........၆-ကြဉ်၊သဗ္ဗစိတ္တသာဓါရဏစေ·······၇-ခုယှဉ်သည်၊ ၊ မနောဓါတ်(၃)ပါး၊ဥပေက္ခာသန္တီရဏ(၂)ပါးပေါင်း၊ငါးပါးသောစိတ်မှာ၊ ဝီရိယ၊ပီတိ၊ ဆန္ဒကြဉ်သော အညသမာန်း(၁၀)ယှဉ်သည်၊ ၊ပေါင်းအဟိတ်စိတ်(၁၈)ပါးမှာ ဆန္ဒကြဉ်သော အညသမာန်း(၁၂)ပါးပင်ယှဉ်သည်၊ အဟိတ်စိတ်(၁၈)ပါးလုံးမှာ ယှဉ်နိုင်သောစေ······တို့ကား၊*သဗ္ဗစိတ္တသာဓါရဏ(၇)ခုပင်ရှိသည်၊

*သဗ္ဗစိတ္တေ—ခုနစ်ခုတွေ—ယှဉ်လေအကုန်လုံး။ {ဃယ်တီ}

{၂၇} ဒွါဒသေ,ကာဒသ,ဒသ,၊သတ္တစာတိစတုဗ္ဗိဓော၊
အဋ္ဌာရသာဟေတုကေသု၊စိတ္တုပ္ပါဒေသုသင်္ဂဟော။ ။
{၂၈} အဟေတုကေသုသဗ္ဗတ္ထ၊သတ္တသေသာယထာရဟံ။
ဣတိဝိတ္ထာရတောဝုတ္တော၊တေတ္တိံသဝိဓသင်္ဂဟော။ ။
{၂၉} ဣတ္ထံစိတ္တာဝိယုတ္တာနံ၊သမ္ပယောဂဉ္စသင်္ဂဟံ။
ဉတွာဘေဒံယထာယောဂံ၊စိတ္တေနသမမုဒ္ဒိသေ။ ။

အဋ္ဌာရသာဟေတုကေသု၊ စိတ္တုပ္ပါဒေသု၊ ၁၈-ပါးသော အဟိတ်စိတ်တို့၌၊ ဒွါဒသစ၊ ၁၂ပါးကုန်သောစေ……တို့၎င်း။ ဧကာဒသစ၊ ၁၁-ပါးကုန်သောစေ……တို့၎င်း။ ဒသစ၊ဆယ်ပါးသောစေ……တို့၎င်း၊ သတ္တစ၊၇-ပါးသောစေ……တို့၎င်း။ ဣတိ၊ ဤသို့၊စတုဗ္ဗိဓော၊ ၄-ပါးအပြားရှိသော သင်္ဂဟော၊ သင်္ဂဟနည်းကို ဝေဒိတဗ္ဗော၊ သိအပ်၏။

သဗ္ဗတ္ထ၊အလုံးစုံကုန်သော၊အဟေတုကေသု၊အဟိတ်စိတ်(၁၈)ခုတို့၌၊သတ္တ၊သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခုတို့သည်၊ ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။ သေသာ၊ဆန္ဒမှကြွင်းသော၊ ပကိဏ်းစေတသိက်(၅)ခုတို့သည်၊ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။ ဣတိ၊ဤသို့၊ ဝိတ္ထာရတော၊အကျယ်အားဖြင့်၊ တေတ္တိံသဝိဓသင်္ဂဟော(၃၃)ပါးအပြားရှိသော၊သင်္ဂဟနည်းကို၊မယာ၊ငါသည်၊ဝုတ္တော၊မိန့်အပ်ပြီ။

ဣတ္ထံ၊ယထာဝုတ္တဘေဒေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော၊ အပြားအားဖြင့် စိတ္တာဝိယုတ္တာနံ၊ စိတ်၌အမြဲယှဉ်ကုန်သော၊ စေတသိက်တို့၏၊ စိတ္တပရိစ္ဆေဒဝသေန စိတ်ကိုပိုင်းခြားသည်၏အစွမ်းဖြင့်၊ ဝုတ္တံ၊မိန့်အပ်သော၊သောဠသဝိဓံ၊၁၆-ပါးအပြားရှိသော၊ သမ္ပယောဂဉ္စ၊ သမ္ပယောဂနည်းကို၎င်း။ စေတသိကရာသိပရိစ္ဆေဒဝသေန၊ စေတသိက်တို့၏အစုကို၊ပိုင်းခြားသည်၏အစွမ်းဖြင့်၊ ဝုတ္တံ၊မိန့်အပ်သောတေတ္တိံသဝိဓံ၊(၃၃)ပါးအပြားရှိသော၊ သင်္ဂဟဉ္စ၊သင်္ဂဟနည်းကို၎င်း။ ဉာတဗ္ဗံ၊သိအပ်၏၊ ဉတွာ၊ သိပြီး၍၊ ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ၊ စိတ္တေန၊စိတ်နှင့်၊ သမံ၊ညီသော၊ ဘေဒံ၊အပြားကို၊ဥဒ္ဒိသေ၊ပြရာ၏။

ဤကဲ့သို့၊အဟိတ်စိတ်မှာ (၁၂)ပါးတနည်း၊ (၁၁)၂-ခုကတနည်း၊(၁၀)ပါးက တနည်း၊(၇)ပါးကတနည်း၊၊ပေါင်းသေးနည်းဖြစ်သည်၊

ဤသို့အားဖြင့် သောကုတ္တရာက–သင်္ဂဟ(၅)နည်း၊ မဟဂ္ဂုတ်က(၅)နည်း၊ ကာမာဝစရသောဘဏက(၁၂)နည်း၊ အကုသိုလ်က(၇)နည်း၊ အဟိတ်က(၄)နည်း၊ အားဖြင့် ပေါင်းသင်္ဂဟနည်း(၃၃)နည်းဖြစ်သည်၊

မိဋ္ဌေနသမမုန္တိသေ၊ စိတ်နှင့်မျှသောအပြားကို ပြရဏ်ဆိုသောကြောင့်၊ ဗဿစေ တသိက်(၁)ခုသည်၊ စိတ်(၈၉)ပါးလုံးမှာယှဉ်သောကြောင့်၊ ဗဿ(၈၉)ဖြစ်သည်၊ ဤသို့စသောအားဖြင့် စေတသိက်(၅၂)ပါးလုံးမှာသိလေ၊အလွန်လွယ်ပြီ၊

# ဓါတုကထာနည်း၊

ဗဿောကတိဟိခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိဓါတူဟိ သင်္ဂဟိတော ဗဿော ဧကေနခန္ဓေန ဧကေနယတနေန ဧကာယ ဓါတုယာ သင်္ဂဟိတော-ကတိဟိ အသင်္ဂဟိတော၊

စတူဟိခန္ဓေဟိ ဧကာဒသဟာယတနေဟိ၊သတ္တရသဟိဓါတူဟိအသင်္ဂဟိတော၊ ဤသို့စသောအားဖြင့်၊၅၂-လုံးညာဏ်ပွါးရန်ကြံသင့်သည်၊

# ယမကနည်း၊

ယဿစိတ္တေသု၊ ဗဿောဥပ္ပဇ္ဇတိ၊ တဿစိတ္တေသု၊ ဝိတက္ကောဥပ္ပဇ္ဇတီတိ၊······ ဒွိပဉ္စ ဝိညာဏဒုတိယဈာန၊တတိယဈာန၊စတုတ္ထဈာန၊ပဉ္စမဈာန၊ စိတ္တေသု ဗဿောဥပ္ပဇ္ဇတိ နောစတေသုစိတ္တေသု ဝိတက္ကောဥပ္ပဇ္ဇတိ၊

ဒွိပဉ္စဝိညာဏဝဇ္ဇိတကာမာဝစရစိတ္တေသုစေဝ ဧကာဒသသုပဌမဈာနစိတ္တေသုစ ဗဿောစဥပ္ပဇ္ဇတိ၊ဝိတက္ကောစဥပ္ပဇ္ဇတိ၊

ယဿဝါပနစိတ္တေသုဝိတက္ကောဥပ္ပဇ္ဇတိ၊တဿဗဿောဥပ္ပဇ္ဇတီတိ၊

{အာမန္တာ}

ဤသို့စသောအားဖြင့်စေ……(၅၂)ပါးလုံးကို (၁)ပါးကိုမူလထား၍ (၅၁)ပါးကိုမူ ထိသွတ်ပြီး ယမကနည်းပေါင်းများစွာဖြင့် သရုပ်ခွဲနိုင်သည်၊သို့ရာတွင် ဧင်းနည်းသည် သရုပ်အလွယ်ကလေးပင် ဖြစ်သော်လဲ ပါဠိဖြင့်မေးခြင်းဖြေခြင်းမှာကား သဒ္ဒါသင်ဘူး သောရဟန်းတော် သာမဏေများသာ ဖြစ်နိုင်ရာသည်၊ သဒ္ဒါမသင်ဘူးသော လူဒါယ ကာ-ဒါယိကာမ များမှာမူကား အောက်ပါအတိုင်း ယမိုက်နည်းဖြင့်ခွဲလေ၊

## (အနုလောမ၊ဝိတက္ကမူ ဝိစာရမူလီ။)

အကြင်စိတ်တို့၌၊ဝိတက်ဖြစ်၏၊ထိုစိတ်တို့၌၊ဝိစာရဖြစ်သလော၊?

ဖြစ်၏၊

အကြင်စိတ်တို့၌ကား၊ဝိစာရဖြစ်၏၊ထိုစိတ်တို့၌၊ဝိတက်ဖြစ်သလော၊?

ဒုတိယဈာန်(၁၁)ခုတို့၌ ဝိစာရဖြစ်၏၊ ဝိတက်မဖြစ်၊

ဒွေပဉ္စဝိညာဏ်(၁၀)ကြဉ်သောကာမစိတ်(၄၄)ပဌမဈာန်စိတ်(၁၁)ခုတို့၌ ဝိစာရ လည်းဖြစ်၏ ဝိတက်လည်းဖြစ်၏၊

## (ပစ္စနိက်၊ဝိတက္ကမူ ဝိစာရမူလီ။)

အကြင်စိတ်တို့၌ဝိတက်မဖြစ်၊ထိုစိတ်တို့၌၊ဝိစာရမဖြစ်သလော၊?

ဒုတိယဈာန်စိတ်(၁၁)ခုတို့၌ ဝိတက်မဖြစ် ဝိစာရဖြစ်၏ ဒွေပဉ္စဝိညာဏ်(၁၀)တ တိယဈာန်(၁၁)စတုတ္ထဈာန်(၁၁)ပဉ္စမဈာန်(၂၃)ခုတို့၌ ဝိတက်လည်းမဖြစ် ဝိစာရ လည်းမဖြစ်၊

အကြင်စိတ်တို့၌ကား၊ဝိစာရမဖြစ်၊ထိုစိတ်တို့၌၊ဝိတက်မဖြစ်သလော၊?

မဖြစ်၊

ဤသို့စသောအားဖြင့် သန္နိဋ္ဌာန်၊ သံသယအစုံအရုံပြု၍ ကြေပြွန်အောင်အမေးအ ဖြေကျင့်လေ{အဘိဓမ္မာဘက်ဦပါရဂူဖြောက်လတံ့။}

## စေတသိက်နှင့်—စေတသိက်ယှဉ်သည်ကိုပြခြင်း။

(၈၄) သဗ္ဗစိတ္တသာ၊တက်,စာ,ဝီရိယ၊ကေပညာသံ၊မိ,ဆံ(၅၀) လေးဆယ်ခြောက်ပီ၊မော,ဟီ,နောတ်,ဥ၊ဆဗ္ဗိရှုလော့၊လော,ဒေါ,(၂)လီ၊ ဇောကြီသိ၊ထိမိဗျည်းဝိသံ၊ဒွိဌမာန်ဝီသာ၊ ဇ္ဇာသာမစ်ကုတ်၊ (၁၉)ထုတ်လော၊စုဒ္ဒသ်ဝိစိ၊ဒွိပမညာ၊တောဓ္ဓိ သာတည်း၊ ဝိမှာသုံးငါး၊ ကြွင်းငြားသောဘဏ၊ သတ္တတိ သာ၊ ယှဉ်ကြရာကို၊ သေချာစဉ်းစား၊ အကျဉ်းထားသည်၊မမှားစေဘို့ကဗျာတည်း၊

## သဗ္ဗစိဘ္ဘာ-တက်-စာ-ဝီရိယ-ကေပညာသံ။

သဗ္ဗစိတ္တသာဓါရဏစေ——၇-ခု၊ ဝိတက်၊ဝိစာရ၊ဝီရိယ၊ ၅ါ(၁၀)သည်၊ မိမိဖွတပါးသော(၅၁)ပါးသော၊စေတသိက်တို့နှင့်ယှဉ်သည်၊

## မိ—ဆံ—၅၀။

အဓိမောက္ခသည်၊ဝိစိကိစ္ဆာကြဉ်သော၊ စေတသိက်(၅၀)ယှဉ်သည်၊ ဆန္ဒသည်းဝိစိကိစ္ဆာကြဉ်သော စေတသိက်(၅၀)ယှဉ်သည်၊ (သတိထားရန်မှာ)အဓိမောက္ခ-အဓိမောက္ခချင်းယှဉ်၍ မဖြစ်နိုင်၊ ဥပမာမှာ-ငါသည်-ငါနှင့်တူ၏၊ ပြောခြင်းငှါမဖြစ်နိုင်သလို၊မိမိကိုကြဉ်၍ပြောလေ၊

## လေးဆသ်ခြောက်ပီ။

ပီတိသည်၊ဒေါ,ဇ္ဇာသ်,မစ်,ကုက်,ဝိစိကိစ္ဆာ(၅)ခုကြဉ်၍၊ကျန်(၄၆)ယှဉ်၏၊

## မော-ဟ-နောတ်-ဥ-ဆဗ္ဗိ ရှုလော့။

မောဟ၊အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စ၊ စေတသိက်(၄)ခုတို့သည်၊ အညသမာန်း(၁၃) အကုသိုလ် စေတသိက်(၁၄)ပါး ပေါင်း(၂၇)ပါးဘို့တွင် မောဟသည် မိမိမှကြွင်းသော(၂၆)ပါးယှဉ်၏၊ ထို့အတူ၊အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စတို့သည်လည်း၊ မိမိမှကြွင်းသော(၂၆)ပါးသောစေဘသိက်တို့နှင့်ယှဉ်သည်၊

## သော-ဒေါ-၂လီ-ကေဝိသိ။

လောဘသည်၊ အညှ(၁၃) အကုသလသာဓါရဏ(၄) ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ၊၏(၂၁) ပါး၌ယှဉ်သည်၊ ၊ဒေါသသည်၊ဝိတိကြဉ်သော အညသမာန်း(၁၂)အကုသလသာ ဓါရဏ(၄)ဣသ်,မစ်,ကုက်,ထိမိ,ပေါင်း(၂၁)ပါးယှဉ်သည်၊

## ထိမိ-ဗျည်း-ဝိ-သံ။

ထိနသည်၊ အညှ(၁၃)မောဟိနော့တ်ဥ၊ လော-ဒိဋ္ဌိ-မာ-ဒေါ-ဣသ်-မစ်-ကု-မိဒ္ဓ ၏(၂၅)ပါးယှဉ်သည်၊မိဒ္ဓမှာလဲ၊ထိနနှင့်တကွ(၂၅)ပါးယှဉ်သည်၊

## ဒိဋ္ဌ-မာန်-ဝိသာ။

မာနသည်၊ အကုသိုလ်စိတ်မှာယှဉ်သော (၂၇)ပါးတို့တွင်၊ မာန,ဒိဋ္ဌိ,ဒေါ,ဣသ် မစ်,ကု,ဝိစိကိစ္ဆာကြဉ်၍(၂၀)ဒိဋ္ဌိမှာလဲထို(၂၀)ပင်ယှဉ်၏၊

## ဣသော-မစ်ကုက်-၁၉ထုဘ်သော။

ဣသာသည်၊ ဝိဘိကြဉ်သော၊အညှ(၁၂)မော,ဟိ,နော,ဥဒ်,ဒေါ,ထိ,မိ, ၏(၁၉) ပါးယှဉ်၏၊မစ္ဆရိယကုက္ကုစ္စလည်း ၎င်း(၁၉)ပင်ယှဉ်၏၊

## စုဒ္ဒသ်-ဝိစိ။

ဝိစိကိစ္ဆာသည်၊ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာ ယှဉ်သောစေဘသိက်(၁၅)ပါးတွင် မိမိဟုဆိုအပ်သော၊ဝိစိကိစ္ဆာကိုကြဉ်၍(၁၄)ပါးသာယှဉ်သည်၊

## ဒွိပမညာ-တေဋ္ဌိံသာတည်း။

အပ္ပမညာနွေသည်၊ အညှ(၁၃) သောဘဏသာဓါရဏ(၁၉) ပညိန္ဒြေ(၁)၏(၃၃) ပါးမှာယှဉ်သည်၊

## ဝိ-မှာ-သုံးငါး။

ဝိရတိစေတသိက်(၃)ခုတို့သည်၊အညသမာန်း(၁၃)အပ္ပမညာနွေကြဉ်သော၊ သော ဘဏ(၂၃)၏(၃၆)ပါးတို့တွင်၊ သမ္မာဝါစာသည်၊ မိမိမှတပါးသော(၃၅)ပါးကိုယှဉ် သည်၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝတို့မှာလဲ့ယို့အတူ၊မိမိကိုကြဉ်၍-၃၅-ပါးစီယှဉ်ကြ၏၊

## ကြွင်းငြားသောဘဏ–သင်္ဂြိုဟ်သား။

ကြွင်းသော-သောဘဏစေတသိက်(၂၀)တို့သည်၊ အညသမာန်း(၁၃)သောဘဏ (၂၅)ပေါင်း(၃၈)တွင်၊ မိမိကိုကြည့်၍(၃၇)စိယှဉ်ကြ၏။ နိယတ၊ အနိယတအားဖြင့်လည်းခွဲစစ်လေဦး၊ ဆောင်ပုဒ်ကိုရလျှင် မခဲယဉ်း။ဤကဲ့သို့ပြဆိုအပ်ပြီးသော သရုပ်ခွဲနည်းတို့သည်၊အဘိဓမ္မာအရာ၊ပါရဂူမြောက်ပြီး၊ပညာရှိကြီးတို့မှာ၊မခဲယဉ်းသော်လည်း မန္ဒသောတ အခြေပြုစ ပုဂ္ဂိုလ်များအတွက်၊ ကွက်ကွက် ကွင်းကွင်း၊ နေရောင်လင်းသလို ထင်လင်းစွာမြင်စေခြင်းငှါ ရေးသားရပေသည်၊ ၊

စေတသိက,ပိုင်းကဏ္ဍ,ရေးရလေးရက်သာ။
လေးရက်လောက်မျှ,ကြည့်တုံက,သိကြပါစေသာ။
ခဏချက်ခြင်း,ညာဏ်တွင်ရှင်း,ထင်လင်းပါစေသာ။
စေတသိက်ကဏ္ဍ,ဤတွင်မျှ,ပြီးရနိဋ္ဌိတာ။ ။

## စေတသိက်ပိုင်းပြီး၏။



# {၃} ပကိဏ်းပိုင်း။

ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်၊စိတ်စေတသိက်ဖြစ်သော၊ပရမတ္ထတရား ၂ ပါးတို့ကို၊ နာမ်တေပညာသဟူသောအမည်ဖြင့်ပေါင်း၍၊ ဝေဒနာ၊ဟိတ်၊ကိစ္စ၊ဒွါရ၊အာရုံဝတ္ထုတို့ဖြင့် ဖြစ်သင့်သည်အားလျော်စွာ၊ရောပြွမ်း၍ပြသောကြောင့်၊ ပကိဏ်းပိုင်းဟုခေါ်သည်၊

ဤနေရာ၌"**နာမ်တေပညာသ**"ဆိုသည်ကား၊

(၁) စိတ်–၁-ပါး၊

(၂) စေတသိက်(၅၂)ပါး၊ပေါင်း၊နာမ်(၅၃)ပါးဖြစ်သည်၊

အဘယ့်ကြောင့်၊စိတ်(၈၉) ပါးကို၊'စိတ်တပါး'ဟုဆိုသနည်း?
အာရုံကိုသိတတ်ခြင်း၊အာရမ္မဏဝိဇာနနလက္ခဏာ သဘောအားဖြင့်၊တူသောကြောင့်၊တပါးတည်းပေါင်း၍ယူသည်၊

စေတသိက်(၅၂)ပါးကိုလည်း၊၊တပါးတည်းပေါင်း၍၊အဘယ့်ကြောင့်မယူသနည်း?
စေတသိက် (၅၂) ပါးမှာကား၊ တခုနှင့်တခုသဘောခြင်းမတူ၊ အမှုကွဲပြားသောကြောင့်၊တပါးတည်းပေါင်း၍မယူနိုင်ပါ၊

နာမ်တရားဆိုသည်မှာ၊ဤ(၅၃)ပါးသာရှိသလော၊နိဗ္ဗာန်ကိုနာမ်ဟူ၍ဆိုနိုင်ပါသလော?
နိဗ္ဗာန်ကိုလဲ-နာမ်တရားပင်ဆိုရပါသည်၊

အဘယ့်ကြောင့်၊ စိတ်,စေ,တို့ကိုလဲနာမ်၊ နိဗ္ဗာန်ကိုလည်း-နာမ်ဟူ၍ဆိုရပါသနည်း?
စိတ်စေတသိက်တရားတို့သည်၊မိမိတို့လည်း အာရုံသို့ညွတ်သောကြောင့်ရင်း၊ မိမိတို့၏ အာရမ္မဏိကတရားတို့ကိုလဲ၊ညွတ်စေတတ်သောကြောင့်ရင်း၊ နာမ်မည်ပါသည်၊နိဗ္ဗာန်သည်ကား၊အာရမ္မဏိကဖြစ်သော၊ မဂ်ဖိုလ်အစရှိသော၊ စိတ်စေတသိက်တရားတို့ကို၊ညွတ်စေတတ်သောကြောင့်၊နာမ်မည်ပါသည်၊

ဝေ,ဟိတ်,ကိစ္စာ၊ ဒွါရ၊ အာ၊ ဝတ္ထု-သင်္ဂဟ၊

# (၁) ဝေဒနာသင်္ဂဟ၊

ဝေဒနာ၊ ဟေတုတော ကိစ္စ ဒွါရာ၊ လမ္ဗဏာ၊ ဝတ္ထုတော၊ ၊ ဟူသော ပါဠိအရ၊ ဝေဒနာသင်္ဂဟဆိုသောပါဠိမှာ၊ ဝေဒနာဆိုသည် အခြားကိုဆိုသည်မဟုတ်၊ ဝေဒနာစေတသိက်ကိုပင်ဆိုသည်၊ ထိုဝေဒနာစေတသိက်သည်၊ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာ-သာမညအား၊ ဖြင့်၊ တပါးသာဖြစ်သော၊ အလုံးစုံသော ဝေဒနာသည်၊ (ဒုက္ခဝေဒနာ)ဟူ၍ (၁)ပါးသာရှိ၏၊

အဘယ့်ကြောင့်(ဒုက္ခဝေဒနာ)ဟု တပါးသာရှိသနည်း?

"ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ"ဟူ၍ ဘုရား ဟောတော်မူသောကြောင့်၊ အလုံးစုံသောဝေဒနာသည်၊ သင်္ခါရဒုက္ခအဖြစ်ဖြင့်၊ ဆင်းရဲခြင်းသဘောရှိသောကြောင့်၊ (ဒုက္ခဝေဒနာ)ဟူ၍တပါးသာရှိသည်၊

တနည်း၊ ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာဟူ၍ ၂ ပါးရှိ၏၊ ၊ ခပ်သိမ်းသော သတ္တဝါတို့သည်၊ ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံတို့၌လျစ်လျူရှုခြင်း၊ ဥပေက္ခာဝေဒနာ၊ နှစ်သက်ဝမ်းမြောက်ခြင်း၊ သုခဝေဒနာကို၊ (သုခဝေဒနာ)ဟုခေါ်သည်၊ အနိဋ္ဌာရုံ၌၊ လျစ်လျူရှုခြင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ၊ နှလုံးမသာ၊ ဆင်းရဲစွာခံစားရခြင်းသည်၊ ဒုက္ခဝေဒနာမည်၏၊

ပညတ်၊ ပရမတ်၊ ထို ၂ ရပ်ကို၊ တတ်တတ်ထင်ထင်၊ သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ ပရမတ္ထသစ္စာနည်းအားဖြင့်၊ ဒုက္ခသစ္စာမှန်သောတရားကိုပင်၊ တောဘုမ္မကအခိုက်အတန့်၌၊ သုခဝေဒနာဟု ဟောတော်မူ၏၊ ထိုပရမတ္ထသစ္စာကို မသိကုန်သော၊ ပုထုဇန်တို့သည်ကား၊ ဒုက္ခသစ္စာကိုပင် သုခမွေးကြီးချမ်းသာ၊ ရှင်ဘုရင်ချမ်းသာ စသည်ဖြင့်၊ တကဲ့ချမ်းသာထင်၍၊ အလွန်ပင်လိုက်စားကြခြင်းသည်၊ ပရမတ္ထသစ္စာကိုသိကုန်သော ဘုရားရဟန္တာတို့၏၊ ရယ်ဘွယ်ရာကြီးတခုသာဖြစ်ချေသည်၊

ဝေဒနာ(၅)ပါးရှိရာ၊ကာမဘုံမှာ၊ဝေဒနာ(၅)မျိုးလုံးကိုရသည်၊ အသညသတ်ကြဉ်သောရူပဘုံမှာ၊သောမနဿ၊ဥပေက္ခာ၊ ဤဝေဒနာ၂ပါးကိုသာရသည်၊ သုခ၊ဒုက္ခ၊ဒေါမနဿမရ၊ အရူပဘုံမှာလည်း၊ ထို့အတူပင်ရသည်၊ အသညသတ်ဘုံမှာ၊ဝေဒနာတပါးမျှမရချေ၊

(၈၅) ကာမငါးဆူ ရူ,ရူ,သော,ဥ,၊ရုပ်ဘုံရူ၊တရမရပါ၊

ရုပ်ဘုံဆိုသည်မှာ၊အသညသတ်ဘုံကိုဆိုသည်၊ ။ဝေဒနာ(၃)ပါးတနည်း၊(၅)ပါးတနည်း၊ဤ(၂)နည်းကို၊ စိတ်ပိုင်းကပြခဲ့ပြီးဖြစ်၍၊ဤနေရာ၌ဇယားပုံကိုသာ ထုတ်ပြပေတော့အံ့၊

# (၁) ဝေဒနာသင်္ဂဟဇယား။

| အမည်၊ | သုခ | သောမနဿ | ဒုက္ခ | ဒေါမနဿ | ဥပေက္ခာ | ပေါင်း |
|---|---|---|---|---|---|---|
| အကုသိုလ် | | ၄ | | ၂ | ၆ | ၁၂ |
| အဟိတ် | ၁ | ၂ | ၁ | | ၁၄ | ၁၈ |
| ကာမာဝစရသောဘဏ | | ၁၂ | | | ၁၂ | ၂၄ |
| မဟဂ္ဂုတ် | | ၁၂ | | | ၁၅ | ၂၇ |
| လောကုတ္တရာ | | ၃၂ | | | ၈ | ၄၀ |
| ချုံ့ချဲ့ယူသောနည်းအပေါင်း | ၁ | ၆၂ | ၁ | ၂ | ၅၅ | ၁၂၁ |
| အနုဘဝနလက္ခဏာနည်းပေါင်း | သုခ | ၆၃ | ဒုက္ခ | ၃ | ၅၅ | ၁၂၁ |

အထက်ပါဇယားပုံသည်၊ ကွက်ကွက်ကွင်းကွင်း၊ အသိဉာဏ်သန့်ရှင်းစေတတ်သောဇယားဖြစ်၍၊အခါခါအထပ်ထပ်၊မပြတ်မလပ်ရှုကြပါ၊

ဝေဒနာတနည်းအားဖြင့်၊ စက္ခုသမ္ဖဿဇာဝေဒနာ၊ လ ၊မနောသမ္ဖဿဇာဝေဒနာအားဖြင့်၊၆-ပါးရှိလေ၏၊

(၄၁) သုခံ,ဒုက္ခ,မုပေက္ခာ,တိ၊ တိဝိဓါ တတ္ထဝေဒနာ။
သောမနဿံ,ဒေါမနဿ၊ မိတိဘေဒေန ပဉ္စဓါ။ ။

(၄၁) သုခမေကတ္ထ ဒုက္ခဉ္စ၊ ဒေါမနဿံ ဒွယေ ဌိတံ။
ဒွါသဋ္ဌိသု သောမနဿံ၊ ပဉ္စပညာသကေတရာ။ ။

တတ္ထ၊ ထိုဝေဒနာသင်္ဂဟ၌၊ ဝေဒနာ၊ ဝေဒနာသည်၊ သုခဉ္စ၊ သုခဝေဒနာ၎င်း၊ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာ၎င်း၊ ဥပေက္ခာစ၊ ဥပေက္ခာဝေဒနာ၎င်း၊ ဣတိဣမိနာပဘေဒေန၊ ဤသို့အနုဘဝနလက္ခဏာအပြားဖြင့်၊ တိဝိဓါ၊ သုံးပါးအပြားရှိသည်၊ ဟောတိ၊ ဖြစ်၏၊ ဝေဒနာ၊ ဝေဒနာသည်၊ သုခဉ္စ၊ သုခဝေဒနာ၎င်း၊ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာ၎င်း၊ သောမနဿဉ္စ၊ သောမနဿဝေဒနာ၎င်း၊ ဒေါမနဿဉ္စ၊ ဒေါမနဿဝေဒနာ၎င်း၊ ဥပေက္ခာစ၊ ဥပေက္ခာဝေဒနာ၎င်း၊ ဣတိဣမိနာပဘေဒေန၊ ဤသို့ဣန္ဒြေအပြားဖြင့်၊ ပဉ္စဓါ၊ ငါးပါးအပြားရှိသည်၊ ဟောတိ၊ ဖြစ်၏၊ သုခဉ္စ၊ သုခဝေဒနာသည်၎င်း၊ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာသည်၎င်း၊ ဧကတ္ထ၊ တခုသောစိတ်၌၊ ဌိတံ၊ တည်၏၊ ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်၊ ဒွယေ၊ စိတ်နှစ်ခုတို့၌ အပေါင်း၌၊ ဌိတံ၊ တည်၏၊ သောမနဿံ၊ သောမနဿဝေဒနာသည်၊ ဒွါသဋ္ဌိသု၊ ခြောက်ဆဲ့နှစ်ပါးကုန်သောစိတ်တို့၌၊ ဌိတံ၊ တည်၏၊ ဣတရာ၊ ဥပေက္ခာဝေဒနာသည်၊ ပဉ္စပညာသကေ၊ ငါးဆဲ့ငါးပါးသောစိတ်၌၊ ဌိတာ၊ တည်ကုန်၏

## စေတသိက်ကို ဝေဒနာဖြင့်ခွဲဝေခြင်း။

(၈၆) ပီတိ,ဝိကိစ်,၊ ဒေါ,ဣဿ,မစ်,ကု,၊ ဤ(၆)ခု၊ တခုဝေဒနာ၊

(၈၇) လော,ဒိဋ္ဌိ,မာန၊ သောဘဏာ၊ နှစ်ဝ-ဝေဒနာ၊

(၈၈) ကျန်ပကိဏ်းငါး၊ ၆-ပါးအကု၊ (၁၁)ခု၊ သုံးခုဝေဒနာ၊

(၈၉) ဝေဒနာကြဉ်ထ၊ ကျန်သဗ္ဗ၊ ပဉ္စဝေဒနာ၊

(၉၀) ဝေဒနာ,ဝေချင်း၊ အချင်းချင်း၊ ယှဉ်ခြင်းမဖြစ်ရာ၊

| အမည်၊ | ဝေဒနာ ၁ပါးယှဉ် | ၂ပါး ယှဉ် | ၃ပါး ယှဉ် | ၅ပါး ယှဉ် | မယှဉ် | ပေါင်း |
|---|---|---|---|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေ | | | | ၆ | ၁ | ၇ |
| ပကိဏ်းစေ | ၁ | | ၅ | | | ၆ |
| အကုသိုလ်စေ | ၅ | ၃ | ၆ | | | ၁၄ |
| သောဘဏစေ | | ၂၅ | | | | ၂၅ |
| ပေါင်း | ၆ | ၂၈ | ၁၁ | ၆ | ၁ | ၅၂ |

ဗိတိသည်၊သောမနဿဝေဒနာတပါးနှင့်သာယှဉ်၍၊ ဝိစိကိစ္ဆာသည်၊ဥပေက္ခာဝေဒနာ(၁)ပါးနှင့်သာယှဉ်၍၊ဒေါ-ဣဿ-မစ်-ကု-ဤ၄ခုသည်၊ဒေါမနဿဝေဒနာ(၁)ပါးနှင့်သာယှဉ်၍၊ ၊လော-ဒိဋ္ဌိ မာန-သောဘဏ(၂၅)ဤ(၂၈)ပါးတို့ကား၊ သော-ဥ-၂ပါးနှင့်ယှဉ်သည်၊ ကျန်ပကိဏ်း(၅)ခု၊ ကျန်အကုသိုလ်(၆)ခု၊ ဤ(၁၁)ခုတို့ကား၊ သော-ဥ-ဒေါ-၃(၃)ပါးနှင့်ယှဉ်သည်၊ ၊ဝေဒနာကြဉ်သော၊ကျန် သဗ္ဗစိတ္တသာဓာရဏ(၆)ခုကား၊ ၅-ပါးလုံးနှင့်ယှဉ်သည်၊ ဝေဒနာကား၊ ဝေဒနာခြင်းယှဉ်သည်ဟု မရှိချေ၊

# (၂) ဟေတုသင်္ဂဟ၊

(၉၁) လော,ဒေါ,မော,သုံး၊အ,နှင့်သုံး၊ခေါ်ထုံးဟိတ်(၆)ဖြာ၊

(၉၂) ၁၈-အဟိတ်၊ကျန်သဟိတ်၊သဟိတ်သုံးမျိုးဖြာ၊

(၉၃) မောဟမူနှစ်မှာ၊မောဟသာ၊မှတ်ပါ၊ကေဟိတ်နှစ်၊

(၉၄) လောရှစ်လောမော,,၊ဒေါနှစ်ဒေါမော,,၊ညာဏော၁၆မှာ၊ အလောဘာ၊ အဒေါသာနှင့်,,နှိဟိတ်-၂၂၊

(၉၅) ညာဏ်သုံ,, လောကုတ်,,၊ မဟဂ္ဂုတ်မှာ,,၊ နေဂန်သုံးဖြာ၊ မှတ်ပါ တိဟိတ်-၄၇၊

ဤဟေတုသင်္ဂဟ၌၊ ဟိတ်(၆)ပါးဆိုသည်မှာ၊ အခြားကိုဆိုသည်မဟုတ်၊ စေတသိက်ကိုဆိုသည်၊ ၎င်းစေတသိက်တို့ကား၊ အကုသိုလ်စေတသိက် (၁၄) လုံးထဲက၊ လောဘ၊ဒေါသ၊မောဟ၊ ဤစေတသိက်(၃)ခုကို၊ အကုသိုလ်ကထွက်သောဟိတ်ဖြစ်

၍၊ အကုသိုလ်ဟိတ်ခေါ်သည့် သောဘဏာသာဓါရဏစေတသိက်ထဲက၊ အလောဘ၊ အဒေါသ၊ ၂လုံး၊ ပညိန္ဒြေစေတသိက်ကို၊ အမောဟဟူသောအမည်ဖြင့်ခေါ်၍၊ အမောဟဟိတ်တလုံး၊ ၄င်းဟိတ်သုံးပါးကိုကား၊ ကုသိုလ်၌ယှဉ်သောကြောင့်၊ ကုသိုလ်ဟိတ်သုံးပါးလည်းခေါ်၏၊ ဝိပါက်ကြိယာစိတ်တို့၌ယှဉ်သောကြောင့်၊ အဗျာကတဟိတ်လည်းခေါ်၏၊ အသီးအသီးခွဲဝေ၍ယူလျှင်၊ အကုသိုလ်ဟိတ်(၃)ပါး၊ ကုသိုလ်ဟိတ်(၃)ပါး၊ ဝိပါက်ဟိတ်(၃)ပါး၊ ကြိယာဟိတ်(၃)ပါး၊ ပေါင်း(၁၂)ပါးဖြစ်၏၊

အဘယ့်ကြောင့်-ဟိတ်ခေါ်ပါသနည်း?

ကြီးပွါးပြီးသောသစ်ပင်တို့သည်၊ မြဲမြံနိုင်ခံ့၊ တည်တန့်ကုန်သကဲ့သို့၊ ဟိတ်နှင့်ယှဉ်ကုန်သော၊ သမ္ပယုတ်တရားတို့ကို၊ ကောင်းစွာတည်ရာ၏ အဖြစ်ကို၊ ပြီးစေတတ်သောကြောင့်-ဟိတ်မည်၏၊

ရူပဘုံ၊ အရူပဘုံမှာ၊ ဒေါသဟိတ်ကိုမရ၊ ကြွင်း(၅)ပါးရ၏၊ အသညသတ်ဘုံမှာ၊ ဟိတ်တပါးမျှမရ၊ ကာမဘုံမှာ၊ ဟိတ်(၆)ပါးလုံးရ၏၊ ၄င်းကားဟိတ်(၆)ပါးတရားကိုယ်သရုပ်ကိုစစ်၍ပြခြင်းတည်း၊

စိတ်အကျဉ်း(၈၉)ပါးရှိရာ၊ ဟိတ်(၆)ပါး-တပါးမျှမရသောစိတ်ကား၊ (အဟိတ်) စိတ်(၁၈)ပါးပင်တည်း၊ ကျန် (၇၁) ပါးကို၊ ဟိတ်ရသောကြောင့်၊ သမ္ပယုတ်ဟိတ်ရှိသောကြောင့်၊ (သဟိတ်) စိတ်ခေါ်သည်၊ ထိုဟိတ်ရှိသော သဟိတ်စိတ်သည်လည်း၊ ဟိတ်တပါးရှိသော၊ ဧကဟိတ်စိတ်၊ ဟိတ် ၂-ပါးရှိသော၊ ဒွိဟိတ်စိတ်၊ ဟိတ်(၃)ပါးရှိသော၊ တိဟိတ်စိတ်ဟူ၍၊ သဟိတ်စိတ်(၃)မျိုးရှိသည်၊

မောဟမူဒွေးသည်၊ မောဟဟိတ်တပါးသာရှိသောကြောင့်၊ ဧကဟိတ်စိတ်ခေါ်သည်၊

လောဘမူစိတ်(၈)ပါးမှာ၊ ------ ------ လောဘဟိတ်၊ မောဟဟိတ် ၂ပါး၊

ဒေါသမူစိတ် (၂)ပါးမှာ၊ ------ ------ ဒေါသဟိတ်၊ မောဟဟိတ် ၂ပါး၊

ကာမာဝစရဉာဏဝိပ္ပယုတ်(၁၂)ပါးမှာ ------ အလောဘ၊ အဒေါသဟိတ် ၂ပါး၊

ပေါင်း(၂၂)ပါးသောစိတ်ကို၊ ဒွိဟိတ်စိတ်ခေါ်သည်၊

ဟိတ်(၂)ပါးစီရသောကြောင့်၊ ဒွိဟိတ်ခေါ်၏-ဆိုသေးလဲ၊ ဟိတ်ခြင်းကားမတူကြလေ၊

ဉာဏသမ္ပယုတ်(၁၂)မဟဂ္ဂုတ်(၂၇)လောကုတ်(၈)ပေါင်း(၄၇)ပါးသော စိတ်

တို့မှာကား၊ နောက်ဖြစ်သော၊အလောဘ၊အဒေါသ၊အမောဟ၊ ဟိတ်(၃)ပါးစီရှိသော ကြောင့်၊တိဟိတ်ခေါ်သည်၊

အဟိတ်(၁၈) ဧကဟိတ်(၂)ဒွိဟိတ် (၂၂)တိဟိတ်(၄၇) ဤ(၄)ရပ်ပေါင်းစိတ် အကျဉ်း(၈၉)ပါးဖြစ်သည်၊ အောက်ဇယားပုံ၌၊ အထပ်ထပ်ရှု၍ကြည့်ပါလေ၊

{၂} ဟေတုသင်္ဂဟဇယား

| အမည်၊ | အဟိတ် | ဧကဟိတ် | ဒွိဟိတ် | တိဟိတ် | ရသောဟိတ် | ပေါင်း |
|---|---|---|---|---|---|---|
| လောဘမူ | ...... | ...... | ၈ | ...... | လောဘ<br>မောဟ ...... | ၈ |
| ဒေါသမူ | ...... | ...... | ၂ | ...... | ဒေါသ<br>မောဟ ...... | ၂ |
| မောဟမူ | ...... | ၂ | ...... | ...... | မောဟ ...... | ၂ |
| အဟိတ် | ၁၈ | ...... | ...... | ...... | ...... | ၁၈ |
| ကာမာဝစရ–<br>ဉာဏဝိပ္ပယုတ် | ...... | ...... | ၁၂ | ...... | အလောဘ<br>အဒေါသ ...... | ၁၂ |
| ဉာဏသမ္ပယုတ် | ...... | ...... | ...... | ၁၂ | အလော<br>အဒေါ<br>အမော ...... | ၁၂ |
| မဟဂ္ဂုတ် | ...... | ...... | ...... | ၂၇ | အလော<br>အဒေါ<br>အမော ...... | ၂၇ |
| လောကုတ္တရာ | ...... | ...... | ...... | ၈ | အလော<br>အဒေါ<br>အမော ...... | ၈ |
| ပေါင်း | ၁၈ | ၂ | ၂၂ | ၄၇ | * | ၈၉ |

(၄၂) သောဘော,ဒေါသောစ,မောဟောစ,၊ဟေတူ,အကုသလာ,တယော။
အလောဘာ,ဝေါသာ,မောဟောစ,၊ကုသလာ,ဗျာကတာ,တထာ။ ။
(၄၃) 'အဟေတုကာ,ဋ္ဌာရသ,'ဧကဟေတုကာဒွေ,'ဒွါဝီသတိ။
ဒွိဟေတုကာ,မတာ,သတ္တ၊ စတ္တာလီသ,တိဟေတုကာ။ ။

အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော၊ဟေတူ၊ဟိတ်တို့သည်၊လောဘောစ၊ လော ဘဟိတ်၎င်း၊ဒေါသောစ၊ဒေါသဟိတ်၎င်း၊မောဟောစ၊မောဟဟိတ်၎င်း၊ ဣတိ၊ဤသို့၊ တယော၊ ၃-ပါးအပြားရှိကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏၊ကုသလာဗျာကတာ၊ကုသိုလ် အဗျာကတဖြစ်ကုန်သော၊ ဟေတူ၊ဟိတ်တို့သည်၊ အလောဘောစ၊ အလောဘဟိတ် ၎င်း၊ အဒေါသောစ၊အဒေါသဟိတ်၎င်း၊ အမောဟောစ၊ အမောဟဟိတ်၎င်း၊ ဣတိ၊ ဤသို့၊တထာ၊ထိုအတူ၊တယော၊၃-ပါးအပြားရှိကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊

အဟေတုကာ၊သမ္ပယုတ်ဟိတ်မရကုန်သော၊အဟိတ်စိတ်တို့ကို၊အဋ္ဌာရသ၊ ၁၈-ပါးအပြားရှိကုန်၏ဟူ၍ မတာ၊သိအပ်ကုန်၏၊ဧကဟေတုကာ၊ဟိတ်တပါးသာရသော၊ ဧကဟိတ်စိတ်တို့ကို၊ဒွေ၊မောဟမူစိတ်(၂)ပါးဟူ၍၊မတာ၊သိအပ်ကုန်၏ ဒွိဟေတုကာ၊ အသီးအသီးဟိတ်(၂)ပါးစီရခြင်းကြောင့်-ဒွိဟိတ်အမည်ရှိသောစိတ်တို့ကို၊ဒွါဝီသတိ၊ လောဘရှစ်-ဒေါနှစ်-၁၂ ဉာဏဝိပ္ပယုတ္တနှင့် ပေါင်းထအများ၊ ၂၂-ပါးတို့ဟူ၍၊မတာ၊ သိအပ်ကုန်၏၊တိဟေတုကာ၊ဟိတ်(၃)ပါးရှိခြင်းကြောင့်၊ တိဟိတ်အမည်ရှိကုန်သော စိတ်တို့ကို၊ သတ္တစတ္တာလီသ၊ ဉာဏ်သံ၊လောကုတ်၊မဟဂ္ဂုတ်နှင့်၊ပေါင်းလင့်အများ ၄၇-ပါးတို့ဟူ၍၊မတာ၊သိအပ်ကုန်၏၊

# စေတသိက်ကို-ဟိတ်ဖြင့်ဝေဘန်ခြင်း။

(၄၄) လောဘ,ဒေါ,ဝိစိကိစ္ဆာ,၊ဟိတ်မှာတရ၊ ၊ဏှသ်,မစ်,ကု,မော၊ ဗိဋ္ဌ,မာနေ့နှင့်၊ အလော၊အဒေါ၊အမော (၉)ဖြာ၊ဒွိဟိတ်သာပေါ၊ ၊ဟိ,နော,ဥဒ္ဓစ္စ၊ ထိန,မိဒ္ဓ၊ကျန် သောဘဏ၊ဒွါဝိသခု၊ သုံးပဟိတ်ရှိ ပီတိငါးဟိတ်၊ဆဟိတ်ဒွါဒသ၊ပီကြည်ထ၊ အည သမာန၊

သောဘာ၊ဒေါသ၊ဝိစိကိစ္ဆာ၊ ၎င်း(၃)ခု၊မောဟဟိတ်တခုနှင့်သာယှဉ်သောကြောင့်၊ (ဧကဟိတ်)စေတသိက်(၃)ပါးဟုမှတ်၊ ရှည်-မစ်-ကုတ်-၏(၃)ခုသည်၊ ဒေါသ မောဟဟိတ် ၂-ခုနှင့်ယှဉ်သည်၊မောဟသည်၊ လောဘ ဒေါသဟိတ် ၂-ခုနှင့်ယှဉ်သည်၊ ဒိဋ္ဌိ၊မာန၊ ၂-ခုတို့သည်၊လောဘ၊မောဟဟိတ် ၂-ခုနှင့်ယှဉ်သည်၊ အလောဘသည်၊အ ဒေါသ၊ အမောဟနှင့်ယှဉ်သည်၊အဒေါသသည်၊အလောဘ၊အမောဟ၊ ၏ဟိတ် ၂-ခုနှင့် ယှဉ်သည်၊အမောဟသည်၊ အလောဘ၊အဒေါသ၊ ၏ဟိတ် ၂ ခုနှင့်ယှဉ်သည်၊—ပေါင်း (ဒွိဟိတ်)စေတသိက်(၈)ပါးဖြစ်သည်၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ၊ ၏(၅)-ခုတို့မှာ၊လောဘ၊ဒေါသ၊မောဟ၊ ၏အကုသိုလ်ဟိတ်(၃)ပါးနှင့်ယှဉ်သည်၊အ လောဘ၊အဒေါသ၊ပညာကြဉ်သော—သောဘဏ(၂၂)ပါးတို့မှာ၊ အလောဘ၊ အဒေါ သ၊အမောဟ၊ ၏ကုသိုလ်အဗျာကတဟိတ်(၃)ပါးနှင့်ယှဉ်သည်၊ ပေါင်း(တိဟိတ်)စေ တသိက်(၂၇)ပါးဖြစ်သည်၊ ၊ပီတိစေတသိက်(၁)ခုသည်၊ဒေါသဟိတ်မှကြွင်းသော၊ ၅—ပါး၊သောဟိတ်နှင့်ယှဉ်ခြင်းကြောင့်၊ (ပဉ္စဟိတ်) မည်၏၊ ပီတိကြဉ်သော၊အညသ မာန်း(၁၂)ပါးသည်၊ဟိတ်(၆)ပါးနှင့် ယှဉ်ခြင်းကြောင့်(ဆဟိတ်)မည်၏၊မောဟမူဒွေး ၌၊ မောဟစေတသိက် ၂လုံးသည်၊ယှဉ်ဘက်ဟိတ် မရှိသော ကြောင့်၊(အဟိတ်)စေတ သိက် ၂လုံးဟူ၍လည်းမှတ်အပ်၏၊

# (၃)-ကိစ္စသင်္ဂဟ၊

(၉၇) ပဋိ၊ဘဝင်၊အာဝဇ္ဇနှင့်၊ ဒဿန,သဝနံ၊ ဃာယနံ,သာယန,ဖုသန, ဋိစ္ဆနံ၊ သန္တီရဏ,ဝုဋ္ဌော,ဇော,တဒါရုံ,ဓုတိကြုံ၊ပေါင်းတို့(ကိစ္စ)ဆဲ့လေးတည်း၊

(၉၈) ဒသ်,သ,ဃာ,သာ,ဖု,ငါးဖြာကို၊ ပေါင်းပါတခု၊ပဉ္စဝိညာ်ပြု၊ ဆယ်ခု(ဋ္ဌာန)ဖြစ် သတည်း၊

(၉၉) ဥသန္တီနှစ်၊ ရှစ်မဟာဝိ၊မဟဂ်ဝိ-၉၊ပေါင်း၊ဆဲ့ကိုး၊တစ်ရိုး-ဋိ-ဘင်-စု၊

(၁၀၀) အာဝဇ်အစ၊ဋိစ္ဆန၊ကိစ္စနှစ်စိ၍၊

(၁၀၁) သန္တီသုံးဖြာ၊မနောဒွါ၊ငါးဒွါဝုဋ္ဌောပြု၊

(၁၀၂) အာဝဇ္ဇန်းဒွေးကြွင်သော၊ ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာ၊ဇျည်းပဥ္စာ၊ဇော သာသာသုတရ၊

(၁၀၃) သန္တီရဏ၊မဟာဝိ၊မှတ်ဘိတဒါရုံ၊

## ကိစ္စဘုံကို-ပေါင်းပြခြင်း

(၁၀၄) ဥပေက်သန္တီ၊ပဋိ,ဘဝင်္ဂ၊ရ,တဒါ,တဖြာသန္တီငါး၊ (ငါးကိစ္စ) (၂)

(၁၀၅) မဟာဝိပါက်ရှစ်ချ၊ပဋိ,ဘဝင်,စု၊ရုံတဒါ (၄)ကိစ္စ (၈)

(၁၀၆) မဟာဂ်ဝိ-၉ချ၊ပဋိ,ဘဝင်,စု၊သုံးခုကိစ္စသာ၊ (၃-ကိစ္စ) (၉)

(၁၀၇) သော-ဘီ တိ,ဒါ,၊(ခုဠော)မှာ၊ဝုဋ္ဌ,အာ,၂ကိစ်စီ၊ (၂-ကိစ္စ) (၂)

(၁၀၈) ဇော,မနောဓါတ်၊ ဆယ်ရပ်ပဥ္စဝိညာဏ်၊ ပေါင်းတုံပြန်၊ မှတ်ရန်တကိစ်စီ၊ (၁-ကိစ္စ) (၆၈)

ဤကိစ္စသင်္ဂဟ၌၊ကိစ္စ(၁၄)ပါးဟူသည်ကား၊ တရားကိုယ်အသီးအခြားမရှိ၊ စိတ်,စေတသိက်တို့ကိုပင်ဆိုရသည်၊ ထိုကြောင့်၊(ဝိတ္တုပ္ပါဒါပကာသိတာ)ဟူ၊ရှင်အနုရုဒ္ဓါ ဆရာမိန့်တော်မူ၏၊ စိတ်စေတသိက်တို့သည်၊ အသီးအသီးပြုအပ်သောကြောင့်၊ ကိစ္စခေါ်သည်၊

(၁) ဘဝဟောင်းမှ၊ဘဝသစ်သို့ တဘန်စပ်ဆက်ခြင်းကို၊ ပဋိသန္ဓေကိစ္စခေါ်ပါသည်၊ (၂) မပြတ်ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်၊ ဘဝ၏ အစိပ်ဖြစ်သောကြောင့်၊ဘဝင်ကိစ္စခေါ်ပါသည်၊ (၃)ဆင်ခြင်ခြင်း၊နှလုံးသွင်းကိစ္စကို၊အာဝဇ္ဇနကိစ္စခေါ်ပါသည်၊ (၄) မြင်ခြင်းကိစ္စကို ဒဿနကိစ္စခေါ်သည်။(၅)ကြားခြင်းကိစ္စကိုသဝန၊(၆)နံခြင်းကိစ္စကို ဃာယန၊(၇)လျက်ခြင်းကိစ္စကိုသာယန၊(၈)တွေ့ထိခြင်းကိစ္စကိုဖုသန၊ (၉)အာရုံကိုခံလင့်သကဲ့သို့ဖြစ်သောကိစ္စကို၊သမ္ပဋိစ္ဆန၊(၁၀)စုံစမ်းသကဲ့သို့ ဖြစ်သောကိစ္စကို၊သန္တီရဏ၊ (၁၁)ပိုင်းခြားမှတ်သားသကဲ့သို့ဖြစ်သောကိစ္စကို၊ဝုဋ္ဌောကိစ္စခေါ်သည်၊ (၁၂)-လျှင်သောအဟုံဖြင့်၊ပြေးသောယောက်ျား၏ဖြစ်ခြင်းကဲ့သို့အာရုံ၌ ထိုထိုသောကိစ္စကို၊ ပြီးစေခြင်း၏အစွမ်းအားဖြင့်၊အကြိမ်များစွာဇင်း၊တကြိမ်ဇင်း ဖြစ်ခြင်းသည်၊ဇောကိစ္စမည်၏၊(၁၃)ထိုထိုသောဇောသည်၊ယူအပ်ပြီးသောအာရုံကို၊အာရုံပြုခြင်းသည်၊တဒါရုံကိစ္စမည်၏၊ (၁၄)ထင်ရှားရှိသောဘဝမှ၊ရွေ့လျောခြင်းသည်၊စုတိကိစ္စမည်၏၊

ဤ(၁၄)ပါးသောကိစ္စတို့ကို၊ ကာမဘုံ၌အလုံးစုံရအပ်ကုန်၏၊ ရူပဘုံ၌ကား၊ ဃာယန၊ သာယန၊ ပုသန၊ တဒါရုံကိစ္စ၊ ဤ(၄)ကိစ္စမရှိကုန်၊ အသညသတ်ဘုံ၌ကား၊ ရုပ်ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ ဤ(၃)ကိစ္စသာရှိ၏၊ အရူပဘုံ၌ကား၊ ဒဿန၊ သဝန၊ ဃာယန၊ သာယန၊ ပုသန၊ သမ္ပဋိစ္ဆန၊ သန္တီရဏ၊ ဝုဋ္ဌော၊ တဒါရုံ၊ ဤ(၉)ကိစ္စမရှိကုန်၊ ပဋိသန္ဓေ၊ ဘဝင်၊ အာဝဇ္ဇန်း၊ ဇော၊ စုတိ(၅)ကိစ္စသာရှိသည်၊

(၁၀၉) ကာဝယ်ဗုဒ္ဓသ၊ ရူပဒသာ၊ အသညာ့သုံး၊ ၅-လုံးအရူ ခွဲ-စိတ်ယှဉ်၊ ညာဏ်မှ မထွေးတည်း၊

ဌာနဆယ်ပါးဟူသည်ကား၊ ဒဿန၊ သဝန၊ စသောငါးဌာနကို၊ တဌာနတည်းပေါင်း၍(၁၄)ကိစ္စတို့သည်၊ (၁၀)ဌာနသာဖြစ်ရလေတော့၏၊ အဘယ်ကြောင့်ပေါင်းသနည်းဆိုသော်၊ လူငါးယောက်တို့သည်၊ ပန်းဘိမ်၊ ပန်းပု၊ ပန်းတင်း၊ ပန်းချီ၊ ပန်းဘဲ၊ ဤကဲ့သို့အလုပ်ကိစ္စကွဲပြားသော်လဲ၊ အလုပ်ရုံကြီးတရမှာအလုပ်လုပ်ကြခြင်းတူသောကြောင့် (ဤလူငါးယော်ဟာတရုံထဲလုပ်ကြတဲ့လူတွေ)ဟုဆိုရသကဲ့သို့၊ ဒဿန၊ သဝန၊ ဃာယန၊ သာယန၊ ပုသန၊ ဤကဲ့သို့ကိစ္စ ကွဲပြားသော်လဲ၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်၊ သမ္ပဋိစ္ဆိန်း၊ အကြားတည်းဟူသော၊ အလုပ်ရုံဌာနခြင်းတူသောကြောင့်၊ ၎င်း(၅)ခုကို၊ ပဉ္စဝိညာဏ်ဌာန)ဟူ၍၊ ပေါင်း၍ယူရသည်၊ ၊ကိစ္စနှင့်ဌာနသည်၊ အတူတူပင်ဖြစ်သည်၊ တူပင်တူသော်ထည်း၊ အဘေဒဘေဒူပစာအားဖြင့်၊ အပြားမရှိသော်လဲ၊ ခြားသကဲ့သို့ခေါ်သည်၊ ဥပမာ၊ ကိုယ်နှင့်ကျောက်ကုံးသည်၊ အထူးအခြားမရှိ အတူတူပင်ဖြစ်သည်၊ ကိုယ်လဲကျောက်ကုံး၊ ကျောက်ကုံးလဲကိုယ်ဘဲ၊ ဤသို့တူသော်လဲ၊ ကျောက်ကုံးကတခြား၊ ကိုယ်ကတခြားကဲ့သို့၊ ခေါ်ဝေါ်ပြောဆိုကြသလို၊ ကိစ္စနှင့်ဌာနကိုလဲ၊ ခြားသကဲ့သို့ခေါ်သည်တနည်း၊ ကိစ္စသည်၊ အမှုကိစ္စအမျိုးမျိုးနှင့်တူ၏၊ ဌာနသည်၊ အလုပ်ရုံဂိုထောင်ကြီးနှင့်တူ၏၊ စိတ်(၈၉)စေတသိက်ဒွေပညာသသည်၊ အလုပ်သမားများနှင့်တူ၏၊ ယခုအခါ၌၊ မည်သည့်စိတ်သည်၊ မည်သည့်ကိစ္စကိုပြုလုပ်တတ်သည်ဟု၊ ပိုင်းခြား၍ပြပေတော့အံ့၊

ဥပေက္ခာသန္တီရဏ(၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်(၉)ပါး၊ ဤ(၁၉)ပါးသော စိတ်သည်၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ ၃ ကိစ္စစီပြုလုပ်တတ်ကြ၏၊

အာဝဇ္ဇန်းကိစ္စကိုပြုတတ်သောစိတ်ကား၊ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း-၂-ပါးတည်း၊ထို့အတူ၊ ဒဿနကိစ္စတပ်သောစိတ်ကား၊ စက္ခုဝိညာဏ်နှစ်ခု၊ သဝန ကိစ္စတပ်သောစိတ်ကား၊ သောတဝိညာဏ်နှစ်ခု၊ ဃာယနကိစ္စတပ်သောစိတ်ကား၊ ဃာနဝိညာဏ်နှစ်ခု၊ သာယနကိစ္စတပ်သောစိတ်ကား၊ ဇိဝှါဝိညာဏ်နှစ်ခု၊ ဖုသနကိစ္စ တပ်သောစိတ်ကား၊ ကာယဝိညာဏ်နှစ်ခု၊ သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ်ကား၊ သမ္ပဋိစ္ဆိုန်းနှစ်ခု၊ဤစိတ်တို့သည်၊တကိစ္စစီတပ်ကြောင်းကိုပြ၏၊ ထို့ကြောင့်၊

အာဝဇ္ဇနာဒ၊ ဒိဋ္ဌနန္တကိစ္စန္ဓစ်စိရူ၊ ၊ဟုဆိုခဲ့၏၊

သန္တီရဏကိစ္စတပ်သောစိတ်ကား၊သန္တီရဏစိတ်သုံးပါးတည်း၊ဥပေက္ခာသန္တီရဏ (၂)ပါးသည်၊သန္တီရဏကိစ္စလည်းတပ်သေးသည်ဟု-ဆိုလိုသည်၊

မနောဒွါရ၊ ဒွါ-ဝုဋ္ဌော ပြု၊

ဆိုသောစကားမှာ၊ မနောဒွါရာဝဇ္ဇန်းစိတ်သည်၊အထက်ကဆိုခဲ့သောအတိုင်း၊အာဝဇ္ဇန်းကိစ္စလည်းတပ်၏၊ ၎င်းပြင်၊ ငါးဒွါရမှာ၊ ဝုဋ္ဌောကိစ္စလည်းတပ်သေးသည်ဟု-ဆိုလိုသည်၊ဝုဋ္ဌောကိစ္စတပ်သောစိတ်(၁)ပါးဟုဆိုအပ်၏၊

"အာဝဇ္ဇန်းနှစ်ခုကြဉ်သော" အစရှိသောလင်္ကာပုဒ်ဖြင့်၊ ဇောကိစ္စတပ်သောစိတ်(၅၅)ပါးကိုပြသည်၊၎င်းဟူသည်ကား၊အကုသိုလ်(၁၂)ပါး၊ အာဝဇ္ဇန်းနှစ်ခုကြဉ်သော၊ ကာမကြိယာ(၉)ပါး၊မဟာကုသိုလ်(၈) ဤ(၂၉)ပါးကား၊ ကာမစိတ်ထဲမှ ရသောဇောဖြစ်၍၊ ကာမဇောခေါ်သည်၊ မဟဂ္ဂုတ်ကုသိုလ်(၉) ကြိယာ(၉) လောကုတ္တရာကုသိုလ်(၄) ဖိုလ်(၄)ပါး၊ဤ(၂၆)ပါးကို၊အပ္ပနာဇောခေါ်သည်၊ ပေါင်းကာမဇော(၂၉)အပ္ပနာဇော (၂၆)အားဖြင့်၊ဇော(၅၅)ပါးဖြစ်၏၊ ၊အပ္ပနာဇောသည်အကျယ်အားဖြင့်(၅၈)ဖြစ် ၏၊ ဇောသည်အကျယ်အားဖြင့်(၈၇)ပါးဖြစ်သည်၊ ၊တနည်း အကုသိုလ်ဇော(၁၂) ကုသိုလ်ဇော(၂၁) ကြိယာဇော(၁၈) ဝိပါက်ဇော(၄) ပေါင်း(၅၅)ပါးဖြစ်၏၊ ၊ဤ ကား၊ဇာတိဘေဒနည်းတည်း၊ ၊တနည်း၊သောမနဿဇော(၅၃)ဥပေက္ခာဇော(၃၂) ဒေါမနဿဇော(၂)ပါး၊ဤသို့ဝေဒနာဘေဒနည်းအားဖြင့်၊ ဇောအကျယ်(၈၇)ပါးဖြစ် သည်၊ ၊တနည်း၊ အဟိတ်ဇော(၁) ဧကဟိတ်ဇော(၂) ဒွိဟိတ်ဇော(၁၈) တိဟိတ် ဇော(၃၄)ပါး၊ ပေါင်း၊ ဟိတ်နှင့်ခွဲလျှင်လည်း၊ဇော(၅၅)ပါးဖြစ်သည်၊ ၊တနည်း၊

သာဓိပတိဇော(၅၂)နိရာဓိပတိဇော(၃)ပေါင်း(၅၅)ပါးဖြစ်၏၊နိရာဓိပတိဇော(၃) ခုကား၊မောဟမူနွေး၊ဟသိတုပ္ပါဒ်၊ဤသုံးခုတည်း၊ကြွင်း(၅၃)ပါးကား၊သာဓိပတိဇော တည်း၊ထိုမှတပါးလဲ၊ညာဏ်သွားသလောက်ခွဲလေဦး၊ဤကားနည်းပြမျှသာဖြစ်သည်၊ ဿုမှသင်စလူများမှာကား၊ဇော(၅၅)ပါးရေတွက်တတ်ရုံမျှရှိလျှင်သင့်လျော်ပြီ၊

## သန္တီရဏ၊မဟာဝိ၊မှတ်ဘိ'တဒါရုံ၊

ဤဖြင့်၊ တဒါရုံကိစ္စတပ်သောစိတ်(၁၁)ပါးကိုပြဆို၏၊ သန္တီရဏ(၃)ပါး၊ မဟာ ဝိပါက်စိတ်(၈)ပါး၊ ဤ(၁၁)ပါးသည်၊ တဒါရုံကိစ္စတပ်၏၊ ၊ဥပေက္ခာသန္တီရဏ သည်၊ပဋိ၊ဘဝင်၊စုတိ၊သန္တီရဏ၊ ဤ(၄)ကိစ္စသာမဟုတ်၊တဒါရုံကိစ္စလည်း တပ်သေး ၏ ၊သောမနဿသန္တီရဏသည်၊သန္တီရဏကိစ္စသာမဟုတ်၊တဒါရုံကိစ္စလည်းတပ် သေး၏၊ ၊မဟာဝိပါက်သည်၊ပဋိ၊ဘဝင်၊စုတိ၊ ဤ(၃)ကိစ္စသာမဟုတ်၊ တဒါရုံကိစ္စလဲ တပ်သေးသည်ဟုဆိုလိုသည်၊

## စိတ်အုပ်မှု သောကိစ္စအုပ်ကို–ပေါင်း၍ပြပေအံ့။

ဥပေက်သန္တီ,,ပဋိ,၊ဘဝင်္ဂ,၊စု,တဒါ,တဖြာသန္တီ'ငါး၊

ဥပေက္ခာသန္တီရဏ(၂)ပါးသည်၊ပဋိသန္ဓေ၊ဘဝင်၊စုတိ၊သန္တီရဏ၊ တဒါရုံအားဖြင့်၊ ငါးကိစ္စတပ်သည်၊ ငါးကိစ္စတပ်သောစိတ်(၂)ပါး၊

မဟာဝိရှစ်ခု၊ပဋိ,ဘဝ်,စု၊ဘုခရုံတဒါ၊

မဟာဝိပါက်စိတ်(၈)ခုသည်၊ပဋိသန္ဓေ၊ဘဝင်၊စုတိ၊တဒါရုံ၊(၄)ကိစ္စတပ်၏၊

မဟာဂ်ဝိ ၉-ခု၊ပဋိ,ဘဝင်,စု,၊သုံးခုကိစ္စသာ၊

မဟဂ္ဂုတ်ဝိပက်(၉)သည်၊ပဋိသန္ဓေ၊ဘဝင်၊စုတိ၊သုံးကိစ္စတပ်သည်၊

သော-တီ-တီ,ဒါ၊ဝုဋ္ဌောမှာ၊ဝုဋ္ဌ်,အာ,၂ကိစ်စိ၊

သောမနဿသန္တီရဏသည်၊သန္တီရဏတဒါရုံအားဖြင့်၂-ကိစ္စတပ်၏၊

ဝုဋ္ဌောခေါ်သော၊မနောဒွါရာဝဇ္ဇန်းမှာ၊ဝုဋ္ဌောကိစ္စ၊အာဝဇ္ဇန်းကိစ္စအားဖြင့်၊၂-ကိစ္စ တပ်၏၊၂-ကိစ္စတပ်သောစိတ် ၂-ပါး၊

ဇော,မနောဓါတ်၊ဆယ်ငုပ်ပဥ္စဝိညာဏ်၊ပေါင်းဘုံပြန်၊၄တ်ရန်တကိစ်စိ၊

ဇော(၅၅)ပါး၊မနောဓါတ်သုံ ပါ၊။ နွေးပဥ္စဝိညာဏ်(၁၀) ဤ(၆၈)ပါးတို့သည်၊

သိ:အသိ: ၀ကိစ္စစီတပ်သောစိတ်မည်ကုန်၏၊ မည်သည့်စိတ်သည်၊ မည်သည့်ကိစ္စ တပ်သည်ဟုခွဲစစ်လေ–လွယ်ပြီ၊

သောမနဿသန္တီရဏစိတ်သည်။ သန္တီရဏအခြင်းတူပါလျက်၊အဘယ့်ကြောင့် ပဋိသန္ဓေကိစ္စ မတပ်သနည်း?

။ ပဖြေ့ခန်း ပဋိစ္စဂါရ–ပါဠိတော်၌–ပဋိသန္ဓေ၏၊ အစွမ်းအားဖြင့်၊ မြတ်စွာဘုရားဟောတော်မမူသောကြောင့်၊ပဋိသန္ဓေကိစ္စမတပ်ပါ၊ ။

| အမည် | ပဋိသန္ဓေ | ဘဝင် | အာဝဇ္ဇန်း | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | သမ္ပဋိစ္ဆန | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ | စုတိ | ကိစ္စ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဥပက္ခာသန္တီ ၂ | ၂ | ၂ | | | | | | | | ၂ | | | ၂ | ၂ | ၅ကိ ၂ |
| မဟာဝိပါက် | ၈ | ၈ | | | | | | | | | | | ၈ | ၈ | ၄ကိ ၈ |
| မဟဂ္ဂုတ်ဝိပါက် | ၉ | ၉ | | | | | | | | | | | | ၉ | ၃ကိစ္စ ၉ |
| သောမနဿ သန္တီ | | | | | | | | | | ၁ | | | ၁ | | ၂ကိစ္စ ၂ |
| မနောဒွါရာဝဇ္ဇန်း | | | ၁ | | | | | | | | ၁ | | | | |
| ဇော––၅၅ | | | | | | | | | | | | ၅၅ | | | |
| ပဉ္စဒွါရာဝဇ္ဇန်း | | | ၁ | | | | | | | | | | | | ၁ကိစ္စ ၆၀ |
| သမ္ပဋိစ္ဆိုန်း ၂ | | | | | | | | | ၂ | | | | | | |
| စက္ခုဝိညာဏ် | | | | ၂ | | | | | | | | | | | |
| သောတဝိညာဏ် | | | | | ၂ | | | | | | | | | | |
| ဃာနဝိညာဏ် | | | | | | ၂ | | | | | | | | | |
| ဇိဝှါဝိညာဏ် | | | | | | | ၂ | | | | | | | | |
| ကာယဝိညာဏ် | | | | | | | | ၂ | | | | | | | |
| ပေါင်း၊ | ၁၉ | ၁၉ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၁ | ၅၅ | ၁၁ | ၁၉ | ၁၄ |

(၄၄) ပဋိသန္ဓာဒယော နာမ, ကိစ္စဘေဒေန စုဒ္ဒသ၊
ဒသဓါ ဌာနဘေဒေန, စိတ္တုပ္ပါဒါ ပကာသိတာ။ ။

(၄၅) အဋ္ဌသဋ္ဌိ,တထာဒွေ,စ,နဝ,ဋ္ဌ,ဒွေယထာက္ကမံ၊
ဧက,ဒွိ,တိ,စတု,ပဉ္စ၊ ကိစ္စဋ္ဌာနာနိ,နိဒ္ဒိသေ။ ။

ပဋိသန္ဓာဒယောနာမ၊ ပဋိသန္ဓေ အစရှိသည်မည်ကုန်သော၊ စိတ္တုပ္ပါဒါ၊စိတ်စေတသိက်တို့ကို၊ ကိစ္စဘေဒေန၊ကိစ္စတို့၏အပြားအားဖြင့်၊ စုဒ္ဒသ၊(၁၄)ပါးရှိကုန်၏ဟူ၍၊ ပကာသိတာ၊ထင်ရှားသေချာ ပြကြရာ၏၊ဌာနဘေဒေန၊ဌာန၏အပြားအားဖြင့်၊ဒသဓါ၊ ဆယ်ပါးအပြားရှိကုန်၏ဟူ၍၊ပကာသိတာ၊ထင်ရှားသေချာ ပြကြရာ၏၊

ဧက,ဒွိ,တိ,စတု,ပဉ္စ၊ကိစ္စဋ္ဌာနာနိ၊ ၁-ကိစ္စ၊၁-ဌာန၊ ၂-ကိစ္စ၊၂-ဌာန၊၃-ကိစ္စ၊၃-ဌာန၊၄-ကိစ္စ၊၄-ဌာန၊၅-ကိစ္စ၊၅-ဌာန-တပ်သောစိတ်တို့ကို၊ ယထာက္ကမံ၊ အစဉ်အတိုင်း၊အဋ္ဌသဋ္ဌိစ၊ဇော(၅၅)၊(၃)ပါးမနောဓါတ်၊ဆယ်ရစ်ပဉ္စဝိညာဏ်၊(၃)တန်ပေါင်းလစ်(၆၈)ပါးအပြားရှိကုန်၏ဟူ၍၎င်း၊တထာ၊ထိုအတူ၊ဒွေစ၊သောမနဿ၊သန္တီ၊တဒါရုံမြော၊၂-ခုသောစိတ်တို့ဟူ၍၎င်း၊ နဝစ၊ မဟဂ်ဝိပါကျေး၊စိတ်(၉)ပါးတို့ ဟူ၍၎င်း၊ အဋ္ဌစ၊မဟာဝိပါ၊စိတ်ရှစ်ဖြာတို့ဟူ၍၎င်း၊ဒွေစ၊ဥပေက္ခာမည်၊သန္တီရဏ စိတ်နှစ်ဝတို့ဟူ၍၎င်း၊ နိဒ္ဒိသေ၊အကျယ်အားဖြင့်၊မမှားသေချာ၊ပြဆိုရာ၏၊

## စေတသိက်တို့ကို၊ကိစ္စဖြင့်ဝေဖန်ခြင်း။

(၁၁၀) အကု,ဝိရတီ၊ တကိုင်စိတည်း၊ ဟေးလိပ္ပမညာ,၊ ပညာ,သောဘဏ၊ ဆန္ဒ ၅-ကိုင်၊၆-ကိုင်ဝိတီ၊ဝီရိယသာ၊ ထက်,စာ,ဓိ,ကိုး၊ ၁၄-မျိုးခွန်၊ပေါင်း၊လိုက်ပြန်၊ ၄တ် ချင်ငါးဆဲ့နှစ်၊

အကုသိုလ်စေတသိက်(၁၄)ဝိရတီ(၃)ခု၊ ၅(၁၇)ခုသည်(ဇော)ကိစ္စတကိစ္စသာ တင်၏၊ ၊အပ္ပမညာနွေးသည်၊ ဝို,ဘွင်,ဝု,ဇော၊"၄ ကိစ္စတင်၏၊ ပညာ၊သောဘဏ၊

သာဓါရဏ(၁၃)ဆန္ဒ၊ ဤ(၂၁)ပါးသည်။ငို၊ဘွင်၊ရ၊ဓော၊တဒ္ဒါရုံ၊ ၅-ကိစ္စတင်၏၊ ။ ပီတိသည်။ငို၊ဘွင်၊ရ၊သန္တီ၊တဒါ၊ဓော၊၆-ကိစ္စတင်၏၊ ဝိရိယသည်၊ငို၊ဘွင်၊ရ၊အာ၊ဝု၊ ဇော၊တဒါ၊၇-ကိစ္စတင်၏၊ ။ဝိတက်၊ဝိစာရ၊အဓိမောက္ခ(၃)ခု တို့သည်၊ ဒွေသနစ သော(၅)ကိစ္စကိုကြဉ်၍၊ ကြွင်း(၉)ကိစ္စတင်၏၊ ။သဗ္ဗစိတ္တသာဓါရဏစေတသိက် (၇)ပါးတို့သည်။(၁၄)ကိစ္စလုံးတင်၏၊ ငါတ်နှင့်ခွဲပုံကိုမြင်လျှင် စေတသိက်ဖြင့်ခွဲပုံမှာ မခက်ပြီ၊အားလုံးပေါင်းသော်၊စေတသိက်(၅၂)ပါးဖြစ်၏၊

| အမည် | ငို | ဘွင် | အာ | ဒ | သ | ဃါ | သါ | ဖု | သံ | ဏ | ဝ | ဓ | ရှဲ | ရ | ယံပွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သဗ္ဗစိတ္တသာဓါ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁၄ |
| ဝိတက် | ၁ | ၁ | ၁ | | ...... | | ...... | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၉ |
| ဝိစာရ | ၁ | ၁ | ၁ | | ...... | | ...... | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၉ |
| အဓိမောက္ခ | ၁ | ၁ | ၁ | | ...... | | ...... | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၉ |
| ဝိရိယ | ၁ | ၁ | ၁ | | ...... | | ...... | | ...... | ...... | ၁ | ၁ | ၁ | ၁ | ၇ |
| ပီတိ | ၁ | ၁ | ...... | ...... | | ...... | | ...... | | ၁ | ...... | ၁ | ၁ | ၁ | ၆ |
| ဆန္ဒ | ၁ | ၁ | | ...... | | ...... | | ...... | | ...... | | ၁ | ၁ | ၁ | ၅ |
| အကုသိုလ် | ...... | ...... | | ...... | | ...... | | ...... | | ...... | | ၁ | ...... | ...... | ၁ |
| သောဘဏ သာဓါ | ၁ | ၁ | ...... | ...... | | ...... | | ...... | | ...... | | ၁ | ၁ | ၁ | ၅ |
| ဝိရတိ | ...... | ...... | | ...... | | ...... | | ...... | | ...... | | ၁ | ...... | ...... | ၁ |
| အပ္ပမညာ | ၁ | ၁ | | ...... | | ...... | | ...... | | ...... | | ၁ | ...... | ၁ | ၄ |
| ပညာ | ၁ | ၁ | ... | ...... | | ...... | | ...... | | ...... | | ၁ | ၁ | ၁ | ၅ |
| ပေါင်း | ၃၅ | ၃၅ | ၁၁ | ၇ | ၇ | ၇ | ၇ | ၇ | ၁၀ | ၁၁ | ၁၁ | ၅၂ | ၃၃ | ၃၅ | ၅၂ |

ပေါင်းပုံပေါင်းနည်းမှာ-စေတသိတ်သရုပ်ကိုအောင်၍ပေါင်းပါ။

ဠာန {၂၅} ပါး

(၁၁၁) ရတိ*ဘဝင်၊ အကြားကာ၊ ဌာနငဲ့ရိုသန်၊
(၁၁၂) ငို*အာ၊ ဓော*အာ၊ ရုံ*အာ၊ ဌော*အာ၊ ဓော*ဝု၊ ရုံ*ဝု၊ ဤ၆ချ၊ ဖြစ်မှု ဘွင်ဠာန်၊
(၁၁၃) ဘွင်*စဝန၊ ဘွင်*ပဋ္ဌ၊ ဒွယအာဝဇ္ဇန်။
(၁၁၄) အာဝဇ္ဇန*ငိုဋ္ဌာန၊ ကြားကပဋ္ဌိဥဘာဆ်။
(၁၁၅) ပဋ္ဌိဥာဏ*တိရဏ၊ ကြားကငိုဋ္ဌာန်း
(၁၁၆) သမ္ပဋိစ္ဆန*ဝေါဋ္ဌဗ္ဗ၊ ကြားကသန္တီရဏဆ်။
(၁၁၇) တိ*ဓော၊ တိ*ဘွင်၊ အကြားတွင်၊ နှစ်ပင်ဝုဋ္ဌာန်း
(၁၁၈) ဌော*ရုံ၊ ဌော*ဘွင်၊ ဌော*ဝုပင်၊ အာ*ရုံ၊ အာ*ဘွင်၊ အာ*ဝုပင်၊ (၆)ပင် ဓောဋ္ဌာန်း
(၁၁၉) ဓော*ဘွင်ဟု၊ ဓောနှင့်*ဝု၊ ၂-ခုတဒါရမ်း
(၁၂၀) ဓော*ငို၊ ရုံ*ငို၊ ဘွင်*ငို၊ စုတိသုံးဌာန်၊

စုတိနှင့်ဘွင်အကြားတခုသည်၊ ပဋိသန္ဓေဌာနမည်၍ ဤသို့စသည်ဖြင့် ဆိုလေ၊ ဤ သံခိပ်(၁၀)ပိုဒ်အဓိပ္ပါယ်မှာ၊ ပါဠိလွင်ထင်ရှားလှပြီ၊ ဌာန(၁၀)ပါးရှိရာ၊ အဓိတ်အဓိတ် ကိုပေါင်းသော်(၂၅)ပါးဖြစ်လေ၍၊ ၎င်းတို့ကိုဝိထိပိုင်း၌ပြထားသော၊ ဝိထိပုံအမျိုးမျိုး ကို၊ သိမှသာ၍လွယ်သည်၊ (ရည်ညွှန်းချက်မှာအောက်ပါအတိုင်းဖြစ်၏၊)

(၁) ငို......ပဋိသန္ဓေ၊ (၄) ဝု ......စုတိ၊
(၂) အာ......အာဝဇ္ဇန်း၊ (၅) ဌော ......ဝုဋ္ဌော၊
(၃) ရုံ ......တဒါရုံ၊ (၆) တိ ......သန္တီရဏ၊

## (၄) ဒွါရသင်္ဂဟ။

(၁၂၁) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ သင်္ဂါရ၊ ဝိဉ္ဉာဖြစ်ကြောင်းသော၊
(၁၂၂) ပသာဒငါး၊ ဒွါရငါး၊ ဝိတ်ကား၊ တဒွါရာ၊
(၁၂၃) ဘဝင်ပစ္ဆေ၊ ၁၉-ထွေ၊ မှတ်လေ မနောဒွါ၊

ဤလက်ာသုံးပုဒ်ဖြင့်၊ (ဒွါရ)၆-ပါးကို၊ ဝိစစ်၍ပြသည်၊ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ ဟု-ဒွါရ(၆)ပါးရှိသည်၊

မေး။ ဘယ့်ကြောင့်(ဒွါရ) ခေါ်သနည်း?

တံခါးသည်၊လူတို့၏၊ထွက်ရာဝင်ရာဖြစ်သကဲ့သို့၊စိတ်စေတသိက်တို့၏၊ ဖြစ်ရာ၊ချုပ်ရာဖြစ်သောကြောင့်၊ဒွါရခေါ်ပါသည်၊

ဒွါရဆိုသည်မှာ၊ တရားကိုယ်အားဖြင့်၊ ရုပ်နှင့်စိတ်သာလျှင်ဖြစ်၏၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ-ဟူ၊ အထက်ရုပ်ပိုင်းမှာဆိုလတံ့၊ ထိုပသာဒရုပ်၅ကိုခု၊ စက္ခုစသောဒွါရငါးပါးဟုဆို၏၊ လူတယောက်တယောက်မှာ၊ စက္ခု(၂)မျိုးရှိ၏၊ သသမ္ဘာရစက္ခု၊ ပသာဒစက္ခု ဟူ(၂)မျိုးရှိ၏၊ သသမ္ဘာရစက္ခုဆိုသည်မှာ၊ ကွမ်းသီးလုံးလောက်ပမာဏရှိသော၊ ယွန်ကြည့်၍မြင်သော၊ မျက်နက်ဝန်းမျက်လုံးအိမ်အသားဆိုင်ကြီးကို၊ သသမ္ဘာရစက္ခုခေါ်သည်၊ ပသာဒစက္ခုဆိုသည်မှာ၊ ထိုမျက်နက်ဝန်း၏အလယ်၌၊ သန်းဦးခေါင်းပမာဏရှိသော-အကြည်ဓါတ်ကလေးကို၊ ပသာဒစက္ခုဆိုသည်၊ ထိုပသာဒစက္ခုကိုသာ၊ စက္ခုဒွါရဟုခေါ်သည်၊ သသမ္ဘာရစက္ခုကို၊ စက္ခုဒွါရဆိုသည်မဟုတ်၊ ထို့ကြောင့် (စက္ခုမေဝစက္ခုဒွါရံ) ဆိုသောသင်္ဂဟပါဠိ၌၊ စက္ခုမေဝ၌၊ ဧဝသဒ္ဒါဖြင့်၊ သသမ္ဘာရစက္ခုကို တားမြစ်ကန့်ကွက်သည်ဟု-ဋီကာကျော်ဆရာဆို၏၊ သင်္ခေပဝဏ္ဏနာဆရာကား၊ စက္ခုဒွါရ ကလာပ်၌၊ ကြွင်းသော ကမ္မဇရုပ်(၉)ခုကိုကန့်သည်ဟုဆို၏၊ ၂-နည်းလုံး ယူသင့်သည်ဖြစ်၍၊ ကောင်းမြတ်လှပေသည်၊

ထို့နည်းအတူ၊ သောတမှာလဲ၊ သသမ္ဘာရသောတ၊ ပသာဒသောတဟူ ၂-မျိုးရှိ၏၊ ထိုတွင်၊ လူတို့၌ ထင်ရှားရှိသောနားရွက်-ဆင်တို့သည်၊ ယပ်တောင်ကဲ့သို့ တလွဲလွဲခပ်အပ်သောနားရွက်ကြီးများကို၊ သသမ္ဘာရသောတဟုခေါ်၏၊ ထိုသသမ္ဘာရသောတဖြင့်၊ အသံကိုကြားခြင်းငှါမစွမ်းနိုင်၊

နားပေါက်တွင်း၌၊ လက်စွပ်ကွင်းသဏ္ဍာန်၊ ကြေးနီအဆင်း နီဝင်းနူးညံ့သောအမွေးငယ်၌တည်သော၊ အသံကိုကြားတတ်သော၊ အကြည်ဓါတ်ကလေးကို၊ သောတပသာဒခေါ်သည်၊ ထိုသောတပသာဒကိုသာ၊ သောတဒွါရဆိုသည်၊ သသမ္ဘာရသောတ၊ နားရွက်ကြီးကိုဆိုသည်မဟုတ်၊ ထိုသောတပသာဒသည်၊ နူးညံ့သော အမွေးငယ်၌ တည်သောကြောင့်၊ အလွန်နူးညံ့သည်၊ အကယ်၍ နားယားသောကြောင့်၊ ကြမ်းသော မီးခြစ်ဆံစသည်ဖြင့် ထိုးပွတ်မိလျှင်၊ လွန်စွာ နာကြင်တတ်သည်၊ ၎င်းသောတပသာဒ၌၊ မြူမှုံချေးညှိကပ်သောအခါ၊ ကိုယ်တွင်းက၊ သည်းခြေ၊ လေ၊ သလိပ်၊ ပျက်သောအခါ စသည်တို့၌၊

နားထိုင်းတတ်၊နားပင်းတတ်၏၊ ပြင်းစွာသောအသံကို၊နားအနီးကပ်၍ ပြုလုပ်သောအခါ၌၊လေထန်သောအရပ်တွင်၊ ကိုင်းပင်ငယ်ကလေးများကဲ့သို့ဖြစ်၍၊တခဏမျှ နားအူ၍သွားတတ်၏၊

ဃာနမှာလဲ၊သမ္ဘာရဃာန၊ပသာဒဃာနဟူ၍(၂)မျိုးရှိ၏၊ထို(၂)မျိုးတို့တွင်၊ယွှ်မျက်စိဖြင့်မြင်အပ်သော၊နှာခေါင်းကို၊ သမ္ဘာရဃာနခေါ်သည်၊နှာခေါင်း ၏အတွင်း၌၊ ဆိတ်ခွါသဏ္ဍာန်ရှိသော၊ အနံ့ကိုနံတတ်သော၊ အကြည်ဓါတ်ကလေးကို၊ ဃာနပသာဒ ခေါ်သည်၊ ထိုဃာနပသာဒကိုသာ၊ဃာနဒွါရခေါ်သည်၊ တရံတခါ၌၊ သလိပ်ကြွစေတတ်သော၊အစာကိုစားမိသည်ရှိသော်၊အထက် ဦးခေါင်းမှ-ဦးနှောက်တို့သည်၊ မီးထိသောဖရောင်းကဲ့သို့ပျော်ကျ၍၊အချို့ကား ခံတွင်းပေါက်သို့ဆင်းသည်၊ ခံတွင်းသို့ဆင်းလာသောအဘို့ကို၊ သလိပ်ခေါ်သည်၊ အချို့ကား-နှာခေါင်းပေါက်သို့ ဆင်းလာ၍၊ ဆိုခဲ့ပြီးသော၊ဃာနပသာဒကိုပိတ်ဆို့၍နေကြရာ၊ထိုအခါ အနံ့သည်၊ နှာခေါင်းပေါက်သို့ ရောက်လာသော်လဲ၊အနံ့ကိုမယူနိုင်၊ထိုအခါ လူတို့သည်(နှာစေးသည်)ဟု ပြောဆိုကြ၏၊ ၊

နှာခေါင်းပေါက်သို့ရောက်သောအဘို့(နှပ်)ဟု-ခေါ်ဆိုကြ၏၊

ဇိဝှါသည်ထည်း၊ သမ္ဘာရဇိဝှါ၊ ပသာဒဇိဝှါဟူ၍ (၂) မျိုးရှိ၏၊ ထိုတွင်၊ ယွှ်မြင်ရသော(လျှာ)ကို၊သမ္ဘာရဇိဝှါခေါ်၏၊ထိုသမ္ဘာရဇိဝှါ၏အလယ်၌၊ကြာရွက်ဖျား သဏ္ဍာန်၌၊ပျံ့နှံ့၍တည်သော၊ကောင်းသည်၊ဆိုးသည်၊ငံသည်၊ပေါ့သည်၊ချိုသည်၊ ချဉ်သည်ကို၊ သိတတ်သောအကြည်ဓါတ်တမျိုးကို၊ပသာဒဇိဝှါခေါ်သည်၊ ထိုပသာဒဇိဝှါသည်သာလျှင်(ဇိဝှါဒွါရ)မည်သည်၊ တရံတခါ၊သည်းခြေ၊လေ၊သလိပ် ပျက်သောအခါ၊ ပသာဒဇိဝှါကို-ဖုံးလွှမ်းကပ်ညိစေတတ်သော အစာကို၊စားမိသောအခါ၌၊ ဇိဝှါပသာဒသည်၊ အကြည်ပျက်၍၊ အရသာကို ကောင်းစွာ မယူနိုင်၊ လူများ-မကျန်းမမာသော အခါ၌ ကြည့်လေ၊

ကာယသည်လည်း၊ သမ္ဘာရကာယ၊ ပသာဒကာယအားဖြင့် (၂) ပါးအပြားရှိ၏၊ ထိုတွင်၊ယခုမြင်ကြရသောကိုယ်ကောင်ကြီးကို၊သမ္ဘာရ ကာယခေါ်၏၊ကမ္မဇတေဇောဓါတ်၏တည်ရာမှာန၊ဆံပင်ဖျား၊အမွေးဖျား၊ခြေသည်း လက်သည်းဖျား၊ အရေခြောက်သောနေရာ၊အသားမာတို့ကို ကြဉ်ထား၍၊ ကြွင်းသောအရပ်၌၊ဝါဂွမ်းဆိုင်မှာ ဆီနှံ့၍တည်သလို၊အတွေ့အထိကို သိတတ်သော အကြည်ဓါတ်တွေကို (ကာယပသာဒ)ခေါ်

သည်၊ ထိုကာယပသာဒသည်၊ ကာယဒွါရမည်၏၊ ထို့ကြောင့်(ပသာဒငါး၊ဒွါရငါး) ဟု-ဆိုခဲ့သည်၊

ဘဝင်ပစ္ဆေဒစိတ်(၁၉)ခုကို၊မနောဒွါရခေါ်သည်၊ ထို့ကြောင့်(စိတ်ကားတဒွါရ) ဟု-ဆိုခဲ့၏၊

ရုပ်ဒွါရငါးပါး၊ စိတ်ဒွါရ(၁)ပါး-ပေါင်း(၆)ပါးရှိလေရာ၊အရူပ(၄)ဘုံမှာ၊ စိတ်ဒွါရ တခုကိုသာရ၏ ကြွင်းဒွါရငါးပါးကိုမရ၊ ရူပဘုံမှာ၊စက္ခုဒွါရ၊သောတဒွါရ၊မနောဒွါရ၊ သုံးပါးကိုရ၏၊ကြွင်း(၃)ပါးကိုမရ၊ အသညသတ်ဘုံမှာ၊ဒွါရတပါးမျှမရ၊ ကာမဘုံမှာ (၆)ပါးလုံးရ၏၊

(၁၂၄) ကာမေသဗ္ဗ၊ရူပသုံးဖြာ၊ အရူမှာတစ်၊ မဖြစ်အသညာ၊ ဤလေးဖြာ၊သေချာ မှတ်၍ထား၊

(၁၂၅) ပဉ္စဒွါရာဝဇ္ဇန်း(၁)စက္ခုဝိညာဏ်ငွေး၊ သမ္ပဋိစ္ဆိုန်းငွေး၊ သန္တီရဏ(၃)ဝုဋ္ဌော (၁)ကာမဇောတခုယုတ်(၃၀)တဒါရုံဧကာဒသ၊ ဖြစ်စဉ်ပြုံ၊စက္ခုဒွါရ(၄၆)

(၁၂၆) သော,ဃာ,ဇိ,ကာ,၊ကိုယ်စီသာ၊မှတ်ပါ-လေးခြောက်စီ၊

(၁၂၇) မနောတပါး၊ ဇောငါးငါးနှင့်၊ ဆဲ့တပါးတဒါ၊ ဆသတ္တာ၊ မနောဒွါ အကုန် ဖြစ်၊

ဤလင်္ကာ(၃)ပုဒ်ဖြင့်၊ခြောက်ဒွါရဖြစ်သောစိတ်တို့ကိုပြဆို၏၊

အထက်လင်္ကာအတိုင်း၊ စက္ခုဒွါရမှာ ဖြစ်သောစိတ်ကား(၄၆)ပါးတည်း၊ ထိုရာ တွင်၊တဒါရုံစိတ်ဧကာဒသ ဆိုရာမှာ၊ စိတ်ကို(၄၆)ပါးပြည့်အောင်၊ ရေတွက်သောနေ ရာ၌ သန္တီရဏသုံးခုကိုယူပြီးဖြစ်၍၊ တဒါရုံမဟာဝိပါက်ရှစ်ပါးသာယူလေ၊ ရေတွက် ပြီးသောစိတ်ကို နောက်ထပ်မယူမူ၍၊ မယူသေးသည်ကိုသာ ယူခြင်းဆိုတဲ့၊ (အဂဟိ တဂ္ဂဟဏ)နည်းကို၊ကြွင်ကြွဲပ်သတိထားလေ၊ဤကျမ်းတကျမ်းလုံးမှာ၊အဂဟိတဂ္ဂဟ ဏ-နည်းကိုသားများစွာအသုံးပြုလတံ့၊

သောတဒွါရမှာလဲ၊ ထိုနည်းတူစွာ၊ သောတဝိညာဏ်ငွေး တခုမျှကိုသာ၊လွှဲ၍ဆိုရ တော့သည်၊ လေးဆဲ့ခြောက်ပါးပင်ဖြစ်၏၊ ဃာနဒွါရ၊ဇိဝှါဒွါရ၊ကာယဒွါရ-တို့မှာလဲ၊

ထိုနည်းတူစွာ(၄၆)ပါးစိဖြစ်၏ ဃာနဝိညာဏ်နွေး ဇိဝှါဝိညာဏ်နွေး၊ ကာယဝိညာဏ်နွေး၊ ဤမျှသာအဆိုထူးတော့၏၊(၅)ဒွါရလုံးပေါင်းသော်၊ ကာမစိတ် (၅၄)ပါးပင်ဖြစ်၏၊ မနောဒွါရမှာကား၊ မနောဒွါရာဝဇ္ဇန်း(၁)ဇော(၅၅)ပါး၊တဒါရုံ(၁၁)ပါး၊ပေါင်း(၆၇)ပါးဖြစ်၏၊

---

ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စတပ်သောစိတ်(၁၉)ပါးမှာမူကား၊ ဒွါရ(၆)ပါးလွတ်၍နေခြင်းကြောင့်၊ဒွါရဝိမုတ်စိတ်(၁၉)ဟုဆို၏၊

(၁၂၀) ပဉ္စဝိဉ်ဆယ်ဖြာ၊ကိုယ်စိသာ၊အပ္ပနာမနောဋ္ဌဖြစ်၊
(၁၂၉) တဒွါရမှာ၊ဆတ္တိံသာ၊ငါးဒွါမနောဓါတ်ဖြစ်၊
(၁၃၀) သောတိ-ဝုဋ္ဌော၊ကာမဇော၊နိုးစွာဆဒွါရ၊
(၁၃၁) မဟာဝိဂုစ်၊ဥသနီနှစ်မှာ၊ဗိတ်ဆယ်ဖြာ၊ရုံခါဆဒွါရ၊
(၁၃၂) မဟဂ်ဝိပါ၊ကုံးချမှာ၊ဘယ်ခါမဖြစ်ကြ၊

နွေး၁ဋ္ဌဝိညာဏ်(၁၀)သည်၊အသီးအသီး တဒွါရမှာဖြင်ကြ၍၊အပ္ပနာဇောဆ ဋ္ဌသသည်၊ မနေ-ဒွါရတဒွါရမှာသာဖြစ်၏၊ ပေါင်း တဒွါမှာဖြစ်သောစိတ်(၃၆)ပါးဖြစ်၏၊ မနောဓါတ်(၃)ပါးသည်၊ငါးဒွါရမှာဖြစ်သည်၊

သောမနဿသန္တီရဏတပါး၊ ဝုဋ္ဌောတပါး၊ ကာမဇောတချယုတ်(၃၀) ၍(၃၁)ပါးသည်၊၆-ဒွါရမှာအမြဲဖြစ်သည်၊

မဟာဝိပါက်ရှစ်ပါး၊ ဥပေက္ခာသန္တီရဏ၂-ပါး၊ ၍(၁၀)ပါးသည်၊ ၆-ဒွါရမှာ ရုံခါဖြစ်၍-ရုံခါလွတ်သည်၊

ဘယ်အခါဖြစ်၍၊ဘယ်အခါလွတ်သနည်း?

ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို-ပြုလုပ်၍နေရသောအခါ၊ အလုပ်မအား၍၊ခြောက်ဒွါရမှာ-လာမလုပ်နိုင်သောကြောင့်၊ (၆)ဒွါရမှ၊ လွတ်နေရသည်၊ ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စတို့ကို၊မလုပ်သောအခါ၊ အားလပ်ခွင့်ရ၍၊ ၆-ဒွါရမှာလာပြီး၊ ဥပေက္ခာသန္တီရဏ၂ပါးက၊သန္တီရဏကိစ္စ၊တဒါရုံကိစ္စဖြင့်လာ၍ ပြုလုပ်ရသည်၊ မဟာဝိပါက်(၈)ပါးက၊တဒါရုံကိစ္စတခုဖြင့်လာ၍ပြုလုပ်ရသည်၊ထိုအခါမှာ၊၆-ဒွါရ၌ဖြင်၏၊

မဟဂ္ဂုတ်ဝိပါက်(၉)ပါးသည်၊ အချင်းခပ်သိမ်း၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ ဤ (၃)ကိစ္စကိုသာပြုလုပ်၍ နေရသောကြောင့်၊ (၆)ဒွါရမှာလာပြီး၊ ဘယ်ကိစ္စကိုမျှ မရွက်ဆောင်နိုင်သောကြောင့်၊ အချင်းခပ်သိမ်း(၆)ဒွါရမှ၊ လွတ်နေသည် ရုံခါလွတ်(၁၀)ပါး၊ အမြဲလွတ်(၉)ပါး၊ ဤ၂-ရပ်ကိုပေါင်းသော်၊ ဒွါရဝိမုတ်(၁၉)ပါးပင်ဖြစ်လေ၏၊

## စေတသိက်ကို-ဒွါရဖြင့်ခွဲဝေခြင်း။

(၁၃၃) မဟာဂ်ဝိတွင်၊ ပဉ္စတိ ကား၊ ဝိမုတ်ထားလော၊ ကြွင်း(၅၂) ၆-ဒွါဖြစ်၊ မှတ်လစ်သေအချာ၊

မဟဂ္ဂုတ်ဝိပါက်(၉)ချဉ်ရှိသော စေတသိက်-ပဉ္စတိ သ သည်၊ ဒွါရဝိမုတ် စေတသိက်မည်၏၊ ကြွင်းသော(၅၂)ပါးသည်၊ ခြောက်ဒွါရချဉ်ဖြစ်၏၊

ကြွင်း(၅၂)ဆိုရာ၌၊ မဟဂ္ဂုတ်ဝိပါက်၌ ယှဉ်သော (၃၅)ကို ထုတ်သွားသော်လဲ၊ မဟဂ္ဂုတ် ကုသိုလ် ကြိယာတို့မှာ၊ ယှဉ်သောစေတသိက်တို့ ကြွင်းသေးသောကြောင့်၊ (၅၂)ပါးအရေအတွက်မလျော့သည်ကိုသတိပြုလေ၊

(၄၆) ဧကဒွါရိကစိတ္တာနိ၊ ပဉ္စ-ဆဒွါရိကာနိစ။
ဆဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိစသဗ္ဗထာ။ ။
(၄၇) ဆတ္တိံသတိ၊ တထာဘီဏိ၊ ဧကတိံသ၊ ယထာက္ကမံ။
ဒသဓါ၊ နဝဓါ၊ စေတိ၊ ပဉ္စဓါပရိဒီပယေ။ ။

ဧကဒွါရိကစိတ္တာနိ၊ တဒွါရချဉ်ဖြစ်သောစိတ်တို့ကိုရင်း၊ ပဉ္စ,ဆဒွါရိကာနိစ၊ (၅)ဒွါရချဉ်ဖြစ်သောစိတ်(၆)ဒွါရချဉ်ဖြစ်သောစိတ်တို့ကိုရင်း၊ ဆဒွါရိကဝိမုတ္တာနိစ၊ ရုံခါခြောက်ဒွါရချဉ်ဖြစ်၍၊ ရုံခါခြောက်ဒွါရမှ လွတ်သော စိတ်တို့ကိုရင်း၊ သဗ္ဗထာ၊ အချင်းခပ်သိမ်း၊ ဝိမုတ္တာနိစ၊ ၆-ဒွါရမှလွတ်သောစိတ်တို့ကိုရင်း၊ ယထာက္ကမံ၊ အစဉ်အတိုင်း၊ ဆတ္တိံသတိစ၊ ပဉ္စဝိဉ်ဆယ်ဖြာ၊ အပ္ပနာ(၂၆) ပေါင်း(၃၆)ပါးသောစိတ်တို့ရင်း၊ တထာ၊ ထို့အတူ၊ တီဏိ၊ မနောဓါတ်(၃)ခုတို့ရင်း၊ ဧကတိံသ၊ သောမနဿန္တီ၊ တဒါလမ္ဗဏ၊ ကာမဇောထဲ့လစ်၊ (၃၁)တို့ရင်း၊ ဒသဓါ၊ မဟာဝိပ်စ်၊ ဥသန်နှစ်ပါ၊ စိတ်ဆယ်ဖြာတို့ရင်း၊ နဝဓါ၊ မဟာဂ်ဝိ-၉၊ စိတ်အမျိုးတို့ရင်း၊ ဣတိ၊ ဤသို့၊ ပဉ္စဓါ ၅-ပါးအပြားအားဖြင့်၊ ပရိဒီပယေ၊ ဝေဘန်ပိုင်းခြား၊ သဘောသွားကို၊ ထင်ရှားသေချာ၊ ပြကြ ရာ၏၊

# (၄) ဒွါရသင်္ဂဟဇယားပုံ။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စက္ခုဒွါရ | ပဉ္စဒွါရာ (၁) | စက္ခုဝိညာဏ်-၂ | သမ္ပဋိစ္ဆန်း၂ | သန္တီရဏ ၃ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | | တဒါရုံ ၈-၃ | ၄၆ |
| သောတဒွါရ | ပဉ္စဒွါရာ (၁) | သောတဝိညာဏ်-၂ | သမ္ပဋိစ္ဆန်း၂ | သန္တီရဏ ၃ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | | တဒါရုံ ၈-၃ | ၄၆ |
| ဃာနဒွါရ | ပဉ္စဒွါရာ (၁) | ဃာနဝိညာဏ်-၂ | သမ္ပဋိစ္ဆန်း၂ | သန္တီရဏ ၃ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | | တဒါရုံ ၈-၃ | ၄၆ |
| ဇိဝှါဒွါရ | ပဉ္စဒွါရာ (၁) | ဇိဝှါဝိညာဏ်-၂ | သမ္ပဋိစ္ဆန်း၂ | သန္တီရဏ ၃ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | | တဒါရုံ ၈-၃ | ၄၆ |
| ကာယဒွါရ | ပဉ္စဒွါရ | ကာယဝိညာဏ်-၂ | သမ္ပဋိစ္ဆန်း၂ | သန္တီရဏ ၃ | ဝုဋ္ဌော ၁ | ကာမဇော ၂၉ | | တဒါရုံ ၈-၃ | ၄၆ |
| မနောဒွါရ | * | * | * | * | မနောဒွါဝဇ္ဇန်း၁ | ကာမဇော၂၉ | အပ္ပနာဇော၂၆ | တဒါရုံ ၁၁ | ၆၇ |
| ပေါင်း | ၅-ဒွါရ ၁ | တဒွါရ ၁၀ | ၅ဒွါရ ၂ | ၆-ဒွါရ အမြဲ၁* ရံခါ၂* | ၆-ဒွါရအမြဲ (၃၀) | | တဒွါရ ၂၆ | ၆-ဒွါရ အမြဲ-၁ ရံခါ၁၀ | ၈၀ |

အထက်ပုံ၌ကြည့်လေ၊ ပဉ္စဒွါရမှာသာဖြစ်သောစိတ်ကား၊ ဒွေးပဉ္စဝိညာဏ်(၁၀) မနောဓါတ်(၃) ဤ(၁၃)ပါးကေန်ဖြစ်၏။

အပ္ပနာဇော(၂၆)ပါးသည်၊ မနောဒွါရမှာသာဖြစ်၏။

ဒိပကဆရာကြီးကား၊ ဝုဋ္ဌောကိုထည့်၍၊ ပဉ္စဒွါရမှာသာဖြစ်သောစိတ် (၁၄)ပါး ဟုဆို၏။ သုခသန္တီရဏ၊ဝေါဋ္ဌဗ္ဗန၊ကာမာဝစရ ဇဝနာနိ၊ ဆဒွါရိကစိတ္တာနိ၊ ဆိုသော သင်္ဂြိုဟ်ပါဠိနှင့်ပင်၊ မညီမညွတ်ဖြစ်ခဲ့ထေ၏၊ ကိစ္စပင်ကွဲပြားသော်လဲ၊ မနောဒွါရာဝဇ္ဇန်း စိတ်တခုတည်းပင်ဖြစ်၍၊ ဆင်ခြင်၍ယူအပ်၏။

## {၅} အာရမ္မဏသင်္ဂဟ။

(၁၃၄) ရူပ,သဒ္ဒါ၊ဂန္ဓ,ရသာ,ဖောဋ္ဌဗ္ဗ,ဓမ္မာ၊၆-ဖြာခေါ်အာရုံ၊
(၁၃၅) နှစ်ဆဲ့တထွေ၊ကြွင်းရုပ်တွေနှင့်,စိတ်,စေနိဗ္ဗာန်,၊ပညတ်တုံ၊မှတ်ရန်ဓမ္မာရုံ၊
(၁၃၆) တေကာလိကော၊ရုပ်,စိတ်,စေ,နိဗ္ဗေ-ပညတ်၊ဝိမုတ်မှတ်၊

ဤကဗျာတို့ဖြင့်၊အာရုံ(၆)ပါးကိုစိစစ်၍ပြသည်၊ အာရုံ(၆)ပါးသည်၊ဤတရားကိုယ်အားဖြင့်၊စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်၊ပရမတ္ထတရား(၄)ပါးနှင့်တကွ၊ ပညတ်တရားများဖြစ်လေ၏၊ထိုပရမတ်နှင့်ပညတ်တရားကို၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံဟူ၍၊အာရုံ(၆)ပါးအဖြစ်ဖြင့်၊၆-မျိုးပုံ၍ပြသည်၊ရူပါရုံ-လ၊ ဖောဋ္ဌဗ္ဗာရုံ၊ဤငါးပါးသည်၊ ရုပ်သက်သက် အာရုံသာဖြစ်သည်၊ ဓမ္မာရုံ သည်ကား၊ ရုပ်,နာမ်ပညတ်(၃)မျိုးရောသော၊မိဿကအာရုံဖြစ်သည်၊စက္ခုဝိညာဏ်ဖြင့်၊မြင်အပ်သမျှ အာရုံကို၊ရူပါရုံခေါ်သည်၊ ၊နားဖြင့် ကြားအပ်သမျှ အာရုံကို၊ သဒ္ဒါရုံခေါ်သည်၊ ၊နှာခေါင်း၊ဖြင့် မွှေးသမျှ၊နံသမျှကို၊ ဂန္ဓာရုံခေါ်သည်၊ ၊လျှာဖြင့် လျက်အပ်သမျှ၊အရသာသည်၊ရသာရုံမည်၏၊ ၊ကိုယ်၌ တွေ့ထိသမျှ၊ ပထဝီ၊တေဇော၊ဝါယောဓါတ်(၃)ပါးကို၊ဖောဋ္ဌဗ္ဗာရုံခေါ်သည်၊ ၊ထို့ကြောင့်၊အာရုံငါးပါးမှာ၊ရုပ်(၇)ပါ.ဖြစ်သည်၊ ကြွင်းသောရုပ်(၂၁)ပါး၊ စိတ်(၈၉)ပါး၊စေတသိက်(၅၂)ပါး၊နိဗ္ဗာန် ပညတ်၊ဤတရားစုကို၊ ဓမ္မာရုံ-ခေါ်ပါသည်၊

ထိုတရား၊တို့တွင်၊ စိတ်၊စေတသိက်၊ရုပ်၊ဤတရား(၃)ပါးကို၊ ကာလသုံးပါး၌,ဖြစ်တတ်သောကြောင့်၊ (တေကာလိက) တရားသုံးပါးခေါ်၏၊ နိဗ္ဗာန်ပညတ်တရား(၂)ပါးကို၊ဥပါဒ်ဌီဘင်၏အစွမ်းဖြင့်၊ပျက်စီးခြင်းမရှိသောကြောင့်၎င်း၊ အတိတ်ကာလ အစရှိသည်တို့၏အစွမ်းအားဖြင့်၊မဆိုအပ်သောကြောင့်၎င်း၊ကာလဝိမုတ်ခေါ်သည်၊

တနည်း-ထိုအာရုံ(၆)ပါးကို(၄)မျိုးပုံ၍ ပြဦးအံ့၊

(၁၃၇) ကာမ-စေကျန်၊ရုပ်အကုန်၊အာရုံ(ကာမ)မှတ်၊
(၁၃၈) မဟဂ္ဂုတ်စိတ်ကျန်၊စေအကျန်၊အာရုံ(မဟဂ္ဂုတ်)မှတ်၊
(၁၃၉) လောကုတ်,စိတ်,စေ၊နိဗ္ဗုတေ၊သုံးထွေ(လောကုတ်)မှတ်၊
(၁၄၀) ကသိုဏ်း အသုဘ၊ ကာယ,အာဏာ၊မေ,က,တာ,ဥ၊တရအာကာသော၊
နတ္ထိဘော ဟောအတ္တ(ပညတ် )သာ၊

ကာမစိတ်(၅၄)စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး၊ ဤတရားတို့ကို၊ကာမအာရုံခေါ်၏၊ မဟဂ္ဂုတ်စိတ်(၂၇) ၎င်းမှာယှဉ်သောစေတသိက်(၃၅) ဤတရားတို့ကို၊ မဟဂ္ဂုတ်အာရုံခေါ်၏၊ လောကုတ္တရာစိတ်(၈)၎င်းမှာယှဉ်သောစေတသိက်(၃၆)နိဗ္ဗာန် ဤတရားတို့ကို၊လောကုတ္တရာအာရုံလည်းခေါ်၏၊နိဗ္ဗာန်အာရုံလည်းခေါ်၏၊

ကသိုဏ်း(၁၀)ပါး၊အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊အာနာပါနာသတိ၊ မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာ၊ အာကာသပညတ်၊ နတ္ထိဘာဝပညတ်၊ ဤတရားတို့ကို၊ပညတ်အာရုံခေါ်၏၊

ထို(၄)ပါးတို့တွင်၊ ကာမအာရုံ၌၊အာရုံ(၆)ပါးလုံးပါဝင်၏၊ မဟဂ္ဂုတ်၊လောကုတ်ပညတ်အာရုံတို့၌၊ဓမ္မာရုံသာဖြစ်၏၊

ယခုအခါ၌၊အာရုံတို့ကိုပြပြီး၍၊ ထိုအာရုံကိုအာရုံပြုတတ်သော၊ အာရမ္မဏိကစိတ်တရားတို့ကို၊ဝေဘန်၍ပြပေအံ့၊ အာရုံနှင့် အာရမ္မဏိက တရားတို့ကို၊ ကွဲပြားအောင်၊ သေချာစွာမှတ်ပါလေ၊

(၁၄၁) စက္ခုဒွါရ၊ဖြစ်သမျှထုတ်၊ပဥ္စုပ်ရုပ်၊ကြွင်းဝိညာဏ်၊မှတ်ရန်နည်းတူသာ၊
(၁၄၂) မနောဒွါရ၊ ဖြစ်သမျှသုတ်၊ ပစ္စုတ်တီတ၊ နာဂတနှင့်၊ ကာလဝိမုတ်၊ အကုန်ထုတ်၊ သရုပ်(၆)ပါးသာ၊
(၁၄၃) ဒို-ဘွင်-ရ-စိတ်၊သုံးနိမိတ်၊ဇောစိတ်ယူတိုင်းသာ၊
(၁၄၄) ပဥ္စဝိဉ်၊ကိုယ်စီမှတ်၊မနောဓါတ်ငါး၊အာရုံ၊ဟသိ-ရုံ, အကုန်ကာမ-နှစ်ဆဲ့ငါး၊
(၁၄၅) ဝိညာဉ်,နေဝ,မဟာဂ်ဆ၊မှတ်ကြဇေကန်သာ၊ (၆)
(၁၄၆) လောကုတ္တရာ၊စိတ်ရှစ်တန်၊နိဗ္ဗာန်အာရုံမှာ၊ (၈)
(၁၄၇) ရူပ-အာကာသ၊အာကိဉ္စ၊မှတ်ကြပညတ်သာ၊ (၂၁)

ကောန်-အာရုံ{၄}မျိုးပြီး၏၊

(၁၄၈) ကုဝိပ်-ကြိဝိပ်-အကုစိတ်-နိဗ္ဗာန်အာရုံကြဉ်၊ (၂၀)
(၁၄၉) ကုဘိဉ် ကုညာဏ်၊ဝိတ်(၅)တန်၊အဂ္ဂမဂ်ဖိုလ်ကြဉ်၊ (၅)
(၁၅၀) ကြိဘိဉ်,ကြိညာဏ် ၎င်း(၆)တန်၊သဗ္ဗ အာရုံမြင်၊ (၆)

စက္ခုဒွါရမှာဖြစ်သော၊စိတ်(၄၆)ပါးသည်၊ ပစ္စုပ္ပါန်ဖြစ်သော၊ ရူပါရုံကို အာရုံပြုသည်၊ သောတဒွါရမှာဖြစ်သော၊စိတ်(၄၆)ပါးသည်၊ ပစ္စုပ္ပါန်သဒ္ဒါရုံကိုအာရုံပြုသည်၊ ဃာနဒွါရမှာဖြစ်သောစိတ်(၄၆)ပါးသည်၊ ပစ္စုပ္ပါန်ဂန္ဓာရုံ၊ ဇိဝှါဒွါရမှာဖြစ်သောစိတ်-(၄၆)ပါးသည်၊ပစ္စုပ္ပါန်ရသာရုံ၊ ကာယဒွါရမှာဖြစ်သောစိတ်(၄၆)ပါးသည်၊ ပစ္စုပ္ပါန်ဖောဋ္ဌဗ္ဗာရုံ(၃)ပါးကိုအာရုံပြု၏၊

မနောဒွါရ၌ဖြစ်သော၊စိတ်(၆၇)ပါးတို့သည်၊ပစ္စုပ္ပါန်၊အတိတ်၊ အနာဂါတ် ကာလဝိမုတ်ဖြစ်သောနိဗ္ဗာန်ပညတ်၊ ဤအာရုံ(၆)ပါးတရားတို့ကို၊ ထိုက်သည့်အားလျော်စွာအာရုံပြုကုန်၏၊

ပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်ဟုဆိုအပ်သော(၁၉)ပါးသည်၊များသောအားဖြင့်၊ အတိတာနန္တရဘဝ၌၊ ဆဒွါရိက မရဏာသန္နဇောသည်-ယူအပ်အေ၊ ပစ္စုပ္ပါန်၊ အတိတ်၊ ပညတ်ဖြစ်သော ကံ-ကမ္မနိမိတ်၊ဂတိနိမိတ်-ဟု၊သမုတ်အပ်သော အာရုံ(၆)ပါးတို့ကို၊ ဖြစ်သင့်သည်အားလျော်စွာ၊အာရုံပြုကုန်၏၊အကျယ်ဖွဲ့ယားပုံကိုသိလိုပါက၊အာရမ္မဏသင်္ဂဟဖွဲ့ယား၊နောက်မှာပြထားသည်-ရှုလေ၊ (ပေါင်း၍-ပြပေအံ့၊)

ဒွေးပဉ္စဝိညာဏ်၊မနောဓါတ်(၃)ပါး၊ဟသိတုပ္ပါဒ်(၁)တဒါရုံ(၁၁) ဤ(၂၅)ပါးတို့သည်(ကာမ)ကိုကြေန်အာရုံပြု၏၊ထိုတွင်၊ဒွေးပဉ္စဝိညာဏ် (၁၀) ကား၊ကာမအာရုံတို့တွင်လည်း၊ရုပ်ကာမအာရုံကိုသာပြုနိုင်၏၊ အလုံးစုံကိုမပြုနိုင်၊ ရုပ်ကာမအာရုံတွင်မှလည်း၊ရူပါရုံ၊သဒ္ဒါရုံ,စသော၊အသီးအသီးအာရုံတခုခုတို့သာပြုနိုင်၏၊ မနောဓါတ်(၃)ခုသည်ကား၊ရူပါရုံစသော၊အာရုံငါးပါးလုံးကိုပြုနိုင်၏၊ ထို့ကြောင့်၊ထို(၁၃)ပါးသောစိတ်တို့သည်၊ ရုပ်ဟုဆိုအပ်သော၊ကာမအာရုံ-တစိတ်တဒေသကိုသာ-အာရုံပြုနိုင်၏၊ ဟသိတုပ္ပါဒ်(၁) တဒါရုံ(၁၁)ပါး၊ ဤ(၁၂)ပါးတို့ကား၊ ကာမစိတ်(၅၄) စေ-၅၂-ရုပ်(၂၈)ဟုဆိုအပ်သော၊အလုံးစုံသော(ကာမ)အာရုံကိုပြုနိုင်ကုန်၏၊

ဝိညာနဉ္စာယတနစိတ်(၃)ပါး၊နေဝသညာနာသညာယတနစိတ်(၃)ပါး၊ ဤ(၆)ပါးသည်၊မဟဂ္ဂုတ်ကိုကြေန်အာရုံပြု၏ ဤကားသာမညပြုပုံသာတည်း၊ သေချာစွာပြုပုံကိုသိလိုပါလျှင်၊အောက်ပါကဗျာဖြင့်သိအပ်၏၊

(၁၅၁) ကု,ဝိ,-ကုသာ၊ကြိယာ-ကြိယာကုသိုလ်ပြု၊

ဝိညာဏဉ္စာယတနကုသိုလ်နှင့်၊ဝိပါက်(၂)ပါးသည်၊ အာကာသာနဉ္စာယတန-ကု

သိုလ်တခုကိုသာအာရုံပြု၍၊ ၊ဝိညာနဉ္စာယတနကြိယာသည်၊ အာကာသာနဉ္စာယတနကြိယာနှင့်၊ကုသိုလ်ကိုအာရုံပြု၍၊ဝိပါက်ကိုပြုသည်ဟူ၍မရှိ၊

နေဝသညာနာသညာယတန ကုသိုလ် ဝိပါက်(၂)ပါးသည်၊ အာကိဉ္စညာယတနကုသိုလ်ကိုသာအာရုံပြု၍၊ ၊နေဝသညာနာသညာယတနကြိယာသည်၊ အာကိဉ္စညာယတန၊ကုသိုလ်နှင့်ကြိယာ(၂)ပါးကိုအာရုံပြု၍၊ ဝိပါက်ကိုပြုသည်ဟူ၍မရှိ၊ ဤကား၊ ဝိသေသတည်း၊

လောကုတ္တရာစိတ်(၈)ခုသည်၊မိမိဟုဆိုအပ်အော၊လောကုတ္တရာစိတ်(၈)ခု၊စေတသိက်(၃၆)နိဗ္ဗာန်ဟု-ဆိုအပ်သော၊နိဗ္ဗာန်အာရုံကိုသာပြုသည်၊ ထိုတွင်သောတာပတ္တိမဂ်စိတ်သည်၊ သောတာပတ္တိမဂ်စိတ်,စေတသိက်ဆတ္တိံသ၊ နိဗ္ဗာန်ကိုအာရုံပြုသည်၊ ဤသို့စသည်ဖြင့်လည်းခွဲစစ်လေဦး၊

အဘိညာဉ်မယှဉ်သော၊ ရူပစိတ်(၁၅)အာကာသာနဉ္စာယတနစိတ်(၃)ပါး၊ အာကိဉ္စညာယတနစိတ်(၃)ပါး၊ဤ(၂၁)ပါးသည်၊ပညတ်ကိုကေန်အာရုံပြုသည်၊ ဤကားသာမညတည်း၊ဝိသေသအားဖြင့်ကား၊အောက်ပါကဗျာတို့ဖြင့်သိအပ်၏၊

(၁၅၂) ကသိုဏ်း,အသုဘ,၊ကာယ,အာဏာ၊မေ,က,တာ,၊ပ-မှာနှစ်ဆဲ့ငါး၊

(၁၅၃) ကသိုဏ်း၊အာဏာမေ,က,တာ၊ရမှာ(၁၄)ပါး၊ ၊တ,ဈာန်-စ,ဈာန်လဲတူ၏၊

(၁၅၄) ကသိုဏ်း,အာဏာ၊ဥပေက္ခာ၊မ-မှာ-၁၂-ပါး၊

(၁၅၅) အာကာသာနဉ်၊ကောင်းကင်ပညတ်၊အာကိဉ္စတ်၊နတ္ထိဘာဝသာ၊

ပညတ်ကိုကေန်အာရုံပြုသောစိတ်(၂၁)ပါးတို့တွင်၊ရူပ-ပဌမဈာန်စိတ်(၃)ခုသည်၊ ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀) ပါး၊ အာဏာပါဏာသတိ၊ ကာယကတာသတိ၊ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ ဤ (၂၅)ပါးသော၊ကသိုဏ်းနိမိတ်၊ ပညတ်ကိုအာရုံပြု၍၊ ပဌမဈာန်ကို ရလိုသောပုဂ္ဂိုလ်များသည် ဤ(၂၅)ပါးသော၊ ကမ္မဌာန်းတို့တွင်၊ မိမိတို့နှင့်,စရိုက်အား၊လျော်စွာ၊တပါးပါးကိုကျင့်အပ်၏၊

ဒုတိယဈာန်(၃) တတိယဈာန်(၃) စတုတ္ထဈာန်စိတ်(၃) ဤ(၉)ပါးသောစိတ်တို့သည်၊ကသိုဏ်း(၁၀)ပါး၊အာဏာပါဏာသတိ၊မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဤ(၁၄)ပါးသော၊နိမိတ်ပညတ်ကိုအာရုံပြု၍၊ပဥ္စမဈာန်စိတ်(၃)ပါးသည်၊ကသိုဏ်း(၁၀)ပါး၊အာဏာပါဏာသတိ၊ဥပေက္ခာဗြဟ္မဝိဟာရတပါး၊ဤ(၁၂)ပါးသောနိမိတ်ပညတ်ကို အာ

ရုံပြု၏၊ ၊အာကာသာနဉ္စာယတနစိတ်(၃)ပါးသည်၊ ကသိုဏ်း(၁၀)ပါးတို့တွင်၊ အာကာသကသိုဏ်းကိုကြဉ်၍၊ကျန်သောကသိုဏ်း(၉)ပါးတို့တွင်၊ တပါးပါးကိုခွါ၍ ရအပ်သော၊ကသိဏုဂ္ဃါဋိမာကာသ ကောင်းကင်ပညတ်ကိုအာရုံပြု၏၊ ၊အကိဉ္စ ညာယတနစိတ်(၃)ပါးသည်၊ ပဌမာရုပ္ပဝိညာဏ်ဟု ဆိုအပ်သော၊ အာကာသာနဉ္စာ ယတန ကုသိုလ်ကြိယာစိတ်၏၊ ဘင်ခဏလောက်မျှ၊ အကြွင်းအကျန်မရှိခြင်းတည်းဟူ သော၊နတ္ထိဘာဝပညတ်ကို-အာရုံပြု၏၊ ၊၄င်းကားသေချာစွာပြုပုံတည်း။

## ကေန် {၄} မျိုး-ပြီး၏။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ်(၄)မဟာကြိဉာဏဝိပ္ပယုတ်(၄)ပါး၊ အကုသိုလ် စိတ်{၁၂}ပါး၊ ၄င်း{၂၀}သောစိတ်သည်၊ နိဗ္ဗာန်အာရုံ တခုကိုသာ ကြဉ်၍၊ ကာမ,မ ဟဂ္ဂုတ်ပညတ်၊ ၄င်း[၃]မျိုးကိုအာရုံပြုနိုင်၏၊

အဘယ်ကြောင့်-နိဗ္ဗာန်အာရုံ မပြုနိုင်သနည်း?

ဉာဏ်မယှဉ်သောစိတ်၊ အကုသိုလ်စိတ်တို့ဖြစ်၍၊ မိမိတို့၏မိုက်သည်၏အဖြစ် ကြောင့်၊လောကုတ္တရာတရား{၉}ပါးကိုအာရုံပြု၍ဖြစ်ခြင်းငှါမစွမ်းနိုင်၊

အကုသိုလ်စိတ်(၁၂)ပါးတို့သည်၊ ကာမနှင့်၊ ပညတ်ကို အာရုံပြုသည် ဆိုရာမှာသင့်လျော်ပါ၏၊ မဟဂ္ဂုတ်ကိုအာရုံပြု၏ဆိုရာမှာ၊အဘယ်သို့သင့်အံ့နည်း?

စျာန်ရပြီးသောပုဂ္ဂိုလ်တို့သည်၊ မိမိတို့ရပြီးသော စျာန်မှထ၍၊မိမိတို့ရပြီးသော မဟဂ္ဂုတ်စျာန်ကို၊ သာယာသောအခါ၊ နှစ်သက်သောအခါ၊ တပ်သောအခါ၊ လောဘမူစိတ်သည်၊မဟဂ္ဂုတ်ကိုအာရုံပြု၏၊

အမြင်မှားသောအခါ၊ လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်(၄)ခုသည်၊ မဟဂ္ဂုတ်ကို အာရုံပြု၏၊ မဆုံးဖြတ်နိုင်သောအခါ၊ ဝိစိကိစ္ဆာသည်၊မဟဂ္ဂုတ်ကိုအာရုံပြု၏၊ ပျံ့လွင့် သောအခါ၊ ဥဒ္ဓစ္စသည်၊ မဟဂ္ဂုတ်ကို-အာရုံပြု၏၊ တစုံတခု-မလျောက်ပတ်သောအ ကြောင်းကြောင့်၊ယုတ်ကျသော-လောကီစျာန်ကို-အာရုံပြု၍၊ ငါ့အားမြတ်သောတရား သည်-ပျောက်ခဲ့ပြီဟု၊ နှလုံးမသာ ရှိသောအခါ၊ ဒေါသမူစွေးသည်၊ မဟဂ္ဂုတ်စျာန်ကို အာရုံပြု၏၊ ၄င်းကဲ့သို့သော အရာတို့၌၊ အကုသိုလ်သည်၊ မဟဂ္ဂုတ်အာရုံပြုနိုင်သော ကြောင့်၊သင့်လျော်ပေ၏ဟု-မှတ်အပ်၏၊

အဘိညာဏ်နှင့်ယှဉ်သော၊ ရူပကုသိုလ်ပဉ္စမဈာန်(၁) မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ပါး၊ ဤငါးပါးသောစိတ်တို့သည်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုကြဉ်၍၊ ကာမ-မဟဂ္ဂုတ်၊ လောကုတ်၊ ပညတ်အလုံးစုံကိုအာရုံပြုနိုင်၏၊ ယသော်ဓရော၏လှပခြင်းသည်၊ ဘုရားရှင်တပါးကို ချန်ထား၍၊ ကြွင်းကျန်သောသူ အလုံးစုံတို့ထက်-လှပတင့်တယ်သည်ဆိုသကဲ့သို့၊ ၅-ပါးသောစိတ်တို့၏အာရုံပြုခြင်းမှာ၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုသာ ချန်လှပ်၍၊ ကြွင်းသမျှအလုံးစုံ အာရုံပြုနိုင်၏၊

အဘိညာဏ်နှင့်ယှဉ်သော၊ ရူပကြိယာပဉ္စမဈာန်စိတ်(၁)မဟာကြိယာဉာဏသမ္ပယုတ်(၄)ပါး၊ ဝုဋ္ဌောစိတ်(၁)ပါး၊ ဤ (၆) ပါးသော စိတ်သည်၊ အလုံးစုံသော-ကာမ မဟဂ္ဂုတ်၊ လောကုတ်၊ ပညတ်ကိုအာရုံပြု၏၊

အဘိညာဏ်နှင့်သဗ္ဗညုတဉာဏ်(၂)ခုတို့၏အထူးမှာ၊ ကြိယာဘိညာဏ်စိတ်ကို၊ အဘိညာဏ်ခေါ်သည်၊ ရေမီးအစုံအစရှိသော၊ ယမကပြာဋိဟာတန်ခိုးမျိုးကို ဖြစ်စေနိုင်သည်၊ ထိုအဘိညာဏ်၏အပြားကို၊ ကမ္မဋ္ဌာန်းပိုင်း၌ဆိုလတံ့၊ မဟာကြိယာဉာဏသမ္ပယုတ်(၄)ပါးကို၊ သဗ္ဗညုတဉာဏ်ခေါ်သည်၊ စကြဝါ,ဝဋ္ဋာ ကမ္ဘာ မြေမိုဃ်း၊ တောင်ရိုးကမ်းယံ၊ သဏ္ဌာန်ဘဝ၊ အစစအရာရာကို၊ သေချာစွာမကြွင်းမကျန် သိမြင်သည်၊ ဤကားအထူးတည်း၊ ဝုဋ္ဌောစိတ်သည်ကား၊ ၎င်းဉာဏ်တို့၏၊ ပုရေစာရိကရှေ့တော်ပြေးအဖြစ်မျှသာတည်း။ ဉာဏ်ဟုမဆိုရ၊

ထို(၅)ပါးသည်၊ အလုံးစုံအာရုံပြုနိုင်၏ ဆိုသော်လဲ၊ ဘုရားရှင်တို့သဏ္ဌာန်၌သာ အလုံးစုံမကျန်မကြွင်းပြုနိုင်၏၊ ရဟန္တာတို့အားမပြုနိုင်၊ အဘယ်ကြောင့်ဆိုသော်၊ တာဝတိံသာနတ်ပြည်မှ၊ ဘုရားဆင်းသက်တော်မူသောအခါ၊ သင်္ကဿနဂိုရ်မြို့တံခါးဝမှာ မြတ်စွာဘုရားက၊ ပုစ္ဆာမေးတော်မူရာ၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ် မဖြေနိုင်သဖြင့်၊ ဘုရားရှင်အဖွင့်စကားမိန့်တော်မူမှ၊ ဖြေနိုင်သောကြောင့်တည်း၊

အနေကန် { ၃ } မျိုးပြီး၏။

(၄၇) ပဉ္စဝီသပရိတ္တမှိ၊ ဆစိတ္တာနိမဟဂ္ဂတေ။
ဧကဝီသတိ,ဝေါဟာရေ၊ အဋ္ဌနိဗ္ဗာနဂေါစရေ။ ။

(၄၈) ဝီသာနုတ္တရမုတ္တမှိ၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ။
ပဉ္စ,သဗ္ဗတ္ထဆ,ဒွေတိ၊ သတ္တဓါတတ္ထသင်္ဂဟော။ ။

ပဉ္စဝီသ၊ ပဉ္စဝိဉ်ဆယ်ရပ်၊ မနောဓါတ်နှင့်၊ ဟသိ,တဒါရုံ၊ အကုန်ပေါင်းခြား၊ ၂၅-ပါးသောစိတ်တို့သည်၊ ပရိတ္တမှိ,ပရိတ္တမှိဝေ၊ ကာမအာရုံ၌သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဆစိတ္တာနိ၊ ဝိညာနေဝ၊ စိတ်ခြောက်ဝတို့သည်၊ မဟဂ္ဂတေ,မဟဂ္ဂတေဝေ၊ မဟဂ္ဂုတ်အာရုံ၌သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဧကဝီသတိ၊ ရူပ-အာကာသ၊ အာကိဉ္စနှင့်,နှစ်ဆဲ့တပါး စိတ်တရားတို့သည်၊ ဝေါဟာရေ, ဝေါဟာရေဝေ၊ ပညတ်အာရုံ၌ သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ အဋ္ဌ၊ လောကုတ္တရာ-စိတ်ရှစ်ပြာတို့သည်၊ နိဗ္ဗာနဂေါစရေ,နိဗ္ဗာနဂေါစရေဝေ၊ နိဗ္ဗာန်အာရုံ၌သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊

ကေန် { ၄ } မျိုးဂါထာပြီး၏၊

ဝီသ၊ ကုဝိပ်ကြိဝိပ်၊ အကုစိတ်ဝယ်၊ စိတ်(၂၀)တို့သည်၊ အနုတ္တရမုတ္တမှိ၊ လောကုတ္တရာမှလွတ်သော၊ ကာမ၊ မဟဂ္ဂုတ်၊ ပညတ်အာရုံ၌၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ပဉ္စ၊ ကုညာဏသံ၊ ကုဘိညာဏ်နှင့်၊ ငါးတန်သောစိတ်တို့သည်၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ ၂-ခုကိုကြဉ်၍၊ အလုံးစုံသောကာမ-မဟဂ္ဂုတ်၊ လောကုတ်ပညတ်အာရုံ၌၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဆ၊ ကြိညာဏသံ၊ ကြိဘိညာဏ်နှင့်၊ တဘန်ဝုဋ္ဌော၊ ၆-ခုသောစိတ်တို့သည်၊ သဗ္ဗတ္ထ၊ ကာမ-မဟဂ္ဂုတ်၊ လောကုတ်ပညတ်၊ ၄-ရပ်အကုန်၊ အလုံးစုံအာရုံ၌၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ဤသို့၊ တတ္ထ၊ ထိုအာရမ္မဏသင်္ဂဟ၌၊ သတ္တဓါ၊ ၇-ပါးအပြားအားဖြင့်၊ သင်္ဂဟော၊ ရေတွက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊

အနေကန် { ၃ } မျိုးဂါထာပြီး၏။

တနည်း၊ ကေန်အာရုံပြုသောစိတ်(၄)ရပ်ကိုပေါင်း၍၊ ကေန်အာရုံပြုသောစိတ်(၆၀) ဖြစ်၏၊ အနေကန်(၃)ရပ်ကိုပေါင်း၍၊ အနေကန်အာရုံပြုသောစိတ်(၃၁)ပါးဖြစ်၏၊ ၎င်း ၂-ရပ်ကိုပေါင်းသော်၊ စိတ်ပေါင်း(၉၁)ပါးဖြစ်၏၊

## (၁၅၆) ကေန်(၆၀)နေကန်ဝယ်၊ မှတ်ဘွယ်သုံးဆဲ့တစ်၊

စိတ်အကျဉ်း(၈၉)ရှိရာ၊ ၂-ပါးပို၍လာခြင်းမှာ၊ အဘိညာဏ်ဒွေးအတွက်ပိုလေ၏၊ ၎င်းကို၊ အဘိညာဏ်နှင့်မယှဉ်သော၊ ပဥ္စမဈာန်ပင်ဖြစ်၍၊ တူရာပေါင်းသော်၊ (၈၉)ပါး ၎င်း-ဖြစ်၏၊

ရူပ—ပဥ္စမဈာန်တမျိုးကိုပင်လျှင်၊ အဘိညာဏ်နှင့်ယှဉ်ခိုက်၌၊ အာရုံတမျိုး၊ အဘိညာဏ်နှင့်မယှဉ်ခိုက်အာရုံတမျိုး၊ ဤသို့အာရုံ(၂)မျိုးဖြင့်ဝေဘန်သည်ကို၊ ကြပ်ကြပ်ကြီး-သတိရှိစေရမည်၊ တနည်း၊

ရူပစသည်မှာ၊ ၂-ဖြာကေန်၊ အဘိညာဏ်နှင့်၊ အကျန်ဆစတ်၊ နေကန်တည်း၊

ဓမ္မာရုံမှန်၊ ကေန်(၃၅)နေကန်ကား၊ မှတ်သား(၄၃)ရ တည်း၊

## (၁၅၇) ကာမာဗျည်းဆ၊ မဟဂ်ကသုံးခွန်၊ နိဗ္ဗာန်(၁၈)ပညတ်မျိုးမှာ၊ ၅-၂-သာ၊ ပေါင်းပါကေန်၊ နေကန်တည်း၊

ဤကဗျာတို့ဖြင့်၊ အစိတ်အစိတ်၊ ကေန်နေကန်ခွဲပြသည်၊ (အဓိပ္ပါယ်ကား၊)ရူပါရုံကို ကေန်အာရုံပြုသောစိတ်ကား၊ စက္ခုဒွါရ၌ ဖြစ်သော စိတ် (၄၆) ပါးတို့တွင်၊ စက္ခုဝိညာဏ်ဒွေးပင်တည်း၊ အဘိညာဏ်ဒွေးနှင့်၊ ကျန်(၄၄)ပေါင်း(၄၆)ပါးကား၊ ရူပါရုံကို၊ အနေကန်ပြု၏၊ ဤနည်းကိုမှီ၍၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာတို့၌လည်း၊ ကေန် အနေကန် ၂-ပါးကိုသိထောက်ပြီ၊ အလွန်လွယ်လှလေပြီ၊

ဓမ္မာရုံကေန်ပြုသောစိတ်ကား၊ ၆+၈+၂၁-ဤ(၃)ရပ်ကိုပေါင်းသဖြင့်၊ (၃၅)ပါး ဖြစ်၏၊ ပြထားသောဂဏန်းများကို၊ မည်သည့်စိတ်တို့ဟူ၍၊ ကြိုလုံးထုတ်လေ၊ ၊ဓမ္မာရုံကို၊ အနေကန်အာရုံပြုသောစိတ်ကား၊ ကာမအာရုံကိုအာရုံပြုသောစိတ်ထဲက၊ တဒါရုံ(၁၁)ဟသိတုပ္ပါဒ်(၁)+၂၀+၅+၆၊ ၎င်း(၅)ရပ်ကိုပေါင်း၍၊ (၄၃)ပါးဖြစ်၏၊

ကာခေဘုည်းဆ-ဆိုသည်မှာ၊ ၁၀+၃+၁+၁၁ (၂၅) ကေန်၊
၂၀+၅+၆ (၃၁) အနေကာန်၊
ပေါင်း၊ (၅၆) ဖြစ်သည်၊

မဟာဂ်ကာသုံးဆဲ့ခွန်၊ဆိုသည်ကား၊ (၆) ကေန်၊
၂၀+၅+၆ (၃၁) အနေကာန်၊
ပေါင်း၊ (၃၇) ဖြစ်သည်၊

နိဗ္ဗာန်-၁၉၊ဆိုသည်ကား၊ (၈) ကေန်၊
၅+၆ (၁၁) အနေကာန်၊
ပေါင်း၊ (၁၉) ဖြစ်သည်၊

ပဉ္စတ်မျိုးမှာငါးနှစ်သာ၊ ၁၅+၆ (၂၁) ကေန်၊
၂၀+၅+၆ (၃၁) အနေကာန်၊
ပေါင်း၊ (၅၂) ဖြစ်သည်၊

တနည်း၊

(၁၅၈) တဆယ်+သုံးရင်၊ရုပ်တေရသ်၊၆+၈-နှစ်ရပ်၊နာမ်စုဒ္ဒသ်၊မှတ်ကြကေန်သာ၊
အဓိပ္ပါယ်လွယ်ပြီ၊ကြံသုံးထုတ်လေ။

အာရုံသဂ်ဟာသည်၊များပြားကျယ်ဝန်းလှ၏၊ ဤမျှလောက်သော၊အဓိပ္ပါယ်သိလျှင်လည်း၊တဖြေးဖြေးကြွင်းကျန်သော အရာဌာနတို့ကိုသိလတံ့၊ အကျန်ရေးရန်ကလည်း၊ ယခုမှသင်စလူများသည်၊စိတ်ရှုတ်စရာကြီးဖြစ်၍၊ မသင်မကြားချင်ဘဲ၊စိတ်ပျက်တတ်သည်ဖြစ်၍၊လိုရင်းအချက်များသာဖြလိုက်သည်၊ ကေန်(၄)မျိုး၊ အနေကာန်(၃)မျိုးကို၊ ပိုင်ပိုင်ကြီးသိဘို့၊အရေးအကြီးဆုံးဖြစ်သည်၊

အောက်ပါဇယားပုံ၌ အထပ်ထပ်ကြည့်၍ ကြိုးလုံး ထုတ်လေ။

# (၅) အာရမ္မဏသင်္ဂဟ။

| အမည် | ကာမ | မဟဂ္ဂုတ် | လောကုတ် | ပညတ် | ကာမ မဟဂ္ဂုတ် ပညတ် | အရဟတ္တမဂ်ဖိုလ်ကြဉ် ကာမ၊မဟဂ်၊ လော၊ပညတ် | အလုံးစုံ | ပေါင်း |
|---|---|---|---|---|---|---|---|---|
| အကုသိုလ် | — | — | — | — | ၁၂ | — | — | ၁၂ |
| ဒွေးပဉ္စဝိညာဏ် (၁၀) | ၁၀ | — | — | — | — | — | — | |
| မနောဓါတ် ၃ | ၃ | — | — | — | — | — | — | |
| သန္တီရဏ ၃ | ၃ | — | — | — | — | — | — | ၁၈ |
| ဟသိတုပ္ပါဒ် ၁ | ၁ | — | — | — | — | — | — | |
| ဝုဋ္ဌော ၁ | — | — | — | — | — | — | ၁ | |
| | — | | | | ၄ | ၄ | — | |
| ကာမာဝစရသောဘဏ | ၈ | — | — | — | — | — | — | ၂၄ |
| | — | | | | ၄ | — | ၄ | |
| ရူပစိတ် ၁၅ | — | — | — | ၁၅ | — | — | — | ၁၅ |
| ရူပကုသိုလ် အဘိညာဏ် | — | — | — | — | — | ၁ | — | ၁ |
| ရူပကြိယာအဘိညာဏ် | — | — | — | — | — | — | ၁ | ၁ |
| အရူပစိတ် | — | ၆ | — | ၆ | — | — | — | ၁၂ |
| လောကုတ္တရာ | — | — | ၈ | — | — | — | — | ၈ |
| ပေါင်း...... | ၂၅ | ၆ | ၈ | ၂၁ | ၂၀ | ၅ | ၆ | ၉၁ |
| | ဧကန်အာရုံပြုသောစိတ်(၆၀) | | | | အနေကန်အာရုံပြုသောစိတ် (၃၁) | | | |

# ဒွါရဝိမုတ်စိတ်(၁၉)ပါးတို့၏-အာရုံပြပုံဇယား။

| ဒွါရ | မနောဒွါရ | ဆဒွါရ | မနောဒွါရ |
|---|---|---|---|
| အာရုံ | ဓမ္မာရုံ | အာရုံ(၆)ပါး | ရူပါရုံ |
| ကာလ | အတိတ် | ပစ္စုပ္ပန်၊အတိတ်၊ပညတ် | ပစ္စုပ္ပန် |
| **စိတ်** | **ကံ** | **ကမ္မနိမိတ်** | **ဂတိနိမိတ်** |
| အကုဝိ၊ ဥပေက္ခာသန္တီရဏ | အကုသိုလ် ကံ ၁၁၊ | တုတ်လှံကန်ဒါးလေးမြား | ငရဲအိုး၊ငရဲထိန်း-စသည် |
| ကုသလဝိဥပေက္ခာသန္တီရဏ | မဟာကုဝိဝ် (၄) | ကျောင်းဘုရားစသည် | နတ်သမီးဗိမာန် စသည် |
| မဟာဝိပါက် (၈) ပါး | မဟာကုသိုလ် (၈) | ၎င်း | ၎င်း |
| ရူပ,ပဥ္စမဈာန် (၁) ပါး | ...... | ၂၅-ပါးသောပညတ် | ...... |
| ဒု၊တ၊စ၊စိတ် (၃) ပါး | ...... | ၁၄-ပါးသောပညတ် | ...... |
| ပဥ္စမဈာန်စိတ်(၁)ပါး | ...... | ၁၂-ပါးသော ပညတ် | ...... |
| အာကာသာနဉ္စဝိပါက် | ...... | ကောင်းကင်ပညတ် | ...... |
| ဝိညာဏဉ္စဝိပါက် | ...... | အတိတ်မဟဂ္ဂုတ်အာရုံ | ...... |
| အာကိဉ္စညာဝိပါက် | ...... | နတ္ထိဘောပညတ် | ...... |
| နေဝသညာဝိပါက် | ...... | အတိတ်မဟဂ္ဂုတ်အာရုံ | ...... |

## စေတသိက်အာရုံဖြင့်ခွဲပြခြင်း။

(၁၅၉) အကုသိုလ်မှာ၊ လောကီသာတည်း၊ ဈာသာမှာကား၊ တခြားပြင်ပ၊ ဗဟိဒ္ဓပေ၊ မဇ္ဈေရဆို၊မိမိကိုယ်ဟု၊အဇ္ဈတ်ပြု၏၊ သုံးခုဝိရတီ၊ ဝိရမိတဗ္ဗ၊ ဝတ္ထုကနှင့်၊ ကာမနာမ်ရုပ်၊ ပစ္စုပ္ပန်ဂါတ်၊ပြုအပ်သည်သာ၊ပမညာဝယ်၊ ကာလာဝိမုတ်၊ ပညတ်ထုတ်လော့၊ ကြွင်းဟုတ်မှန်တ၊တေတ္တိံသသည် သဗ္ဗအာရုံပြုမြဲတည်း။

အကုသိုလ်စေတသိက်(၁၄)ခုတို့သည်၊လောကီတရားစုကိုအာရုံပြုကုန်၏၊ လောကီတရားဟုဆိုသည်ကား၊ကာမ၊မဟဂ္ဂုတ်ပညတ်၊ဤအာရုံ(၃)မျိုးကိုဆိုသည်၊ ၊

ထို(၁၄)ပါးတွင်၊ ဈာသာကား၊ပြုရူးစောင်းမြောင်းအပ်သော၊တခြားပြင်ပဗဟိဒ္ဓဝတ္ထု၊

ကို အာရုံပြု၍၊ မန္တရိယကား၊ မိမိကိုယ်ဟုဆိုအပ်သော၊ လျှို့ဝှက်အပ်သော၊အတွင်းပစ္စည်းဝတ္ထုဖြစ်သော၊ အဇ္ဈတ္တတရားကိုအာရုံပြု၍၊ ပိရတိစေတသိက် (၃) ခုသည်၊ ကာယဒုစရိုက်၊ဝစီဒုစရိုက်ဟုဆိုအပ်သော၊ပိရမိတဖွဲ့ဝတ္ထုနှင့်တကွ၊ကာမတရား၊နာမ်တရား၊ရုပ်တရား၊ပစ္စုပ္ပါန်၊အနာဂါတ်တရားစုကိုအာရုံပြုသည်၊

အပ္ပမညာ၂ခွေးသည်၊ကာလပိမုတ်ဖြစ်သော၊ သုခိတသတ္တဝါပညတ်၊ ဒုက္ခိတသတ္တဝါပညတ်တရားကို အာရုံပြုသည်၊ ကြွင်းသောအညသမာန်း(၁၃) သော၁ဘာသာ၀ါရဏ(၁၉)ပညိခြွေ၊ ၍(၃၃)ပါးသည်၊ အလုံးစုံသော ကာမ၊မဟဂ္ဂုတ်၊လောကုတ်၊ပညတ်တရားများကိုအာရုံပြုသည်၊

အာရမ္မဏသင်္ဂဟပြီး၏။

# (၆) ဝတ္ထုသင်္ဂဟ။

(၁၆၀) စက်,သော,ဃာ,ဇိ,၊ကာ,ဟဒိ၊မှီရာဝတ္ထု-၆၊
(၁၆၁) ကာမေသဗ္ဗော၊ရူ-စက်,သော,ဟ,၊အရူပ၊သဗ္ဗနတ္ထိသာ၊
(၁၆၂) ပဥ္စဝိဉ်ဆယ်ထီ၊ကိုယ်စီမှီ၊ငါးလီဝတ္ထုမှာ၊
(၁၆၃) မနောဓါတ္တယ၊သောတမဂ်တဆူ၊ဒေါ်,ရုံ,ရူပ၊ဟသိတ၊ဟဒယအမြဲမှီ၊
(၁၆၄) လော,မော,ဝုဋ္ဌာ၊မဟာကုဂြိ၊ကုဂြိ,၊အရူပါ၊ကုတ်သတ္တာ၊ဟဒ္ဒာရံခါမှီ၊
(၁၆၅) အရူပိပါ၊၄-ချမှာ၊ဟမှာမြဲမမှီ၊
(၁၆၆) ဝတ္ထု(၆)စုံ၊(၇)ဖုံဓါတ်၊ဘုံသုံးရပ်၊တွဲစပ်ဝေဘန်ပါ၊
(၁၆၇) ၄၃-မှာ၊မြဲမှီပါ၊ရံခါလေးဆဲ့နှစ်၊
(၁၆၈) အမြဲမမှီ၊ဗိတ်လေးထီ၊ပြီးပြီပကိဏ်းမှာ၊

စက္ခုဝတ္ထု၊ လ ၊ဟဒယဝတ္ထုဟူ၍၊ ဝတ္ထုရုပ်(၆)ပါးရှိ၏၊ မှီရာဆိုသောစကားဖြင့်၊(ဝတ္ထု)သဒ္ဒါ၏အဓိပ္ပါယ်ကိုပြသည်၊

မြေကြီးသည်၊လူစသည်တို့၏၊ တည်ရာမှီရာဖြစ်သကဲ့သို့၊ စိတ်စေတသိက်တို့၏တည်ရာမှီရာဖြစ်သောကြောင့်၊(ဝတ္ထုခေါ်သည်၊တရားကိုယ်မှာ ရုပ်တရားတည်း၊ဋ္ဌါရ

သင်္ဂဟာက ဆိုခဲ့ပြီးသော၊ပသာဒရုပ်ငါးခုကိုပင်၊ ဝတ္ထုငါးပါးခေါ်ပြန်၏၊ ဟာဒယဝတ္ထု ရုပ်မှာ၊အထူးဆိုဘွယ်မရှိပြီ၊

**ကာမေသဗ္ဗေ။** ဆိုသဖြင့်၊ အလုံးစုံဝတ္ထုရုပ်(၆)ပါးလုံးကို၊ကာမဘုံ၌ရအပ်၏၊လူ တိုင်းပင်ရပါသလောဆိုလျှင်၊ပဋိသန္ဓေက-ကာဏ်းပင်းလာသော၊အာယတနမပြည့်စုံ သောပုဂ္ဂိုလ်တို့မှာ၊အချို့ စက္ခုသောတ၊ဃာနတို့ကိုမရအပ်၊ ၊ရူ-စက်,သော,ဃာ,။ ဆိုသဖြင့်၊ အသညသတ်ကြဉ်သော၊ ရူပ(၁၅)ဘုံမှာ၊ စက္ခုသောတ၊ဟာဒယဝတ္ထုရုပ် သုံးခုကိုသာရအင်၏၊

အဘယ့်ကြောင့်၊ဃာနံ,ဇိဝှါ,ကာယ,ဝတ္ထု(၃)ပါးကိုမရသနည်း?

ရူပဗြဟ္မာတို့အား၊ ကာမရာဂ၌ တပ်ခြင်းကင်းသော၊ ဘာဝနာ၏အစွမ်းဖြင့်၊ ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံတို့၌၊တပ်မက်ခြင်းကင်းသည်၏အဖြစ်ကြောင့်၊ ထို အာရုံသုံးပါးကို၊ အာရုံပြုသော၊ပသာဒသုံးပါးတို့၌လည်း၊ တပ်ခြင်းကင်းသော ကြောင့်၊ဃာနာဒိတ္တယကိုမရအပ်၊

စက္ခုနှင့်သောတ(၂)ပါးကား။အဘယ့်ကြောင့်ဖြစ်သနည်း?

လူပြည်မှာ ဘုရားပွင့်လာသော အခါ၊ ဘုရားဖူးခြင်း၊ တရားနာခြင်းအကျိုးငှါ၊ စက္ခုသောတတို့၌၊ တပ်မက်ခြင်း မကင်းသောကြောင့်၊ စက္ခုသောတ(၂)ခု အပေါင်းကို၊ ထိုရူပဘုံ၌ရအပ်၏၊

ဃာန,ဇိဝှါ,ကာယမရှိလျှင်၊ဗြဟ္မာတို့မှာ၊စက္ခုနှင့်သောတချည်းဘဲ။ ဘယ်လိုတည်နေသလဲ၊လက် ညှိုးတချောင်းထောင်လျှင်။ စကြာဝဠာ ကမ္ဘာ တထောင် လင်းတယ်ဆိုတဲ့ စကားက။ ဘယ်လို ယုံကြည်ရမှာလဲ၊လူ့ပြည်လာပြီးဘယ်လိုတရားနာသလဲ ဘယ်လိုဘုရားဖူးသလဲ?

ဒွါရသင်္ဂဟ၌ ဆိုခဲ့ပြီးသော အတိုင်း၊ သမ္ဘာရဃာန,ဇိဝှါ,ကာယ-ပသာဒဃာန၊ ဇိဝှါကာယဟူ၍၊ ၂-မျိုးရှိရာ၊ ပသာဒဖြစ်သော၊ဃာန, ဇိဝှါ, ကာယ သာမရှိ သည်၊သမ္ဘာရဖြစ်သောလူတို့၏နှာခေါင်းကဲ့သို့၊လူတို့လျှာကဲ့သို့၊လူတို့၏ ကိုယ် ကဲ့သို့ရှိလေသည်၊ ပသာဒဖြစ်သော၊ ဃာန၊ဇိဝှါ၊ကာယမရှိသည့်အတွက်၊နံမှု လျက်မှု၊တွေ့ထိမှုမရှိရုံမျှသာဖြစ်လေသည်၊ ၊အသညသတ်ဘုံမှာ၊ ဝတ္ထုရုပ် တခုမျှမရလေ၊

**အရူပ၊ သစ္စနည်းသာ။** ၊အရူပဘုံမှာ၊အလုံးစုံဝတ္ထုရုပ်(၆)ပါးသည် တပါးမျှမရှိ၊

အဘယ့်ကြောင့် မရှိသနည်း?

ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့်၊ထိုအရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း၏-မရှိခြင်းကြောင့် မဖြစ်၊

ဒွေးပဉ္စဝိညာဏ်(၁၀)တို့သည်၊ အသီးအသီးစက္ခုစသော ဝတ္ထု(၅)ပါးတို့မှာအမြဲ မှီကြ၏၊ စက္ခုဝိညာဏ်ဒွေးသည်၊ (မဇ္ဈိမာယုကဖြစ်၍၊အတိတ်ဘဝင်နှင့်ဥပါဒ်ပြိုင်သော) စက္ခုဝတ္ထုကိုမှီသည်၊၎င်းသို့စသည်ဖြင့်ဆိုလေ၊ (......) ၎င်းကွင်းတွင်းရှိစကားကို၊ နားမလည်သေးသော်လဲ၊အရကျက်၍ထားပါလေ၊ဝိထိပိုင်းကျမှ နားလယ်လတံ့၊

မနောဓါတ်(၃)ပါး၊ သောတာပတ္တိမဂ်တပါး၊ ဒေါသမူဒွေး၊ တဒါရုံ(၁၁) ရူပစိတ်(၁၅)ဟသိတုပ္ပါဒ်(၁) ၎င်းမနောဝိညာဏဓါတ်(၃၀) ပေါင်း(၃၃)ပါးသောစိတ်သည်၊ (မိမိတို့၏ရှေ့ကစိတ်နှင့်အတူဥပါဒ်သော)ဟဒယဝတ္ထုကို အမြဲမှီသည်၊

လောဘမူစိတ်(၈)ပါး၊မောဟမူစိတ်(၂)ဝုဋ္ဌော(၁) မဟာကုသိုလ်(၈)ပါး၊ မဟာကြိယာစိတ်(၈)အရူပကုသိုလ်(၄)ပါး၊အရူပကြိယာ(၄)ပါး၊ အထက်လောကုတ္တရာစိတ်(၇)ပါး၊၎င်း(၄၂)ပါးသောစိတ်တို့သည်၊ ကာမဘုံ-ရူပဘုံ၌၊ရံခါ ဟဒယဝတ္ထုကိုမှီ၍၊ အရူပဘုံ၌ ဟဒယဝတ္ထုကိုမမှီရ၊ ၎င်း(၄၂)ပါးကိုလဲ၊ မနောဝိညာဏဓါတ်ဟုခေါ်၏၊ အရူပဝိပါက်(၄)ခုသည်၊ အရူပဘုံမှာသာဖြစ်သောကြောင့်၊ အမြဲဟဒယဝတ္ထုရုပ်ကို မမှီရချေ၊ ၎င်း(၄)ပါးလည်း၊ မနောဝိညာဏဓါတ်ပင်တည်း၊ ဒွေးပဉ္စဝိညာဏ်(၁၀)ကို၊ ပဉ္စဝိညာဏဓါတ်ခေါ်သည်၊ စက္ခုဝိညာဏ်ဒွေးကို၊ စက္ခုဝိညာဏဓါတ် စသည်ဖြင့် သိလေ၊ ၊စိတ်(၈၉)ပါးကို၊ဝိညာဏဓါတ်ဖွဲ့လိုက်သော်၊ ပဉ္စဝိညာဏဓါတ်(၅)ခုက စိတ်(၁၀) မနောဓါတ်တခုက,စိတ်(၃)ပါး၊ ၎င်းမှကြွင်းသောစိတ်(၇၆)ပါးကို၊ မနော ဝိညာဏဓါတ်ခေါ်သည်၊ ဓါတ်(၇)ပါးမှာ၊စိတ်(၈၉)ပါးဖြစ်သည်၊

ဝတ္ထုရုပ်(၆)ပါးကို အမြဲမှီသောစိတ်ပေါင်း၊ ဒွေးပဥ္စဝိညာဏ်(၁၀)မနောဓါတ်(၃)ပါး၊ မနောဝိညာဏဓါတ်(၃၀)ပေါင်း(၄၃)ပါးဖြစ်၏၊ ဓါတ်အားဖြင့် ၇-မျိုးဖြစ်၏၊ ရံခါမှီ၍၊ ရံခါမမှီသော စိတ်ပေါင်း၊ ၄၂-ဖြစ်၏၊ ဓါတ်အားဖြင့်၊ မနောဝိညာဏဓါတ်တမျိုးသာတည်း၊

အမြဲမမှီသောစိတ်ကား၊ အရူပဝိပါက်(၄)ခုပင်တည်း၊ ဓါတ်အားဖြင့် မနောဝိညာဏဓါတ်သာတည်း၊

ကာမဘုံမှာ၊ ဝတ္ထုရုပ် (၆) ပါးကို မှီ၍ဖြစ်သော ဝိညာဏဓါတ်တို့ကား၊(၇)ပါးတည်း၊ ။ရူပဘုံမှာ၊ ဝတ္ထုရုပ်(၃)ပါးကို မှီ၍ဖြစ်သော၊ ဝိညာဏဓါတ်တို့ကား၊ စက္ခုဝိညာဏဓါတ်၊ သောတဝိညာဏဓါတ်၊ မနောဓါတ်၊ မနောဝိညာဏဓါတ်၊ ဟူ၍(၄)ခုတည်း၊ အရူပဘုံ၌၊ ဝတ္ထုကို မမှီမူ၍ဖြစ်သော၊ ဝိညာဏဓါတ်ကား၊ မနောဝိညာဏဓါတ်တမျိုးသာတည်း၊

**အောက်ပါပုစ္ဆာများကို၊ စဉ်းစား၍ဖြေလေ လွယ်ပြီး**

(၁) စက္ခုဝတ္ထုကိုသာမှီသောစိတ်၊ ဘယ်မျှရှိသနည်း?

(၂) ဟဒယဝတ္ထုကို အမြဲမမှီသောစိတ်၊ ဘယ်မျှရှိသနည်း?

(၃) ဟဒယဝတ္ထုကို မှီသောစိတ်ပေါင်း၊ ဘယ်မျှရှိသနည်း?

(၄) ဝတ္ထုရုပ်ကို မှီသောစိတ်ပေါင်း၊ ဘယ်မျှရှိသနည်း?

(၅) ကာမဘုံမှာသာဖြစ်၍ ရူပဘုံမှာ မဖြစ်သောဓါတ်၊ ဘယ်မျှရှိသနည်း?

**(၅၀) ဆဝတ္ထုံ နိဿိတာကာမေ၊ သတ္တ ရူပေစတုဗ္ဗိဓါ။**
**တိဝတ္ထုံ နိဿိတာ ရူပေ၊ ဓါတွေကာ နိဿိတာ မတာ။ ။**

**(၅၁) တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာလီသ ဇာယရေ။**
**နိဿာယစ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။ ။**

ကာမေ၊ ကာမ(၁၁)ဘုံ၌၊ ဆဝတ္ထုံ၊ စက်,သော,ဃာ,ဇိ,ကာ,ဟဒိ,ဟု၊ ၆-လီသော ဝတ္ထုရုပ်ကို၊ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော၊ ဝိညာဏဓါတုယော၊ ဝိညာဏဓါတ်တို့ကို၊

သဗ္ဗတ္တ၊ ပဉ္စဝိညာဏဓါတ် မနောဓါတ် မနောဝိညာဏ ဓါတ်အားဖြင့် ၇-ပါး အပြားရှိ၍ ဟူ၍ မတ၁၊ သိအပ်ကုန်၏၊ ရူပေ၊ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌၊ တိဝဏ္ဏ၊ စက်,သော,ဟာဒယ၊ သုံးဝသော ဝတ္ထုရုပ်ကို၊ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော၊ ဝိညာဏဓါ တုယော၊ ဝိညာဏဓါတ်တို့ကို၊ စတုဗ္ဗိဓါ၊ စက္ခုဝိညာဏဓါတ် သောတဝိညာဏဓါတ်၊ မနောဓါတ် မနောဝိညာဏဓါတ်အားဖြင့်၊ ၄-ပါးအပြားရှိကုန်၏ဟူ၍၊ မတ၁၊ သိအပ် ကုန်၏၊ အရူပေ၊ အရူပ(၄)ဘုံ၌၊ အနိဿိတာ အနိဿိတာဝေ၊ ဝတ္ထုရုပ်ကို မမှီမူ၍သာ လျှင်ဖြစ်သော၊ ဧကာ၊ တခုသော၊ ဓါတု၊ မနောဝိညာဏဓါတ်ကို၊ မတ၁၊ သိအပ်၏၊

တေစတ္တာလီသ၊ ပဉ္စဝိညာဏော မနောဓါတ္တယ သောတမဂ်ဟူ၊ ဒေါ,ရုံ,ရူပ,ဟာသိ တနှင့်၊ လေဆဲ့သုံးပါး စိတ်တရားသည်၊ ဝတ္ထုံ၊ ဝတ္ထုရုပ်(၆)ပါးကို၊ နိဿာယ၊ အမြဲမှီ၍ သာလျှင်၊ ဇာယရေ၊ ဖြစ်ကုန်၏၊ ၊ ဒွေစတ္တာဠီသ၊ လော, မော,ဝုဋ္ဌော, မဟာကုဿို,၊ ကုသိုအရူပါ ကုတ်သတ္တာနှင့် လေးဆဲ့နှစ်ပါးသောစိတ်တို့သည်၊ နိဿာယစ၊ ရံခါမှီ၍ငင်း၊ အနိဿာယစ၊ ရံခါမမှီမူ၍ငင်း၊ ဇာယရေ၊ ဖြစ်ကုန်၏၊ ပါကာရုပ္ပါ၊ အရူပဝိပါက် (၄)ခုတို့သည်၊ ဝတ္ထုံ၊ ဝတ္ထုရုပ်(၆)ပါးကို၊ အနိဿိတာ အနိဿိတာဝေ၊ အမြဲမမှီမူ၍ သာလျှင်၊ ဇာယရေ၊ ဖြစ်ကုန်၏၊

## စေတသိက်ကို ဝတ္ထုဖြင့်ခွဲခြင်း။

(၁၆၄) သဗ္ဗစိတ္တ ခုနစ်ထွေမူ၊ ကာမေမှီသ ရူပသုံးထွေ၊ အရူပ်ပနတ္တိ၊ ဒေါ-ဇုမစ်ကျ၊ ဒိမ္မှုယာမြ အကျန်ခွဲပါ၊ ၄-၁-၅၁၊ ရံခါဟာမှီ၊

သဗ္ဗစိတ္တသာဓါရဏ စေတသိက်ခုနစ်ခုတို့သည်၊ ကာမဘုံ၌ဖြစ်သောအခါ၊ ဝတ္ထု ရုပ်ခြောက်ပါးလုံးကိုမှီ၍၊ ရူပဘုံ၌ ဖြစ်သောအခါ၊ ဝတ္ထုရုပ်သုံးပါးကိုမှီ၍၊ အရူပဘုံ၌ ဖြစ်သောအခါ၊ ဝတ္ထုရုပ်ကိုမမှီ၊ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ၊ စေတသိက်လေးခု တို့သည်၊ ဟာဒယဝတ္ထုရုပ်ကိုအမြဲမှီ၍၊ ကျန်လေးဆဲ့တပါးသော စေတသိက်တို့သည်၊ ဟာဒယဝတ္ထုရုပ်ကို ရံခါမှီ ရံခါမမှီ၊ အားလုံးပေါင်းသော်၊ စေတသိက်(၅၂)ပါးဖြစ်၏၊

# (၆) ဝတ္ထုသင်္ဂဟဇာယားပုံ။

| အရူပ(၄)ဘုံ | ...... | ...... | ...... | ...... | ...... | ...... | ...... | ...... | + |
|---|---|---|---|---|---|---|---|---|---|
| ရူပ(၁၅)ဘုံ | စက္ခု | သောတ | ...... | ...... | ...... | ဟဒယ | | | ၃ |
| ကာမ(၁၁)ဘုံ | စက္ခု | သောတ | ဃာန | ဇိဝှါ | ကာယ | ဟဒယ | | | ၆ |
| အမည် | အမြဲမှီ | အမြဲမှီ | အမြဲမှီ | အမြဲမှီ | အမြဲမှီ | အမြဲမှီ | ရံခါမှီ | အမြဲမမှီ | ပေါင်း |
| အကုသိုလ် | ...... | ...... | ...... | ...... | ...... | ၂ | ၁၀ | ...... | ၁၂ |
| အဟိတ် | ၂ | ၂ | ၂ | ၂ | ၂ | ၃၊၃၊၁ | ၁ | ...... | ၁၈ |
| ကာမာဝစရ သောဘဏ | ...... | ...... | ...... | ...... | ...... | ၈ | ၈ ...... ၈ | ...... | ၂၄ |
| ရူပါဝစရ | ...... | ...... | ...... | ...... | ...... | ၁၅ | ...... | ...... | ၁၅ |
| အရူပါဝစရ | ...... | ...... | ...... | ...... | ...... | ...... | ၄ ...... ၄ | ၄ | ၁၂ |
| လောကုတ္တရာ | ...... | ...... | ...... | ...... | ...... | ၁ | ၇ | ...... | ၈ |
| | ၂ | ၂ | ၂ | ၂ | ၂ | ၃၃ | ၄၂ | ၄ | |
| ပေါင်း | [illegible] [illegible] | [illegible] [illegible] | [illegible] [illegible] | [illegible] [illegible] | [illegible] [illegible] | [illegible] | မနောဝိညာဏဓါတ်။ | | ၈၉ |

* သဗ္ဗာဝတ္ထုရူပါ၊လွန်ဝတ္ထုကောင်းသောဇယားဖြစ်သည်။

## ကြံစရာနည်းပြတာရူ၊

**လောဘမူစိတ်(၈)ခုကို။ဝေဒနာ၊ဟိတ်၊ကံ၊ဒွါရ၊အာရုံ၊ဝတ္ထုတို့ဖြင့်ဖြစ်သင့်သလိုဝေဘန်ပြပါ?**

လောဘမူစိတ်(၈)ခုသည်၊ ဝေဒနာအားဖြင့်၊ သော-၄၊ ဥ-၄၊ဤသို့ဝေဒနာအားဖြင့် (၂) မျိုးဖြစ်သည်၊ ဟိတ်အားဖြင့်၊ဒွိဟိတ်စိတ်ဖြစ်သည်၊ ကိစ္စအားဖြင့်၊ ဇောကိစ္စ-တကိစ္စသာတပ်သည်၊ ဒွါရအားဖြင့်၊(၆)ဒွါရမှာအမြဲဖြစ်သည်၊ အာရုံအားဖြင့်၊ကာမ၊မဟဂ္ဂုတ်၊ပညတ်ကိုအာရုံပြုနိုင်သည်၊ဝတ္ထုအားဖြင့်၊ဟဒယဝတ္ထုကို-ရံခါမှီ၍၊ရံခါမမှီ၊

**ဤနည်းကိုမှီ၍၊ စိတ်(၈၉)ကုန်အောင်၊ ပုစ္ဆာဝိသဇ္ဇနာလုပ်၍-ဖြေဆိုလေ-လွယ်ပြီ။**

## ယမကနည်း၊

(၁) ယဿစိတ္တေသုအလောဘောဥပ္ပဇ္ဇတိ၊တဿစိတ္တေသုအမောဟောဥပ္ပဇ္ဇတီတိ၊ ၊ ဒွါဒသသုညာဏ,ဝိပ္ပယုတ္တစိတ္တေသု၊ အလောဘောဥပ္ပဇ္ဇတိ၊ နောစတဿ,အမောဟောဥပ္ပဇ္ဇတိ၊ ဒွါဒသသုညာဏ, သမ္ပယုတ္တကာမာဝစရစိတ္တေသုစေဝ ပဉ္စတိံသ မဟဂ္ဂတလောကုတ္တရစိတ္တေသု အလောဘောစဥပ္ပဇ္ဇတိ၊အမောဟောစဥပ္ပဇ္ဇတိ၊ ၊

(၂) ယဿပနစိတ္တေသုအမောဟောဥပ္ပဇ္ဇတိ၊တဿစိတ္တေသုအလောဘောဥပ္ပဇ္ဇတီတိ၊

{ အာမန္တာ။ }

**ဤသို့ စသောအားဖြင့်၊ ယမက ဒေသနာနည်းကိုမှီ၍ ကြံလေဦး။**

**သဘောသချုပ်၊မထွေးရှုတ်၊တိုတုပ်ရှင်းလင်းစွာ။**
**ပကိဏ္ဏက၊သင်္ဂဟ၊ရေးရ { ၄ } ရက်သာ။**
**လေးရက်လောက်မျှ၊ကြည့်တုံက၊သိကြပါစေသာ။**

## ပကိဏ်းပိုင်းပြီး၏။

# {၄} ဝီထိပိုင်း၊

(၁၇၀) ဖြစ်,တည်,ချုပ်ပြတ်၊ ဥပါဒ်,ဌီ,ဘင်၊ သုံးအင်စိတ္တက်၊ ၁၇-ပျက်၊ရုပ်သက်
တခါကြွေ၊

(၁၇၁) လျှပ်တပျက်၊မျက်တမှိတ်ဝယ်၊စိတ်သက်ဝယ်၊ဖြစ်ဘွယ်များဟုပေ။

(၁၇၂) ဥ,ဘင်,တူရဲ့၊ဌီကြာကွဲ၊လေးဆဲ့-၉-ချက်နေ၊

(၁၇၃) လက္ခဏာလေး၊ပိညတ်နွေး၊ကြဉ်ရေးကျန်ရုပ်တွေ၊

(၁၇၄) ဥပ-သန္တတိ၊ရုပ်၏ ဥ-သာ၊ဌီဇရာ၊ဘင်မှာအနိစ္စ၊

## စိတ်သက်,ရုပ်သက်=ဝေဘန်ခဏ်း။

ဥပ္ပဇ္ဇန္တိ ဥပ္ပါဒေါ၊အဘ္ဘူပဋိလာဘော၊ ၊ဥပ္ပဇ္ဇန္တိ၊စိတ်,စေတသိက်,ရုပ်တို့၏ဖြစ်ခြင်း၊ ဥပ္ပါဒေါ၊စိတ်,စေတသိက်,ရုပ်တို့၏ဖြစ်ခြင်း၊ အဘ္ဘူပဋိလာဘော၊သဘောတရားတို့ကို ရခြင်းကို၊လဗ္ဘတိ၊ရအပ်၏၊ ၊ဘဥ္ဇန္တိ ဘင်္ဂေါ၊သရူပဝိနာသော၊ ၊ဘဥ္ဇန္တိ၊စိတ် စေတသိက် ရုပ်တို့၏ ပျက်စီး ချုပ်ဆုံးခြင်းသည်၊ ဘင်္ဂေါ၊ ဘင်မည်၏၊ သရူပဝိနာသော၊ သဘောတရားတို့၏ ပျက်စီးချုပ်ဆုံးခြင်းကို၊လဗ္ဘတိ၊ရအပ်၏၊

### ဥဘိန္နံ ဝေမဇ္ဈေ ဘင်္ဂါဘိမုခပ္ပဝတ္တိ ဌီတိနာမ၊

ဥဘိန္နံ၊ ၂-ပါးကုန်သော ဥပါဒ် ဘင်တို့၏၊ဝေမဇ္ဈေ၊အလယ်၌၊ ဘင်္ဂါဘိမုခပ္ပဝတ္တိ၊ ဘင်သို့ရှေ့ရှုလျက်တည်ခြင်းသည်၊ဌီတိနာမ၊ဌီမည်၏၊

၅၌ခဏငယ်(၃)ချက်ကို{စိတ္တက္ခဏ}တခုခေါ်သည်၊(စိတ်သက်တခု)လို့ဆိုလိုသည်၊ ထို-စိတ်သက် (၁၇) ချက်ကြာမှ၊ ရုပ်သက်တခါသေသည်၊ စိတ်သက်(၁၇)ချက်ကို၊ ရုပ်သက်-တခုဟုဆိုလိုသည်၊

လျှပ်တပျက်အတွင်း၊မျက်စိတမှိတ်အတွင်း၊လက်ဖျစ်တတွက်အတွင်းမှာ၊ ထိုခဲ့သို့သောစိတ္တက္ခဏပေါင်း၊ ကုဋေတသိန်းမကပင် ပျက်နိုင်ကြ၏၊ လောကမှာ၊ စိတ်ကဲ့သို့ လျှင်မြန်သောတရားမည်သည် မရှိချေ၊

ရုပ်၏ဖြစ်ပေါ်မှုဥပါဒ်နှင့်၊ စိတ်၏ဖြစ်ပေါ်မှုဥပါဒ်၊ ဤ၂-ခုတို့သည်၊ အခန့်ကာလချင်း တူမျှကြ၏၊ ရုပ်၏ချုပ်ကွယ်မှုဘင်နှင့်၊ စိတ်၏ချုပ်ကွယ်မှုဘင်လည်း၊ အခန့်ကာလချင်း တူမျှကြ၏၊ ရုပ်၏တည်နေမှုဋ္ဌီကာလသည်ကား၊ စိတ်၏ခဏငယ်(၄၉)ချက်ခန့်ကာလ နှင့်၊ညီမျှလေသည်၊

ခဏငယ်(၄၉)ချက်ခန့်ကြာသောရုပ်တို့သည်၊ အဘယ်ရုပ်သို့ဖြစ်သနည်း-ဟု-မေး သည်ရှိသော်၊ ရုပ်(၂၈)ပါးတို့တွင်၊ ဝိညတ်ဒွေးလက္ခဏာရုပ်(၄)ခု၊ ဤ(၆)ခုကိုကြဉ်၍၊ ကျန်(၂၂)ပါးသောရုပ်တို့၏အသက်ဖြစ်သည်၊ ဝိညတ်ဒွေးကိုကြဉ်ရခြင်းကား၊ ဝိညတ် ဒွေး(၂)ခုတို့သည်၊ စိတ္တာနုပရိဝတ္တိတရားဖြစ်၍၊ စိတ်ကဲ့သို့ပင်-လျှင်မြန်စွာဖြစ်နိုင်၊ တည် နိုင်၊ချုပ်နိုင်၍၊ စိတ်နှင့်ဥပါဒ်,ဋ္ဌီ,ဘင်,ခဏချင်းတူမျှလေ၏၊

လက္ခဏာရုပ်လေးခုတို့သည်ကား၊ စင်စစ်နိပ္ဖန္နရုပ်တို့ကဲ့သို့၊ အသီးအခြားရုပ်မရှိ၊ ဆို ခဲ့ပြီးသော ရုပ်(၂၂)ပါးတို့၏ စ၍ဖြစ်ပေါ်မှု၊ အဖန်တလဲလဲ ဖြစ်ပေါ်မှု ဥပါဒ်ကိုပင်၊ (၁)ဥပစယ(၂)သန္တတိဟူ၍၊ (၂)မျိုးခေါ်သည်၊ စိတ်ခဏငယ်(၄၉)ချက်ခန့်နှင့်မျှသော ရုပ်၏-ဋ္ဌီခဏငယ်ကို၊ (၃)ဇရတာ-ဟုခေါ်ဆိုရသည်၊ ရုပ်၏ချုပ်ကွယ်မှု ဘင်ခဏပင်၊ (၄) အနိစ္စတာခေါ်သည်၊ ဤကဲ့သို့-တပါးသောရုပ်တို့ ဖြစ်မှု တည်မှု ချုပ်မှုကိုပင်၊ လက္ခဏာရုပ်ခေါ်ထားခြင်းကြောင့်၊ မိမိတို့၏ ဖြစ်မှု တည်မှု ချုပ်မှု မရှိလေ၊

{ အောက်ပါပုံကို-သေချာစွာရှုပါ။ }




( ရုပ်သက်တခု )

အထက်ပါပုံ၌၊ ၁-၂ စသည်ဖြင့်ပြထားသည်မှာ၊ စိတ္တက္ခဏ-တခု၊ ၂-ခုစသည်ကို ပြသည်၊ ( ∘∘∘ ) ဤကဲ့သို့(၃)လုံးတွဲရေးပြသည်မှာ၊ ဥပါဒ်,ဋ္ဌီ,ဘင်-ဟုပြသည်၊

ပဌမစိတ်သက်တခု၏-ဥပါဒ်၌၊ မြှားပြထားသည်မှာ၊ စိတ်၏ဥပါဒ်နှင့်၊ရုပ်၏ဥပါဒ် အခန့်ကာလချင်းတူကြောင်းကိုပြသည်၊အဆုံး(၁၇)ချက်မြောက် စိတ်၏ဘင်၌၊မြှားပြ ထားသည်မှာ၊ စိတ်၏ဘင်နှင့် ရုပ်၏ဘင် တူမျှကြောင်းကိုပြသည်၊ ပဌမစိတ်၏ဌီမှစ၍၊ ၁၇-ချက်မြောက်စိတ်၏ဌီတိုင်အောင်၊ ↡______↡ ဤကဲ့သို့မြှားကုတ်၍ပြထားသည် မှာ၊ စိတ်၏ခဏငယ်(၄၉)ခန့်နှင့်၊ ရုပ်၏ဌီခဏငယ်နှင့် တူမျှကြောင်းကို ပြဆို၏၊ စိတ် သက် ရုပ်သက်တို့ကို နားလည်မှ၊ ဝိထိကို-ကျနစွာ နားလည်နိုင်မည်၊

**စိတ်သက်ရုပ်သက်ခွဲခန်းပြီး၏။**

## ပဉ္စဒွါရဝိထိ။

(၁၇၅) ဒွါရ (၆) ခု၊ ဝိထိပြု၊ (၆) ခု ဝိထိပြား၊
(၁၇၆) ပဉ္စဒွါရ၊ မနောဒွါ၊ ၂-ဖြာခွဲဝေထား၊
(၁၇၇) အတိမဟာန်၊မဟာန်,ပရိတ်၊ တိပရိတ္တာ၊ပဉ္စဒွါဟူ၊ မနောမူ၊ဝိဘူ,ဝိဘူပြား၊
(၁၇၈) တဒါ-ဇဝန်၊ဝေါဋ္ဌဗ္ဗ ၊မောဃဝါရထား၊
(၁၇၉) တိ,တချက်လွန်၊တိ,မဟာန်တည်း၊ မဟာန်နှစ်လုံး၊လေးလုံးကာစ၊နဝပရိတ်၊ တိပရိတ်ဝယ်၊တဆယ်အစ(၁၅)ကျ၊အတိတလွန်ပုံ-မှတ်တန်းတည်း၊
(၁၈၀) တိ၊နု၊ဒ၊ပ၊စ၊သံ၊ဏ၊ဝုဋ္ဌ၊ဇော၊တဒါ၊
(၁၈၁) တဒါ၂-ကြိမ်၊ခွန်နှစ်ကြိမ်ဇော၊ ဝုဋ္ဌောစိတ်မှာ၊ဇောပါလျှင်တစ်၊ ဇောမ ဖြစ် နှစ်,သုံး၊ရှေ့လေးလုံးမှာ၊ဝုဋ္ဌမပါ၊ဘယ်ခါသုဘ္ဘိမဖြစ်တည်း၊

ဤကဗျာ(၇)ပုဒ်ကိုသိမြင်လျှင်၊ ပဉ္စဒွါရ(၇၅)ဝိထိချပုံကို၊သေချာစွာနားလည်နိုင်၏။ ဒွါရသင်္ဂဟက,ပြဆိုခဲ့ပြီးသောနည်းအတိုင်း၊ဒွါရ(၆)ပါး၌ဖြစ်သောစိတ်အစဉ်ကို၊ဝိထိ ခေါ်သည်၊စက္ခုဒွါရဝိထိ၊သောတဒွါရဝိထိ,စသည်ဖြင့်၊၆-ဝိထိပြားလေ၏၊

စက္ခုဒွါရဝိထိ(လ)ကာယဒွါရဝိထိ၊ဤ၅ပါးဝိထိကို၊ပဉ္စဒွါရဝိထိခေါ်၏၊ ဤကဲ့သို့တ နည်း၊ ပဉ္စဒွါရဝိထိ၊မနောဒွါရဝိထိဟူ၍၊ ၂-မျိုးခွဲလေဦး၊

ပဉ္စဒွါရ-ငါးဝိထိတို့တွင်လည်း၊ တဝိထိ-တဝိထိမှာ၊ အတိမဟန္တာရုံ၊မဟန္တာရုံ၊ ပရိတ္တာရုံ၊အတိပရိတ္တာရုံဟူ၍၊ဝိသယပဝတ္တိ(၄)မျိုးစီရှိ၏၊မနောဒွါရမှာလဲ၊ဝိဘူတာရုံ၊ အဝိဘူတာရုံဟူ၍၊ဝိသယပဝတ္တိ၂-မျိုးရှိ၏၊ပေါင်းသော်၊ဝိသယပဝတ္တိ(၆)မျိုးရှိလေ၏၊

အတိမဟာနက္ခတ္တရာသီကို၊တဒါလမ္ဗကာဝါရခေါ်၏၊(တဒါရုံအသုံးရှိသောကြောင့်၊) (တဒါရုံကျခြင်းကြောင့်၊)မဟာနက္ခတ္တရာသီကို၊ဇဝနဝါရခေါ်သည်၊(ဇောကျခြင်းကြောင့်၊)ပရိတ္တာရုံကို၊ဝေါဋ္ဌဗ္ဗနဝါရခေါ်သည်၊ (ဝုဋ္ဌောကျခြင်းကြောင့်၊) အတိပရိတ္တာရုံဝိထိကို၊ မောဃဝါရခေါ်သည်၊ (ဝိထိစိတ်မဘက်၊ အချိန်းကုန်သက်သက် ဖြစ်သောကြောင့်၊) ဤရေးပုံမျိုးကား၊ အဋ္ဌကထာ ဋီကာရေးနည်းမျိုးတည်း၊ဝိဘူတာရုံကို၊တဒါလမ္ဗကာဝါရဟူ၍မှတ်၊အဝိဘူတာရုံကို၊ဇဝနဝါရဟူ၍မှတ်၊

အတိမဟာနက္ခတ္တရာသီဝိထိမှာ၊ အတိတဘင် တချက်သာလွန်၏၊အတိမဟာနက္ခတ္တရာသီတဝိထိသာရှိ၏ဟူ၍မှတ်၊ထို့ကြောင့်၊(တိ-တချက်လွန်၊တိမဟာန်တည်း)ဟုဆို၏၊

မဟာန်-နှစ်,သုံး,ဆိုသည်ကား၊ မဟာနက္ခတ္တရာသီ ပဌမ ဝိထိ၌၊ အတိတဘင် ၂-ချက်လွန်သည်၊မဟာနက္ခတ္တရာသီဒုတိယဝိထိ၌၊အတိတဘင်သုံးချက်လွန်သည်၊ ထို့ကြောင့်၊မဟာနက္ခတ္တရာသီ ၂-ဝိထိရှိ၏ဟုမှတ်လေ၊

လေးလုံးကစ၊နဝပရိတ် ဆိုသည်ကား၊ပရိတ္တာရုံ ပဌမဝိထိ၌၊အတိတဘင် ၄-ချက်လွန်၏၊ဒုတိယ၌(၅)ချက်လွန်၊တတိယ၌(၆)ချက်လွန်၊စတုတ္ထ၌(၇)ချက်လွန်၏၊ပဉ္စမ၌၊(၈)ချက်လွန်၏၊ဆဋ္ဌမ၌(၉)ချက်လွန်၏၊ထို့ကြောင့်၊ပရိတ္တာရုံ(၆)ဝိထိ ရှိ၏ဟုမှတ်လေ၊

တိပရိတ်ဝယ်၊တဆယ်အစ(၁၅)ကျ၊ ဆိုသည်ကား၊

အတိပရိတ္တာရုံ ပဌမ ဝိထိ၌၊ အတိတဘင်(၁၀)ချက်လွန်၏၊ ဒုတိယ၌(၁၁)ချက် တတိယ၌(၁၂)ချက်၊ စတုတ္ထ၌(၁၃)ချက်၊ ပဉ္စမ၌(၁၄)ချက်၊ ဆဋ္ဌမ၌(၁၅)ချက်လွန်သည်ကိုပြဆို၏၊ထို့ကြောင့်၊အတိပရိတ္တာရုံသည်း(၆)ဝိထိရှိ၏ဟုမှတ်လေ၊

ဤဝိထိတို့ကား၊ အတိတဘင် လွန်သည်ကိုအစွဲပြု၍၊ပြားရလေသည်၊ ၊အလုံးပုံပေါင်းသော်၊ ၁+၂+၆+၆ ပေါင်း(၁၅)ဝိထိဖြစ်လေ၏၊ ဤကဲ့သို့ စက္ခုဒွါရမှာပင်၊ (၁၅)ဝိထိ၊သောတဒွါရ(၁၅)ဝိထိ၊ ဃာနဒွါရ(၁၅)ဝိထိ၊ ဇိဝှါဒွါရ(၁၅)ဝိထိ၊ကာယဒွါရ(၁၅)ဝိထိ၊ ပေါင်းသော်၊ပဉ္စဒွါရ(၇၅)ဝိထိဖြစ်လေ၏၊

အတိတဘင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊ဝုဋ္ဌော၊ဇော၊ဇော၊ဇော၊ဇော၊ဇော၊ဇော၊ဇော၊ တဒါရုံ၊တဒါရုံ၊

ဤကဲ့သို့ စက္ခုဒွါရ၌ဖြစ်သော ဝီထိစိတ်အစဉ်ကို၊ဒွါရသင်္ဂဟ ကပြခဲ့သောအတိုင်း၊ ဇော၊တဒါရုံတို့ကိုစိတ္တက္ခဏာခွဲဝေ၍ပြ၏၊သေချာစွာဝီထိဖြစ်ပုံကိုပြဆိုပါဦးအံ့။ ။လူ တယောက်တယောက်၏ စိတ္တက္ခဏာတခုတခုမှာ၊ခဏငယ်(၃)ခုရှိ၏ဟုဆိုခဲ့ပြီ၊ထိုတခု တခုသော၊ ခဏငယ်ကလေးဖြစ်ခိုက်မှာ၊ ဒွါရသင်္ဂဟ၌ ရေးသားခဲ့သောအတိုင်း၊ စက်, သော,ဃာ,ဇိ,ကာ,ဟု ဆိုအပ်သော၊ ပသာဒရုပ် အကြည်ဓါတ်ကလေး(၅)ခုတို့သည်၊ မိမိတို့ဖြစ်ရာဌာနမှာ၊လျှပ်စီးသက်သကဲ့သို့၊ခဏတိုင်းခဏတိုင်း၊(၅)ခု (၅)ခုဖြစ်ပေါ်၍ နေလေ၏၊ ။အပြင်ဗဟိဒ္ဓက၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဆိုအပ် သော၊အာရုံငါးပါးတို့သည်ကား၊ရံခါရံခါသော၊ဆိုင်ရာဆိုင်ရာ မိမိတို့ထင်ရာဒွါရခေါ်တဲ့ ပသာဒအကြည်ဓါတ်ကလေးပေါ်မှာလာ၍ထင်ကြကုန်၏၊အခြင်းခပ်သိမ်းထင်ကြသည် မဟုတ်ပေ၊ဥပမာ၊တခုသောအိမ်၌၊ကိုယ်လုံးပေါ်မှန်ကြီး(၅)ခုတို့သည်၊ အမြဲထောင်၍ ထားကုန်၏၊အိမ်ရှေ့၌အမှတ်မရှိ၊လူ,သာမဏေ၊ရဟန်းတော်၊ဈေးသည်၊လှည်း၊ရထား၊ စသည်တို့လည်းသွားကြကုန်၏၊ထိုသို့အိမ်တွင်းမှာ၊ကိုယ်လုံးပေါ်မှန်ကြီးများကို၊ အမြဲ ထောင်ထားသော်လဲ၊ထိုမှန်ကြီးများ၏အတွင်းမှာ၊အမြဲလူရုပ်၊ရဟန်းရုပ်၊လှည်း ရထား ရုပ်စသည်၊အမြဲထင်၍နေပါသလားဆိုလျှင် အမြဲမထင်နိုင်ချေ၊မိမိတို့၏ ရှေ့တူရူတဲ့တဲ့ သို့ရောက်သောဝတ္ထုသာထင်နိုင်သလို၊စက်,သော,ဃာ,ဇိ,ကာဟူသော အကြည်ပသာ ဒရုပ်တို့သည်၊ကိုယ်တွင်းမှာ၊ခဏငယ်တိုင်း ဖြစ်နေပါသော်လဲ၊အပြင်ဗဟိဒ္ဓက အာရုံ တို့နှင့်တိုက်ဆိုင်မိပါမှ၊အာရုံဒွါရတို့ထင်မိခြင်းကြောင့်၊ပဉ္စဒွါရဝီထိစိတ်အစဉ်ဖြစ်ပေါ် လာနိုင်သည်၊ထို့ကြောင့်၊ (ဧကစိတ္တက္ခဏာ တီတာနိ ဝါ ဗဟုစိတ္တက္ခဏာ တီတာနိ ဝါ ဌိတိပတ္တာနေဝ ပဉ္စာလမ္ဗဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ)ဟု သင်္ဂြိုဟ်၌ဆိုလေ သည်၊စက္ခုပသာဒအကြည်ဓါတ်ပေါ်၌၊ရူပါရုံမထင်မှီ၊သတ္တဝါတို့သန္တာန်၌၊အမည်မ ရှိသောဘဝင်စိတ်တွေသာ၊ ထပ်ခါထပ်ခါ ဖြစ်ပေါ်၍နေကြကုန်၏၊ အကြင်အခါ၌ရူပါရုံ သည်၊စက္ခုပသာဒပေါ်သို့ ထင်လာ၏၊ထိုရူပါရုံထင်သော စက္ခုပသာဒနှင့်ပြိုင်မိသော ဘဝင်ကို၊အတီတဘဝင်ဟုအမည်မှည့်ခေါ်၏၊ထိုအတီတဘဝင်သည်ကား၊ စိတ်ဖြစ်၍၊ခဏ ငယ်(၃)ချက်ကြာလျှင်၊ချုပ်ဆုံးကွယ်ပျောက်၍သွားလေ၏၊ရူပါရုံနှင့် စက္ခုပသာဒ(၂) ခုတို့မှာကား၊ရုပ်ဖြစ်သောကြောင့်၊မချုပ်ကြသေး၊စိတ္တက္ခဏ(၁၇)ချက်ပြည့်မှချုပ်ကြ လတံ့၊အတီတဘဝင် ချုပ်သည့်နောက်၊ အာရုံနှင့် ဒွါရထိခိုက်မှုကြောင့်၊ ဘဝင်တကြိမ်

လှုပ်၍သာလေ၏၊ ထိုဘွင်ကို၊ ဘဝင်စလနဟု ခေါ်ဆို၏၊ ၎င်းနောက် ဘွင်တကြိမ်လှုပ်၍ လာပြန်၏၊ ထိုဘွင်ကိုလဲ၊ ဘဝင်စလနဆိုရပြန်၏၊ သို့ရာတွင်၊ ထိုဘွင်မှုကား၊ ဘဝင်စလနပင် မှန်သော်လဲ၊ မိမိချုပ်ပြီးသည်ရှိသော်၊ အစဉ်မပြတ်ထပ်ခါထပ်ခါ ဖြစ်ပေါ်လာသော၊ ဘွင်အမျိုးအနွယ်ပြတ်၍၊ ပဉ္စဒွါရာဝဇ္ဇန်း အစရှိသော၊ ဝိထိစိတ်သို့ ကူးတော့မည်ဖြစ်သောကြောင့် (ဘဝင်္ဂုပစ္ဆေဒ) ဟု၊ နောက်တဘန် အမည်တွင်ပြန်၏၊ ထို့ကြောင့် (တေ တောပရံဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ ဘင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ) ဟု၊ ဘွင်(၂)ကြိမ် လှုပ်ကြောင်း၊ ဒုတိယဘဝင်စလနကို၊ ဘဝင်္ဂုပစ္ဆေဒခေါ်ထိုက်ကြောင်းပြဆို၏၊

ဤကဲ့သို့ ဘွင်သုံးကြိမ် ချုပ်ပြတ်ပြီးသည်နောက်၊ ထိုစက္ခုဒွါရ၌ပေါ် ထင်လာသော၊ ရူပါရုံကို ဆင်ချင်ခြင်း၊ နှလုံးသွင်းခြင်းကို ပြုတတ်သော၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်၊ ဖြစ်ပြီး ချုပ်ပြတ်၍သွားလေ၏၊

ထိုနောက် ရူပါရုံကိုမြင်တတ်သောစက္ခုဝိညာဏ်၊ ရူပါရုံကိုခံလင့်သကဲ့သို့ဖြစ်သော၊ သမ္ပဋိစ္ဆိုန်း၊ စုံစမ်းတတ်သော သန္တီရဏ၊ ပိုင်းခြား မှတ်သား တတ်သော ဝုဋ္ဌောစိတ် တို့သည်၊ အစဉ်အတိုင်းဖြစ်ပေါ်၍လာလေ၏၊ ထိုနောက်၊ ကာမဇောတရယုတ်(၃၀)တို့ တွင်၊ တပါးပါးသည်၊ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ၊ နိုရာနု သယသန္တာန၊ ဟု ဆိုအပ်သော၊ အကြောင်းသုံးပါးတို့တွင်၊ တပါးပါးသောအကြောင်း ကြောင့်၊ ဇောကိစ္စတပ်၍၊ (၇-ကြိမ်စော၏၊) ထိုနောက်တဒါရုံ(၁၁)ပါးတို့တွင်၊ တပါး ပါးသည်(၂)ကြိမ်ကျ၏၊ ဒုတိယတဒါရုံဖို့ ဘင်ခဏသို့ရောက်လတ်သော်၊ စက္ခုပသာဒ နှင့်၊ ရူပါရုံတို့သည်၊ ဧကောယ်(၅၁)ချက်၊ စိတ္တက္ခဏ(၁၇)ချက်၊ ပြည့်သောကြောင့်၊ ချုပ်ဆုံးကွယ်ပျောက်၍သွားကြကုန်၏၊ ၎င်းနောက်ဘွင်စိတ်ပင်တဘန်ပြန်၍ကျပြန်၏၊

တဒါ ၂-ကြိမ်-ဆိုသော နည်းဥပဒေသအတိုင်း၊ တဒါရုံမည်သည်(၂)ကြိမ်သာ ဖြစ်လေ့ရှိ၏၊ (၁)ကြိမ်ဖြစ်သည်ဟူ၍မရှိ၊ (၂)ကြိမ်မဖြစ်လောက်လျှင်၊ အလျှင်းပင်မဖြစ်၊ သကိံ ဒွေ ဝါ တဒါလမ္ဗံဟု၊ ပရမတ္ထဝိနိစ္ဆယကျမ်း၌၊ တဒါရုံသည်၊ တကြိမ်၎င်း၊ နှစ်ကြိမ် ၎င်း ကျ၏ဟု ဆိုခြင်းသည်၊ ၎င်းအနုရုဒ္ဓါဆရာ၏ အလိုတော်ဘျမဟုတ်၊ မဏ္ဍိမနိကာယ် ဆေ:င်ပုဂ္ဂိုလ်တို့၏အလိုထဲ၍ ပြခြင်းမျှသာဖြစ်သည်၊ မိမိ၏အလိုတော်ကျကိုကား၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ပင်၊ (ဒွေတဒါရမ္မဏပါကာနိ) ဟု ဆိုတော်မူ၏၊ (တဒါရုံ၏သ ဘောကိုသေချာစွာမှတ်၊)

## ခုနစ်ကြိမ်ဇော။

ကာမဇောတို့၏သဘောသည်၊ပကတိအခါ(၇)ကြိမ်သာစော၏ (၇)ကြိမ်မထောက်လျှင်၊အလျှင်းမဖြစ်၊ သစ်ပင်မှကျသောအခါ၊ ရေနစ်သောအခါ၊မြွေးဆိပ်ထိသောအခါ၊ မေ့မောသောအခါ၊ ဤမုဉ္စာကာလမျိုးမှာ၊(၆)ကြိမ်မျှသာကျ၏၊ သေခါနီးသောအခါ၊ မဂ္ဂဇာသန္တဇောတို့သည်(၅)ကြိမ်မျှသာကျ၏၊ မြတ်စွာဘုရားအစရှိသော ဗုဒ္ဓုလ်မြတ်တို့သည်၊ ရေအစုံ၊ မီးအစုံ စသောတံခိုးပြာဋိဟာတို့ကို ပြသောအခါစသည်တို့၌၊ လျှင်မြန်စွာဖြစ်ခြင်းကြောင့်၊ပစ္စဝေက္ခဏာဇောတို့သည်၊လေးကြိမ်ငါးကြိမ်မျှသာ စော၏၊

အပ္ပနာဝီထိ၏ရှေ့အဘို့၌၊ကာမဇောတို့သည်၊(၄)ကြိမ်၊(၃)ကြိမ်သာစော၏၊ ဤပဥ္စဒွါရဝီထိအရာ၌၊ပကတိအခါဖြစ်၍၊ (၇)ကြိမ်သာစောရ၏၊ (၇)ကြိမ်မလောက်လျှင်၊ အလျှင်းမဖြစ်ဟူ၍မှတ်လေ၊

## ဤအရာ၌ မှတ်သားရန် ကဗျာကား။

(၁၈၂) ပကတိမှာ၊ခွန်နှစ်ခါတည်း၊မုစ္ဆာမှာဆ၊ပဥ္စမရဏာ၊အဘိဂဝါအရေပဲတံခိုး ဖန်လျှင်၊လေးတန်ငါးဝ၊ပစ္စဝေက္ခဏာ၊အပ္ပနာရှေ့၊စောလေ့သုံးလေး၊ဇော ဖြစ်ရေး၊ကြံတွေးမခက်ရာ၊

"ဝုဋ္ဌောစိတ်မှာ၊ဇောပါလျှင်တစ်၊ ဇောမဖြစ်နှစ်သုံး"

ဝုဋ္ဌောစိတ်၏သဘောမှာ၊သူ့နောက်မှာဇောဖြစ်လျှင်၊ တကြိမ်သာဖြစ်၏၊ သူ့နောက်မှာဇောမဖြစ်လျှင်(၂)ကြိမ်၊(၃)ကြိမ်ဖြစ်၏၊(၂)ကြိမ်မှမဖြစ်လောက်လျှင်၊ အလျှင်းမဖြစ်၊(၃)ကြိမ်ထက်လည်းပိုမဖြစ်၊

ရှေ့လေးလုံးမှာ၊ဝုဋ္ဌမပါ၊ဘယ်ခါသူတို့မဖြစ်တည်း၊

ရှေ့လေးလုံးဆိုသည်မှာ၊ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊ ဤစိတ်(၄)ခုတို့ကိုဆိုသည်၊ထိုစိတ်(၄)ခုတို့သည်၊ဝုဋ္ဌောစိတ် ဖြစ်မှဖြစ်သည်၊ ဝုဋ္ဌောစိတ်မဖြစ်လျှင်၊ဘယ်ခါမျှသူတို့မဖြစ်ကြကုန်၊

ယခုအခါ၌၊ ပဥ္စဒွါရဝီထိဖြစ်ပုံ၊ဝီထိချုပ် စသော၊နည်းဥပဒေသတို့ကိုပြပြီး၍၊ ၎င်းစကားရကို ဥသုံချ၍ ဝီထိ(ပဥ္စဒွါရဝီထိ ဘလောက်ပုံကို)ထုတ်ပြပေတော့အံ့၊

# ပဉ္စဒွါရဝီထိပုံ။




အလွန်အသိညာဏ်ကို-သန့်ရှင်းစေတတ်သောဇယား

ဖြစ်၍-သေချာစွာ ရှုပါကုန်။

အတီတဘွင်၏၊ ရှေ့တေရသမဘွင်၏ ဘင်,ကစ၍၊ ဥပါဒ်လာသော စက္ခုပသာဒ (၃၇)ခုတို့ကို၊မန္ဒာယုကပသာဒခေါ်သည်၊

အဘယ့်ကြောင့် မန္ဒာယုကပသာဒခေါ်သနည်း ဟူမူကား၊ ၊ရူပါရုံကား၊ဒုတိယ တဒါရုံ၏၊ဘင်နှင့်ပြိုင်၍ချုပ်လတံ့၊ထို(၃၇)ပါးသော၊ပသာဒတို့သည်ကား၊ ထိုရူပရုံ မချုပ်ခင်၊ခဏငယ်(၅၁)တချက်ပြည့်၍၊ချုပ်ခဲ့သောကြောင့်၊ရူပါရုံအောက်၊ တိုသော အသက်ရှိသောကြောင့်၊(မန္ဒာယုက)ပသာဒခေါ်သည်၊

အတတီဘွင်၏ ဋ္ဌီကာလမှစ၍၊ပဥ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင်၊(၁၁)ချက်သော ခဏငယ်တို့နှင့်ပြိုင်၍ဥပါဒ်ကြသော၊ စက္ခုပသာဒ(၁၁)ခုတို့သည်ကား၊ ရူပါရုံချုပ်ပြီး သည့်နောက်မှ၊ ခဏငယ်(၅၁)ချက်ပြည့်၍၊ ချုပ်ကြရသည်ဖြစ်၍၊ ရူပါရုံထက်ပိုလွန် သော၊အသက်ကြွင်းရှိသောကြောင့်၊(အမန္ဒာယုက)ပသာဒခေါ်သည်၊

(လိုရင်းအချုပ်ကား၊) ရူပါရုံနှင့် မပြိုင်မူ၍၊ ရူပါရုံ၏ရှေ့အဘို့က၊ ဥပါဒ်ခဲ့သော ပသာ ဒတို့ကို၊ (မန္ဒာယုက) ခေါ်သည်၊ ရူပါရုံ၏ နောက်အဘို့မှ၊ ဥပါဒ်သော ပသာဒတို့ကို၊ အမန္ဒာယုကခေါ်သည်၊

အတီဘဘွင်၏ ဥပါဒ်၌ဖြစ်သော၊ စက္ခုပသာဒသည်ကား၊ ၊ရူပါရုံလည်း၊ထိုအ တီဘဘွင်၏ဥပါဒ်၌ပင်၊တပြိုင်နက်ဖြစ်သောကြောင့်၊ဥပါဒ်ခြင်းလည်းတူကြ၏၊ ဒုတိယ တဒါရုံ၏ဘင်၌၊အချုပ်ခြင်းလည်းတူကြ၏၊ထို့ကြောင့်၊ထိုအတီတဘွင်၏ ဥပါဒ်နှင့်ပြိုင် ဖြစ်သော၊ စက္ခုပသာဒ တခုကို၊ (မဇ္ဈိမာယုက) ပသာဒခေါ်သည်၊ သောတပသာဒစ သည်တို့မှာလဲ၊နည်းတူသိလေ၊

## ဆောင်ပုဒ်ကျာကား။

(၁၈၃) သုံးဆဲ့ခွန်မှာ၊ မန္ဒာယုက၊ မဇ္ဈိမတစ်၊ ဆဲ့တစ်အမှန်၊ ၅၁သုံးတန်တွင်၊ ဝိညာဏ်မဇ္ဈိ-မှိသတည်း၊

၅၁(၄၉)ပါးသောပသာဒတို့တွင်၊ဒွေးပဥ္စဝိညာဏ်(၁၀)တို့သည်၊အသီးအသီး၊မဇ္ဈိ မာယုကဖြစ်သော၊ပသာဒတခုကိုမှီသည်၊ (ဝဏ္ဏသင်္ဂဟ)၌ ဆိုခဲ့သော စကားအတိုင်း သိလေ၊

အတီတဘွင်(၂)ချက်လွန်သောဝိထိ၊(၃)ချက်လွန်သောဝိထိစသည်တို့မှာ၊ မန္ဒာယု

ကပသာဒကို(၃)ခု (၃)ခုလျှော့၍၊အမန္တာယုက-ပသာဒကို(၃)ခု (၃)ခုတိုး၍၊ပရိတ္တာရုံ(၆)ဝိထိဆုံးအောင်ထိလေ၊အတီတဘွင်(၂)ချက်လွန်သောဝိထိမှာ၊ မန္တာယုကပသာဒ(၃၄)အမန္တာယုက(၁၄)မဇ္ဈိမာယုက(၁)ခုစသည်ဖြင့်ထိလေ၊

အတီတဘွင်(၂)ချက်လွန်လေ၊မဟန္တာရုံပဉ္စမဝိထိ၌၊ တဒါရုံသည်၊ တကြိမ်ဖြစ်ခွင့်ရှိသော်လဲ(တဒါ၂ကြိမ်)ဟုဆိုခဲ့သောအတိုင်း(၂)ကြိမ်မဖြစ်လောက်၍၊ တကြိမ်မျှမဖြစ်၊ထို့ကြောင့်၊သတ္တမဇောနောင်၊ပဉ္စမဘွင်၏ဘင်မှာ၊ရူပါရုံနှင့် စက္ခုပသာဒတို့ ချုပ်ဆုံးလေ၏၊

မဟန္တာရုံ-ဒုတိယဝိထိမှာ၊အတီတဘွင်(၃)ချက်လွန်၍၊ သတ္တမဇော၌(၁၇)ချက်ပြည့်သောကြောင့်၊သတ္တမဇော၏ဘင်မှာပင်၊ ရူပါရုံနှင့်စက္ခုပသာဒတို့ ချုပ်ဆုံးလေ၏၊

ပရိတ္တာရုံ ပဉ္စမဝိထိမှာ၊ဆဋ္ဌမဇော၏ဘင်မှာ၊ရူပါရုံနှင့်စက္ခုပသာဒ ချုပ်ထိုက်၏၊ သို့သော်လဲ၊(ခွန်နှစ်ကြိမ်ဇော)ဟု၊နောက်ကဆိုခဲ့သော နည်းဥပဒေအတိုင်း (၇)ကြိမ်မဖြစ်လောက်၍၊တကြိမ်မျှမဖြစ်၊

ဝုဋ္ဌောစိတ်မှာ၊ဇောပါလျှင်တစ်၊ ဇောမဖြစ် နှစ် သုံး။

ဆိုသောအတိုင်း၊မိမိနောက်၌၊ဇောတကြိမ်မျှမဖြစ်ခြင်းကြောင့်၊ ဝုဋ္ဌောစိတ်ကို(၃)ကြိမ်ချ၍၊တတိယဝုဋ္ဌောနောင်၊စတုတ္ထဘွင်၏ဘင်မှာ၊ ရူပါရုံစက္ခုပသာဒတို့ ချုပ်ဆုံးရလေ၏၊ဘွင်စိတ်ကို၊တခုတခုလျှော့၍ချလေ၊အဆုံး ဆဋ္ဌမဝိထိ၌ကား၊ ဒုတိယဝုဋ္ဌော၏ဘင်မှာချုပ်ထေ၏၊ဝုဋ္ဌောသုံးကြိမ်က(၅)ဝိထိ၊၂-ကြိမ်က(၁)ဝိထိ၊ ပေါင်းဝုဋ္ဌောဝါရ(၆)ဝိထိဖြစ်သည်၊

အတိပရိတ္တာရုံပဉ္စမဝိထိမှာ၊ဝုဋ္ဌောတကြိမ်ဖြစ်ခွင့်ရှိသေးသော်လဲ၊မိမိနောက်၌၊ဇောမဖြစ်ခြင်းကြောင့်၊ဝုဋ္ဌောစိတ်လဲတကြိမ်တည်းမဖြစ်တော့ပြီ၊

ရှေ့လေးသုံးမှာဝုဋ္ဌမပါ၊ဘယ်ခါသူတို့ဖြစ်တည်း။

ဟု-ဆိုခဲ့သောအတိုင်း၊ ဝုဋ္ဌောမဖြစ်ခြင်းကြောင့်၊ ပဉ္စဒွါရာဝဇ္ဇန်းစသောစိတ်(၄)ခုတို့လဲ၊မဖြစ်ကြတော့ပြီ၊ ထို့ကြောင့်၊ဒုတိယဘဝင်စလနနောင်၊ဘွင်ဘဲဆက်၍ကျသွားလေတော့၏၊ ပဉ္စမဝိထိမှာ၊ ဒုတိယဘဝင်စလနနောင်၊ ပဉ္စမဘွင်၏ဘင်မှာ၊ရူပါရုံနှင့်စက္ခုပသာဒတို့ချုပ်ဆုံးကြလေ၏၊နောက်ဝိထိတို့မှာ ဘွင်တခုတခုလျှော့၍ချုပ်လေ၏၊ အဆုံး ဆဋ္ဌမဝိထိ၌ကား၊ ဒုတိယဘဝင်စလန၏ဘင်မှာချုပ်ကြ၏၊

၍ပရိတ္တာရုံဝိထိကို၊ ဝိထိစိတ်ဖြစ်၍ခေါ်သည်မဟုတ်၊ဘွင်လှပ်ခြင်းမျှကိုအစွဲပြု၍၊ ဝိထိဟုခေါ်သည်၊

ဒွါရသင်္ဂဟကဆိုခဲ့သောအတိုင်း၊စက္ခုဒွါရမှာဖြစ်သောစိတ်(၄၆)ပါးဆိုသည်ကား၊ အတိမဟန္တာရုံ ဝိထိ၌သာ၊(၄၆)ပါးဖြစ်သည်၊ ၊မဟန္တာရုံဝိထိ၌၊ တဒါရုံမဖြစ်ခြင်းကြောင့်၊တဒါရုံမဟာဝိပါက်(၈)ပါးကြဉ်၍၊(၃၈)ပါးသာဖြစ်သည်၊ ၊ပရိတ္တာရုံဝိထိမှာဇောမဖြစ်ခြင်းကြောင့်၊ကာမဇော(၂၉)ပါးကိုကြဉ်၍၊ပဉ္စဒွါရာဝဇ္ဇန်း(၁)စက္ခုဝိညာဏ်နွေး၊ သမ္ပဋိစ္ဆိုန်းနွေး၊ သန္တီရဏ(၃)ဝုဋ္ဌော(၁) ၍(၉)ပါးသာဖြစ်သည်၊ ၊ အတိပရိတ္တာရုံဝိထိ၌ကား၊ဝိထိစိတ်တပါးမျှမဖြစ်၊

ပဉ္စဒွါရ၌ဖြစ်သော၊ဝိထိစိတ်တို့ကို၊သာမညခွတွက်သော်(၇)ပါး၊ စိတ္တက္ခဏာဖြင့်ရေတွက်သော်၊(၁၄)ပါး၊အကျယ်ရေတွက်သော်၊(၅၄)ပါးဖြစ်၏၊

သာမညအားဖြင့်(၇)ပါးဆိုသည်မှာ။

(……ပ……စ……သံ……ဏ……ဝု……ဇ……ရုံ……)

စိတ္တက္ခဏအားဖြင့်(၁၄)ပါးဆိုသည်မှာ။

( ပ—စ—သံ—ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ )

အကျယ်အားဖြင့်(၅၄)ပါးဆိုသည်မှာ။

ပ (၁) စ (၂) သံ (၂) ဏ (၃) ဝု (၁) ဇ (၂၉) ရုံ (၈) ပေါင်း (၄၆) ပါး၊

၍(၄၆)ပါးထဲသို့ ကျန်သော(၄)ဝိထိအတွက်၊သောတဝိညာဏ်(၂)ဃာနဝိညာဏ်(၂)ဇိဝှါဝိညာဏ်(၂)ကာယဝိညာဏ်(၂) ၍(၈)ပါးထည့်သော်၊ ၅-ဒွါရမှာ၊ ကာမစိတ် ၅၄-ပါးပင်ဖြစ်လေ

## (၅၂) ဝိထိစိတ္တာနိသတ္တေဝ၊စိတ္တုပ္ပါဒါစတုဒ္ဒသ။ စတုပညာသဝိတ္ထာရာ၊ပဉ္စဒွါရေယထာရဟံ။ ။

ပဉ္စဒွါရေ၊ပဉ္စဒွါရ၌၊ ယထာရဟံ၊ထိုက်သည့်အားလျော်စွာ၊ ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်သော၊ဝိထိစိတ္တာနိ၊ဝိထိစိတ်တို့သည်၊ အဝိသေသတော၊သာမညအားဖြင့်၊ သတ္တေဝ၊ ပ၊စ၊သံ၊ဏ၊ဝု၊ဇ၊တဒါရုံဟု၊ ၇-ခုသောစိတ်တို့သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ စိတ္တုပ္ပါဒါ၊

ဝိဉာဏုပ္ပါဒဝသေန၊ဝိဉာဏကိစ္စတို့၏ အသီးသီးဖြစ်သောအစွမ်းဖြင့်၊ စတုဒ္ဒသ၊ရှေ့ငါးထိ မှာ၊ တကြိမ်သာတည်း၊ ဇောမှာ(၇)ဖြစ်၊ နှစ်တဒါရုံ၊ ပေါင်းတုံသော်ကား၊(၁၄)ပါး တို့သည်၊ဆိုယုံ၊ဖြစ်ကုန်၏၊ဝိဉာဏရာ၊ဝိဉာဏရေနှ၊အကျယ်အားဖြင့်၊စတုပညာသ၊ကာမ စိတ်(၅၄)ပါးတို့သည်၊ဆိုယုံ၊ဖြစ်ကုန်၏၊ ၊

## ပဉ္စဒွါရဝီထိဖြစ်ရန်အကြောင်း { ၄ } ပါး။

(၁၀၄) ဒွါရ,အာရုံ,တွေ့ကြုံမနသိ,၊တလီလောက၊အာကာသ,နှင့်၊ဝါတ,အာပေါ၊ ထဒ္ဓါငါးမှာ၊ကိုယ်စီသာ၊အင်္ဂါအကြောင်းလေး၊

စက္ခုဒွါရဝီထိဖြစ်ရန်အကြောင်း(၄)ပါးကား၊ ၊(၁)စက္ခုဒွါရခေါ်သော၊ပသာဒ အကြည်ဓါတ်၊ (၂)ရူပါရုံ၊ (၃)မနသိကာရ နှလုံးသွင်းခြင်းဆိုသော-အာဝဇ္ဇန်းစိတ်၊ (၄)နေရောင်ထရောင်စသော-အာလောက၊ ဤ(၄)ပါးပြည့်စုံမှ၊စက္ခုဒွါရဝီထိစိတ်ကျ နိုင်၏၊ ဤအရာ၌၊မနသိကာရဆိုသည်မှာ၊ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကိုဆိုသည်၊

(၁)သောတဒွါရ၊(၂)သဒ္ဒါရုံ၊(၃)နှလုံးသွင်းခြင်း၊ (၄)အပေါက်အကြားဟုဆိုအပ် သော-အာကာသ၊ဤ(၄)ပါးသောအကြောင်းပြည့်စုံမှ၊သောတဒွါရဝီထိကျနိုင်၏၊

(၁)ဃာနဒွါရ၊(၂)ဂန္ဓာရုံ၊(၃)နှလုံးသွင်း၊(၄)အနံ့ကိုဆောင်တတ်သောဝါတလေ၊ ဤ(၄)ပါးသောအကြောင်းပြည့်စုံမှ၊ဃာနဒွါရဝီထိကျနိုင်သည်၊

(၁)ဇိဝှါဒွါရ၊ (၂)ရသာရုံ၊ (၃)နှလုံးသွင်း၊ (၄)ပိုစွတ်စေးဘွဲ့သော၊အာပေါဓါတ်၊ ဤအကြောင်း(၄)ပါးပြည့်စုံမှ၊ဇိဝှါဒွါရဝီထိကျနိုင်၏၊

(၁)ကာယဒွါရ၊(၂)ဖောဋ္ဌဗ္ဗါရုံ၊(၃)နှလုံးသွင်း၊(၄)ကြမ်းထမ်းသောထဒ္ဓသဘော၊ ဤအကြောင်း(၄)ပါးပြည့်စုံမှ၊ကာယဒွါရဝီထိကျနိုင်သည်၊

## ( မှတ်ချက် )

ဒွါရ,အာရုံ,တို့ကို၊အသီးအသီးကိုယ့်ဒွါရနှင့်၊ကိုယ့်အာရုံယူလေ၊ မနသိကာရကို၊ ငါးဒွါရလုံးမှာယူလေ၊ ၊အာလောက၊အာကာသ၊ဝါတအာပေါ၊ထဒ္ဓ-တို့ကို အစဉ် အတိုင်းတခုစီယူလေ၊

## မနောဒွါရဝီထိ။

(၁၇၅) ကာမ-အပ္ပနာ၊မနောဒွါ၊၂-ဖြာပြားသတည်း၊

(၁၇၆) သတ္တရသာယုကာ၊ရ-မရဟူ၊ကာမမူ၊ဝိဘူဝိဘူပြားသတည်း၊

(၁၇၇) ရုပ်ဓါဝိရှ၊ကြွင်းရှုပနာမ်၊နိဗ္ဗာန်ပညတ်၊မရအပ်၊သိအပ်အာရုံတည်း၊

(၁၇၈) ဝိဘူငါးဝိ၊အဝိ၂-ရပ်၊ရအပ်သည့်မှာ၊မရမှာ၊မှတ်ပါတင်စီတည်း၊

(၁၇၉) တိ-န-ဒ-မာ၊ဇော-တဒါ၊စတုတ္ထာဘွင်ခွဲချုပ်၊

(၁၈၀) တိ ကိုတိုးခါ၊ဘွင်ဈော့ခါ၊သတ္တာဝိထိထုတ်၊

(၁၈၁) မရအပ်မှာ၊တိမပါ၊၂-ဖြာရှေးနည်းထုတ်၊

ဤခုနစ်ပုဒ်တို့ဖြင့်၊ကာမဇောဝါရ၊မနောဒွါရကျပုံ၊ဝီထိချပုံနည်းစနစ်ကိုပြ၏။

### ၁၇၅-၏၊အဓိပ္ပါယ်။

ဒွါရသင်္ဂဟက ပြခဲ့သောအတိုင်း၊ မနောဒွါရီကစိတ်(၆၇)ပါးတို့တွင်၊ ကာမဇော၊ အပ္ပနာဇောဟူ၍၊ ၂-မျိုးရှိရာ၊ထို ၂-မျိုးကိုအစွဲပြု၍၊ကာမဇောကျသောဝါရကို၊ကာမဇောဝါရ,မနောဒွါရ၊အပ္ပနာဇောကျသောဝါရကို၊အပ္ပနာဇောဝါရဟူ၍၊ ၂မျိုးရှိလေ၏၊

### ၁၇၆-၏၊အဓိပ္ပါယ်။

ထို၂-မျိုးတို့တွင်၊ သတ္တရသာယုက,ရကောင်းသော ကာမဇောဝါရ မနောဒွါရ၊ သတ္တရသာယုက မရကောင်းသောကာမဇောဝါရ မနောဒွါရဟူ၍၊ ၂ မျိုးရှိပြန်၏၊ ထို ၂-ခုတို့တွင်၊ တခုတခုမှာ၊ဝိဘူတာရုံဝီထိ၊အဝိဘူတာရုံဝီထိဟူ၍၊ ၂မျိုးစီရှိပြန်၏၊

### ၁၈၇-၏၊ အဓိပ္ပါယ်။

သတ္တရသာယုက၊ ရကောင်းသောဝိထိကား၊ ပစ္စုပ္ပန်ရုပ်ဗါဝိသကို၊ အာရုံပြု၍ကျသည်၊ သတ္တရသာယုက၊ မရကောင်းသော ဝိထိကား၊ ပစ္စုပ္ပန်အတိတ်၊ အနာဂတ်ဖြစ်သော၊ ကြွင်းရုပ်(၆)ပါး၊ စိတ်စေတသိက်ဖြစ်သောနာမ်၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်ပညတ်တို့ကို အာရုံပြု၍ကျသည်၊ ဤသို့ အာရုံကိုလည်းသိအပ်၏၊ ရုပ်ဗါဝိသဆိုတာလည်း(လက္ခဏာလေးပါးညတ်နွေး၊ ကြည့်ရေးတျန်ရုပ်တွေ)ဟုဆိုခဲ့သောအတိုင်းသိလေ၊

### ၁၈၈-၏၊ အဓိပ္ပါယ်။

ဤဖြင့်ပိဘုတာရုံငါးဝိထိ၊ အဝိဘုတာရုံ(၂)ဝိထိဟူ၍၊ သတ္တရသာယုက၊ ရကောင်းသည်၌၊ (၇)ဝိထိဖြစ်သင့်ကြောင်း၊ သတ္တရသာယုက၊ မရကောင်းသည်၌၊ ဝိဘူတာရုံ(၁)ဝိထိ၊ အဝိဘူတာရုံ(၁)ဝိထိဟူ၍ ၂,ဝိထိဖြစ်ကြောင်းကိုပြဆို၏၊

### ၁၈၉-၏၊ အဓိပ္ပါယ်။

ဤကဗျာဖြင့်၊ ဝိဘူတာရုံပထမဝိထိပုံကိုပြ၏၊ အတီတဘွင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်ကျ၍၊ ဒုတိယတဒါရုံနောင်၊ စတုတ္ထဘွင်၏ဘင်မှာ၊ သတ္တရသာယုက ပြည့်၍၊ ပစ္စုပ္ပန်ရုပ်၊ ဗါဝိသ ချုပ်ကြောင်းကိုပြဆိုလေ၏၊

### ၁၉၀-၏၊ အဓိပ္ပါယ်။

ဤကဗျာဖြင့်၊ ကျန်သောပိဘူတာရုံ(၄)ဝိထိနှင့်၊ အဝိဘူတာရုံ(၂)ဝိထိတို့ကို၊ အတီတဘွင်ကို၊ တခုတခုတိုး၍၊ နောက်ဘွင်တို့ကိုလျော့၍၊ ပဥ္စဒွါရကနည်းအတိုင်း၊ တဒါရုံတို့ကိုဖြုတ်၍၊ ကျန်ဝိထိ(၆)ခုတို့ကိုထုတ်လေဟု၊ နည်းဥပဒေသကိုပြဆို၏၊

### ၁၉၁-၏၊ အဓိပ္ပါယ်။

ဤကဗျာဖြင့်၊ သတ္တရသာယုက မရကောင်းရာ၌၊ အတီတဘွင်မပါဘဲ၊ တဒါရုံဆုံးသော၊ ပိဘူတာရုံ(၁)ဝိထိ၊ ဇောဆုံးသောအဝိဘူတာရုံ(၁)ဝိထိ၊ ဤ(၂)ဝိထိတို့ကို၊ ရှေ့နည်းအတိုင်းချပြလေဟုဆိုလိုသည်၊

သတ္တရသာယုကာရကောင်းသောပစ္စုပ္ပန်ရုပ်မှာဝိသကိုအာရုံပြု၍ကျသောကာမဇောဝါရမနောဒွါရဝိထိပုံများ

| | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝိဘူတာရုံ ၅=ဝိထိ | | | | | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘင် | ဘင် | ဘင် | ဘင် | တဒါလမ္ဗဏဝါရ |
| | | | | တိ | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘင် | ဘင် | ဘင် | | |
| | | | တိ | | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘင် | ဘင် | | | |
| | | တိ | | | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘင် | | | | |
| | တိ | | | | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | | | | | |
| အဝိဘူတာ | တိ | | | | | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘင် | | | | | ဇဝနဝါရ |
| ရုံ၂ဝိထိ | တိ | တိ | တိ | တိ | တိ | တိ | တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | | | | | |

ရုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဤအာရုံ၆ပါး လုံး ပင်ဖြစ်နိုင်သောကြောင့်၊ အာရုံတခုတခုမှာ၊ ဤ(၇)ဝိထိစီဖြစ်ရကား၊ (၄၂)ဝိထိဖြစ်နိုင်၏၊ အာရုံသာကွဲသည်ဝိထိပုံမှာ ဤအတိုင်းပြလေ၏

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝိဘူတာရုံ၁ဝိထိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘင် | တဒါလမ္ဗဏဝါရ |
| အဝိဘူတာရုံ၁ဝိထိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘင် | ဘင် | ဘင် | ဇဝနဝါရ |

ဤ၂ဝိထိကားသတ္တရသာယုကမရသောအတိတ်အနာဂါတ်ပစ္စုပ္ပန်ဖြစ်သောနာမ်ရုပ်နိဗ္ဗာန်ပညတ်တို့အာရုံပြု၍ကျသည် အာရုံ၆ပါးကိုတည်၍ဝိထိ၂ခုနှင့်မြှောက် ၁၂ဝိထိဖြစ်၏ ကာလ၃ပါးနှင့်မြှောက် ၃၆ဝိထိဖြစ်၏အစိတ်အစိတ်ခွဲလျှင်များလှ၏

ကာမဇောဝါရမနောဒွါရ၌၊ ဝိထိစိတ်တို့သည်၊ သာမညအားဖြင့်သုံးပါးတည်း၊ ထိုသုံးပါးကား၊ (မ-ဇ-ရုံ) ဤသုံးပါးတည်း၊ စိတ္တုပ္ပါဒ်အားဖြင့်၊(၁၀)ပါးတည်း၊ ထို(၁၀)ပါးကား၊ (မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ)တည်း၊ အကျယ်အားဖြင့်(၄၁)တပါးတည်း၊ ထို(၄၁)ပါးကား၊ မနောဒွါရာဝဇ္ဇန်း(၁) ကာမဇော(၂၉)တဒါရုံ(၁၁)ပေါင်း(၄၁)ဘည်း၊ အဝိဘူတာရုံဝိထိမှာ၊ တဒါရုံမရှိသဖြင့်(၃၀)သာဖြစ်သည်၊

{အထက်ပါဇယားပုံ၌၊ သေချာစွာရှုလေ၊}

## {၁၃} ဝီထိစိတ္တာနိတီဏေဝ၊ စိတ္တုပ္ပါဒါဒသေရိတာ။ ဝိတ္ထာရေန,ပနေတ္ထေကစတ္တာလီသဝိဘာဝယေ။ ။

ဧတ္ထ၊ကာမဓာတုဝါရ မနောဒွါရေ၌၊ ဥပ္ပန္နမာနာနိ၊ ဖြစ်ကုန်သော၊ ဝီထိစိတ္တာနိ၊ ဝီထိ စိတ်တို့ကို၊အဝိသေသတော၊သာမညအားဖြင့်၊တီဏေဝ၊မနော-ဇဝန၊တဒါလမ္ဗဏ၊ သုံးဝသော စိတ်တို့ဟူ၍သာလျှင်၊ ဤရိတာ၊ ဤရိတာနိ၊ မိန့်အပ်ကုန်၏၊ စိတ္တုပ္ပါဒါ၊ စိတ္တုပ္ပါဒဝသေန၊စိတ္တက္ခဏတို့၏အသီးအသီးဖြစ်သောအစွမ်းဖြင့်၊ဒသ၊မနောထပါး၊ ဇောကား(၇)ဖြစ်၊နှစ်တဒါရုံ၊ပေါင်းတုံသော်ကား ဆယ်ပါးတို့ဟူ၍၊ဤရိတာ၊ဤရိ တာနိ၊မိန့်အပ်ကုန်၏၊ပန၊အထူးကိုဆိုအံ့၊ ဝိတ္ထာရေန၊အကျယ်အားဖြင့်၊ ဧကစတ္တာလီ သ၊ မနောဒွါရ၊ဇောမှာ(၂၉)၊ (၁၁)မျိုးတဒါရုံ၊ပေါင်းတုံသော်ကား၊(၄၁)ပါးအပြား ရှိတုံ၏ဟူ၍၊ဝိဘာဝယေ၊ထင်ရှားသေချာပြကြရာ၏။

### အပ္ပနာဇော ဝါရ မနောဒွါရ။

(၁၉၂) ဈာန်,မဂ်,ဖလ်၊အဘိညာဏ်,ရောဓ်,ပနာငါး၊

(၁၉၃) ကုကိုး, ကြိဲကိုး, ၁၈-မျိုးမှာ၊အာဒိကာနှင့် သမာပဇ္ဇ၊တိက္ခမန္ဒ၊မြောက် ပွါး၊ပြန်၊ဈာန်ပေါင်းခွဲသတ်ပွါး၊

### အာဒိကမ္မိကဝိထိ။

(၁၉၄) အပ္ပနာမှန်သမျှ၊နု-ဒ-မ၊နှစ်ခွအပြပါ၊

(၁၉၅) ပ-ဥ-လုံ-ဂေါ၊ဒန္ဓော၄ဖြာ၊ခိပ္ပမှာ၊သုံးဖြာ၊ဥ,လုံ,ဂေါ၊

(၁၉၆) အာဒိကမ်မှာ၊ဈာန်တစ်သာ၊သမာပျားစွာစော၊

(၁၉၇) ဈာန်အင်္ဂါပင်၊ဆင်ခြင်လျှင်၊များပင်ဝိထိပေါ၊

(၁၉၈) နု-ဒ-မ-ဇ၊ကာဇောကျ၊ပစ္စဝိထိပြော၊

ဤကဗျာတို့သည်၊ တိုတိုကျဉ်းကျဉ်း လိုရင်းကျကျနှင့်၊ အဓိပ္ပါယ်အကျယ်တဝင့် နားလည်နိုင်သည့်၊ ၊ပဌမပုဒ်ဖြင့်၊အပ္ပနာဝိထိအပြားကိုပြ၏၊ ၊ဒုတိယပုဒ်ဖြင့်၊ ဈာနဝိထိမြောက်ပွါးနည်းကိုပြ၏၊ ၊အောက်သုံးပုဒ်တို့ဖြင့်၊ အပ္ပနာဝိထိမှန်သမျှ၊ဝိ ထိချုပ်ပုံနည်းစနစ်နှင့်တကွ၊အဒိကမ္မိကဝိထိ၊သမာပတ္တိဝိထိ ချုပ်ပုံများကိုပြဆို၏၊အောက် ၂-ပုဒ်တို့ဖြင့်၊ပစ္စဝေက္ခဏာဝိထိအပြားနှင့်၊ပစ္စဝေက္ခဏာဝိထိပုံချုပြ၏၊

## ၎င်းတို့၏အဓိပ္ပါယ်ကား။

အပ္ပနာဇောဝါရမှာလည်း၊ ဈာနဝီထိ၊ မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၊ အဘိညာဏ်ဝီထိ၊ နိရောဓသမာပတ္တိဝီထိဟူ၍၊ အပ္ပနာဝီထိငါးမျိုးရှိသည်၊

## အာဒိကမ္မိကဝီထိ။

ဈာနဝီထိမှာလဲ၊ မဟဂ္ဂုတ်ဈာန်သည်၊ ရူပ(၅)ပါး၊ ကြိယာ(၅)ပါး၊ ပေါင်း(၁၀)ဖြစ်၍၊ ၎င်း(၁၀)ပါးကို၊ အာဒိကမ္မိကဝီထိ၊ သမာပတ္တိဝီထိ၊ ၂-မျိုးဖြင့်မြှောက်၊ (၃၆)ဝီထိဖြစ်၍ ၎င်း(၃၆)ဝီထိကို၊တိက္ခ,မန္ဒ,ပုဂ္ဂိုလ် ၂ယောက်နှင့်မြှောက်(၇၂)ဝီထိဖြစ်လေ၏၊

(က) အာဒိကမ္မိကဝီထိ-ကမ္မဋ္ဌာန်းစီးဖြန်း၍၊ရှေးဦးစွာဈာန်ရသောဝီထိ၊
(ခ) သမာပတ္တိဝီထိ၊ဈာန်ရပြီးနောက်၊မပျောက်မပျက်ရအောင်အဘန်ဘန်ဝင်စားမှု၊
(ဂ) ဒန္ဓာဘိညာ-မန္ဒပုဂ္ဂိုလ်ညာဏ်ပညာနုံ့နှေး၍၊အပ္ပနာအဆိုက်လေးသောသူ၊
(ဃ) ခိပ္ပါဘိညာ-တိက္ခပုဂ္ဂိုလ်,ညာဏ်ပညာထက်သန်၍၊အပ္ပနာအဆိုက်မြန်သောသူ၊
(ဤလေးချက်ကိုလည်း၊ ပြက်ပြက်ထင်ထင်၊သိမြင်အောင်လဲမှတ်ပါ၊)

အပ္ပနာဝီထိမှန်သမျှ၌၊ န-ဒ-မ-ဤ (၃)ချက်ကိုအမြဲချပြရမည်၊ ၊၎င်းနောက်၊ (ဒန္ဓာဘိညာ)ဖြစ်လျှင်၊ပ,ဥ,လုံ,ဂေါ၊ ဤ(၄)ချက်ကို၊ဆက်ခါချပြရမည်၊ (ခိပ္ပါဘိညာ) ပုဂ္ဂိုလ်ဖြစ်လျှင်၊(ဥ,လုံ,ဂေါ,)ဤ(၃)ချက်ကိုဆက်၍ချပြရမည်၊

၎င်းနောက်၊ အာဒိကမ္မိက၊ဈာန်ရစ,ဝီထိဖြစ်လျှင်၊ ဆိုင်ရာဈာန်ဇော တကြိမ်ချပြရမည်၊ဈာန်ဝင်စားသော၊သမာပတ္တိဝီထိဖြစ်လျှင်၊ဈာန်ဇောတို့ကို(၂)ကြိမ်၊(၃)ကြိမ်၊(၄)ကြိမ်စသောအားဖြင့်၊ဈာန်ဇောများစွာချပြရမည်၊

ဈာန်ကိုရပြီးနောက်၊ ထိုဈာန်မှာရှိသော ဈာန်အင်္ဂါတို့ကို ဆင်ခြင်၏၊ ထိုဆင်ခြင်သောပစ္စဝေက္ခဏာဝီထိတို့သည်ကား၊အပ္ပနာဇောမဟုတ်၊ကာမဇောဝါရသာတည်း၊

ထိုပစ္စဝေက္ခဏာဝီထိကို၊ ဈာန်ရသော ပုဂ္ဂိုလ်တို့သန္တာန်မှာဖြစ်သော၊ ဝီထိစိတ်အစဉ်ပြလို၍သာ၊ ဤအပ္ပနာဝါရခန်းမှာထည့်၍ပြသည်၊

ပစ္စဝေက္ခဏာဝီထိပုံကား၊န၊ဒ၊မ၊ကာမဇော(၇)ကြိမ်ဘွင်၊ ဤကား၊ပစ္စဝေက္ခဏာဝီထိပုံတည်း၊

## အထူးမှတ်ဘွယ်။

| ပါဠိအတို၊ | ပါဠိအရှည်၊ | အဓိပ္ပါယ်သဘော၊ |
|---|---|---|
| တိ | အတိတဘွင် | အာရုံနှင့်ဒွါရကိုမထိခိုက်မှီကွယ်လွန်ချုပ်ဆုံးသောဘွင် |
| န | ဘဝင်္ဂစလန | လှုပ်သောအခြင်းအရာဖြင့်ဖြစ်သောဘွင်၊ |
| ဒ | ဘဝင်္ဂုပစ္ဆေဒ | ဘွင်အယဉ်ကို့ဖြတ်တတ်သောဘွင်၊ |
| မ | မနောဒွါရာဝဇ္ဇန်း | ဝိတ်ပိုင်းမှာအဓိပ္ပါယ်ရေးခဲ့ပြီ၊ |
| ပ | ပရိကံ | အပ္ပနာကိုပြုပြင်တတ်သောစိတ်၊ |
| ဥ | ဥပစာ | အပ္ပနာ၏အနီးဖြစ်တတ်သောစိတ်၊တနည်းကား၊ |
| ...... | ...... | အပ္ပနာ၏အနီးသို့ကပ်၍ဖြစ်တတ်သောစိတ်၊ |
| လုံ | အနုလုံ | ရှေးအဘို့ဥ္ဇပရိကံတို့အားရင်း၊အထက်ဥ္ဇအပ္ပနာအားရင်း၊ |
| ...... | ...... | လျော်စွာဖြစ်တတ်သောစိတ်၊ |
| ဂေါ | ဂေါတြဘူ | ကာမအနွယ်ကိုရင်း၊ ပုထုဇဉ် အနွယ်ကိုရင်း၊ နှိပ်စက် |
| ...... | ...... | တတ်သည်ဖြစ်၍၊ မဟဂ္ဂုတ်အနွယ်ကိုရင်း၊ အရိယာအ |
| ...... | ...... | နွယ်ကိုရင်းပွါးစေတတ်သောစိတ်၊ |
| ဝေါ | ဝေါဒါန် | ဖြူဖွေးကြည်လင်သန့်စင်သောစိတ်၊ |

## ဈာန်ရလာပုံအကျဉ်းချုပ်။

ဈာန်ရလိုသောယောဂါဝစရပုဂ္ဂိုလ်သည်၊ရှေးဦးစွာ,စတုပါရိသုဒ္ဓိသီလကို၊ သုတ်သင်ဖြူစင်စေ၍၊ဆယ်ပါးအပြားရှိသောပလိဗောဓတို့ကိုပယ်ဖြတ်၍၊ချစ်မြတ်နိုးသည်၏အဖြစ်၊အလေးအမြတ်ပြုအပ်သည်၏အဖြစ်၊မေတ္တာကိုပွါးစေအပ်သည်၏အဖြစ်၊အစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသော၊ ကလျာဏမိတ္တ အဆွေခင်ပွန်းထံသို့ကပ်၍၊ မိမိ၏စရိုက်အားလျော်စွာ၊အာရမ္မဏသင်္ဂဟ၌ပြဆိုခဲ့သော၊ပဌမဈာန်ရစေတတ်သော ၂၅ပါးသောကမ္မဋ္ဌာန်းတို့တွင်၊တပါးပါးသောကမ္မဋ္ဌာန်းကိုယူ၍၊ (၁၀)ပါးအပြားရှိသော၊မလျော်

ပတ်သောကျောင်းကိုပယ်၍၊အင်္ဂါငါးပါးနှင့်ပြည့်စုံသော၊လျောက်ပတ်သော ကျောင်း၌နေလျက်၊ ဆံရိတ်ခြင်း၊လက်သည်းလှီးခြင်း့စသော၊ ငယ်သောပလိဗောဓတို့ကိုပယ်ဖြတ်၍၊ပထဝီကသိုဏ်းဝန်းကိုအားထုတ်သည်ဖြစ်အံ့၊ပထဝီကသိုဏ်းဝန်းကိုရှေ့တွဲ့တွဲ့မှာထား၍၊ရှေးဦးစွာ၊ အာဒီနဝဒဿနာသတိ၊ ကာယဂတာသတိတို့၌၊ စိတ်ကိုထား၍၊ ထက်ဝယ်ဘွဲ့ခွေထိုင်နေပြီးလျှင်၊ပထဝီပထဝီဟု နှုတ်ကမဆိုဘဲ၊စိတ်ထဲက အောက်မေ့၍၊ အာရုံတပါးမှတ်မသွားအောင်စောင့်ရှောက်၍ အဘန်ဘန် အထပ်ထပ် စီးဖြန်းပွါးများလတ်သည်ရှိသော်၊ပရိကမ္မနိမိတ်မှဘဘန်၊ ဥဂ္ဂဟနိမိတ်သို့ရောက်၍၊ ဥဂ္ဂဟနိမိတ်မှတဘန်၊ ပဋိဘာဂနိမိတ်သို့ရောက်၍၊ထိုပဋိဘာဂနိမိတ်ကို၊ အဘန်ဘန်အထပ်ထပ်၊သုံးသပ်ဆင်ခြင်သော်၊ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်(၃)ပါးတို့တွင်၊ တပါးပါးကိုအာရုံပြု၍၊ ဘဝင်စလန၊ဘဝင်ုပစ္ဆေဒဟု၊ဘွင်၂ကြိမ်လှုပ်၏၊ထိုနောက်၊ထိုပဋိဘာဂ နိမိတ်ဟုဆိုအပ်သော၊ကသိုဏ်းပညတ်ကိုအာရုံပြု၍၊မနောဒွါရာဝဇ္ဇန်း၊ ၎င်းနောက်၊ပရိကံ၊ဥပစာ၊အနုလုံ၊ဂေါတြဘူဟု၊ ကာမဇော(၄)ကြိမ်စော၍၊ ၎င်းနောက်၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော၊ ရူပါဝစရကုသိုလ်၊ ပဉ္စမဈာန်ဇတ်သည်၊ နီဝရဏတရား (၅) ပါးကိုဝိက္ခမ္ဘနပဟာန်ဖြင့်၊ပယ်သတ်၍၊ အပ္ပနာဇောကိစ္စနှင့်၊တကြိမ်ဖြစ်၍ချုပ်ပြီးနောက်၊ ဘွင်ကျ၍သွားလေ၏၊ (တိက္ခပုဂ္ဂိုလ်ဖြစ်လျှင်၊ကာမဇော၃ကြိမ် )

**ပဉ္စမဈာန်အာဒိကမ္မိကဝီထိပုံ။**

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဒန္ဓာဘိညာ | ဘွင် | န | ဒ | မ | ပ | ဥ | လုံ | ဂေါ | ပဈာန် | ဘွင် | ဖြစ်ထိုက်သရွေ့၊ |
| ခိပ္ပါဘိညာ | ဘွင် | န | ဒ | မ | + | ဥ | လုံ | ဂေါ | ပဈာန် | ဘွင် | ဖြစ်ထိုက်သရွေ့၊ |

ဤကဲ့သို့ပဉ္စမဈာန်ရပြီးသောပုဂ္ဂိုလ်သည်းမိမိရပြီးသောဈာန်သည်၊အင်္ဂါဘယ်မျှရှိသနည်းဟုဆင်ခြင်လတ်သော်၊ပြေဉ်'ဝိတက်,ဟူသောဈာန်အင်္ဂါရှိ၏ဟုသိသောအခါ၊ပစ္စဝေက္ခဏာတဝီထိဘျသွား၏၊၎င်းနောက်၊ဝိစာရဟူသောဈာန်အင်္ဂါရှိ၏ဟုဆင်ခြင်သောအခါ တဝီထိ၊ ပီတိကို ဆင်ခြင်သောအခါ တဝီထိ၊ သုခကို ဆင်ခြင်သောအခါ တဝီထိ၊ဧကဂ္ဂတာကိုဆင်ခြင်သောအခါတဝီထိ၊ ပြေဉ် ငါရသောပဉ္စမဈာန်သည်၊ ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟု၊ ဈာန်အင်္ဂါငါးပါးရှိ၏ဟု၊ ငါးခုပေါင်းကိုဆင်ခြင်သောအခါတဝီထိ၊ ဤသို့ပဉ္စမဈာန်မှာ၊ပစ္စဝေက္ခဏာ(၆)ဝီထိဖြစ်လာ၏၊

## ပစ္စဝေက္ခဏာဝိထိပုံ။

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ---------------- | ဘဝင် | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘဝင် | ---------------- |

ပစ္စဝေက္ခဏာဇောတို့ကား၊ဘုရားရှင်တို့အား(၄)ကြိမ်၊ရှင်သာရိပုတ္တရာ၊ရှင်မောဂ္ဂလာန်တို့အားငါးကြိမ်၊ကြွင်းသောပုဂ္ဂိုလ်တို့အား(၇)ကြိမ်ကျ၏ ဟု-မှတ်လေ၊

## သမာပတ္တိဝိထိ။

ပဍ္ဍလဝေဝိ လေးသမားသည်၊မိမိတတ်ပြီးစလေးအတတ်ကိုပျောက်မည်စိုး၍၊ ထပ်ခါထပ်ခါလေ့လာသကဲ့သို့ရှင်း၊စာကျက်၍ ရစဖြစ်သောသူသည်၊ရပြီးသောစာကို မေ့မည်စိုး၍၊မမေ့စေခြင်းငှါရှင်း၊နှုတ်သွက်စေခြင်းငှါရှင်း၊ အဘန်ဘန်ရွတ်အံသရဇ္ဈာယ်သကဲ့သို့၊ဈာန်ကိုရခါစအာဒိကမ္မိကပုဂ္ဂိုလ်သည်လည်း၊မိမိရပြီးသောဈာန်ကိုခိုင်မြဲစေခြင်းငှါရှင်း၊ဝသီဘော်ရောက်၍၊ကမ်းတဘက်ပါရဂူမြောက်စေခြင်းငှါရှင်း၊ရပြီးသောဈာန်ကို အဘန်ဘန်အထပ်ထပ်ဝင်စားလေ၏၊ထိုဝင်စားသောဝိထိကို၊ဈာနသမာပတ္တိဝိထိခေါ်၏၊ ထိုဈာနသမာပတ္တိဝိထိပုံကား၊အာဒိကမ္မိကဝိထိနှင့်မထူးတော့ပြီ၊(သမာများစွာစော၊)လို့ဆိုတဲ့အတိုင်း၊ သမာပတ္တိဝိထိဖြစ်လျှင်၊ ဈာန်ဇောအကြိမ်များစွာစောမှုသာထူးတော့သည်၊

## သမာပတ္တိဝိထိပုံ။

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဒန္ဓာဘိညာ | ဘဝင် | န | ဒ | မ | ပ | ဥ | လုံ | ဂေါ | ဈာန် | ဈာန် | ဈာန် | ဈာန် | များစွာ |
| ခိပ္ပါဘိညာ . | ဘဝင် | န | ဒ | မ | + | ဥ | လုံ | ဂေါ | ဈာန် | ဈာန် | ဈာန် | ဈာန် | များစွာ |

ဤသို့လျှင်၊ပဌမဈာန်မှာ၊အာဒိကမ္မိက(၂)ဝိထိ၊ သမာပတ္တိ(၂)ဝိထိ၊ ပေါင်း(၄)ဝိထိ၊ဒုတိယဈာန်ကသိုဏ်မှာလဲ(၄)ဝိထိ၊တတိယဈာန်မှာလဲ(၄)ဝိထိ၊ ဤသို့စသောအားဖြင့်၊ မဟဂ္ဂုတ်ကသိုဏ်(၉)ပါးလုံးမှာ၊ ၄-ဝိထိစီရသောကြောင့်၊ ကသိုဏ်(၉)ခုမှာ၊(၃၆)ဝိထိဖြစ်၏၊ထို့နည်းအတူ၊ကြိယာ(၉)ခုမှာလဲ၊ ၄-ဝိထိစီရသောကြောင့်၊ကြိယာ(၉)ခုမှာ၊(၃၆)ဝိထိဖြစ်၏၊ ၂-ရပ်ပေါင်းသော်၊ ဈာနဝိထိပေါင်း၊ (၇၂) ဝိထိဖြစ်သတည်း၊

ပစ္စဝေက္ခဏာ ဝိထိပေါင်းကား၊ ပဌမရျာန် ကုသိုလ်မှာပင်၊ အင်္ဂါ(၅)ပါးရှိခြင်းကြောင့်၊ အပေါင်းကို ဆင်ခြင်သည့်၊ တဝိထိနှင့်တကွ(၆)ဝိထိဖြစ်၏၊အပေါင်းကိုဆင်ခြင်သည့်၊တဝိထိကိုရျာန်ဘုံးမှာသတိပြုလေ၊

တိကပဋ္ဌာနပဥ္စာဝါရန္ဒ၊အပေါင်းကိုဆင်ခြင်သည့်၊တဝိထိပါထဲ၍ပြသည်၊ဒုတိယရျာန်မှာ(၅)ဝိထိ၊တတိယရျာန်မှာ(၄)ဝိထိ၊စတုတ္ထရျာန်မှာ(၃)ဝိထိ၊ပဥ္စမရျာန်မှာ(၃)ဝိထိ၊ အရူပကုသိုလ်(၄)ခုမှာလဲ၊ ၃-ဝိထိစီဖြစ်၍၊ ပေါင်းကုသိုလ်ရျာန်(၉)ခုမှာ၊ ပစ္စဝေက္ခဏာဝိထိပေါင်း၊(၃၃)ဝိထိဖြစ်၏၊ ထို့အတူ၊ကြိယာရျာန်(၉)ခုမှာလဲ၊(၃၃)ဝိထိဖြစ်၏၊ ၂-ရပ်ပေါင်းပစ္စဝေက္ခဏာ(၆၆)ဝိထိဖြစ်လေ၏၊ ဝိပ္ပါဘိညာ၊ ဒန္ဓာဘိညာစသည်တို့ဖြင့်၊ဆင့်ခါဆင့်ခါမြွက်ပွါးပါမူ၊အနန္တဖြစ်ရာ၏၊အကျိုးမထူးချေ၊

ဒုတိယရျာန်စသည်တို့သို့ရောက်သောအခါ၊ အာဒိကမ္မိကဝိထိပုံ၊ပစ္စဝေက္ခဏာဝိထိပုံ၊သမာပတ္တိဝိထိပုံတို့မှာ၊ဤနည်းအတိုင်းပင်သိလေ၊တူသည်ကို ထပ်ခါထပ်ခါရေးသဖြင့်၊အကျိုးမများချေ၊ ၊ရှေ့ရှေ့ရျာန်အင်္ဂါကိုပယ်သည်သာထူးတော့သည်၊အရူပရျာန်မှာလဲ၊ ရှေ့ကအာရုံမှတပါး၊အာရုံပြောင်းလဲ၍ ပွါးများရုံသာထူးတော့၏၊ ရျာန်ဇောတကြိမ်ဟု ဆိုသောနေရာမှာ၊ ပဌမရျာန်ဖြစ်လျှင်၊ ပဌမရျာန်ဇောတကြိမ်ဟု ဆိုလေ၊ဒုတိယရျာန်စသည်ဖြစ်လျှင်လဲ၊(ဒုတိယရျာန်ဇောတကြိမ်စသည်ဖြင့်ဆိုလေ၊)

**မဂ္ဂဝိထိ၊**

(၁၉၉) မဂ်တစ်၊နောက်မှာ၊ဒန်မှာဖိုလ်နှစ် ခိပ်သုံးလှစ်၊ နောက်ဖြစ်ဘွင်ဟော၊

(၂၀၀) သ,နာ,အရဟာန်၊ဂေါ်ကိုချန်၊ဝေါဒါန်ထဲ၍ပြော၊

(၂၀၁) မဂ်,ဖိုလ်,နိဗ္ဗာန်,၊ပယ်,ကျန်,ကိလေ၊ဆင်ခြင်လေက၊ပစ္စဝေက္ခဏာ၊ဝိထိမှာ၊ ပေါင်းပါ(၁၉)ဟော၊

(၂၀၂)တိ,သော,သ,နာ,၊ကုသိုလ်ညာ၊ရဟန္တာကြိဇော၊

"မဂ်တစ်,,ဆိုးသာစကားဖြင့်၊မဂ်ဇော(၄)ပါးတို့သည်၊အခါခပ်သိမ်းတကြိမ်သာဖြစ်၏၊(၂)ကြိမ်ဖြစ်သည်ဟူ၍မရှိ ဟု-ပြဆို၏၊

**"နောက်မှာ၊ဒန်မှာဖိုလ်နှစ်၊ခိပ်သုံးလှစ်။,,**

ဤစကားဖြင့်၊မဂ်ဇောတကြိမ်ကျပြီးနောက်မှာ၊ဒန္ဓာဘိညာပုဂ္ဂိုလ်မှာ၊ဖိုလ်(၂)ကြိမ်ဆက်၍ကျ၏၊ခိပ္ပါဘိညာပုဂ္ဂိုလ်မှာ၊ဖိုထ်သုံးကြိမ်ဆက်၍ကျ၏ဟုပြဆို၏၊

"နောက်ဖြစ်ဘွင်ဖော,, ဆိုသော စကားဖြင့်၊ ဖိုလ် ၂-ကြိမ် သုံးကြိမ်နောက်မှာ၊ ဘွင်သာကျသွား၏ဟုပြဆို၏၊ ။ဒုတိယကဗျာ၏ အဓိပ္ပါယ်မှာ၊ပ၊ဥ၊လုံ၊ဂေါ၊ဒန္တော ၄-ဖြာ၊ဝိပ္ပမှာ(၃)ဖြာ၊ဥ၊လုံ၊ဂေါ ဟု၊နောက်ကဆိုခဲ့သောအတိုင်း၊သောတာပန်မှာတော့ ဂေါတြဘူဟူသောအမည်ဖြင့်ပင်ချလေ၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာပုဂ္ဂိုလ်တို့မှာတော့၊ဂေါတြဘူ အမည်ကို ချန်လှပ်၍၊ ဝေါဒါန် အမည်ဖြင့်ချလေ ဟု ပြဆို၏၊ အကြောင်းမှာ ဘား၊ပုထုဇန်အနွယ်ပြတ်ပြီးဖြစ်၍၊ဂေါတြဘူအမည်ဖြင့်၊မချရတော့ပြီ။

တတိယကဗျာ၏ အဓိပ္ပါယ်ကား၊ဈာန်ရပြီးသောပုဂ္ဂိုလ်သည်၊ ဈာန်၏အင်္ဂါကိုဆင်ခြင်သကဲ့သို့၊ မဂ်ရပြီးသော ပုဂ္ဂိုလ်သည်လည်း၊ မိမိရပြီးသော မဂ်ကိုဆင်ခြင်လျှင်၊ ပစ္စဝေက္ခဏာတဝီထိ၊ မိမိရပြီးသောဖိုလ်ကိုဆင်ခြင်လျှင်တဝီထိ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော၊နိဗ္ဗာန်ကိုဆင်ခြင်လျှင်တဝီထိ၊မိမိပယ်သောကိလေသာကိုဆင်ခြင်လျှင်တဝီထိ၊မိမိသန္တာန်၌ကျန်သောကိလေသာကိုဆင်ခြင်လျှင်တဝီထိ၊ ဤကဲ့သို့၊သောတာပန်မှာ၊(၅)ဝီထိ၊သကဒါဂါမ်မှာ(၅)ဝီထိ၊အနာဂါမ်မှာ(၅)ဝီထိ၊ရဟန္တာမှာကား၊အလုံးစုံကိလေသာတို့ကို၊ အကြွင်းမဲ့ပယ်ခြင်းကြောင့်၊ကျန်ကိလေသာကိုဆင်ခြင်စရာ မရှိ၍ ရဟန္တာမှာ၊ပစ္စဝေက္ခဏာ(၄)ဝီထိ၊ပေါင်း(၁၉)ဝီထိဖြစ်၏၊

စတုတ္ထကဗျာ၏အဓိပ္ပါယ်ကား၊ ဆိုပြီးဆိုလတံ့ဖြစ်သော၊ ပရိကံ၊ဥပစာ၊အနုလုံ၊ဂေါတြဘူ၊ကာမဇော(၄)ကြိမ်(၃)ကြိမ်တို့သည်၊တိဟိတ်,သောတာပန်၊သကဒါဂါမ် အနာဂါမ်ဖြစ်ညားအံ့၊ မဟာကုသိုလ်ညာဏသမ္ပယုတ် လေးခုတို့တွင်၊တခုခုကိုချ၊ ရဟန္တာဖြစ်လျှင်၊မဟာကြိယာညာဏသမ္ပယုတ်၄ခုတို့တွင်တခုခုချလေဟုဆိုလိုသည်၊

### ဓဂ်ပေါ်ပုံအကျဉ်းချုပ်။

ရုပ်နာမ် ၂ ဖြာ၊ခန္ဓာငါးပါး၊သင်္ခါရတရားတို့ကို၊အနိစ္စ၊ဒုက္ခ၊အနတ္တဟု၊ အဘန်တလဲလဲရှုဘန်များ၍၊သောတာပန်ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပငိုသန္တေစိတ်သည်ပင်လျှင်၊ ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒဟု၊ ဘွင်(၂)ကြိမ်လှုပ်၍၊ ၎င်းနောက်မှ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ဥပစာ၊အနုလုံ၊ဂေါတြဘူဟူ၍၊ကာမဇော(၄)ကြိမ်၎င်း၊(၃)ကြိမ်၎င်းကျပြီး၍၊ သောတာပတ္တိမဂ်သည်၊သစ္စာလေးပါးကိုတပြိုင်နက်သိလျက်၊မဂ်ကိစ္စဖြင့် တကြိမ်ဖြစ်၍ချုပ်ပြီးနောက်၊မန္ဒပုဂ္ဂိုလ်အား ဖိုလ်(၂)ကြိမ်၊တိက္ခပုဂ္ဂိုလ်အား ဖိုလ်(၃)ကြိမ်ကျ၏၊ ၎င်းနောက်၊ဘွင်ဆက်၍ကျသွားလေ၏၊ထိုပုဂ္ဂိုလ်ကို၊ သောတာပန်ပုဂ္ဂိုလ်ခေါ်သည်၊

## မဂ္ဂဝီထိ {၈} ခုပုံ။

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သောတာပန် | တိက္ခ | န | ဒ | မ | + | ဉ | လုံ | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် |
| | မန္ဒ | န | ဒ | မ | ပ | ဉ | လုံ | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် |
| သကဒါဂါမ် | တိက္ခ | န | ဒ | မ | + | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် |
| | မန္ဒ | န | ဒ | မ | ပ | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် |
| အနာဂါမ် | တိက္ခ | န | ဒ | မ | + | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် |
| | မန္ဒ | န | ဒ | မ | ပ | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် |
| ရဟန္တာ | တိက္ခ | န | ဒ | မ | + | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် |
| | မန္ဒ | န | ဒ | မ | ပ | ဉ | လုံ | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် |

သောတာပန်ဖြစ်ပြီးသည်နှင့် တပြိုင်နက်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်၊ ကျန်ကိလေသာ ဆင်ခြင်လေသော်၊ ဖြစ်ပေါ်၍လာ၊ ပစ္စဝေက္ခဏာ၊ ဝီထိမှာကား၊ နောက်ကပြခဲ့သော၊ ပစ္စဝေက္ခဏာဝီထိပုံအတိုင်းပင်တည်း၊ အာရုံပြုပုံသာ ကွဲပြားတော့သည်၊ သောတာပန်က၊ သကဒါဂါမ်တက်ပုံ၊ သကဒါဂါမ်က၊ အနာဂါမ်တက်ပုံ၊ အနာဂါမ်က၊ ရဟန္တာတက်ပုံတို့မှာလည်း၊ ရှေးနည်းအတိုင်း၊ ရုပ်နာမ်(၂)ဖြာ၊ ခန္ဓာ(၅)ပါးတို့ကို၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာသုံးတန်ထင်အောင်ရှုသဖြင့်၊ တဆင့်ထက်တဆင့်၊ မြင့်ရာသို့ရောက်ကြရလေသည်၊ ပစ္စဝေက္ခဏာ(၁၉)ဝီထိလုံးလဲ၊ ရှေ့ရှာန်အင်္ဂါ ဆင်ခြင်သော၊ ပစ္စဝေက္ခဏာဝီထိပုံအတိုင်းချလေ၊

## ဖလသမာပတ္တိဝီထိ။

ဖလသမာပတ္တိဝီထိဆိုသည်ကား၊ ဖိုလ်(၄)ပါးသို့ရောက်ပြီးသောပုဂ္ဂိုလ်သည်၊ နတ်တို့သည်ကိုယ်ပိုင်ကာမဂုဏ်စည်းစိမ်ကို၊ မြိန်မြိန်ကြီးခံစားသကဲ့သို့၊ မိမိရရှိပိုင်ဆိုင်လာသောဖိုလ်ချမ်းသာတည်းဟူသော၊ သဥပါဒိသေသနိဗ္ဗာန၀ါတ်၊ အတုမရှိ ချမ်းသာမြတ်ကို ခံစားလိုသောအခါ၊ ရုပ်နာမ် ၂ ဖြာ၊ ခန္ဓာငါး၀၊ သင်္ခါရတို့ကို၊ လက္ခဏာသုံးတန်ဖြင့်၊ အဘန်ဘန်ရှုစားသောအခါ၊ အောက်ပါဇတ်အစဉ်ဖြစ်လာသည်ကို၊ (ဖလသမာပတ္တိဝီထိ)ခေါ်၏၊

(၂၀၃) ဒန်မှာလုံလေး၊ဝိပ်လုံတေး၊ဖြစ်ရေးဗိုလ်များစွာ၊
ဒန္တာဘိဉာပုဂ္ဂိုလ်မှာ၊အနုလုံ(၄)ကြိမ်၊ဝိပ္ပါဘိဉာပုဂ္ဂိုလ်မှာ၊အနုလုံ(၃)ကြိမ် ကျပြီးနောက်၊ဗိုလ်အကြိမ်များစွာဆက်ခါဆက်ခါကျနေတော့၏၊

ဖလသမာပတ္တိ { ၈ } ဝီထိပုံ။

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဗိုလ်(၄)ယောက်တွင် | ဒန္ဒာဘိဉာ | န | ဒ | မ | လုံ | လုံ | လုံ | လုံ | ဗိုလ် | ဗိုလ် | ဗိုလ် | များစွာ ...... |
| တယောက်ယောက် | ဝိပ္ပါ ဘိဉာ | န | ဒ | မ | လုံ | သုံ | လုံ | ဗိုလ် | ဗိုလ် | ဗိုလ် | ဗိုလ် | များစွာ...... |

အဘိညာဏ်ဝီထိ။

(၂၀၄) ပါဒကဈာန်၊အဓိဋ္ဌာန်နှင့်၊တဘန်ပါဒက၊စတုတ္ထ၊ကျဘို့အဘိညာ၊
(၂၀၅) ပါဒကမှာ၊ဈာန်များစွာ ဓိဋ္ဌာမှာ၊ကာမဇောသတ်၊
(၂၀၆) ဘိညာဉ်ဇောမှာ၊တကြိမ်သာ၊နောက်မှာဘဂင်ထင်၊
(၂၀၇) တေဇာတန်ခိုး၊အမျိုးမျိုး၊ဖြစ်ရိုးဝိထိမှတ်၊

(၁)ပါဒကဈာနဝီထိ၊ (၂)အဓိဋ္ဌာနဝီထိ၊ (၃)ပါဒကဈာနဝီထိ၊ (၄)အဘိညာဏ်ဝီထိ၊ ဤလေးဝီထိတို့သည်၊ အစဉ်အတိုင်းဖြစ်လေ၏၊ ထို (၄)ဝီထိတို့တွင်၊ စတုတ္ထဖြစ်သောဝီထိသာ၊ အဘိညာဏ် ဝီထိစစ်ဖြစ်၏၊ ( ဒုတိယ-ဝီထိကား၊ သတံဟောမိ၊ တရာဖြစ်စေသတည်း၊ သဟဿံ ဟောမိ၊ တထောင် ဖြစ်စေသတည်း၊ ဤသို့စသည်ဖြင့်၊ဓိဋ္ဌာန်သော-အဓိဋ္ဌာနကာမဇောဝါရဝိထိတည်း) ပဌမဝိထိကား၊ အဓိဋ္ဌာန်ဝိထိ၏အခြေဖြစ်သော၊ ပါဒကဈာနဝိထိတည်း၊ တတိယဝိထိကား၊ စတုတ္ထဖြစ်သော အဘိညာဏ်၏အခြေဖြစ်သော-ပါဒကဈာနဝိထိတည်း၊

အဘိညာဏ်ဆိုသည်မှာ၊ပဌမ၊ဒုတိယ၊တတိယ၊စတုတ္ထဈာန်ကိုရခါမျှဖြင့် မရသေး၊ ရှေးဘဝများက၊ အဘိညာဏ်အရေဒ္ဓိ၊အလေ့အလာပြုခဲ့ဘူးသူမှန်လျှင်၊ ရူပ-ပဥ္စမဈာန်ရခါမျှဖြင့်၊အဘိညာဏ်ကိုရ၏၊ ထိုကဲ့သို့မဟုတ်လျှင်၊ဈာန်(၈)ခုလုံးရမှ အဘိညာဏ်ရ၏၊ သို့ဖြစ်၍ ပါဒကဈာန(၂)ဝိထိလုံးကို၊ပဥ္စမဈာန်ဇောအကြိမ်များစွာချလော၊(ဓိဋ္ဌာမှာကာမဇောသတ်)ဆိုတဲ့အတိုင်း၊အဓိဋ္ဌာနဝိထိကို၊ ကာမဇော(၇)ကြိမ်ချလော၊ ကာမ

ဓာတ်ဆိုသော်လဲ၊ ကုသိုလ်,ကြိယာ၊ညာဏသမ္ပယုတ်ဓော၊ ဥပေက္ခာဓော(၄)ချီသာယူလေ၊ရူပ,ပဉ္စမဈာန်ကို၊ကု-ကြိ(၂)ပါ၊သာယူလေ၊

အဘိညာဏ်ဇောခေါ်သော၊ ရူပ,ပဉ္စမဈာန်ကိုမူကား၊ တကြိမ်သာချလေ၊ အဘိညာဏ်ဇော(၂)ကြိမ်ဖြစ်သောနေရာဟူ၍မရှိ၊ ၎င်းနောက်-ဘွင်သာကျလေ၏၊

အဘိညာဏ်ဝီထိသို့ရောက်သည့်နှင့်တပြိုင်နက်၊ ဆင်ရောင်၊ မြင်းရောင်၊ ဂဠုန်၊ နဂါး၊သိကြား၊ပြဟ္မာရောင် ဘန်ဆင်းနိုင်၏၊ ရေကိုမြေဖြစ်အောင်၊မြေကိုရေဖြစ်အောင်၊ ရေကို ထောပတ်သကာဖြစ်အောင်၊ လူတယောက်ထဲက၊ လူအများကြီးဖြစ်အောင်၊မြေလျှိုးခြင်း၊မိုးပျံခြင်းဖြစ်နိုင်၏၊မိမိအလိုရှိရာဖြစ်နိုင်၏၊

(၁) ပါဒကဈာနဝီထိ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | လုံ | ဂေါ | ချာန် | ချာန် | ချာန် | ချာန် |

(၂) အဓိဋ္ဌာနဝီထိ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ဇ | ဓ | ဓ | ဇ | ဇ | ဇ | ဓ | ဘွင် |

(၃) ပါဒကဈာနဝီထိ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | လုံ | ဂေါ | ချာန် | ချာန် | ချာန် | ဘွင် |

(၄) အဘိညာဏ်ဝီထိ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | လုံ | ဂေါ | ချာန် | ဘွင် | ဘွင် | ဘွင် |

အထက်ပါဝီထိတို့မှာ၊မန္ဒပုဂ္ဂိုလ်၏-ဝီထိပုံများ၊ဖြစ်သည်၊ တိက္ခပုဂ္ဂိုလ်ဝီထိပုံကို၊ (ဝိပ္ပမှာ၊သုံးဖြာ-ဥ-လုံ-ဂေါ)ဟူ၊ဆိုခဲ့သောနည်းအတိုင်းချလေ၊

နိရောဓသမာပတ္တိဝီထိ။

(၂၀၈) ကာမ,ရူပ်,၊နာဂါမ်,ရဟန္တာ,၊နှစ်ယောက်သာ၊ဝင်လာနိရောဓေါ၊

(၂၀၉) စိတ်,စေတသိက်,စိတ္တဇရုပ်၊အကုန်ချုပ်၊သမုတ်နိရောဓေါ၊

(၂၁၀) နေ-ဈာ,န်ကု-ကြိ၊(၂)ကြိမ်၏နောက်၊နိရောဓရောက်၊ထမြောက်ဖိုလ်တစ်၊ဘဝင်ဖြစ်၊

ပဌမကဗျာဖြင့်၊ နိရောဓသမာပတ်ဝင်စားနိုင်သော၊ ဘုံပုဂ္ဂိုလ်တို့ကိုပြဆိုသည်၊ ဒုတိယကဗျာဖြင့်၊ (နိရောဓသမာပတ်)ဆိုသောစကား၏ အဓိပ္ပါယ်ကိုပြသည်။ တတိယကဗျာဖြင့်၊ နိရောဓသမာပတ္တိဝီထိကျပုံကိုပြသည်။

နိရောဓသမာပတ်ကို၊ ကာမဘုံ၊ ရူပဘုံ၊ ဤ၂ဘုံမှာသာရအပ်သည်၊ ပုဂ္ဂိုလ်အားဖြင့်၊ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်(၂)ယောက်သာရအပ်သည်၊ ကြွင်းသောပုဂ္ဂိုလ်တို့မှာမရအပ်။

(နိရောဓသမာပတ်ဝင်စားသည်)ဆိုသည်မှာ၊ လေးလံလှစွာ၊ ခန္ဓာဝန်ကြီး၊ ထမ်းဆောင်ပြီး ထားခဲ့သည်ကို၊ လွန်စွာစက်ဆုပ်၍၊ မျက်မှောက်ဘဝ၊ ပစ္စက္ခ၌ပင်လျှင်၊ နိဗ္ဗာန်ဓါတ်၊ ချမ်းသာမြတ် ခံစားသည်ဖြစ်၍၊ စိတ်-စေတသိက်-စိတ္တဇရုပ်တို့သည်၊ ၇-ရက်တိုင်တိုင်ချုပ်၍၊ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်မျှ ကြွင်းကျန်၍၊ ကျောက်တိုင်ကျောက်တုံးကြီးကဲ့သို့ဖြစ်နေမှုကို၊ (နိရောဓသမာပတ်ဝင်စားသည်)ခေါ်၏။

နိရောဓသမာပတ် ဝင်စားလိုသောပုဂ္ဂိုလ်သည်၊ ဆိတ်ငြိမ်ရာ ချဉ်းကပ်၍၊ ပဌမဈာန်ကို ဝင်စားရာ၏၊ ၎င်းနောက်၊ ထိုပဌမဈာန်မှထ၍၊ ပဌမဈာန်၌ရှိသော၊ သင်္ခါရတရားတို့ကို၊ ဥဒယဗ္ဗယဉာဏ်မှ၊ အနုလောမဉာဏ်တိုင်အောင်၊ ဝိပဿနာဉာဏ်ဖြင့်၊ ဆင်ခြင်ရာ၏၊ ဤနည်းအတူ၊ ၎င်းနောက်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်တို့ကို ဝင်စား၍၊ ထိုဈာန်တို့မှထသောအခါ၊ ထိုဈာန်တို့၌ရှိသော၊ သင်္ခါရ တရားတို့ကို၊ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်၍၊ အာကိဉ္စညာယတနဈာန်ကို ဝင်စားရာ၏၊ ထိုအာကိဉ္စညာယတနဈာန်မှ-ထသောအခါ၌ကား၊ ဝိပဿနာဉာဏ်ဖြင့်မဆင်ခြင်မူ၍၊

(၂၁၁) မပျက်စေရန်၊ အဓိဋ္ဌာန်နှင့်၊ မပင့်ခင်ထ၊ မခေါ်ကြခင်၊ ကာလ(၇)ရက်၊
ထအံ့မြွက်၊ ၄-ချက်ပုဗ္ဗကိစ္စတည်း။

ဤကဗျာအတိုင်း၊ လေးပါးသောပုဗ္ဗကိစ္စကိုပြုလေရာ၏၊ ထိုကဗျာ၏အဓိပ္ပါယ်ကား၊

(၁) မိမိ၏၊ သင်္ကန်းသပိတ်ပရိက္ခရာ၊ မပျက်စီးစေရန်ဓိဋ္ဌာန်ခြင်း။

(၂) သံဃာကိစ္စရှိလျှင်၊ မိမိကိုမပင့်ခေါ်လာခင်၊ ထအံ့ဟု ဓိဋ္ဌာန်ခြင်း။

(၃) တစုံတခုသောအကြောင်းကြောင့်၊ မြတ်စွာဘုရားခေါ်တော်မူလျှင်၊ မခေါ်လာမီထအံ့ဟုဓိဋ္ဌာန်ခြင်း။

(၄) ၇-ရက်အတွင်းထအံ့ဟုဓိဋ္ဌာန်ခြင်း။

ဤလေးပါးသောပုဗ္ဗကိစ္စကိုပြု၍၊ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍၊ နိရောဓအဖြစ်သို့ဆိုက်သွလတ်သော်၊ အောက်ပါစိတ်စဉ်အတိုင်းဖြစ်၍၊ နိရောဓအဖြစ်သို့ရောက်လေ၏၊ (၇)ရက်ပြည့်၍၊ နိရောဓသမာပတ်မှ ထသောအခါ၊ ဝိမိ၏ဖိုလ်ဇော တကြိမ်ရှေးဦးစွာဖြစ်၍၊ ဘဝင်စိတ်ဖြစ်ထိုက်သ၍ဖြစ်လေ၏၊

ကာမဘုံမှာ(၄)ရူပဘုံမှာ(၄) ပေါင်း {နိရောဓသမာပတ္တိ(၈)ဝီထိပုံ}

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အနာဂါမ် | တိက္ခ | န | ဒ | မ | + | ဥ | လုံ | ဂေါ | နေဈာန် | နေဈာန် | နိရောဓ | ဖုသတိ | ဖိုလ် | ဘဝင် |
| | မန္ဒ | န | ဒ | မ | ပ | ဥ | လုံ | ဂေါ | နေဈာန် | နေဈာန် | နိရောဓ | ဖုသတိ | ဖိုလ် | ဘဝင် |
| ရဟန္တာ | တိက္ခ | န | ဒ | မ | + | ဥ | လုံ | ဂေါ | နေဈာန် | နေဈာန် | နိရောဓ | ဖုသတိ | ဖိုလ် | ဘဝင် |
| | မန္ဒ | န | ဒ | မ | ပ | ဥ | လုံ | ဂေါ | နေဈာန် | နေဈာန် | နိရောဓ | ဖုသတိ | ဖိုလ် | ဘဝင် |

အနာဂါမ်မှာ၊ နေဝသညာနာသညာယတနကုသိုလ်ဇောနှင့်ကြိမ်စော၍၊ ချုပ်ခြင်းသို့ရောက်၏၊ ရဟန္တာမှာ၊ ကြိယာဇော နှစ်ကြိမ်စော၍ချုပ်ခြင်းသို့ရောက်၏၊ (၇)ရက်တိုင်တိုင်၊ စိတ်,စေတသိက်,စိတ္တဇရုပ်တို့သည်၊ ချုပ်၍တဘန် နိရောဓသမာပတ်မှ ထသောအခါ၌၊ အနာဂါမ်မှာ၊ အနာဂါမိဖိုလ်ဇောတကြိမ်၊ ရဟန္တာမှာ၊ အရဟတ္တဖိုလ်ဇောတကြိမ်စော၍၊ ဘဝင်ကျသွားလေ၏၊ ထိုနိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်ကို၊ မိဖွှာန်သောအတိုင်း၊ မိုးကြိုးပစ်သော်ငြား၊ သံတင်းပုတ်ဖြင့် ထုသော်ငြား၊ ဗန်းဘုံးအမြောက်စသောလက်နက်တို့ဖြင့်ပစ်သော်ငြား၊ သေသည်ဟူ၍မရှိ၊

—:+×(နိရောဓသမာပတ္တိဝီထိပြီး၏၊)×+:—

## ကာမဇောနေခင်-အပ္ပနာဇောကျေပုံ။

(၂၁၂) သောမှာသောချင်း၊ ဥ-ဥချင်း၊ ယှဉ်လျှင်း-ကာ-ပနာ၊

(၂၁၃) ကုသိုလ်နောက်ကို၊ ကုအောက်ဖိုလ်၊ ထက်ဖိုလ်ကြိယာ၊ ကြိနောက်မှာ၊

(၂၁၄) မင်္ဂသော(၁၆)အောက်ဖိုလ်သောမှာ၊ ဒွါဒသာနှင့်၊ ရူပါကုသော၊ လေးခုရော၍၊ ကုသောနောက်မှာ၊ ဒွတ္တိံသာ၊ ပနာစော၏လေး၊

(၂၁၅) ရူကုဥ၄၊ ရူဘုလေးနှင့်၊ မင်္ဂလေးပေကွာ၊ အောက်မှာသုံးခု၊ အောက်ဖိုလ်ဥနှင့်၊ ကုဥနောက်မှာ၊ ဒွါဒသာ၊ ပနာစော၏လေး၊

(၂၁၆) ရဟတ်မိုလ်သော ရှုကြီးသာ၊ကြီးသောနောင်(၈)ပါး၊

(၂၁၇) ရှုပကြီဥ၊အရှုပကြီဆို၊အထက်မိုလ်ဥ၊၍ခြောက်ချ၊ကြီဥနောင်မှတ်သား။

ပဌမကဗျာဖြင့်၊ ကာမဇောနှင့်၊အပ္ပနာဇောတို့သည်၊ ဝေဒနာအားဖြင့်၊အသောဝန, ပစ္စည်းဆက်ပုံကိုပြ၏၊ ၊ဒုတိယကဗျာဖြင့်၊ ဇာတ်အားဖြင့်၊ အသောဝန,ပစ္စည်းဆက်ပုံကိုပြ၏၊ ၊နောက်ကဗျာ(၄)ပုဒ်တို့ဖြင့်၊ဋ္ဌတ္တိံ သသုခပုည မှာ၊ ဂါထာနှင့်အညီ၊ ကာမဇောနှင့်၊ အပ္ပနာဇောတို့ကို၊ မည်သည့်ဇောနောင်၊ မည်မျှလောက်သော အပ္ပနာဇော်ပေါင်းကျနိုင်၏ဟု၊သရုပ်နှင့်တကွပြဆို၏၊

ပဌမကဗျာ၏အဓိပ္ပါယ်ကား၊ ညာဏသမ္ပယုတ်ဇော(၈)ခုတို့တွင်၊ သောမနဿဇော(၄)ခုနောက်မှာ၊ သောမနဿအပ္ပနာဇော(၄၀)သာကျနိုင်၏၊ ၊ဥပေက္ခာဇော(၄)ခုနောက်မှာ၊ဥပေက္ခာအပ္ပနာဇော(၁၈)ပါးသာကျနိုင်သည်၊ (ဤကား ဝေဒနာအားဖြင့်ဆက်ပုံ၊)

ဒုတိယကဗျာ၏အဓိပ္ပါယ်ကား၊ ကုသိုလ်ဇော(၄)ခုနောက်မှာ၊ ရူပကုသိုလ်(၅)အရူပကုသိုလ်(၄)လောကုတ္တရာကုသိုလ်(၂၀)အောက်မိုလ်(၁၅) ဤ(၄၄)ပါးသာကျနိုင်၏၊ (လိုရင်းကား) ကုသိုလ်ဇောနောက်မှာ၊ကုသိုလ်အပ္ပနာနှင့်၊ အောက်မိုလ်ဇောများသာကျနိုင်၏ဟုဆိုလိုသည်၊ကြိယာဇော(၄)ခုနောက်မှာ၊ရူပကြိယာ(၅)အရူပကြိယာ(၄)အထက်မိုလ်ဇော(၅)ပါး၊ ပေါင်း(၁၄)ပါးသာကျနိုင်၏၊ ကြိယာဇောနောက်မှာ၊ ကြိယာဇောနှင့်၊အရဟတ္တမိုလ်ဇော ကျနိုင်၏ဟု-ဆိုလို၏၊

## သချာခွဲ၍ ကောက်ပြပါဦးအံ့။

ကုသိုလ် သောမနဿ(၂)ခုနောက်မှာ၊ မဂ် သောမနဿ(၁၆)ပါး၊ အောက်မိုလ် သောမနဿ(၁၂) ရူပကုသိုလ်သောမနဿ(၄) ပေါင်း(၃၂)ပါးသော၊ အပ္ပနာဇောများကျနိုင်၏၊ ဤကား (ဋ္ဌတ္တိံ သသုခပုညမှာ) အရတည်း၊

ကုသိုလ် ဥပေက္ခာ(၂)ခု နောင်မှာ၊ ရူပ ကုသိုလ်ဥပေက္ခာ(၁) အရူပ ကုသိုလ်(၄) မဂ်ဥပေက္ခာ(၄) အောက်မိုလ်(၃)ခု၏ ဥပေက္ခာ(၃)ပါး၊ ပေါင်း (၁၂)ပါးသော အပ္ပနာဇောကျနိုင်၏၊ ဤကား (ဒွါဒသောပေက္ခကာပရံ) အရတည်း၊

ကြိယာ သောမနဿ(၂)ခုနောက်မှာ၊ အရဟတ္တဖိုလ် သောမနဿ(၄) ရူပကြိယာသောမနဿ(၄)ပါး၊ ပေါင်း(၈)ပါးကျနိုင်၏၊ ဤကား၊(သုခိတကြိယတောအမှု) ငင်း၏အရတည်း၊

ကြိယာဥပေက္ခာ(၂)ခုနောက်မှာ၊ ရူပကြိယာဥပေက္ခာ(၁) အရူပကြိယာ(၄)ပါး၊ အရဟတ္တဖိုလ်ဥပေက္ခာ(၁) နှင့်(၆)ပါး ကျနိုင်၏၊ ဤကား၊(ဆသမ္တော္တန့်ဥပေက္ခကာ) ငင်း၏အရတည်း၊

| ကာမဇော | ရူပကုသိုလ် ၅ | ရူပကြိယာ ၅ | အရူပကုသိုလ် ၄ | အရူပကြိယာ ၄ | မဂ်ဇော ၂၀ | ဖိုလ်ဇော ၂၀ | ပေါင်း | |
|---|---|---|---|---|---|---|---|---|
| ကု-သော | ၄ | ...... | ...... | ...... | ၁၆ | ၁၂ | ၃၂ | ၄၄ |
| ကု-ဥ | ၁ | ...... | ၄ | ...... | ၄ | ၃ | ၁၂ | |
| ကြိ-သော | ...... | ၄ | ...... | ...... | ...... | ၄ | ၈ | ၁၄ |
| ကြိ-ဥ | ...... | ၁ | ...... | ၄ | ...... | ၁ | ၆ | |
| ပေါင်း | ၅ | ၅ | ၄ | ၄ | ၂၀ | ၂၀ | | ၅၈ |
| | ရူပဇော (၁၀) | | အရူပဇော (၈) | | လောကုတ္တရာ ၄၀ | | | |

(၃၄) ဒွတ္တိံသသုခပုညမှာ၊ ဒွါဒသောပေက္ခကာပရံ။
သုခိတကြိယတောအဋ္ဌ၊ ဆသမ္တော္တန့်ဥပေက္ခကာ။ ။

သုခပုညမှာ၊ သောမနဿသဟဂုတ်၊မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော(၂)ခု၏၊ ပရံ၊နောက်၌၊ဒွတ္တိံသ၊မဂ်သော(၁၆)အောက်ဖိုလ်သောမှာ၊ဒွါဒသာနှင့်၊ ရူပါကုသော၊ ၃၂ - ပါးကုန်သော အပ္ပနာဇောတို့သည်၊ သမ္ဘော္တန့်၊ ဖြစ်ကုန်၏၊ ၊ဥပေက္ခကာ၊ ဥပေက္ခာသဟဂုတ်၊မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော(၂)ခု၏၊ပရံ၊နောက်၌၊ ဒွါဒသ၊ ရူပ,ကု,ဥ၊အရူ,ကုနှင့်၊မဂ်ဥပေက္ခာ၊အောက်ဖိုလ်မှာဥ၊၃-ခုပေါင်းပြား၊၁၂-ပါးသော-အပ္ပနာဇောတို့သည်၊သမ္ဘော္တန့်၊ဖြစ်ကုန်၏၊ ၊သုခိတကြိယတော၊ သောမနဿသဟဂုတ်၊ မဟာကြိယာဉာဏသမ္ပယုတ်ဇော(၂)ခု၏၊ ပရံ၊နောက်၌၊ အဋ္ဌ၊ရဟတ်ဖိုလ်

သော၊ ရှုကြိုသော ဟု၊ ရှစ်ခုသောအပ္ပနာစောတို့သည်၊ သင်္ကေ့ာအ္တိ၊ ဖြစ်ကုန်၏၊ ။
ဥပေက္ခာကာ၊ ဥပေက္ခာသဟဂုတ်၊ မဟာကြိယာ ညာဏာသမ္ပယုတ်စော(၂)ခုမှ၊ ပရံ၊
နောက်၌၊ဆ၊ရှုပကြိုဥ၊အရှုကြိုဆို၊အထက်ဖိုထ်ဥ၊ ခြောက်ရသော အပ္ပနာစောတို့သည်၊
သင်္ကေ့ာအ္တိ၊ဖြစ်ကုန်၏၊

## (၅၅) ပုထုဇ္ဇနသနသေက္ခာနံ၊ကာမပုည တိဟေတုတောဒ တိဟေတုကာမကြိယတော၊ဝိတ္တရေဂါနပ္ပေနာ။ ။

ပုထုဇ္ဇနသန္ဓ၊တိဟိတ်ပုထုဇန်ပုဂ္ဂိုလ်တို့၏ဂိုင်း၊သေက္ခာနဉ္စ၊အောက်ဖလဌာန်ပုဂ္ဂိုလ်
သုံးယောက်တို့၏ဂိုင်း၊ကာမပုညတိဟေတုတော၊တိဟိတ်ကာမကုသိုလ်လေးခုမှ၊ ပရံ၊
နောက်၌၊ စတုစတ္တာဝီသ၊ နွတ္တိ-နွှါဒသိ၊ ၂-ရစ်ပေါင်းပြား၊ (၄၄)ပါးကုန်သော၊
အပ္ပနာ၊အပ္ပနာစောတို့သည်၊သင်္ကေ့ာအ္တိ၊ဖြစ်ကုန်၏၊ဝိတရောဂါနံ၊ရဟန္တာပုဂ္ဂိုလ်တို့၏၊
တိဟေတုကာမကြိယတော၊တိဟိတ်ကာမကြိယာ(၄)ခုမှ၊ ပရံ၊နောက်၌၊ ရဒ္ဒသ၊အဋ္ဌ
အဓ၊ ဆအရနှင့်၊ နှစ်ဝပေါင်းပြား၊ ၁၄-ပါးကုန်သော၊ အပ္ပနာ၊အပ္ပနာစောတို့သည်၊
သင်္ကေ့ာအ္တိ၊ဖြစ်ကုန်၏၊

### တဒါလမ္ဗဏနိယာမ။

(၂၁၇) အနိဋ္ဌာမြင်၊ဝိညာဉ်,သံ,သံ,၊တဒါရုပ်၊ကျူရန်အကုဝိ၊
(၂၁၉) ကုဝိ-ဇ္ဇဋ္ဌာ၊အတိဋ္ဌာ၊သံ,ဒါ,သောမနသိ၊
(၂၂၀). ဥနောက်ဥဟော၊သောနောက်သော၊ကြိုစောရုံတဒါ၊
(၂၂၁) ဓေါစောနောက်တွင်၊ရုံ,ဘွင်၊ဥပင်အမြဲသာ၊
(၂၂၂) သော,သန္တိကာ၊ ဒေါစောထာကာ၊ တဒါမရှိ၊ ဥသန္ဓိ၊ချဘိအာဂန္တု၊ဘွင်
တည်း၊
(၂၂၃) ကာမအာရုံ၊ ကာမဘုံနှင့်၊ စောတုံကာမာ၊ ဤသုံးဖြာ၊ တဒါရုံ၏ ဖြစ်
ကြောင်းဘည်း၊

သတ္တဝါတို့အလိုမရှိအပ်သော၊မစင်ချေးကောင်ပုပ်၊ တင္ကေ့၊ သရဲ၊ ဘုတ်၊ ပြိတ္တာ၊
ဘီလူး၊သဘာက်စသောအာရုံသည်၊အနိဋ္ဌာရုံမည်၏၊ထိုအနိဋ္ဌာရုံကို၊တွေ့ကြုံသောအခါ၊

ပဥ္စဝိညာဏ်၊သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊တဒါရုံတို့ကို၊ အကုသလဝိပါက်စိတ်ထဲက ချရသည်၊ (အနိဋ္ဌာရုံတွေ့ရခြင်းသည်၊ရှေးဘဝက အကုသိုလ်ကံကြောင့် တွေ့ရသည်-ဟု ဆိုလိုသည်၊)

သတ္တဝါတို့ အလိုရှိအပ်သော၊ ထမင်း၊အဖျော်၊အိပ်ရာနေရာ၊ ကတ္တီပါကော်ဇောစသောအာရုံကို၊ ဣဋ္ဌာရုံခေါ်သည်၊ ထိုဣဋ္ဌာရုံကို တွေ့ကြုံသောအခါ၊ ကုသလဝိပါက်စိတ်ထဲက၊ပဥ္စဝိညာဏ်၊သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊တဒါရုံတို့ကိုချရမည်၊

သတ္တဝါတို့၊ အလွန်အလိုရှိအပ်သော၊ ရွှေ၊ငွေ၊ပတ္တမြား၊ မြသားဇာနီလာ၊ သန္တာဂေါမုတ်၊ဥဿဖရား၊ ဘုရားရဟန္တာ၊ ဘုံဗိမာန်စသောအာရုံကို၊ အတိဣဋ္ဌာရုံခေါ်၏၊ ထို (အတိဣဋ္ဌာရုံ)ကို တွေ့ကြုံသောအခါ၊ အဟိတ်ကုသလဝိပါက်ထဲက၊ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊သောမနဿသန္တီရဏ၊သောမနဿတဒါရုံများကိုချရမည်၊

ထိုရာတွင်၊ ရုံခါဣဋ္ဌ၊ရုံခါအနိဋ္ဌ၊အချို့သတ္တဝါဣဋ္ဌ၊အချို့သတ္တဝါအနိဋ္ဌ၊အချို့ဒွါရဣဋ္ဌ၊အချို့ဒွါရအနိဋ္ဌတို့ကိုလဲဆင်ခြင်အပ်၏၊

( ရုံခါဣဋ္ဌ၊ရုံခါအနိဋ္ဌ-ဆိုသည်မှာ၊ )

မိုးသည်၊ ဆောင်းအခါဣဋ္ဌ၊နွေအခါအနိဋ္ဌဖြစ်၏၊ နေသည်၊ ဆောင်းအခါအနိဋ္ဌ၊နွေအခါဣဋ္ဌဖြစ်၏၊ ဤကား၊ ရုံခါဣဋ္ဌ၊ရုံခါအနိဋ္ဌဖြစ်၏၊

( အချို့သတ္တဝါဣဋ္ဌ၊အချို့သတ္တဝါအနိဋ္ဌဆိုသည်မှာ၊ )

မစင်သည်၊ခွေးဝက်တို့အားဣဋ္ဌ၊အခြားသတ္တဝါတို့အားအနိဋ္ဌဖြစ်၏၊

မြက်သည်၊ဆင်မြင်းတို့အားဣဋ္ဌ၊ခွေးတို့အားအနိဋ္ဌဖြစ်၏၊

( အချို့ဒွါရဣဋ္ဌ၊အချို့ဒွါရအနိဋ္ဌဆိုသည်မှာ )

ရွှေဒါး၊ရွှေလှံတို့သည်၊စက္ခုဒွါရ၌ဣဋ္ဌ၊ကာယဒွါရ၌အနိဋ္ဌဖြစ်၏၊မစင်သည် ကာယဒွါရ၌ဣဋ္ဌ၊စက္ခုဒွါရ၌အနိဋ္ဌဖြစ်၏၊ ဤသို့ စသောအားဖြင့်ကြီးလေ၊ လောကကြီးထဲမှာ၊ ဤကဲ့သို့ကြံစရာအလွန်ပေါသည်၊

ဤအဗျာဖြင့်၊ကြိယာဇော(၉)ခုနောင်၊တဒါရုံ(၁၁)ခုကိုမှတ်၍ပြသည်၊ ‘ဥနောက် ဥဟော,,ဆိုသည်ကား၊ဥပေက္ခာကြိယာဇော(၄)ခုနောက်မှာဥပေက္ခာတဒါရုံ(၆)ခုကျနိုင်သည်၊ ‘‘သောနောက်သော,, ဆိုသည်ကား၊ သောမနဿကြိယာဇော(၅)ခုနောက်မှာ၊သောမနဿတဒါရုံ(၅)ခု ကျနိုင်သည်ဟု ပြဆို၏၊

ဒေါသဇောနောက်မှာ၊ တဒါရုံကျခဲ့သော်ငြား၊ ဘဝင်ကျခဲ့သော်ငြား၊ ဥပေက္ခာတဒါရုံ ၊ဥပေက္ခာဘဝင်များသာကျလေ၏၊ အဘယ့်ကြောင့်ဆိုသော်၊ သောမနဿတဒါရုံ၊ ဥပေက္ခာတဒါရုံဟူ၍၊ တဒါရုံ(၂)မျိုးသာရှိသည်၊ ဒေါမနဿတဒါရုံဟူ၍မရှိ၊ဒေါသဇောနောက်၊သောမနဿတဒါရုံကျဘို့ရန်လဲခဲယဉ်း၏၊ ဒေါသဇောသည်၊သောမနဿတဒါရုံတို့အား၊ အနန္တရပစ္စည်းမဆက်နိုင်ချေ၊ (ဥပမာ) သည်းထံစွာငိုယိုသောသူသည်၊ပြုံးကနဲယုတ်တရက်၊မရယ်ရွှင်နိုင်သကဲ့သို့ဖြစ်လေ၏၊

ထို့ကြောင့်၊ဥပေက္ခာတဒါရုံ(၆)ခု၊ဥပေက္ခာဘဝင်(၆)ခုကိုသာချရသည်၊

သောသန္တိကာ, ဆိုသည်ကား၊ မဟာဝိပါက် သောမနဿ(၄)ပါးတို့တွင်၊ တပါးပါးနှင့်၊ ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်ကို၊ (သောမနဿ ပဋိသန္ဓိက) ပုဂ္ဂိုလ်ခေါ်သည်၊ ထိုသောမနဿနှင့်၊ပဋိသန္ဓေနေခဲ့သောသူသည်၊ ပဝတ္တိအခါ ဘဝင်ကျလျှင်လဲ၊ထိုသောမနဿစိတ်ဖြင့်ပင်ကျ၏၊စုတိသောအခါလဲ၊ထိုသောမနဿစိတ်ဖြင့်ပင်စုတိလေ၏၊ ၎င်းကား၊ ခပ်သိမ်းသောသူတို့၏ သဘောတံထွာ ဓမ္မတာတည်း၊ ၊ထိုသောမနဿနှင့်၊ ပဋိသန္ဓေနေသောသူသည်၊ အတိဣဋ္ဌာရုံကိုငြား၊ မဟဂ္ဂုတ်အာရုံကိုငြား၊ ပညတ်အာရုံကိုငြား၊အာရုံပြု၍ဒေါသဇောစောသောအခါ၊အတိမဟန္တာရုံဝီထိဝိဘူတာရုံဝီထိများပင်ဖြစ်သော်လဲ၊ တဒါရုံကျခြင်းမရှိတော့ပြီ၊ တဒါရုံမကျသော်၊အဘယ်ဘဝင်ကျပါသနည်းဆိုလျှင်၊စင်စစ်မှာ-သောမနဿ နှင့်၊ ပဋိသန္ဓေနေခဲ့သူဖြစ်၍၊ သောမနဿဘဝင်ကိုသာချသင့်၏၊ ထိုကဲ့သို့၊ သောမနဿဘဝင်ချလိုက်ပြန်လျှင်လဲ၊ ဒေါသဇောနှင့်၊အနန္တရပစ္စည်းမဆက်နိုင်ကြဘဲဖြစ်နေပြန်၏၊ထို့ကြောင့်၊ရှေး၌လေ့ကျက်ခဲ့ဘူးသော၊ဥပေက္ခာသဟဂုတ်သန္တီရဏ(၂)ခုတွင်၊ တခုခုကိုဒေါသဇောနှင့်၊ သောမနဿဘဝင်(၂)ခုတို့၏၊အကြား၌၊အာဂန္တုကဘဝင်အဖြစ်ဖြင့်တကြိမ်ဖြစ်လေ၏၊အဘယ့်ကြောင့်၊အာဂန္တုက ဘဝင်ခေါ်သနည်းဆိုသော်၊ သောမနဿနှင့်၊ ပဋိသန္ဓေနေသူဖြစ်၍၊အမြဲသောမနဿဘဝင်

သည်၊ဒိပ်သည်အဖြစ်ဖြင့်ဖြစ်၍နေ၏၊ယခုမှဒေါသဇောကား၊ကန့်လန့်လုပ်၍၊ဒေါသဇော နောက်မှာ၊မဖြစ်နိုင်သောကြောင့်၊ဥပေက္ခာသန္တီရဏကို၊ခဏခေတ္တငှါး၍ ယူရသောအ နေဖြင့်၊ဖြစ်ရလေခြင်းကြောင့်၊ အာဂန္တုကဘဝင်ဟုဆိုသည်၊

ကာမ-မဟဂ္ဂုတ်-လောကုတ်-ပညတ် ဟူ၍၊ အာရုံ(၄)မျိုးရှိရာ၊ ကာမအာရုံကိုလဲ ပြုသည်ဖြစ်စေ၊ ကာမဘုံ၊ရူပဘုံ၊အရူပဘုံဟု-ဘုံသုံးမျိုးရှိရာ၊ ကာမဘုံသားလဲဖြစ်စေ၊ ကာမဇော၊အပ္ပနာဇောဟူ၍(၂)မျိုးရှိရာ၊ ကာမဇောဇောသော၊ ကာမဇောဝါရ ဝိထိ များလည်းဖြစ်စေ၊ ဤအင်္ဂါသုံးပါးပြည့်စုံမှ၊ အတိမဟန္တာရုံ၊ ဝိဘူတာရုံဝိထိများမှာ သာ၊တဒါရုံကျနိုင်သည်၊ အခြားဝိထိများမှာကား၊ ဤအကြောင်း(၃)ပါးပင်ပြည့်စုံပါ သော်လဲ၊တဒါရုံမကျနိုင်ချေ၊

## ထို့ကြောင့်။

**{၅၆} ကာမေ ဇဝန, သတ္တာ, လမ္ဗဏာနံ, နိယမေ သတိ။**
**ဝိဘူတေ, တိမဟန္တေ စ၊ တဒါလမ္ဗဏမီရိတံ။ ။**

ကာမေ၊ ကာမ(၁၁)ဘုံ၌၊ ဇဝန,သတ္တာ,လမ္ဗဏာနံ၊ ဇော-သတ္တဝါ-အာရုံတို့ကို၊ တိဟိ၊၃-ပါးကုန်သော၊အင်္ဂေဟိ၊အင်္ဂါတို့ဖြင့်၊နိယမေ၊မှတ်ခြင်းသည်၊ သတိ၊ရှိသော်၊ ဝိဘူတေစ၊ မနောဒွါရဝိဘူတာရုံဝိထိ၌ရင်း၊ အတိမဟန္တေစ၊ ပဉ္စဒွါရအတိမဟန္တာရုံ ဝိထိ၌ရင်း၊တဒါလမ္ဗဏံ၊တဒါရုံ၏ကျခြင်းကို၊ ဤရိတံ၊မိန့်အပ်၏၊

## စိစစ်ချက်။

တဒါရုံဆိုသည်ကား၊ဇော၏အာရုံသို့လိုက်၍ဖြစ်သောတရား၊ဇော၏နောက်လိုက် တရားဟူ၍၊သေချာစွာမှတ်ထားပါ၊ (၁-ချက်) တဒါရုံဆိုသည်ကား၊ ကာမပဋိသန္ဓေ စိတ်(၁၀)နှင့်၊ သောမနဿသန္တီရဏ တပါးဖြစ်ကြောင်းကိုလဲ၊ သေချာစွာမှတ်ထား ပါ၊ (၁-ချက်)ကာမအာရုံ၊ကာမဘုံ၊ကာမဇောဟုဆိုခဲ့သော၊တဒါရုံဖြစ်ကြောင်း(၃) ပါးတွင်၊ ''ကာမအာရုံလဲဖြစ်ပါမှ ဆိုသောစကားမှာ,, တဒါရုံ(၁၁)ပါးတို့သည်၊ အ ဘယ်ကိုအာရုံပြုသနည်းဟု၊ပကိဏ်းပိုင်းအာရမ္မဏသင်္ဂဟအတိုင်းပြန်၍စဉ်းစားလိုက် စမ်းပါ၊ ကာမအာရုံပြုကြောင်းကိုတွေ့ရှိပါလိမ့်မည်၊ ထို့ကြောင့်၊ကာမအာရုံလဲဖြစ်ပါ

မှ၊တဒါရုံကျသည်၊ရူပအရူပဗြဟ္မာတို့မှာ၊ကာမပဋိသန္ဓေမျိုးစေ့မရှိခြင်းကြောင့်၊ရူပအရူပဘုံမှာတဒါရုံမကျ၊ကာမဘုံမှာသာတဒါရုံကျသည်၊တဒါရုံသည်၊ သားငယ်ကလေးနှင့်တူ၏၊ကုသိုလ်အကုသိုလ်ဇော(၂၀)သည်အဘနှင့်တူ၏၊ ကြိယာဇော(၉)ပါးသည်ဦးလေးဦးကြီးနှင့်တူ၏၊ အပ္ပနာဇောသည်၊တခါမှမမြင်ဘူးသော၊မင်းပိုးရာဇာနှင့်တူ၏၊ ကလေးသည်၊အဘဟိုအိမ်ဒီအိမ်သွားထယ်သော်၊အဘပခုံးလက်မောင်းကိုဆွဲ၍လိုက်တတ်၏၊ထိုမှတပ်၊ဦးကြီးဦးလေးပခုံးလက်မောင်းကို ဆွဲ၍လိုက်တတ်၏၊တခါမျှမမြင်ဘူးသော၊ မင်းပိုးရာဇာကိုမူကား၊ လိုက်မည်ကိုဝေးစွ၊ မင်းပိုးရာဇာအိမ်ကိုလာလျှင်ကြောက်သဖြင့်ပုံး၍ပင်နေလေ၏၊ထိုနည်းတူစွာ၊တဒါရုံသည် အဘနှင့်တူသောကုသိုလ်အကုသိုလ်ဇောနောက်မှာလိုက်၍၊ (၂)ကြိမ်ကျတတ်၏၊ ဦးကြီးဦးလေးနှင့် တူသော-ကြိယာဇော(၉)ပါးနောက်မှာလဲလိုက်၍၊(၂)ကြိမ်ကျတတ်၏၊ ဤသို့ကာမဇောတခုယုတ်(၃၀)နောက်မှာလိုက်၍၊(၂)ကြိမ်ကျတတ်၏၊ ထို့ကြောင့်၊

ဇဝနာနုဗန္ဓာနိစဠွေတဒါရမ္မဏပါကာနိယထာရဟံပဝတ္တန္တိ၊
ဟု-သင်္ဂြိုဟ်၌ဆိုလေသည်၊

မင်းပိုးရာဇာနှင့်တူသော၊အပ္ပနာဇောနောက်မှာကား လိုက်၍မဖြစ်ချေ၊
ထို့ကြောင့်၊ သင်္ဂဟ၌၊

အပ္ပနာဇဝနဝါရေပန,ဝိဘူတာဝိဘူတာဘောဒေါနတ္ထိ၊
တထာ,တဒါလမ္ဗဏုပ္ပါဒေါစ၊ ၊ဟုမိန့်ဆို၏၊

ထို့ကြောင့်၊ကာမဇောလဲဖြစ်ပါမှ၊တဒါရုံကျ၏၊ အပ္ပနာဇောဝါရမှာ၊တဒါရုံမကျ၊ ဟုဆိုလေသည်၊ (တဒါလမ္ဗဏနိယာမ အကျဉ်းပြီး၏၊)

## ဇ ဝ န နိ ယာ မ ။

ဤဇဝနနိယာမ၌၊ လက်ာမရေးတော့ပြီ၊အဘယ့်ကြောင့်ဆိုသော်၊နောက်ကဆိုခဲ့ပြီးသောလက်ာများ၌၊ ဆိုင်ရာဆိုင်ရာ ပါပြီးဖြစ်သောကြောင့်၊ မရေးတော့ပြီ၊ ၊ကာမဇောတို့ဖြစ်ပုံအကြိမ်ကို–ခွန်နှစ်ကြိမ်ဇော၊ ဆိုသောပိုဒ်အဖြေ၌ရေးခဲ့ပြီ၊

## အပ္ပနာဇော—တကြိမ်ကျသောနေရာမျိုးမှာ။

(၁၉၆) "အာဒိကမ်မှာ၊ ရျာန်တစ်သာ"၊
(၁၉၉) "မဂ်တစ်နောက်မှာ"
(၂၀၆) "အဘိညာဏ်ဇောမှာတကြိမ်သာ"၊
(၂၁၀) "ထမြောက်မိုလ်တစ်"၊

ဤ(၄)ချက်ကိုစဉ်းစား၍၊ နောက်မှာဆိုခဲ့သောအတိုင်းဖြေလေ–လွယ်ပြီ၊

အပ္ပနာဇော (၂) ကြိမ်ကျသော နေရာမျိုးကို ထုတ်ပြပါ?

(၁၉၉) "ဒါန်မှာဖိုလ်နှစ်"၊
(၂၁၀) "နေရျာန်ကျကြွ၊ နှစ်ကြိမ်၏နောက်"၊

ဤအချက်ကိုစဉ်းစား၍အဖြေထုတ်လေ–လွယ်ပြီ၊

အပ္ပနာဇော (၃) ကြိမ်ကျသောနေရာမျိုးကိုပြောပြပါ?

(၁၉၉) "ခိုဝ်သုံးလှစ်" ဆိုသောအချက်ကိုစဉ်းစား၍ဖြေပါ၊

အပ္ပနာဇောအကြိမ်များစွာကျသောနေရာမျိုးကိုထုတ်ပြပါ?

(၁၉၆) "သမာ-များစွာစော"၊
(၂၀၃) "ဖြစ်ရေးဖိုလ်များစွာ"၊

ဤ(၂)ချက်ကိုစဉ်းစား၍အဖြေထုတ်လေ၊ လွယ်ပြီ၊

ကာမဇောသည်၊ ၃-ကြိမ်၊ ၄-ကြိမ်၊ ၅-ကြိမ်၊ ၆-ကြိမ်၊ ၇-ကြိမ်ကျနိုင်၏၊ ၃-ကြိမ် အောက်၊ ၇-ကြိမ်အထက်ပို၍-ယုတ်၍ မကျနိုင်၊ အပ္ပနာဇောသည်၊ တကြိမ်ကစ၍၊ အကြိမ်များစွာဖြစ်နိုင်သည်၊

(၂၂၄) ၃-ကခွန်ကျ၊ ဇောကာမ၊ တစ်ကများစွာအပ္ပနာ၊

{၃၇} သတ္တက္ခတ္တုံပရိတ္တာနိ၊ မဂ္ဂါဘိညာသကိံ မတာ။
အဝသေသာနိလဗ္ဘန္တိ၊ ဇဝနာနိဗဟူနိပိ။ ။

ပရိတ္တာနိ၊ ကာမာဝစရဇောတို့ကို၊ ဥက္ကံသကောဋိယာ၊ အလွန်အားဖြင့်၊ သတ္တက္ခတ္တုံ၊ ပကတိအခါ၌ ၇ ကြိမ်၊ မတာ, မတာနိ၊ သိအပ်ကုန်၏၊ ဟေဋ္ဌိမကောဋိယာ၊

အယုတ်အားဖြင့်၊ဆပဥ္စတုတိကွတ္တုံ၊မုန္တာကာလ၌(၆)ကြိမ်၊ မရဏာသန္နအခါ(၅)
ကြိမ်၊ ဘုရားရဟန္တာတို့၊တန်ခိုးပြသောအခါ၊ ပစ္စဝေက္ခဏာဇော(၄)ကြိမ်(၅)ကြိမ်၊
အပ္ပနာ၏ရှေ့အဘို့၌၊(၄)ကြိမ်(၃)ကြိမ်သောဇောတို့ကို၊ မတာ,မတာနိ၊သိအပ်ကုန်၏၊
မဂ္ဂါဘိညာ၊မဂ်ဇောအဘိညာဏ်ဇောတို့ကို၊သကိံ၊တကြိမ်သာကျ၏ဟူ၍၊မတာ၊
သိအပ်ကုန်၏၊အဝသေသာနိ၊မဂ်ဇောအဘိညာဏ်ဇောတို့မှကြွင်းကုန်သော၊ဇဝနာနိ၊
ဈာနသမာပတ္တိ၊ဖလသမာပတ္တိဝိထိ၌ဖြစ်သော၊ မဟာဂ္ဂုတ် လောကုတ္တရာဇောတို့သည်၊
ဗဟူနိပိ၊အကြိမ်များစွာဖြစ်ခြင်းတို့ကိုလည်း၊လဗ္ဘန္တိ၊ရအပ်ကုန်၏၊ ဧကေဝါရံပိ၊အာဒိ
ကမ္မိကဝိထိ၌၊မဟာဂ္ဂုတ်ဇောတို့၏တကြိမ်ဖြစ်ခြင်း၊နိရောဓသမာပတ်မှထသောအခါ၊
အထက်ဖိုလ်(၂)ပါးတို့၏တကြိမ်ဖြစ်ခြင်းကိုရင်း၊နွတ္တိကွတ္တုံပြီ၊မဂ်(၄)ခုတို့၏အခြားမဲ့
၌၊ဖိုလ်(၄)ခုတို့၏၊(၂)ကြိမ်(၃)ကြိမ်ဖြစ်ခြင်းကိုရင်း၊လဗ္ဘန္တိ၊ရအပ်ကုန်၏၊ {ဤကား၊
ဋီကာနက်၊}

ဇာဝနနိယာမပြီး၏။

## ပုဂ္ဂိုလ်စိတ်ရ။

(၂၂၅) အသောဘဏာတွင်၊ဟာသိကြည်၊ရှစ်အင်ကုသိုလ်(ဒုံ၊)
(၂၂၆) ဒွိသန္တေချယ်၊သုံ,ဒွိ,ဝယ်၊လေးဆယ်နှင့်တခု၊
(၂၂၇) တိဟိတ်မှာကား၊လေးဆယ့်ငါး၊ထည့်ပြားတိသန္တေ၊
(၂၂၈) ဒိဋ္ဌိသံ,ဝိစိ၊ဟာသိပယ်ထုတ်၊နုတ်၍အကျန်၊အသောဘဏ်နှင့်၊
ရှစ်တန်ကုသိုလ်၊ဝိပါက်ဖိုလ်၊နှစ်ကိုယ်သောသပေ၊
(၂၂၉) အနာဂါမ်ဝယ်၊ဒေါသနွေးပယ်၊သုံးဆယ်ကိုးခုနေ၊
(၂၃၀) ရဟန္တာဝယ်၊(၃၅)ခု၊ကုအကုပယ်၊ကာမဝယ်၊ထဲ့ချယ်ငါမိဖိုလ်၊
(၂၃၁) ဈာန်ရသိလို၊တိအောက်ဖိုလ်၊ကုသိုလ်မဟာဂ်သွင်း၊
(၂၃၂) ရဟန္တာဈာန်ရ၊သိလိုက၊ကြိယာမဟာဂ်သွင်း၊
(၂၃၃) မဂ်ပုဂ္ဂိုလ်ထေး၊မဂ်စိတ်လေး၊ဧဧကိုယ်စီရှင်း၊
(၂၃၄) ကာမဘုံဝယ်၊စိတ်ရချယ်၊ဤဝယ်နိဋ္ဌိတာ၊

ကာမဘုံအတွက်ပြီး၏။

ဒွဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ မဂ်ပုဂ္ဂိုလ်(၄)ယောက်၊ ဖိုလ်ပုဂ္ဂိုလ်(၄)ယောက်၊ဤသို့ပုဂ္ဂိုလ်(၁၂)ယောက်ရှိလေရာ၊

ဒုဂ္ဂတိပုဂ္ဂိုလ်မှာ၊ ဟသိတုပ္ပါဒ်ကြဉ်သော၊ အသောဘဏစိတ် (၂၉) ပါး၊ မဟာကုသိုလ်(၈)ပါး၊ ဤ(၃၇)ပါးသောစိတ်ကိုရအပ်၏၊

ဒွိသန္ဓေဆိုသည်မှာ၊ ဒွိဟိတ်ပဋိသန္ဓေဖြစ်သော၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်(၄)ပါးကိုဆိုသည်၊ ထို(၄)ပါးကို ယှဉ်(၃၇)ထဲမှာထဲ့လျှင်၊ (၄၁)ပါးသောစိတ်တို့ကို၊ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်(၂)ယောက်တို့မှာ-ရအပ်၏၊

{ ဤပုဂ္ဂိုလ်-၃-ယောက်တို့ကား၊ဈာန်မရကောင်းသောပုဂ္ဂိုလ်တို့တည်း၊ }

တိဟိတ်၊သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာငါးယောက်တို့ကား၊ဈာန်ရ၊ဈာန်မရဟူ၍(၂)မျိုးရှိရာ၊ဈာန်မရသောပုဂ္ဂိုလ်(၅)ယောက်ကိုဖွေးဦးစွာဆိုအံ့၊

(၂၂၇) တိဟိတ်ဈာန်မရသောပုဂ္ဂိုလ်မှာ၊ယှဉ်(၄၁)တွင်၊ တိဟိတ်ပဋိသန္ဓေစိတ်ဖြစ်သော၊မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်(၄)ပါးထဲ့(၄၅)ပါးရ၏၊

(၂၂၈) ဒိဋ္ဌိသမ္ပယုတ်(၄)ပါး၊ဝိစိကိစ္ဆာစိတ်(၁)၊ဟသိတုပ္ပါဒ်(၁)၊ ဤ(၆)ပါးကြဉ်သော၊အသောဘဏ(၂၄)ပါး၊မဟာကုသိုလ်(၈)မဟာဝိပါက်(၈) ဤ(၄၀)တို့တွင်၊ သောတာပန်မှာ၊သောတာပတ္တိဖိုလ်ထဲ့၍(၄၁)ပါးရ၏၊ သကဒါဂါမ်မှာ၊ သကဒါဂါမိဖိုလ်ထဲ့၍(၄၁)ပါးပင်ရ၏၊ ထို့ကြောင့်၊ (နှစ်ကိုသော,သ,ပေ )ဟုဆို၏၊

(၂၂၉) အနာဂါမ်မှာ၊ ယှဉ်(၄၀)တို့တွင်၊ဒေါသမူနွေးကိုထင်ပယ်၍၊ အနာဂါမိဖိုလ်ထဲ့၍၊(၃၉)ပါးရ၏၊

(၂၃၀) ရဟန္တာမှာ၊ ကာမစိတ်(၅၄)ပါးတို့တွင်၊ ကုသိုလ် အကုသိုလ်(၂၀)ပယ်၍၊ (၃၄)ပါးတွင်၊အရဟတ္တဖိုလ်ထဲ့၍၊(၃၅)ပါးရ၏၊

(၂၃၁) ဈာန်ရသော တိဟိတ်၊သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့၏ စိတ်ရမှာ၊ဈာန်မရသောပုဂ္ဂိုလ်တို့၏ စိတ်ရတွင်၊ မဟဂ္ဂုတ်ကုသိုလ်(၉)ပါးထဲ့၍၊တိဟိတ်မှာ(၅၄)ပါး၊သောတာပန်၊သကဒါဂါမ်တို့မှာ(၅၀)စီ၊ အနာဂါမ်မှာ (၄၈) ပါးရကြ၏၊

(၂၃၂) ဈာန်ရ,ရဟန္တာပုဂ္ဂိုလ်မှာ၊ ဈာန်မရသော ရဟန္တာပုဂ္ဂိုလ် စိတ်ရ(၃၅)ပါးတွင်၊မဟဂ္ဂုတ်ကြိယာ(၉)ပါးထဲ့၍(၄၄)ပါးရ၏၊

(၂၃၃) မဂ်ပုဂ္ဂိုလ်(၄)ယောက်မှာကား၊ ဘယ်တုံမဆို၊အသီးအသီး၊ မိမိတို့မဂ်စိတ် တပါးကိုသာရကြလေသည်၊ ထိုဖြစ်၍၊ရူပဘုံ,အရူပဘုံတို့မှာလဲ၊ မဂ်ပုဂ္ဂိုလ် တို့ကိုမဆိုပြီ၊

{ ကာမဘုံအတွက်ဇယား။ }

| | ဈာန်မရ | | | | | | | | ဈာန်ရ | | | | | * |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အမည်၊ | ဒုဂ္ဂတိ | သုဂတိ | ဒွိဟိတ် | တိဟိတ် | သောတာပန် | သကဒါဂါမ် | အနာဂါမ် | ရဟန္တာ | တိဟိတ် | သောတာပန် | သကဒါဂါမ် | အနာဂါမ် | ရဟန္တာ | ပေါင်း |
| အကုသိုလ် | ၁၂ | ၁၂ | ၁၂ | ၁၂ | ၇ | ၇ | ၅ | + | ၁၂ | ၇ | ၇ | ၅ | + | ၁၂ |
| အဟိတ် | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၈ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၈ | ၁၈ |
| ကာမာဝစရ သောဘဏ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ------ | ၈ | ၈ | ၈ | ၈ | ...... | ၂၄ |
| | ...... | ၄ | ၄ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | |
| | ...... | ------ | ------ | ------ | ------ | ------ | ------ | ၈ | ------ | ------ | ------ | ------ | ၈ | |
| မဟဂ္ဂုတ် | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ၉ | ၉ | ၉ | ၉ | ...... | ၁၈ |
| | ------ | ------ | ------ | ------ | ------ | ------ | ------ | ...... | ------ | ------ | ------ | ------ | ...... | |
| | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ၉ | |
| လောကုတ္တရာ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ------ | ၈ |
| | ------ | ------ | ------ | ------ | ၁ | ၁ | ၁ | ၁ | ------ | ၁ | ၁ | ၁ | ၁ | |
| ပေါင်း ------ | ၃၇ | ၄၁ | ၄၁ | ၄၅ | ၄၁ | ၄၁ | ၃၉ | ၃၅ | ၅၄ | ၅၀ | ၅၀ | ၄၈ | ၄၄ | ၈၀ |

အထက်ပါပုံမှာ၊မဟဂ္ဂုတ်ဝိပါက်(၉)ပါးသည်၊ကာမဘုံမှာမဖြစ်ခြင်းကြောင့်၊စိတ်(၈၀)သာဖြစ်သည်။ မဂ်ပုဂ္ဂိုလ် (၄)ယောက်ရသောမဂ်စိတ် (၄)ပါးထဲ့၍ပေါင်းပါ၊လွယ်၍ဇယားနှင့်မထဲ့လေပြီ၊

## ရူပဘုံ အတွက်။

(၂၃၅) ရူပတိဟိတ်၊ စိတ်ရသဘော၊ သုံးကြိုးဟောတော့၊ လော, မော, စက်, သော, ဝုဋ္ဌော,မနောဓါတ်၊သုံးရပ်သန္တီ၊လောကီကုသိုလ်၊ဝိပါက်ကို၊ ကိုယ်စီထဲ့ယူဟော၊

(၂၃၆) ရူပအောက်ဖိုလ်၊သုံးယောက်ကိုဘား၊၃၅-ရ၊လောဘမူဝယ်၊ဒိဋ္ဌိသံ,ပယ်၍၊ မောဝယ်ဝိစိ၊ကိုယ့်ဖိုလ်ထည့်၊ပြောဘိအလွယ်သာ၊

(၂၃၇) ရူပ်ရဟန္တာ၊ဃာ,ဇိ,ကာပြစ်၊ ၁၂-အဟိတ်၊ကြိစိတ်နှင့်၊ ဖိုလ်စိတ်ဝိပါက်၊ ပေါင်း၍တွက်၊မခက်အလွယ်ပါ၊

(၂၃၈) ရူပဘုံအတွက်မှာ၊ သတိထားဘို့ရန် လိုရင်းအချုပ်က၊ပဌမဈာန်(၃)ဘုံသားများက၊ ပဌမဈာန်ဝိပါက်စိတ်နှင့်၊ပဋိသန္ဓေနေသည်၊ ဒုတိယဈာန်သုံးဘုံသားများက၊ ဒုတိယဈာန်ဝိပါက်၊တတိယဈာန်ဝိပါက်(၂)ပါးတို့တွင်၊တပါးပါးဖြစ်နေသည်၊ တတိယဈာန်(၃)ဘုံသားများက၊စတုတ္ထဈာန်ဝိပါက်၊စတုတ္ထဈာန်(၆)ဘုံသားများက၊ပဉ္စမဈာန်ဝိပါက်ဖြင့်၊ပဋိသန္ဓေနေသည်၊ ဤအချက်ကို ရှေးဦးစွာသိထားမှ၊ မည်သည့်ဘုံသားဖြစ်လျှင်၊မည်သည့်ဝိပါက်ထည့်ရမည်ဟု၊ကျပ်ကျပ်ကြီးသတိပြုပါ၊ ဤရူပဘုံမှာကား၊ဈာန်မရဟူ၍မရှိ၊ဈာန်ရချည်းပင်ဖြစ်၏၊ရူပတိဟိတ်ပုဂ္ဂိုလ်မှာ၊လောဘမူ(၈)မောဟမူ(၂)စက္ခုဝိညာဏ်(၂)သောတဝိညာဏ်(၂)ဝုဋ္ဌော(၁)မနောဓါတ်(၃) သန္တီရဏ(၃)လောကီကုသိုလ်(၁၇) ဤ(၃၈)ပါးတို့ကိုအရင်းခံထား၍၊ အသီးအသီးမိမိဘုံဝိပါက်ကို-ကိုယ်စီထဲ့၍၊ရူပတိဟိတ်(၁၀)ယောက်မှာ၊(၃၉)ပါးစီရ၏ ဟုမှတ်၊ ဆယ်ယောက်လုံးပေါင်းလျှင်(၃၈)ပါးတွင်၊ရူပဝိပါက်(၅)ပါးလုံးထဲ့၍(၄၃)ပါးရ၏၊

ရူပဘုံက၊သောတာပန်{၁၀}ယောက်၊ သကဒါဂါမ်{၁၀}ယောက်၊ အနာဂါမ်{၁၅}ယောက်ရှိ၏၊ ထိုအောက်ဖိုလ်ပုဂ္ဂိုလ်[၃]မျိုးတို့မှာ၊ ယှဉ်{၃၉}တို့တွင်၊ လောဘမူစိတ်ထဲက၊ဒိဋ္ဌိသမ္ပယုတ်{၄} မောဟမူစိတ်ထဲက၊ဝိစိကိစ္ဆာ{၁}ခုကိုပယ်၍[၃၄]ပါးအကျန်တွင်၊အသီးအသီးမိမိတို့ဖိုလ်စိတ်{၁}ပါးထဲ့၍[၃၅]ပါးစီဖြစ်၏၊

ရူပဘုံက, ရဟန္တာ{၁၅}ယောက်မှာ၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ကြဉ်သောအဟိတ်{၁၂}ပါး၊သဟိတ်ကြိယာ{၁၇} အရဟတ္တဖိုလ်စိတ်(၁) မိမိဘုံဝိပါက်{၁}ပါးနှင့်တကွ၊{၃၁}ပါးစီရ၏၊

## ရူပဘုံအတွက်=ပုဂ္ဂိုလ်စိတ်ရဇယားပုံ။

| အမည် | တိဟိတ် | သောတာ | သကဒါ | အနာဂါမ် | ရဟန္တာ | ပေါင်း |
|---|---|---|---|---|---|---|
| အကုသိုလ် | ၁၀ | ၅ | ၅ | ၅ | ----- | ၁၀ |
| အဟိတ် | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၂ | ၁၂ |
| ကာမာဝစရ သောဘဏ | ၈ | ၈ | ၈ | ၈ | ၈ | ၁၆ |
| မဟာဂ္ဂုတ် | ၉<br>၁ | ၉<br>၁ | ၉<br>၁ | ၉<br>၁ | ၉<br>၁ | ၂၇ |
| လောကုတ္တရာ | ----- | ၁ | ၁ | ၁ | ၁ | ၄ |
| ပေါင်း | ၃၉ | ၃၅ | ၃၅ | ၃၅ | ၃၁ | ၆၅ |

မဂ်(၄)ပါးနှင့်ထဲ့၍ပေါင်းသော်၊ရူပဘုံမှာရသောစိတ်(၆၉)ပါးဖြစ်၏၊ မဂ်ပုဂ္ဂိုလ်(၄)ယောက်ကိုလွှယ်၍မထဲ့သည်၊

{ အဂပဟိတဂ္ဂဟာဏနည်းဖြင့်၊ပေါင်းပုံကိုသတိပြုပါ၊ }

### အရူပဘုံအတွက်။

(၂၃၈) အာကာတိဟော၊ နှစ်လေးပြောတော့၊ ထော,မော,ဝုဋ္ဌာ၊ရှစ်ဖြာကာကု,အရူကုလေး၊အာဝိဇ္ဇေ၊ပြောရေးအလွယ်ပါ၊

(၂၃၉) ဒိဋ္ဌိသံ,ဝိ,ပယ်၊ဖိုလ်ထဲ့ချယ်၊ ၂၀-အောက်သုံးမှာ၊

(၂၄၀) ဝိဥ်,အာ,နေ,ကို၊ထိပြန်လို၊ကုသိုလ်အောက်အောက်ပယ်၊

(၂၄၁) အာကာသာနဥ္စာ၊ရဟန္တာ၊ရတာဆဲ့ငါးသွယ်၊

(၂၄၂) အရူပကြိ,၊ကာမကြိ,၊ဝုဋ္ဌ,ဝိ,သုံ့ဖိုလ်ချယ်၊

(၂၄၃) ဝိဥ်,အာကိဥ်,နေ၊ရဟန်းတွေ၊ကြိယေအောက်အောက်ပယ်၊

အာကာသာနဉ္စာယတနဘုံက၊ တိဟိတ်ပုဂ္ဂိုလ်မှာ၊ လောဘမူ(၈) မောဟမူ(၂) ဝုဋ္ဌော(၁) ကာမကုသိုလ်(၈) အရူပကုသိုလ်(၄) အာကာသာနဉ္စာယတနဝိပါက်(၁) ဤ(၂၄)ပါးသောစိတ်ကိုရသည်၊

၎င်းဘုံက၊ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊(၃)ယောက်တို့မှာ၊ဤ(၂၄)ပါးတို့တွင်၊ ဒိဋ္ဌိသမ္ပယုတ်-၄-ပါး၊ ဝိစိကိစ္ဆာ(၁)ပါးကိုပယ်၍၊ မိမိတို့ဖိုလ်စိတ်တပါးစိထဲ့၍၊(၂၀)စီရကြသေ၏၊

{ အာကာသာနဉ္စာယတနဘုံက ရဟန္တာမှာ၊(၁၅)ပါးသာရလေ၏၊ }

၁၅-ပါးကား၊အရူပကြိယာ(၄)ပါး၊ကာမကြိယာ(၈)ပါး၊ဝုဋ္ဌော(၁)ပါး၊ အာကာသာနဉ္စာယတနဝိပါက်(၁)ပါး၊အရဟတ္တဖိုလ်စိတ်(၁)ပါး၊ ပေါင်း(၁၅)ပါးဖြစ်လေ၏၊

အထက်ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊နေဝသညာနာသညာယတနဘုံမှာရှိသော၊ တိဟိတ် အောက်ဖိုလ် (၃)ယောက်တို့၏ စိတ်ရကိုသိလိုလျှင်၊ အောက်အောက်ဖြစ်သော၊အရူပကုသိုလ်ကိုပယ်၍သိလေ၊တခုစီရော့၍ရော့၍သွား၏၊

--:ဝ:{ လွယ်ပြီ၊ }:ဝ:--

ရဟန္တာပုဂ္ဂိုလ်တို့စိတ်ရသိလိုလျှင်၊ အောက်အောက် အရူပကြိယာတို့ကိုပယ်၍၊ တခုစီလျှော့၍သိလေ၊လွယ်ပြီ၊အောက်ပါဇယားပုံမှာသေချာစွာကြည့်ရှုကြံစီလေဦး၊

အရူပဘုံအတွက်—ပုဂ္ဂိုလ်စိတ်ရဇယားပုံ။

| အမည် | တိဟိတ် | သောတာပန် | သကဒါဂါမ် | အနာဂါမ် | ရဟန္တာ | ပေါင်း |
|---|---|---|---|---|---|---|
| နေဝသညာနာသညာ | ၂၀ | ၁၇ | ၁၇ | ၁၇ | ၁၂ | ၂၀ |
| အာကိဉ္စညာယတန | ၂၂ | ၁၈ | ၁၈ | ၁၈ | ၁၃ | ၂၂ |
| ဝိညာနဏဉ္စာယတန | ၂၃ | ၁၉ | ၁၉ | ၁၉ | ၁၄ | ၂၃ |
| အာကာသာနဉ္စာယတန | ၂၄ | ၂၀ | ၂၀ | ၂၀ | ၁၅ | ၂၄ |

အထက်ဘုံတို့မှာ၊ တခုတခုလျှော့ခြင်းမှာ၊တိ၊သော၊သ၊နာ၊ ဤလေးယောက်တို့မှာ၊အရူပကုသိုလ်(၄)ပါးရှိရာ၊အောက်ဆုံးဘုံမှာ(၄)ပါးလုံးရ၏၊ဒုတိယဘုံမှာ(၃)ပါး

သာရတော့၏၊တတိယဘုံမှာ၊၂-ပါး၊စတုတ္ထဘုံမှာ၊၁-ပါးသာရတော့၏၊ ။ရူပာဝစရ ဝုဂ္ဂိုလ်စိတ်ရ(၁၅)ပါးထဲ ကလည်း၊အရူပကြိယာ(၄)ပါးမှာ၊တခုတခုလျှော့၍ယူလေ၊ ကိုယ့်ဘုံမှာ ကိုယ့်ဝိပါက်ရသည်ကိုလဲ၊ သတိပြုလေ၊ ပြထားသော{ဂဏန်း}များကို၊ မည်သည့်စိတ်၊မည်သည့်စိတ်ဟူ၍၊စေ့အောင်ရေတွက်လေ၊ အလွန်လွယ်လေပြီ၊

(၅၈) အသေက္ခာနံ,စတုစတ္တာလီသ,သေက္ခာနမုဒ္ဒိသေ။
ဆပညာသ,ဝသေသာနံ၊စတုပညာသ,သမ္ဘဝါ။ ။

အသေက္ခာနံ၊ ဈာန်မရ,ဈာန်ရ,ကာမရူပာဝစရနှင့်တကွ၊ရူပအရူပရူပာဝစရပုဂ္ဂိုလ်၊ (၂)ယောက်တို့အား၊ စတုစတ္တာလီသ၊ (၄၄)ပါးသောစိတ်တို့ကို၊ ဝါ၊ကာမဝိပါက် (၂၃)ဖြာ၊ကြိယာ(၂၀)ဖိုထ်တသွယ်နှင့်၊(၄၄)ပါး၊ စိတ်တရားတို့ကို၊ သမ္ဘဝါ၊ယထာ သမ္ဘဝံ၊ဖြစ်သင့်သည်အားလျော်စွာ၊ ဥဒ္ဒိသေ၊ ပြရာ၏၊ ဝါ၊ ဈာန်မရကား(၃၅)တည်း၊ မှတ်သားတရေး(၄၄)မှာ၊ဈာန်ရသာတည်း၊ရူမှာသုံးဆဲ့တစ်၊အရူဖြစ်ကာ၊ပဉ္စရ၊ရဒ္ဒသ်၊ တေရသ်(၁၂)ကိုယ်စီဖြစ်၏ဟု၊စင်စစ်သေချာခွဲပြရာ၏၊ သေက္ခာနံ၊အောက်ဖိုလ်(၃) ယောက်၊ မဂ်လေးယောက်ဟု ဆိုအပ်သော၊(၇)ယောက်သော သေက္ခပုဂ္ဂိုလ်တို့အား၊ ဆပညာသ၊(၅၆)ပါးသောစိတ်တို့ကို၊ ဝါ၊ဒိဋ္ဌိ,သံ,ဝိစိ,ဟသိပယ်ထုတ်၊နုတ်၍အကျန်၊ အသောဘဏ်နှင့်၊ရှစ်တန်ကုသိုလ်၊ဝိပါက်ဖိုလ်နှင့်၊ကုသိုတ်မဟာဂ်ပါ၊ သောတာပန်ရ၊ ဝိတ္တ(၅၀)ငင်းဝယ်လည်း(၄)သွယ်မဂ္ဂ၊ဖလ(၂)သွယ်၊ထပ်၍ချယ်သော်(၅၆)ပါး၊စိတ် တရားတို့ကို၊သမ္ဘဝါ,ယထာသမ္ဘဝံ၊အနာဂါမ်ဝယ်၊ဒေါသွေးပယ်၍၊(၄)သွယ်မဂ္ဂ၊ဗုဂ္ဂလ မှာ၊တစ်စီသာတည်း၊ ရူပါရူပ ဘုံဘဝမှာ၊ မရရာကို၊ သေချာတွေးချင့်၊ဖြစ်သင့်သည် အားလျော်စွာ၊ဥဒ္ဒိသေ၊ပြရာ၏၊

အဝသေသာနံ၊ဒု-သု-ဒွိ-တိ-ဟုဆိုအပ်သော၊ကြွင်းသောပုထုဇန်လေးယောက်တို့ အား၊စတုပညာသ၊ကာမစိတ်ဝယ်၊ကြိဖောပါယ်၍၊ ၉-သွယ်မဟဂ်၊ ကုသိုလ်စွက်၍၊ (၅၄)ပါးသောစိတ်တို့ကို၊သမ္ဘဝါ,ယထာသမ္ဘဝံ၊ဒုဂ္ဂတိမှာ၊မဟာဝိမဟာဂ်ကု၊ပယ်ကြဉ် ပြု၍၊ဒွိ,သု,နှစ်မှာ၊ဝိပါညာဏ်သံ၊ ၉-တန်မဟာဂ်ကု၊ ပယ်ကြဉ်မှုနှင့်၊တိ,တခုမှာကား ၄၅-ဟု၊ရမှုတွက်ချင့်၊ဖြစ်သင့်သည်အားလျော်၊ဥဒ္ဒိသေ၊ပြရာ၏၊

-÷×{ ပုဂ္ဂိုလ်စိတ်ရပြီး၏၊ }×÷-

## ဘုံ စိ တ် ရ ။

(၂၄၄) မဟာဂ်ဝိပယ်၊ကျန်(၇၀)၊ကာဝယ်အကုန်ရ၊
(၂၄၅) အရူပိပါ၊ဒေါ်,ဃာနာဒိ,၊မဟာဝိပယ်,၊အကျန်ဝယ်၊ခြောက်ဆယ်ကိုးရှုပ၊
(၂၄၆) အမြဲမမှို၊ရုံခါမြိကို၊နှစ်ထီပေါင်းပါ၊ဆစတ္တာ၊ရပါအရှုပ၊

ဘုံစိတ်ရဆိုသည်မှာ၊ စင်စစ်အားဖြင့်၊ ဘုံသည်အသက်မရှိသော အဝိညာဏက ဖြစ်၍၊ဘုံမှာစိတ်မရချေ၊ ထိုသို့မရသော်လဲ၊ ထိုဘုံ၌ရှိသောပုဂ္ဂိုလ်တို့မှာ၊ရသောစိတ်တို့ကိုရပေါင်း၍၊ရေတွက်ထားသောစိတ်ကိုပင်၊ဌာနျူပစာရအားဖြင့်၊ဘုံစိတ်ရဟု ဆိုလေသည်၊

(၂၄၄) ကာမဘုံမှာ၊မဟဂ္ဂုတ်ဝိပါက်(၉)ချကြဉ်၍၊ကျန်(၇၀)ကိုရ၏၊
(၂၄၅) ရှုပဘုံမှာ၊အရူပဝိပါက်(၄)ချ၊ဒေါသမူနွေး၊ ဃာန၊ဇိဂ္ဂါ၊ ကာယဝိညာဏ် ၆-ပါ၊၊မဟာဝိပါက်(၈)ချ၊၍(၂၀)ကြဉ်၍၊(၆၉)ပါးရလေ၏၊
(၂၄၆) အရူပဘုံမှာ၊ ဝဋ္ဋုရုပ်ကိုရုံခါမြို၍၊ ရုံခါမမြိုသောစိတ်(၄၂)ပါး၊ အမြဲမမြို သောစိတ်(၄)ပါး၊ ၍(၄၆)ပါးသော၊ မနောဝိညာဏဓါတ်ခေါ်သော စိတ် များကိုရအပ်၏၊

{၅၉} အသီတိဝီထိစိတ္တာနိ၊ကာမေ,ရူပေယထာရဟံ၊
စတုသဋ္ဌိ,တထာရူပေ၊ ဒွေစတ္တာလီသလဗ္ဘရေ။ ။
"အသညသတ္တာနံပန၊သဗ္ဗထာပိ,စိတ္တုပ္ပတ္တိနတ္ထေဝါတိ,,၊

ကာမေ၊ ကာမ(၁၁)ဘုံ၌၊ အသီတိဝီထိစိတ္တာနိ၊ မဟဂ်ဝိပယ်၊ကျန်(၈၀)သော ဝီထိစိတ်တို့ကို၊ ရထာရဟံ၊ ထိုက်သည့်အားလျော်စွာ၊ လဗ္ဘရေ၊ရအပ်ကုန်၏၊ ရူပေ၊ အသညသတ်ကြဉ်သော-ရှုပ(၁၅)ဘုံ၌၊ စတုသဋ္ဌိ၊ အရူပိပါ၊ဒေါ်,ဃာနာဒိ၊ မဟာဝိ ပယ်၊ ခြောက်ဆယ်လေးပါး၊ ဝီထိစိတ်တရားတို့ကို၊ ရထာရဟံ၊ စွာ၊ လဗ္ဘန္တိ၊ရအပ် ကုန်၏၊တထာ၊ထို့အတူ၊အရူပေ၊အရူပ(၄)ဘုံ၌၊ဒွေစတ္တာလီသ၊ဝဋ္ဋုရုပ်စီ၊ ရုံခါမြိုလစ်၊ လေးဆဲ့နှစ်ပါး၊ ဝီထိစိတ်များတို့ကို၊ ရထာရဟံ၊ ထိုက်သည့်အားလျော်စွာ၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏၊

အသညသတ္တာနံပန၊ အသညသတ်ပုဂ္ဂိုလ်တို့အား၊ သဗ္ဗထာပိ၊အခါခပ်သိမ်းလည်း၊ စိတ္တုပ္ပတ္တိ၊ စိတ်တို့၏ဖြစ်ခြင်းသည်၊နတ္ထေဝ၊မရှိသည်သာလျှင်တည်း၊

ဤဂါထာ၌၊စတုသဋ္ဌိအရနှင့်-ဒွေစတ္တာဠီသ အရတို့မှာ၊မဟဂ္ဂုတ်ဝိပါက်(၉)ပါး တို့သည်၊ဝီထိဝိတ်မဟုတ်၊ဒွါရဝိမုတ်စိတ်ဖြစ်၍မပါလေသည်၊ ဤဂါထာအရမှာကား၊ ဝီထိစိတ်သက်သက်ကိုသာ ရေတွက်သည်၊ရူပဘုံ၌ရသောဝီထိစိတ်(၆၄)ပါးတွင်၊ရူပ ဝိပါက်စိတ် ၅-ပါးထည့်လျှင်၊အားလုံးရူပဘုံမှာရသောစိတ်ပေါင်း(၆၉)ပါးဖြစ်လေ၏၊ အရူပဘုံမှာရသောဝီထိစိတ်(၄၂)ပါးတွင်၊အရူပဝိပါက်(၄)ပါးထည့်လျှင်၊အရူပဘုံမှာ ရသောစိတ်ပေါင်း၊(၄၆)ပါးဖြစ်လေ၏၊

{ ဤကဲ့သို့ပါဠိနှင့်လက်ာ၊ သချာခြင်းမတူသည်ကို၊ တူအောင်ကြံဆ၍ယူရမည်။ }

ရူပဘုံ အရူပဘုံ စိတ်ရကို၊ ရူပဝိပါက်၊ အရူပဝိပါက် တို့ကိုပယ်၍ဆိုသကဲ့သို့ ကာမဘုံမှာ၊ကာမ ဝိပါက်(၁၀) ကို၊အဘယ့်ကြောင့်ပယ်၍မဆိုသနည်း?

ရူပဝိပါက်၊အရူပဝိပါက်တို့ကား၊အခြင်းခပ်သိမ်း(၆)ဒွါရမှ လွတ်သည်၊ ကာမ ဝိပါက်(၁၀)ကား၊ရုံခါ(၆)ဒွါရမှလွတ်၍၊ ရုံခါတဒါရုံကိစ္စ၊ သန္တီရဏကိစ္စနှင့် ဖြစ်သောကြောင့်၊ပယ်၍မဆိုရချေ၊

## မ ရ ဏ ာ သ န္န ဝီ ထိ ။

(၆၀) ကာ-ကာ,သု-ရူ,သု-အရူစ,၊
ရူ-ရူ,ရူ-သု,ရူအရူစ၊
အရူ-အရူ,အရူ-သုစ၊
ပရိနိဗ္ဗာနံ,နဝဓါ၊ ။ (သင်္ခေပ-ရစနာဂါထာ၊)

(၁) ကာ-ကာ,ဆိုသည်မှာ၊ကာမ(၁၁)ဘုံမှ စုတိ၍၊ ကာမ(၁၁)ဘုံမှာ၊ပဋိသန္ဓေ နေလတ့်သောဝီထိ၊(၂)သု-ရူ,ဆိုသည်မှာ၊ ကာမသုဂတိ(၇)ဘုံမှစုတိ၍၊ ရူပ(၁၆)ဘုံ ၌ဖြစ်လတ့်သောဝီထိ၊(၃)သု-အရူ ဆိုသည်ကား၊ ကာမသုဂတိ(၇)ဘုံမှစုတိ၍၊ အရူပ (၄)ဘုံမှာဖြစ်လတံ့သောဝီထိ၊(၄)ရူ-ရူ-ဆိုသည်ကား၊ရူပ(၁၄)ဘုံမှစုတိ၍၊ရူပ(၁၅) ဘုံ၌ဖြစ်လတ့်သောဝီထိ၊ (၅)ရူ-သု၊ဆိုသည်ကား၊ ရူပ(၁၁)ဘုံမှစုတိ၍၊ကာမသုဂတိ (၇)ဘုံ၌ဖြစ်လတံ့သောဝီထိ၊ (၆)ရူ-အရူ,ဆိုသည်ကား၊ရူပ(၁၀)ဘုံမှစုတိ၍၊ အရူပ (၄)ဘုံ၌ဖြစ်လတံ့သောဝီထိ၊ (၇)အရူ-အရူ၊ဆိုသည်ကား၊အရူပ(၄)ဘုံမှစုတိ၍၊အရူ

ပ(၄)ဘုံ၌ ဖြစ်လတ့်သောဝိထိ၊ (၈)အရူပ-သု၊ ဆိုသည်ကား၊ အရူပ(၄)ဘုံမှ စုတိ၍၊ ကာမသုဂတိ (၇) ဘုံ၌ ဖြစ်လတ့်သောဝိထိ၊ (၉) ပရိနိဗ္ဗာန်စံလတ့်သော၊ ဘုရားရဟန္တာတို့၏၊မရဏာသန္နဝိထိ၊ ဤသို့-မရဏာသန္နဝိထိ(၉)မျိုးရှိလေ၏၊

## { ၁ } ကာမစုတိ = ကာမပဋိသန္ဓေ။

စက္ခုဒွါရ(၆)ပါး၊ ၆-ပါးဝိထိပြ၊

(၂၄၇) တီ-န-ဒ-ပ၊စ၊သံ-ဏ-ဝုဋ္ဌ-ဇော-၅-ဖြာ၊

(၂၄၈) တဒါ,ဘဝင်,ရ၊တဒါ,ရ,၊၂-ခုတိမဟန္တာ၊

(၂၄၉) ဇောဘဝင်ရ၊ဇောနှင့်ရ၊၂-ခုမဟန္တာ၊

(၂၅၀) သန္ဓိနောက်တွင်၊ ဘဝင် ၁၅၊ (၁၆) သွားထ၊ န၊ဒ၊မ၊ဇော၊၇-စော၊တ တောဘဝင်္ဂါ၊

(၂၅၁) ဝိထိ(၅)ရပ်၊ဆက်ခါစပ်၊ခြားလပ်မရှိပါ၊

ကာမဘုံမှစုတိ၍၊ကာမဘုံမှာ ပဋိသန္ဓေနေလတ့်သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိသည်လည်း၊စက္ခုဒွါရမရဏာသန္နဝိထိ(လ)မနောဒွါရမရဏာသန္နဝိထိအားဖြင့်၊၆-ပါးအပြားရှိ၏ စက္ခုဒွါရမရဏာသန္နဝိထိမှာလဲ၊ တဒါရုံနောင်ဘဝင်၊ဘဝင်နောင်စုတိကျသောဝိထိ၊တဒါရုံနောင်စုတိကျသောဝိထိဟူ၍၊အတိမဟန္တာရုံ၂,ဝိထိ၊ဇောနောင်ဘဝင်၊ဘဝင်နောင်စုတိကျသောဝိထိ၊ဇောနောင်စုတိကျသောဝိထိဟူ၍၊ မဟန္တာရုံ ၂,ဝိထိ၊ ဤသို့၊ စက္ခုဒွါရမှာ ၄,ဝိထိ၊သောတ၊ဃာန၊ဇိဝှါ၊ကာယတို့မှာလဲ၊၄,ဝိထိစီဖြစ်၍၊ ပဉ္စဒွါရမရဏာသန္နဝိထိ၂၀,ဖြစ်၏၊မနောဒွါရမှာလဲ၊ ဤနည်းအတိုင်း၊ဝိဘူတာရုံ ၂,ဝိထိ၊ အဝိဘူတာရုံ ၂,ဝိထိ၊ ပေါင်း၄,ဝိထိ၊ ၂,ရပ် ပေါင်းသော်၊(၂၄)ဝိထိဖြစ်၏၊ စုတိစိတ်ကျပြီးသည့်တပြိုင်နက်၊ရှေးဘဝမှာ၊ ပဋိသန္ဓေဝိထိဆက်ခါကျသွားလေ၏၊ (ပဋိသန္ဓေဝိထိပုံကား)ရှေးဦးစွာပဋိသန္ဓေစိတ်၊၎င်းနောက်အချို့သတ္တဝါဘဝင်(၁၅)ကြိမ်၊အချို့သတ္တဝါမှာ(၁၆)ကြိမ်ကျ၍၊ဘဝင်စလနာ၊ဘဝင်ုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ဇော(၇)ကြိမ်ကျ၍၊ ၎င်းနောက်၊ဘဝင်ကျသွားလေ၏၊ထိုဇော(၇)ကြိမ်ကား၊ ဘဝကိုတပ်မက်သော၊ ဘဝနိကန္တိက,လောဘဇော ၇ ကြိမ်တည်း၊ { ဝိထိပုံကိုကြည့်လေ၊ }




ဦး    ရွာအစ-တထွာပြုလျှင်၊
ကောသ  သတိုင်လောက်-ညာဏ်ပေါက်စေချင်၊
ဋီ    ထိသရုပ်-မရှုပ်ကြည်လင်၊
ဒ    ကာများ-သိကြားစေဘို့တွင်၊ ၊

ဘွင် ခြားသောနေရာမှာ၊ ဘွင်သည်တကြိမ်-နှစ်ကြိမ်မျှသာ မဟုတ်၊ ဖြစ်ချင်သလောက်ဖြစ်ပြီးမှ၊ ဝိထိစိတ်ဆိုသက်သည်၊ ဘွင်နှင့်ဝိထိစိတ်(၂)ခုရှိရာ၊ များသောအားဖြင့်၊ ဘွင်ကသာ၍အဖြစ်များသည်၊ တဒါရုံနောင်ဘွင်၊ဘွင်နောင်စုတိဆိုသောနေရာမျိုးကဲ့သို့၊ဘွင်တကြိမ်သာ ကျသောနေရာမျိုးက၊အလွန်နည်းပါးသည်၊ ဤမျှလောက်သောနည်းကိုမှီးသဖြင့်၊ကြွင်းသောပဉ္စဒွါရဝိထိများကိုလည်း၊နားလည်လောက်ပြီ၊မနောဒွါရ(၄)ဝိထိလဲ၊နောက်ကဆိုခဲ့သော၊ဝိဘူတာဝိဘူတဝိထိများကို၊နည်းမှီး၍ချသင့်လောက်ပြီ၊အလွန်ကျယ်မည်စိုး၍၊ဝိထိပုံတို့ကိုများစွာမထုတ်တော့ပြီ၊

—:ဝ:( အကျဉ်းကိုမြင်သဖြင့်-အကျယ်သိကြလေ ):ဝ:—

**ကာမ,စုတိ-ကာမ,ပဋိသန္ဓေဝိထိပြီး၏။**

---÷×o×÷---

(၁) ရူ-သု၊ ရူပစုတိ-ကာမသုဂတိပဋိသန္ဓေဝိထိ၊

(၂) သု-ရူ၊ ကာမသုဂတိစုတိ-ရူပ,ပဋိသန္ဓေဝိထိ၊

(၃) သု-အရူ၊ ကာမသုဂတိစုတိ-အရူပ,ပဋိသန္ဓေဝိထိ၊

(၄) ရူ-ရူ၊ ရူပစုတိ-ရူပ,ပဋိသန္ဓေဝိထိ၊

(၅) ရူ-အရူ၊ ရူပစုတိ-အရူပ,ပဋိသန္ဓေဝိထိ၊

(၆) အရူ-အရူ၊ အရူပစုတိ-အရူပ,ပဋိသန္ဓေဝိထိ၊

(၇) အရူ-သု၊ အရူပစုတိ-ကာမသုဂတိပဋိသန္ဓေဝိထိ၊

**(အထက်ပါစကားမှာ၊မာတိကာ ခေါင်းစဉ်ထားသည်၊ ကျက်ဘို့မဟုတ်)**

**ဆောင်ပုဒ်ကား။** (၂၁၂) ရူ-သု-၌သာ၊ကျရာတယော၊ စက်,သော,မနာ,ကြွင်း(၆)ဖြာ၊တစ်သာမနောတည်း ။ (၂၁၃) ဝိထိမှာတုံ၊အဖုံဖုံ၊အာရုံအသီးသီး

ရူ-သု-မှာသာ,စက္ခုဒွါရ၊သောတဒွါရ၊ မနောဒွါရဟူ၍၊ ၃-ဝိထိဖြစ်နိုင်သည်၊ကြွင်းသော (၆)မျိုးမှာကား၊မနောဒွါရဝိထိ (၁) ခုသာဖြစ်နိုင်သည်၊ ဝိထိပုံများမှာ၊ရှေးနည်းအတိုင်းပင်ချလေ၊ ရူပ—အရူပမှာ၊တဒါရုံမပါဘဲချလေ။ ဇော(၅)ကြိမ်တို့မှာ၊ကုသိုလ်(၈)ခုချလေ၊ ဝိထိက အမျိုးမျိုးအဖုံဖုံဖြစ်ခြင်းကြောင့်၊ အာရုံလဲအသီးအသီးဖြစ်သည်ကို သတိထား၍။ အာရမ္မဏသင်္ဂဟအတိုင်း၊ အာရုံပြပုံကိုသိလေ၊ ရူသု—မှာ စက္ခုဒွါရ (၄)ဝိထိ သောတဒွါရ(၄)ဝိထိ မနောဒွါရ၊(၄)ဝိထိ၊ ၁၂—ဖြစ်၏၊ ကြွင်း (၆)မျိုးမှာ၊မနောဒွါရ (၄)ဝိထိသာဖြစ်၏။


ရူပဘုံမှ ရုတိ၍ ကာမသုဂတိ
ရ-ဘုံမှာ ဒွိဟိတ်၊ တိဟိတ်
အဖြစ်ဖြင့် ပဋိသန္ဓေနေသော
ရူပဘုံ နှင့် ကာမဘုံ
သံသရာစက်ကြီးလယ်ပုံ
ဤပုံကြီးမှာ ပဝတ္တိအခါ ပဉ္စဒွါရဝိထိ
မနောဒွါရဝိထိပုံများကို မထဲ့ဘဲ ဖြတ်
ထားသည်

# ပရိနိဗ္ဗာနဝီထိ။

(၂၅၄) သုက္ခလေးဝီ၊ ဈာန်လေးဝီ၊ ပရိ-ချုပ်ဖြာ၊

(၂၅၅) သုက္ခလေးမှာ၊ မနောဒွါ၊ မှတ်ပါရှေးနည်းသာ၊

(၂၅၆) ဈာန်,မဂ္ဂနိ၊ ပစ္စဝေက္ခ၊ ဘိညာဏ်-ဈာန်လေးဖြာ၊

ပရိနိဗ္ဗာနဝီထိဆိုသည်မှာ ဘုရား,ရဟန္တာတို့သည်၊ သံသရာဝဋ်မြစ်ပြတ်၍၊ ပရိနိဗ္ဗာန်စံသောဝီထိကို,ဆိုသည်။ ထိုပရိနိဗ္ဗာနဝီထိမှာလဲ၊ ဈာန်မရသောရဟန္တာတို့၏၊ မနောဒွါရ,မရဏာသန္နဇော,ဝီထိ၊ ဈာန်ရသော၊ ဈာနလာဘီရဟန္တာတို့၏၊ မရဏာသန္နဇော,ဝီထိ၊ ဤသို့(၇)ဝီထိရှိသည်၊ ဈာန်မရသော ရဟန္တာတို့ကို၊ သုက္ခဝိပဿက,ရဟန္တာခေါ်သည်။ ၎င်းသုက္ခဝိပဿက,ရဟန္တာ၏၊ မနောဒွါရမရဏာသန္နဇော,ဝီထိမှာ၊ ရှေးနည်းအတိုင်းချပြလေ၊ ဈာနလာဘီပုဂ္ဂိုလ်တို့၏၊ မရဏာသန္နဝီထိသည်လည်း။ ဈာန်ဝင်စားသောအခါမှာ ရတိကျသော၊ ဈာနန္တရဝီထိ (၁) ခု၊ အရဟတ္တမဂ္ဂဝီထိ ကျပြီးနောက်၊ ပစ္စဝေက္ခဏာဝီထိကျ၍၊ ချက်ခြင်း ပရိနိဗ္ဗာန်စံသော၊ မဂ္ဂန္တရဝီထိ(၁)ခု၊ ၎င်းဝီထိကို (ဇီဝိတသမသီသီဝီထိ) ဟူ၍လည်းခေါ်သည်။

ပစ္စဝေက္ခဏာဇောကျပြီးနောက်၊ ဘဝင်(၁)ချက်ခြား၍,ရတိကျသော၊ ပစ္စဝေက္ခဏာန္တရဝီထိတခု၊ အဘိညာဏ်ဇော၏အဆုံး၌၊ ဘဝင်ခြား၍သော်၎င်း၊ မခြားမူ၍သော်၎င်း၊ ရတိကျသော၊ အဘိညာဏန္တရဝီထိတခု၊ ဤသို့(၄)မျိုးရှိ၏၊ အရဟတ္တမဂ္ဂန္တရဝီထိကား၊ ပူတိဂတ္တတိဿမထေရ်၊ ဆန္နမထေရ်၊ ဂေါဓိကမထေရ်,တို့ကဲ့သို့၊ အရဟတ္တမဂ်ဖိုလ်ရပြီးနောက်၊ မကြာမီ,ပရိနိဗ္ဗာန်စံသောဝီထိမျိုးတည်း။

**ဤမျှလောက်သော-လိုရင်းစကားဖြင့်**

**★ နားလည်လောက်ပြီ။ ★**

အောက်ပါဝိထိပုံကို၊ ကြည့်၍ကြံလေ–လွယ်ပြီ။




သောတဒွါရ တို့အတွက်–အလွန်ရှင်းလှသေတော့သည်။

## စိတ်ဖြစ်ပုံအကြိမ်ဝါရ။

| အတိုချုပ်သံခိပ်၊ | စိတ်အရေအတွက်၊ | ဖြစ်ပုံအကြိမ် |
|---|---|---|
| ၂၅၇ ပဥ္စဒွါရ ဆယ်ရပ်၊ မနောဓါတ်၊ ၄-ရပ်မဂ်တကြိမ်၊ ...... | ၁၇ | ၁ |
| ၂၅၈ သောဿသန္တီရဏာ၊ တစ်၊ နှစ်၊ သာ၊ ...... ...... ...... | ၁ | ၁—၂ |
| ဝုဋ္ဌော၊ တစ်၊ နှစ်၊ သုံး၊ ...... ...... ...... ...... | ၁ | ၁-၂-၃ |
| ၂၅၉ မဟာဝိ၊ ဥ သန်၊ နေ ရျာန်ကု၊ ကြိ၊ ၁၂ ရှိ၊ ကော်၊ ဠိ၊ ဗဟုကြိမ်၊ | ၁၂ | ၁-၂၊ အများ |
| ၂၆၀ မဟဂ္ဂတ၊ ကြွင်းသေသာ၊ ကော-ဗဟုကြိမ်၊ ...... ...... | ၂၅ | ၁—အများ |
| ၂၆၁ အောက်ဖိုလ်(၂)ပါး၊ နှစ်၊ သုံး၊ များ၊ ...... ...... ...... | ၂ | ၂-၃၊ အများ |
| ထက်(၂)ပါးဖြစ်၊ တစ်၊ နှစ်၊ သုံး၊ များ၊ မှတ်၍ထား(၄)ပါး | | |
| ဖိုလ်အကြိမ်၊ ...... ...... ...... ...... ...... ...... | ၂ | ၁၊ ၂၊ ၃အများ |
| ၂၆၂ အကု၊ ကုဝိပ်၊ ကြိဝိပ္ပါ၊ ဟသိတာ၊ ဖြစ်ပါငါးခြောက်၊ ခွန် | ၂၁ | ၅-၆-၇ |
| ၂၆၃ ကုသံ- ကြိသံ- စိတ်ရှစ်တန်ရွေး၊ အကြိမ်ပေး၊ သုံး၊ | | |
| လေး၊ ငါး၊ ခြောက်၊ ခွန်၊ ...... ...... ...... ...... | ၈ | ၃၊ ၄၊ ၅၊ ၆၊ ၇ |
| ၂၆၄ စိတ်ရှစ်ဆဲ့ကိုး၊ အကြိမ်ထိုး၊ ကျမ်းရိုးသရုပ်ချွန်(ပေါင်း) | ၈၉ | ...... ...... ...... |

ဆိုခဲ့ပြီးသော၊ စိတ်အကြိမ်ဝါရဖြစ်ပုံကို၊ နောက်ကာဗိဋ်များကိုကြွေပွန်ခဲ့ပါလျှင်၊ အလွန်ပင်သိလွယ်၍၊ အာကာဝယ်၊ နေရောင်လင်းသလို၊ အရှင်းကြီးရှင်း၊ အလွယ်ကြီးလွယ်လှပြီဖြစ်၍၊ စကားပိုမသုံးဘဲ၊ အတိုချုံးလိုက်ရပါသည်၊ နေရျာန်ကု၊ ကြိဆိုသည်မှာ၊ နေဝသညာနာသညာယတနကုသိုလ်၊ ကြိယာ(၂)ပါးကိုယူလေ၊ ကြွင်းသောသံခိပ်များမှာ ကား၊ ဘုးတောင်းကိုရေမှာမျှောသလို၊ ပေါလောကြီးပေါ်နေပြီဖြစ်၍ရေးဘို့မလိုတော့ပြီ၊

ဝိထိကဏ္ဍ၊ ရှစ်ရက်မျှ၊ ရေးရပြီးသည်သာ၊ ရှစ်ရက်လေ့ဂုက်မျှ၊ ကျွက်အုံက၊ ရကြပါစေသာ၊

### ဝိထိပိုင်းပြီး၏။

# ၅။ ဘုံပိုင်း။

ဘုံပိုင်းမှာ၊ ဘူမိ,စတုက္က၊ပဋိသန္ဓိ,စတုက္က၊ကမ္မ,စတုက္က၊မရဏုပ္ပတ္တိ,စတုက္က၊ဟု-၄-မျိုးရှိရာ၊ဘူမိစတုက္ကကို၊သေချာစွာ ကမ္ဘာတည်ပုံနှင့်တကွ ဆိုပေအံ့၊

(၂၆၅) ကောင်းကင်,လေ,ရေ၊ကျောက်ခွက်,မြေ၊အခြေမြင့်မိုရ်စပ်၊

ကမ္ဘာကြီးတို့၏အောက်၌၊ကောင်းကင်ကြီးသည်ရှိ၏၊ ထိုကောင်းကင်ကြီးကို၊အဇရာကာသခေါ်သည်၊ရင်းကောင်းကင်ကြီးအထက်၌၊လေထုလေဆိုင်ကြီးများတည်ရှိ၏၊ ရင်းလေထုကြီး၏အထက်မှာ၊ရေအိုင်ကြီးများတည်ရှိ၏၊ ရင်းရေအိုင်ထဲမှာ၊ ကျောက်ခွက်ကြီး တသောင်း,တွဲပေါင်း(၁၀)ကုဋေ တည်ရှိ၏၊တခုတခုသော ကျောက်ခွက်ထဲမှာ၊ယှဉ်နှင်းနေကြသော၊ပံသုမြေများသည်တည်ရှိကြ၏၊ရင်းကျောက်ခွက်အလယ်ခေါင်တဲ့တဲ့မှာ၊မြင့်မိုရ်တောင်ခေါ်သော၊တောင်ကြီးတခုသည်၊အောက်ကကျောက်သားနှင့်၊အခြေစပ်လျက်တည်ရှိ၏၊

(အောက်ပါပုံမှာ၊ကောင်းကင်,လေ,ရေ၊၃=ခုတို့၊အဆင့်ဆင့်တည်ပုံ။)



(၂၆၆) အောက်နှင့်,ဗိလ်ာ၊ကောင်းကင်မှာ၊ဘယ်ခါဆုံးမသတ်၊

ကောင်းကင်ကြီးသည်၊ အောက်အဘို့အားဖြင့်ရင်း၊ ဗိထာ ထုတ်ချင်းအားဖြင့်ရင်း၊ ယူဇနာအတိုင်းအဆ,ပမာဏမရှိ၊အနန္တ,ကျယ်ဝန်းလေ၏၊

(၂၆၇) ၉-သိန်း-၆-သောင်း၊လေထုပေါင်း၊ချော့ကြောင်းထက်ဝက်ရေ၊

ကောင်းကင်ပေါ်၌တည်သော၊လေထုကြီးသည်လည်း၊ ဗိလာအားဖြင့်၊ကောင်းကင်ကျယ်ပြန့်သလောက်၊အနန္တ ကျယ်ဝန်း၏၊ အထက် နှင့် အောက်,ယူဇနာ တိုင်းတာသော်၊ယူဇနာ(၉)သိန်း(၆)သောင်းရှိ၏၊၎င်းအထက်၌တည်ရှိသော၊ရေထုကြီး,ရေအိုင်ကြီးများ၏,အနက်ကား၊{ချော့ကြောင်း,ထက်ဝက်ရေ}ဆိုတဲ့အတိုင်း၊လေထုတဝက်နက်၏၊ယူဇနာအားဖြင့်၊လေးသိန်းရှစ်သောင်းနက်၏၊ ၉၆၀၀၀၀÷၂ (၄၈၀၀၀၀) ရေအိုင်ကြီးများသည်၊တရနှင့်တရလဲ-၉-သိန်း၊ ၆-သောင်းပင်ကွာခြားသည်၊

နောက်ကပုံထွင်ပြန်ကြည့်လေ၊

(၂၆၈) သိန်းနှစ်သောင်းဟု၊သီလာထု၊ပံသုအတူပေ၊

ရေအိုင်တရအတွင်းမှာ၊ ကျောက်ခွက်ပေါင်း,သောင်း၊ တွဲပေါင်း(၁၀)ကုဋေရှိကြရာ၊ ၎င်းကျောက်ခွက်ကြီးများ၏ သဏ္ဌာန်သည် (ဖြတ်) နှင့် ခဝ်ဆင်ဆင်တူ၏၊၎င်းကို စကြာဝဠာတရ၊ လောကဓါတ်တရဟုခေါ်ဆို၏၊ ၎င်းကျောက်ခွက်အောက်အပြင်ကို၊ သီသာမြေဟုခေါ်၏၊ ထိုသီလာမြေပေါ်မှာရှိသော,,ရွှံ့မြေကို၊ပံသုမြေခေါ်သည်၊ ၎င်းမြေ (၂)ထပ်သည်၊ရေထုထက်ဝက်ရှိပြန်၏၊ ၄၈၀၀၀၀÷၂ (၂၄၀၀၀၀)ရှိသည်၊ ရေထုထက်ဝက်၊နှစ်သိန်းလေးသောင်းရှိသောမြေသည်၊သီလာမြေက,တသိန်းနှစ်သောင်း၊ ပံသုမြေက,တသိန်းနှစ်သောင်းရှိ၏၊ပံသုမြေကား၊အချို့ချိုင့်ဝှမ်းရာအရပ်၌၊တသိန်းနှစ်သောင်းပြည့်အောင်မရှိချေ၊ကျောက်ခွက်၏(ဖြတ်)နခမ်းကဲ့သို့၊ အပေါ်သို့ ထောင်တက်လာသောအဘို့ကို၊စကြာဝဠာတောင်ဟုခေါ်ဆိုသည်၊စကြာဝဠာအလယ်ဗဟိုရ်၌ တိုင်ကြီးများကို၊မြေမှာစိုက်ထားသကဲ့သို့၊ကျောက်သားနှင့်တစပ်တည်းတည်သောတောင်မြင့်ကြီးကို၊ (မြင့်မိုရ်) တောင်,ဟု-ခေါ်သည်၊

## အောက်ပါပုံကား၊ စကြာဝဠာတောင်ကိုထက်ခြမ်းခြမ်း၍-ဘေးတိုက်ကြည့်ရပုံ။



(၂၆၉) ၅စ်သောင်းလေးထောင်၊(၂)ပြန်ဆောင်၊အခေါင်မြင့်မိုရ်ရှေ၊

မြင့်မိုရ်တောင်ကြီးသည်၊ အလယ်၌ဖြတ်သန်းသွားသောမြင်းအတိုင်း၊ရေတပိုင်းမြုတ်နေသည်၊ ရေထဲမှာယူဇနာ (၈၄၀၀၀) မြုတ်နေ၏၊ ရေပေါ်မှာလဲ၊ (၈၄၀၀၀) ပင်ပေါ်နေ၏၊ ထို့ကြောင့်၊(၈၄၀၀၀)၂-ပြန်မြင့်၏ဟုဆို၏၊

(၂၇၀) ယုဂန္ဓရ၊ဣသိန္ဓရ၊ကရဝိက၊သုဒဿန၊နေမိန္ဓရ၊ဝိနတ္တက၊အဿကဏ္ဏ၊
တောင်ခွေပြ၊ခြားကာသီတာရေ၊

အထက်ပါလင်္ကာအတိုင်း၊ တောင်စဉ်(၇)ခုတို့သည်၊ ကရွတ်ခွေများကဲ့သို့၊ တခုထက်တခုကျယ်လျက်၊မြင့်မိုရ်တောင်ကို၊ပွတ်ခွေလျက်၊အကြားအကြား၌၊ သီတာရေခြားလျက်တည်ရှိကြလေ၏၊

## အောက်ပါပုံမှာ၊တောင်စဉ်(၇)ထပ်နှင့်၊မြင့်မိုရ်
## တောင်ကို၊ခပ်စောင်းစောင်းကြည့်ရပုံ။




တောင်စဉ်(၇)ခုတို့သည်လည်း၊ရေထဲမှာတပိုင်းမြုပ်လျက်၊ရေပေါ်မှာ
တပိုင်းပေါ်နေကြသည်၊ထိုရေကို,သမုဒ္ဒရာရေခေါ်သည်။

သမုဒ္ဒရာကို၊သကၠဋ ဘာသာလိုတော့၊(ဆမုဒြ)လို့ခေါ်သည်၊ ထိုသမုဒ္ဒရာရေသည်၊ တောင်စဉ်(၇)ခွေအတွင်းက,ခြားလျက်ရှိသောရေကို၊ (အန္တောသမုဒ္ဒရာ) ခေါ်သည်၊ သိဒ္ဓါရေလို့လဲခေါ်သည်၊

(၂၇၁) အသသကဏ်စကြာဝဠာ၊အကြားမှာ၊သမုဒ္ဒရာခေါ်သည့်ရေ၊

(၂၇၂) တိဂါ-တေနဝါ၊ဆနဝါ၊သုညာတိ-ကျယ်ပေ။

အသသကဏ် တောင်ငယ်ကလေးမှစ၍၊ စကြာဝဠာတောင်အထိ တည်ရှိသောရေကို၊(ဗဟိသမုဒ္ဒရာ)ခေါ်သည်၊ ထိုဗဟိသမုဒ္ဒရာရေ၏ အကျယ်ကား။ ယူဇနာအားဖြင့်၊ (၃၀၉၆၉၃)ယူဇနာနှင့်၊၃,ဂါဝုတ်ကျယ်၏၊

(၂၇၃) ထိုရေအလယ်၊ကျွန်းသောင်စွယ်၊၄-သွယ်ပေါ်လာသတိ၊

(၂၇၄) ရှေ့နောက်ခွန်နှစ်ထောင်၊မြောက်ရှစ်ထောင်၊ ကျွန်းတောင်တသောင်းရှိ၊

(၂၇၅) ကျွန်းငယ်ငါးရာ၊ကျွန်းကြီးမှာ၊ပိုင်းခါရံလျက်ရှိ၊

ထိုဗဟိသမုဒ္ဒရာခေါ်သော ရေအလယ်မှာ၊ ကျွန်းကြီး(၄)ကျွန်းပေါ်လာ၏၊ အရှေ့ကျွန်းနှင့်အနောက်ကျွန်းသည်၊ယူဇနာ(၇-ထောင်)စီကျယ်၏၊မြောက်ကျွန်းသည်၊ယူဇနာ(၈၀၀၀)ကျယ်၏၊ တောင်ကျွန်းကြီးသည်၊ ယူဇနာ(တသောင်း)ကျယ်၏၊ ဗရိုကာကျွန်း၊ရမ်းဗြဲကျွန်း၊ ဒိုင်အာဓမ်ကျွန်း၊နာဂါဒိပကျွန်း၊သီဟိုဠ်ကျွန်း၊ဩစတေလီယာကျွန်း။ စသော,ကျွန်းငယ်၊ငါးရာ-ငါးရာစီ၊ကျွန်းကြီးတခုတခုမှာခြံရံလျက်ရှိကြ၏၊

(၂၇၆) အရှေ့ပြုပ္ပါဝိဒေဟာ၊တောင်ဇမ္ဗူဒိပါ၊ အနောက်အပရဂေါယာန၊ မြောက်ဥတ္တရကုရု၊ထိုလေးခု၊ကျွန်းရအမည်သိ၊

–းဝ( ဤလင်္ကာဖြင့်၊ကျွန်းကြီး(၄)လေးခုတို့၏အမည်ကိုပြ၏၊အဓိပ္ပါယ်လွယ်ပြီ၊ )ဝး–

(၂၇၇) အရှေ့လခြမ်း၊ လပြည့်ဝမ်းနောက်၊ လေးထောင့်မြောက်၊ တောင်ရောက်လှည်းဦးသိ၊

(၂၇၈) ကျွန်းလူမျက်နှာ၊တူပုံမှာ၊ပမာသဏ္ဌာန်ကြည့်၊

အရှေ့ကျွန်းပုံသဏ္ဌာန်မှာ၊(ဂ)ရက်နေ့ည၊လတခြမ်းပဲ့သဏ္ဌာန်ရှိ၏၊ထိုအရှေ့ကျွန်းသားတို့မျက်နှာမှာလဲ၊လတခြမ်းပဲ့သဏ္ဌာန်ရှိသည်၊အနောက်ကျွန်းပုံကား၊ လပြည့်နေ့ည့,လဝန်းကဲ့သို့ဝိုင်းစက်၏၊ ထိုကျွန်းသားတို့မျက်နှာလဲ၊ ၎င်းအတိုင်းပင်,ဝိုင်းစက်၏၊ မြောက်ကျွန်းပုံကား၊ လေးထောင့်သဏ္ဌာန်ရှိ၏၊ ထိုကျွန်းသားမျက်နှာလဲ၊ ၎င်းအတိုင်းလေးထောင့်ပင်ဖြစ်၏၊

ယခုလူတို့နေရာ တောင်ကျွန်းကား၊ လှည်းဦး၌ခင်းထားသော ပုံသဏ္ဌာန်ကဲ့သို့၊ တဘက်ကျဉ်းတဘက်ကျယ်နေ၏၊ကျွန်းသားဖြစ်သောငါတို့၏မျက်နှာပုံလဲ၊၎င်းအတိုင်းပင်ဖြစ်သေ၏၊

(၂၇၉) ရှေ့သက်(၇)ရာ၊နောက်(၅)ရာ၊မြောက်မှာတထောင်ထိ၊

(၂၈၀) အသက်တက်ဆုတ်၊မြဲမဟုတ်၊သရုတ်ဇမ္ဗူဒီ၊

၎(၂)ဝုဒ်ဖြင့်၊ကျွန်းသူတို့၏အသက်ကိုပြ၏၊ပဌမပုဒ်မှာ၊အဓိပ္ပါယ်လွယ်ပြီ၊ဇမ္ဗူဒီပါတောင်ကျွန်းမှာနေသောလူတို့ကား၊ကမ္ဘာဦးက၊အသက်အသင်္ချေယျနေကြရ၏၊နောက်အခါ လူတို့တရေးပျက်သောကြောင့်၊ ဆယ်နှစ်တန်းထိအောင် ဆုတ်၏၊ နောက်အခါ တရားစောင့်ပြန်သော်၊ ဆယ်နှစ်တန်းမှ၊ အသင်္ချေယျတိုင်အောင်,တိုးကက်ပြန်၏၊ ထို့ကြောင့်,အသက်မမြဲ၊တက်ချည်-ဆုတ်ချည်ဖြစ်၏၊

(၂၈၁) ရေနေလေးထောင်၊တောသုံးထောင်၊သုံးထောင်လူနေသိ၊

တောင်ကျွန်းကြီးသည်၊ပဌမပေါ်စက၊ယူဇနာ(၁)သောင်းပင်ရှိ၏၊ နောက်အခါရေပြန်မြုပ်သွားသည်မှာ၊ ယူဇနာ(၄)ထောင်ဖြစ်၏၊ ဟိမဝန္တာစသော၊တောတောင်တွေဖြစ်ကုန်သည်မှာ၊ယူဇနာ(၃)ထောင်ဖြစ်၏၊တိုင်းကြီး,ပြည်ကြီး,မြို့,ရွာ,ဇနပုဒ်တည်၍၊လူတို့နေရာယူဇနာကား၊သုံးထောင်သာရှိတော့သည်၊ ၎င်းနေရာ၌ဗဟုသုတများကြစေခြင်းငှါ၊ပြည်ကြီး(၁၆)ပြည်နှင့်၊သဏ္ဌာန,အဝေးအကွာတို့ကိုထည့်သွင်း၍ပြပေအံ့၊

| အမည် | ဖောဓိပင်မှအဝေးအကွာ | အရပ် | မြတ်စွာဘုရားသီတင်းသုံးသောရက်(ဝါ) |
|---|---|---|---|
| ဗောဓိပင် | * | အလယ်တဲ့တဲ့ | ၇-ရက် |
| အနိမိသကျန်း | ၁၀-လံ (၁၂)လံ | အရှေ့မြောက် | ၇-ရက် |
| ရတနာစင်္ကြံ | ၃၅-လံ (၁၂)လံ | မြောက် | ၇-ရက် |
| ရတနာဃရ | အလံ၄၀(၁၅)လံ | အနောက်မြောက် | ၇-ရက် |
| အဇပါလ | ၃၂-လံ | အရှေ့ | ၇-ရက် |
| မုစ္စလိန္ဒာအိုင် | ၃၅-လံ (၁၂)လံ | အရှေ့တောင် | ၇-ရက် |
| ရာဇာယတနလင်းလွန်းပင် | ၁၅-လံ | တောင် | ၇-ရက် |
| သာဝတ္ထိ | ယူဇနာ(၃၀) | ၊ | ၂၅-ဝါ |
| ကလိက်ရာဇ် | (၁၃) | ၊ | ...... |
| ကောသမ္ဘီ | (၃၀) | အနောက်တောင် | ၁-ဝါ |
| ဓုဋ္ဌပထနဂိုရ် | (၁၀) | ၊ | ...... |
| ကောလိယ | (၃၀) | ၊ | ...... |
| ကပိလဝတ် | (၃၀) | ၊ | ၁-ဝါ |
| စမ္ပါနဂိုရ် | (၁၂) | အနောက်မြောက် | ...... |
| ဗာရာဏသီ | (၁၈) | ၊ | ၁-ဝါ |
| ရာဇဂြိုဟ် | (၁၈) | မြောက် | ၆-ဝါ |
| ဝေသာလီ | (၁၈) | ၊ | ၁-ဝါ |
| ပါဝါပြည် | (၁၈) | အရှေ့မြောက် | ...... |
| ပါဋလိပုတ် | (၁၃) | ၊ | ...... |
| မိတ္ထိလာ | (၁၂) | အရှေ့ | ...... |
| စေတုတ္တရာ | (၃၀) | ၊ | ...... |
| သက်သာနဂိုရ် | (၁၂) | အရှေ့တောင် | ...... |
| တက္ကသိုလ် | (၃၀) | ၊ | ...... |

(၂၀၂) စကြာဝဠာအလယ်ခေါင်၊မြင့်မိုရ်တောင်၊အရောင်လက်လက်ပြေး၊
(၂၀၃) ရွှေငွေ့,တောင်မြ,ပါလ်နောက်ပြ၊မြောက်က,ဖလ္လရောင်ဖွေး၊
(၂၀၄) ရေမှာပေါ်,နစ်၊လျှား,နံ့,ဖြစ်၊ထိန်,နစ်,ဒါး,လက်,ရွေး၊

စကြာဝဠာ၏အလယ်မဏ္ဍိုင်သဖွယ်ဖြစ်သော၊မြင့်မိုရ်တောင်သည်၊ကျောက်သားပကတိအားဖြင့်၊ အရောင်မရှိ၊ မဲညစ်သောတောင်မဟုတ်၊ အရှေ့ဘက်က ငွေရောင်၊ တောင်ဘက်ကမြရောင်၊အနောက်ကပါလ်ရောင်၊မြောက်ကဖ္လရောင်၊ဤအရောင်လေးမျိုးတို့ဖြင့်၊တဝင်းဝင်းတပြောင်ပြောင်၊တောက်ပသော,ပဗ္ဗတ,ပိသေသကြီးဖြစ်၏၊ ထိုတောင်ကြီးသည်၊ ရေပေါ်၌ပေါ်သောအဘို့၊မြုပ်သောအဘို့၊ အလျှား,အနံ့, ယုဂန္ဓိုရ်တောင်နှင့်အဝေးအကွာ၊ ဤ(၅)ချက်မှာ၊ယူဇနာအားဖြင့် (ထိန်-နစ်-ဒါး-လက်-ရွေး) ကွာဝေး၏၊ရှင်းကိုနံသင့်ဂဏန်းနောက်ပြန်ချလေ၊ {ရွေး(၈)လက်(၄)ဒါး-(၀)နစ်-(၀) ထိန်(၀)၊ (၈၄၀၀၀) ဝေးသည်ဆိုလိုသည်} အနံ့ရှစ်သောင်း(၄)ထောင်ကို(၃)နှင့်မြှောက်၊အဝန်း(၂)သိန်း(၅)သောင်း(၂)ထောင်ဖြစ်၏၊

အဝန်း{၂၅၂၀၀၀}



(မြင့်မိုရ်တောင်ထိပ်ဝပုံ)




(မြင့်မိုရ်တောင်ကြီးလှဲထားပုံ)

(၂၀၅) တောင်ရံသိဒ္ဒါ၊ခုနစ်ဖြာ၊စဉ်ခါ,ကြီးငယ်နေ၊

ယုဂန္ဓိုရ်တောင်၊ ရေမှာပေါ်ရာ,မြုပ်ရာ၊အလျား,အနံ၊ယုဂန္ဓိုရ်ဘောင်နှင့်၊ဈာသိန္ဓ ရတောင်၂-လုံးခြားက,သိဒ္ဒါရေအကျယ်၊ဤ(၅)ရပ်အကွာအဝေးကို၊ရှစ်သောင်းလေး ထောင်ထက်ဝက်လျှော့၍(၄၂၀၀၀)ဖြစ်၏၊ဤသို့စသည်ဖြင့်၊တောင်စဉ်(၇)ထပ်၊ သိ တာ(၇)တန်တို့ကိုထက်ဝက်လျှော့ခါ၊အစဉ်အတိုင်း အကြီးအငယ်နေကြပုံကိုသိလေ။

{ အောက်ပါပုံမှာ၊တောင်ကျွန်းဘက်ပုံ တစိတ် ခြမ်းပြပုံ။ }




အထက်ပါပုံမှာ၊တောင်စဉ်(၇)ခုတို့ကို၊စာအဆိုအတိုင်း ကျကျနန ပြလိုက်သောပုံဖြစ်သည်။

(၂၀၆) ပြင်ပစကြာဝဠာ၊ကျွန်းအကွာ၊နည်း,နာ,နောက်,ကို,ရ,၊

(၂၀၇) တောင်,ထု,ပေါ်,နစ်,၊နက်,ကျယ်,ဖြစ်,၊တွက်စစ်ဂဏန်းရ၊

အပြင်စကြာဝဠာဝေ တာင်အထု၊ရေမှာပေါ်ရာ,မြုပ်ရာ၊ထိုအနားရှိရေအနက်၊တောင် ကျွန်းကြီးနှင့်အဝေးအကွာ၊ ဤ(၅)ဌာနကား၊ (နည်းနာနောက်ကိုရ၊) ဆိုတဲ့အတိုင်း (၈၂၀၀၀)ကွာဝေး၏၊

(၂၈၈) {နတ်,မင်း,ဗိန္ဒာ,၊အ,သံ,စာ,}စကြာဝဠာအဝန်းရှိ၊(၃၆၁၀၃၅၀)ရှိ၏၊
(၂၈၉) {ထ,မွေ,လေး,စင်း၊နှစ်,ကို,အင်း,}ထုတ်ချင်းလျှား,နံ,သိ၊(၁၂၀၃၄၅၀)ရှိ၏၊
–း၀( အဓိပ္ပါယ်ပြီး၊ )၀း–

(၂၉၀) အာလိန်ငါးထပ်၊မြင့်မိုရ်လတ်၊သတ်မှတ်ရှိသည်သာ၊

(၂၉၁) န,ဂ,ကုမ်,ဒါ၊စ,တို့သာ၊စဉ်ခါနေကြရှာ၊

မြင့်မိုရ်တောင်၏ အလယ်မှာ၊ အာလိန်(၅)ထပ် ရှိကြလေ၏၊ အာလိန်(၅)ထပ်ဆိုသည်ကား၊အောက်ဆုံးရေထဲက(နဂါး)မင်းကြီးများနေကြ၏၊၎င်းတို့အပေါ်က(ဂဠုန်)မင်းကြီးများနေကြ၏၊၎င်းတို့အပေါ်က(ကုမ္ဘာဏ်)နတ်မင်းကြီးများနေကြ၏၊၎င်းတို့အပေါ်က၊(ဒါနဝ)ဘီလူးများနေကြ၏၊ ၎င်းတို့အပေါ်ကမှ၊(စတုမဟာရာဇ်)နတ်မင်းကြီးတို့သည်၊နဂါး၊ဂဠုန်၊ကုမ္ဘာဏ်၊ဘီလူးတို့ကိုအုပ်စိုးလျက်နေကြသည်၊ ၎င်းစတုမဟာရာဇ်နတ်ဘုံကား၊ယုဂန္ဓိုရ်တောင်နှင့်အညီအမျှဖြစ်၍၊(၄၂၀၀၀)မြင့်၏၊

(၂၉၂) ဗျည်းခွေးသတ်နဝါ၊ဗျည်းပဥ္စာ၊စကြာဝဠာမြင့်မိုရ်ဝေး၊

(၂၉၃) လေးစိတ်ပုံပြု၊လယ်(၂)ရု၊သုံးခုဝိထိမ်ရွေး၊

(၂၉၄) ဒွိဂါ,သတ်,အဋ္ဌာ၊ခွေ,တြာ၊နဝါ,ဂဏန်းရေး၊

(၂၉၅) အင္ဂြော,မဇ္ဈော၊ဗါဟိရေ၊သုံးထွေအမည်ပေး၊

မြင့်မိုရ်တောင်နှင့်၊စကြာဝဠာတောင်(၂)ခုတို့သည်၊ ယူဇနာအားဖြင့်၊ (ဗျည်းခွေးသတ်နဝါ၊ ဗျည်းပဥ္စ) (၅၅၉၇၂၅)ယူဇနာဝေး၏၊ ၎င်းကို(၄)ပုံ,ပုံလျှင်၊(၄÷)တပုံတွက်မှာ၊(၁၃၉၉၃၁)ယူဇနာနှင့် တဂါဝုတ်ရ၏၊ ၎င်း–၄–ပုံတို့တွင်၊ မြင့်မိုရ်တောင်ဘက်က တပုံအတွင်းမှာလဲ၊ နေ,လတို့မသွားမလာကြ၊ စကြာဝဠာ တောင်ဘက်က၊ အပြင်တပုံမှာလဲ၊နေ,လတို့မသွားမလာကြ၊ အလယ်(၂)ပုံအတွင်းမှာသာသွားလာကြသောကြောင့်၊တဘန်အလယ်(၂)ပုံအတွက်ကိုပေါင်းသော် (၂၇၉၈၆၂) ယူဇနာနှင့်၊(၂)ဂါဝုတ်ရ၏၊၎င်းကိုတဘန်၊အင္ဂြောဝိထိ၊မဇ္ဈောဝိထိ၊ဗါဟိရဝိထိဟူ၍(၃)လမ်းပြု၍၊နေ,လတို့သွားကြ၍၊ထိုဖြစ်၍၊သုံးနှင့်စားသော်၊တလမ်းအကျယ်မှာ (ဒွိဂါ-သတ်အဋ္ဌာ၊ခွေတြာ၊နဝါဂဏန်းရေး၊) ဆိုတဲ့အတိုင်း၊ (၉၃၂၈၇) ယူဇနာ (၂) ဂါဝုတ်ကျယ်၏၊

နေသည်၊ တလမ်းတလမ်းမှာ၊ထမ်းကလေးပေါင်း(၆၀)ပြု၍၊ တနေ့မှာလမ်းတမျိုး ပြောင်း၍သွားသည်၊ဆိုဖြစ်၍၊တလမ်း(၂)လတို့ဖြင့်ကုန်အောင်သွားသည်၊ တလမ်းကို ၂-လဆင်း၂-လတက်သွားသဖြင့်၄,လဆင်း၊၄,လတက်သော်၊တနှစ်ဖြစ်၏၊ဝါဆို-ဝါ ခေါင်(၂)လမှာ၊အနွေ့လမ်းအထွက်အဆင်း၊တော်သလင်း-သီတင်းကျွတ်(၂)လမှာ၊ မဈွေလမ်းအထွက်အဆင်း၊တန်ဆောင်မုန်း-နတ်တော်(၂)လမှာ၊ဗါဟိရလမ်းအထွက် အဆင်း၊ပြာသို-တပို့တွဲ(၂)လမှာ၊ဗါဟိရလမ်းအဝင်အတက်၊တပေါင်းတံကူး(၂)လ မှာ၊မဈွေလမ်းအဝင်အတက်၊ ကဆုန်-နယုန်(၂)လမှာ၊အနွေ့လမ်းအဝင်အတက်၊ ဆိုဖြစ်၍၊နွေတာ-ညတာအရှေအတိုဖြစ်ကြရသည်၊

မဟာသုတ,များစေခြင်းငှါထည့်သွင်းလိုက်သည်(အတိဒီဃေ၁တိမာမညိတ္ထ)

(၂၉၆) သောင်းငါးထောင်စီ၊သချ်ာညီ၊ရှစ်လီငရဲမှာ၊

ယ္ခုလူတို့နေရာ၊ ဇမ္ဗူဒီပါတောင်ကျွန်းကြီးအောက်မှာ၊ ဆိဉ္စိုဝ်း၊ ကာလသုတ်၊ သယ်ာတ၊ရောရုဝ၊မဟာရောရုဝ၊တာပန၊မဟာတာပန၊အဝိစိ,ဟူ၍၊ ငရဲကြီးရှစ်ထပ် တို့သည်၊ ပံသုမြေအတွင်းမှာ၊ လူ့ဘုံကစ၍၊ ယူဇနာတသောင်းငါးထောင်စီ-ကွာခြား လျက်တည်ရှိကြ၏၊(၁၅၀၀၀)ရှစ်လီပေါင်းသော်၊(၁၂၀၀၀၀)ပင်ဖြစ်၍၊ ပံသုမြေလဲ၊ (၁၂၀၀၀၀)ပင်ရှိသောကြောင့်၊ရင်းပံသုမြေအတွင်းမှာ၊မျှ၍တည်ကြသည်၊

(၂၉၇) ဘင်,ပြာ,ထက်,သံ၊မြစ်,အရံ၊ငါးတန်-ဥဿဒါ၊

ငရဲကြီး တခုတခုမှာ၊ ဘင်ပုပ်ငရဲ၊ပြာပူငရဲ၊အဆုးရှိသောလက်ပန်တောငရဲ၊သံ လျှက်အရွက်ရှိသောငရဲ၊ကြိမ်ပိုက်ချောင်းမြစ်ငရဲ၊ ၅ုငရဲငယ်(၅)လုံးတို့လဲ၊ အရှေ့ အ နောက်တောင်မြောက်၊အရပ်(၄)မျက်နှာမှာ၊(၂၀)ရံလျက်ရှိသေး၏၊

ထိုမှ-တပါး၊နေမိဇာတ်၊နာရဒဇာတ်၊သံကိစ္စဇာတ်၊ဒေဝဒူတသုတ်၊လောကပညတ္တိ၊ မိတ္တဝိန္ဒကဇာတ်စသော၊ပါဠိတော်တို့၌လာသော ငရဲတို့ကား၊ အများကြီးရှိသေး၏၊ကုန် စင်အောင်ရေးက၊(ဂန္ထဂရု)ကျမ်းလေးမှာကြောင့်၊လျှစ်လျူရှု၍ နေရပါသည်၊

လူတို့နေရာ၊ဇမ္ဗူဒီပါတောင်ကျွန်းကြီးပေါ်မှာ၊ လူတို့ကိုအမှီပြု၍ နေကြကုန်သော- တိရစ္ဆာန်တို့ကား၊(၁)အခြေမရှိသောတိရစ္ဆာန်(၂)အခြေ၂ချောင်းရှိသောတိရစ္ဆာန်၊

(၃)အခြေ ၄-ချောင်းရှိသောတိရစ္ဆာန်၊ (၄)အခြေများသော ကင်းစသောတိရစ္ဆာန်၊ ဤသို့တိရစ္ဆာန်၄-မျိုးတို့ကား၊ဘုံအသီးအခြားမရှိ၊ လူတို့ဘုံထဲမှာပင်နေကြသည်၊

## ဘဝနန္ဒိသဇ္ဈာ ရွှေဘတ်-ဘူမိ။

ပြွှေ၊ဤအရပ်၌၊သဇ္ဈာ၊သဇ္ဈာဝါတို့သည်၊ဘဝနန္ဒိ၊ဖြစ်တတ်ကုန်၏၊ ဓာတိတာသူ၊ ထို့ကြောင့်၊ဘူမိ၊ဘုံမည်၏၊ ၊ဤသို့ဝစနတ္ထပြုသည့်အတိုင်း၊ဖြစ်ရာဌာနကို-ဘုံဟုသိလေ၊ ၊ခြ၏-ဖြစ်ရာတောင်ပို့သည်၊(ခြဘုံ)ဟုသိလေ၊ လောက်၏ဖြစ်ရာ မစင်သည်၊(လောက်ဘုံ)ဟုသိလေ၊ငါး၏ဖြစ်ရာရေသည်၊(ငါးဘုံ)ဟုသိလေ၊

(၂၉၈) ခု-နိဇ်-ကာ-ပ-၊ဤလေးဝ၊မှတ်ကြပြိတ္တာမျိုး၊

ပြိတ္တာဘုံဆိုတာလဲ၊ ဘုံအသီးအခြားမရှိ၊ လူ့ဘုံထဲမှာပင်၊ လူတို့ကိုမှီ၍နေကြ၏၊

(၁) ခု—ခုပ္ပိပါသိကပြိတ္တာ—အစားလဲငတ်၊ရေလဲငတ်သောပြိတ္တာမျိုး၊
(၂) နိဇ်-နိဇ္ဈာမတဏှိကပြိတ္တာ—တကိုယ်လုံးမီးလောင်၍၊ပူပန်သောပြိတ္တာမျိုး၊
(၃) ကာ—ကာလကဉ္စိကပြိတ္တာ—အသူရကာယ်ပြိတ္တာမျိုး၊
(၄) ပ-ပရဒတ္တုပဇီဝိကပြိတ္တာ—သူတပါးတို့ပေးသောအစားမျိုးကိုအမှီပြု၍၊ အသက်မွေးရသောပြိတ္တာမျိုး၊

နိယတဗျာဒိတ်ရသော၊ဘုရားလောင်းတို့သည်၊ ပရဒတ္တုပဇီဝိကပြိတ္တာဖြစ်သေး၏၊ ထိုမှတပါး၊ဆဂတိဒိပနီကျမ်း၊ပေတဝတ္ထု၊ လက္ခဏသုတ်တို့၌လာသောပြိတ္တာမျိုးတို့ကား၊များစွာရှိသေး၏၊

(၂၉၉) ဝေပစိတ္တိ၊ဝိနိပါတိကာ၊ဝေမာနိကာ၊လောကန္တရိက၊
(၃၀၀) ကာလကဉ္စိက၊အသူရာ၊နတ်,ငရဲ,ပြိတ္တာ,၊ခွဲထိုယူကြ၊

(၁) ဝေပစိတ္တိအသူရာ-မြင့်မိုရ်တောင်အောက်၊ မြေနောက်(၃)လုံးကြားမှာ နေသည်၊ { တာဝတိံသာနတ်မျိုးနတ်နွယ် }
(၂) ဝိနိပါတိကအသူရာ—တောတောင် အနှံ့ အပြား နေသည့်၊ သူရဲ-သဘက်-တစ္ဆေ၊အစိမ်း,အဝါး၊တုတ်,ပြိတ္တာ၊ ( စတုမဟာရာဇ်နတ်မျိုး )

(၃) ဝေမာဏိကအသူရာ-ငရဲကြီးရှစ်ထပ်မှာ၊ ယမ-မင်းကြီး လုပ်နေသော-သူ တော်ကောင်းကြီးများဖြစ်သည်၊ (စတုမဟာရာဇ်မှနတ်မျိုး၊)

(၄) လောကန္တရိကအသူရာ-စကြဝဠာ(၃)ခုဆိုင် အကြားမှာ၊ လင်းနို့ကဲ့သို့၊ စကြဝဠာတောင်ကိုတွယ်၍၊အစာမစားရဘဲခံနေရသောအသူရာ၊ (ငရဲမျိုး ငရဲနွယ်၊)

(၅) ကာလကဉ္စိက - တောအနှံ့-တောင်အနှံ့ နေသော၊ အထူးထူး အပြားပြား သော၊ပြိတ္တာအသူရကာယ်မျိုး၊ (ပြိတ္တာမျိုးနွယ်၊)

ကာလကဉ္စိကပြိတ္တာ၊ကာလကဉ္စိကအသူရာအတူတူပင်၊

**ပြိတ္တာမျိုး အသူရကာယ်မျိုးတွေဟာ အားကြီးရှုပ်သည်။**
**ဤမျှလောက်သာမှတ်လေဦး။**

(၁) ချမ်းသာခြင်းမှကင်းသောဘုံကို၊ငရဲဘုံခေါ်သည်၊ (၂)မင်္ဂဖိုလ်မှ ဗိလာဖြစ် သောသတ္တဝါကို၊ တိရစ္ဆာန်ခေါ်သည်၊ (၃)ချမ်းသာခြင်းမှ ကင်းသော သတ္တဝါကို၊ ပြိတ္တာခေါ်သည်၊ (၄)အရိုးရခြင်း၊စည်းစိမ်ချမ်းသာမွေ့လျော်ရွှင်မြူးခြင်းတို့ဖြင့်၊မထွန်း ပတတ်သောသတ္တဝါကို၊အသူရကာယ်ခေါ်သည်၊

(၁၀၁) မြင့်မိုရ်ထိပ်မှာ၊ဝတီသာ၊ဒေဝါသိကြားမင်း၊
(၁၀၂) တသောင်းသစ်၊ယူဇနာ၊နေရာကျယ်ဘိခြင်း၊

မြင့်မိုရ်တောင်ထိပ်မှာ၊ ယူဇနာတသောင်းကျယ်သော၊သိကြားမင်းနေရာ၊ တာဝတိံသာနတ်ဘုံကြီးရှိသည်၊

ယခုပုံတွင်ပါရှိသော၊ တာဝတိံသာ နတ်ပြည်ဒွာနများကို နံပါတ်စဥ်တပ်ထားသော-



တဘက်မျက်နှာပါ၊ ရည်ညွှန်းချက်စကားရပ်တို့နှင့်၊ တိုက်ဆိုင်ကြည့်ရှုပါ။

နံပါတ်(၄) ဤမိဿကာဥယျာဉ်ကြီးမှာ၊ ဓမ္မာရေကန်ဲသုဓမ္မာရေကန်များနှင့် ဓမ္မာကျောက်ဖျာ၊သုဓမ္မာကျောက်ဖျာကြီးများရှိသည်ဟုမှတ်ပါလေ။

## ရည်ညွှန်းချက်များ။

(၁) ယူဇနာ(၁၀၀၀)ကျယ်သော၊နန္ဒဝန်ဥယျာဉ်ကြီးနှင့်တကွ၊တယူဇနာရှိသော မဟာနန္ဒာကန်၊စူဠနန္ဒာကန်ကြီးများနှင့်၊ကျောက်ဖျာကြီးများဖြစ်သည်၊

(၂) ယူဇနာ (၇၀၀) ရှိသော၊ ဖက်သက်ပင်ပေါ်သော၊ (ဖါရုသက) ဥယျာဉ်ကြီး၊ ဘဒ္ဒါကန်၊သုဘဒ္ဒါကန်ကြီးများဖြစ်သည်၊

(၃) ယူဇနာ(၅၀၀)ရှိသော၊ အာသာဝတီ,နွယ်နီနတ်ပန်းပေါ်သော {စိတ္တလတာ} ဥယျာဉ်ကြီးနှင့်၊ဝိစိတ္တာရေကန်၊စူဠစိတ္တာရေကန်ကြီးများဖြစ်သည်၊

(၄) ယူဇနာ(၅၀၀)ရှိသော၊ နတ်သ္မီးနတ်သားတို့စွန်တွဲ၍ပျော်ပါးသော၊ မိဿက ဥယျာဉ်ကြီးဖြစ်သည်၊

ဤမိဿကဥယျာဉ်ကြီးမှာ၊ဓမ္မာရေကန်-သုဓမ္မာရေကန်များနှင့်၊ဓမ္မာကျောက်ဖျာ-သုဓမ္မာ ကျောက်ဖျာကြီးများရှိသည်ဟု,မှတ်ပါလေ၊

(၅) ယူဇနာ(၇၀၀)ရှိသော၊မဟာဝန်ဥယျာဉ်ကြီးနှင့်၊ (သုနန္ဒာ) ရေကန်ကြီးဖြစ်သည်၊

(၆) ယူဇနာ(၁၀၀၀၀)ကျယ်သော၊တာဝတိံသာနတ်မြို့ကြီးဖြစ်သည်၊

(၇) တာဝတိံသာနတ်ပြည်အထယ်၌၊ဆောက်ဖိုက်အပ်သော၊ ရတနာ(၇)ပါးဖြင့် ပြီးသော၊အမြင့်ယူဇနာ(၃၀၀)ရှိသော၊{တန်ခွန်}တိုင်ကြီးဖြစ်သည်၊

(၈) မြို့နှင့် ယူဇနာခွဲ ကွာသောအရပ်ဝယ်၊ အနံယူဇနာ(၂၀၀)အစောက်ယူဇနာ၊ (၁၀၀)ရှိသော၊(ကျုံး)ကြီးဖြစ်သည်၊

(၉) ကျုံး၏ပြင်ပ,ပတ်လယ်၌ရှိသော၊(ကျောက်စာတိုင်)ကြီးများဖြစ်သည်၊

(၁၀) ကျော်စာတိုင်ပြင်ပ၌၊ပတ်လယ်ဝိုင်းလျက်ရှိသော(ထန်း)တောကြီးဖြစ်သည်၊

(၁၁) ထန်းတောကြီးပြင်ပ၌၊ပတ်လယ်ဝိုင်းလျက်ရှိသော၊(သပြေ)ပင်တောကြီးဖြစ်သည်။

(၁၂) တံရားဟောရာ၊သုဓမ္မာသဘင်ကြီးဖြစ်သည်၊

(၁၃) ယူဇနာတရာမြင့်သော၊ပင်လယ်ကသစ်ပင်ကြီးဖြစ်သည်၊

(၁၄) အလျားယူဇနာ(၆၀)အနံယူဇနာ(၅၀)အထု(၁၅)ယူဇနာရှိသော၊တောင်နှင့် မြောက်ခင်းထားသော၊ပဏ္ဍုကမ္ဗလာ,မြကျောက်ဖျာကြီးဖြစ်သည်၊

(၃၀၃) တောင်ကျွန်းသပြေ၊ထိန်နောက်နေ၊ပဒေမြောက်-ရှေ့ကုက်၊
(၃၀၄) အသုရာပြေ၊မြင့်မိုရ်ခြေ၊ရုက္ခေသခွတ်ဟုတ်၊
(၃၀၅) ထက်ပန်,ဂဠုန်၊သိကြားဘုံ၊ပွင့်ငုံကသစ်ရုက်၊
(၃၀၆) ကြီးငယ်မသာ၊ယူဇနာ၊တရာတူသမုတ်၊
(၃၀၇) လုံးပတ်ဆဲ့ငါး၊ခွဆုံဖြာ၊ခြောက်ပါးငါးဆယ်ဟုတ်၊

---÷×:o:×÷---

ကမ္ဘာဦးမှစ၍၊ပေါ်ပေါက်ဖြစ်ပွါးပြီးလျှင်။ ဤကမ္ဘာကြီးပျက်မှ ပျက်စီးကြမည် ဖြစ်သော{မဟာရုက္ခဝိသေသ}ကြီးဖြစ်တဲ့=သစ်ပင်ကြီး(၇)ပင် ဆိုသည်ကား။

(၁) ဇမ္ဗူဒိပါတောင်ကျွန်းဦးမှာ၊ဇမ္ဗူ သပြေပင်ကြီးတပင်၊
(၂) အနောက်ကျွန်းဦးမှာ၊ထိန်ပင်ကြီးတပင်၊
(၃) မြောက်ကျွန်းဦးမှာ၊ပဒေသာပင်ကြီးတပင်၊
(၄) အရှေ့ကျွန်းဦးမှာ၊ကုက္ကိုပင်ကြီးတပင်၊
(၅) မြင့်မိုရ်တောင်ခြေ,ဝေပစိတ္တိအသုရာပြည်မှာ၊သခွတ်ပင်ကြီးတပင်၊
(၆) မြင့်မိုရ်တောင်အလယ်၊ဒုတိယအာလိန်,ဂဠုန်မင်းကြီးပြည်မှာ၊ ထက်ပန်ပင်ကြီးတပင်၊
(၇) မြင့်မိုရ်တောင်ထိပ်၊ သိကြားမင်းကြီးနေရာ၊ တာဝတိံသာဘုံမှာ၊ ပင်လယ်ကသစ်ပင်ကြီးတပင်၊

ဤသစ်ပင်ကြီး၇-ပင်တို့သည်၊အကြီးအငယ်မသာ၊ယူဇနာတရာနှင့်နှင့်ရှိကြလေ၏၊ သစ်ပင်ကြီးအဝန်းကား၊ယူဇနာ(၃၀၀)ရှိကြသည်၊ပင်စည်လုံးပတ်ကား(၁၅)ယူဇနာ ရှိကြသည်၊ပင်စည်ကိုဖြတ်၍၊ထိပ်ဝကိုတိုင်းထွာလျှင်၅ယူဇနာရှိကြ၏၊ထိုသစ်ပင်ကြီး အလယ်တဲ့တဲ့မှ-ခွဆုံကြီးဖြစ်၍၊ အရှေ့ဘက်တကိုင်း၊တောင်ဘက်တကိုင်း၊အနောက် ဘက်တကိုင်း၊မြောက်ဘက်တကိုင်းဟူ၍၊ ကိုင်းကြီးလေးကိုင်း ပေါက်ထကြသည်၊ တကိုင်းတကိုင်းမှာ၊ယူဇနာ(၅၀)နှင့်နှင့်ရှိကြလေသည်၊ ထို့ကြောင့်၊ခွဆုံကြီးအထက် ဘက်ယူဇနာ(၅၀)အောက်ဘက်၊ယူဇနာ(၅၀)ကိုင်းကြီး(၄)ကိုင်းက၊ ယူဇနာ(၅၀)စီ ဖြစ်၍၊{ခြောက်ပါးငါးဆယ်ဟုတ်}ဟုဆိုခဲ့လေသည်၊ထိုအကြောင်းကို၊ အဋ္ဌသာလ်နီ၊

ပါရာဇိကဘော်အဋ္ဌကထာ၊ သုတ်သီလက္ခန်အဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ,များ၌ ဆိုသည်၊ ပါဠိဂါထာတွေကို၊အကိုးအကားထုတ်၍ပြနေက၊ ဂန္ထဂရု,ကျမ်းလေးမှုကြောင့်၊ လျစ်လျူရှု၍ထားလိုက်ပါသည်၊အလိုရှိသောပုဂ္ဂိုလ်များ၊ထိုကျမ်းကြီးများမှာယူလေ၊

(၃၀၈) ငရဲ၊တိရိစ်၊ပြိတ်,အသုရာ၊ဤလေးဖြာ၊အောက်ရွာပါယ်ဘုမ်၊

(၃၀၉) လူ-စ-တာ-ယာ၊တု-နိမ္မာ၊ပရာ-ကာဘုမ်၊

(၃၁၀) အပါယ်(၄)ခု၊ကာမသု၊၁၁-ခု,ကာမသိ၊

ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ်၊အပါယ်လေးဘုံ၊လူ့ဘုံတဘုံ၊စတုမဟာရာဇ်၊ တာဝတိံသာ၊ယာမာ၊တုသိတာ၊နိမ္မာနရတိ၊ပရနိမ္မိတဝသဝတ္တီ နတ်(၆)ဘုံ၊ လူ့ဘုံတဘုံနှင့်ပေါင်း၊ကာမသုဂတိ(၇)ဘုံ၊အပါယ်(၄)ဘုံနှင့်ပေါင်း၊ကာမ(၁၁)ဘုံဖြစ်၏၊ယာမာစသောဘုံတို့ကား၊အောက်ကမြေနှင့်မထိမူ၍၊ကောင်းကင်မှာတည်ရှိသော ဘုံများဖြစ်ကြ၍(အာကာသဋ္ဌ)ဘုံခေါ်သည်၊အာကာသဋ္ဌဘုံတို့ကား၊(၂၄)ဘုံရှိ၏၊ ထို(၂၄)ဘုံကနတ်တို့ကိုလဲ၊(အာကာသဖိုဝ်း)နတ်ဟုခေါ်သည်၊ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ စတုမဟာရာဇ်၊တာဝတိံသာဘုံတို့ကား၊ပံသုမြေ၊သိလာမြေတို့နှင့် မလွတ်၊မြေပေါ်မှာ တည်ကြသောဘုံများဖြစ်ကြ၍(ဘူမဋ္ဌ)ဘုံခေါ်သည်၊ ထို့ကြောင့်၊စတုမဟာရာဇ်၊ တာဝတိံသာနတ်သားများကို၊(ဘူမဖိုဝ်း)နတ်ဟုခေါ်သည်၊

အကျိုးအကြောင်း၊ကုသိုလ်-အကုသိုလ်တို့ကိုသိ၍၊ စိတ်ကောင်းစိတ်မြတ်ရှိသောကြောင့်လူခေါ်သည်၊ ၎င်းတို့ဖြစ်ရာဘုံကို၊လူ့ဘုံခေါ်၏၊မနုမည်သော-ကမ္ဘာဦး လူကြီး၏သားဖြစ်သောကြောင့်ထည်း လူဟုခေါ်၏၊

ဓတရဋ္ဌ၊ဝိရူဠှက၊ဝိရူပက္ခ၊ ကုဝေရ—နတ်မင်းကြီး(၄)ယောက်တို့၏ ဖြစ်ရာဘုံကို၊ စတုမဟာရာဇ်ဘုံခေါ်သည်၊

မာဃလုလင်နှင့်တကွ(၃၃)ယောက်သော၊ ကောင်းမှုပြုဘုန်သောသူတို့၏၊ ဖြစ်ရာဘုံဖြစ်သောကြောင်၊တာဝတိံသာဘုံခေါ်သည်၊ ဤကား၊ဝိဘာဝနီဋီကာဆရာ၏ စကားတည်း၊ (သေကြ္ယတောင်-ဦးဇော်တိကာ)ကား၊ကမ္ဘာဦးက မြင့်မိုရ်တောင်သည်၊ ရှေးဦးစွာ ပေါ်သောတောင်ဖြစ်၍၊ ထိုတောင်ထိပ်မှာ တည်သောမြို့ကို၊ တာဝတိံသာနတ်မြို့ဟုဆိုသည်၊(ကြိုက်ရာယူလေ၊)မှန်တာချည်းဘဲ၊

ဒုက္ခအပေါင်းမှကင်းဝေးသောဘုံကို၊ယာမာဘုံခေါ်သည်၊ဒုက္ခအပေါင်းမှကင်းဝေးသည်ဆိုသော်လဲ၊ဓာတိ,ဇရာ၊ဗျာဓိ,မရဏ၊၌ဒုက္ခတို့ကိုမဆိုလို၊ ပရိယေသန၊သောက၊ စသော,ဒုက္ခမှ၊ကင်းဝေးသည်ဆိုလိုသည်၊

မိမိကြွက်သရေစည်းစိမ်ဖြင့်၊ နှစ်သက်ခြင်းသို့ရောက်သော ဘုံကို(တုသိတာ)ဘုံခေါ်သည်၊

မိမိဘန်ဆင်းသော ဘုံဗိမာန်ဖြင့်၊ မွေ့လျော်တတ်သော ဘုံကို၊ (နိမ္မာနရတိ) ဘုံခေါ်သည်၊

သူတပါးဘန်ဆင်းသော၊ဘုံဗိမာန်စည်းစိမ်ဥစ္စာတို့ကို၊ မိမိအလိုသို့လိုက်စေတတ်သောဘုံကို၊(-ပရနိမ္မိတဝသဝတ္တီ)ဘုံခေါ်သည်၊

(၃၁၁) ပါရိသဇ္ဇာ၊ရောဟိတာနှင့်၊မဟာဗြဟ္မ၊၌သုံးတန်၊ပရျာန်တပြင်သိ၊
(၃၁၂) ပရိတ္တာဘာ၊အပ္ပမာဏ၊အာဘဿရ၊၌သုံးတန်၊ဒုရျာန်တပြင်ရှိ၊
(၃၁၃) ပရိတ္တာသု၊ပမာသုနှင့်၊သုဘကိဏှ၊၌သုံးတန်၊တရျာန်တပြင်ရှိ၊
(၃၁၄) ဝေဟပ်,သညသတ်၊၂-ရပ်တပြင်၊ငါးသုဒ်စဉ်၊ခွန်ပင်စရျာန်ရှိ၊
(၃၁၅) အဝိ,အတပ်၊သုဒဿာ-သီ၊တထီကနိဋ္ဌာ၊၌ငါးဖြာ၊ သုဒ္ဓါဝါသမှည့်၊
(၃၁၆) (ပ-ဒု-တ-စ)ပေါင်းသော်၊"ရူပ,,ဘုံဟုသိ၊
(၃၁၇) အာကာ-ဝိညာ၊အာကိဉ္စ၊နေဝ'အရူပိ,၊

ဗြဟ္မာပါရိသဇ္ဇာ၊ဗြဟ္မာပုရောဟိတာ၊မဟာဗြဟ္မာ၊ ဟူ၍ ပဌမရျာန် သုံးဘုံသည်၊ တပြင်တည်းတည်ကြ၏၊

ကြီးမြတ်ကုန်သော,ရျာန်အစရှိသော၊ဂုဏ်ထူးဝိသေသတို့ဖြင့် ပွါးကုန်သောဗြဟ္မာတို့ကို၊(မဟာဗြဟ္မာ)ခေါ်သည်၊ ၊ထိုမဟာဗြဟ္မာမင်းကြီး၏၊ပရိသတ် အလုပ်အကျွေးဖြစ်သောဗြဟ္မာတို့ကို၊ (ဗြဟ္မာပါရိသဇ္ဇာ) ခေါ်သည်၊ ၊မဟာဗြဟ္မာမင်းကြီးတို့၏၊ပုရောဟိတ်,မင်းတိုင်ပင် အမတ်ကြီးအရာ၌၊ တည့်သောဗြဟ္မာတို့ကို (ဗြဟ္မာပုရောဟိတာ)ခေါ်သည်၊

ပရိတ္တာဘာ၊အပ္ပမာဏာဘာ၊အာဘဿရ,ဟူ၍-ဒုတိယရျာန်သုံးဘုံသည်၊ တပြင်တည်းတည်ကြကုန်၏၊

အထက်အထက်၌ဖြစ်ကုန်သော၊ပြဟ္မာမင်းကြီးတို့အောက်၊နည်းငယ်သောအဆင်းရှိသောပြဟ္မာတို့ကို(ပရိတ္တာဘာ)ခေါ်သည်၊ အတိုင်းအရှည်ပမာဏ၊ နှိုင်းဆခြင်းငှါမရသာအောင်၊ ရောင်ဝါတောက်ကြွား၊ ပြဟ္မာများကို (အပ္ပမာဏာဘာ) ခေါ်သည်၊ ထိမ်တိုက်မှထွက်သောလျှပ်စစ်ကဲ့သို့၊ထိုမှ,ဤမှ,ထွက်ကြွပြေးသွား၊အရောင်များဖြင့်၊တောက်ကြွားသောပြဟ္မာမြတ်တို့ကို(အာဘဿရ)ခေါ်သည်၊

ပရိတ္တာသုဘာ၊အပ္ပမာဏာသုဘာ၊သုဘကိဏှ,ဟူ၍၊ တတိယဈာန်သုံးဘုံ၊ တပြင်တည်းတည်နေကြသည်၊

အထက်ပြဟ္မာမင်းကြီးတို့အောက်၊နည်းငယ်သောတခဲနက် မတုန်မလှုပ်ကုန်သောအရောင်တို့ဖြင့်၊ထွန်းပတတ်သောပြဟ္မာတို့ကို(ပရိတ္တာသုဘာ)ခေါ်သည်၊ .

အတိုင်းအရှည်ပမာဏ၊နှိုင်းဆခြင်းငှါမရသာအောင်၊တခဲနက်မတုန်မလှုပ်ကုန်သောအရောင်တို့ဖြင့်၊ထွန်းပြောင်ထိန်ငြီး၊ပြဟ္မာကြီးတို့ကို(အပ္ပမာဏာသုဘာ)ခေါ်သည်၊

အရောင်အပေါင်း၊ရောထောင်သောင်းတို့ဖြင့်၊သောင်းပြောင်းရောရာ၊ ထိန်ဝင်းဖြာ၍ရှိန်ဝါသုလျှမ်း၊အရောင်ပြွမ်းသောပြဟ္မာတို့ကို(သုဘကိဏှာ)ခေါ်သည်၊

သုဘကိဏှာတိစ,ဝေဟပ္ဖလေ၊အသညသတ္တာ,ရသတ္တ ံ,အနိ္တမဏကာရသာစ,ပကာရံကတ္ထာ,သုဘကိဏှာတိဝုတ္တ ံ,နိ္တဝိဘာဝနိယံဝုတ္တ ံ၊အဋ္ဌာပနမနေ္တပုဒ္ဓိနော လိင်္ဂနက္ခာပိ,အညာဏတာယစတိက္ခပုဒ္ဓိနော အလိင်္ဂနက္ခာပိ,ပဋိဝေဓတာယနကာတာဗ္ဗော။

ဝေဟပ္ဖိုလ်၊အသညသတ်၊၂ဘုံ-ကတပြင်တည်းတည်နေကြ၏၊အဝိဟာ၊အတပ္ပါ၊သုဒဿာ၊သုဒဿီ၊အကနိဋ္ဌဟု-သုဒ္ဓါဝါသ ငါးဘုံက၊ ဆင့်ခါဆင့်ခါအစဉ်အတိုင်းနေကြ၏၊ ထို့ကြောင့်၊ (ငါးသုဒ်စဉ်) ဟုဆို၏၊ထို(၇)ဘုံကို၊စတုတ္ထဈာန်(၇)ဘုံခေါ်သည်၊ ပဌမဈာန်(၃)ဘုံ၊ဒုတိယဈာန်(၃)ဘုံ၊တတိယဈာန်(၃)ဘုံ၊ စတုတ္ထဈာန်(၇)ဘုံ၊ ၎င်း၄-ရပ်ပေါင်းသော်၊ရူပ(၁၆)ဘုံဖြစ်၏၊

ပဌမဈာန်မျိုး၊ စွမ်းတန်ခိုးကြောင့်၊ ဖွံ့ဖြိုးစွာလှ၊အကျိုးပလရှိသော, ပြဟ္မာတို့ကို (ဝေဟပ္ဖလ)ခေါ်သည်၊

သညာ၌,တပ်ခြင်းအရှင်းကင်းသော၊ဥပစာရဘာဝနာ၏,အစွမ်းဖြင့်ဖြစ်သော၊ ရုပ်အစဉ်မျှသာ,ရှိသည့်တာကြောင့်၊သညာကိုအရင်းပြု၊နာမ်ခန္ဓာ(၄)ခုတို့သည်၊ မြူအဏုမျှမဘက်၊ရုပ်သက်သက်ဖြစ်သောပြဟ္မာတို့ကို(အသညသတ်)ခေါ်သည်၊

ရုပ်သက်သက်သာဖြစ်ခဲ့ပါက၊ သတ္တဝါမဟုတ်ဟု-ရှင်လူအများ၊ အထင်မှားမှာ စိုးရိမ်တာကြောင့်၊သတ္တဝါဟုတ်၏,ဟုပြလို၍သာ(သတ္တ)သဒ္ဒါထဲ့လျက်၊ ကမ္ဘာပါရည်း ဝိဂြိုဟ် ဖွက်ဆိုသတည်း။

တခဏမျှ,ကိုယ့်ဌာနကို၊မစွန့်လိုဘဲ၊နေမြဲနေရာမှာ နေတတ်တာကြောင့် (အဝိဟာ) ဟုခေါ်သတည်း။

တစုံတခု,သောက မှုဖြင့်၊ ပူမှုမရှိ၊ဘိမပြတ်၊ နေလိုင်တတ်၍(အတပ္ပါ)ဟုခေါ်သ တည်း၊

မြတ်သောရုပ်သွင်၊ကြန်အင်လက္ခဏာ,ရှိသည့်တာကြောင့်၊ ချမ်းသာသဖြင့်၊ စက္ခု ဖြင့်သာ ရူပါရုံမြတ် သူကြည့်တတ်၍(-သုဒဿာ)ဟုခေါ်သတည်း၊

သုဒဿာထက် ထက်မြက်ကြည်လင်၊ဝိညာဉ်စက္ခုဖြင့် ကြည့်ရှုစေတတ်၊ ဗြဟ္မာ မြတ်ကို(သုဒဿီ)ဟုခေါ်သတည်း၊

ရူပဗြဟ္မာ,ဆဲ့ခြောက်ရွာတွင်၊ ဘယ်ဟာတခုမျှအောက်မကျဘဲ၊ ထိပ်တန်းထဲက၊ အမြတ်ဆုံးကျ၍(အကနိဋ္ဌ)ခေါ်သတည်း၊

ကိလေကင်းကွာ၊ရဟန္တာ,အနာဂါမ်,ဗုဒ္ဓိုလ်ပွန်တို့၊ပျော်စံရာမှန်ဗြဟ္မာ့ထံသာဖြစ် သည့်တာကြောင့်၊(သုဒ္ဓါဝါသ)ခေါ်သတည်း၊

## အရူပဘုံ။

အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝ သညာနာသညာယတနဘုံဟူ၍၊အရူပ(၄)ဘုံရှိ၏၊ ၊အာကာသာနဉ္စာယတနရှာန် ၏,တည်ရာကောင်းကင်အရပ်သည်၊အာကာသာနဉ္စာယတနဘုံမည်၏,စသည်ဖြင့်ဆို လေ၊ (လွယ်ပြီ)

ဤလေးဘုံကား၊ရုပ်မရှိ၊နာမ်သက်သက်ကောင်းကင်မှာတည်နေသည်၊ ဘုံဗိမာန်မ ရှိ၊ရူပဗြဟ္မာတို့မှာကား၊ဘုံဗိမာန်ရှိသည်၊ ပဒေသာပင်,ဘယက်တန်းဆာဒွါရယာများ လဲရှိသည်ဟု(ယေပနဗြဟ္မဥိမာနကပ္ပရုက္ခအာဘာခဏေသုဆန္ဒရာဂေါဥပ္ပဇ္ဇတိ၊) ဤ သို့-အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍာ၌ဆို၏၊

ရင်းပြင်နတ်ပြည်(၆)ထပ်လုံးမှာ၊နန္ဒဝန်ဥယျာဉ်ရှိကြောင်းကို၊
**သဗ္ဗဒေဝလောကေသု,ဟိ,နန္ဒနဝနံ,အတ္ထိယေဝ-**
ဟု–မူလပဏ္ဏာသမှာ,မိန့်တော်မူ၏၊ အချို့လူများကား၊ နန္ဒဝန်ဥယျာဉ် ဆိုတာ၊ တာဝတိံသာမှာသာရှိသည်ဟု-အောက်မေ့ကြသည်၊ ၊

ဘုံပုဂ္ဂိုလ်ရ။

(၃၁၈) ဒု,သု,ဒွိ,တိ၊လေးယောက်ရှိ၊မှတ်ဘိပုထုဇန်၊
(၃၁၉) အရိယာ၇ှစ်၊ပေါင်း(၁၂)၊စင်စစ်ပုဂ္ဂိုလ်မှန်၊
(၃၂၀) အသညသတ်သု၊အပါယ်ဒု၊ရေုကိုစိပင်၊
(၃၂၁) လူနတ်စတုံ၊မရဒု၊ဒုသု,ငါးနတ်ကြဉ်၊
(၃၂၂) ဖြဟ္မာပါရီ၊ဝေဟပ်ထိ၊သု,ဒွိ,ဒု,မယှဉ်၊
(၃၂၃) ထက်ဆုံးအရိယာ၊သုံးယောက်သာ၊သုဒ္ဓါငါးဘုံရ၊
(၃၂၄) စမဂ်အရိ၊ဒု,သု,ဒွိ,၊မရှိအရူပ၊
(၃၂၅) ပုဂ္ဂိုလ်ပေါင်းရ၊ဘုံနှင့်ပြ၊နှစ်ရာ့တကျိပ်လေး၊

သုံးဆဲ့တဘုံအတွင်းမှာ၊သတ္တဝါတို့သည်၊တယောက် နှစ်ယောက်စသည်ဖြင့်၊ ရေတွက်သော်၊မရေမတွက်နိုင်အောင်များပြားသော်လည်း၊ဇာတ်တူအားဖြင့်၊ပေါင်းသည်ရှိသော်၊ ဒုဂ္ဂတိအဟိတ်၊ပုထုဇန်၊ သုဂတိအဟိတ်၊ပုထုဇန်၊ ဒွိဟိတ်ပုထုဇန်၊ တိဟိတ်ပုထုဇန်ဟူ၍၊ ပုထုဇန်(၄)ယောက်၊

မဂ်ပုဂ္ဂိုလ်(၄)ယောက်၊ ဖိုလ်ပုဂ္ဂိုလ်(၄)ယောက်၊ ပေါင်းအရိယာ(၈)ယောက်နှင့် တကွ၊ပုဂ္ဂိုလ်(၁၂)ယောက်သာရှိသည်၊ ထို(၁၂)ယောက်တို့တွင်၊ အသညသတ်ဘုံမှာ၊ သုဂတိအဟိတ်ပုဂ္ဂိုလ် တယောက်သာရ၏၊ အပါယ်လေးဘုံမှာ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်(၁)ယောက်သာရ၏၊အပါယ် (၄)ဘုံရှိခြင်းကြောင့်၊ ဒုဂ္ဂတိပုဂ္ဂိုလ်(၄)ယောက်ဖြစ်၏၊ဤငါးဘုံကား၊အရိယာမဘက်၊ပုထုဇဉ်သက်သက်ရသောဘုံတို့တည်း၊

လူ့ဘုံနှင့် ၊စတုမဟာရာဇ်(၂)ဘုံမှာ ဒုဂ္ဂတိပုဂ္ဂိုလ် တယောက်ကိုသာမရ၊ ကြွင်းပုဂ္ဂိုလ်(၁၁)ယောက်ကိုရ၏၊၂-ဘုံဖြစ်၍၊(၂၂)ယောက်ဖြစ်၏၊ တာဝတိံသာစသော၊ အထက်နတ်ပြည်ငါးထပ်မှာ၊ဒုဂ္ဂတိ၊သုဂတိ၊(၂)ယောက်ကိုမရ၊ ကြွင်း(၁၀)ယောက်ကိုရ၏၊ တဘုံလျှင်(၁၀)ယောက်၊ ငါးဘုံလျှင်(၅၀)ဖြစ်၏၊ ဗြဟ္မာပါရိသဇ္ဇာဘုံမှ၊ဝေ

ဟာပုဂ္ဂိုလ်ဘုံအထိ၊ ၍(၁၀)ဘုံမှာ၊ ဒုဂ္ဂတိ, သုဂတိ, ဒွိဟိတ်, ၍သုံးယောက်တို့ကိုမရအပ်၊ ကြွင်းသောတိဟိတ်နှင့်အရိယာ(၈)ယောက်၊ ၍ကိုးယောက်ကိုရ၏၊ (၁)ဘုံလျှင်(၉)ယောက်၊ ဆယ်ဘုံလျှင်(၉၀)ဖြစ်၏၊

သုဒ္ဓါဝါသငါးဘုံမှာ၊ အထက်ဆုံးအရိယာ(၃)ယောက်သာရသည်၊ အထက်ဆုံးအရိယာ, သုံးယောက်ဆိုသည်ကား၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ ၍သုံးယောက်ကိုဆိုသည်၊ တဘုံလျှင်သုံးယောက်၊ ငါးဘုံမှာ(၁၅)ယော်ဖြစ်၏၊ ၍ငါးဘုံကား၊ ပုထုဇန်မဘက်၊ အရိယာသက်သက် ရသောဘုံဖြစ်၏၊ အရူပ(၄)ဘုံ၌ အစသောတာ ပတ္တိမဂ်၊ ဒုဂ္ဂတိ၊ သုဂတိ၊ ဒွိဟိတ်၊ ၍(၄)ယောက်ကိုမရ၊ တိဟိတ်နှင့်အရိယာ(၇)ယော်၊ ၍(၈)ယောက်ကိုရ၏၊ တဘုံလျှင်(၈)ယောက်၊ (၄)ဘုံမှာ၊ (၃၂)ယောက်ဖြစ်၏၊ အလုံးရုံကိုပေါင်းသော်၊ ၁+၄+၂၂+၅၀+၉၀+၁၅+၃၂၊ ပေါင်း(၂၁၄)ယောက်ဖြစ်၏၊

အရိယာသက်သက်ဖြစ်သောဘုံကား သုဒ္ဓါဝါသ(၅)ဘုံတည်း၊ ပုထုဇန်သက်သက် ဖြစ်သောဘုံကား၊ အသညသတ်, အပါယ်ငါးဘုံတည်း၊ အရိယာ-ပုထုဇန်(၂)မျိုးဖြစ်သောဘုံကား၊ ကြွင်းသော(၂၁)ဘုံတည်း၊

ထို့ကြောင့်-သင်္ဂြိုဟ်၌၊

(၆၁) ပုထုဇ္ဇနာ၊ နလဗ္ဘန္တိ၊ သုဒ္ဓါဝါသေသုသဗ္ဗထာ၊
သောတာပန္နာစ၊ သကဒါဂါမိနောစာပိ ပုဂ္ဂလာ။ ။

(၆၂) အရိယာနောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု၊
သေသဋ္ဌာနေသုလဗ္ဘန္တိ၊ အရိယာ, နရိယာပိစ။ ။

သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသငါးဘုံတို့၌၊ သဗ္ဗထာ၊ အခါခပ်သိမ်း၊ ပုထုဇ္ဇနာ၊ ပုထုဇဉ် ဖြစ်ကုန်သော၊ ပုဂ္ဂလာစာပိ၊ ပုဂ္ဂိုလ်တို့ကိုရင်း၊ သောတာပန္နာ၊ သောတာပန်ဖြစ်ကုန် သော၊ ပုဂ္ဂလာစာပိ၊ ပုဂ္ဂိုလ်တို့ကိုရင်း၊ သကဒါဂါမိနော၊ သကဒါဂါမ်ဖြစ်ကုန်သော၊ ပုဂ္ဂလာစာပိ၊ ပုဂ္ဂိုလ်တို့ကိုရင်း၊ နလဗ္ဘန္တိ၊ မရအပ်ကုန်၊ ၊အသညာပါယဘူမိသု၊ အ သညသတ်ဘုံ၊ အပါယ်(၄)ဘုံတို့၌၊ အရိယာ၊ အရိယာပုဂ္ဂိုလ်(၈)ယောက်တို့ကို၊ နောပ လဗ္ဘန္တိ၊ နဥပလဗ္ဘန္တိ၊ မရအပ်ကုန်၊ သေသဋ္ဌာနေသု၊ သုဒ္ဓါဝါသ-အသညသတ်-အပါယ် ဘုံတို့မှကြွင်းကုန်သော-နှစ်ဆဲ့တဘုံတို့၌၊ အရိယာစ၊ အရိယာပုဂ္ဂိုလ်-ရှစ်ယောက် တို့ကိုရင်း၊ အနရိယာပိစ၊ ဒုဂ္ဂတိကြွင်သော၊ ပုထုဇဉ်ပုဂ္ဂိုလ် သုံးယောက်တို့ကိုရင်း၊

ယထာရဟံ၊ လူ,စတု,မှာ-၁၁-သာတည်း၊ ၅-ရှာထက်နတ်၊(၁၀)မှတ်လော့၊(၁၀)ရုပ် ရူပါ၊ ၉-ယောက်သာယူ၊အယူရှစ်ရှိ၊ထိုက်သည့်အားလျော်စွာ၊ ထဗ္ဗာန်တို့၊ရအပ်ကုန်၏၊

## ပုဂ္ဂိုလ်(၂၁၄)ယောက်ကို၊ အမျိုးမျိုးဝေဘန်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ဒုဂ္ဂတိအဟိတ်၊ပုထုဇ္ဇန် | ၄ | ယောက် | ပုထုဇ္ဇန် | (၃၅) | ယောက် |
| သုဂတိအဟိတ်ပုထုဇ္ဇန် | ၃ | ။ | အရိယာ | (၁၇၉) | ။ |
| ဒွိဟိတ်ပုထုဇ္ဇန် | ၇ | ။ | ပေါင်း-၂၁၄ | | ။ |
| တိဟိတ်ပုထုဇ္ဇန် | ၂၀ | ။ | ပုထုဇ္ဇန် | (၃၅) | ယောက် |
| သောတာပတ္တိမဂ်ပုဂ္ဂိုလ် | ၁၇ | ။ | မဂ်ပုဂ္ဂိုလ် | (၈၅) | ။ |
| သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | ၂၀ | ။ | ဖိုလ်ပုဂ္ဂိုလ် | (၉၄) | ။ |
| သကဒါဂါမိမဂ်ပုဂ္ဂိုလ် | ၂၀ | ။ | ပေါင်း-၂၁၄ | | ။ |
| သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | ၂၀ | ။ | ကာမဘုံသား | (၇၆) | ယောက် |
| အနာဂါမိမဂ်ပုဂ္ဂိုလ် | ၂၀ | ။ | ရူပဘုံသား | (၁၀၆) | ။ |
| အနာဂါမိဖိုလ် | ၂၆ | ။ | အရူပဘုံသား | (၃၂) | ။ |
| အရဟတ္တမဂ်ပုဂ္ဂိုလ် | ၂၆ | ။ | | | |
| အရဟတ္တဖိုလ်ပုဂ္ဂိုလ် | ၂၆ | ။ | | | |
| ပေါင်း-၂၁၄ | | ။ | ပေါင်း-၂၁၄ | | ။ |

## တနည်း၊ပုဂ္ဂိုလ်ဝေဘန်ပုံ။

(၃၂၆) ပုထုဇ်-အောက်ဖိုလ်၊ခွန်နှစ်ကို၊ဖြစ်,အို,နာ,သေ,မှတ်၊
(၃၂၇) ထက်ဆုံးအရိယာ၊ရဟန္တာ၊အို,နာ,သေ,၏မှတ်၊
(၃၂၈) ဖြစ်,အို,နာ,သေ၊ကင်းခဲ့ခြေ၊ထေးတွေမဂ်ဟုမှတ်၊

တနည်းပုဂ္ဂိုလ်တို့သည်၊ ပဋိသန္ဓေနေ၍ ဘဝသစ်၌ တဘန်ဖြစ်ရခြင်း-ဇာတိဒုက္ခ၊ အိုရခြင်း-ဇရာဒုက္ခ၊ နာရခြင်း-ဗျာဓိဒုက္ခ၊ သေရခြင်း-မရဏဒုက္ခ၊ (၄)မျိုးရှိတဲ့ ပုဂ္ဂိုလ် မျိုးတမျိုး၊

ဇာတိဒုက္ခကားမရှိ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ မျှသာရှိတဲ့ပုဂ္ဂိုလ်မျိုးတမျိုး၊ ဖြစ်,အို,နာ,သေ၊လေးထွေလုံးမရှိတဲ့ပုဂ္ဂိုလ်မျိုးတမျိုးဟု သုံးမျိုးသုံးစားရှိလေ၏၊

ဖြစ်,အို,နာ,သေ၊လေးထွေလုံးရှိသောပုဂ္ဂိုလ်တို့ကား၊ပုထုဇဉ်(၄)ယောက်နှင့်၊သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊အောက်ဖိုလ်(၃)ယောက်၊ ဤခုနစ်ယောက်ပင်ဖြစ်သည်၊

အိုခြင်း၊နာခြင်း၊သေခြင်းကားရှိသေး၏၊ပဋိသန္ဓေနေခြင်းကား၊မရှိသောပုဂ္ဂိုလ်ကား။ ရဟန္တာပုဂ္ဂိုလ်ပင်ဖြစ်သည်၊

ဖြစ်,အို,နာ,သေ၊လေးထွေလုံးကင်းသော ပုဂ္ဂိုလ်ကား၊ မဂ်ပုဂ္ဂိုလ်(၄)ယောက်ပင်ဖြစ်သည်၊ မဂ်ပုဂ္ဂိုလ်ဆိုသည်ကား၊ မဂ်စိတ္တက္ခဏ တချက်ခန့်မျှသာ ကြာသည်ဖြစ်၍၊ ပဋိသန္ဓေနေခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်းမဖြစ်နိုင်တော့ပြီ၊ထို့ကြောင့်၊လောကကြီးထဲမှာ၊မသေတဲ့ပုဂ္ဂိုလ်များရှိပါရဲ့သလားဟုမေးလျှင်၊မဂ်ပုဂ္ဂိုလ်(၄)ယောက်ကိုရည်၍၊မသေသောပုဂ္ဂိုလ်ရှိသေးသည်ဟု-ဖြေဆိုရမည်၊

**ထိုစကားစုကိုယမိုက်ပါဠိတော်ဒွ။**

ဥပပတ္တိက္ခဏ ပုဂ္ဂိုလ် ------ ------ ------ ------(၇) ယောက်၊
ဥပပတ္တိမဖြစ်၊စဝနက္ခဏသာဖြစ်သောပုဂ္ဂိုလ်------ (၁) ၊
ဥပပတ္တိစဝနက္ခဏ၂-ပါးစုံမဖြစ်သောပုဂ္ဂိုလ် ------(၄) ၊
ပေါင်းပုဂ္ဂိုလ်{၁၂}ယောက်ဖြစ်သည်ဟု-ဆိုသည်၊

**အံ့နှင့်ပွါးသေဒ်။**

ဖြစ်ခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်းရှိသောပုဂ္ဂိုလ် ........၁၀၃ ယောက်၊
အိုခြင်း၊ နာခြင်း၊ သေခြင်း ရှိသော ပုဂ္ဂိုလ် ------ ...... ၂၆ ၊
ဖြစ်ခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်းမရှိသောပုဂ္ဂိုလ်------ ၈၅ ၊
ပေါင်း ------{၂၁၄) ၊

**ဘုံပုဂ္ဂိုလ်ရပြီး၏။**

ဤကဲ့သို့ဆိုခဲ့ပြီးသောနည်းအတိုင်း၊ကျောက်ခွက်ခေါ်သော၊ စကြာဝဠာတိုက်တခုအတွင်းမှာမြင့်မိုရ်တောင်၊ တောင်စဉ်(၇)ထပ်၊ သီတာ(၇)တန်၊ကျွန်းကြီး(၄)သွယ်၊ကျွန်းငယ်နှစ်ထောင်၊ သုံးဆဲ့တဘုံ၊ပုဂ္ဂိုလ်{၂၁၄} ယောက်တို့ဖြင့်၊ပြည့်နှက်လျက်ရှိသော၊စကြာဝဠာတိုက်တခုပုံကို-ထုတ်ပြမေတော့အံ့၊



အထက်ပါပုံ၌၊ တောင်ကျွန်း နေရာမှာ၊ ယူဇနာ—၁၀၀၀ ဟု၊ သုညတလုံးကျနေသည်ကို။ (၁၀၀၀၀) ဟုဘတ်ပါ။

( 49 )




ဤပုံမှာ၊ စကြာဝဠာတိုက်ကို၊ ဘေးတိုက်ကြည့်ရပုံ။

## ခေတ်သုံးပါးကိုပြခြင်း။

(၃၂၉) တသောင်းစကြာဝဠာ၊အတွဲမှာ၊မှတ်ပါဇာတိခေတ်၊
(၃၃၀) ဇာတိခေတ်ရေ၊ဆယ်ကုဋေ၊မှတ်ထေ,အာဏာခေတ်၊
(၃၃၁) အာဏာခေတ်ကား၊လေထုခြား၊ဆုံးပြားရေဗိလာ၊
(၃၃၂) အာဏာခေတ်က၊အနန္တ၊ဝိသယခေတ်ခေါ်ပါ၊

ဤကဲ့သို့ပေါ်ပြခဲ့သော၊စကြာဝဠာတိုက်တို့သည်၊တခုစီ ရေပေါ်မှာ ပေါ်နေသည် မဟုတ်၊သံခွက်တသောင်းကိုဂဟေတွဲ၍၊ရေထဲမှာချထားသကဲ့သို့၊ ကျောက်ခွက်ပေါင်းတသောင်းတွဲခါ၊ရေပေါ်မှာတည်နေကြသည်။

စကြာဝဠာ(၃)ခုဆိုင် အကြားမှာ ဘိလာမြေရှိ၍ ဟုထင်ကြ၏၊ ဘိလာမြေ မရှိ၊ ခိုးယိုအပေါက် ကြီးသာဖြစ်သည်၊




တိဏ္ဏံတိဏ္ဏံဟိပဗ္ဗာနံ အန္တရာ ဠသဒိ သေ တိဏ္ဏံ လောကဝါတုနံ အန္တရေယောဝ ပထဝီနတ္ထိ၊ (သာရတ္ထဒီပနီ၊)

အထက်ပါပုံကဲ့သို့၊ဆက်ခါဆက်ခါတွဲနေသည်၊ စကြာဝဠာ(၃)ခု-(၃)ခုတို့၏၊အကြားၝ၊အောက်စကြာဝဠာခံရေတိုင်အောင်၊ခိုးယိုပေါက်၍နေရာ၊ၾင်းအကြားၝဆိုခဲ့ပြီးသော၊လောကန္တရိက် အသုရာကြီးတို့သည်၊မှောင်တိုက်ကြီးထဲမှာ ခံ၍နေရသည်၊ ဘုရားလောင်းများဘွားသောနေ့များမှာ၊အလင်းရောင်တကြိမ်တခါရ၏၊

ဤကဲ့သို့၊စကြာဝဠာတသောင်းတွဲကြီးတခုကို (ဇာတိခေတ်) ခေါ်၏၊ဘုရားလောင်း ပွေးဖွားသောအခါ စသည်တို့၌၊ဒိုးထိန်းစက်ကဲ့သို့သွက်သွက်ခါအောင်တုန်လှုပ်သောကြောင့်၊ (ဇာတိခေတ်) ခေါ်သည်၊ နောက်ကဆိုခဲ့သော၊ရေအိုင်ကြီးတခုအတွင်းမှာ၊

ဤကဲ့သို့သောင်းတွဲပေါင်း'ဆယ်ကုဋေ,သံ့ ၏စကြာဝဠာတခုနှစ်ခုစသည်ဖြင့်ရေတွက်သော်၊ ကုဋေ့တသိန်းရှိ၏၊ထိုစကြာဝဠာ'ကုဋေ့,တသိန်းကို(အာဏာခေတ်ခေါ်သည်၊) မြတ်စွာဘုရားများ၏၊ရတနသုတ်ပရိတ်,စသော၊အာဏာတော်ပြန့်နှံ့ရာဖြစ်၍၊ အာဏာခေတ်ခေါ်သည်၊ ထို့ကြောင့်၊ ယခုအခါ,ပရိတ်ရွတ်ခါနီးမှာ၊ ထိုအာဏာခေတ်၌ နေကုန်သောနတ်တို့ကိုပရိတ်နာဘိတ်လို၍ {သမန္တာ စက္ကဝါဠေသု၊} ဆိုသော ဂါထာဖြင့် ဘိတ်ကြသည်၊

ထိုအာဏာခေတ်ကား၊ တခုနှင့်-တခု၊ ၉-သိန်း ၆-သောင်း၊ ထေလုကြီးတွေခြားလျက်၊အာဏာခေတ်ပေါင်း၊အသင်္ချေယျအနန္တပင် ရှိလေသည်၊ထိုအာဏာခေတ်အနန္တကို၊ (ဝိသယ၊) ခေတ်ခေါ်သည်၊ မြတ်စွာဘုရား၏၊ သဗ္ဗညုတဉာဏ်တော်၏၊အရုံပြုရာဖြစ်သောကြောင့်၊ဝိသယခေတ်ခေါ်သည်၊

( ခေတ်{၃}ပါးအဓိပ္ပါယ်ပြီး၏ )

—÷+×:o:×+÷—

## ဘုံအဝေးအကွာကိုပြခြင်း။

(၃၃၃) လေးသောင်းနှစ်ထောင်၊သန်းခြောက်ထောင်၊လူ့ဘောင်နတ်ခြောက်ရွာ၊

(၃၃၄) ငါးသန်းငါးသိန်း၊ရှစ်ထောင်ကိန်း၊ခြားကိန်းပြဟ္မာ့ရွာ၊

လူ့ဘုံနှင့်စတုမဟာရာဇ်နတ်ဘုံ၊ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးကြသည်၊ စတုမဟာရာဇ်ဘုံနှင့်၊တာဝတိံသာ၊ တာဝတိံသာနှင့်၊ယာမာ၊ယာမာနှင့်၊တုသိတာ၊ တုသိတာနှင့်၊နိမ္မာနရတိ၊နိမ္မာနရတိနှင့်၊ပရနိမ္မိတဝသဝတ္တီ၊ဤကာမသုဂတိ(၇)ဘုံတို့သည်၊ တဘုံနှင့်တဘုံ၊ယူဇနာ'လေးသောင်းနှစ်ထောင်,စီကွာဝေးသည်၊ ပရနိမ္မိတဘုံနှင့်၊ပဌမဈာန်(၃)ဘုံတို့သည်၊ယူဇနာငါးသန်း၊ငါးသိန်း၊ရှစ်ထောင်ကွာဝေး၏၊ဒုတိယဈာန်(၃)ဘုံ၊ တတိယဈာန်(၃)ဘုံ,စသည်တို့လည်း၊ ငါးသန်း၊ငါးသိန်း၊ရှစ်ထောင် စီချည်းဝေးကွာသည်ဟုမှတ်လေ၊ နေဝသညာနာသညာယတနဘုံအထိသိလေ၊ လူ့ဘုံနှင့်၊နေဝသညာဘုံကိုတိုင်းသော်၊ ယူဇနာပေါင်း၊ ၇-ကုဋေ၊ တသန်း၊ ရှစ်သိန်း၊ငါးသောင်း၊ ၆-ထောင်ဝေးသည်၊ နေဝသညာဘုံနှင့်၊ အဝိစိဘုံကိုတိုင်းသော်၊ ယူဇနာပေါင်း၊ ၇-ကုဋေ၊တသန်း၊၉-သိန်း၊၇-သောင်း၊၆-ထောင်ကွာဝေးသည်၊ နေဝသညာ

ခေါ်သော၊ဘဝင်ဘုံအထက်မှာလဲ,သတ္တဝါမရှိ၊အဝိစိအောက်မှာလဲ,သတ္တဝါမရှိချေ။ သည်အတွင်းမှာသာ၊သတ္တဝါ များရှိသည်၊ထို့ကြောင့်-ဥဒ္ဓံယာဝဘဝဂ္ဂါစ၊အဓောယာဝ အဝိစိတော၊ဟု-သည်အတွင်းမှာနေတဲ့ သတ္တဝါတွေကို မေတ္တာပို့ကြသည်၊

ဘုံအခေးအကွာပြီး၏။

**ဘူမိစတုက္ကပြီး၏။**

−÷+×:o:×+÷−

## {၂} ပဋိသန္ဓိစတုက္က။

(၃၃၅) ဥသန်နှစ်ချင်ို-ဘွင်-ရ၊ဒု,သု,ကိုယ်စိမှတ်၊
(၃၃၆) မဟာဝိညာဏ်ဝိပ်၊နေဒွိဟိတ်၊ တိဟိတ်ညာဏ်သင်မှတ်၊
(၃၃၇) မဟာဂ်ဝိမှာ၊ကိုယ်စိသာ၊ဒုသာထူးလှာ၊ဒု-နှင့်တာ၊

ပကိဏ်းပိုင်း ကိစ္စသင်္ဂဟမှာ-ဆိုခဲ့သော,ပဋိသန္ဓေကိစ္စ၊ ဘွင်ကိစ္စ၊ ရတာကိစ္စတပ်သောစိတ်(၁၉)ပါးကို ပြန်စဉ်းစါးလိုက်ပါ၊ ကိစ္စသင်္ဂဟတုံးကတော့၊ ပဋိသန္ဓေကိစ္စတပ်သည့်စသည်ဖြင့်သာဆိုခဲ့ရသေးသည်၊ဘယ်ပုဂ္ဂိုလ်သည်၊ဘယ်စိတ်ဖြင့်၊ ပဋိသန္ဓေနေသည်ဟု-မဆိုခဲ့ရ၊မခွဲရသေး၍၊ခွဲခြား၍ပြပေတော့အံ့၊

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည်၊ အကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏ စိတ်ကလေးတခုနှင့်၊ပဋိသန္ဓေနေသည်၊ဘဝင်ကျသည်၊ရတိကျသည်၊ပဋိသန္ဓေနေသောစိတ်ဖြင့်ပင်ဘွင်ကျသည်၊ရတိကျသည်ဟု-အမြဲမှတ်လေ၊၍ကား၊အပါယ်ပဋိသန္ဓေတည်း၊သုဂတိအဟိတ်ခေါ်သော၊လူ့ဘုံကလူအချို့၊ စတုမဟာရာဇ်နတ်ဘုံထဲက၊ ဝိနိပါတိကအသုရာများ၊၍သုဂတိ(၂)ယောက်တို့သည်၊အဟိတ်ကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ်ဖြင့်၊ပဋိသန္ဓေ၊ဘွင်၊ရတိကျ၏၊ဒွိဟိတ်ပုဂ္ဂိုလ်(၇)ယောက်တို့သည်၊မဟာဝိပါက်ညာဏ်ဝိပ္ပယုတ်(၄)ပါးတွင်၊ တပါးပါးဖြင့်ပဋိသန္ဓေနေသည်၊ တိဟိတ်(၇)ယောက်တို့ကား၊

မဟာဝိပါက်ဉာဏသမ္ပယုတ်(၄)ပါးတွင်၊တပါးပါးဖြင့်ပဋိသန္ဓေနေသည်၊ဤ(၉)ပါးကား၊ ကာမသုဂတိဘုံသားတို့၏၊ပဋိသန္ဓေစိတ်ဖြစ်၍၊ ကာမသုဂတိပဋိသန္ဓေ(၉)ပါးခေါ်သည်၊အပါယ်ပဋိသန္ဓေ(၁)ပါးနှင့်ပေါင်းသော်၊ကာမပဋိသန္ဓေ(၁၀)ဖြစ်၏၊ ကာမဘွင်(၁၀)၊ကာမစုတိ(၁၀)၊ဟူ၍လည်းမှတ်လေဦး၊ ထိုဆယ်ပါးတို့တွင်၊ အဟိတ်ပဋိသန္ဓေ(၂)ပါး၊သဟိတ်ပဋိသန္ဓေ(၈)ပါးဟူ၍လည်း၊ဟေတုသင်္ဂဟအတိုင်းမှတ်လေ၊

ဟေတုသင်္ဂဟမှာ-အဟိတ်စိတ်၊ဧကဟိတ်စိတ်၊ ဒွိဟိတ်စိတ်၊တိဟိတ်စိတ်ဟု,ထေးမျိုး ရှိပါလျက်၊ပုဂ္ဂိုလ်မှာ-အဘယ်ကြောင့်(ဧကဟိတ်)ပုဂ္ဂိုလ်ဟုမရှိပါသနည်း?

ဧကဟိတ်စိတ်ဖြစ်သောမောဟမူဒွေးသည်၊ ပဋိသန္ဓေကိစ္စ၊ဘွင်ကိစ္စ၊စုတိကိစ္စ၊ မတပ်သောကြောင့်(ဧကဟိတ်ပုဂ္ဂိုလ်)ဟု-မရှိချေ၊

—÷+÷×:o:×+÷—

မဟာဂ်ဝိမှာ၊ကိုယ်စိသာ၊ဒုသာဝထူးလှ,ဒုနှင့်တ၊----- ဆိုသော စကားမှာ၊မဟဂ္ဂုတ်ဝိပါက်(၉)ခုမှာ၊အသီးအသီး၊ကိုယ်စိကိုယ်စိ၊ စိတ်တပါးဘပါးဖြင့်၊ ပဋိသန္ဓေနေကြ၏၊ ဒုတိယဈာန်(၃)ဘုံသာဝထူး၏၊ ပဌမဈာန်(၃)ဘုံမှာပဌမဈာန်ဝိပါက်ဖြင့်၊ ပဋိသန္ဓေနေကြ၏၊ဒုတိယဈာန်(၃)ဘုံမှာကား၊ (ဒုသာဝထူးလှ၊ဒုနှင့်တ) ဆိုတဲ့အတိုင်း၊ ဒုတိယဈာန်ဝိပါက်၊တတိယဈာန်ဝိပါက်(၂)ပါးဖြင့်၊ပဋိသန္ဓေနေ၏ဟု ဆိုလိုသည်၊တတိယဈာန်(၃)ဘုံမှာ၊ စတုတ္ထဈာန်ဝိပါက်စိတ်ဖြင့်၊ ပဋိသန္ဓေနေသည်၊ အသညသတ်ကြဉ်သော-စတုတ္ထဈာန်(၆)ဘုံမှာ၊ပဥ္စမဈာန်ဝိပါက်စိတ်ဖြင့်၊ပဋိသန္ဓေနေသည်၊ အသညသတ်ဘုံမှာ၊ဇီဝိတနဝက,ကလာပ်ရုပ်ဖြင့်၊ပဋိသန္ဓေနေသည်၊ရူပ,ပဋိသန္ဓေ(၅)ပါး၊ရုပ်ပဋိသန္ဓေနှင့်ပေါင်း(၆)ပါးဖြစ်သည်၊ အရူပ(၄)ဘုံမှာ၊အရူပဝိပါက်(၄)ခုဖြင့်၊အသီးအသီး၊ တပါးစီ,ပဋိသန္ဓေနေသည်၊အာကာသာနဉ္စာယတနဘုံမှာ၊အာကာသာနဉ္စာယတနဝိပါက်စိတ်ဖြင့်၊ပဋိသန္ဓေနေသည်,စသည်ဖြင့်ဆိုလေ၊ { လွယ်လှပြီ၊ }

## { အသက်တန်းကိုပြခြင်း၊ }

(၃၃၈) ဘုမ္မဇိုင်း,လူ၊ပါယ်လေးဆူ၊အာယုမမြဲပါ၊

**အသက်တန်းမမြဲသော ဘုံတို့ကို ပြဆိုသည်။**

ဘုမ္မဇိုဝ်းနတ်တို့ကို မှီ၍နေကြကုန်သော ဝိနိပါတိကအသုရာ၊တောင်ကျွန်းသူ၊ အပါယ်(၄)ဘုံ၊၎င်းတို့သည်၊အသက်တန်းအမြဲမရှိကြကုန်၊ တောင်ကျွန်းသူတို့အသက်တက်ဆုတ်ဖြစ်၍မမြဲကြောင်းကို၊နောက်ကပြဆိုခဲ့ပြီ။ကာလနဂါးမင်းကြီးတို့၊ မဏ္ဍုတ်မင်းကြီးတို့၊အချို့သော,သာတာဂိရိ၊ဟေမဝတ-စသော၊နတ်ဘီလူးကြီးတို့၏၊အသက်ရှည်သည်ကိုကြည့်လေ၊

(၃၃၉) မဟာရာဇ်ငါးရာ၊သိဂ္ဂုဝ်းမှာ၊မှတ်ပါခေါ်တရက်။
(၃၄၀) ထိုရက်လနှစ်၊ဖွဲ့ထိုဖြစ်၊အနှစ်ငါးရာသက်။
(၃၄၁) ငါးရာတပိုး၊ဆင့်ဆင့်တိုး၊ငါးမျိုးငရဲထွက်။
(၃၄၂) အန္တရကပ်၊တဝက်မှတ်၊သိအစ်မဟာတာ။
(၃၄၃) အောက်အဝီစိ၊ကပ်လုံးရှိ၊မှတ်ဘိငရဲမှာ။

စတုမဟာရာဇ်နတ်တို့၏ အနှစ်(၅၀၀)သည်သိဂ္ဂုဝ်းငရဲမှာ၊ တရက်သာဖြစ်၏။ လူတို့နှစ်ဖြင့်ရေတွက်သော်(၉-သန်း)ဖြစ်၏။ထိုရက်ကို,လ,နှစ်ဖွဲ့၍၊ သိဂ္ဂုဝ်းငရဲမှာအနှစ်(၅-ရာ)ခံရ၏။၎င်းကိုတပိုးတိုး၊ ကာလသုတ်မှာ(၁၀၀၀)ခံရ၏၊ ၎င်းကိုတပိုးတိုး၊ သင်္ဃာတမှာ(၂၀၀၀)၊ ရောရုဝမှာ(၄၀၀၀)၊ မဟာရောရုဝမှာ(၈၀၀၀)၊ တာပနမှာ(၁၆၀၀၀)ခံရ၏၊ ဤကဲ့သို့တပိုးတိုး၍၊ ငါးမျိုးငရဲသက်ကို ရေတွက်လေ၊ ၊မဟာတာပနမှာအန္တရကပ်တဝက်ခံရ၏၊အဝီစိမှာအန္တရကပ်(၁)တကပ်လုံးခံရ၏၊(အန္တရကပ်)ဆိုသောစကားသည်၊ရှေ့၌ထင်ရှားဖြစ်လတံ့၊ငရဲသက်ကို ဤသို့ဆိုသော်လည်း-

အပါယေသုဟိ အကုသလကမ္မမေဝ ပမာဏံ။

ဟု-ဆိုတဲ့အတိုင်း၊အသက်မမြဲပေ၊ အချို့သူကား၊ (၇)ရက်မျှခံရ၍၊ငရဲမှလွတ်၏၊ အချို့လဲငရဲသက်အတိုင်းခံရ၏၊အကုသိုလ်ကံသာပမာဏဖြစ်၏၊ အကုသိုလ်ကံကုန်လျှင်လွတ်၏၊မကုန်လျှင်မလွတ်သေး၊ဓမ္မပဒအဋ္ဌကထာလာသော၊ မလ္လိကာဒိဖုရား(၇)ရက်မျှခံ၍ လွတ်သည်ကိုထောက်လေ၊အကုသိုလ်ကံမကုန်သေးလျှင်၊ ဆိုခဲ့သောအသက်အတိုင်းခံရ၏၊

(၃၄၄) လူနှစ်-၅၀၊စတုဝယ်၊မှတ်ဘွယ်တရက်သာ၊

(၃၄၅) ထိုရက်လနှစ်၊ဖွဲ့လို့ဖြစ်၊အနှစ်ငါးရာကြာ၊

(၃၄၆) နတ်သက်လိုခွေး၊လူသက်လေး၊မြှောက်ရေးထက်ငါးဖြာ၊

လူ့ဘုံအနှစ်(၅၀)ကို၊စတုမဟာရာဇ်ဘုံမှာ၊(၁)ရက်၊ ၎င်းတရက်ကို၊လ,နှစ်,ဖွဲ့၍၊ ထိုနှစ်ပေါင်း၊စတုမဟာရာဇ်ဘုံမှာ၊(၅၀၀)ဖြစ်၏၊

လူတို့၏နှစ်ဖြင့်ရေတွက်သော်(၉)သန်းဖြစ်၏၊အထက်နတ်ပြည်ငါးထပ်အသက်ကို၊ နတ်တို့၏အသက်ဖြင့်သိလိုသော်၊{နဘ်သက်ငိုခွေး၊}ဆိုတဲ့အတိုင်း၊(၂)ဖြင့်မြှောက်၊ လူသက်၏အစွမ်းအားဖြင့်သိလိုသော်{လူသက်လေး၊}ဆိုတဲ့အတိုင်း၊ (၄)နှင့်မြှောက်၊ လူသက်တည်၊(၄)နှင့်မြှောက်၊နတ်သက်တည်၊(၂)နှင့်မြှောက်ဟုဆိုလိုသည်၊ အောက် ပါပုံမှာကြည့်၍ကြံလ၊

## ငရဲသက်-နတ်သက်-တို့ကိုပြခြင်း။

| ငရဲအမည် | ငရဲအသက် | ငရဲတရက်မှာ နတ်သက်ကြာ | ငရဲတရက်မှာ လူသက်ကြာ |
|---|---|---|---|
| ဘဉ္ဇုပိဝ်း | ...... ......၅၀၀ | စတုမဟာရာဇ် ၅၀၀×၂ | ၉-သန်×၄ |
| ကာလသုတ် | ...... ၁၀၀၀ | တာဝတိံသါ ၁၀၀၀×၂ | ၃-ကုဋေ ၆-သန်း×၄ |
| သဃ်ာတ | .... ၂၀၀၀ | ယာမာ ...... ၂၀၀၀×၂ | ၁၄ ၊ -၄-သန်း×၄ |
| ရောရုဝ | ...... ၄၀၀၀ | တုသိတာ ၄၀၀၀×၂ | ၅၇ ၊ -၆-သန်း×၄ |
| မဟာရောရုဝ | ...... ၈၀၀၀ | နိမ္မာနရတိ ၈၀၀၀×၂ | ၂၃၀၊ -၄-သန်း×၄ |
| တာပန | ......၁၆၀၀၀ | ပရနိမ္မိတ ၁၆၀၀၀ | ၉၂၁၊ -၆-သန်း |
| မဟာတာပန | အန္တရကပ်တဝက် | ...... ...... | ...... ...... |
| အဝိဇိ | အန္တရကပ်တကပ်လုံး | ...... ...... | ...... ...... |

## ကပ်{၄}မျိုးကိုပြခြင်း ။

(၃၄၇) အာယုအန္တရာ၊ အသင်္ချာ၊ မဟာ-၄-မျိုးကပ်၊
(၃၄၈) အသက်သင်္ချေ၊ ကုဋေစစ္စာ သက်တန်းမှာ၊ မှတ်ပါအာယုကပ်၊
(၃၄၉) သင်္ချေသျှ၊ ဆယ်နှစ်ကျ၊ ဆယ်နှစ်တန်းမှ, သင်္ချေယျ၊ မှတ်ကြံအန္တရကပ်၊
(၃၅၀) ခြောက်ဆဲ့လေးဝ၊ အန္တရ၊ မှတ်ကြံအသင်္ချေကပ်၊
(၃၅၁) ၂၀-အန္တရ၊ သင်္ချေယျ၊ ဆိုထ(ကေစိ)မှတ်၊
(၃၅၂) သံဝဋ္ဋ,သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ,ဝိဝဋ္ဋဋ္ဌာယီ၊ ကပ်လေးလီ,ခေါ်သည်မဟာကပ်၊
(၃၅၃) ပျက်ဆဲ,ပျက်တည်,ဖြစ်ဆဲ,တည်၊-၄-လီဝိပ္ပါယ်မှတ်၊
(၃၅၄) ပျက်မိုးလျှာမှ၊ မီးငြိမ်းထ၊ ခေါ်ရ(သံဝဋ္ဋာ)
(၃၅၅) မီးငြိမ်းသည်မှ၊ ပြုမိုးကျ၊ (ဝဋ္ဋဋ္ဌာယီ)သာ၊
(၃၅၆) ပြုမိုးမှသည်၊ နေ,လပေါ်၊ မှည့်ခေါ်(ဝိဝဋ္ဋာ)
(၃၅၇) နေ,လပေါ်မှ၊ ပျက်မိုးကျ၊ (ဝဋ္ဋဋ္ဌာယီ)သာ၊

အထက်ပါကဗျာများသည်၊ ပေါ်လွင်ထင်ရှား၍၊ (အဋ္ဌဗျတ္တိ) ဂုဏ်နှင့်ပြည့်စုံသော ကဗျာများဖြစ်၏၊ ကပ်ကမ္ဘာ,အခမ်းအနားများကို၊ သေချာစွာဆောင်ပါ၊ ။(၁)အာယုကပ်၊(၂)အန္တရကပ်၊(၃)အသင်္ချေယျကပ်၊(၄)မဟာကပ်-ဟူ၍၊ ကပ်{၄}မျိုးရှိ၏၊ ။

အသက်အသင်္ချေယျတန်း၊ တကုဋေ တန်း၊ သိန်းတန်း၊ သောင်းတန်းစသော၊ အသက်တန်းကလေးတွေကို(အာယုကပ်)ခေါ်သည်၊ သိန်းတန်းအာယုကပ်၊ သောင်းတန်းအာယုကပ်၊ ဆယ်နှစ်တန်း အာယုကပ်, စသောအားဖြင့်များပြားလှ၏၊ အသက်အသင်္ချေယျတန်းမှ၊ ဆယ်နှစ်တန်းအထိ၊ ဆယ်နှစ်တန်းမှ၊ အသက်အသင်္ချေယျတန်းအထိ၊ ဤဆုတ်ကပ်၊ တက်ကပ်-တစုံကို၊ (အန္တရကပ်ခေါ်သည်၊)

## တတက်မျှက်နှာ၌ ပြထားသော၊ အာယုကပ်နှင့်၊ အန္တရ ကပ်ကြီးပုံကို ကြည့်လေ။

# အဘိဓမ္မာနေရောင်ကျမ်း။


အန္တရကပ်ကြီးတကပ်ပုံ
သတ္တဝါတို့၏လောဘတရားအားကြီးလျှင်ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၍ဆုပ်၏။ ဒေါသတရားအားကြီးလျှင်သတ္ထန္တရကပ်ဆိုက်၍ဆုပ်၏။ မောဟတရားအားကြီးလျှင်ရောဂန္တရကပ်ဆိုက်၍ဆုပ်၏။
၁၀

ဘော်ပြခဲ့သော အန္တရကပ်ပေါင်း(၆၄)ကပ်ကို၊ အသင်္ချေယျကပ်(၁)ကပ်ခေါ်၏၊ ဆိုခဲ့ပြီးသော အသင်္ချေယျနှင့်၊ ဤအသင်္ချေယျကပ်နှင့်၊မရောင်မထွေးနှင့်၊ အသင်္ချေယျနှင့်၊ကပ်အသင်္ချေယျဟု ခွဲ၍မှတ်လေ၊ အချို့ကေစိဆရာတို့က၊အန္တရကပ်(၂၀)ကို၊ အသင်္ချေယျကပ်ဟုဆို၏၊ (တေသံမတိမတ္တံ) ဆိုခဲ့ပြီးသော၊အသင်္ချေယျကပ်သည်၊သံဝဋ္ဋအသင်္ချေယျ၊သံဝဋ္ဋဋ္ဌာယီအသင်္ချေယျ၊ဝိဝဋ္ဋအသင်္ချေယျ၊ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ,ဟု-၄-မျိုး၊၄-ကပ်ရှိ၏၊၎င်း-၄-ကပ်ကို၊မဟာကပ်ကြီးတခု၊ မဟာကမ္ဘာကြီးတခုခေါ်သည်၊ (ပျက်ဆဲ။) ကမ္ဘာကြီးကို၊မီး-ရေ-လေ-သုံးပါး၊တပါးပါးတို့ဖျက်ဆီး၍၊ပျက်ဆဲအခါကား၊-သံဝဋ္ဋအသင်္ချေယျ-တကပ်ခေါ်သည်၊

(ပျက်တည်။) ကမ္ဘာကြီး ပျက်စီးပြီး၍၊ တရုံတရောမျှ မကျန်မကြွင်း၊ ကောင်းကင်ဟင်းလင်းဖြစ်၍၊အပျက်ကြီးတည်နေသည်ကို၊သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ခေါ်သည်၊

(ဖြစ်ဆဲ။) ကမ္ဘာကြီးသည်၊လောကတံထွာမြေတာအလျောက်၊အသစ်တဘန်ပြုပြင်တည်ထောင်ဘန်ဆင်း၍ကမ္ဘာကြီးဖြစ်နေရသည်ကို (ဝိဝဋ္ဋ)အသင်္ချေယျကပ်ခေါ်သည်၊ (လူမရှိသေး)(တည်။)ကမ္ဘာကြီးတည်ပြီး၍၊ဗြဟ္မာ့ဘုံကဗြဟ္မာကြီးတွေစုတေ၍၊လူတွေနတ်တွေတစတစလာ၍ဖြစ်ကြပြီးလျှင်၊သတ္တဝါတည်နေကြသောကပ်ကြီးကို(ဝိဝဋ္ဋဋ္ဌာယီ) အသင်္ချေယျကပ်ကြီးခေါ်သည်၊ ထို(၄)ကပ်ကား၊ အန္တရကပ်(၆၄)စီကြာသည်ချည်းဘဲ၊ ထို(၄)ကပ်ပြည့်မှ၊တကမ္ဘာခေါ်သည်၊ ၎င်း(၄)ကပ်ကို၊ သေချာစွာအခါနှင့်တကွ,ပိုင်းပြဦးအံ့၊

ကမ္ဘာပျက်မိုဃ်းကြီး ရွာသည့်မှစ၍၊ကမ္ဘာကြီး မီးလောင်၍မီးတွေဟုတ်ခနဲငြိမ်းသည်တိုင်အောင်-ကာလကို(သံဝဋ္ဋ)အသင်္ချေယျကပ်ခေါ်၏၊ မီးဟုတ်ခနဲငြိမ်းသည်မှစ၍၊တဘန်ကမ္ဘာပြုမိုဃ်းကြီး ရွာသည်တိုင်အောင်-ကာလကို(သံဝဋ္ဋဋ္ဌာယီ)အသင်္ချေယျကပ်ခေါ်သည်၊ ကမ္ဘာပြုမိုဃ်းရွာသည်မှ၊ နေ,လ,နက္ခတ်တာရာ ပေါ်လာသည်တိုင်အောင်၊ အခါကာလကို(ဝိဝဋ္ဋ)အသင်္ချေယျကပ်ခေါ်သည်၊ နေ,လ,နက္ခတ် တာရာ ပေါ်သည်မှစ၍၊တဘန်ကမ္ဘာပျက်မိုဃ်းကြီးရွာလာသည်တိုင်အောင် အခါကာလကို(ဝိဝဋ္ဋဋ္ဌာယီ)ကပ်ခေါ်သည်၊

# အောက်ပါ၊ မဟာကမ္ဘာကြီးပုံကို၊ သေချာစွာရှုပါ၊

ကမ္ဘာကြီး တည်ပြီး၍ သတ္တဝါသို့ တည်ရှိနေသောအခါ

ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်ကြီး

WW ဤကဲ့သို့ပြထားသောအန္တရကပ် ပေါင်း(၂၅၆)
ကပ်အသင်္ချေယျကပ်ကြီး ၄ ကပ်၌ ပြည့်စုံသော

## မဟာကမ္ဘာကြီး ပုံ

# ကမ္ဘာကြီးပျက်ပုံ။

(၃၅၈) ဆုတ်တက်အန္တရ၊ စတုဆပေ၊ သင်္ချေဆုတ်လျက်၊ ထောင်တန်းသက်၊ အပျက်ကမ္ဘာ၌ဝ၊

(၃၅၉) မြစ်ငယ်-မြစ်ကြီး၊ အိုင်ကြီးသမုဒ္ဒရာ၊ ခိုးမီးဖြာ၊ ပျက်လာ(၆)စင်းနေ၊

(၃၆၀) မီးခွန်နှစ်ခါ၊ ရေတခါ၊ လှည့်ခါလှည့်ခါ ကြွေ၊

(၃၆၁) မီးငါးဆဲ့ခြောက်၊ ရေခွန်နှောက်၊ လေးရောက်ခြောက်ဆဲ့လေး၊

(၃၆၂) ပ-ဒု-တ, အောက်၊ အကျန်ပျောက်၊ မရောက်ထက်ဘုံ၌၊

၌ယခုကမ္ဘာကြီးသည်၊ ဆုတ်ကပ်တက်ကပ်ဟုဆိုအပ်သော၊ အန္တရကပ်ပေါင်း၊ ၆၄-ကပ်ပြည့်၍၊ တဘန်ပြန်၍ဆုတ်ပြန်သော်၊ လူတို့၏အသက်တထောင်တန်းကြွင်း၊ မည်မျှလောက်ပင်ကြီးမားလှတဲ့၊ အဆောက်အဦး-အထုအထယ်ကြီးပင်ဖြစ်စေကာမူ၊ သင်္ခါရနယ်ခရိုင်၊ မလွန်နိုင်သဖြင့်၊ ပိုင်ပိုင်ကြီး လိုက်ပါပျက်စီးပြီး၊ မီးစာကြီးအဖြစ်သို့၊ ရောက်ရလိမ့်မည်၊ ကမ္ဘာကြီးပျက်စီးခပုံကို၊ ဘုရားဟောတော်မူတဲ့၊ သတ္တသူရိယသုတ်လာအတိုင်း-အမြွက်မျှပြပါဦးအံ့၊

ယခုပကတိနေတစင်း၊ ချုပ်ကွယ်ခြင်းသို့ရောက်သော်၊ ၎င်းနောက်တဘန်၊ နေတစင်းထွက်လာပြန်၏၊ ထိုအခါ၊ အစိရဝတီမြစ်တွင်း၌၊ ထွက်ဆင်းသော မြစ်ငယ်ငါးရာတို့သည်၊ ခမ်းခြောက်ကြကုန်လတံ့၊ ထို့နောက်တဘန်၊ နေတစင်းထွက်ပြန်သော်၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ၊ ၌မြစ်ကြီးငါးစင်းတို့သည်၊ ခမ်းခြောက်ကြကုန်လတံ့၊ ထို့နောက်တဘန်၊ နေတစင်းထွက်ပြန်သော်၊ အနဝတတ်အိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏာလအိုင်၊ မန္ဒာကိဏီအိုင်၊ သီဟပ္ပပါတအိုင်၊ အလွန်ရေနက်သော-ဟိမဝန္တာတောအနီးမှာရှိတဲ့၊ ၌အိုင်ကြီး(၇)အိုင်တို့သည်၊ ခမ်းခြောက်ကြကုန်လတံ့၊ နောက်တဘန်၊ ပဉ္စမမြောက်, နေတစင်းထွက်ပြန်သောအခါ၊ ဆိုခဲ့ပြီးသော အင်္ဂေါသမုဒ္ဒရာ၊ ဗဟိသမုဒ္ဒရာ ရေတို့သည်၊ ခမ်းခြောက်ကြကုန်လတံ့၊ ထို့နောက် ဆဋ္ဌမမြောက်၊ နေတစင်းထွက်လာပြန်သောအခါအလုံးစုံသောကမ္ဘာကြီးသည်၊ မီးအုံး၍ထားသောအမိုက်ကဲ့သို့၊ အခိုးတလူလူထွက်၍နေကြကုန်လတံ့၊ ထို့နောက်၊ သတ္တမနေ

တစင်းထွက်လာသောအခါ၊ ကမ္ဘာအလုံးသည်၊ မီးတဟုန်းဟုန်းတောက်လောင်၍၊တသင်္ချေတိုင်အောင်ကြာလတံ့၊တရုံတရာ မြာမျှမကြွင်းအောင် သောင်လတံ၊ ဤကဲ့သို့ကမ္ဘာကြီးတွေကို မီးဖျက်သည်ကား၊(၇)ကြိမ်၊(၇)ကြိမ်ဖျက်လတံ့၊၅၆ကြိမ်မြောက်ကမ္ဘာကို၊ရေဖျက်လတံ့၊

ရေဖျက်သောကမ္ဘာမှာ၊ရှေးဦးအစ၊မိုဃ်းနှင်းကလေးကဲ့သို့ဖြည်းညှင်းစွာရွာ၏၊ထိုမိုဃ်းပေါက်ထိရာ အရပ်သည်၊ တခါတည်း ကြေမွပျက်စီး၍သွားလေ၏၊ အတန်ကြာသောအခါ၊ မိုဃ်းပေါက်ကြီးတွေတဖြေးဖြေး၊ဆီးသီးခန့်၊ကွမ်းသီးခန့်၊သံပုရာသီးခန့်၊ရှောက်သီးခန့်၊ဥသျှစ်သီးခန့် အုန်းသီးခန့်၊ အိမ်လုံးလောက်၊ တောင်လုံးလောက်ကြီးရွာသွန်လာ၏၊ ထိုအခါ မိုဃ်းပေါက်ထိရိုက်ရာ၊ ကျောက်တုံး ကျောက်တိုင်၊ဇရပ်တန်ဆောင်းတို့သည် ကြေမွပျက်စီး၍ကုန်သည်၊ တသင်္ချေကြာအောင်ပျက်စီးသဖြင့်၊မြူမှုန်မျှမကျန်မကြွင်းအောင်ဖြစ်သည်၊ မီး(၇)ခါပျက်လိုက်၊ ရေတခါပျက်လိုက်၊ ဤကဲ့သို့လှည့်၍လှည့်၍ပျက်သဖြင့်၊ မီး(၅၆)ကြိမ်၊ ရေ(၇)ကြိမ်ပြည့်သောအခါ၊ (၆၄)ကြိမ်မြောက်မှာ၊ရေမဖျက်ဘဲ၊လေဝင်၍ပျက်ပြန်သည်၊

## လေဖျက်ပုံမှာ။

လေဖျက်သောအခါ၊ရှေးဦးအစ၊လေညှင်းကလေးတိုက်ခိုက်၍လာလေ၏၊ကြာလေပြင်းလေ၊မုန်တိုင်းလေတို့ တိုက်ခပ်၍လာလေသော်၊အလုံးစုံ အဆောက်အဦးတို့သည်၊ ကျွက်ပြုတ်ပြီး၊ ကောင်းကင်မှာ၊ တခုနှင့် တခု၊ တတောင်နှင့် တတောင်၊ တအိမ်နှင့် တအိမ်၊အိမ်နှင့်ကျောင်းစသည်ဖြင့်၊အချင်းချင်းရိုက်ခပ်ကြ၍၊ တသင်္ချေကြာလေသော်၊ အနုမြူလောက်မျှ၊မကျန်မကြွင်းဘဲ၊ဟင်းလင်းအပြင်ဖြစ်ရလေသည်၊

ဤကဲ့သို့ချည်းကမ္ဘာကြီးတွေကို၊မီး-ရေ-လေ-သုံးပါးတို့၊လှည့်ခါလှည့်ခါဖျက်ဆီးကြလေသည်၊ကမ္ဘာပျက်သောအခါ၊သတ္တဝါများမှုကား၊ တရုံတယောက်မျှ မသေကြရချေ၊ ကမ္ဘာမပျက်ခင်၊ အနှစ်တသိန်းလောက်ကပင်၊ နတ်များက၊ ကမ္ဘာပျက်မည့်အကြောင်းကို၊ကြွေးကျော်ထားကြသဖြင့်၊ သတ္တဝါတွေတရားအားထုတ်၍၊ ဈာန်တရားတွေကိုရပြီး၊အထက်ဒုတိယဈာန်ဘုံ၊တတိယဈာန်ဘုံ၊စတုတ္ထဈာန်ဘုံသို့တက်၍ဖြစ်ကြ

ရသည်၊များသောအားဖြင့်၊အာဘဿရဘုံမှာဖြစ်ကြရသည်၊ ဒို ...... လူအပေါင်းတို့၊ကမ္ဘာကြီးတွေသာလဲ၍၊ သင်တို့-ငါတို့မှာ၊သည်ရပ်–သည်နာမ်၊သည်ခန္ဓာငါးပါးမလဲကြသေးပါကသား၊ခန္ဓာငါးပါးမရှိတဲ့ နိဗ္ဗာန်ကိုပြောင်းလွှဲကြဘို့တော်ပြီ၊တရားကြိုးစားအားထုတ်ကြ၊ ခန္ဓပိမုတ်ဖြစ်တဲ့ နိဗ္ဗာန်မရောက်သေးသမျှ၊ သည်ကမ္ဘာတွေထဲမှာချည်းဆင်းလိုက်တက်လိုက်နှင့်နေကြရလိမ့်မည်၊ဆိုခဲ့ပြီးသောနည်းအတိုင်း၊ မီး(၅၆)ကြိမ်၊ရေ(၇)ကြိမ်၊လေတကြိမ်၊ဤသို့အားဖြင့်၊(၆၄)ကြိမ်ဖြစ်သတည်း၊ ထို့ကြောင့်၊

မီးငါးဆဲ့ခြောက်၊ရေခွန်နှောက်၊လေရောက်(၆၄)ဟု-ဆိုခဲ့၏၊

## အောက်ပါပုံကိုကြည့်လေ။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ | မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ | မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ | မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ | မီး | မီး | မီး | မီး | မီး | မီး | မီး | လေ |

မီးဖျက်သောကမ္ဘာမှာ၊ပဌမစျာန်(၃)ဘုံတိုင်အောင်ပျက်စီးသည်၊
ရေဖျက်သောကမ္ဘာမှာ၊ဒုတိယစျာန်(၃)ဘုံတိုင်အောင်ပျက်စီးသည်၊
လေဖျက်သောကမ္ဘာမှာ၊တတိယစျာန်(၃)ဘုံတိုင်အောင်ပျက်စီးသည်၊

ဝေဟပ္ဖိုလ်,အသညသတ်မှစ၍၊ အထက်ဘုံတို့ကို၊မီး–ရေ-လေ-သုံးပါးတို့မဖျက်ဆီးနိုင်၊ ထို့ကြောင့်၊ {မခြောက်,ထက်ဘုံ} ဟုဆိုသည်၊

# ဗြဟ္မာ့သက်ကိုပြဆိုခက်း။

(၃၆၃) သင်္ချိုကပ်တရ၊သုံးဘုံပြု၊တရစ,ဗြဟ္မာ၊
(၃၆၄) အလယ်တဝက်မှတ်၊ဆုံးတကပ်၊သိအပ်-ပဘုံမှာ၊
(၃၆၅) ၂-ဈာန်မှာစ၊တပိုးပြ၊ဒု,,တ,,၆-ဘုံမှာ၊
(၃၆၆) အသညသတ်ဆို၊ဝေဟပ္ဖိုလ်၊တကိုယ်-၅-ရာကြာ၊
(၃၆၇) ငါးရာကိုပင်၊တပိုးတင်၊အစဉ်-၅-သုဒ္ဓါ၊
(၃၆၈) ၂သောင်း၊၄-သောင်း၊နောက်၆-သောင်းနှင့်၊ရှစ်သောင်းလေးထောင်
သင်္ချာဆောင်၊များမြောင်(အရူပါ၊)

ဗြဟ္မာတို့၏အသက်ကိုသေချာစွာသိစေခြင်းငှါ၊ရှေးဦးစွာကပ်(၄)မျိုးကိုရေးသားခဲ့ရသည်၊ကပ်(၄)မျိုးကိုသိမှဗြဟ္မာ့သက်ကိုသိနိုင်သည်(စဗြဟ္မာ)ဆိုတာ၊အစဆုံးဗြဟ္မာပါရိသဇ္ဇာဘုံကိုဆိုသည်၊၎င်းဘုံမှာ၊အသင်္ချေယျကပ်တခုကို(၃)ပုံ-ပုံ,လျှင်၊ တပုံတွက်အသက်ရှည်သည်၊အန္တရကပ်ဖြင့်ရေတွက်သော်၊(၂၁)ကပ်သာသာဖြစ်၏၊

အလယ်ဗြဟ္မာပုရောဟိတာဘုံမှာ၊အသင်္ချေယျကပ်ကိုထက်ဝက်,ဝက်၍၊တဝက်အတွက်,အသက်ရှည်သည်၊အန္တရကပ်ဖြင့်ရေတွက်သော်၊(၃၂)ကပ်ဖြစ်၏၊(ဆုံးတကပ်)ဆိုသည်မှာ၊အဆုံးမဟာဗြဟ္မာဘုံမှာ၊အသင်္ချေယျတကပ်လုံးအသက်ရှည်သည်၊

ဒုတိယဈာန်(၃)ဘုံ၊တတိယဈာန်(၃)ဘုံ၊ ထို(၆)ဘုံမှာ-၂,ကမ္ဘာကစ၍၊တပိုးတိုး၍သိလေ၊၂-ကမ္ဘာ၊၄-ကမ္ဘာစသည်ဖြင့်၊ ဒု,,,တ,,,၆-ဘုံတို့၏အသက်ကိုသိလေ၊ဝေဟပ္ဖိုလ်အသညသတ်(၂)ဘုံမှာ၊ကမ္ဘာကြီး(၅၀၀)စီအသက်ရှည်၏၊သုဒ္ဓါဝါသ(၅)ဘုံမှာ၊ ထို(၅၀၀)ကိုတပိုးတိုး၊တထောင်၊နှစ်ထောင်၊လေးထောင်၊ရှစ်ထောင်၊တသောင်းခြောက်ထောင်ဖြစ်၏၊ အရူပ(၄)ဘုံမှာလဲ၊ အစဉ်အတိုင်း၊ ၂-သောင်း၊ ၄-သောင်း၊ ၆-သောင်း၊ ၈-သောင်းလေးထောင်ဟု၊အစဉ်အတိုင်းသိလေ၊

ဘုံစဉ်အတိုင်း–မြဟ္မာသက်ကိုပြဦးအံ့–အောက်၌ကြည့်လေ။

--▬÷+×○×+÷---

၈၄၀၀၀
၆၀၀၀၀
၄၀၀၀၀ } အရူပ(၄)ဘုံ၊
၂၀၀၀၀

-÷+:×○×:+÷-

၁၆၀၀၀
၈၀၀၀
၄၀၀၀ } သုဒ္ဓါဝါသ(၅)ဘုံ၊
၂၀၀၀
၁၀၀၀

—÷:+×○+:÷--

| | | | |
|---|---|---|---|
| ၅၀၀ | | ၅၀၀ | ဝေဟပ္ဖိုလ်နှင့်-အသညသတ်၂ဘုံ၊ |
| ၁၆ | ၃၂ | ၆၄ | တတိယဈာန်(၃)ဘုံ၊ |
| မဟာကပ္ပာ ၂ | ၄ | ၈ | ဒုတိယဈာန်(၃)ဘုံ၊ |
| အသင်္ချေယျ-၃ပုံ,၁ပုံ | ၂ပုံ၁ပုံ | ၁ | ပဌမဈာန်(၃)ဘုံ၊ |

မြတ်စွာဘုရားပရိနိဗ္ဗာန်စံသွားပြီးနောက်(၁၂၉၃)ခုနှစ်အထိ၊နှစ်ပေါင်းကို,နတ်သက်ဖြင့်တွက်ပြခြင်း။

| မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသော နှစ်ပေါင်း(၂၄၇၅) နှစ်သည်၊ | စတုမဟာရာဇ်ဘုံမှာ၊ | တာဝတိံသာဘုံမှာ။ | ယာမာဘုံမှာ။ | တုသိတာဘုံမှာ။ | နိမ္မာနရတိဘုံမှာ။ | ဝသဝတ္တိဘုံမှာ |
|---|---|---|---|---|---|---|
| ရက် | ၄၉-ရက်၊ | ၂၈ | ၁၄ | ၇ | ၃ | ၁ |
| နာရီ | ၃၀ | ၁၅ | ၇-သာသာ၊ | ၃ သာသာ၊ | ၃၀သာသါ၊ | ၄၅သါသါ |

(၆၃) ပဋိသန္ဓိဘဝင်ဥ္စ၊တထာစဝနမာနသံ။
ဧကမေဝတထေဝေကာ၊ဝိသယာစ္ဆေကဇာတိယံ။ ။

ဧကဇာတိယံ၊ တခုသောဘဝ၌၊ ပဋိသန္ဓိစ၊ ပဋိသန္ဓေစိတ်သည်၎င်း။ ဘဝင်ဥ္စ၊ဘဝင်စိတ်သည်၎င်း၊တထာ၊ထို့အတူ၊စဝနမာနသဥ္စ၊စုတိစိတ်သည်၎င်း၊ဧကမေဝ၊ဘူမိ,ဇာတိ,သမ္ပယုတ္တဓမ္မ,သင်္ခါရအားဖြင့်တူသည်သာလျှင်၊ဟောတိ၊ဖြစ်၏၊တထေဝ၊ထို့အတူသာလျှင်၊ဧကဝိသယဥ္စ၊တူသောအာရုံရှိသည်လည်း၊ဟောတိ၊ဖြစ်၏၊

(၃၇၀) ဘုံ,ဇာတ်,သံ,သင်,၊အာ-၅-အင်၊သံ,ဘွင်,ရု,တူမြဲ၊

ပဋိသန္ဓိစတုက္ကပြီး၏။

---÷+×o×+÷---

## ကမ္မစတုက္ကဝေဘန်ခဏ်း။

(၃၇၁) ဇနကကံ၊ဥပတ္ထမ်နှင့်၊တဘန်ပီဠကာ၊ဃာတကာ၊ ကိစ္စကံ(၄)ဖြာ၊

(၃၇၂) ဖြစ်စေ,ထောက်ပံ့၊ကပ်၍နှိပ်စက်၊ကပ်၍ဖျက်၊(၄)ချက်မိပ္ပါယ်သာ၊

(၁) ဇနကကံ၊ (၂) ဥပတ္ထမ္ဘကကံ၊ (၃) ဥပီဠကကံ၊ (၄) ဥပဃာတကကံ-ဟူ၍၊ကိစ္စအပြား-ကံ(၄)ပါးရှိသည်၊

''ဖြစ်စေ,,

ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌၊ ဝိပါက်နာမက္ခန္ဓာ,ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော၊ကုသိုလ်အကုသိုလ်စေတနာသည်၊(ဇနက)ကံမည်၏၊

''ထောက်ပံ့,,

မိမိသည် အကျိုးကို ဖြစ်စေခြင်းငှါ၊မစွမ်းနိုင်သော်လဲ၊ကံတပါး၏ကြာမြင့်စွာသော ကာလပတ်လုံး၊အကျိုးကိုဖြစ်စေခြင်း၌၊အကြောင်း၏အဖြစ်ဖြင့်၊ ''ထောက်ပံ့,, တတ်သော၊ကုသိုလ်အကုသိုလ်စေတနာသည်၊(ဥပတ္ထမ္ဘက)ကံမည်၏၊

တနည်း၊ ချမ်းသာခြင်း၊ဆင်းရဲခြင်းဖြစ်၍ဖြစ်သော၊အကျိုးကို ဖြတ်တတ်သော၊အကြောင်း၏မဖြစ်သဖြင့်ရင်း၊ပွါးသောအကြောင်း၏ရင်း၊ဇနကကံ၏အစွမ်းအားလျော်စွာကြာမြင့်စွာသောကာလပတ်လုံး၊ ဖြစ်ခြင်း၏အကြောင်းဖြစ်သော၊ ကုသိုလ်အကုသိုလ်စေတနာသည်၊(ဥပစ္ဆေဒကကံ)ကံမည်၏။

"ကပ်၍နှိပ်စက်း,,

ကံတပါးသည်၊ ဖြစ်စေအပ်သောအကျိုး၏၊ များနာသည်၏အဖြစ်၊ ဝါတ်ညီညွတ်သည်၏အဖြစ်,အစရှိသော အကြောင်းကို၊မြစ်သဖြင့်၊ကြာမြင့်စွာသော ကာလပတ်လုံး၊ဖြစ်ခြင်းကိုမြစ်၍၊ "ကပ်၍နှိပ်စက်,, တတ်သော၊အလုံးစုံသော၊ကုသိုလ်အကုသိုလ်ကံသည်၊(ဥပပီဠကကံ)ကံမည်၏။

"ကပ်၍ဖျက်။,,

အားနည်းသော၊ဇနကကံ၏အကျိုးကိုဖြစ်စေတတ်သောအစွမ်း၌၊ ကပ်၍ဖြတ်တတ်သော၊မိမိ၏သံတ္တိကိုဖြစ်စေသဖြင့်၊ထိုအားနည်းသောဇနကကံ၏အကျိုးကိုတားမြစ်၍၊မိမိ၏အကျိုးကိုဖြစ်စေတတ်သောကံသည်၊(ဥပဃာတကကံ)ကံမည်၏။

ယခုရေးသားတော်ပြသည့်၊ ဋီကာဆရာ၏ စကားအတိုင်း၊ပါဠိဖြင့် မသင်နိုင်သောသူများအကျိုး၄၊ မြန်မာစကားဖြင့်ရေးသားလိုက်သည်။

လိုရင်းအချုပ်မှတ်သားဘို့ရန်၊သေသေချာချာမှတ်သားလောက်သောနည်းကို၊ ဥပမာတို့ဖြင့်တော်ပြပါဦးမည်၊ ရင်းကံ(၄)ပါးအဓိပ္ပါယ်ကို၊ အပေါ်ရန်မှုသာသိ၍၊ထိထိ ခိုက်ခိုက်၊ရှုးရှုးရှရှမသိသူများသည်၊သေချာစွာမှတ်ပါ။

ဥပမာမှာ။

ပန်းပုဆရာတဦးသည်၊ ဖွပ်သောမင်းသွီးရုပ်တရုထုလုပ်၍၊ ဖွပ်သောမင်းသွီးရုပ်ဖြစ်ထာ၏၊ ထိုမင်းသွီးရုပ်ကိုထုသော-ပန်းပုဆရာသည်၊ဇနက(ကံ)နှင့်တူ၏၊ သေချာစွာစဉ်းစားလေ။

ပန်းပုဆရာတဦးသည်၊ သာမညမင်းသွီးရုပ်ထုလျက်နေရာ၊ ပန်းပုပညာ၌လိမ္မာပြွမ်းတီး၊ ဆရာကြီးတယောက်ကလာ၍တွေ့မြင်သောအခါ ဤကဲ့သို့မျက်လုံးကိုထု၊ ဤကဲ့သို့မျက်ခုံးကိုထု၊ ဤကဲ့သို့နှာတန်ဖော်၊ ဤကဲ့သို့လက်ဟန်ခြေဟန်ထား၊ စသည်ဖြင့်ပြသသွန်သင်သည်ရှိသော်၊ သာမည မင်းသွီးရုပ်သည်၊ ဇနပဒကလျာဏီ၊ ပဘာဝတီ၊ ဥပ္ပလဝဏ်၊ ဝိသာခါ၊ ပဋာစာရီ-တို့ကဲ့သို့၊ လှပသောအရုပ်ကလေးဖြစ်လာ၏၊ ထိုကဲ့သို့သင်ပြသောပန်းပုဆရာကြီးသည်(ဥပတ္ထမ္ဘက)ကံနှင့်တူ၏၊ ပန်းပုဆရာတဦးသည်၊ လှပသောမင်းသွီးရုပ်ကလေးတခုထုလျက်နေရာ၊ အမှတ်မဲ့သော၊ လူတယောက်သည် ရောက်လာ၍၊ ပန်းပုထုသောဆရာ၏အနှောက်အယှက်ကိုလုပ်၍၊ ဆောက်ကိုချိုးခြင်း၊ ရုးကိုချိုးခြင်း၊ ထားကိုပဲ့ခြင်း၊ လက်ခြေဘို့ကိုအထပ်ထပ်တိုက်ခိုက်ခြင်း စသောအားဖြင့်၊ လာ၍နှောက်ယှက်သော်၊ လှပသောအရုပ်ကိုပင်ထုပါသော်လဲ၊ ထိုမင်းသွီးရုပ်သည်၊ (မြောက်အိုမကြီး) နှင့်တူရသေသည်၊ ထိုလာ၍နှောက်ယှက်သောသူသည်၊ (ဥပပီဠက)ကံနှင့်တူသည်၊

ကောင်းစွာပန်းပုအရာ၌၊ မတတ်ကျွမ်းသေးသူတယောက်သည်၊ မင်းသွီးရုပ်ကို ထုမည်ဟုကြံ၍၊ လက်နက်ကြိယာ ပြင်ဆင်နေရာ၊ ကောင်းစွာပန်းပုအရာ၌၊ တတ်ကျွမ်းသောလူတယောက်သည်ရောက်လာ၍၊ မင်းဘာရုပ်ထုမည်နည်းဟုမေး၍၊ မင်းသွီးရုပ်ထုမည့်အကြောင်းကိုသိရလျှင်၊ မင်းသွီးရုပ်မထုနှင့် ၊ငါ့ကိုပေး 'ငါခွေးရုပ်, ထုမည်ဆို၍၊ ခွေးရုပ်ကိုထုလေ၏၊ ထိုခွေးရုပ်ကိုထုသောပန်းပုဆရာသည်၊ ဥပဃာတက-ကံနှင့်တူ၏၊

ထိုဥပမာနှင့်အတူ၊ ဇနကကံသည်၊ မိမိ၏အစွမ်းအားလျော်စွာ၊ လူ၏ခန္ဓာ၊ နတ်၏ခန္ဓာ ငရဲခန္ဓာ, စသောအားဖြင့်၊ ဝိပါက်နာမက္ခန္ဓာ(၄)ပါးနှင့်၊ ကဋတ္တာရုပ်ဟု-ဆိုအပ်သောရူပက္ခန္ဓာ၊ ဤခန္ဓာငါးပါးဟုဆိုအပ်သော၊ အကျိုးတရားတို့ကိုဖြစ်စေ၏၊

ဇနကကံသည်အားနည်း၍၊ မလှသောဘဝကိုဖြစ်စေမည်ဟု-အားယူဆဲတွင်၊ တပါးသောကံ၏အထောက်အပန့်ကိုရ၍၊ အလွန်တရာလှပသော-မင်းသွီး၏ဘဝကိုဖြစ်စေ၏၊ ထိုကဲ့သို့ထောက်ပန့်သောကံသည်၊ (ဥပတ္ထမ္ဘက)ကံမည်၏၊

ဇနကကံအားရှိ၍၊ လှပသောမင်းသွီးဘဝကိုဖြစ်စေမည်ဟု၊ အားယူဆဲတွင်၊ တပါးသောကံတို့သည်၊ ဝင်လာနှောင့်သှက်၍၊ မလှမပသော မိန်းမရုပ်ကိုဖြစ်စေ၏၊ ထိုကဲ့သို့ဝင်လာနှောင့်ယှက်နှိပ်စက်သောကံသည်၊ (ဥပပီဠက)ကံမည်၏၊

ကုသိုလ်ဇနကကံသည်၊အားနည်းသည်ဖြစ်၍၊ လူ့ဘဝကိုဖြစ်စေမည်ဟု,အာယူှဆဲတွင်၊တပါးသောအကုသိုလ်ကံသည်၊ကုသိုလ်ဇနကကံကိုတားမြစ်၍၊ မိမိကခွေးဘဝကိုဖြစ်စေ၏၊တားမြစ်၍၊မိမိသည်ဖြစ်သောကံသည်၊(ဥပဃာတကကံ)မည်၏၊

ဤ(၄)ခုလုံးကို၊ကုသိုလ်နှင့်အကုသိုလ်အပြန်အလှန်ယူလေ၊ဥပမာနှင့်-ဥပမေယျကိုလဲ-ဟတ်၍ယူလေ၊

## ဇနကကံ-နှင့်၊ဥပဃာတကံ(၂)ခုအထူးကား။

ဇနကကံသည်၊ကံတပါး၏အကျိုးကိုမဖြတ်မူ၍သာလျှင်၊ အကျိုးကိုဖြစ်စေ၏၊ ဥပဃာတကကံသည်၊ကံတပါး၏အကျိုးကိုဖြတ်၍၊အကျိုးကိုဖြစ်စေ၏၊ဤကားအထူး

## ကိစ္စအပြား-ကံ(၄)ပါးပြီး၏။

---÷+×o×+÷---

(၃၇၃) ကြီးလေးပြင်းထံ၊'ဂရုကံ,သာ၊သေခါနီးပြု၊ ရှေးပြုပေါ်လတ်၊အာသန်,မှတ်လေ့၊ မပြတ်လေ့ကျက်၊အာစိဏ်မြွက်ပါ၊ကံမည်ခါမျှ၊ကဋတ္တာ၊ လေးဝကျိုးပေးအစဉ်တည်း၊

(၃၇၄) အကု-ဂရုကံ၊ပဥ္စာနံ၊ကုကံ၊-မဟဂ္ဂုတ်သိ၊

ကြီးလေးပြင်းထံ,ကံတပါး၊တို့ မြစ်တားခြင်းငှါ၊မတတ်သာအောင်၊လွန်စွာအပြစ်ကြီး၍၊သေသည့်၏အခြားမဲ့မှာ၊သေချာစွာအကျိုးပေးသောကံကို(ဂရုကံ)ခေါ်သည်၊ အကုသိုလ်ဂရုကံကား၊ပဥ္စာနန္တရိယကံငါးပါးတည်း၊

## ပဥ္စာနန္တရိယကံ(၅)ပါးဟူသည်ကား။

(၃၇၅) မာ,ပိ,အရဟံ၊လောဟိတံ၊သံဃဘေဒကာ၊

(၁) မာတုဃာတကာ၊ ၊လူဇာတ်ဖြစ်သော-အမိကိုသတ်ခြင်း၊

(၂) ပိတုဃာတကာ၊ ၊လူဇာတ်ဖြစ်သော-အဘကိုသတ်ခြင်း၊

(၃) အရဟန္တဃာတကာ၊ ၊လူဇာတ်ဖြစ်သော-ရဟန္တာကိုသတ်ခြင်း၊

(၄) လောဟိတုပ္ပါဒကာ၊ ၊ယင်ငယ် သောက်လောက်ရုံမျှ၊ - ဘုရားကိုသွေးစိမ်းတည်အောင်ပြုခြင်း၊

(၅) သံဃဘေဒကာ၊ ၊ဓမ္မအဓမ္မစသောအားဖြင့်၊သံဃာကွဲပြားအောင်ပြုခြင်း၊
၍(၅)ပါးတို့ပေတည်း၊နိယတမိစ္ဆာဒိဋ္ဌိအယူလည်း၊အကုသိုလ်ဂရုကံကြီးပင်တည်း၊
ကုသိုလ်(ဂရုကံ)ကား၊မဟဂ္ဂုတ်ကုသိုလ်(၉)ခုကို-ယူရမည်၊
သေခါနီးအခါကျမှ၊ ကျောင်းအတွက်ရေစက်ချ၍လှူမှု၊ဆွမ်းကျွေးမှု၊သင်္ကန်းလှူမှု၊ ၵှင်ပြု-ပဋ္ဌာန်းခံမှုစသောအားဖြင့်၊သေခါနီးမှ ပြုသောကံသည်၎င်း၊ ရှေးကပြုခဲ့ဘူးသော ကုသိုလ်အကုသိုလ်ကံတွေ၊သေခါနီးကျမှပြန်၍အောက်မေ့သောကံသည်၎င်း၊ထို၂,ပါး သည်၊(အာသန္နကံ)မည်၏၊

မပြတ်သေ့ကျက်၊အာစိဏ်မြွက်ပါ။

အမြဲမပြတ်–လေ့ကျက်အပ်သောကံ၊ သို့မဟုတ်တကြိမ်တည်းသာပြုလုပ်သော်လဲ၊ အဘန်တလဲလဲစိတ်၌စွဲ၍ မြဲဝဲပွါးများအပ်သောကံသည်၊(အာစိဏ္ဏကံ)မည်၏၊

ကံမည်ခါမျှ၊ကဋတ္တ။

ဂရုကံ၊အာသန္နကံ၊အာစိဏ္ဏကံ-အဖြစ်သို့မရောက်၊ ပြုပြီးခဲ့သော ကံဟောင်း ကံ ကြွင်း၊အပရာပရိယ,က၊ကံကလေးကို၊ကံမည်ခါမျှဖြစ်၍(ကဋတ္တာကံ)ခေါ်သည်၊

လေးကျိုးပေးအစဉ်တည်း။

၍(ဂရုကံ)စသော,ကံ(၄)ပါးသည်၊ အကျိုးပေးအစဉ် အတိုင်းပေးသည်ဟု-ဆိုလို သည်၊အစဉ်အတိုင်းပေးပုံမှာ၊သတ္တဝါတယောက်ထဲမှာ၊၍ကံ(၄)မျိုးလုံးရှိလျှင်၊ဂရုကံ အကျိုးပေး၏၊ဂရုကံမရှိလျှင်၊အာသန္နကံအကျိုးပေး၏၊အာသန္နကံမရှိလျှင်၊အာစိဏ္ဏကံ အကျိုးပေး၏၊အာစိဏ္ဏကံမရှိပါမှ၊ ကဋတ္တာကံအကျိုးပေး၏၊ ၍သို့ အစဉ်အထိုင်းပေး သည်မှတ်၊အာစိဏ္ဏကံသည်၊မပြတ်လေ့ကျက်ရ၍၊အားရှိသောကြောင့်၊ ဂရုကံမရှိလျှင်၊ အာစိဏ္ဏကံသာရှေးဦးစွာအကျိုးပေးသင့်သော်လဲ၊ အာသန္နကံကား၊သေခါနီးအခါမှာ၊ ပြုရသောကြောင့်၊နီးရာကံက၊အရင်အကျိုးပေးသည်ဟုမှတ်လေ၊

၄ခုလုံးကို၊ဥပမာဖြင့်ပြဦးအံ့။

တရသောခြံကြီးအတွင်း၌ အားခွင်ဗလကောင်း၍၊အားလုံးနွားတွေကိုနိုင်ရသော၊ခြံ

ချုပ်စီးန္တားကြီးတကောင်လဲရှိ၏၊ အားအင်ယှဉ်းယို-နွားအိုပိန်တာကြီးတကောင်သည်ကား၊ ခြိတ်ခါးဝနားမှာ အိပ်လျက်ရှိ၏၊ အားအင်ဗလ ကောင်းသော နွားပျို၊ နွားသိုးတကောင်သည်ကား၊ ခြိတ်ခါးဝနှင့် ဝေးသော အရပ်မှာ အိပ်လျက်ရှိ၏၊ အားအင်မရှိ ချိချိနဲ့နဲ့၊ ခါးနွဲ့ပိန်တာ၊ နွား့မမာကလေးတကောင်လဲ၊ ခြိတ်ခါးဝနှင့် ဝေးစွာသောအရပ်မှာ အိပ်၍နေထေ၏၊ ဤကဲ့သို့ ခြံကြီးတခုမှာ၊ နွားလေးကောင် အိပ်၍နေကြရာ၊ နံက်မိုးထင်း၍၊ ခြိတ်ခါးကိုလူများက, ဖွင့်သည်ရှိသော်၊ ခြံအုပ်စီးနွားကြီးသည်၊ မည်သည့်နွားကိုမှုမကြောက်မရွန့်ရဲဝန့်သောသတ္တိမျိုးဖြင့်၊ ရှေးဦးပဌမတိုးထွက်၍သွားလေ၏၊

၎င်းနောက်နွားသိုးသည် မိမိလည်းအားရှိ၍၊ အရင်တိုးထွက်လိုပါသော်လဲ၊ မိမိမှာ-ခြိတ်ခါးဝနှင့်ဝေးနေခြင်းကြောင့်၊ ခြိတ်ခါးဝနှင့်နီးသော၊ နွားအိုပိန်တာကြီးက၊ မိမိအရင်ထွက်သွားပြန်၏၊ နွားအိုကြီးထွက်ပြီးမှ၊ နွားသိုးထွက်ရလေ၏၊

နွားမမာကလေးမှာမူ၊ အားအင်လဲသေး၊ ခြိတ်ခါးနှင့်လဲဝေးလေတော့၊ နောက်ဆုံးမှထွက်ရလေ၏၊

ဤဥပမာနှင့်အတူ၊ ဂရုကံသည်၊ အလုံးရုံသောကံတို့က၊ အရှုံးပေးရသော၊ ချုပ်စီးကံကြီးဖြစ်၍၊ သေခြင်းနှင့်နီးသော၊ အာသန္နကံပင်ရှိသော်လဲ၊ မိမိကအရင်အကျိုးပေး၏၊

တဘန်အာစိဏ္ဏကံသည်၊ ဒ မြဲမပြတ်လေ့ကျက်သောကံဖြစ်၍၊ အားရှိသော်လဲ၊ သေခြင်းတည်းဟူသော ခြိတ်ခါးနှင့်ဝေး၍နေသောကြောင့်၊ သေခါနီးမှပြုသော၊ အာသန္နကံက, အရင်အကျိုးပေးပြန်၏၊

အာသန္နကံမရှိမှ၊ အာစိဏ္ဏကံအကျိုးပေးလေ၏၊ အာစိဏ္ဏကံ မရှိသော်၊ သံသရာတလွှားကပြုခဲ့သော၊ အပရာပရိယဝေဒနီယ, ကဋတ္တ, အကဋတ္တကံသည် အကျိုးပေး၏၊ ထို့ကြောင့်၊ ထိုကံကို(ကဋတ္တာကံ)ခေါ်၏၊ ထိုသို့ပင်ဆိုသော်လည်း၊ အာစိဏ္ဏကံ အားကြီးခဲ့မူ၊ အာသန္နကံ၏အရင်အကျိုးပေး၏ဟု-ဆိုကြသေး၏၊

(၃၇၆) "ပဓာဒိဌ၊ မျက်မှောက်ရ၍,,၊ "ဥပ-ဆုံးဓော၊ ဒုတိယောဝယ်,,၊ "လယ်ဓောငါးဖြာ၊ အပရာက၊ တတိယမှ၊ နိဗ္ဗာန်ကျအောင်၊ အကျိုးဆောင်,,၊ "မဆောင်အဟောသိ,,၊

## ၁-( ပဓော-ဒိဋ္ဌ၊ မျက်မှောက်ရ၍။ )

ဇော(၇)ကြိမ်တို့တွင်၊ပဌမဇောစေတနာကို၊ ဒိဋ္ဌဓမ္မဝေဒနီယကံခေါ်သည်၊ မဟာဒုက်၊ ကဋ္ဌာဗုမင်းတို့ကဲ့သို့၊ ကောင်းကျိုးမကောင်းကျိုးကို၊ မျက်မှောက်ဘဝ၊ ပစ္စက္ခမှာပင်၊ အကျိုးကိုခံစားရ၍၊ (ပဋိသန္ဓေကို-မပေးတော့ပြီ၊)

## ၂-(ဥပဆုံးဇော၊ ဒုတိယောဝယ်၊)

အဆုံးသတ္တမဇောစေတနာကို၊ ဥပပဇ္ဇဝေဒနီယကံခေါ်သည်၊ သေသည်မှနောက်၊ ၂-ခုမြောက်ဘဝ-ဒုတိယမှာ၊ပဋိသန္ဓေအကျိုးကို ပေးသည်၊ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ၃-ခုနှင့်၊ဤဥပပဇ္ဇကံနှင့်အတူတူပင်၊

## ၃ (သယ်ဇော{၅}ဖြာအပရာ၊ တတိယမှ၊ နိဗ္ဗာန်ကျအောင်၊ အကျိုးဆောင်။)

အလယ်ဇော(၅)ချက်စေတနာကို၊ အပရာပရိယဝေဒနီယကံခေါ်သည်၊ တတိယဘဝကစ၍၊ နိဗ္ဗာန်ကျအောင်၊ အကျိုးပေးသင့်၊ အခွင့်ပေါ်လာတိုင်းအမှတ်မရှိ၊ တစုံတခုသောဘဝမှာ-အကျိုးပေးသည်၊

## ၄-(မဆောင်အဟောသိ။)

ပဌမဇောစေတနာသည်၊ မျက်မှောက်ဘဝမှာ အကျိုးပေးလျှင်၊ (ဒိဋ္ဌဓမ္မကံ)မည်၏၊ မပေးလျှင်(အဟောသိကံ)ဖြစ်သွား၏၊

အဆုံးသတ္တမဇောစေတနာသည်၊ ဒုတိယဘဝမှာ အကျိုးပေးလျှင်၊ (ဥပပဇ္ဇဝေဒနီယကံ)မည်၏၊ မပေးလျှင်၊ အဟောသိကံဖြစ်သွား၏၊

အလယ်ဇော(၅)ချက်စေတနာသည်လည်း၊ တတိယဘဝမှာပေးဘို့ကံသည်၊ တတိယဘဝ၌အကျိုးပေးဘို့အခွင့်ရ၍၊ ပေးလျှင်(အပရာပရိယဝေဒနီယကံ)မည်၏၊ မပေးလျှင်အဟောသိကံဖြစ်သွား၏၊ စတုတ္ထဘဝ၊ ပဉ္စမဘဝမှစ၍၊ နိဗ္ဗာန်တိုင်အောင်သိလေ၊ ဘုရားရဟန္တာအဖြစ်သို့ရောက်သော၊ အပရာပရိယကံမှန်သမျှ(အဟောသိကံ)ဖြစ်သွားလေတော့၏၊

ဤကား၊ အကျိုးပေးရာကာလ၏အစွမ်းအားဖြင့်၊ ကံ(၄)ပါးတည်း၊

| ကုသိုလ်-အကုသိုလ်ဇော(၇)ကြိမ်၊ | | | | | | |
|---|---|---|---|---|---|---|
| ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော |
| ဒိဋ္ဌဓမ္မဝေဒနီယ | အပရာ, ပရိယ ဝေဒနီယ | | | | | ဥပပဇ္ဇဝေဒနီယ |
| ထိုကံ(၃)သုံးပါးက,အကျိုးမပေးလျှင်အဟောသိ၊ | | | | | | |

(၃၇၇) အကု,ကုဟူ,၊ရူ,အရူ,၊၄-ဆူဘုံအပြား၊

အကုသိုလ်စေတနာ(၁၂)ခုကို၊(အကုသိုလ်ကံ)ခေါ်၏၊မဟာကုသိုလ်စေတနာ(၈)ခုကို၊(ကုသိုလ်ကံ)ခေါ်၏၊ရူပကုသိုလ်စေတနာ(၅)ခုကို၊ရူပကုသိုလ်ကံခေါ်၏၊ အရူပကုသိုလ်စေတနာ(၄)ခုကို၊အရူပကုသိုလ်ကံခေါ်၏၊ အကုသိုလ်ကံသည်၊ အပါယ်(၄)ဘုံကိုအကျိုးပေး၏၊မဟာကုသိုလ်ကံသည်၊ ကာမသုဂတိ(၇)ဘုံကိုအကျိုးပေး၏၊ ရူပကုသိုလ်ကံသည်၊ ရူပ(၁၆)ဘုံကိုအကျိုးပေး၏၊ အရူပကုသိုလ်ကံသည်၊အရူပ(၄)ဘုံကို၊အကျိုးပေး၏၊ဤသို့အကျိုးပေးရာဘုံဌာနအားဖြင့်၊ကံ(၄)ပါးရှိ၏၊

{ အကုသိုလ်ကံ။ }

(၃၇၈) ကာယ,ဝစီ၊မနောချီ၊သုံးလီကံအပြား၊
(၃၇၉) ပါဏာတိပါတေ၊အဒိန္နေ၊ကာမေ,"ကာယ,,များ၊
(၃၈၀) မုသာ,ပိသု,ဖရုသမ္ဖ်၊ဤလေးရပ်၊မှတ်ကြ"ဝစီ,,များ၊
(၃၈၁) အဘိဇ္ဈာပါ၊ဗျာပါဒါ၊မိစ္ဆာ,"မနော,,ထား၊
(၃၈၂) "ဒေါကြောင့်,,ပါ,ဖ၊ဗျာပါဒနှင့်၊
"လောဘကြောင့်,,ကာ၊ဘိဇ်,မိစ္ဆာတည်း၊
မုသာ,ပိ,သံ၊အဒိန္နံ၊ဖြစ်ရန်"လောဒေါ,,သာ၊

**ကာယကံ၊ဝစီကံ၊မနောကံ၊ဟု—ကံ(၃)ပါးရှိ၏။**

(၁) **ပါဏာတိပါတ၊** ၊သူ့အသက်ကိုသတ်ခြင်း၊
(၂) **အဒိန္နာဒါန၊** ၊အရှင်မပေးသော၊သူတပါး၏ဥစ္စာကိုခိုးခြင်း၊
(၃) **ကာမေသုမိစ္ဆာစာရ၊** ၊သူတပါးသားမယားတည်းဟူသော၊ ကာမဂုဏ်တို့၌၊မှားသောအားဖြင့်ကျင့်ခြင်း၊

ဤသုံးပါးတို့သည်၊ကာယဒွါရ၌သာ-များသောအားဖြင့်-ဖြစ်သောကြောင့်၊(ကာယကံ) -၃-ပါး၊ကာယဒုစရိုက်(၃)ပါးဟုခေါ်၏၊

(၁) မုသာဝါဒ၊ ၊မဟုတ်မမှန်သောဝတ္ထုကို၊ ဟုတ်မှန်သောအားဖြင့်၊ ဖွည့်ဖြား လိမ်လည်၍ပြောဆိုခြင်း၊

(၂) ပိသုဏဝါစာ၊ သူ(၂)ယောက်တို့၏ ချစ်ခြင်းကို၊ ပြိုခွင်းဖျက်ဆီးလျက်၊ ဂုံးတိုက်သောစကားကိုပြောဆိုခြင်း၊

(၃) ဖရုသဝါစာ၊ ၊မိမိအားရင်း၊သူတပါးအားရင်း၊ နားမချမ်းသာ၊လွှသွားပမာ၊ ကြမ်းတန်းစွာသောစကားကိုပြောခြင်း၊

(၄) သမ္ဖပ္ပလာပဝါစာ၊ ၊မိမိသူတပါး အကျိုးမများသော၊ ပြိန်ဖျင်းသောစကားကို-ပြောဆိုခြင်း၊

ဤ(၄)ပါးသည်၊ ဝစီဒွါရ၌သာ၊များသောအားဖြင့် ဖြစ်သောကြောင့်၊ ဝစီကံခေါ်သည်၊ ဝစီဒုစရိုက်(၄)ပါးလည်းခေါ်သည်၊

(၁) အဘိဇ္ဈာ၊ ၊လောဘ၏အစွမ်းဖြင့်၊ သူတပါး၏စည်းစိမ်ကို၊မိမိစည်းစိမ်ဖြစ်လိုသောအနေဖြင့်၊ရှေးရှုကြံစည်ခြင်း၊

(၂) ဗျာပါဒ၊ ၊ဒေါသ၏အစွမ်းဖြင့်၊သူတပါး၏အသက်ခန္ဓာ၊စည်းစိမ်ဥစ္စာ၊ပျက်စီးရာပျက်စီးကြောင်းကိုကြံခြင်း၊

(၃) မိစ္ဆာဒိဋ္ဌိ၊ ၊လောဘမူ ဒိဋ္ဌိသမ္ပယုတ် အစွမ်းဖြင့်၊ အမှားမှား အချော်ချော်၊ မဟုတ်မမှန်၊နိဗ္ဗာန်နှင့်ဝေး၊အပါယ်ဘေးရောက်ရန်၊ မမှန်သောမိစ္ဆာဒိဋ္ဌိတို့၏၊အယူကိုယူမိခြင်း၊

ဤ(၃)ပါးကား၊ကာယဝစီ၊၂-လီမဘက်၊သက်သက် မနောဒွါရ၌သာဖြစ်သောကြောင့်၊(မနောကံ)၃-ပါး၊ (မနောဒုစရိုက်)၃-ပါးခေါ်၏၊ အဘိဓမ္မာအလိုအားဖြင့်၊အကုသိုလ်ခေါ်ဆိုတာ,ဆိုခဲ့ပြီး၊အကုသိုလ်စေတနာ၊၁၂-ခုကို၊အကုသိုလ်ဟုခေါ်ဆို၏၊

သုတ္တန်အလိုအားဖြင့်၊အကုသိုလ်ဟုခေါ်ဆိုရဘာ၊ယခုဆိုခဲ့ပြီ·သောဒုစရိုက်(၁၀)ပါးကို၊အကုသိုလ်ခေါ်၏၊သဘောကတခြားစီလားဆိုလျှင်၊တခြားစီမဟုတ်၊သဘောတမျိုးတည်းဖြစ်၏၊ဒုစရိုက်ဆယ်ပါးကိုကြွေးလွန်လျှင်၊ အကုသိုလ်စေတနာ(၁၂)ခုဖြစ်၏၊

## သချာစွာခွဲပြပါဦးအံ့။

**'ဒေါကြောင့်,ပါ,ဇ၊ဗျာပါဒ,နှင့်။**

ပါဏာတိပါတ၊ဖရုသဝါစာ၊ဗျာပါဒ၊ ဤဒုရိုက်(၃)ပါးသည်၊ ဒေါသကြောင့်ဖြစ်သည်။ ၊ငါးမျှားသောသူသည်၊ကြီးစွာသောငါးကြီးကိုရ၍၊အားရဝမ်းသာ၊ ထားနှောင့်နှင့်ထုလေ၏၊ ထိုသူအား၊သူ့အသက်သတ်ရာ၌၊ဒေါသကြောင့်မဟုတ်၊လောဘမူသောမနသသဟု ထင်ရန်ရှိ၏ လောဘမူသောမနသကား၊ရှေးဦးစွာဖြစ်၏၊ သတ်သောခဏမှာကား၊ဒေါသသာဖြစ်၏ဟု-သေချာစွာမှတ်၊ မင်းမိုးရာဇာတို့၊ စားပွဲထိုင်လိုသည်ဖြစ်၍၊ တောတက်ပြီး တအိမ်အိမ်က ကျက်ဘဲဝက်စသည်တို့ကို၊ရယ်ရွှင်၍သတ်ရာ၊ ဒေါသကြောင့်ဖြစ်ကြောင်းကို-ဋီကာဆရာသည်၊

**ဟာသမာနာပိ,ဟီ၊ရာဇာနော,ဒေါသစိတ္တေနေဝ၊ပါဏာဝဓံ,အာဏာပေန္တိ။**

ဤကဲ့သို့ဆိုသည်ကိုထောက်ဆ၍၊ယုံကြည်ထိုက်၏၊ ၊ဟိသဒ္ဒါ၊ထိုငါ့စကားသည်၊မမှားကေန်အဟုတ်မှန်၏၊ရာဇာနော၊မင်းတို့သည်၊ဟာသမာနာပိ၊ရယ်ရွှင်လျက်လည်း၊ ဒေါသစိတ္တေနေဝ၊ဒေါသစိတ်ဖြင့်သာလျှင်၊ ပါဏာဝဓံ၊သတ္တဝါအသက် သတ်ခြင်းကို၊ အာဏာပေန္တိ၊စေခိုင်းကုန်၏၊

ဖရုသဝါစာ၊ဗျာပါဒတို့ကား၊လျှဉ်းပါးရန်မရှိ၊ဒေါသကြောင့်ကေန်ဖြစ်၏၊

**လောဘကြောင့်,ကာ၊ဘိစ်,မိစ္ဆာ,တည်း။**

ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊မိစ္ဆာဒိဋ္ဌိ၊ ၊ဤ(၃)ပါးသည်၊ လောဘကြောင့်ဖြစ်သည်၊ ဤ(၃)ပါးကား၊လောဘကြောင့်ဖြစ်ကြောင်း-ထင်ရှားပြီ၊

**မုသာ,ပိ,သံ,အဒိန္နံ၊ဖြစ်ရန်-လော,ဒေါ,သာ။**

မုသာဝါဒ၊ပိသုဏာဝါစာ၊သမ္ဖပ္ပလာပဝါစာ၊အဒိန္နာဒါန်၊ ဤဒုစရိုက်(၄)ပါးတို့သည်ကား၊ရံခါလောဘကြောင့်ဖြစ်၏၊ရံခါဒေါသကြောင့်ဖြစ်၏၊ ဤကားအဘိဓမ္မာနည်းနှင့်သုတ္တန်နည်းကို-တွဲ၍-ခွဲပြခြင်းတည်း၊

အဘိဓမ္မာမသင်ဘူးသောသူတို့သည်၊ ဤစာအုပ်ကို ဝယ်ရခြင်း၏၊အကျိုးများစေခြင်းငှါ၊ သိသင့်သိထိုက်၊ရှောင်ထိုက် ကျင့်ကြံထိုက်သော,အချက်တို့ကို၊ ထည့်စွက်ဘော်ပြပါဦးအံ့၊

## (၁) ပါဏာတိပါတ အင်္ဂါနှင့် အပြား။

(၁) ပါဏော၊ သန်းကြမ်းပိုးစသော-သတ္တဝါလည်းဖြစ်စေ၊
(၂) ပါဏသညိတာ၊ သတ္တဝါဟု-အမှတ်ရှိစေ၊
(၃) ဝဓကစိတ္တံ၊ သတ်လိုသောစိတ်စေတနာရှိသည်ဖြစ်စေ၊
(၄) ပယောဂေါ၊ '၆-ပါးသောလုံ့လ,တို့တွင်၊တပါးပါးဖြင့်သတ်သည်ဖြစ်စေ၊
(၅) တေနမရဏံ၊ ထိုလုံ့လဖြင့်-သေသည်လည်းဖြစ်စေ၊
ပါဏာတိပါတဿ၊ပဉ္စအင်္ဂါနိ၊ { ပါဏာတိပါတအင်္ဂါငါးပါး၊ }

### ၆-ပါးသောလုံ့လဆိုသည်ကား။

(၃၇၃) ကိုယ်-စေ-လွှတ်ပစ်၊မြဲလစ်မန္တာန်၊တန်ခိုးဖန်၊၆-ထန်ပယောဂ၊
(၁) ကိုယ်တိုင်သတ်ခြင်း-သာဟတ္ထိကပယောဂ၊
(၂) သူတပါးကိုစေခိုင်းသဖြင့်သတ်ခြင်း၊အာဏတ္တိကပယောဂ၊
(၃) ဒါးလှံလေးမြှားလွှားကာလက်နက်တို့ကိုလွှတ်၍သတ်ခြင်း၊နိဿဂ္ဂိယပယောဂ၊
(၄) အမြဲသေစေတတ်သော၊ ပြောင့်ထောင်ခြင်း၊တွင်းတူးခြင်း၊ဂျမ်းကပ်ခြင်းစသော၊ အမြဲထားသောအားဖြင့်-သတ်ခြင်း၊ထာဝရပယောဂ၊
(၅) အင်္ဂမုတ် နောက်ဆုတ်ချခြင်းစသော၊ ထိုက်အင်းခိုက်အင်း၊တန္တြေရုန်းဘုတ်၊နံ့မြုပ်ရုပ်ထား၊ပြုစားနည်းအမျိုးမျိုးဖြင့်သတ်ခြင်း၊ ဝိဇ္ဇာမယပယောဂ၊
(၆) မျက်စောင်းထိုးခြင်းစသော၊ကမ္မဇိဒ္ဓိအစွမ်းကြောင့် ချက်ခြင်းသေစေတတ်သော၊ ဣဒ္ဓိမယပယောဂ၊ ဤ-၆-ပါးတည်း၊

### သူ့အသက်သတ်သောသူ၏အပြစ်။

သူ့အသက် သတ်ကုန်သောသူတို့သည်၊သေသည်၏အခြားမဲ့၌၊
(၁) အပါယ်(၄)ဘုံ၌၊ကြီးစွာသော-အပါယ်ဒုက္ခကိုခံရခြင်း၊
(၂) ငရဲဘုံမှလွတ်၍၊လူလာဖြစ်သောအခါ၊ခြေထက်အင်္ဂါချို့တဲ့ခြင်း၊
(၃) လုံးရပ်သဏ္ဍာန်မတင့်မတယ်၊စက်ဆုပ်ဘွယ်ရှိခြင်း၊
(၄) မစွမ်းမသန်၊ခြေကောက်ခြေခွင်၊မလျှင်မမြန်ခြင်း၊
(၅)သွားသောအခါ၊ခြေဘဝါးအထယ်ချိုင့်၍၊ခြေဖျားဖျောင့်ဖျားဖြင့်နင်းသွားရခြင်း၊
(၆) သုခုပ်ထိမ်းတို့-မြင်တိုင်းမုန်းခြင်း၊

(၇) မနူးမည့်၊မသိမ်မမွေ့ခြင်း၊
(၈) ရုပ်ရေလက္ခဏာဝယ်၊မစင်မကြြယ်ရှိခြင်း၊
(၉) ပရိသတ်အလယ်၌၊မရဲမဝန့်ကြောက်ရွံ့ခြင်း၊
(၁၀) အားခွန်ဗလနည်းပါးခြင်း၊
(၁၁) စကားပြောလျှင်၊ကောင်းစွာမပြီ၊လှုပ်ငိုး၍ချယ်ခြင်း၊
(၁၂) ထစ်ထစ်-အအ-ပြောခြင်း၊
(၁၃) ဗျွေရုံပရိသတ်ပျက်စီး၍၊တကိုယ်တည်းနေရခြင်း၊
(၁၄) ကိုယ့်စီးပွါးကိုယ်ရှာသော်လဲ၊အရာရာမှာအပျင်းထူခြင်း၊
(၁၅) ရှာဖွေ၍,ရသမျှကို၊သူတကာအနိုင်အထက်နှိပ်စက်၍ယူခြင်း၊
(၁၆) သူဘပါးလုံ့လပယောဂ(၆)ပါးတို့တွင်၊တပါးပါးဖြင့်သေရခြင်း၊
(၁၇) ချစ်လှစွာသော,သားမယားတို့နှင့်၊ရှင်ကွဲ-သေကွဲ-တရရကွဲရခြင်း၊
(၁၈) အမိဝမ်းတွင်းကပင်-သေရခြင်း၊
(၁၉) ဘွားစဉ်ဘွားဆဲ၊သွားတတ်ခါ၊မှောက်တတ်ခါစ၊ ၉-နှစ်၊၁၀-နှစ် ရွယ်များ၌၊ သေတတ်ခြင်း၊ { ဇာတိဂုတ်အဋ္ဌကထာ,ဇုတိရေကဏ္ဍ၊ }

## (၂) အဒိန္နာဒါနအင်္ဂါနှင့်အပြား။

(၁) သူတပါးသိမ်းဆည်းသော,ဥစ္စာလည်းဖြစ်စေ၊
(၂) သူတပါးသိမ်းဆည်းသော,ဥစ္စာဟုသိသည်ဖြစ်စေ၊
(၃) ခိုးလိုသောစိတ်လည်း,ရှိသည်ဖြစ်စေ၊
(၄) ခိုးခြင်းလုံ့လလည်းရှိစေ၊
(၅) ခိုးလည်းခိုးစေ၊ ။ဤအင်္ဂါ(၅)ပါးစုံလျှင်၊ခိုးခြင်းမြောက်၏၊

ခိုးခြင်း(၂၅)ပါးဆိုသည်မှာ၊တဘက်မျက်နှာ၌ပြထားသော ပုံအတိုင်းပင်ဖြစ်၏၊ နာနာဘဏ္ဍပဉ္စက၊ဧကဘဏ္ဍပဉ္စက၊သာဟတ္ထိကပဉ္စက၊ ပုဗ္ဗပယောဂပဉ္စက၊ ထေယျာ ဝဟာရပဉ္စကဟု၊၅-ပါး၊၅-လီရှိလေ၏၊ နာနာဘဏ္ဍနှင့်၊ဧကဘဏ္ဍမှာ၊ သရုပ်အားဖြင့် မထူးတော့ပြီ၊နာနာဘဏ္ဍမှာ၊သက်ရှိသက်မဲ့(၂)မျိုး၊ ဧကဘဏ္ဍမှာ၊သက်ရှိတမျိုး၊ ၌ မျှထူးတော့သည်၊ ဇယားပုံ၌ကြည့်လေ၊

| ပေါင်း။ | အစိတ်သရုပ် | အနက်-အဓိပ္ပါယ်။ |
|---|---|---|
| နာနာဘဏ္ဍပဉ္စက-၅ ကောဘဏ္ဍပဉ္စက-၅ | အာဒိယေယျ | အာရာမ်ဥယျာဉ်တရားဆင်၍ခိုးခြင်း။ |
| | ဟရေယျ | တပါးသောသူ၏ဘဏ္ဍာကိုဦးခေါင်း၌ဆောင်သဖြင့်ခိုးခြင်း |
| | အဝဟရေယျ | အပ်နှံထားသောဥစ္စာကို,ပြန်မပေးဘဲခိုးခြင်း။ |
| | ဣရိယာပထံ ဝိကောပေယျ | ဘဏ္ဍာကိုဆောင်သောသူနှင့်တကွခိုးခြင်း။ |
| | ဌာနာစာဝေယျ | ကျင်းကုန်း၌ထားသောဘဏ္ဍာတည်ရာမှရွှေ့စေ၍ခိုးခြင်း။ |
| သာဟတ္ထိကပဉ္စက ၅ | သာဟတ္ထိက | ကိုယ်တိုင်ခိုးခြင်း။ |
| | အာဏတ္တိက | မည်သူ၏ဘဏ္ဍာကိုသွားခိုးချေ၊သူတပါးစေခိုင်း၍ခိုးခြင်း။ |
| | နိဿဂ္ဂိယ | ကင်းထားရာအရပ်,ကြီးရာအရပ်တို့မှ,အပသို့လွှတ်ပစ်၍ခိုးခြင်း။ |
| | အတ္ထသာဓက | သင်သည်အကြင်အခါခိုးခြင်းငှါစွမ်းနိုင်၏၊ထိုအခါခိုးလော့ဟုခိုင်းခြင်း |
| | ဓုရနိက္ခေပ | အာရာမ်ဥယျာဉ်အပ်နှံသောဥစ္စာတို့ကိုဝန်ချ၍ခိုးခြင်း။ |
| ပုဗ္ဗပယောဂပဉ္စက ၅ | ပုဗ္ဗပယောဂ | အာဏတ္တိ၏အစွမ်းဖြင့်မခိုးမှီခိုးခြင်းကိစ္စပြီးသောခိုးခြင်း။ |
| | သဟပယောဂ | ပွဲနံတိုင်အမှတ်အသားတို့ကိုပြောင်း၍လယ်စသည်ခိုးခြင်း |
| | သံဝိဓါဝဟာရ | ၄-၅-၆-ယောက်တိုင်ပင်၍ခိုးခြင်း။ |
| | သင်္ကေတကမ္မ | နံက်အခါစသည်ကို,မှတ်သားပိုင်းခြား၍ခိုးခြင်း။ |
| | နိမိတ္တကမ္မ | မျက်စိမှိတ်ခြင်းစသောနိမိတ်ပြု၍ခိုးခြင်း။ |
| ထေယျာဝဟာရပဉ္စက-၅ | ထေယျာဝဟာရ | တိုက်နံ့ရံစသည်ကိုဖေါက်၍၊မထင်မရှားသောအသွင်ဖြင့်ခိုးခြင်း။ |
| | ပသယှာဝဟာရ | အနိုင်အထက်ဒါးလက်နက်စသည်ဖြင့် နှိပ်စက်၍ခိုးခြင်း။ |
| | ပရိကပ္ပါဝဟာရ | ဘဏ္ဍာနှင့်အရပ်တို့ကို,ကြံ၍ခိုးခြင်း။ |
| | ပရိစ္ဆန္နာဝဟာရ | သူတပါးလက်စွပ်စသည်ကို၊မျက်သစ်ရွက်စသည်ဖြင့်ဖုံး၍ခိုးခြင်း။ |
| | ကုသာဝဟာရ | လိပ်ကဗျည်းပြောင်းလဲ၍ခိုးခြင်း။ |

## သူတပါးဥစ္စာကိုခိုးသူ၏အဖြစ်။

### သူတပါးဥစ္စာကိုခိုးသောသူတို့သည်။

(၁) သေသည်၏အခြားမဲ့၌၊ ငရဲဘုံသို့ကျရောက်ခြင်း၊
(၂) ငရဲဘုံမှလွတ်၍၊ လူဖြစ်ပြန်သော်၊ ဥစ္စာပစ္စည်းနဲပါး၍ဆင်းရဲခြင်း၊
(၃) ရပြီးသောဥစ္စာတို့သည်၊ မတည်မမြဲခြင်း၊
(၄) ဥစ္စာပစ္စည်းကို၊ ပြုပြင်ပင်ပန်းစွာရှာမှရခြင်း၊
(၅) ရန်သူမျိုးငါးပါး၊ မကြာမကြာဖျက်ဆီးခြင်း၊
(၆) သံသရာတလျှောက်မှာ၊ အောက်ကျနောက်ကျ၊ ယုတ်သောဘဝ၌ဖြစ်ခြင်း၊
(၇) စားစရာ, ဝတ်စရာ, မရှိ၍၊ တောင်းစားရခြင်း၊

ဤ(၇)ချက်သောအပြစ်တို့ကို၊ ကြောက်ရွံ့သောအားဖြင့်၊ ရှောင်ရှားကြရမည်၊

### ကာမေသု,မိစ္ဆာစာရ-အင်္ဂါနှင့်အပြား။

(၁) မသွားမလာအပ်သောမိန်းမ(၂)ကျိပ်လဲဖြစ်စေ၊
(၂) ကာမဂုဏ်မှီဝဲလိုသောစိတ်လည်းရှိစေ၊
(၃) လုံ့လပြုသည်လည်းဖြစ်စေ၊
(၄) မဂ်ဖြင့်မဂ်သို့သွင်းခြင်း၌၊ သာယာသည်လည်းဖြစ်စေ၊

---÷+×( ဤအင်္ဂါ-၄-ပါးတည်း၊ )×+÷---

ပဌမအင်္ဂါ၌၊ မိန်းမ(၂)ကျိပ်ဆိုသည်မှာ၊ ထွန်းစွာတျယ်ဝန်းမည်ပိုး၍၊ မထည့်လိုက်ပြီ၊ ၊သေရည်သေရက် သောက်ခြင်းကိုလဲ၊ ဒုစရိုက်ဆယ်ပါးတွင်၊ ကာမေသုမိစ္ဆာစာရကံ၌သွင်းယူရသည်၊

သုရာပါနမ္ပိဧတ္ထေဝ၊ သင်္ဂယှတီတိဝဒန္တိ၊ ရသသန်ါတေသု၊
ကာမေသုမိစ္ဆာစာရဘာဝတော။ (ဝိဘာဝနိဋီကာ၊)

## သူတပါးသားမယားဖျက်ဆီးသူတို့၏အပြစ်။

(၁) ညှင်းဆဲနှိပ်စက်၊ဖျက်လိုသောရန်သူများခြင်း၊
(၂) လူ့အပေါင်းမချစ်မနှစ်သက်ခြင်း၊
(၃) ထမင်းအဖျော်၊အဝတ်အစားကို၊သူတကာကမပေးလိုခြင်း၊
(၄) ဆင်းရဲစွာအိပ်ရနေရခြင်း၊
(၅) ဆင်းရဲသဖြင့်နိုးရခြင်း။
(၆) အပယ်ငရဲမှာ၊ကြာရှည်စွာခံရခြင်း၊ ( ဒု-သ-န-သော ) ကြည့်၊
(၇) မိန်းမ-ဥဘတောဗျည်း-နပုန်း-ပဏ္ဍုက်,ဖြစ်ရခြင်း၊
--÷+:×( ဤအပြစ်များကိုမြင်သဖြင့်၊ဝေးစွာရှောင်းရှားကြလေ၊)×:+÷-

## သေရည်သေရက်သောက်သူများ၏အပြစ်။

(၁) သေသည်၏အခြားမဲ့၌၊အပါယ်ငရဲဝ၌ဆင်းရဲ၌ခံရခြင်း၊
(၂) လူဖြစ်သောအခါလဲ၊အကျိုးအကြောင်းမသိ၊ပညာဉာဏ်မရှိခြင်း၊
(၃) ပညာမရှိသောလူ့ဗါလနှင့်ပေါင်းမိခြင်း၊
(၄) အခါခပ်သိမ်းသတိလွှတ်ခြင်း၊
(၅) ပျင်းရိခြင်း၊
(၆) မိုက်မဲတွေဝေခြင်း၊
(၇) ဖြစ်လေရာဘဝမှာ,ရူးခြင်း။
(၈) မတည်မတ်ခြင်း၊ဂတိပျက်ခြင်း၊
(၉) အမျက်ဒေါသကြီးခြင်း၊
(၁၀) ကိုယ်လက်လေးလံခြင်း၊
(၁၁) ချုတ်ချယ်ခက်ထန်ကြမ်းတန်းခြင်း၊
(၁၂) ပြုံရူးစောင်းမြောင်းခြင်း၊ဝန်တိုခြင်း၊
(၁၃) မမှန်စကား၊အမှားကိုဆိုခြင်း၊
(၁၄) ချောပစ်ကုန်းတိုက်ခြင်း၊ပြိန်ပျင်းသော,စကားကိုဆိုခြင်း၊

(၁၅) သူကျေးဇူးကိုမသိခြင်း၊
(၁၆) ဒါနမလှူ၊သီလမစောင့်ခြင်း၊
(၁၇) အရှက်အကြောက်နဲခြင်း၊
(၁၈) မဖြောင့်မသား၊အမှားကိုယူမိခြင်း၊
(၁၉) အကျိုးစီးပွါး၌မလိမ္မာခြင်း၊
(၂၀) ယုတ်ယုတ်မာမာ၊အမှုကိုပြုခြင်း၊

ဤ (၂၀) သောအချက်တို့ကို-ကြောက်သောအားဖြင့်၊ထိုသေရည်ကို သောက်ခြင်းမှ၊ရှောင်ကြဉ်ကြရာ၏၊

## မုသာဝါဒ၏,အင်္ဂါနှင့်အပြား။

(၁) မဟုတ်မမှန်သောဝတ္ထုလည်းဖြစ်စေ၊
(၂) ဖျည့်ပတ်လိုသောစိတ်ရှိသည်လည်းဖြစ်စေ၊
(၃) ချွတ်ယွင်းသောစကားကိုဆိုသည်လည်းဖြစ်စေ၊
(၄) လိမ်လည်လှည့်ဖြား၊ထိုစကားကို,သူနားလည်သည်ဖြစ်စေ၊

ဤကား-အင်္ဂါ(၄)ပါးတည်း၊

---÷+×o×+÷---

ထိုမုသာဝါဒ၏အပြားကား၊မှန်သောဝတ္ထုကို,မဟုတ်မမှန်ပြု၍ပြောခြင်း၊မမှန်သောဝတ္ထုကို, အဟုတ်အမှန်ပြု၍ပြောခြင်း၊အနိစ္စကို, ဒုက္ခဟုဟောခြင်း၊ ဒုက္ခကို, အနိစ္စဟုဟောခြင်း၊အနတ္တကို,အတ္တသုပ်၍ဟောခြင်း၊အနိစ္စကို,နိစ္စဟုဟောခြင်း၊ဒုက္ခကို'သုခဟုဟောခြင်း၊ဓမ္မကို,အဓမ္မဟုဟောခြင်း၊အဓမ္မကို,ဓမ္မဟုဟောခြင်း ၊ဝိနယကို,အဝိနယဟုဟောခြင်း၊ စသောအားဖြင့်-များပြားလှလေ၏၊

---÷+×o×+÷---

## မုသားပြောသောသူတို့၏အပြစ်။

(၁) သေသည်၏အခြားမဲ့၌၊အပါယ်ငရဲသို့ရောက်ရခြင်း၊

(၂) ငရဲမှလွတ်၍,လူဖြစ်ပါသော်လဲ၊မကြည်မလင်မသန့်မရှင်းခြင်း၊
(၃) အသံမသာမယာ၊လွန်စွာရှုပ်ရှက်,ဘဲသံကဲ့သို့ထွက်ခြင်း၊
(၄) သွား,မညီမညာ၊လွန်စွာကြဲခေါ,စူငေါ်ဝဲ ရွဲ ခြင်း၊
(၅) အရပ်သဏ္ဍာန်-ဝလွန်း-ပိန်လွန်း-ရှည်လွန်း-ပုလွန်းခြင်း၊
(၆) အာခံတွင်းက,မစင်ဆိုးဖွင့်သကဲ့သို့,ပုပ်နံခြင်း၊
(၇) မိမိစကားကို,သူတကာနားမထောင်လိုခြင်း၊

ဤ-အဖြစ်များကိုမြင်သဖြင့်၊
မုသားပြောခြင်းများကို,ဆင်ခြင်ထိုက်၏၊

ပိသုဏာဝါစာအင်္ဂါ။

(၁) ဖျက်ဆီးအပ်သောသူလည်းရှိစေ၊
(၂) သူ-နှစ်ယောက်တို့,ကွဲပြားစေလိုသောစိတ်လည်းရှိစေ၊
(၃) လုံ့လပြု၍,ဂုံးတိုက်သည်လည်းဖြစ်စေ၊
(၄) ဂုံးတိုက်သောစကားကို,သိသည်လည်းဖြစ်စေ၊

ဤကား၊ အင်္ဂါ(၄)ပါးတည်း၊

—÷+:×○×:+÷-

ပိသုဏာဝါစာ၏အပြားကား၊အမှတ်မရှိတစုံတရာဖြင့်,ဂုံးတိုက်သောကြောင့်များပြားလှ၏၊ ၎င်း၏အဖြစ်ကား၊မုသာဝါဒနှင့်တူ၏၊

ဖရုသဝါစာအင်္ဂါ။

(၁) ဆဲရေးတိုင်းထွာ,ရိုင်းစွာပြောအပ်သောသူလဲရှိစေ၊
(၂) အမျက်ဒေါသ,ချောင်းချောင်းထသည်လည်းဖြစ်စေ၊
(၃) ဆဲသည်လည်းဖြစ်စေ၊

ဤကား၊အင်္ဂါသုံးပါးတည်း၊

--÷:+×○×+:÷--

# ဖရုသဝါစာအပြားဆဲရေးခြင်းဆယ်မျိုး။

| ပါဠိ | မြတ်သောဆဲရေးခြင်း | ယုတ်သော့ဆဲရေးခြင်း၊ |
|---|---|---|
| ဇာတိ | နင်တို့သာမင်းမျိုးဟဲ့၊ | နင်တို့သာနွှန်းစဏ္ဍာလမျိုးဟဲ့ |
| နာမ | နင်တို့သာဗုဒ္ဓဃောသဟဲ့၊ | နင်တို့သာ့ငနားပဲ့ဟဲ့၊ |
| ဂေါတ္တ | နင်တို့သာဂေါတမအနွယ်ဟဲ့၊ | နင်တို့သာနွှန်းစဏ္ဍာလအနွယ်ဟဲ့၊ |
| ကမ္မ | နင်တို့သာကုန်သည်လယ်လုပ်ဟဲ့၊ | နင်တို့သာဘင်ကျုံးသမားဟဲ့၊ |
| သိပ္ပ | နင်တို့သာစာရေးလုပ်တတ်သဟဲ့၊ | နင်တို့သာကျူထရံသည်ဟဲ့၊ |
| အာဗါဓ | နင်တို့သာခေါင်းကိုက်တတ်သဟဲ့၊ | နင်တို့သာခရုသင်းနာရှိသဟဲ့၊ |
| လိင်္ဂ | နင်တို့သာအလုံးအရပ်တင့်တယ်သဟဲ့ | နင်တို့သာအရပ်ရှည်တာဟဲ့၊ |
| ကိလေသာ | နင်တို့သာကိလေသာကင်းသဟဲ့၊ | နင်တို့သာတဏှာရာဂကြီးသဟဲ့၊ |
| အာပတ္တိ | နင်တို့သာအာပတ်မှစင်ကြယ်သဟဲ့၊ | နင်တို့သာပါရာဇိကကျသဟဲ့၊ |
| အက္ကောသ | နင်တို့သာပညာရှိ့လူလိမ္မာဟဲ့၊ | နင်တို့သာခွေးတိရိစ္ဆာန်ဟဲ့၊ |

အထက်ပါဆဲရေးခြင်းတို့သည်၊ပါဠိတော်မှာလာသော၊ဆဲရေးခြင်းဆယ်မျိုးဖြစ်၏၊
၎င်းကို-အကြဉ်းချုံးထားသော-ဂါထာမှာ၊

ဇာတိ့နာမ့ဂေါတ္တ့ကမ္မံ့၊သိပ္ပံ့အာဗါဓ့လိင်္ဂကံ။
ကိလေသာ့ပတ္တိ့အက္ကောသော့ဒသိမေဝသဝါဒကာ။ ။

အနက်မှာလွယ်ပါသည်၊ ပါဠိတော်မှာမလာသော့ဆဲရေးခြင်းတို့ကား၊
အနန္တကမ်းများလှသေး၏၊

၎င်းဖရုသဝါစာ၏အပြစ်ထည်း-မုသာဝါဒနှင့်တူ၏၊

## သမ္ဖပ္ပလာပဝါစာ၏အင်္ဂါ။

(၁) ဘုရားဟောမဟုတ်သော,အကျိုးမရှိသော စကားကို,ပြောလိုသည့်၏အဖြစ်၊
(၂) ထိုအကျိုးမရှိသောစကားကိုပြောခြင်း၊

အင်္ဂါနှစ်ပါးတည်း။ သမ္ဖပ္ပလာပဝါစာ၏အပြားကား၊ ပေါက်ကရရှစ်သောင်းထင်ရာလျှောက်၍ ပြောသောကြောင့်၊ ၎င်း၏အပြားလည်း၊ အနပ္ပကမ်းများပြားလှ၏၊ ၎င်း၏အဖြစ်ထည်း၊ မုသာဝါဒနှင့်အတူတူပင်တည်း။

ယခုလောကန္တ်,လူတို့သည်၊ အလှူဒါယိ-မင်္ဂလာဒါယိစသည်တို့၌၊လူများများဆုံမိသောအခါ၊ ဤသမ္ဖပ္ပလာပဝါစာစကားမျိုးဖြင့်၊တယောက်တယောင်ဖွည့်၍၊ကြည့်စားကစားပြောခြင်း၊ပွဲစကား, ဗဲစကားပြောခြင်း စသောအားဖြင့်၊ အချိန်ကုန်၍ ပြန်ခဲ့ကြသည်၊ဒါနကထာ၊သီလကထာ၊သဂ္ဂကထာ၊မဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နိက္ခမေအာနိသံသကထာမျိုး၊သင်္ဂြိုဟ်အဘိဓမ္မာစကားမျိုးကိုပြောသောသူကား၊ တရာမှာ တယောက်ထောက်သာပါတော့သည်၊အကယ်၍ လူတယောက်လောက်က,ဝါသနာပါ၍၊ တရားစကားပြောနေလျှင်၊ ထိုသူကိုအလိုလိုမုံးပြီး ⦃ဒိငနဲကြီးကလဲမြန်မြန်ပြန်ပါတော့ဗျာ⦄ ဟု ကဲ့ရဲ့ပြောဆိုကြ၏၊ ထိုကဲ့သို့သော သူတွေများ၍၊ တယောက်တလေ-သင်္ဂြိုဟ်တတ်ပေတဲ့၊ မပြောဝန့်ဘဲနေကြရ၏၊ သို့အတွက်သင်္ဂြိုဟ်သင်သူတွေနည်းပြီးကမ္ဘာကြီးမှာတရားဆိတ်မလောက်ဖြစ်နေပြီ၊ဤသဘောမျိုးတွေကို၊တစတစသတိထားကြ၍၊အရပ်တိုင်းမှာဘဲ၊ ခေါင်းဆောင်လူကြီး တယောက်က, အသင်းဖွဲ့စေပြီး၊ အဘိဓမ္မာသင်္ဂြိုဟ်ကိုသင်စေ၍၊အလှူဒါယိစသည်တို့မှာပြောစေရမည်၊ဤကဲ့သို့အဘိဓမ္မာကိုသင်ကြလျှင်၊အဘိဓမ္မာသာသနာကြီးဟာ,နေရောင်လင်းသလို၊ တဝင်းဝင်းတထိန်ထိန်တောက်လာမည်ဧကန်ဖြစ်၏၊သို့အတွက်ကြောင့်ငါတို့လဲ,ဤ⦃အဘိဓမ္မာနေရောင်⦄ဟူသောကျမ်းကို၊သင်စလူများသိလွယ်အောင်၊ဇယားပုံအမျိုးမျိုးဖြင့်ရေးသားရပေသည်၊

ဤကားစကားအလျှင်းသင့်၍၊သတိပေးလိုက်ခြင်းဖြစ်သည်။

## ပါဠိတော်အဋ္ဌကထာတို့၌လာသော (သမ္ဘုဿာပဝါစာ)ခေါ်သော ကထာ(၃၂)ပါး။

| | | |
|---|---|---|
| ၁ | ရာဇကထာ | မင်းနှင့်စပ်သော စကား။ |
| ၂ | စောရကထာ | ခိုးသူနှင့်စပ်သော ။ |
| ၃ | မဟာမတ္တကထာ | အမတ်ကြီးနှင့် ။ |
| ၄ | သေနာကထာ | စစ်သည်နှင့် ။ |
| ၅ | ဘယကထာ | ဘေးနှင့် ...... ...... ။ |
| ၆ | ယုဒ္ဓကထာ | စစ်ထိုးခြင်း ...... ။ |
| ၇ | အန္နကထာ | ထမင်းဟင်း ...... ။ |
| ၈ | ပါနကထာ | အဖျော် ...... ...... ။ |
| ၉ | ဝတ္ထကထာ | အဝတ်ပုဆိုး ...... ။ |
| ၁၀ | သယနကထာ | အိပ်ရာနေရာ ...... ။ |
| ၁၁ | မာလာကထာ | ပန်းနှင့် ...... ...... ။ |
| ၁၂ | ဂန္ဓကထာ | နံ့သာ ...... ...... ။ |
| ၁၃ | ဉာတိကထာ | ဆွေမျိုး ...... ...... ။ |
| ၁၄ | ယာနကထာ | ယှဉ်းယာဉ် ...... ။ |
| ၁၅ | ဂါမကထာ | ရွာနှင့် ...... ...... ။ |
| ၁၆ | နိဂမကထာ | နိဂုံးနှင့် ...... ...... ။ |
| ၁၇ | နဂရကထာ | မြို့နှင့်စပ်သော စကား |
| ၁၈ | ဇနပဒကထာ | ဇနပုဒ်နှင့် ...... ။ |
| ၁၉ | ဣတ္ထိကထာ | မိန်းမနှင့် ...... ။ |
| ၂၀ | ပုရိသကထာ | ယောကျ်ားနှင့် ...... ။ |
| ၂၁ | ဝိသိခါယိကထာ | ခရီးလမ်းဆုံနှင့် ...... ။ |
| ၂၂ | ကုမ္ဘဋ္ဌာနကထာ | ရေဆိပ်နှင့် ...... ...... |
| ၂၃ | ပုဗ္ဗပေတကထာ | ရှေးလွန်လေပြီးသော အဘိုးအဘွားနှင့်။ |
| ၂၄ | နာနတ္တကထာ | ဈွယုံနှင့်ဈွကျားစ- သောစကားမျိုး။ |
| ၂၅ | လောကက္ခာယိ ။ | လောကယတြာ,ကျမ်း လာစကား။ |
| ၂၆ | သမုဒ္ဒက္ခာယိ ။ | သမုဒ္ဒရာနှင့်စပ်သော စကား။ |
| ၂၇ | ဘဝကထာ | ဘဝမြဲ၏ဟုယူသောစကား |
| ၂၈ | ဝိဘဝကထာ | ဘဝသည်ပြတ်၏ဟု ယူသောစကား။ |
| ၂၉ | ဘဝကထာ | ဘဝသည်ပွါး၏-ဟု ဆိုသောစကား။ |
| ၃၀ | ဝိဘဝကထာ | ဘဝသည်ယုတ်၏ဟု ဆိုသောစကား။ |
| ၃၁ | ဘဝကထာ | ဘဝသည်ကာမဂုဏ် ချမ်းသာနှင့်ယှဉ်၏။ |
| ၃၂ | ဝိဘဝကထာ | ဘဝသည်ကိုယ်၏ပင် ပန်းခြင်းနှင့်ယှဉ်၏။ |

**အဘိဇ္ဈာ၏အင်္ဂါ။**

(၁) သူတပါးတို့၏,ဥစ္စာစည်းစိမ်လည်းဖြစ်စေ၊
(၂) လောဘ၏အစွမ်းဖြင့်၊မိမိသို့ညွှတ်သည်လည်းဖြစ်စေ၊
၍(၂)ပါးပြည့်စုံမှ၊ကမ္မပထမြောက်သည်၊သူတပါးပစ္စည်းကိုမြင်၍၊နှစ်သက်ယုံမျှဖြင့်၊ကမ္မပထမမြောက်-ဟု-မှတ်၊

**ဗျာပါဒ၏အင်္ဂါ။**

(၁) သတ္တဝါတပါးလည်းဖြစ်စေ၊
(၂) ထိုသတ္တဝါကိုဖျက်ဆီးလို,ညှဉ်းဆဲလိုသောစိတ်ထည်းရှိစေ၊
၍အင်္ဂါ(၂)ပါးပြည့်စုံမှ၊ကမ္မပထမြောက်၏၊သူတပါးကိုမြင်၍,ဒေါသထွက်ယုံမျှဖြင့်၊ကမ္မပထ,မမြောက်၊အပါယ်ပဋိသန္ဓေမပေးဟုမှတ်၊

**မိစ္ဆာဒိဋ္ဌိ၏အင်္ဂါ၊**

(၁) ယူအပ်သောအယူဝါဒ၏၊ဘောက်ပြန်ချွတ်ယွင်းသည်ထည်းဖြစ်စေ၊
(၂) ထိုချွတ်ယွင်းသောအယူကိုအမှန်ထင်၍၊ယူသည်လည်းဖြစ်စေ၊
၍အင်္ဂါ(၂)ပါးပြည့်စုံမှ၊ကမ္မပထမြောက်၏၊မိစ္ဆာဒိဋ္ဌိကံအရာ၌,(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူ၊ (၂၀)သော-သက္ကာယဒိဋ္ဌိ,အယူသည်၊ကမ္မပထမမြောက်၊နတ္ထိကဒိဋ္ဌိ အကရိယဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊၍ဒိဋ္ဌိ(၃)ပါးသာ,ကမ္မပထမြောက်သည်၊

(၃၈၄) အကျိုးမရှိ၊နတ္ထိမှတ်ရှောင်း၊
အကြောင်းမရှိ၊အကရိယာ၊
၂-ဖြာမရှိဟု၊အဟေတု၊သုံးခုဒိဋ္ဌိသာ၊

ကုသိုလ်အကုသိုလ်တို့၏ အကျိုးတရားမရှိဟုယူခြင်းသည်၊ (နတ္ထိကဒိဋ္ဌိ) မည်၏၊ ကုသိုလ် အကုသိုလ်ဆိုသော အကြောင်းတရားမရှိဟု ယူခြင်းသည်၊ (အကရိယဒိဋ္ဌိ) မည်၏၊အကျိုးအကြောင်း(၂)ပါးလုံးမရှိဟု ယူခြင်းသည်၊ (အဟေတုကဒိဋ္ဌိ) မည်၏၊ ဒိဋ္ဌိအပြားများကား၊သုတ်သီလက္ခန်ပါဠိတော်၊ ဗြဟ္မဇာလသုတ်,စသည်တို့၌၊များစွာဆိုထေ၏၊ကျယ်မည်စိုး၍မထည့်လိုက်ပြီ၊

ယခုရေးသားလာသောမျှစကားရပ်တို့မှာ၊ ပါဠိအကိုးအကားမထည့်ခြင်းသည်၊ ကျမ်းကြီးသည့်အပြင်မန္တဇ္ဇုဗုဒ္ဓိပုဂ္ဂိုလ်တို့အား၊ ဝန်လေးမည်စိုးသောကြောင့်မထည့်လိုက်သည်၊

---÷+×○×+÷--

{ ကာမာဝစရကုသိုလ်ကံ။ }

မဟာကုသိုလ်၌ ရှိသော, စေတနာ (၈) ခုကို၊ ကာမာဝစရကုသိုလ်ကံခေါ်သည်၊ ၎င်းကား၊ (အဘိဓမ္မာ)နည်းအလို၊

(သုတ္တန်)နည်းအလိုအားဖြင့်၊ ကာမာဝစရကုသိုလ်ကံသည်၊ (၁)သုစရိုက်၊ (၂)ပုညကိရိယာ-ဟု၊ (၂)မျိုးရှိလေ၏၊ သုစရိုက်ကိုရှေးဦးစွာဆိုအံ့၊

(၃၈၅) ဆယ်ပါးဒုစရိုက်၊ ရှောင်ကြဉ်လိုက်၊ သုစရိုက်ဖြစ်သည်သာ၊

(၃၈၆) ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွါးပြန်မူ၊ မှတ်ယူ(၄၀)သာ၊

ကာယဒုစရိုက်(၃)ပါးကို ရှောင်ကြဉ်လျှင်၊ ကာယသုစရိုက်(၃)ပါးဖြစ်၏၊ ဝစီဒုစရိုက်(၄)ပါးကို ရှောင်ကြဉ်လျှင်၊ ဝစီသုစရိုက်(၄)ပါးဖြစ်၏၊ မနောဒုစရိုက်(၃)ပါးကို ရှောင်ကြဉ်လျှင်၊ မနောသုစရိုက်(၃)ပါးဖြစ်၏၊ (ဝေရမဏီ)ဆိုသော၊ ပါဠိဘာသာသည်၊ မြန်မာဘာသာလို(ရှောင်ကြဉ်ပါ၏)ဟုဆိုလိုသည်၊ (ဝိရတီ)ဆိုသောသဒ္ဒါနှင့်၊ ၎င်း(ဝေရမဏီ)သဒ္ဒါ(၂)ခုတို့သည်၊ သဒ္ဒါကွဲပြားသော်လဲ၊ အနက်မှာအတူတူမှတ်လေ၊

ကာယဒုစရိုက်(၃)ပါးကိုရှောင်ကြဉ်ခြင်းသည်၊ စေတသိက်ပိုင်းထဲက၊ သမ္မာကမ္မန္တ ဝိရတီစေတသိက်ဖြစ်၏ဟုမှတ်လေ၊ ဝစီဒုစရိုက်(၄)ပါးကိုရှောင်ကြဉ်ခြင်းသည်၊ သမ္မာဝါစာဝိရတီစေတသိက်ဖြစ်သည်ဟုမှတ်လေ၊ ၎င်းဒုစရိုက်(၇)ပါးကို၊ ငါ၏အသက်သေချင်သေပေစေတော့၊ ၎င်းဒုစရိုက်(၇)ပါးကိုငါမပြုတော့ဘူးဟု, အသက်မွေးဝမ်းကြောင်းမငဲ့မူ၍ရှောင်ခြင်းသည်၊ သမ္မာအာဇီဝဝိရတီ စေတသိက်ဖြစ်သည်ဟုမှတ်လေ၊ လူတို့မှာ-၎င်းအချက်ကြီးဟာအလွန်အရေးကြီးသည်၊ ၎င်းဝိရတီသီလကြီးများမပျက်မစီးဘို့ရန်အထူးစောင့်ရှောက်ကြဘို့သင့်လျော်သည်၊

## အောက်ပါဒုစရိုက်=သုစရိုက်ပုံကိုကြည့်လေ။

| ဒုစရိုက်၊ | | | သုစရိုက် | | |
|---|---|---|---|---|---|
| အမည် | တရားကိုယ် | ကံ | အမည် | တရားကိုယ် | ကံ |
| ပါဏာတိပါတ<br>အဒိန္နာဒါန<br>ကါမေသုမိစ္ဆါစါရ | ဒေါသစေ<br>လော-ဒေါ<br>လောဘ | ကာယကံ ၃ပါး | ပါဏာတိပါတာဝေရမဏီ<br>အဒိန္နာဒါနာဝေရမဏီ<br>ကာမေသုမိစ္ဆာစာရာ-ဝေရမဏီ | သမ္မာကမ္မန္တ သမ္မာအာဇီဝ | ကာယကံ၃ပါး |
| မုသာဝါဒ<br>ပိသုဏဝါစာ<br>ဖရုသဝါစာ<br>သမ္ဖပ္ပလာပဝါစာ | လော-ဒေါ<br>လော-ဒေါ<br>ဒေါသ<br>လော-ဒေါ | ဝစီကံ(၄)ပါး | မုသာဝါဒါဝေရမဏီ<br>ပိသုဏာဝါစာဝေရမဏီ<br>ဖရုသဝါစာဝေရမဏီ<br>သမ္ဖပ္ပလာပဝါစာဝေရမဏီ | သမ္မာဝါစာ သမ္မာအာဇီဝ | ဝစီကံ (၄)ပါး |
| အဘိဇ္ဈာ<br>ဗျာပါဒ<br>မိစ္ဆာဒိဋ္ဌိ | လောဘ<br>ဒေါသ<br>လောဘ | မနောကံ ၃-ပါး | အနဘိဇ္ဈာ<br>အဗျာပါဒ<br>သမ္မာဒိဋ္ဌိ | အလောဘ<br>အဒေါသ<br>အမောဟ | မနောကံ ၃ပါး။ |
| ၁၀ | ၂ | ၃/၁၀ | ၁၀ | ၆ | ၃/၁၀ |

၁/ကိုယ်တိုင်ပြုသော(သာဟတ္ထိက)ဒုစရိုက်၊ ၂/ သူတပါးကိုစေခိုင်းတိုက်တွန်းသော(အာဏတ္တိက)ဒုစရိုက်၊ ၃/သူတပါးပြုလုပ်သည်ကို၊ ချီးမွမ်းသော ထောမနာ ဒုစရိုက်၊ ၄/သူတပါးပြုလုပ်သည်ကို၊စိတ်တူသော-သမနုညာဒုစရိုက်၊ ဤသို့တမျိုးတမျိုးမှာ၊ဆယ်ပါးဆယ်ပါးဖြစ်ခြင်းကြောင့်၊ဒုစရိုက်ကံ(၄၀)ရှိ၏ဟူ၍လည်းမှတ်လေ၊

သုစရိုက်မှာလဲ၊ဤနည်းတူ(၄၀)ရှိ၏ဟူ၍ မှတ်လေ၊
ဤကားသုစရိုက်ကိုပြသောအခဏ်းတည်း။

ထိုသုစရိုက်သည်၊ စင်စစ်အားဖြင့်၊ ပုညကြိယာဝတ္ထုဆယ်ပါးတွင်၊ သီလတရား ဟူ၍မှတ်ထေ၊ ပုညကြိယာကို-နောက်မှပြအံ့၊

--÷+×○×+÷---

## သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရသောအကျိုး။

(၁) အင်္ဂသမ္ပန္နတာ-လူ့ဘုံ၌ဖြစ်သောအခါ၊ အင်္ဂါကြီးငယ်နှင့်ပြည့်စုံခြင်း၊
(၂) အာရောဟပရိဏာဟသမ္ပတ္တိ-အလုံးအရပ်၊ ဖျောက်ပတ်တင့်တယ်ခြင်း၊
(၃) ဇဝနသမ္ပတ္တိ-----ပေါ့ပါးလျှင်မြန်၊ ခံနိုင်ပျံနိုင်ခြင်း၊
(၄) သုပ္ပတိဋ္ဌိတပါဒတာ-----ညီညွတ်သော၊ ခြေဖဝါးအပြင်ရှိခြင်း၊
(၅) စာရုတာ-----သူခပ်သိမ်းမြင်လျှင်၊ ခြစ်ခင်နှစ်သက်ခြင်း၊
(၆) မုဒုတာ-----နူးညံ့သိမ်မွေ့ခြင်း၊
(၇) သုဒ္ဓိတာ-(သုစိတာ)--ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ (စင်ကြယ်သန့်ရှင်းခြင်း)
(၈) သူရတာ-----ပရိသတ်အလယ်၌ရဲရင့်ခြင်း၊
(၉) မဟာဗလတာ-----ဆင်ပြောင်ငါးစီးအားကိုဆောင်ခြင်း၊
(၁၀) ဝိသဒ္ဒဝစနတာ----- သန့်ရှင်းသာယာ၊ သိသာသောစကားရှိခြင်း၊
(၁၁) သတ္တာနံပိယမနာပတာ-----လူအပေါင်းတို့ချစ်မြတ်နိုးခြင်း၊
(၁၂) အဘေဇ္ဇပရိသတာ-----မပျက်စီးနိုင်သော၊ ပရိသတ်အခြွေအရံရှိခြင်း၊
(၁၃) အဆမ္ဘိတတာ-----ကိုယ်လက်မလေးမလန်၊ ခန့်ကျန်းခြင်း၊
(၁၄) ဒုပ္ပဓံသိယတာ----- သူတပါးမနှိပ်စက်၊ မဖျက်ဆီးနိုင်ခြင်း၊
(၁၅) ပရူပက္ကမေနအမရဏတာ ----- သူတပါးလုလ္လဖြင့်၊ သေကြောင်း ကြံသော်လည်း၊ မသေနိုင်ခြင်း၊
(၁၆) မဟာပရိဝါရတာ-----များသောအခြံအရံနှင့်ပြည့်စုံခြင်း၊
(၁၇) သုဝဏ္ဏတာ----- ရွှေအဆင်းနှင့်တူသော၊ အဆင်းရှိခြင်း၊
(၁၈) သုသဏ္ဌာနတာ-----ကောင်းသောသဏ္ဌာန်ရှိခြင်း၊
(၁၉) အပ္ပါဗာဓတာ-----အနာရောဂါကင်းခြင်း၊
(၂၀) အသောကတာ----- စိုးရိမ်ကြောင့်ကြကင်းခြင်း၊

(၂၁) ပိယမနာပပေဟိအဝိပ္ပယောဂေါ — ချစ်လှစွာသောသမီးနှင့် မကွဲမကွာ ပေါင်းရခြင်း၊

(၂၂) ဒီဃာယုကတာ — အသက်ရာကျော်ရှည်ခြင်း၊

ဤကား-သူ့အသက်သတ်ခြင်းမှ ရှောင်ရသောအကျိုးတည်း။

---÷+×○×+÷---

## သူတပါးဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ရသော အကျိုးကား။ အောက်ပါအတိုင်း(၉)ပါးတည်း။

(၁) မဟာဓနဓညတာ — လူ့ဘုံ၌ဖြစ်သောအခါ၊ ဆန်ရေစပါးဥစ္စာများခြင်း၊

(၂) အနန္တဘောဂတာ — မရေမတွက်နိုင်အောင်၊စည်းစိမ်ဥစ္စာပေါခြင်း၊

(၃) ထိရဘောဂတာ — ရပြီးသောဥစ္စာ၊တည်တန့်ခိုင်မြဲခြင်း။

(၄) ဣစ္ဆိတာနံဝိပ္ပလာဘော — လိုချင်တောင့်တသော ဥစ္စာ၊ မကြာခဏရခြင်း၊

(၅) ရာဇာဒိအသာဓါရဏဘောဂတာ — မိမိဥစ္စာကို,မင်းစသော-ရန်သူမျိုး ၅ ပါး မနှိပ်စက်နိုင်ခြင်း၊

(၆) ဥဠာရဘောဂတာ — မြတ်သော စည်းစိမ်ဥစ္စာနှင့်၊ပြည့်စုံခြင်း၊

(၇) တတ္ထတတ္ထဇေဋ္ဌကဘာဝေါ-ဘဝတိုင်းဘဝတိုင်း၊အကြီးအမှူးဥက္ကဋ္ဌဖြစ်ခြင်း။

(၈) နတ္ထိဘာဝသဒ္ဒအဇာနနတာ — မရှိဟူ ကား၊ပြောသံမျှမကြားရမသိရခြင်း၊

(၉) သုခဝိဟာရိတာ — ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာ နေထိုင်ရခြင်း၊

## ကာမဂုဏ်မေထုန်အကျင့်ကို ရှောင်ရသောအကျိုးကား။ အောက်ပါအတိုင်း{ ၁၇ }ပါးဖြစ်၏။

(၁) ဝိဂတပစ္စတ္ထိကတာ — ရန်သူအပေါင်းမှ၊ကင်းငြိမ်းခြင်း၊

(၂) သဗ္ဗသတ္တာနံပိယမနာပတာ — ခပ်သိမ်းသော လူရှင်ရဟန်းတို့ချစ်ခင်ခြင်း၊

(၃) အန္နပါနဝတ္ထသယနာဒိနံလာဘိတာ — ထမင်း,အဖျော်,အဝတ် စသည်တို့ကို၊ အလိုရှိတိုင်းရခြင်း၊

(၄) သုခသယနတာ — ချမ်းသာစွာအိပ်ရခြင်း၊

(၅) သုခပဋိဗုဇ္ဈနတာ — ချမ်းသာစွာနိုးရခြင်း၊

၆/ အပါယပိမောက္ခော — အပါယ်ဆင်းရဲမှလွတ်ခြင်း၊
၇/ ဇုတ္တိဘာဝနပုံသကဘာဝါနုံအဘဗ္ဗတာ — မိန်းမနပုံး,ဥဘတောဗျည်း,စသည် မဖြစ်၊ယောကျ်ားဖြစ်ရခြင်း၊
၈/ အဗ္ဗောဓနတာ — အမျက်ဒေါသနည်းခြင်း၊
၉/ သစ္စကာရိတာ — အဖြန့်ကိုသာပြုခြင်း၊
၁၀/ အမကိုတာ — မျက်နှာမည်းမသွမ်းရခြင်း၊
၁၁/ အာရာဓနသုခတာ — နှစ်သက်သောချမ်းသာကိုခံစားရခြင်း၊
၁၂/ ပရိပုဏ္ဏိန္ဒြိယတာ — မျက်စိနားနှာ၊အင်္ဂါကြီးငယ်ပြည့်စုံခြင်း၊
၁၃/ နိရောသက်တာ — ရွံ့တီးရွံ့တွန့်မရှိခြင်း၊
၁၄/ အပ္ပေါသုက္ကတာ — ကြောင့်ကြဗျာပါရ ကင်းခြင်း၊
၁၅/ သုခဝိဟာရိတာ — ချမ်းသာစွာနေရခြင်း၊
၁၆/ အဘယတာ — ဘေးမရှိခြင်း၊
၁၇/ ပိယဝိပ္ပယောဂါဘာဝေါ — ချစ်သောသူတို့နှင့်၊မကွေမကွင်းရခြင်း၊

**သုရာပါဏကိုရှောင်ကြဉ်ရသောအကျိုးကိုးအပြစ်မှအပြန်အားဖြင့်သိလေ။**

—÷+:×o×:+÷—

## မုသားပြောခြင်းမှ၊ရှောင်ကြဉ်ရသော အကျိုးကား။
## အောက်ပါအတိုင်း{၁၀}ပါးတည်း။

၁/ ဝိပ္ပသန္နိန္ဒြိယတာ — လူဖြစ်သောအခါ၊ကြည်လင်သောဣန္ဒြေရှိခြင်း၊
၂/ ဝိသဋ္ဌမဓုရဘာဏိတာ — လွတ်လွတ်ချိုမြသော၊ အသံရှိခြင်း၊
၃/ သမဗ္ဗိတသုဒ္ဓဒန္တတာ — ညီညွတ်စွာတည်၍၊ဖြူစင်သန့်ရှင်းသောသွားရှိခြင်း၊
၄/ နာတိထူလတာ — အလွန်မဝသောကိုယ်ရှိခြင်း၊
၅/ နာတိကိသတာ — အလွန်မပိန်သောကိုယ်ရှိခြင်း၊
၆/ နာတိဒီဃတာ — မပုလွန်းမရှည်လွန်းသောကိုယ်ရှိခြင်း၊
၇/ သုခသမ္ဖဿတာ — နူးညံ့ဆိမ့်မွေ့သောကိုယ်အတွေ့ရှိခြင်း၊
၈/ ဥပ္ပလဂန္ဓမုခတာ — ကြာညိုပန်းကဲ့သို့၊မွှေးသောအနံ့ရှိခြင်း၊

(၉) သုသာန်သဿကပရိသတာ······မိမိစကားကိုလိုက်နာသောပရိသတ်ရှိခြင်း၊
(၁၀) အာဒေယျဝစနတာ——မိမိဆိုသမျှစကားကို၊သူခပ်သိမ်းတို့နာယူခြင်း၊
ဤကား သုစရိုက်အကျိုးတို့ကိုပြခြင်းတည်း။

---÷:+×O×+:÷---

## ပုညကြိယာကိုပြပေအံ့။

(၃၀၇) ဒါ,သီ,ဘာ,စာ,ဝေ၊မျှဝေ,နုမော,၊နာ,ဟော,ဖြောင့်ယူ,၊
ဤဆယ်ဆူ၊မှတ်ယူပုညကြိယာတည်း၊
(၃၀၈) ပတ္တိပတ္တာ,သွင်းပါဒါနေ-စာဝေသိလ၊ဓမ္မ၂၃,ဒိဋ္ဌိဇု၊သွင်းမှုဘာဝနာ၊
(၃၀၉) ဒိဋ္ဌိဇုမှာ၊ကျန်-၉-ဖြာ၊သွင်းပါတနည်းသာ၊
(၃၉၀) ဓမ္မ၂-ဖြာ၊ဒါနမှာ၊သွင်းပါတနည်းသာ၊
(၁) ဒါ——မိမိဥစ္စာထင်ရှားရှိသောဝတ္ထုကို၊စွန့်လွှတ်လှူဒါန်းခြင်း၊——ဒါန၊
(၂) သီ——ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်၍၊ စိတ်ကိုကောင်းစွာ ထားခြင်း၊——သီလ၊
(၃) ဘာ——သမထဝိပဿနာ(၂)ဖြာသောကုသိုလ်အမှုကိုပွါးများခြင်း၊—— ဘာဝနာ၊
(၄) စာ——အရွယ်အားဖြင့်ရင်း၊ ဂုဏ်အားဖြင့်ရင်း၊ ကြီးသောသူ တို့ကိုစင် ကြယ်သောစိတ်ဖြင့်၊အရိုအသေအလေးအမြတ်ပြုခြင်း(အပစာယန)
(၅) ဝေ——အရွယ်ကြီးသူ၊ဂုဏ်ကြီးသူ၊လုမမာစသည်တို့၏၊ ထိုက်လိုသောကိစ္စ ကိုစင်ကြယ်သောစိတ်ဖြင့်ဆောင်ရွက်ခြင်း၊——ဝေယျာဝစ္စ၊
(၆) မျှဝေ——မိမိအားရောက်သောကုသိုလ်အဘို့ကို၊ သူတပါတို့အားအမျှပေး ဝေခြင်း၊——ပတ္တိဒါန၊
(၇) နုမော——သူတပါးအလှူကိုအမျှဝေသည်ဖြစ်စေအမျှမဝေသည်ဖြစ်စေဝမ်း မြောက်ဝမ်းသာ၊သာဓုအနုမောဒနာခေါ်ခြင်း၊——ပတ္တာနုမောဒန၊
(၈) နာ —— တရားတော်ထာတိုင်းကျင့်လိုသောစိတ်၊ဗဟုသုတများစေလိုသော စိတ်ဖြင့်တရားနာခြင်း——ဓမ္မဿဝန၊

(၉) ဟော —— လာဘ်သပ္ပကာမငဲ့မကွက်ဘဲ၊သတ္တဝါတို့အား အကျိုးများစေလို သောစိတ်ဖြင့်၊တရားဟောခြင်း။ ——ဓမ္မဒေသနာ၊

(၁၀) ဖြောင့်ယူ —— အလှူ-လှူလျှင်အကျိုးရှိ၏၊ဤသို့စသည်ဖြင့်၊အယူကို ဖြောင့်စွာယူ နိုင်ခြင်း၊ —— ဒိဋ္ဌိဇုကမ္မ၊

ဤကား-သုတ္တန်နည်းအလို(ကုသိုလ်)ဆယ်ပါးခေါ်သည့်၊ပုညကြိယာတရားကြီး များပေတည်း၊

ထိုဆယ်ပါးကို၊ဆိုင်ရာဆိုင်ရာသဘောတူသွင်းလိုက်လျှင်၊ဒါန,သီလ,ဘာဝနာ,၊ (၃)ပါးထဲသို့ဝင်ကုန်၏၊ အဘယ်သို့-သွင်းအပ်သနည်းဟူမူကား၊

## ပတ္တိ,ပတ္တာ,၊သွင်းပါဒါနေ။

ပတ္တိဒါန၊ ပတ္တာနုမောဒန၊(၂)ပါးကို၊ဒါန၌သွင်းအပ်၏၊ အဘယ့်ကြောင့်နည်း ဟူမူ ကား၊ ဒါနလည်း၊ ဣဿာ,မစ္ဆရိယ တို့၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ထို(၂)ပါးလည်း၊ ဣဿာ,မစ္ဆရိယ(၂)ပါးတို့၏၊ဆန့်ကျင်ဘက်ဖြစ်၏၊ ထိုကဲ့သို့ဆန့်ကျင်ဘက်ခြင်းတူ သောကြောင့် သွင်းအပ်သည်၊

## စာ,ဝေ,သီလ,။

အပစာယန၊ ဝေယျာဝစ္စ၊(၂)ပါးကို သီလ၌သွင်းအပ်၏၊အဘယ့်ကြောင့်နည်းဟူမူ ကား၊ ထို(၂)ပါးတို့သည်၊စာရိတ္တသီလမျိုးဖြစ်၍၊ သီလခြင်းတူသောကြောင့်၊ပေါင်းရ သည်၊

## ဓမ္မ၂-ခု၊ဒိဋ္ဌိဇု,သွင်း၊မှုဘာဝနာ။

ဓမ္မသဝန၊ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ဤ(၃)ပါးကို ဘာဝနာ၌ သွင်းအပ်၏၊ အဘယ့် ကြောင့်နည်း၊ဟူမူကား၊တရားနာမှု၊တရားဟောမှု၊အယူကိုဖြောင့်စွာထားမှု၊ဤ(၃)ပါး တို့သည်၊ ပဋိဝေဓဟု ဆိုအပ်သော၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ဆောင်တတ်သော ကြောင့်၊သွင်းအပ်၏၊ ထိုစကားမှန်၏၊တရားနာခြင်းမရှိသော၊အရူပတိဟိတ်ပုဂ္ဂိုလ်တို့ အား၊မည်သည့်အခါမျိုးမှ-မဂ်ဖိုလ်ကိုမရချေ၊

ဒိဋ္ဌိဇုမှာ၊ကျန်(၉)ဖြာ၊သွင်းပါတနည်းသာ၊

{တနည်း} ဒိဋ္ဌိဇုကမ္မကို၊ကျန်သော ပုညကြိယာ(၉)ပါးလုံးမှာ သွင်းယူအပ်၏၊ အဘယ့်ကြောင့်နည်းဟူမူကား၊ အယူမဖြောင့်သောသူအား၊ အဘယ်ပုညကြိယာတရားမျှမဖြစ်နိုင်၊ အယူဖြောင့်သောသူသာ၊ အလုံးစုံ ပုညကြိယာတရားတို့ဖြစ်နိုင်သည်၊ ထို့ကြောင့်-ဋီကာ၌လည်း၊

**တထာဒိဋ္ဌိဇုကမ္မံ,သဗ္ဗညာပိ,သဗ္ဗေသံ,နိယာမနလက္ခဏတ္တာ။** ဟု-မိန့်၏၊

ဓမ္မ ၂-ဖြာ၊ဒါနမှာ၊သွင်းပါတနည်းသာ၊

တနည်းအားဖြင့် (**သဗ္ဗဒါနံ,ဓမ္မဒါနံ,ဇိနာတိ**) ဟု-တရားဟောမှု၊တရားနာမှုသည်၊ ဓမ္မဒါနဟု-ဓမ္မပဒမှာ၊ ရှင်တော်ဘုရားဟောကြားခြင်းကြောင့်၊ ၎င်း(၂)ပါးကို-ဒါနမှာ လဲသွင်းအပ်သည်၊

**အောက်ပါပုံကို=ကြည့်လေဦး။**

| ပုညကြိယာ တရား | သွင်း ယူပုံ၊ | ဆန့်ကျင်ဘက် တရား၊ | တရား ကိုယ် | ဥပမာ တူပုံ၊ | အကျိုး |
|---|---|---|---|---|---|
| ပတ္တိဒါန ပတ္တာနုမောဒန | ဒါန | ဣဿာ မစ္ဆရိယ | အလောဘ | ခြေနှင့်တူ၏ | ဓောတိကကဲ့သို့ စည်းစိမ်ပေါများ၏၊ |
| အပစာယန ဝေယျာဝစ္စ | သီလ | လောဘ ဒေါသ | အဒေါသ | ကိုယ်နှင့်တူ၏ | ဝိသာခါတို့ကဲ့သို့ အသက်ရှည်၏၊ |
| ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ | ဘာဝနာ | မောဟ | အမောဟ | ဦးခေါင်းနှင့်တူ၏ | မဟောသထာ ဝိဓုရ-တို့ကဲ့သို့ ပညာကြီး၏၊ |

ပြအပ်သောဇယားပုံ၌၊ အကျိုးတရားမှာ၊(ဇယား)ကွက်ကအလွန်ကျဉ်း၍၊လိုရင်းအချက်သာထည့်ပြလိုက်သည်၊ ဒါန၊သီလ၊ဘာဝနာ,၏အကျိုး၊ ကုန်စင်အောင်ပြောနိုင်သောပုဂ္ဂိုလ်၊ရေနိုင်သောပုဂ္ဂိုလ်ဆိုတာ'သဗ္ဗညုဘုရား,မှ-တပါးသောပုဂ္ဂိုလ်မရှိ၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်သော်မှ၊ကုန်စင်အောင်မပြောနိုင်ချေ၊

ယခုလောက၌၊အချို့သောပုဂ္ဂိုလ်တို့သည်၊ဒါနကို-ကာမာဝစရ ကုသိုလ်ကလေးပါ၊ **သံသရာရှည်ကြောင်းတရားကြီးပေါ**-ဟုဆို၍ပါယ်လေ့ရှိကြ၏၊ထိုပုဂ္ဂိုလ်တို့ပြောပုံက၊သူတို့သဏ္ဍာန်မှာ၊အရိယာဂိုဏ်းဝင်၊မဂ်သခင်၊ဖိုလ်သခင်ဖြစ်နေသလိုလိုအတော်လေလုံးကြီးတဲ့လူတွေဘဲ၊ ဘုရားရှင်ကိုယ်တော်မြတ်က၊ဒါနသည်မကောင်း၍၊သံသရာရှည်ကြောင်းဖြစ်လျှင်၊အဘယ့်ကြောင့်ဘုရားရှင်သည်၊သံသရာရှည်ကြောင်းမကောင်းသောတရားကို-လူတွေပြောရသလဲ၊ သတ္တဝါတွေကို၊သံသရာရှည်အောင်-လုပ်သလိုမနေပေဘူးထား၊ (စင်းစားကြစမ်း) ဘုရားတို့မည်သည်၊သတ္တဝါအပေါ်မှာ၊မကောင်းတာတချက်မှမပြောဘူး၊လူတွေက,မယူတတ်လို့၊ထင်မိထင်ရာဖြစ်နေတာ၊

## မြတ်စွာဘုရား၏အာဘော်က။

ချစ်သားတို့၊ ဒါနကိုအားထုတ်ကြ၊ ဒါနဆိုတာအလွန်အကျိုးကြီးတယ်၊ ထို့ထက်အားထုတ်နိုင်လျှင်၊သီလကိုဆောက်တည်ကြ၊သာ၍အကျိုးကြီးတယ်၊ ထို့ထက်အားထုတ်နိုင်လျှင်၊ဘာဝနာကို အားထုတ်ကြ၊အလွန့်အလွန်အကျိုးကြီးတယ်၊(ဤကားအနုလုံနည်း)ချစ်သားတို့၊ဘာဝနာကိုအားထုတ်ကြ၊ဘာဝနာမှအားမထုတ်နိုင်လျှင်၊ သီလကိုလုံခြုံအောင်စောင့်ကြ၊သီလမှ-မှန်မှန်မစောင့်နိုင်လျှင်၊ဒါနကိုတတ်အားသမျှလှူကြ၊(ဤကားပဋိလုံနည်း)ဒါနမှမပါလျှင်သံသရာမှာသင်တို့ကြာရှည်စွာနှစ်မွန်း၍၊အပါယ်သံသရာက၊ဘယ်တော့မှမတက်ဘဲနေရလိမ့်မယ်၊ ဤကားဘုရားရှင်အလိုတော်ကြ ဖြစ်သည်၊

လိုရင်းအချုပ်မှာ၊ဒါန၊သီလ၊ဘာဝနာ(၃)ပါးစုံမှ၊နိဗ္ဗာန်ရောက်သည်ဟု၊အရိုးမြေကျမှတ်လေ၊ ဇယားမှာပြခဲ့သောဥပမာအတိုင်း၊ လူတယောက်မှာ ခြေကောင်း၏၊ထို့ရာတွင်၊ကိုယ်တကိုယ်လုံးမှာ ကြီးစွာအနာပေါက်လျက်၊ဦးခေါင်းမှာ၊ဦးနှောက်ထွက်လုမျှခေါင်းကိုက်နာရှိ၏၊ထိုသူသည်၊လိုရာအရပ်သို့သွားနိုင်မလားဆိုလျှင်ဧကံမသွားနိုင်ခြေ၊ ခြေလည်းကောင်း၏၊ကိုယ်မှာလဲရောဂါအနာကင်း၏၊ဦးခေါင်းမှာကားရှစ်စိတ်ကွဲ၍နေ

၏၊ထိုသူလည်းလိုရာအရပ်သို့သွားနိုင်မလားဆိုလျှင်ကောင်းမသွားနိုင်ချေ၊ကိုယ်မှာလဲရောဂါမရှိ၊ဦးခေါင်းမှာလည်းရောဂါမရှိ၊ သို့ရာတွင်၊ခြေမှာကား-ကြီးစွာသောအိုင်းအမာကြီးသည်၊ယင်နားသည်ကိုမျှမခံချင်အောင် ပေါက်ရောက်နေ၏၊ထိုသူလည်း၊ လိုရာသို့သွားနိုင်မလားဆိုလျှင်၊ကောင်းမသွားနိုင်ချေ၊ ခြေ-ကိုယ်-ဦးခေါင်း၊ ၃-ခုကောင်းမှသာလိုရာအရပ်သို့သွားနိုင်သကဲ့သို့၊ ဒါနတည်းဟူသောခြေ၊ သီလတည်းဟူသောကိုယ်၊ ဘာဝနာတည်းဟူသော-ဦးခေါင်းကောင်းပါမှ၊ပြည့်စုံပါမှ၊မိမိတို့လိုရာနိဗ္ဗာန်အရပ်သို့သွားနိုင်မည်၊ ထို့ကြောင့်၊ဘုရားဟောင်းမှန်သမျှ၊ဒါနပါရမီအရင်းပြု၍ဖြည့်ကြရသည်၊

ထိုကဲ့သို့ဥပမာတွေကား အများကြီးရှိသေးသည်၊ ကျမ်းကြီးနေမှာစိုး၍၊ချုံးထားရသည်၊ပါဠိအကိုးအကားတွေဆိုတာတော့ဖြင့်၊တပုံကြီးဘဲပြနိုင်ပါ၏၊သို့ရာတွင်၊ ဤကျမ်းစာအုပ်က၊သင်္ဂြိုဟ်အုပ်ဖြစ်၍၊ သုတ္တန်ပါဠိတော်တွေကို၊ များစွာမထည့်ဘဲ-ချုံးလိုက်သည်၊

## အချို့လူများကတော့။

ကာမာဝစရကုသိုလ်ကလေးရယ်လို့၊ပေါ့ဆဆပြောကြတယ်၊ကာမာဝစရကုသိုလ်ကလေးမဟုတ်ဘူး၊(ကာမာဝစရကုသိုလ်)ကြီးလို့ခေါ်ရသည်၊ လောကုတ္တရာကုသိုလ်လေးပါးကိုဘုရားရှင်က၊ မဟာလောကုတ္တရာကုသိုလ်လို့ မခေါ်ဘူး၊မဟဂ္ဂုတ်ကုသိုလ်၉-ပါးကိုလည်း၊မဟာမဟဂ္ဂုတ်ကုသိုလ်ဟု-မခေါ်ဘဲလျက်၊အဘယ့်ကြောင့်ကာမာဝစရကုသိုလ်ကိုမှ၊ မဟာတပ်၍(မဟာကုသိုလ်)ဟု-ခေါ်ရသနည်း၊ အကြောင်းကိုသိရဲ့လား၊ ၎င်းအကြောင်းကို၊စိတ်ပိုင်း၌လည်းပြခဲ့လေပြီ၊ ထင်ရှားစေရန်ပြဦးအံ့၊

အလုံးစုံသော၊ဂင်္ဂါဝါဠု၊သဲစုမကသောဘုရားတို့သည်၎င်း၊ ဘုရားတဆူတဆူ၌၊ ကျွတ်တန်းဝင်တော်မူကြသော၊ ၂၄-သင်္ချေ၊ကုဋေ့ခြောက်ဆယ်၊ဓိုလ်ခြေတသိန်း-အာ ရေအတွက်ရှိသောပုဂ္ဂိုလ်တို့သည်၎င်း၊ဖြစ်ပွဲ့ဘုံ (၂၀) ၌ ဖြစ်နေကြကုန်သော၊ ဗြဟ္မာကြီးတို့သည်၎င်း၊ ကာမာဝစရ-မဟာကုသိုလ်ကို၊ ပရိကံ၊ဥပစာ၊အနုလုံ၊ဂေါတြဘု-ဟူသောအမည်ဖြင့်၊လေးကြိမ်သော်၎င်း၊သုံးကြိမ်သော်၎င်း၊ကာမဇောခံ၍၊ဈာန်တရား မဂ်တရား၊ဖိုလ်တရားခေါ်သော၊အပ္ပနာနယ်စခန်းသို့၊တန်းတန်းမတ်မတ်ချဉ်းကပ်ဆိုက်ရောက်ကြရလေသည်၊မဟာကုသိုလ်ကို၊ကာမဇောအဖြစ်ဖြင့်၊ ၄-ကြိမ်၊၃-ကြိမ်မခံမူ၍၊ဖြစ်သောဘုရားမည်သည်-တဆူမျှမရှိ၊ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်ဟူ၍၊

တယောက်မျှမရှိချေ၊မဟာကုသိုလ်ကို၊ကာမဇောအဖြစ်ဖြင့်(၄)ကြိမ်(၃)ကြိမ်မခံမူ၍၊ ဖြစ်သောဗြဟ္မာမည်သည်၊တယောက်မျှမရှိချေ၊ ထိုကဲ့သို့မဟာကုသိုလ်သည်၊ကြီးစွာသောအကျိုးကိုဆောင်တတ်သောကြောင့်၊ လောကုတ္တရာကုသိုလ်၊မဟဂ္ဂုတ်ကုသိုလ်တို့ကို၊မဟာမထဝ်ဘဲ၊ ကာမာဝစရကုသိုလ်ကိုသာလျှင်၊မဟာဟူသောဘွဲ့တံဆိပ်ဖြင့်၊ ခပ်နှိပ်၍ ( မဟာကုသိုလ် ) ဟု၊ ရှင်တော်မြတ်ဘုရားမိန့်တော်မူသတည်း၊ မြတ်၍မဟာတပ်သည်မဟုတ်၊အကျိုးပေးကျယ်ဝန်း၍ဆိုသည်၊

(၃၉၁) ပုဗ္ဗ,မုဥ္စ၊အပရ၊သုံးဝစေတနာ၊

(၃၉၂) ရှေးဦး,အလယ်၊အဆုံးဝယ်၊သုံးသွယ်ညီညွတ်ရာ၊

(၃၉၃) ပေါင်းဘော်-ခုရ၊ဝတ်ကြရ၊ကြက်မဒုပမာ၊

ပုညကြိယာဆယ်ပါးတို့တွင်၊တခုတခုမှာ၊ ၁/ပုဗ္ဗစေတနာ၊၂/မုဥ္စစေတနာ၊၃/ပရစေတနာဟု၊စေတနာသုံးတန်စီရှိ၏၊ (ဒါန)တခုကိုပုံစံထုတ်ပြအံ့၊ ဒါနတခုကိုပြုလုပ်လိုသည်ရှိသော်၊အကယ်၍ဆွမ်းကျွေးလိုသည်ဖြစ်အံ၊ဆွမ်းမကျွေးမှီရှေးအဘို့၌၊သံဃာတော်များကိုပင့်ရခြင်း၊ချက်ရပြုတ်ရခြင်းကိစ္စအဝဝ၌၊ဖြစ်သမျှစေတနာသည်၊(ပုဗ္ဗစေတနာ)မည်၏၊ သံဃာတော်များလက်သို့၊ဆက်ကပ်လှူဒါန်းဆဲအခိုက်၌ရှိသော စေတနာသည် (မုဥ္စစေတနာ)မည်၏၊

လှူပြီးသည်နောက်၊ဝမ်းမြောက်ဝမ်းသာ၊စေတနာတက်ကြွား၊ပီတိလှိုင်းဟုန်ဖြင့်၊စာဂါနုဿတိဘာဝနာကို၊အခါခါပွါးနေရခြင်းသည်(အပရ)စေတနာမည်၏၊(ပရ)စေတနာလည်းခေါ်၏၊ အတူတူပင်မှတ်လေ၊

ကုသိုလ်အကျိုးပေးရာကျတော့၊ စေတနာသုံးတန်လုံးညီညွတ်မှ၊ ပြည့်ပြည့်စုံစုံအကျိုးပေးသည်ဟုမှတ်လေ၊ ထို့ကြောင့်“သုံးသွယ်ညီညွတ်ရာ။”ဟုဆိုခဲ့၏၊စေတနာသုံးတန်တို့တွင်၊စင်စစ်မချပငိုသန္ဓေအကျိုးပေးတာ၊မုဥ္စစေတနာကပေး၏၊ ပုဗ္ဗ-အပရစေတနာ(၂)ခုတို့သည်၊အလွန်အားရှိသော-ဗလဝစေတနာဖြစ်ပါမှ အကျိုးပေး၏၊ ထို့ကြောင့်၊စေတနာသုံးတန်လုံးမပျက်မကွက်ညီညွတ်ဘို့အရေးကြီးသည်၊ဥပမာတခုမှာ၊ကြက်မတကောင်သည်၊ သားကိုအလိုရှိသောကြောင့်၊ ရှေးဦးစွာကြက်ထီးနှင့်ပေါင်းဘော်ခြင်းကိစ္စကိုပြုရ၏၊ ထိုကဲ့သို့ကြက်ထီးနှင့် ပေါင်းဘော်ရုံမျှဖြင့်၊သားမရချေသေး၊တဘန်တင်းခေါ်၍,ဥရပြန်၏၊ ထိုကဲ့သို့ ဥပြီးသော်လည်း၊သားမရချေသေး၊ ဥရုံမျှဥ

၍ပစ်ထားလိုက်မည်ဆိုလျှင်၊ ၎င်းအုမျှားသည်၊သားငယ်မပေါက်၊အဟောသိကံအဖြစ်သို့ရောက်ပြန်၏၊ တဘန်အခါခါအထပ်ထပ်ဝပ်ရပြန်၏၊ ထိုသို့အခါခါအထပ်ထပ် ဝပ်ရမှ၊ သားငယ်ကလေးများ ကောင်းစွာဖွါးပေါက်၍လာ၏၊—ထိုဥပမာသည်၊လွန်စွာကောင်းသော-ဥပမာကြီးဖြစ်သည်၊သေချာစွာမှတ်ထားကြပါ၊

ထိုနည်းတူစွာ၊လူ့,နတ်,နိဗ္ဗာန်,သုံးတန်သောချမ်းသာကိုအလိုရှိသောသူသည်၊ ရှေးဦးအစ၊ပုဗ္ဗစေတနာဖြင့်၊အလှူ့ဝတ္ထုကိုရှာမှီးပင့်ဘိတ်ရသည်၊၎င်းနောက်၊မုဉ္စစေတနာဖြင့်၊ကောင်းစွာလှူဒါန်းရသည်၊ ၎င်းနောက်၊ အပရစေတနာဖြင့်၊အခါခါအထပ်ထပ်ဝမ်းမြောက်ဝမ်းသာ၊ စာဂါနုဿတိဘာဝနာဖြင့် ပွါးရသည်၊ သို့မှသာလျှင်၊ လူနတ်နိဗ္ဗာန်၊သုံးတန်ချမ်းသာကိုကောင်းစွာရနိုင်သည်၊ (ဥပမာနှင့်-ဥပမေယျဟတ်ယူထေ၊)

## ကြွင်းသော ပုညကြိယာ(၉)ပါးမှာလဲ-၎င်းနည်းအတိုင်းသိလေ။

ကျော်စောလို၍၊ပြုလေ့ဟီနံ၊—— ကျော်စောခြင်းကိုလို၍ပြုသမျှ၊ဟီနဒါနခေါ်၏၊

ကောင်းကျိုးလိုလား၊မှတ်သားမဇ္ဈိံ၊ ကောင်းကျိုးကိုလိုသား၍ပြုသမျှ၊မဇ္ဈိမဒါနခေါ်၏၊

အရိယာထုံး၊ ကျင့်သုံးပဏီတံ၊——အရိယာတို့၏ ထုံးနည်းအတိုင်းပြုသမျှ၊ ပဏီတဒါနခေါ်၏၊

တပါးပါး-၃-ပါးစီဘေဒ ၎င်းသို့–ပုညကြိယာတပါးတပါးမှာ(၃)မျိုးစီ ဘေဒ ရှိ၏၊

သူ့နှိပ်-ကိုယ့်မြှောက်-ခေါ်လောကဟီနာ၊—— သူ့ကိုနှိပ်ချ၊ကိုယ်ကိုချီးမြှောက်၍၊လှူဒါန်းခြင်း၊ဟီနဒါန၊

လောကီသုခ-လိုထမဇ္ဈာ၊—— လောကီ-မင်းစည်းစိမ် စသည်ကို၊ တပ်မက်၍လှူခြင်း၊ မဇ္ဈိမဒါန၊

လောကုတ်သုခ-လိုထပဏီတာ၊—— လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကိုလို၍ လှူခြင်း၊ပဏီတဒါန၊

တမျိုးမျိုး-သုံးမျိုးဘေဒရှိ။ ၎င်းသို့ပုညကြိယာတမျိုးမျိုးကို၊ ၃-မျိုးစီဘေဒရှိ၏၊

ဘဝ,ဘောဂ၊လိုထ ဟီနာ၊......ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိကိုလိုလားစွဲ၍လှူခြင်းဟီနဒါန၊
ကိုယ်တကိုယ်ကျိုး၊မြော်ကိုးမဇ္ဈာ၊......ကိုယ်တကိုယ်အကျိုးငှါနိဗ္ဗာန်လိုလားစွဲ၍လှူခြင်း၊
မဇ္ဈိမဒါန၊
ကိုယ်ကျိုးသူ့ကျိုး၊မြော်ကိုးပဏီတာ၊......သူ့အကျိုး-ကိုယ့်အကျိုး မြော်ကိုးစွဲ၍လှူခြင်း၊
ပဏီတဒါန၊

တခုခု-သုံးခုဝေဘန်ရာ၊ ဤသို့-တခုခု၌၊၃-ခု၊ ၃-ခုဝေဘန်ရာ၏။

**ကာမာဝစရကံပြီး၏။**

---÷:+×o×+:÷---

## (၃) ရူပါဝစရကံ။ (၄) အရူပါဝစရကံ။

(၃၆၄) ရူ,အရူ,၅၁၊မနောသာ၊ဘာဝနာအပ္ပနာတည်း။

ရူပါဝစရကုသိုလ်ကံသည်၊ ကာယကံ၊ဝစီကံ၊မနောကံ(၃)ပါးတို့တွင်၊(မနောကံ) ဟူ၍မှတ်၊ဒါန,သီလ,ဘာဝနာ,စသောပုညကြိယာ(၁၀)တို့တွင်၊(ဘာဝနာ)ဟူ၍မှတ်၊ အပ္ပနာအဖြစ်ဖြင့်ရောက်အပ်သည်ဟုမှတ်လေ ပဌမဈာန်စသောအားဖြင့်၊ ၅-ပါးရှိ၏။

အရူပါဝစရကံသည်လည်း၊(မနောကံ)ပင်တည်း၊ ဘာဝနာသာတည်း၊ အပ္ပနာ၏ အဖြစ်ဖြင့်ရောက်အပ်သည်၊အာရုံ၏အစွမ်းဖြင့်၊(၄)ပါးရှိ၏။

**ကံလေးပါးပြီး၏။**

---÷+:×o×:+÷---

## ကံနှင့်ဝိပါက်ကို၊စပ်၍ပြပေအံ့။

ပြဆိုခဲ့ပြီးသောကံတို့သည်၊ အကြောင်းတရားများပေတည်း၊ ဝိပါက်ခေါ်သောတရားတို့ကား၊အကျိုးတရားများပေတည်း။ (အကျိုးအကြောင်းမကင်းကောင်း) ဟူ-ဆိုသောအတိုင်း၊အကျိုးနှင့်အကြောင်းတရားတို့သည်၊မကင်းကောင်းချေ၊ အကျိုးရှိလျှင်၊ ဧကံအကြောင်းပေါ်စမြဲတည်း၊သို့ရာတွင်ရံခါအကြောင်းရှိသော်လဲ၊အကျိုးမပေါ်သော အရာဌာနမျိုးလည်းရှိသေး၏၊ ကံသည် မျိုးစေ့နှင့်တူ၏၊ ဝိပါက်သည်၊ မျိုးစေ့ကြောင့် ပေါက်သောသစ်ပင်နှင့်တူ၏၊

## ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
## ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။ ။

ယာဒိသံ၊ခါး၊ချို၊ဖန်၊ချဉ်၊အကြွင်းသို့သော သဘောရှိသော၊ ဗီဇံ၊ ဝွေးတောက်တမာ၊ ဂံ့ဂလာ၊သရက်၊ပိန္နဲ၊နွဲ၊ထောက်ရှာ၊မာလကာနှင့်၊ ဩဇာ ဒူးရင်းစသော၊ မျိုးစေ့ကို၊ ဝပ္ပတေ၊ ဩဇာလေးနက် အလွန်ထက်သော၊ မြေကွက်ကုန်းရိုးမှာ စိုက်ပျိုးမြုပ်နှံ၍ ထားလေ၏၊တာဒိသံ၊ခါး၊ချို၊ဖန်၊ချဉ်၊ထိုလျှင်မကော၊သို့သောသဘောအတိုင်း၊ ဖလံ၊ခါးချို-၂-နည်း၊သစ်သီးဖလံကို၊ ဟရတေ၊ ဗီဇနိယာမဓမ္မတာအလျောက်၊ ပေါ်ပေါက်ဖြစ်ခါ ဆောင်၍လာ၏၊ဘထာ၊ထို့အတူ ပါပကာရီ၊ဆယ်ပါးဒုစရိုက်၊အမှုမိုက်ကို၊ပြုလိုက်မိ မှား၊တရားမကြိုက်အမှားလိုက်သောသူသည်၊ပါပကံ၊ပြဆိုခဲ့ပြီးဘေးကြီးဝိုင်းအုံ၊ပါယ် လေးဘုံသို့၊ဟရတေ၊ကမ္မနိယာမဓမ္မတာသဘောအားဖြင့်လတ်တလောလည်းပို့ဆောင် တတ်၏၊ကလျာဏကာရီ၊ပုညကြိယာ ဆယ်ဖြာလိုက်စား တရားကြိုက်ရှောင်း၊လူသူ တော်ကောင်းသည်၊ ကလျာဏံ၊လူဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့၊ ဝါ၊ဆင်းရဲကင်းကွာ ချမ်း သာပြည့်စုံ နတ်တို့ဘုံသို့၊ဟရတေ၊ကံမလွဲ အမြဲပို့ဆောင်တတ်လေတော့သတည်း၊

လိုရင်းအချုပ်မှာ၊ အခါးမျိုးစေ့ကို စိုက်လျှင်၊အခါးပင်ပေါက်၍၊အခါးသီး-သီးသ ကဲ့သို့၊အကုသိုလ်ကံကိုလုပ်လျှင်၊အကုသိုလ်၏အကျိုး အပါယ်ဘုံမှာခံရလိမ့်မည်၊

အချိုမျိုးစေ့စိုက်လျှင်၊အချိုပင်ပေါက်၍ အချိုသီးသီးသကဲ့သို့၊ကုသိုလ်ပုညကြိယာ တရားတွေကိုလုပ်လျှင်၊ကုသိုလ်၏အကျိုးပေးရာ ကာမသုဂတိ(၇)ဘုံ၊ဗြဟ္မာဘုံ(၂၀) တို့မှာ၊ကောင်းကျိုးကိုစံရလိမ့်မည်ဟုဆိုလိုသည်၊

သစ်စေ့စိုက်သောအခါ၊ ပဌမ အပင်ကလေးပေါက်လာမှအကျိုး(၁)ချက်၊ အတန် ကြာအသီးသီးလာမှအကျိုး(၁)ချက်၊ဤကဲ့သို့အကျိုး(၂)ချက်ရှိသကဲ့သို့၊ကံ၏အကျိုး သည်လည်း၊ပဋိသန္ဓေနေခြင်းဖြင့်၊လူ နတ် စသည်ဖြစ်လာသော အကျိုးတချက်၊ မွေးဖွါးလာပြီးနောက်၊အထူးထူးသောကာမဂုဏ် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ကို ခံစားရခြင်း၊ ပဝတ္တိအကျိုးတချက်၊ ဤသို့ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး(၂)ချက် ရကြောင်းကိုလည်း- သေချာစွာမှတ်ထားလေဦး၊

ဝှင်းပြင်၊ သစ်စေ့တစေ့ကို စိုက်လျှင်၊ အချို့သော သစ်စေ့များ၌၊ အပင်ပေါက်လာသည်ရှိသော်၊ မျိုးစေ့ထက်၊ ။(၁) အလွန်ကောင်းသည်လည်းရှိ၏၊ ။(၂) ကောင်းသည်လည်းရှိ၏၊ ။(၃) ညံ့သည်လည်းရှိ၏၊ ။(၄) အလွန်ညံ့သည်လည်းရှိ၏၊
ဤထေးချက်ကိုလဲ-သတိထားလေဦး၊အဘိဓမ္မာနည်းအရ,ခွဲပြပေတော့အံ့၊အောက်ပါဆောင်ပုဒ်များကိုလည်း၊ရအောင်ဆောင်ကြ၊

(၃၉၅) ဥဒ္ဒဏ္ဍမှာ၊ပဝတ်သာ၊ကြွင်းမှာ(၂)ချက်ပေး၊
အကုသိုလ်ကံနှင့်-အကုသလဝိပါက်ပြီး၏၊

——÷+:×o×:+÷———

(၃၉၆) ရှေ့နောက်(၂)တန်၊အကုရန်၊ယုတ်ပြန်,ညြမကာ၊
(၃၉၇) ရှေ့နောက်(၂)တန်၊ကုသိုထ်ရန်၊မြတ်ပြန်,ဥက္ကဋ္ဌ၊
(၃၉၈) ညာဏ်မယှဉ်-ဒွိဟိတ်၊ယှဉ်တိဟိတ်၊ခွဲစိတ်(၄)ချက်ပြ၊
(၃၉၉) တိဥက်-လေးဖြာ သန္ဓေခါ၌၊ ဖြစ်ပါလေးစိ,ပဝတ္တိရောက်၊ ၁၆-လေးလီ ညာဏ်နှင့်မှီ၊ပေါင်းပြီဆဲ့ခြောက်-ခြောက်ဆဲ့လေး၊
(၄၀၀) တိဩ-ဒွိဥက်,,ရှစ်ရထုတ်လေ၊ သန္ဓေ (၄) စိ၊ ပဝတ္တိဖြစ်၊ ၁၂-ရှစ်လီ၊ ညာဏ်နှင့်မှီ၊ပေါင်းပြီ(သုံးနှစ်)ကိုးခြောက်ဖြစ်၊
(၄၀၁) ဒွိဩ-လေးဖြာ၊ သန္ဓေခါတစ်၊ ပဝတ်ရှစ်ပါး၊ ပေါင်းသော်ကား၊ ၄-ပါး- သုံးဆဲ့နှစ်၊
(၄၀၂) တိ-ပိဋကာ၊ရှူဋ္ဌနာဂ၊မထေရ်ကာ၊မိန့်ထ၍သို့ဖြစ်၊
(၄၀၃) အမှု,အချင်း၊သ-သချင်း၊ယှဉ်ခြင်းတုဝိပါ၊
(၄၀၄) ပဝတ္တိဖြစ်၊ ၁၂-လေးလီ၊ဆယ်ရှစ်လီနှင့်၊ရှစ်လေးထိသာ၊ဖြစ်ရပါ၊မိန့်ပါ ကေစနာ၊
(၄၀၅) မဟာဓမ္မ၊ရက္ခိတ၊ထေရအလိုသာ၊

ဥဒ္ဒဏ္ဍစေတနာသည်၊ပဝတ္တိအကျိုးကိုသာဖြစ်စေ၏၊ပဋိသန္ဓေအကျိုးကိုမဖြစ်စေနိုင်၊ ဥဒ္ဒဏ္ဍစေတနာကြဉ်သော၊ အကုသိုထ်စေတနာ(၁၁)ခုသည်၊ ပဋိသန္ဓေပဝတ္တိအကျိုး

(၂)ချက်လုံး၊ကိုး၊ကာမဘုံ ရူပဘုံတို့၌ ထိုက်သည့်အားလျော်စွာပေးနိုင်၏၊ဥဒ္ဒစ္စစေတနာသည်၊ ပဋိသန္ဓေအကျိုးမပေးနိုင်ကြောင်းကို၊ အဋ္ဌကထာဆရာ၊ ဋီကာဆရာကြီးများ၊ ဆုံးဖြတ်ထားသည်မှာအများကြီးဘဲ၊ အကုန်ရေလျှင်၊ ဂန္ထဂရုဖြစ်လိမ့်မည်၊ လိုရင်းအချုပ်မှာသည်လိုမှတ်၊(အဋ္ဌမဋ္ဌေနပဟာတဗ္ဗဒ္ဒသာ၊)ဤဝိဘာဝနီဋီကာ၊ပါဠိအတိုကလေးဖြင့်မှတ်လေ၊

အဋ္ဌမဋ္ဌေန၊ အရဟတ္တမဂ်ဖြင့်သာလျှင်၊ ပဟာတဗ္ဗတ္တာ၊ ပယ်အပ်သည်၏အဖြစ်ကြောင့်၊ ဥဒ္ဒစ္စသဟဂတံ၊ ဥဒ္ဒစ္စနှင့်ယှဉ်သောအကုသိုလ်စေတနာသည်၊ပဋိသန္ဓိံ၊ ပဋိသန္ဓေသို့၊နာကာစုတိ၊ မငင်ချေ၊

အဓိပ္ပါယ်ကား၊(အရဟတ္တမဂ်ဖြင့်သာလျှင်၊အကြွင်းမဲ့ပယ်အပ်သောကြောင့်၊ဥဒ္ဒစ္စစေတနာသည်၊ပဋိသန္ဓေအကျိုးမပေး၊)

အကုသိုလ်၏အကျိုးဟူသည်ကား၊အဟိတ်စိတ်ထဲက၊အကုသလဝိပါက်စိတ်(၇)ပါးကိုဆိုသည်၊ ထို(၇)ပါးတို့တွင် ဉပေက္ခာသန္တီရဏ တခုသည်ကား၊ ပဋိသန္ဓေအကျိုးလည်းဟုတ်၏၊ပဝတ္တိအကျိုးလည်းဟုတ်၏၊ကျန်(၆)ပါးကား၊ပဝတ္တိအကျိုးသာဖြစ်၏၊ထို့ကြောင့်၊ပဋိသန္ဓေအကျိုး(၁၁)ပါး၊ပဝတ္တိအကျိုး(၇)ပါး(၁၂)ထိဖြစ်၏ဟုမှတ်လေ၊

ပဋိသန္ဓေအကျိုး----- ၁၁

ပဝတ္တိအကျိုး ----- ၈၄ ဤကား-ကာမဘုံအတွက်၊

ရူပဘုံမှာ၊ ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်ကို မရခြင်းကြောင့်၊ ၃-ပါး နုတ်၍၊ အကုသလဝိပါက်(၄)ပါးသာ ရခြင်းကြောင့်၊ပဝတ္တိအကျိုး(၄၈)ပါးသာဖြစ်၏ ဟု,မှတ်လေ၊

ရူပဗြဟ္မာများလည်း၊ အကုသိုလ်၏ အကျိုးဖြစ်သော၊ အကုသလဝိပါက် စက္ခုဝိညာဏ်၊သောတဝိညာဏ်စသည်ဖြင့်၊အနိဋ္ဌာရုံရူပ,ကြားရကြောင်းကို၊

ယဒါဂြဗ္ဗာနောကာခာငစရုံ၊အနိဋ္ဌာရမ္မဏံမာလမ္ဘံ။

ဤသို့ဓမ္မာနုသာရဏီကျမ်းမှာဆိုသည်၊ယုံကြည်သောစိတ်ဖြင့်မှတ်လေ၊

--÷:+×o×+:÷--

## အကုသိုလ်ကံ နှင့်၊ အကုသလဝိပါက်။

| အကုသိုလ်ကံ | | ပဋိသန္ဓေ အကျိုး | ကာမဘုံ ပဝတ္တိအကျိုး | ရူပဘုံ ပဝတ္တိအကျိုး | ပေါင်း |
|---|---|---|---|---|---|
| ပဌမအသင်္ခါရိက | (၈) လောဘမူစိတ် | ၁ | ၇ | ၄ | ၇ |
| ပဌမသသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| ဒုတိယအသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| ဒုတိယ သသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| တတိယအသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| တတိယသသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| စတုတ္ထအသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| စတုတ္ထသသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| ပဋ္ဌမအသင်္ခါရိက | (၂) ဒေါသမူစိတ် | ၁ | ၇ | ၄ | ၇ |
| ပဋ္ဌမ သသင်္ခါရိက | | ၁ | ၇ | ၄ | ၇ |
| ဝိစိကိစ္ဆာသမ္ပယုတ် | (၂) မောဟမူစိတ် | ၁ | ၇ | ၄ | ၇ |
| ဥဒ္ဓစ္စသမ္ပယုတ် | | + | ၇ | ၄ | ၇ |
| ပေါင်း---- | ၁၂ | ၁၁ | ၈၄ | ၄၈ | ၇ |

မခက်သေခ်လဲ-လွယ်သည်ထက်လွယ်စေခြင်းငှါ-ဤဇယားကိုထည့်လိုက်၏။

---÷+×o×+÷---

ကုသိုလ်၏ရှေးအဘို့,နောက်အဘို့၌၊အကုသိုလ်ခြံရံသောကုသိုလ်မျိုးကိုယုတ်သောကြောင့် (ဩမက) ကုသိုလ်ခေါ်သည်။

ကုသိုလ်၏ရှေးအဘို့၌၊ အကုသိုလ်ခြံရံပုံမှာ၊ အောက်ပါအတိုင်းဖြစ်၏။

(၁) ဒီကိုယ်တော်တွေကိုတော့ငါမလှူဘူး၊ ခွေးကျွေးပစ်မယ်,၊

(၂) ငါလှူလို့အရက်သမားများပါလာရင်၊ ပါးရိုက်ထုတ်မယ်,၊

(၃) ငါ့အလှူကိုညစ်ညစ်ထေးထေးနှင့်လာလျှင်ထမင်းမကျွေးဘူး,၊

(၄) ပိုးလုံချည်နှင့်လူကို၊ ဝက်သားဟင်းကျွေး၍၊ ချည်လုံချည်အနွမ်းနှင့်လူကို၊ သရက်ချဉ်နှင့်၊ ငံပြာရေချက်သာကျွေးမယ်ဟု၊ စိတ်ထဲကကြံသောသူ,၊

ဤသို့စသော-အမျိုးမျိုးအဖုံဖုံသောအကုသိုလ်တရားတို့သည်၊ မလှူမီရှေးနားကခြံရံ၍သာသောကုသိုလ်ကို၊ (ဩမက) ကုသိုလ်ခေါ်၏၊ ဒါယကာ၊ ဒါယကာမများ၊ ကျပ်ကျပ်ကြီးသတိထားကြ၊ ကုသိုလ်၏နောက်အဘို့မှာ၊ အကုသိုလ်ခြံရံပုံမှာ၊ အောက်ပါအတိုင်းဖြစ်၏၊

(၁) ဒီဒါယိကာတွေကို၊ ငါမေ့လို့သာလှူမိတော့တယ်,၊

(၂) သားကလေးကိုရှင်ပြုမိလို့၊ ငါ့အိမ်ချစ်တီးအသိမ်းခံရတယ်၊

(၃) ကုငွေရမလားလို့၊ လှူလိုက်ပါတယ်၊ ဒီတခါဖြင့်ခက်ကုန်ပြီ၊

(၄) ကထိန်ခင်းလို့ ကုန်တဲ့ငွေတထောင်ဟာ၊ ဒီဥယျာဉ်ငါဝယ်လိုက်ရလျှင်၊ အကောင်းသားဘဲ၊ ခက်တော့တာဘဲ၊

ဤသို့စသည်ဖြင့်၊ လှူပြီးနောက်မှ၊ အကုသိုလ်ခြံရံသောကုသိုလ်မျိုးကိုလဲ၊ (ဩမက) ကုသိုလ်ခေါ်သည်၊ (သတိထားကြဘို့၊)

လှူမိုက်အလှူ,ပေးပါမူလည်း၊ ယွှယ်ချူဖိုလ်မင်္ဂ,မပန်နက်ဘဲ၊

ဤသို့ရှင်သိထဝံသဆရာကျော်စပ်ဆိုသည်ကား၊ ထိုအလှူမျိုးကိုဆိုသည်ဟုမှတ်၊

ရှေ့နောက်(၂)တန်၊ ကုသိုလ်ရံတဲ့၊ ကုသိုလ်မျိုးကို၊ (ဥက္ကဋ္ဌ)ကုသိုလ်မျိုးခေါ်သည်၊ ကုသိုလ့်ရှေ့အဘို့၌,ရံပုံမှာ၊ အောက်ပါအတိုင်းဖြစ်၏၊

(၁) အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဒုက္ခတွေဟာ၊ တယ်ကြောက်စရာကောင်းတယ်၊ မအိုမှီ၊ မနာမှီ၊ မသေမှီက၊ တတ်အားသမျှလှူဒါန်းမှဘဲ၊

(၂) ဘုရားရှင်သာသနာမှာ၊ လူလာ၍ဖြစ်ခိုက်၊ ငါတို့မေ့နေ၍မတော်ဘူး၊ ကြိုးစား-ပြီး လှူဒါန်းမယ်၊

(၃) ဗဗ္ဗည်းလဲ,သင်္ခါရတရား၊ ငါ၏ခန္ဓာကိုယ်လဲ,သင်္ခါရတရားဖြစ်၍၊ နှမြောစုံမက်နေ၍မတော်ဘူး၊ရှိရိုက်လှူဒါန်းမှဘဲ၊

ဤသို့ စသည်ဖြင့်,မလှူမီရှေးအဘို့၌၊အမျိုးမျိုးသော ကုသိုလ်,စိတ္တုပ္ပါဒ်းတွ ခြံရံ၍ လှူအပ်သောကုသိုထ်မျိုးကို(ဥက္ကဋ္ဌ)ကုသိုလ်ခေါ်၏၊ ကုသိုထ်၏နောက်အဘို့၌၊ကုသိုလ်ခြံရံသောကုသိုထ်မျိုးဆိုသည်မှာ၊အောက်ပါအတိုင်းဖြစ်၏၊

(၁) ငါကြံ၍ထားသောအလှူကြီးဟာ၊ဒီတခါဖြင့် အောင်မြင်ပေပေါ့၊
(၂) လှူရခဲသောအလှူကြီးကို၊လှူလိုက်ရပေပေါ့၊
(၃) ငါ၏အလှူကိုခံယူသည့်နေ့ကစ၍၊ချမ်းသာကြပါစေ၊
(၄) ငါ၏ကုသိုလ်အဘို့ကို၊အားလုံးအမျှယူကြပါစေ၊

ဤကဲ့သို့လှူပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည်၊ကုသိုထ်ခြံရံသော (ဥက္ကဋ္ဌ) ကုသိုထ်မျိုးဖွတ်လေ၊

ဒွိဟိတ်,တိဟိတ် ဆိုသည်ကား၊ လှူဆဲအခိုက်ဖြစ်သော၊ မဟာကုသိုထ်စိတ်ကို ဆိုသည်၊ ပကိဏ်းပိုင်း,ဟေတုသင်္ဂဟအတိုင်း,မဟာကုသိုလ်ဉာဏဝိပ္ပယုတ်(၄)ပါးကို၊ ဉာဏ်မယှဉ်သောကြောင့် (ဒွိဟိတ်) ကုသိုလ်ခေါ်သည်၊ ဉာဏသမ္ပယုတ်(၄)ပါးကို၊ ဉာဏ်ယှဉ်သောကြောင့်(တိဟိတ်)ကုသိုလ်ခေါ်သည်၊ ဉာဏ်မယှဉ်ဆိုသည်မှာ၊ သူတကာလှူလို့သာလှူလိုက်ရသည်၊ သူတကာ ဥပုသ်စောင့်တာတွေ့လို့သာ စောင့်လိုက်ရသည်၊ ဘယ်လိုအကျိုးရှိမှန်းမသိ၊ ဘယ်လို(ပုတီး)စိတ်ရမှန်းမသိ၊ ဤသို့စသည်ကား၊ ဉာဏ်မယှဉ်သောအလှူမျိုး၊ဉာဏ်ယှဉ်သောကုသိုထ်ဆိုသည်ကား၊တကယ်အဟုတ်အဟုတ်,သံသရာကြီးကိုငြီးငွေ့၍၊ဇာတိဒုက္ခ၊ဇရာဒုက္ခစသည်တို့ကို၊ အကြောက်ကြီးကြောက်၍၊ တေဘုမ္မကခေါ်တဲ့၊ (၃၁)ဘုံကြီးကို၊ တကယ့်ကို ဒုက္ခသစ္စာကြီးထင်၍၊ သံသရာမှမြန်မြန်ကြီးထွက်မြောက်လိုသောစိတ်ဖြင့်လှူမှု၊သီလစောင့်မှုစသောကုသိုလ်မျိုးကို၊ဉာဏ်ယှဉ်သောတိဟိတ်ကုသိုလ်မျိုးခေါ်သည်၊

ဤအဓိပ္ပါယ်ကား၊အစိတ်အစိတ်ခွဲပြောသောအဓိပ္ပါယ်ဖြစ်သည်၊ပေါင်းစပ်ပြီးအံ့၊ ဥက္ကဋ္ဌနှင့်ဩမက(၂)ပါးတွင်၊ဥက္ကဋ္ဌကားအမြတ်၊ဩမက-ကား,အယုတ်၊တိဟိတ်နှင့်၊ဒွိဟိတ်(၂)ပါးတွင်၊ တိဟိတ်ကား အမြတ်၊ဒွိဟိတ်ကား အယုတ်၊ ၂-ပါးလုံးမြတ်၊ တိဟိတ်မှတ်၊တပါးမြတ်,တပါးယုတ်,ဒွိဟိတ်ဟုတ်၊ ၂-ပါးလုံးယုတ်က၊သုဂတိဘဝ၊ မရချအကျိုးပေး၊ ဤစကားကိုလဲ၊သေချာစွာမှတ်လေဦး၊

အကြင်သူသည်၊ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကိုပြု၍၊ ထိုသူသည်၊ နောက်ဘဝမှာ တိဟိတ်ဘဝ၌ဖြစ်၍၊ အဘယ့်ကြောင့်ဆိုသော်၊ တိဟိတ်ကလဲမြတ်၊ဥက္ကဋ္ဌကလဲမြတ်၊ ၂-ပါးလုံးမြတ်သောကြောင့်တည်း၊ ထို့ကြောင့်၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်(၄)ပါးတွင်၊ တပါးပါးသည်၊နောက်ဘဝ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်,တိဟိတ်ပဋိသန္ဓေ(၄)ပါးတွင်တပါးပါးကိုဖြစ်စေနိုင်၍၊ပဋိသန္ဓေအခါတပါးသောကုသိုလ်သည်၊(၄)ပါး(၄)ပါးသောအကျိုးဝိပါက်ကိုဖြစ်စေ၍၊ ပဝတ္တိအခါမှာ၊မဟာဝိပါက်(၈)ပါး၊ အဟိတ်ကုလဝိပါက်(၈)၊ ဤ(၁၆)ပါးတို့ကို ဖြစ်စေနိုင်၍၊ မျိုးစေ့တစေ့စိုက်လျှင်၊ ၄-မျိုးဖြစ်ပုံကို၊ နောက်ကဥပမာပြခဲ့ပြီ၊ထို့ကြောင့်၊ပဋိသန္ဓေအခါမှာ၊၄-ထေးလီ ၁၆-ပါးသောအကျိုး၊ ပဝတ္တိအခါ၊၁၆-၄လီ(၆၄)ပါးသောအကျိုးကိုဖြစ်စေနိုင်၍၊ ထို့ကြောင့်၊

တိဥက်-လေးဖြာသန္ဓေခါ၌၊ဖြစ်ပါလေးစီ,ပဝတ္တိရောက်(၁၆)၄-ထီ၊ဉာဏ်နှင့်မှီ၊ ပေါင်းပြီ(၁၆)ခြောက်ဆဲ့လေး,ဟု-ဆိုခဲ့၍၊

အကြင်သူသည်၊တိဟိတ်ဩမကကုသိုလ်ကိုပြု၍၊ထိုသူသည်နောက်ဘဝမှာ၊မဟာဝိပါတ် ဒွိဟိတ် ပဋိသန္ဓေ(၄)ပါးတွင် တပါးပါးဖြင့်ဖြစ်၍၊ အဘယ့်ကြောင့်ဆိုသော်၊ တိဟိတ်ကမြတ်သော်လဲ၊ဩမက,ကယုတ်ခြင်းကြောင့်တည်း၊

အကြင်သူသည်၊ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကိုပြု၍၊ ထိုသူလည်းနောက်ဘဝမှာ၊မဟာဝိပါက် ဒွိဟိတ်ပဋိသန္ဓေ(၄)ပါးတွင် တပါးပါးဖြင့်ဖြစ်၍၊ အဘယ့်ကြောင့်ဆိုသော်၊ ဥက္ကဋ္ဌဖြစ်၍မြတ်သော်လဲ၊ဒွိဟိတ်ဖြစ်၍ယုတ်ခြင်းကြောင့်တည်း၊ ထို့ကြောင့်၊တိဟိတ်

ဩမကကုသိုလ်(၄)ပါး၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်(၄)ပါး။ ဤ(၈)ပါးတို့တွင်၊ တပါးပါးသည်၊ ပဋိသန္ဓေအခါ မဟာဝိပါက်၊ ဒွိဟိတ်ပဋိသန္ဓေ(၄)ပါး(၄)ပါးကိုဖြစ်စေ၏၊ ပဝတ္တိအခါ မဟာဝိပါက်ဒွိဟိတ်စိတ်(၄)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈) ပေါင်း(၁၂)ပါးစီဖြစ်၍၊

ပဋိသန္ဓေအကျိုး (၈) × ၄-လီ၊ (၃၂)ပါးဖြစ်၏၊

ပဝတ္တိအကျိုး (၈) × ၁၂-လီ၊ (၉၆)ပါးဖြစ်၏၊

အကြင်သူသည်၊ ဒွိဟိတ်ဩမက ကုသိုလ်ကိုပြု၏၊ ထိုသူသည်၊ ဒုတိယဘဝမှာ၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တပါးဖြင့်၊ ပဋိသန္ဓေ နေရ၏၊ အဘယ့်ကြောင့်ဆိုသော်၊ (၂)ပါးသုံး ယုတ်ခြင်းကြောင့်တည်း၊ ထို့ကြောင့်၊ ဒွိဟိတ်ဩမက ကုသိုလ်(၄)ပါးသည်၊ ပဋိသန္ဓေအခါ၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏတပါးစီဖြစ်၏၊ ပဝတ္တိအခါ၊ အဟိတ်ကုသလဝိပါက်(၈)ပါးလုံးဖြစ်၏၊ ထို့ကြောင့်၊

ပဋိသန္ဓေအကျိုး (၁) × ၄-လီ၊ (၄)ပါးဖြစ်၏၊

ပဝတ္တိအကျိုး (၈) × ၄-လီ၊ (၃၂)ပါးဖြစ်၏၊

ဤကား၊ သီဟိုဠ်ကျွန်း-မဟာဝိဟာရဝါသီ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော(တိပိဋကစူဠနာဂထေရ်)မြတ်၏အလိုတည်း၊

မောရဝါပီအရပ်ခေါ်သော၊ (ဒေါင်းအိုင်) ရပ်နေ၊ အရှင်မဟာဓမ္မရက္ခိတမထေရ်တည်းဟူသော၊ ကေစိဆရာ၏အလိုကား၊ (အ,မှာ၊ အချင်း၊ သ-သချင်း)ဆိုသောအတိုင်း၊ အသင်္ခါရိက ကုသိုလ်က၊ သသင်္ခါရိကဝိပါက်ကိုမဖြစ်စေ၊ သသင်္ခါရိကကုသိုလ်ကလည်း၊ အသင်္ခါရိကဝိပါက်ကိုမဖြစ်စေနိုင်၊ အသင်္ခါရိကကုသိုလ်သည်၊ အသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေသည်၊ သသင်္ခါရိကကုသိုလ်လည်း၊ သသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေနိုင်၏၊ ထို့ကြောင့်၊

တိဟိတ်ဥက္ကဋ္ဌပဝတ္တိအကျိုးမှာ(၁၆)၄-ထိမဖြစ်၊ (၁၂)၄-လီသာဖြစ်၏၊ ဒွိဟိတ်-ဥက္ကဋ္ဌ၊ တိဟိတ်ဩမကပဝတ္တိအကျိုးမှာ၊(၁၂)ရှစ်လီမဖြစ်၊(၁၀)ရှစ်ထိသာဖြစ်၏၊ ဤသို့ဆို၏၊ ဒွိဟိတ်ဩမကပဝတ္တိအကျိုးမှာတော့ဆရာ ၂-ဦးစကားတူကြ၏၊ အကြောင်းကိုစဉ်းစားသော်၊ မျိုးစေ့တစေ့စိုက်ပျိုးရာ, နောက်ကပြခဲ့တဲ့အတိုင်း၊ ၄-မျိုးသောအပင်ဖြစ်သင့်သလို၊ တိပိဋကစူဠနာဂမထေရ်၏စကားကိုပင်၊ အမှန်ယူသင့်၏၊ ထို့ကြောင့်ပင်၊ (ကေစနာ) ဟု-သင်္ဂြိုဟ်မှာဆို၏၊

**အသင်္ခါရမသင်္ခါရ၊ ဝိပါကာနိနုပစ္စတိ။**
**သသင်္ခါရမသင်္ခါရ၊ ဝိပါကာနီတိကေစန။**
**တေသံဒွါဒသပါကာနိ၊ ဒသာဋ္ဌစ ယထာက္ကမံ။**
**ယထာဝုတ္တာနုသာရေန၊ ယထာသမ္ဘဝ မုဒ္ဒိသေ။ ။**

အသင်္ခါရိကံ၊ အသင်္ခါရိကကုသိုလ်ကံသည်၊ သသင်္ခါရဝိပါကာနိ၊ သသင်္ခါရိကဝိပါက်စိတ်တို့ကို၊ နပစ္စတိ၊ မဖြစ်စေ၊ သသင်္ခါရိကံ၊ သသင်္ခါရိကကုသိုလ်ကံသည်၊ အသင်္ခါရဝိပါကာနိ၊ အသင်္ခါရိကဝိပါက်စိတ်တို့ကို၊ နပစ္စတိ၊ မဖြစ်စေ၊ ဣတိ၊ ဤသို့၊ ကေစန၊ မောရဝါပီအရပ်၌သီတင်းသုံးသော၊ ရှင်မဟာဓမ္မရက္ခိတမထေရ်တည်းဟူသော၊ ကေစိဆရာတို့သည်၊ ဝဒန္တိ၊ ဆိုကုန်၏၊

တေသံ၊ ထိုကေစိဆရာတို့၏၊ ဝါဒေ၊ အယူ၌၊ ယထာဝုတ္တာနုသာရေန၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောနည်းကိုအစဉ်မှီးသဖြင့်၊ ယထာက္ကမံ၊ အစဉ်အတိုင်း၊ ဒွါဒသ၊ ၁၂-ပါးကုန်သော၊ ပါကာနိစ၊ ဝိပါက်စိတ်တို့ရင်း၊ ဒသ၊ ဆယ်ပါးကုန်သော၊ ပါကာနိစ၊ ဝိပါက်စိတ်တို့ရင်း၊ အဋ္ဌစ၊ ရှစ်ပါးကုန်သော၊ ပါကာနိစ၊ ဝိပါက်စိတ်တို့ရင်း၊ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ၊ ဥဒ္ဒိသေ၊ ပြရာ၏၊

--÷+:×o×:++--

## ကံနှင့်ဝိပါက်ဇယားပုံ။

| | အမည် | အခါကာလ | တိဟိတ်၊ဉက္ကဋ္ဌ | | | | တိဟိတ်ဩမက၊ဒွိဟိတ်ဉက္ကဋ္ဌ | | | | | | | | ဒွိဟိတ်၊ဩမက | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝေါကြ | ကုသိုလ်ကံ | ပဝတ္တိ | အ | သ | အ | သ | အ | သ | အ | သ | အ | သ | အ | သ | အ | သ | အ | သ |
| ဝေဒနာနှင့် | ဝိပါက် | ပဋိသန္ဓေ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၁ | ၁ | ၁ | ၁ |
| | ဝိပါက် | ပဝတ္တိ တိပိဋကအလို | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၈ | ၈ | ၈ | ၈ |
| | ဝိပါက် | ပဝတ္တိ ဓမ္မ ရက္ခိတအလို | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၈ | ၈ | ၈ | ၈ |

{၁} ရူပကုသိုလ်နှင့်၊ရူပဝိပါက်။

(၄၀၆) ဟိန်,မဏ္ဍိမ,ပဏီတ၊သုံး၀-ရူရျာန်ပြား၊
(၄၀၇) ဆံ-ဝိ-စိတ်-မံ၊ငတန်ဍ္ဍဌ္ဌိပါဒ်၊ယုတ်,လယ်,မြတ်၊သုံးရပ်ကိုယ်စီပွါး၊
(၄၀၈) ပ-ရျာန်ကားပ၊ဒု,တ,ဒုဘုံ၊တဘုံစရျာန်၊မ-ရျာန်ဝေဟပ်၊နာသ်မုံးလပ်၊သညသတ်ထို သူသွား၊
(၄၀၉) သဒ္ဒါ,ဝိရိ,သတိ,သမာ၊ပညာဝါးတန်၊အစဉ်လွှန်၊နာဂါမ်သုဒ္ဓါသွား၊

---÷+:×o×:+÷---

( ဟီန၊မဇ္ဈိမ၊ပဏီတဈာန်(၃)ပါးအထူး၊ )

ထက်ဝန်းကျင်မှ,ပိုင်းချားအပ်သကဲ့သို့၊ နည်းသော အာနုဘော်ရှိသော၊ ရခါမျှဖြစ်သော၊ အဘာန်တလဲလဲ မရှိဲအပ်သေးသောဈာန်သည်၊ ပရိတ္တဈာန်မည်၏၊ ဟီနဈာန်လည်းခေါ်၏၊

အလယ်၌ ဖြစ်သော၊ အလွန် မပွါးစေအပ်သော၊ မပြည့်စုံသော၊ ဝသီဘော်ရှိသောဈာန်သည်၊မဇ္ဈိမဈာန်မည်၏၊

မြတ်သည်၏ အဖြစ်သို့ဆောင်တတ်သော၊ အလွန်လျှင်ကောင်းစွာပွါးစေအပ်သော၊ ခပ်သိမ်းသောအပြားအားဖြင့်,ပြည့်စုံသောဝသီဘော်ရှိသောဈာန်သည်၊ ပဏီတဈာန်မည်၏၊

**တနည်း။**

ဈာန်ကိုရအောင်၊ ကမ္မဋ္ဌာန်းကို အားထုတ်ဆဲအခါက၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝိမံသ၊ ဤ-အုဒ္ဓိပါဒ်(၄)ပါး၊ယုတ်ညံ့သောဈာန်ကို(ဟီနဈာန်)၊ အလယ်အလတ်စားရှိသောဈာန်ကို(မဇ္ဈိမဈာန်)၊အမြတ်စားရှိသောဈာန်ကို(ပဏီတဈာန်)ခေါ်သည်၊

**“ပဈာန်ကားပ,”**

ရူပ,ပဉ္စမဈာန်ကုသိုလ်သည်၊ ရူပ,ပဉ္စမဈာန်(၃)ဘုံသို့ရောက်၏၊ ရူပ,ပဉ္စမဈာန်ဝိပါက်စိတ်ဖြင့်ပဋိသန္ဓေနေရ၏၊ ဤကားသာမညတည်း၊ သေချာစွာခွဲပြဦးအံ့၊

ပဉ္စမဈာန်သည်၊ဟီန,ပဉ္စမဈာန်၊မဇ္ဈိမပဉ္စမဈာန်၊ပဏီတပဉ္စမဈာန်ဟု(၃)မျိုးရှိသောကြောင့်၊ ဟီနပဉ္စမဈာန်သည်၊ပြဟ္မာပါရိသဇ္ဇာဘုံ၊ မဇ္ဈိမပဉ္စမဈာန်သည်၊ပြဟ္မာပုရောဟိတာဘုံ၊ပဏီတပဉ္စမဈာန်သည်၊မဟာဗြဟ္မာဘုံရောက်၏၊ ဤသို့အသီးအသီးမှတ်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကိုလဲ ဤနည်းအတိုင်းခွဲ၍၊၃-မျိုး ၃-မျိုး မှတ်လေ၊

**ဒုတ,ဒုဘုံ။**

ဒုတိယဈာန်ကုသိုလ်၊တတိယဈာန်ကုသိုလ် ၂ ပါးသည်၊ဒုတိယဈာန်ဘုံ၌ဖြစ်စေ၏၊ ဟီန၊မဇ္ဈိမ၊ပဏီတ ၃-ပါးနှင့်၊ ဘုံသုံးဘုံနှင့်ဟတ်၍ယူလေ၊

စတုက္ကနည်းအားဖြင့်၊ဝေဘန်သောကြောင့်၊ဒု,တ,၂-ပါးသည်၊ဒုဘုံမှာအကျိုးပေး၏၊

### ''တဘုံစချာန်,,

စတုတ္ထချာန်ကုသိုလ်သည်၊ တတိယချာန်(၃)ဘုံမှာဖြစ်စေ၏၊ ဟီန၊မဇ္ဈိမ၊ပဏီတ၊(၃)ပါးခွဲ၍၊တတိယချာန်သုံးဘုံနှင့်ဟပ်၍ယူလေ၊

### "မချာန်ဝေဟပ်,,။

အဘိညာဏ်၏အဖြစ်သို့မရောက်သေးသော၊ရူပ,ပဥ္စမချာန်သည်၊ဝေဟပ္ဖိုလ်၌ဖြစ်စေ၏၊ အဘိညာဏ်၏အဖြစ်သို့ရောက်သော၊ပဥ္စမချာန်သည်၊ မျက်မှောက်ဒိဋ္ဌဓမ္မ ဝေဒနီယအကျိုးကိုရခြင်းကြောင့်၊ ဒုတိယဘဝမှာအကျိုးမပေးတော့ပြီ၊

### အလဒ္ဓါတာဒိသံဟောတုး၊ဓာဘိညာနဝိပစ္စတီ။

တာဒိသံ၊ထိုသို့သဘောရှိသော၊ ဟေတုံ၊မိမိနှင့်တူသောဘုံရှိသောဇာဈ၊ အဲသဝေ ဝနပစ္စည်းဟူသောအကြောင်းကို၊အလဒ္ဓါ၊မရခြင်းကြောင့်၊အဘိညာ၊အဘိညာဉ်ဇော သည်၊နဝိပစ္စတိ၊ဒုတိယဘဝ၌အကျိုးမပေး၊

### နာမ်မှုံးလပ်သညာသတ်ထိုသူသွား။

ပဥ္စမချာန်ကိုရပြီးသောသူသည်၊နာမ်တရား၌ရွံမုံးစက်ဆုပ်၍၊နာမ်တရား၏ဖြစ်ခြင်း၌၊အပြစ်အာဒိနဝကိုမြင်၍၊ ရုပ်တရားဖြစ်ခြင်းသာလျှင်၊မွန်မြတ်သည်ထင်၍၊ (ဓိစိတ္တံ-ဓိစိတ္တံ) စိတ္တံ၊စိတ်သည်၊ဓိ၊စက်ဆုပ်ရွံရှာဘွယ်ရှိ၏၊ ဤသို့ စိတ်၌အပြစ်မြင်သဖြင့်၊ ဝါယောကသိုဏ်းကိုအားထုတ်၍၊အသညသတ်ဘုံသို့ရောက်၏၊(အချို့သောဆရာတို့က၊ ပရိစ္ဆိန္နာကာသကသိုဏ်းဟူ၍လည်းဆို၏၊)ထိုအသညသတ်ဘုံသို့၊ကံသာလျှင်ပို့ခြင်းရှိကုန်၏ဟု-အဋ္ဌကထာ ယူရှိကုန်သောတိတ္ထိတို့သာရောက်ကုန်၏၊ ထိုသူတို့သည်၊လူ့ဘုံကမတ်တတ်သေလျှင်၊မတ်တတ်ပင်ဖြစ်နေရ၏၊ထိုင်လျက်သေလျှင်၊ထိုင်လျက်ပင်သစ်တုံးကြီးကဲ့သို့ဖြစ်နေရ၏၊သေသောအရိယာပုထ်အတိုင်းဖြစ်ရ၏၊

### အနာဂါမ်ပုဂ္ဂိုလ်တို့မှာကား။

ဈာန်ခြေ(၅)ပါးတို့တွင်၊ သဒ္ဓိန္ဒြေလွန်သောအနာဂါမ်သည်၊ သုဒ္ဓါဝါသ အဝိဟာဘုံသို့ရောက်၏၊ဝိရိယိန္ဒြေလွန်သော အနာဂါမ်သည်၊ အတပ္ပါဘုံသို့ရောက်၏၊သတိန္ဒြေလွန်သော အနာဂါမ်သည်၊သုဒဿာဘုံသို့ရောက်၏၊သမာဓိန္ဒြေ လွန်သောအနာဂါမ်သည်၊ သုဒဿီဘုံသို့ရောက်၏၊ ပညိန္ဒြေလွန်သော အနာဂါမ်သည်၊ အကနိဋ္ဌဘုံသို့ရောက်၏၊

အနာဂါမ်ဖြစ်လျှင်၊ သုဒ္ဓါဝါသဘုံသို့အရောက်များ၏၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ဘယ် အခါမှ၊ကာမဘုံမှာမဖြစ်တော့ပြီ၊

သုဒ္ဓါဝါသေသွနာဂါမီ၊ ပုဂ္ဂလာဩပပဇ္ဇရေ။
ကာမဓါတုမှိဇာယန္တိ၊ အနာဂါမိဝိဝဇ္ဇိတာ။ ။

အနာဂါမိပုဂ္ဂလာ၊ဈာန်ပြေငါးတန်၊ အစဉ်အတိုင်းလွန်ကြကုန်သော၊အနာဂါမ်ပုဂ္ဂိုလ် တို့သည်၊သုဒ္ဓါဝါသေသု၊သုဒ္ဓါဝါသငါးဘုံတို့၌၊ဥပပဇ္ဇရေ၊ဖြစ်ကုန်၍၊ အနာဂါမိဝိဝဇ္ဇိ တာ၊အနာဂါမ်ကြဉ်သောပုဂ္ဂိုလ်တို့သည်၊ကာမဓါတုမှိ၊ ကာမဓါတ်ခေါ်သော၊ ကာမ (၁၁)ဘုံ၌၊ဇာယန္တိ၊ဖြစ်ကုန်၏၊

အရူပကုသိုလ်ကံ(နှင့်)အရူပဝိပါက်။

(၄၁၀) အရူပမှာ၊စဉ်တိုင်းသာ၊၄-ဖြာဘုံသို့သွား၊

အရူပကုသိုလ်(၄)ခုမှာ၊အစဉ်အတိုင်း၊အရူပ(၄)ဘုံ၌ဖြစ်စေ၏၊ အာကာသာနဉ္စာ ယတနကုသိုလ်သည်၊အာကာသာနဉ္စာယတနဘုံ၌ဖြစ်စေ၏၊ဤသို့စသည်ဖြင့်သိလေ၊

အရူပကံ(၄)ပါးနှင့်၊ဝိပါက်(၄)ပါးပြီး၏၊

---÷+×o×+÷--

ရူပဈာန်ကို စတုက္ကနည်းပြု၍၊ ရူပဈာန်(၄)ပါး၊အရူပဈာန်(၄)ပါး၊သမာပတ်(၈) ပါးခေါ်၏၊

ဤသမာပါတ်(၈)ပါးလုံးရခဲ့ပါလျှင်၊သေခါနီးအခါ၊ မိမိစိတ်ကသွားလိုရာဗြဟ္မာဘုံ တို့သို့ရောက်နိုင်၏၊အကယ်၍စိတ်ကဘယ်ဘုံသို့ရောက်လိုသည်ဟု-ပိုင်းခြားမှတ်သား ခြင်းမရှိလျှင်ဈာန်အားလျော်စွာရောက်၏၊မိန်းမများမှာကား၊အရိယာဖြစ်စေ၊ပုထုဇဉ် ဖြစ်စေ၊သမာပတ်(၈)ပါးလုံးကိုပင်ရသော်လဲ၊ဗြဟ္မာပါရိသဇ္ဇာဘုံမှာသာဖြစ်ရကြောင်း ကို၊အဋ္ဌကထာ၌ဆို၏၊

ဤကဲ့သို့ဆိုခဲ့ပြီးသောနည်းဖြင့်၊မဟဂ္ဂုတ်ကုသိုလ်ကံတို့သည်၊ဘုံအားလျော်စွာ တူ သောအကျိုးပေး၏ဟုမှတ်လေ၊ကာမာဝစရကုသိုလ်များကား၊ အရာရာတိုင်းတူသော အကျိုးကိုမပေးချေ၊ တူသောအကျိုးကို ပေးသည်သည်းရှိ၏၊ မပေးသည်လည်းရှိ၏၊ မဟဂ္ဂုတ်ကံမှုကား၊တူသောအကျိုးကိုပေးမြဲတည်း၊ ထို့ကြောင့်၊

ဇာတ္တ ံမဟာဂုတ်ပုညံ၊ ယထာဘူမိဝဝတ္တိတံ။
ဇာနေတိ သဒိသံ ပါကံ၊ ပဋိသန္ဓိပဝတ္တိယံ။ ၊

ဇာတ္တ ံယထာဝုတ္တဘေဒေန၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့်၊ မဟာဂုတ်၊ မဟာဂုတ်ဖြစ်သော၊ ပုညံ၊ ကုသိုလ်ကံသည်၊ ပဋိသန္ဓိပဝတ္တိယံ၊ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌၊ ယထာဘူမိဝဝတ္တိတံ၊ ဘုံကိုမှတ်သည်အားလျော်စွာ၊ သဒိသံ၊ အကြောင်းကံနှင့်တူသော၊ ပါကံ၊ အကျိုးဝိပါက်စိတ်ကို၊ ဇာနေတိ၊ ဖြစ်စေ၏၊

ကာမ္ဗစတုတ္ထပြီး၏။

—◦◦◦—

## {၄} မရဏုပ္ပတ္တိစတုက္က။

(၄၁၁) အာယုက်၊ ကမ္မက်၊ ဥဘယက် တချက်ဥပစ္ဆေ၊

(၄၁၂) သက်ကုန်၊ ကံကုန်၊ ၂-ပါးကုန်၊ မကုန်ဖြတ်၍သေ၊

(၄၁၃) မြောက်ကျွန်း၊ ချူနတ်၊ ငရဲရပ်၊ ခြားဖြတ်၊ မရှိပေ၊

မီးတို့၏သေးခြင်းသည်၊ ရေနံဆီကုန်၍သေခြင်း၊ ရေနံဆီမကုန်ဘဲ၊ မီးစာကုန်၍သေခြင်း၊ ရေနံဆီရော၊ မီးစာရော ၂ ပါးလုံးကုန်၍သေခြင်း၊ ရေနံဆီမီးစာ ၂ ပါးရှိလျက်၊ ခြားကလေဖြတ်တိုး၍သေခြင်း၊ ဤလေးမျိုးသာရှိသကဲ့သို့၊ သတ္တဝါအပေါင်း၏သေခြင်းလည်း၊ ထိုထိုသောဘဝ၌၊ ပိုင်းခြားအပ်သောအသက်တန်းကုန်ခြင်းကြောင့်သေရခြင်း၊ (၁) အာယုက္ခယမရဏ၊ အသက်တန်းပင်ရှိသေးသော်လဲ၊ ဓနရဘွဲ့ကံစွမ်းကုန်ခြင်းကြောင့်သေရခြင်း၊ (၂) ကမ္မက္ခယမရဏ၊ အသက်,ကံ, ၂ ပါးတို့သည်၊ အညီအမျှသာကုန်၍ သေရခြင်း၊ (၃) ဥဘယက္ခယမရဏ၊ အသက်,ကံ, ၂ ပါးလုံးပင်ရှိသေးသော်လဲ၊ ခြားကတစုံတခုကံကြောင့်၊ ဒါးခုတ်ခံ၍သေခြင်း၊ သစ်ပင်ထက်မှကျ၍သေခြင်း၊ ရေနစ်၍သေခြင်း-စသော၊ (၄) ဥပစ္ဆေဒကမရဏအားဖြင့်၊ ၄ ပါးရှိသည်၊ ဥပစ္ဆေဒကသေခြင်းမျိုးကား၊ လောကကြီးထဲမှာ များလှစွာ၏၊ ထိုဥပစ္ဆေဒက သေခြင်းတမျိုးသည်၊ ငရဲဘုံ၌၎င်း၊ မြောက်ကျွန်း၌၎င်း၊ အချို့သောနတ်တို့၌၎င်း မရှိချေ၊ အချို့သောနတ်တို့၌မရှိချေဟုဆိုသဖြင့်၊ ဗျတိရေကနည်းအားဖြင့်၊ အချို့သောနတ်တို့မှာ၊ ရှိသည်ဟုဆိုလိုသည်၊ နတ်ဘုံမှာ

ဥပစ္ဆေဒကမရဏဖြင့်သေသော၊သုတ်သိလကွ်၊ ဖြပ္ဗဇာလသုတ်၌လာသော၊ မနောပဒေါသိက၊ခိဍ္ဍပဒေါသိကစသော၊နတ်တို့၏ဝတ္ထုတွေလည်း၊အထင်အရှားပင်ဖြစ်၏။ ။ (ထို့ကြောင့်၊)

(လှုဒ်ပနနေရယိကာနံ ဥတ္တရကုရုဝါသီနံ ကောသန္ဓိဒေဝါနဉ္စနဟောတိ၊)

ဣုဒ်ပန၊ ဤဥပစ္ဆေဒကမရဏသည်ကား၊နေရယိကာနဉ္စ၊ ငရဲဘုံ၌ဖြစ်ကုန်သောသူတို့အားရင်း၊ ဥတ္တရကုရုဝါသီနဉ္စ၊ မြောက်ကျွန်းသူတို့အားရင်း၊ ကောသန္ဓိ၊အချို့ကုန်သော၊ဒေဝါနဉ္စ၊နတ်တို့အားရင်း၊နဟောတိ၊မဖြစ်၊

(၄၁၄) ကံအများတွင်၊တပါးသောကံ၊ကျိုးပေးခန်၊ထင်ပြန်ကံနိမိတ်၊

(၄၁၅) ကံ၏မြောက်ကြောင်း၊ သိမ်,တန်ဆောင်းနှင့်၊ဂူကျောင်းဘုရား၊ လေးမြှားဒါးလှံ၊ငါးမျှားတန်၊ထင်ပြန်ကမ္မနိမိတ်၊

(၄၁၆) သေပြီးသည်နောက်၊ သွားရောက်ဘို့ရန်၊နတ်ဗိမာန်နှင့်၊ ရောင်လျှံဝင်းဝါ၊ ပဒေသာနှင့်၊ကမ္ဗလာနီ၊မီးနီမီးဝါ၊ငရဲရွာ၊ထင်လာဂတိနိမိတ်၊

သတ္တဝါတရောက်တရောက်၏သန္တာန်မှာ၊ ဘဝဘဝကပါလာသောကုသိုလ်ကံအကုသိုလ်ကံတွေ၊ ယခုဘဝ၌ပြုလုပ်ထားသောကုသိုလ်၊ အကုသိုလ်ကံတွေသည်၊ မရေမတွက်နိုင်အောင်၊ပေါများပြည့်ဝလျှက်ရှိနေ၏၊ထိုသတ္တဝါသည်၊သေခြင်းလေးပါးတို့တွင်၊တပါးပါးဖြင့်သေခါနီးကျလာလျှင်၊ကံတို့၏အငြင်းအခုံ၊အဓိကရုဏ်းပွဲကြီးဖြစ်လာ၏၊ဖြစ်လာပုံမှာ၊ကံတို့သည်ရုန်းစည်းဝေကြ၍၊ထိုသတ္တဝါကိုငါအကျိုးပေးမည်၊သူကအကျိုးပေးမည်၊ စသည်ဖြင့်အဆိုသွင်းသူကသွင်း၊ကန့်ကွက်ထောံခံသူက-ထောက်ခံ၊အတန်ကြာသောအခါ၊ကံတပါးပါးကိုအကျိုးပေးရန်၊ကံအပေါင်းက၊သဘောတူခွင့်ပြုကြရသည်၊ထိုသို့အခွင့်ရသောကံသည်၊ သေခါနီးအခါ၊ ထိုသတ္တဝါ၏မနောဒွါရ၌၊လာ၍ထင်ရသည်၊ထိုကံနိမိတ်သည်၊အာရုံအာဖြင့်၊အတိတ်အာရုံ(၆)ပါးဟူ၍မှတ်။ ။ ထို့ကြောင့်၊

(၄၁၇) ကံအာရုံမှာ၊အတိတ်သာ၊မနောဒွါရ်၌ထင်သတည်း၊

ကမ္မံပနအတီတမေဝ၊ဆဋ္ဌမနောဒွါရဂဟိတံ၊ ဆို၏

ရင်းသံခိပ်နှင့်၊ပါဠိ၏အနက်မှာလွယ်လေပြီ၊

ကံနိမိတ်ပြီး၏။

ကုသိုလ်ကံ၏ပြီးစီးအောင်မြင်ကြောင်း၊အဆောက်အဦးဖြစ်သော၊သိမ်တန်ဆောင်းနှင့်၊ ဂူကျောင်းဘုရား-စသောကုသိုလ်ကမ္မနိမိတ်၊ အကုသိုလ်ကံ၏ပြီးမြောက်ကြောင်းဖြစ်သော၊ လေးမြှား-ဒါးလှံ-ငါးများတန်စသော-အကုသိုလ်ကမ္မနိမိတ်၊ အချို့သောသူ၏သေခါနီးမှာတွေ့၍ကမ္မနိမိတ်ထိုသည်၊ရရုံးစည်းဝေ၍၊အငြင်းအခုံဖြစ်ပြီး၊တပါးပါးအခွင့်ရသဖြင့်၊ဒွါရ(၆)ပါး၊ တပါးပါးမှာလာ၍ထင်သည်၊ အာရုံအားဖြင့်၊(၆)ပါးလုံးပင်ဖြစ်ထိုက်၏၊ ကာလအားဖြင့်အတိတ်၊ပစ္စုပ္ပါန်(၂)ချဖြစ်၏၊ အတိတ်အာရုံဖြစ်လျှင်၊မနောဒွါရမှာသာထင်သည်၊ပစ္စုပ္ပါန်အာရုံဖြစ်လျှင်၊၆-ဒွါရလုံးမှာထင်သည်၊

## ( မှတ်ရန်ကဗျာကား )

(၄၁၈) ကမ္မနိမိတ်၊အတိတ်မနဲ့၊ပစ္စုပ်ဆ၊ဒွါရ(၆)ချထင်မြဲတည်း၊

အချို့သောသတ္တဝါမှာ၊ မိမိတို့သေပြီးသည့်နောက်သွားရောက်ရာ၊ ဘုံဌာနအားလျော်စွာ၊ နတ်ဘုံသွားရမည့်သူဖြစ်လျှင်၊နတ်ဗိမာန်နှင့်ရောင်လျှံဝင်းဝါ၊ပဒေသာပင်အစရှိသောနိမိတ်ထင်သည်၊ လူ့ဘုံသွားရမည့်သူဖြစ်လျှင်လဲ၊ကမ္ဗလာနီအဆင်းကဲ့သို့၊ နီဝင်းသော-အမိ၏ဝမ်းရေနိမိတ်ထင်သည်၊ငရဲဘုံသွားရမည့်သူဖြစ်လျှင်လဲ၊ငရဲမီး၊ငရဲထိန်း၊ ခွေးနက်ကြီး၊ သင်ရုံးစက်၊ဒါးစက်၊ လှံစက်စသောနိမိတ်ထင်သည်၊ ပြိတ္တာတိရစ္ဆာန်၊ အသူရကာယ်ဖြစ်မဲ့သူမှာ၊တောကြီးတောင်ကြီး၊မြစ်ကမ်းယားမာချောက်ကြားစသောနိမိတ်ထင်သည်၊ ထိုနိမိတ်ကိုဂတိနိမိတ်ခေါ်သည်၊ ထိုဂတိနိမိတ်သည်၊ အာရုံအားဖြင့်၊ရူပါရုံသာတည်း၊ ကာလအားဖြင့်၊ ပစ္စုပ္ပါန်သာတည်း၊ အတိတ်အာရုံ ၆-ပါးလည်းဖြစ်သင့်ကြောင်းကို၊ လယ်တီပဏ္ဍိတ၊ ဆရာ (ဦးမောင်ကြီး) ရေးသော-ပရမတ္ထသံခိပ်ဋီကာ၌ဆိုသေး၏၊ဆိုသောအတိုင်း၊ယုတ္တိအာဂမနှင့်လည်းပြည့်စုံပေ၏၊

## { ဆောင်ပုဒ်ကဗျာ။ }

(၄၁၉) ဂတိ-ရူပ်၊ပစ္စုပ္ပါန်၊ထင်ရန်မနောတည်း၊

ဆိုခဲ့ပြီးသောကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်(၃)ပါးသည်၊သေခါနီးသတ္တဝါအား၊ တပါးပါးထင်မြဲဟုမှတ်လေ၊ ဝဋ်မြစ်ပြတ်တော်မူကြသော၊ ဘုရားရဟန္တာတို့အား ထိုနိမိတ်(၃)ပါးမထင်တော့ပြီ၊

## သေခါနီးတုံ့သုံးအာရုံတမုံထင်မြဲတည်း။

ထိုကဲ့သို့နိမိတ်(၃)ပါးထင်ပြီး ဇုတိကျသော၊မရဏာသန္နဝီထိမျိုးကား၊ဝီထိပိုင်းက ပုံနှင့်တကွပြဆိုခဲ့လေပြီ၊ ထိုကဲ့သို့သေပြီးနောက်၊ ရှေ့ဘဝ၌ ပဋိသန္ဓေတည်နေရာ၌၊အကြောင်း(၃)ပါးရှိလေ၏၊ထိုအကြောင်း(၃)ပါးမှာ၊

(၄၂၀) အဝိဇ္ဇာတဏှာ၊သင်္ခါရာ၊သုံးဖြာအကြောင်းများ၊

(၄၂၁) အကြောင်းသုံးထွေ၊မပါယ်ချေ၊သန္ဓေစွဲကပ်ဖွား၊

ဤကား အဘိဓမ္မာအလိုအကြောင်းသုံးပါး၊

(၄၂၂) မိဘနှီးနှော၊ဥတုလာနှင့်၊သတ္တဝါရ၊ထိုသုံးခု၊စွဲမှုကိုယ်ဝန်ကပ်၊

( ဤကား-တိကင်္ဂုတ္တရသုတ္တန်အလို၊ )

ပဋိစ္စသမုပ္ပါဒ်(၁၂)ပါးတို့တွင်၊ အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဤသုံးပါးသည်၊အဘိဓမ္မာအလိုအားဖြင့်၊ပဋိသန္ဓေတည်နေခြင်း၏အကြောင်း(၃)ပါးဖြစ်၏၊ဤ(၃)ပါးကိုမပယ်နိုင်သေးသမျှကာလပါတ်လုံး၊ ပဋိသန္ဓေနေရခြင်းဆိုတဲ့၊ ဇာတိဒုက္ခမကင်းသေးဟု-ဆိုလိုသည်၊ ဇာတိဒုက္ခမကင်းပြန်ကလည်း၊ ဇရာဗျာဓိမရဏ-စသောဒုက္ခတွေဘယ်တော့မှ မကင်းဘဲ၊သံသရာစက်ကြီးလည်နေရဦးမှာဘဲ၊အဝိဇ္ဇာဆိုသောတရားသည်၊သတ္တဝါတို့ပဋိသန္ဓေနေရခြင်းဇာတိဒုက္ခ၊ အိုရခြင်းဇရာဒုက္ခ၊နာရခြင်းဗျာဓိဒုက္ခ၊သေရခြင်းမရဏဒုက္ခခေါ်တဲ့၊ဒုက္ခသစ္စာတွေကို၊ ဒုက္ခသစ္စာမှန်းမသိအောင်၊ အဖြစ်ကိုဖုံးလွှမ်း၍ထားသည်၊ထိုအဝိဇ္ဇာဖုံးလွှမ်းမှုကြောင့်၊သတ္တဝါတို့သည်၊ဇာတိကိုဒုက္ခဟုမထင်မမြင်နိုင်သဖြင့်၊မစင်အိုးကဲ့သို့-ဆိုးဝါးသောဇာတိဒုက္ခကိုပင်၊ ရေမွှေးအိုးကဲ့သို့ထင်မှတ်ကြသည်တဏှာတရားသည်၊ဒုက္ခကိုဒုက္ခဟုမထင်အောင်၊အဝိဇ္ဇာကဖုံးလွှမ်းထားသော မစင်အိုးကဲ့သို့သော-ဇာတိဒုက္ခကို၊သတ္တဝါတို့သဏ္ဍာန်၌၊ လိုချင်နှစ်သက်၊ တပ်မက်တွယ်တာ၊သာယာစိတ်ဖြစ်ထာအောင်၊ ဆောင်ရွက်သောအနေဖြင့်ပြုလုပ်သည်၊ သင်္ခါရတရားဆိုတာက၊ ဆိုခဲ့ပြီးသောကုသိုလ်ကံ၊ အကုသိုလ်ကံတွေကိုခေါ်သည်၊ ထိုသင်္ခါရတရားက၊သတ္တဝါတွေကို၊ အဝိဇ္ဇာတဏှာတို့အစွမ်းကြောင့်၊ ရှေ့ဘဝ၌သာသာယာနှစ်သက်သောအခါ၊'သွားရော့ဟဲ့နင်ခွေးဖြစ်တော့,လို့၊ဤကဲ့သို့ဇနကကံ၏အစွမ်းဖြင့်ပစ်ချ၍၊ဝိပါက်

ကမ္မဇရုပ်နှင့်တကွ၊သတ္တဝါကလေးတကောင်လုပ်ပေးလိုက်တယ်၊ထိုကြောင့်၊အဝိဇ္ဇာ တဏှာ, ကုသိုလ် အကုသိုလ်ကံ၊ခါတဲ့, သင်္ခါရတရား(၃)ပါးတို့ကို, ပယ်ပြီးသော၊ ဘုရားရဟန္တာတို့မှာ၊ပဋိသန္ဓေမနေတော့ပြီ၊

**အဝိဇ္ဇာတဏှာသင်္ခါရ၊သဟဇေဟိအပါယိနံ။**
**ဝိသယာဒီနဝစ္ဆာဒ၊နမနံခိပနံပိစ။**
**အပ္ပဟီနေဟိသေသာနံ၊ဆာဒနံနမနံပိစ။**
**ခိပကာပနသင်္ခါရာ၊ကုသလာဝဘဝဋ္ဌိယာ။** ။သစ္စသံခိပ်ကျမ်း၊

အပါယိနံ၊အပါယ်ဘုံ၌ဖြစ်လတ္တံ့ကုန်သောသတ္တဝါတို့အား၊ အဝိဇ္ဇာတဏှာသင်္ခါရ သဟဇေဟိ၊မရဏာသန္နဇောနှင့်တကွဖြစ်ကုန်သော၊အဝိဇ္ဇာ,တဏှာ,သင်္ခါရတို့သည်၊ ဝိသယာဒီနဝစ္ဆာဒနဉ္စ၊ကံအစရှိသောအာရုံ၌အပြစ်ကိုဖုံးလွှမ်းခြင်းသည်လည်း၊ ဟောတိ၊ဖြစ်၏၊ နမနဉ္စ၊ညွတ်ခြင်းသည်လည်း၊ ဟောတိ၊ဖြစ်၏၊ ခိပနံပိစ၊ဘဝသစ်သို့ပစ်ချခြင်းသည်လည်း၊ဟောတိ၊ဖြစ်၏၊ သေသာနံ၊ထိုမှကြွင်းကုန်သော,သုဂတိဘုံ၌ဖြစ်လတ္တံ့ကုန်သော သတ္တဝါတို့အား၊ အပ္ပဟီနေဟိ၊ မဂ်ဖြင့်မပယ်အပ်ကုန်သေးသော အဝိဇ္ဇာ တဏှာနုသယတို့သည်၊ဆာဒနဉ္စ၊ကံအစရှိသောအာရုံ၌အပြစ်ဖုံးလွှမ်းခြင်းသည်လည်း၊ ဟောတိ၊၏၊ နမနမ္ပိစ၊ညွတ်ခြင်းသည်လည်း၊ဟောတိ၊၏၊ ဣဓ၊ဤသုဂတိဘဝသို့လားရာ၌၊ ခိပကာ၊ ဘဝသစ်သို့ပစ်ချတတ်ကုန်သော၊ သင်္ခါရာပန၊ သင်္ခါရတရားတို့သည်ကား၊ကုသလာဝ၊ကုသိုလ်တို့သည်သာလျှင်၊ဘဝဋ္ဌိ၊ဖြစ်ကြရလေကုန်၏၊

---÷+:×o×:+÷---

**သုတ္တန်နည်းအလိုမှာတော့၊ကိုယ်ဝန်ပဋိသန္ဓေတွဲနေခြင်း၏အကြောင်းကိုသာ ပြသည်။ ထိုအကြောင်း(၃)ပါးကား။ (၁)**

(၁) မာတာပိတုသန္နိပါတိတဝါရေန၊......မိဘနှစ်ပါးတို့နှီးနှောခြင်း၊
(၂) ဥတုအာဂမနဝါရေန၊ ......အမိဥတုလာသောအခါ၊
(၃) သတ္တာရတိယာဝါရေန၊ ......သတ္တဝါရတိခိုက်ကြုံခြင်း၊

ဤ(၃)ပါးတည်း။

## စုတိနောင်ပဋိသန္ဓေစိတ်နှောင်းခြင်း။

(၄၂၃) ဒွိသုဒ္ဓိမှ၊တဆယ်ပြ၊ကာမသန္ဓေသာ၊
(၄၂၄) တိဈာန်မရ၊ဘုံကာမသာ၊ဈာန်ရဖြဟ္မာ၊ကြဉ်သုဒ္ဓါ၊ ပေါင်းပါ(၂၀)ဟော၊
(၄၂၅) သော-သ-ဈာန်မရ၊ကာမတိသာ၊ဈာန်ရလာက၊ သုဒ္ဓါသညသတ်၊ကြဉ်
တုံလတ်၊ချဉ်းကပ်ဖြဟ္မာ့ရွာ၊
(၄၂၆) အနာဂါမ် မှန်သမျှ၊ ဈာန်ရစမြဲ၊ ရောက်မြဲဖြဟ္မာ၊ ဆဲ့ကိုးရွာ၊ ကြဉ်ပါ
သညသတ်၊

ဒုဂ္ဂတိစုတိ(၁)ပါး၊သုဂတိစုတိ(၁)ပါး၊ဒွိဟိတ်စုတိ(၄)ပါး၊ ဤစုတိ(၆)ပါးနောက်မှာ၊{ကာမပဋိသန္ဓေစိတ်(၁၀)နှောင်းသည်၊ ထိုပုဂ္ဂိုလ်(၃)ယောက်တို့သည်၊သေလျှင်ကာမ(၁၁)ဘုံတွင်၊တဘုံဘုံကိုရောက်နိုင်သည်ဟုဆိုလိုသည်၊}ပဋိသန္ဓေနှောင်းသည်ကိုသိလျှင်၊ ဘုံနှောင်းသည်ကို သိရမည်၊ ဘုံနှောင်းသည်ကိုသိလျှင်၊ ပဋိသန္ဓေနှောင်းသည်ကိုသိရမည်၊

ဈာန်မရသောတိဟိတ်ပုဂ္ဂိုလ်၏စုတိ(၄)ခုနောက်မှာလည်း၊ဘုံအားဖြင့်၊ကာမ-၁၁ဘုံ၊ ပဋိသန္ဓေအားဖြင့်၊ ကာမပဋိသန္ဓေ(၁၀)သာနှောင်း၏၊ ဈာန်ရသောတိဟိတ်၊စုတိ(၄)ခုနောက်မှာ၊ဘုံအားဖြင့်၊သုဒ္ဓါဝါသကြဉ်သောဗြဟ္မာ(၁၅)ဘုံ၊ ပဋိသန္ဓေအားဖြင့်၊ မဟဂ္ဂုတ်ပဋိသန္ဓေ(၉)ပါး၊ ရုပ်ပဋိသန္ဓေ(၁)ပါးနှင့်တကွ၊ (၁၀) နှောင်း၏၊ အားလုံးပေါင်း၊ တိဟိတ်စုတိ(၄)ခုနောင်မှာ၊ ပဋိသန္ဓေအားဖြင့် (၂၀)၊ ဘုံအားဖြင့်(၂၆)ဘုံနှောင်း၏၊ သောတာပန်၊သကဒါဂါမ်၊ဈာန်မရပုဂ္ဂိုလ်(၂)ယောက်တို့၏၊တိဟိတ်စုတိ(၄)ခုနောက်မှာ၊ကာမတိဟိတ်ပဋိသန္ဓေ(၄)ခုသာနှောင်း၏၊ကာမသုဂတိဘုံမှာဘဲ၊ပဋိသန္ဓေနေသေးသည်ဟု-ဆိုလို၏၊ ဈာန်ရသော၊ သောတာပန်၊သကဒါဂါမ်(၂)ယောက်တို့မှာ၊ သုဒ္ဓါဝါသ(၅)ဘုံ၊အသညသတ်(၁)ဘုံ၊ ၎င်း(၆)ဘုံကိုကြဉ်၍၊ ကျန်သောဗြဟ္မာ(၁၄)ဘုံမှာဖြစ်ရ၏၊ပဋိသန္ဓေစိတ်အားဖြင့်၊မဟဂ္ဂုတ်ဝိပါက်(၉)ပါးသာနှောင်း၏၊

အနာဂါမ်ပုဂ္ဂိုလ်မှန်သမျှ၊ နောက်နောက်ကဈာန်မရခဲ့သော်လဲ၊ သေခါနီးအခါမှာ၊ ဈာန်ရစမြဲဟု၊မှတ်လေ၊ မိုးကြိုးပစ်၍ပင်သေရသော်လဲ၊ သေခါနီးမှာ၊ ဈာန်ရပြီး၍သေသည်၊ဈာန်မရဘဲဘယ်အခါမှမသေ၊ဈာန်ရ၍သေသည့်တပြိုင်နက်၊အသညသတ်ကြဉ်

သော၊ ပြဋ္ဌာ(၁၉)ဘုံရောက်စမြဲ-ဟု,မှတ်လေ၊ ပဋိသန္ဓေအားဖြင့်၊မဟာဂ္ဂုတ်ဝိပါက် (၉)ခုနှောင်း၏၊

သမ္ဗာကာမတိဟေတုမှာ၊ကာမေသွေဝပနေတာရာ။ ။

ကာမတိဟေတုမှာ၊ ဈာန်မရ,ဈာန်ရ, တိဟိတ်သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏၊ ကာမတိဟိတ်၊ရုတိ(၄)ခုနောက်မှ၊ သမ္ဗာ၊ အလုံးစုံသော ပဋိသန္ဓေ (၂၀)တို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏၊ ။ဏုတာရာပန၊ဒုဂ္ဂတိ၊သုဂတိ၊ဒွိဟိတ်ရုတိ(၆)ခုနောင်မှာကား၊ကာမေသွေဝ၊ကာမ(၁၁)ဘုံတို့၌သာလျှင်၊ ဝါ၊ကာမပဋိသန္ဓေ(၁၀)တို့၌သာလျှင်၊ဟောန္တိ၊ဖြစ်ကုန်၏၊

ဤပါဠိကား၊ အလွန်ကျဉ်းလွန်း၍၊ အဓိပ္ပါယ်လွယ်အောင်၊ ကဗျာရေးထားသည်၊ သုတိန္တိတပုဂ္ဂိုလ်များအရကျက်ထား၊အလွန်လွယ်ကူ၍ အဓိပ္ပါယ်ပေါ်လွင်ပါသည်၊

ကာမဘုံအတွက်ပြီး၏

---÷+×o×+÷---

(၄၂၇) ရူပငါးနောက်၊၁၇-ရောက်၊ယူကောက်သဟိတ်သာ၊

(၄၂၈) သုဒ္ဓါအရိယာ၊ ၂-ခါမထပ်၊ ကြွင်းဆယ်ရပ်မှာ၊ထပ်သည်သာ၊ အောက်ရွာမဆင်း၊တက်မြဲတည်း၊

(၄၂၉) အသညသတ်မှ၊သေလာက၊ကာမသဟိတ်ရစ်ခုတည်း၊

ရူပစုတိငါးခုနောက်မှာ၊ သဟိတ်ပဋိသန္ဓေ(၁၇)ပါးနှောင်းသည်၊ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ဆိုတဲ့အဟိတ်ပုဂ္ဂိုလ်မဖြစ်ဘူးဟုဆိုလိုသည်၊ပဋိသန္ဓေ(၁၇)ပါးနှောင်းသည်ဆိုသဖြင့်၊ ဘုံအားဖြင့်၊ အပါယ်(၄)ဘုံ အသညသတ်ဘုံကြဉ်၍(၂၆)ဘုံကိုသွားနိုင်သည်ဟုသိရမည်၊ဆိုစကားလည်း,ပေါင်း၍ဆိုထားသောစကားဖြစ်၏ သေချာစွာခွဲ၍ပြောလျှင်၊ရူပတိဟိတ်မှာ(၁၇)ပါးလုံးနှောင်း၏၊သောတာပန်၊သကဒါဂါမ်၊အနာဂါမ်တို့မှာ{အောက်ရွာမဆင်း-တက်မြဲတည်း။}ဆိုတဲ့အတိုင်း၊ သုဒ္ဓါဝါသအနာဂါမ်မှာ၊တဘုံမှာ(၂)ခါထပ်၍မဖြစ်ရ၊အထက်ဘုံသို့တက်ရသည်၊ ကြွင်းဆယ်ဘုံက၊ပုဂ္ဂိုလ်များမှာကား၊၂ခါ၃ခါထပ်၍လည်းဖြစ်နိုင်၏၊ သို့ရာတွင်၊အောက်ဘုံသို့ဆင်း၍ကားမဖြစ်တော့ပြီ၊အပေါ်ဘုံသာတက်ရသည်၊ ဥပမာ၊ဒုတိယဈာန်ဘုံသား၊အရိယာပုဂ္ဂိုလ်သေလျှင်၊ထိုဒုတိယဈာန်ဘုံမှာထပ်၍ဖြစ်လိုလျှင်ဖြစ်နိုင်သည်၊သို့မဟုတ်၊တတိယဈာန်

၃-ဘုံသို့တက်၍ဖြစ်ရသည်၊အောက်ပဥ္စမဈာန်(၃)ဘုံသို့ကား၊လာ၍မဖြစ်ရတော့ပြီ၊ ကာမဘုံသို့လာဘို့ဆိုတာမှာဝေးစွ၊ ၊ထို့ကြောင့်၊အထက်ဘုံသားတို့မှာ၊ အောက်ကဘုံနှင့်၊ပဋိသန္ဓေစိတ်မရသည်များကိုလည်း-သတိပြုလေ၊

အသညသတ်ဘုံက၊သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ကမ္ဘာ-၅-ရာပြည့်၍သေလျှင်၊ ကာမဘုံသို့လာပြီး၊သဟိတ်ပဋိသန္ဓေ(၈)ပါးဖြင့်လာ၍ ပဋိသန္ဓေနေရသည်၊ ဒွိဟိတ်၊တိဟိတ်ဖြစ်၏ဟုဆိုလိုသည်၊ ထို့ကြောင့်၊ ဘုံအားဖြင့်၊ကာမသုဂတိ(၇)ဘုံ၊ ပဋိသန္ဓေအားဖြင့်၊(၈)ပါးနှောင်း၏၊ ထို့ကြောင့်၊ ဗြဟ္မာဘုံမှစုတေသေလွန်ခဲ့၍၊ တခါတည်း ဒုဂ္ဂတိခေါ်တဲ့ခွေးဘဝ၊ ဝက်ဘဝသို့မရောက်ဟု-လှော်ဒါးထစ်မှတ်လေ၊

ဥက္ကိဋ္ဌာပုညတေဇေန၊ ကာမရူပဂတိံ ဂတာ၊
ဘဝဂ္ဂန္တမ္ပိသမ္ပတ္တာ၊ ပုနအာယန္တိ ဒုဂ္ဂတိံ၊ ။

ဤသို့ဘုရားဟောတော်မူသော (ဓမ္မဟဒယ) ဝိဘင်းပါဠိတော်၏ အဓိပ္ပါယ်ကား၊ ဗြဟ္မာဘဝကသေပြီး၊ ချက်ခြင်းတခါထဲ ဒုဂ္ဂတိဖြစ်သော ခွေးဘဝ၊ဝက်ဘဝကိုရောက်သည်ဟုမဆိုလိုဘူး၊ဗြဟ္မာဘဝကသေပြီး၊လူနတ်စသည်အခါခါဖြစ်ပြီးမှ၊ လူဘဝ-နတ်ဘဝကတဘာန်၊သံသရာစက်-မပြတ်သေးသည့်အတွက်၊ အပါယ်ပြန်ရောက်ရပုံကိုဆိုလိုသည်၊အစနှင့်အဆုံးကိုသာပြ၍၊အလယ်ကိုမြှုပ်ဟောတဲ့၊မိဂပဒဝဠဉ္ဇနနည်းမျိုးဟု၊ သိလေ၊

ရူပါဝစရစုတိယာ၊အဟေတုရဟိတာသိယုံ၊ ။

ရူပါဝစရစုတိယာ၊ ရုပ်စုတိနှင့်တကွ၊ရူပါဝစရစုတိ(၆)ခုမှ၊ ပရံ၊နောက်၌၊ အဟေတုရဟိတာ၊ အဟိတ်ပဋိသန္ဓေကြဉ်အပ်သော၊သဟိတ်ပဋိသန္ဓေ(၁၇)ပါးတို့သည်၊ သိယုံ၊ထိုက်သည့်အားလျော်စွာဖြစ်ကုန်၏၊

ရူပဘုံအတွက်ပြီး၏၊

---÷:+×○×+:÷---

(၄၃၀) အရူပဘိစု၊၄-ခု၏နောက်၊ ရှစ်,ခွန်,ခြောက်,ငါး,၊စဉ်ထိုင်းသွားဘိ၊ ကာမတိနှင့်၊အရူပိပါ၊ပေါင်းရှစ်ဖြာ၊ရိယာ-အောက်သို့မဆင်းတည်း၊

(၄၃၁) ၂-ခါ-၃-ခါ၊အရူပါ၊ထပ်ခါဖြစ်မြဲတည်း၊

(၄၃၂) ဝေဟပ်ကနိဋ္ဌ၊နေဝဘုံမှာ၊အရိယာ၊ဝင်လာနိဗ္ဗာကူးမြဲတည်း၊

အရူပတိဟိတ်စုတိ (၄) ချရှိရာ၊ အာကာသာနဉ္စာယတနစုတိ(၁)ခုနောက်မှာ၊ပဋိသန္ဓေ(၈)ပါးနှောင်း၏၊ ထို(၈)ပါးကား၊

**"ကာမတိနှင့်၊အရူပိပါ၊ပေါင်းရှစ်ဖြာ။"**

ဟု-ဆိုတဲ့အတိုင်း၊ကာမတိဟိတ်ပဋိသန္ဓေ(၄)ပါး၊အရူပ,ပဋိသန္ဓေ(၄)ပါး၊ ၌(၈)ပါးနှောင်း၏၊အရူပ(၄)ဘုံမှာလဲဖြစ်နိုင်၏၊ ကာမသုဂတိ(၇)ဘုံမှာလဲ၊ တိဟိတ်လာ၍ဖြစ်နိုင်၏ဟုဆိုလိုသည်၊

ဝိညာဏဉ္စာယတနစုတိ(၁)ခုနောက်မှာ၊(၇)ပါးနှောင်း၏၊ (၇)ပါးကား၊ ကာမတိဟိတ်(၄)၊အောက်အာကာသာနဉ္စာယတနဝိပါက်ကိုကြဉ်၍၊အရူပဝိပါက်(၃)ပါး၊ ၌ ၇-ပါးတည်း၊အောက်အရူပဘုံကိုဆင်း၍မဖြစ်၊ဆင်းမဲ့ဆင်းတော့၊ကာမသုဂတိ(၇)ဘုံသို့ရောက်အောင်ဆင်းသည်၊(မကျမဲ့မကျတော့လဲမကျ၊ကျမဲ့ကျတော့လဲ ခွေးကျ-ကျတယ်) ဆိုသကဲ့သို့တည်း၊ အာကိဉ္စညာယတနစုတိ(၁)ခုနောက်မှာ၊(၆)ပါးနှောင်း၏၊

ထို(၆)ပါးကား၊ ကာမတိဟိတ်ပဋိသန္ဓေ(၄)ပါး၊အာကိဉ္စညာယတနပဋိသန္ဓေ(၁) နေဝသညာနာသညာယတနပဋိသန္ဓေ(၁)၌(၆)ပါးတည်း၊အောက်အရူပ,ပဋိသန္ဓေကိုကြဉ်၍သိလေ၊နေဝသညာနာသညာစုတိ(၁)ခုနောက်မှာ၊ ၅-ပါးနှောင်း၏၊ ၅-ပါးကား၊ ကာမတိဟိတ်ပဋိသန္ဓေ(၄)နေဝသညာနာသညာ ပဋိသန္ဓေ(၁)၊ ၌ ၅-ပါးတည်း၊ ၈-၇-၆-၅-အစဉ်အတိုင်းသိလေ၊ လွယ်ပြီ၊ ၊အရူပဘုံမှာ၊ပုထုဇဉ်ဖြစ်စေ၊ အရိယာဖြစ်စေ၊ ၂-ခါ၊ ၃-ခါထပ်၍ဖြစ်ကောင်း၏၊

**အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။**
**ပရမာရုပ္ပသန္ဓိစ၊ တထာ ကာမတိဟေတုကာ။ ။**

အာရုပ္ပစုတိယာ၊အရူပစုတိ(၄)ခုမှ၊ ပရံ၊နောက်၌၊ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ၊ အောက်အောက် အရူပ,ပဋိသန္ဓေသည်ကြဉ်အပ်ကုန်သော၊ အာရုပ္ပသန္ဓိစ၊အရူပ,ပဋိသန္ဓေ(၄)ပါး၊(၃)ပါး၊(၂)ပါး၊(၁)ပါးတို့သည်၎င်း၊တထာ၊ထို့အတူ၊ကာမတိဟေတုကာ၊ ကာမတိဟိတ်ပဋိသန္ဓေ(၄)ခုတို့သည်၎င်း၊ဟောန္တိ၊ဖြစ်ကုန်၏၊

ဝေဟပ္ဖိုလ်ဘုံ၊အကနိဋ္ဌဘုံ၊နေဝသညာဘုံ၊ ၌ဘုံကြီး(၃)ဘုံတို့သည်၊ နိဗ္ဗာန်ဆိပ်ကမ်းဘုံကြီးများဖြစ်ကြ၏၊ အဘယ့်ကြောင့်ဆိုသော်၊ ထိုဘုံသုံးဘုံသို့အရိယာပုဂ္ဂိုလ်

များဝင်ရောက်လာကြလျှင်၊တခြားဘုံသို့မပြောင်းဘဲ၊ ထိုဘုံကပင်၊နိဗ္ဗာန်ဝင်ကြသော ကြောင့်၊နိဗ္ဗာန်ဆိပ်ကမ်းဘုံကြီး(၃)ဘုံဟု-ခေါ်ဆိုထိုက်သည်၊

ဝေဟပ္ဖလေ,အကနိဋ္ဌေ၊ဘာဝဂ္ဂေစပတိဋ္ဌိတာ။

နပုနညတ္တ ဇာယန္တိ၊သဗ္ဗေအရိယာပုဂ္ဂလာ၊ ။

ဝေဟပ္ဖလေစ၊ဝေဟပ္ဖိုလ်ဘုံ၌၎င်း၊ အကနိဋ္ဌေစ၊အကနိဋ္ဌဘုံ၌၎င်း၊ ဘာဝဂ္ဂေစ၊ဘဝဂ်ဘုံ ခေါ်သော-နေဝသညာနာသညာယတန ဘုံ၌၎င်း၊ ပတိဋ္ဌိတာ၊ တည်နေ ကိန်း အောင်းကြကုန်သော၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊ အရိယာပုဂ္ဂလာ၊အရိယာပုဂ္ဂိုလ်တို့ သည်၊ပုန၊တဘန်၊အညတ္တ၊တပါးသောဘုံတို့၌၊နဇာယန္တိ၊မဖြစ်ကုန်၊

အောက်ပါပုံ၌ကြည့်ရှု့ကြလေ။

ကာမဘုံအတွက်၊စုတိနှောင်၊ပဋိသန္ဓေနှောင်းပုံ။

| ပုဂ္ဂိုလ်၊ | စုတိ | နေဆင့်သောပဋိသန္ဓေ | ရောက်နိုင်သောဘုံ. |
|---|---|---|---|
| ဒုဂ္ဂတိ | ၁ | ၁၀ | ၁၁ |
| သုဂတိ | ၁ | ၁၀ | ၁၁ |
| ဒွိဟိတ် | ၄ | ၁၀ | ၁၁ |
| ဈာန်မရတိဟိတ် | ၄ | ၁၀ | ၁၁ |
| ဈာန်ရတိဟိတ် | ၄ | ၁၀ | ၁၅ |
| ဈာန်မရသောတာပန် | ၄ | ၄ | ၇ |
| ဈာန်ရသောတာပန် | ၄ | ၉ | ၁၄ |
| ဈာန်မရသကဒါဂါမ် | ၄ | ၄ | ၇ |
| ဈာန်ရသကဒါဂါမ် | ၄ | ၉ | ၁၄ |
| အနာဂါမ် | ၄ | ၉ | ၁၉ |
| အဂ္ဂဟိတဂ္ဂဟာဏ နည်းအားဖြင့် အပေါင်း | ၁၀ | ၂၀ | ၃၁ |

## ရူပဘုံအတွက်။

| ရူပပုဂ္ဂိုလ်။ | ထွဓ | ဝေဿဒိယျာ | ဘုံ |
|---|---|---|---|
| ပဥ္စမာန်-တိဟိတ် | ၁ | ၁၇ | ၂၁ |
| ၎င်း-သော-သ | ၁ | ၉ | ၁၄ |
| ပဥ္စမဈာန်-အနာဂါမ် | ၁ | ၉ | ၁၉ |
| ဒုတိယဈာန်-တိဟိတ် | ၂ | ၁၆ | ၁၈ |
| ၎င်းဘုံကာ၊သော-သ | ၂ | ၈ | ၁၁ |
| ၎င်းဘုံက-အနာဂါမ် | ၂ | ၈ | ၁၆ |
| တတိယဈာန်-တိဟိတ် | ၁ | ၁၄ | ၁၅ |
| ၎င်းဘုံက်-သော-သ | ၁ | ၆ | ၈ |
| ၎င်းဘုံက-အနာဂါမ် | ၁ | ၆ | ၁၃ |
| ဝေဟပ္ဖိုလ်-တိဟိတ် | ၁ | ၁၃ | ၁၂ |
| ဝေဟပ္ဖိုလ်သော၊သ၊နာ | ၁ | ၁ | ၁ |
| အသညသတ်-သုဂတိ | ရုပ် | ၈ | ၇ |
| အဝိဟာ-အနာဂါမ် | ၁ | ၁ | ၁ |
| အတပ္ပါ-အနာဂါမ် | ၁ | ၁ | ၁ |
| သုဒဿာ-အနာဂါမ် | ၁ | ၁ | ၁ |
| သုဒဿီ-အနာဂါမ် | ၁ | ၁ | ၁ |
| အကနိဋ္ဌ-အနာဂါမ် ✻ | ၁ | ✻ | ✻ |
| ပေါင်း...... | ၆ | ၁၇ | ၂၆ |

## အရူပဘုံအတွက်။

| အရူပပုဂ္ဂိုလ် | ထွဓ | ပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| အာကာသာ တိဟိတ် | ၁ | ၈ | ၁၁ |
| ၎င်း၊ သော၊သ၊နာ | ၁ | ၄ | ၄ |
| ဝိညာဏဥ္စ-တိဟိတ် | ၁ | ၇ | ၁၀ |
| ၎င်း၊ သော၊သ၊နာ | ၁ | ၃ | ၃ |
| အာကိဉ္စညာ,တိဟိတ် | ၁ | ၆ | ၉ |
| ၎င်း၊သော၊သ၊နာ | ၁ | ၂ | ၂ |
| နေဝသညာ-တိဟိတ် | ၁ | ၅ | ၈ |
| ၎င်း၊ သော၊သ၊နာ | ၁ | ၁ | ၁ |
| ပေါင်း...... | ၄ | ၈ | ၁၁ |

ဤဇယားပုံ၌,ပြထားသော,ဂဏန်းများ၏အရသည်၊နောက်ကပြခဲ့သောစကားရှနားလည်ကာ၊ မခဲယဉ်းချေ၊

၎င်းဂဏန်းအတိုင်း၊ မည်သူသော်လျှင်၊ မည်သည့် ပဋိသန္ဓေစိတ်ဖြင့်၊ မည်သည့် ဘုံများရောက်နိုင်သည်ဟု ခွဲစစ်လေ၊ ၎င်းဇယာထက်သေချာသောနည်းစနစ်မရှိပြီဟုမှတ်လေ၊ ။

## နိဂုံးချုပ်။

ရဟန်းရှင်လူအားလုံးနှင့်သင့်လျော်အောင်၊ ဘုမိပရိစ္ဆေဒကို၊ အကျယ်တဝင့်ရေးလိုက်ပါသည်၊ဇယားပုံအမျိုးမျိုးစသည်တို့သည်၊ အဘိဓမ္မတ္ထပါရဂူ၊ အဘိဓမ္မညူ ဖြစ်သောပုဂ္ဂိုလ်မြတ်တို့မှာ၊သက်ပေါ်မှာ၊ပဏ္ဏမြားကဲ့သို့၊ထင်ရှားပြီး ဖြစ်ကြသော်လည်း၊

ယခုရေးသားသောကျမ်းကား၊မန္ဒသောတုအခြေပြုနှင့်တကွ၊ဝါသနာရှိသျက်၊ခက်၍မသင်လိုသောသူများ၊သင်ချင်စိတ်ပေါ်၍လာအောင်၊ အဘိဓမ္မာ၌ သင်ဘူးသော်လဲ၊ မှက်စိမပွင့်တပွင့် ဖြစ်နေသောသူများအတွက်၊ ရေးသားရပါသောကြောင့်၊ မသင်လိုသောသူများကို သင်ချင်အောင် အားပေးတော်မူကြပါ၊ (လင်းထ) ဂေဇက်တော့၊ဌက်တိုင်းလှရဲ့ကွာ-စသောအားဖြင့်၊ ပရဝဏ္ဏ အမှု-ပြုတော်မမူကြရန်၊ အခါခါသတိနှင့်၊ ယာစာခံလိုက်ပါသည်၊

ဘုမိကဏ္ဍ၊ဆယ်ရက်မျှရေးရပြီးသည်သာ၊
ဆယ်ရက်လောက်မျှ၊ကြည့်ခါမျှ၊သိကြပါစေသာ၊
ဘိဓမ္မာနေရောင်၊လူတို့ဘောင်၊ထွန်းပြောင်ပါစေသာ၊

# အဘိဓမ္မာနေရောင်ကျမ်း။

## ပဌမတွဲ၊

### ဒုတိယအကြိမ်မြောက်ပုံနှိပ်၊




အဘိဓမ္မာနေရောင်(ဒုတိယတွဲ)လည်း၊ အသင့်ရနိုင်ပါသည်။